www.burmeseclassic.com



# မြန်မာကဗျာ ၂၀၁၅

၂၀၁၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ကျရောက်သော
ကမ္ဘာ့ကဗျာနေ့ အထိမ်းအမှတ်အဖြစ်
မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂက စီစဉ်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ကျရောက်သော
ကမ္ဘာ့ကဗျာနေ့ အထိမ်းအမှတ်အဖြစ်
မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂက စီစဉ်ထုတ်ဝေသည်။

# မြန်မာကဗျာ ၂၀၁၅

**မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ**
အမှတ် ၂၀၁၊ ၃၆ လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**မျက်နှာဖုံးနှင့် အတွင်းအပြင်အဆင်**
Forrest Maung & Associates

**ခေါင်းစီးလက်ရေး**
သစ္စာနီ

**ထုတ်ဝေသူ**
ဦးစိုးဝင်း၊ အိပ်မက်ရိပ်စာပေ
အမှတ် ၁၀၄၊ အောင်ဇေယျလမ်း၊ လွတ်လပ်ရေးရပ်ကွက်
အလုံမြို့နယ်၊ ရန်ကုန်မြို့၊

**ပုံနှိပ်သူ**
ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်
အမှတ် ၈၊ အိမ်ကြီးလမ်း၊ ၉ ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊ မတ်လ။

**အုပ်ရေ – ၁၀၀၀**
**တန်ဖိုး – ၅၀၀၀ ကျပ်**

# မာတိကာ

ဤစာအုပ်နှင့်ပတ်သက်၍
အစီရင်ခံတင်ပြချက် အနည်းငယ် ၂၁
၁။ ကဗျာဆရာဟူသည် ✦ *ကဗျာရှင်* ၂၅
၂။ အဖွဲ့ဘွဲ့ကဗျာ ရှေ့သို့ ✦ *ကလင့်(မန္တလေး)* ၂၆
၃။ ဆိုက်ကို ✦ *ကေဇော်မိုး* ၂၇
၄။ ထာဝရဆုတောင်း ✦ *ကိုကိုလွင်* ၂၉
၅။ ဖြေဆေး ✦ *ကိုကြီးသိန်း(ချောက်)* ၃၀
၆။ မီးရထား ✦ *ကိုကြည်နိုင်* ၃၁
၇။ နီတော့ နီတယ် ဒါပေမဲ့
သူတို့အလံ ခွပ်ဒေါင်းမပါဘူး ✦ *ကိုငြိမ်း(မန္တလေး)* ၃၃
၈။ ဝေး ✦ *ကိုမျိုး(မြန်မာစာ)* ၃၄
၉။ လိပ်ပြာ ✦ *ကိုဇက်* ၃၅
၁၀။ မပြောဖြစ်သေးဘူး သူငယ်ချင်း ✦ *ကိုနတ်* ၃၆
၁၁။ အမှန်တရားတို့ မမှန်းမိ ...အဖြူ ✦ *ကိုမြတ်နိုင်ဦး* ၃၈
၁၂။ နောက်ကျသူတွေရဲ့ ကောင်းကင် ✦ *ကိုထက်(ရွှေဦး)* ၃၉
၁၃။ ရန်ကုန်ရေ ကြိုဆိုလိုက်ပေတော့ ၂ ✦ *ကိုရွှေး* ၄၀
၁၄။ နိမိတ် ✦ *ကိုလေး(အင်းဝဂုဏ်ရည်)* ၄၂
၁၅။ ဗြိတ္တာရာသီမှာ နဝင်းမပြတ်တဲ့ နှစ်ကာလများ ✦ *ကိုသန်းထွန်း* ၄၃
၁၆။ အထီးကျန်အော်ပရာ ၁၅ ✦ *ကိုသျှား* ၄၅
၁၇။ ကျွန်တော်တို့ကို မမုန်းပါနဲ့လား ✦ *ကိုဟိန်း* ၄၆
၁၈။ အန္တပြတိုက် ✦ *ကိုအင်းဝ* ၄၈

www.burmeseclassic.com

www.burmeseclassic.com


၁၉။ ကိုယ်ဝန်ဆောင် ✦ *ကိုအိမ့်* ၄၉
၂၀။ နှင်းဆီရနံ့တွေ ရပြီလား ✦ *ကောက်နွယ်ကနောင်* ၅၀
၂၁။ သက်တံမြစ်ဖျား တစ်နေရာ၌ ဗိုလ်ချုပ်ဟောကြားခဲ့သော
မကြောက်တရား ✦ *ကောင်းကင်ပြာ* ၅၂
၂၂။ ငြိမ်းချမ်းရေးမြို့တော် ✦ *ကောင်းမြတ်ဝင်း(ဖြူး)* ၅၄
၂၃။ ချစ်လှစွာသော စစ်မျက်နှာများ ✦ *ကျော်ကိုကို* ၅၅
၂၄။ ဒီလိုလက်ခုပ်သံတွေသာ ရှေ့နောက်ဝဲယာမှာ ✦ *ကျော်စိုးလှ* ၅၆
၂၅။ အခုတလော ချပါတီ ငါစားချင်တယ် ✦ *ကျော်ညိုသွေး* ၅၇
၂၆။ လွမ်းတေး ✦ *ကြည်စိုးဦး* ၅၉
၂၇။ လေယာဉ်ပျံရဲ့ အရသာ ✦ *ကြည်ဇော်အေး* ၆၀
၂၈။ ဒီစိတ်ကလေးထဲ ✦ *ကြည်တင့်* ၆၁
၂၉။ မျက်ဖြေကဗျာ ✦ *ကြည်မှိုင်းအောင်(မြင်းခြံ)* ၆၂
၃၀။ ပထမသံဃာ ✦ *ကြည်အေး* ၆၃
၃၁။ ကိုယ်ရေးဖြောင့်ချက် ✦ *ကြယ်စင်ရောင်(ဘူမိ)* ၆၅
၃၂။ စားကျက်မြေ ✦ *ကွန်စစ်ကောင်း* ၆၇
၃၃။ အားလုံးချထား
ကျွန်မလည်း သန္တိသုခလမ်းဆီ ✦ *ခရမ်းပြာထက်လူ* ၆၈
၃၄။ ညှော် ✦ *ခလယ်* ၆၉
၃၅။ အခွံမာများ ✦ *ခေမာရှင်း* ၇၀
၃၆။ ပျောက်ဆုံးနေတဲ့ ဒီစနေ ✦ *ခက်ဆစ်သျှင်* ၇၂
၃၇။ မနက်ဖြန်ဆို စစ်ပွဲကြီး ပြီးဆုံးသွားမယ်လို့
ပြောတယ် ✦ *ခက်ထန်ပိုင်စိုး* ၇၃
၃၈။ အနောက်က နှင်း ✦ *ခက်မာ* ၇၅
၃၉။ ပြက်လုံး ✦ *ခက်သီ* ၇၆
၄၀။ နှစ် ၃၀ စာ ကဗျာရေးခြင်း ✦ *ခင်မြဖင်* ၇၇
၄၁။ မီးပြတိုက်ကို ငြင်းဆန်ခြင်း ✦ *ခင်လွန်း* ၇၉
၄၂။ ပေါ်တောတော ကဗျာဆန်မှုရဲ့
မိုက်ရူးရဲတေး ✦ *ခင်အောင်အေး* ၈၁
၄၃။ အပြောင်းအရွှေ့ ✦ *ခိုင်မျိုး* ၈၃
၄၄။ Fire, Fire, Fire ✦ *ခိုင်မြကျော်စွာ* ၈၄
၄၅။ ဘုရားသခင်တွေက မတရားမှုတွေကို ဘယ်သောအခါမှ
မချီးမြှောက်ခဲ့ဘူး ✦ *ခိုင်လေညင်း(အောင်ပန်း)* ၈၆
၄၆။ ကစဉ့်ကလျား ✦ *ခိုင်သစ်* ၈၈
၄၇။ ဆောင်းည စက်ရာ ✦ *ခိုင်သွေးကို* ၉၀
၄၈။ ကဗျာဆရာတွေ ငေးကျန်ခဲ့တဲ့မြို့ ✦ *ချောမွှေး* ၉၁
၄၉။ မျောက် ✦ *ချိုပိန်းနောင်* ၉၂
၅၀။ အိမ်ငှား ✦ *ချစ်တိုးနွယ်* ၉၄
၅၁။ ခင်ဗျား သဘောတူတူ မတူတူ ✦ *ချစ်မင်းမောင်* ၉၅
၅၂။ ၂၀၁၄ ✦ *ချစ်ဝင်းမောင်* ၉၆
၅၃။ နှင်းမကွဲခင် ✦ *ချမ်းမင်းအိမ်* ၉၈
၅၄။ ကျွန်တော့် လွမ်းသူ့ပန်းခွေပေါ်က
ကဗျာ ✦ *ချယ်ရီမင်းဆွေမင်း(ပုသိမ်)* ၉၉
၅၅။ မျောက်ပွဲတစ်ပွဲမှာ မျက်လှည့်ကြည့်ခြင်း ✦ *ခွန်ရှိုင်း* ၁၀၁
၅၆။ အတိတ်သစ်တွေက လိပ်ပြာဝိုင်ခွက်ထဲမှာ ✦ *ခွန်သာ* ၁၀၂
၅၇။ ခက်ခက်ခဲခဲ ရှူသွင်းလိုက်တဲ့ လေက
အမြိတမ်း အေးစက်စက် ✦ *ဂီတယွန်းအိမ်* ၁၀၄
၅၈။ ငါ ငိုနေတယ် ✦ *ဂျိုဇော်* ၁၀၅
၅၉။ ငြိမ်းချမ်းရေးအတွက် နှလုံးသွေးတစ်စက် ✦ *ဂျင်မီ* ၁၀၇
၆၀။ Vincent ✦ *ဌွန်ဘွား* ၁၀၉
၆၁။ နေကောင်းလား နိုးလိုးခုလိုကြီးပဲလား
ဂျော်နီ ✦ *ငှအိမ်ထက်မြက်* ၁၁၀
၆၂။ ဟေး . . . အီရှန် ✦ *ငယ်ငယ်* ၁၁၂
၆၃။ စိတ်ဓာတ်တစ်ခု ✦ *ငြိမ်းသစ်အိမ်(လှည်းကူး)* ၁၁၃
၆၄။ ကြေညာချက်ဆိုရင် ကြောက်ခဲ့ကြဖူးတယ် ✦ *ငြိမ်းစိုးဦး* ၁၁၄
၆၅။ ကွန်ဆက်ချူရယ်အလွမ်း ✦ *ငြိတ်းဝေ* ၁၁၅
၆၆။ ပေါင်းစည်းခြင်း ✦ *ငြိမ်းသစ်* ၁၁၆
၆၇။ တို့တောက ပြဇာတ် ✦ *ငြိမ်းအေးအိမ်* ၁၁၇
၆၈။ ခေါင်းလေးတစ်ညိတ် ✦ *စုမီအောင်* ၁၁၈
၆၉။ လောက်ကိုင်ကပို့လိုက်တဲ့ ကဗျာ ✦ *စုမောင်မောင်* ၁၂၀
၇၀။ စိန်ပန်းကြွေချိန် ဒီလမ်းပေါ်မှာ ✦ *စေတ* ၁၂၂
၇၁။ တို့ထိမျက်နှာပြင် ကဗျာ ✦ *စောဝေ* ၁၂၄
၇၂။ ကိုချော ✦ *စံညီမ်းဦး* ၁၂၅
၇၃။ အရှက်အကြောက် ✦ *စိုးနိုင်(မန္တလေးတက္ကသိုလ်)* ၁၂၇
၇၄။ မြက်ပင်တွေနေတဲ့မြို့ ✦ *စိုးမိုးယံ* ၁၂၈


www.burmeseclassic.com

www.burmeseclassic.com


၇၅။ ဘုရားဖူး ✦ *စိုးမင်းအောင်* **၁၃၀**
၇၆။ ငါတို့ရဲ့ ပစ္စုပ္ပန် ✦ *စိုးမြင့်စိုး(ကျောက်ပန်းတောင်း)* **၁၃၁**
၇၇။ ခပ်ဝေးဝေးမှာ ✦ *စိုးဝင်းငြိမ်း* **၁၃၂**
၇၈။ တောင်တန်းများဆီသို့ ✦ *စိုးရ* **၁၃၃**
၇၉။ ညစ် ✦ *စိုးသော်တာ* **၁၃၄**
၈၀။ မြန်မာခေတ်ပေါ်နိုင်ငံရေးရာဇဝင် အကျဉ်းချုပ် ✦ *စိုးအိမ်* **၁၃၅**
၈၁။ သွေးအေးအေးဖြင့် ပွင့်သောပန်း ✦ *စိုင်းဝင်းမြင့်* **၁၃၇**
၈၂။ Robert ✦ *စစ်နိုင်* **၁၃၈**
၈၃။ မိတ်အင် နတ်မောက် ✦ *စစ်သွေးအိမ်* **၁၃၉**
၈၄။ မီးလင်းဖို ✦ *စည်သူငြိမ်း* **၁၄၁**
၈၅။ လည်ပတ်မှု ✦ *စမ်* **၁၄၂**
၈၆။ ရွက်လွှင့်ပြီလေ ✦ *စမ်းစမ်းတင်* **၁၄၃**
၈၇။ နောင်ခမ်းဦးသူမ ✦ *စိမ်းဝင့်* **၁၄၄**
၈၈။ စိတ်နယ်လွှန်အိပ်မက် ကုန်ကြမ်း ✦ *ဆလိုင်းနွေ(မင်းတပ်)* **၁၄၅**
၈၉။ တစ်စက္ကန့်လေးတွေ
ပေါင်းကြည့်တဲ့အခါ ✦ *ဆလိုင်းမြတ်နိုးသူ* **၁၄၇**
၉၀။ ကဗျာဆရာ ၂ ✦ *ဆူးရင့်* **၁၄၈**
၉၁။ အဖြေရှာ ✦ *ဆူးသစ်နီ* **၁၅၀**
၉၂။ ပုဂံ ✦ *ဆေးခါး* **၁၅၁**
၉၃။ အချိန်ရရင် မေ့လိုက်ပါ ✦ *ဆက်ဝေမိုး* **၁၅၂**
၉၄။ ၂၀၁၅ အဖြေ ✦ *ဆန်းထွန်းသောင်* **၁၅၃**
၉၅။ ကဗျာကို ကဗျာချင်း စားခဲ့တယ် ✦ *ဆန်းဦးမောင်* **၁၅၄**
၉၆။ သူမကိုယ်သူမ ဘာမှမထိန်းချုပ်ချင်တော့ဘဲ
ပျော်ပါးပစ်လိုက်ချင်တယ်တဲ့ ✦ *ဇေယျာလင်း* **၁၅၅**
၉၇။ ဟိတ်များ ✦ *ဇေသော်(စကားဝါမြေ)* **၁၅၈**
၉၈။ Shopping Mall ✦ *ဇော်ထိန်* **၁၅၉**
၉၉။ ချိုးကလေးသို့ ✦ *ဇော်နောင်* **၁၆၁**
၁၀၀။ ကျောင်းတော်က ရန်စ ✦ *ဇော်လူစိမ်း* **၁၆၂**
၁၀၁။ ၂၇ ✦ *ဇော်သက်ထွေး* **၁၆၃**
၁၀၂။ ... ... ... ✦ *ဇော်ဇော်အောင်* **၁၆၄**
၁၀၃။ အခုထိ မူစရာမရှိတဲ့ လိပ်စာနဲ့ အခြင်းအရာဟာ
ငါ့လက်ထဲမှာ ✦ *ဇိုမြတ်လင်း* **၁၆၅**
၁၀၄။ နှလုံးနာ ✦ *ဖန်* **၁၆၆**
၁၀၅။ ရထား ✦ *ညရိပ်မှော်* **၁၆၈**
၁၀၆။ တစ်ခွန်းဆိုင် ✦ *ညီတင့်* **၁၆၉**
၁၀၇။ ဒေါင်းလုတ်ဆွဲနေတာ ✦ *ညီမင်းဝေ* **၁၇၁**
၁၀၈။ ၁၁ မီး ကပွဲ ✦ *ညီမြင့်* **၁၇၂**
၁၀၉။ ရန်ပြင်းလို့ ရှုံးခဲ့တယ် ✦ *ညီသွေး* **၁၇၄**
၁၁၀။ မြို့ကြွက်တစ်ကောင် ယာဉ်တိုက်ခံရခြင်း ✦ *ညိုပြာဝိုင်* **၁၇၅**
၁၁၁။ ဖြစ်ခွင့်ရ အမှားအယွင်း ✦ *ညိုရင်နွေး* **၁၇၆**
၁၁၂။ ၂၀၁၅ မှာ သမ္မတလုပ်ချင်သူများ
စာရင်းပေးသွင်းနိုင်ပါပြီ ✦ *ညိုသစ်ငယ်* **၁၇၈**
၁၁၃။ ကဗျာနေ့ ✦ *ညွန့်သစ်* **၁၈၀**
၁၁၄။ ဒိန်ခဲများ ✦ *ဋ္ဌေးကြည်(စလင်း)* **၁၈၁**
၁၁၅။ အရှေ့ ✦ *တီဇတ်* **၁၈၂**
၁၁၆။ နှစ်ယောက်စာသီချင်း ✦ *တိုးနှောင်မိုး* **၁၈၃**
၁၁၇။ နောက်ပိုင်း ဘာဆက်ဖြစ်သေးလဲ ✦ *တိုးဝေ* **၁၈၄**
၁၁၈။ အပေါ်ထပ် အောက်ထပ် ✦ *တင်မင်းထက်* **၁၈၅**
၁၁၉။ ကဗျာဟောင်းတစ်ပုဒ် ✦ *တင်လတ်ကို* **၁၈၇**
၁၂၀။ တောင်တွင်းကြီးနွေ ✦ *တောင်တွင်းမောင်မှန်းမာန်* **၁၈၈**
၁၂၁။ အောင်ဆန်း သို့မဟုတ်
လူရိုးလူကောင်း ✦ *တောင်တွင်းမောင်သင်းကျော်* **၁၈၉**
၁၂၂။ ဒါကြောင့် ကျွန်မ ✦ *တပ်ဦးလ* **၁၉၁**
၁၂၃။ စက်ဝန်းအစ ✦ *ထိုက်မောင်(မန္တလေး)* **၁၉၃**
၁၂၄။ ခတ်ကြိုးပေါ် လာနားသည့်ငှက်ကြောင့်
နွားတစ်ကောင် ခတ်လိုက်သေဆုံး ✦ *ထိန်လင်း* **၁၉၄**
၁၂၅။ ပုံသေနည်းအရ ✦ *ထွဏ်းသွေးအိမ်* **၁၉၅**
၁၂၆။ မိုးကုပ်စက်ဝိုင်းဟာ ငါ့ဆီရောက်မလာဘူး ✦ *ထွန်းကို* **၁၉၇**
၁၂၇။ ပျောက်ဆုံးနေသော မပည ✦ *ထွန်းနိုင်ထက်* **၁၉၈**
၁၂၈။ ကုန်လွန်ခဲ့သော နေ့များအတွက် ✦ *ထွန်းပ* **၁၉၉**
၁၂၉။ ရင်ကွဲနာ ✦ *ထွန်းလင်းသစ်(ကန့်ဘလူ)* **၂၀၀**
၁၃၀။ ဖန်တီးခြင်းပစ္စက္ခများ ✦ *ထွန်းလွင်သွယ်(ဆူးဖြူရိပ်)* **၂၀၁**
၁၃၁။ အမှန်တရားတစ်ခုခု ✦ *ထွန်းဝေမြင့်* **၂၀၂**
၁၃၂။ ၂၀၁၅ ✦ *ထွန်းဝင်းငြိမ်း* **၂၀၃**


www.burmeseclassic.com

www.burmeseclassic.com

၁၃၃။ အမှောင်ထဲမှာ လမ်းလျှောက်ခဲ့တယ် ✦ ဒီရေပြာ ၂၀၅
၁၃၄။ အိမ်ထောင်စုဖယားရဲ့ အလုပ်အကိုင်ကွက်လပ်မှာ
ရေးဖို့ကျန်နေတဲ့ အက္ခရာ ✦ ဒီလူည ၂၀၆
၁၃၅။ စူးနေတဲ့ ဆူး ✦ ဏီမိုးဝေ ၂၀၈
၁၃၆။ FUN-Carry On ✦ ဏေသစ် ၂၀၉
၁၃၇။ ဆရာဝန်တစ်ယောက် ✦ နရီမင်းထက် ၂၁၀
၁၃၈။ အနုပညာ၊ ကဗျာဆရာနှင့်
ငှက်လှောင်အိမ်လုပ်သူများ ✦ နရီ(မြိတ်) ၂၁၂
၁၃၉။ ငိုက်မျဉ်းနေတဲ့ ယာဉ်အိုကြီးပေါ် ✦ နီနီ ၂၁၄
၁၄၀။ ဖက်ဒရယ်ကဗျာ ✦ နီမျိုးထက် ၂၁၅
၁၄၁။ တစ်လမ်းမောင်းကဗျာ ✦ နီလင်းသန်း ၂၁၇
၁၄၂။ ညည်းခံပွဲ ✦ နေခက် ၂၁၉
၁၄၃။ အဆုံးထိစီးရင်ရမယ့် ကဗျာ ✦ နေချိုသွေး ၂၂၀
၁၄၄။ အရောင်နည်းနည်းသုံးထားတယ် ✦ နေညိုအောင် ၂၂၂
၁၄၅။ ပင်လယ်ရေမှာ ရောက်ရှိခြင်း ✦ နေစိမ့် ၂၂၃
၁၄၆။ ဝါဝါထိန်ထိန် ပွင့်ခဲ့ပါတယ် ✦ နေထက်နိုင် ၂၂၄
၁၄၇။ ညက ဖလင်မပါတဲ့ရုပ်ရှင်ကို ကြည့်ရတယ် ✦ နေနိုင် ၂၂၆
၁၄၈။ အက်သွားတဲ့နံရံ ✦ နေနိုင်(ချောက်) ၂၂၈
၁၄၉။ မျှော်ကိုးမှုတေးသွား ✦ နေပန်ဦး ၂၂၉
၁၅၀။ ရေနံချောင်း ကန်တော့ချိုး ✦ နေမိုး ၂၃၁
၁၅၁။ အနက်ရှိုင်းဆုံးထိ ကဗျာ ✦ နေမိုးညို ၂၃၃
၁၅၂။ ဒီအကြောင်းတွေများ ရေးချင်ရင် ✦ နေမျိုး ၂၃၅
၁၅၃။ ကုသိုလ်နွေးနွေးတွေ ✦ နေမြ ၂၃၇
၁၅၄။ လေထန်ကုန်း ✦ နေရဲနီ ၂၃၉
၁၅၅။ သေရန် မိနစ်ပိုင်းအလို ✦ နေဝိုင်ဝိုင် ၂၄၀
၁၅၆။ တစ်ကိုယ်ရေကိုက်ခဲမှု
အနားသတ်မျဉ်းပြိုင်များ ✦ နေသစ်လူ ၂၄၂
၁၅၇။ ဒီဆန်းဒေးမှာ စောင့်ရှောက်ခွင့်ရလိုပါ၏ဘုရား ✦ နေအေဒီ ၂၄၃
၁၅၈။ ငါးတွေဟာ လေထဲမှာ ပျံ့ဝဲတဲ့အခါ ✦ နေအိမ်ဝန်း ၂၄၄
၁၅၉။ ပါးစပ်များ ✦ နောင်မင်းနိုင် ၂၄၅
၁၆၀။ ဆက်ထုံး ✦ နောင်လွန်း ၂၄၆
၁၆၁။ လယ်သူမ ကဗျာ ✦ နိုင်မွန်အောင်သွင် ၂၄၇
၁၆၂။ ဟွန်းမှလွဲ၍ အားလုံးမြည်သည် ✦ နိုင်သစ်နီ ၂၄၈
၁၆၃။ မျှော်လင့်ခြင်း ဒေါင်းပျံ ✦ နိုင်ဦးကို ၂၄၉
၁၆၄။ ပိုင်ဆိုင်မှုများ ✦ နတ်ဆိုး ၂၅၀
၁၆၅။ လိုအပ်ချက် ✦ နတ်မိုး ၂၅၁
၁၆၆။ ခေတ်ကို ပခုံးထမ်းပြီး ဖြတ်သန်းကြည့် ✦ နန္ဒကြယ်စင် ၂၅၂
၁၆၇။ အဆိပ်အတောက် ✦ နန်းဦးယဉ် ၂၅၃
၁၆၈။ မိုးမစဲမီ ✦ နွေလယ်နေ ၂၅၅
၁၆၉။ ဓားတောင်ကျော်ချိန် ✦ နွေသင်နိုင် ၂၅၇
၁၇၀။ ညမွှေးပင်အို ✦ နွယ်စိမ်းဝေ ၂၅၉
၁၇၁။ ရွှဲနေတဲ့ ကဗျာ ✦ နွယ်ဦးလှိုင် ၂၆၀
၁၇၂။ အဝေးပြေးလမ်းမပေါ်မှာ ရပ်လို့မရဘူး ✦ နှင်းခါးမိုး ၂၆၁
၁၇၃။ ပန်း ✦ နှင်းငွေ(မန္တလေး) ၂၆၃
၁၇၄။ စစ် ✦ ပါပ ၂၆၄
၁၇၅။ ဒီမယ် တော်လှန်တဲ့သဘောတရားမရှိဘဲ
တော်လှန်တဲ့လှုပ်ရှားမှု မရှိနိုင် အဆိုကို
ခင်ဗျား မငြင်းပယ်သင့်ပါဘူး ✦ ပီမွန်သော် ၂၆၅
၁၇၆။ တည့်မတ်ကမ္ဘာ ✦ ပုသိမ်မောင်ကြေးရည် ၂၆၇
၁၇၇။ ပင်လယ်ဓားပြများရဲ့ စားသောက်ပွဲ ✦ ပိုင် ၂၆၈
၁၇၈။ နေကို ဗဟိုပြု၍(မူကွဲ) ✦ ပိုင်စိုးဝေ ၂၆၉
၁၇၉။ ဓားများ ✦ ပိုင်မင်းဆွေ ၂၇၁
၁၈၀။ ခြင့် ခြင် ခြင်း ✦ ပန်ဒိုရာ ၂၇၃
၁၈၁။ အလီဘာဘာတို့ရဲ့ ငါးပါးသီလ ✦ ပြေငြိမ်း ၂၇၅
၁၈၂။ မနက်ဖြန် နိုးတဲ့အခါ ✦ ပြည့်စုံဝင်း ၂၇၇
၁၈၃။ ငါ့ကဗျာတွေ နောက်ကြောင်းပြန်မလှည့်ဖို့တော့
လိုတယ်ကွာ ✦ ဖေတင်ညွှန့် ၂၇၉
၁၈၄။ ကြယ်ဟာ ကြယ်ပါပဲ ✦ ဖိုးဆောင်း ၂၈၀
၁၈၅။ မတူညီသော အကြိုက်ချင်းများ ✦ ဖျာပုံနီလုံဦး ၂၈၁
၁၈၆။ အိပ်ရာခင်း ✦ ဖြူနှင်းဖွေး ၂၈၃
၁၈၇။ ဖိုးပေါက်ညှို ✦ ဖြူမွန် ၂၈၅
၁၈၈။ တပ်ဦးလကယ်ရီကေးချား ✦ ဖွဲ့သီသစ် ၂၈၆
၁၈၉။ မေမေသို့ ဒီနေ့အခြေအနေ ✦ ဗညားလှိုင်ဦး ၂၈၈
၁၉၀။ ကိုယ့်ကိုယ်ကိုယ် ပြန်လွမ်းနေတဲ့

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် ✦ ဗရေချမ်း(ညီ့ထွန်း) ၂၈၉
၁၉၁။ ဦးခေါင်းကြီးများအကြောင်း ✦ ဘုန်းခရီးရာ ၂၉၁
၁၉၂။ ငါကတော့ မြစ်ဆီက ပြန်လာမယ်လို့
ငါကိုယ်တိုင် ပြောတာပဲ ✦ ဘုန်းပြည့်ကျော် ၂၉၂
၁၉၃။ မှတ်တမ်း ၈ ✦ ဘုန်းသက်ပိုင် ၂၉၃
၁၉၄။ တစ်ရုံခါဆီ ဖေဖော်ဝါရီဟု ၃ ✦ မနော်ဟရီ ၂၉၄
၁၉၅။ ခေါင်းလောင်းပျောက်တဲ့ရွာ ✦ မအိ ၂၉၆
၁၉၆။ ခတ်မှန်ကိုထောင်ကြည့်ပြီး ပြောတယ်
ခတ်ခံမှာ အစ်ကြောင်းထပ်နေပြီ ✦ မုယော ၂၉၇
၁၉၇။ ငြိမ်းချမ်းရေးကဗျာ ✦ မေ ၂၉၈
၁၉၈။ နှင်းအိပ်မက် ✦ မေငြိမ်း ၃၀၀
၁၉၉။ လမ်း ✦ မဲ့မဲ့ ၃၀၁
၂၀၀။ မနက်ခင်းရဲ့ နှင်းတွေ ✦ မောရွှေးဆိုး ၃၀၂
၂၀၁။ သစ်ပင်အောက်မှာ တတွတ်တွတ်ပြောနေတဲ့ အရူး ✦ မိုးခါး ၃၀၄
၂၀၂။ ငါမပြောချင်တဲ့ အကြောင်းထဲမှာ ရေးလက်စဖြစ်နေတဲ့
ကဗျာတစ်ပုဒ်အကြောင်း ပါတယ် ✦ မိုးဇက်လင်းထက် ၃၀၆
၂၀၃။ ပန်းတိုင် ✦ မိုးနေ ၃၀၈
၂၀၄။ လောကနတ်ထံ သတင်းမီဒီယာ ဝင်ခွင့်မရှိ ✦ မိုးဖွဲ့တိမ် ၃၀၉
၂၀၅။ အမြဲတမ်းနွေ ✦ မိုးရင့်ကြယ် ၃၁၁
၂၀၆။ အပြုံးကင်ဆာ ✦ မိုးလှိုင်ည ၃၁၂
၂၀၇။ ပုဂံခရီး ✦ မိုးဝေး ၃၁၄
၂၀၈။ ချစ်လှစွာသော စစ်မျက်နှာများ ✦ မိုးသီးဖွန် ၃၁၅
၂၀၉။ ကြွေး ✦ မိုးသက်ငြိမ်ဦး ၃၁၇
၂၁၀။ ကဗျာသမား ✦ မိုးသစ်ထွန်း(ပုလဲမြေ) ၃၁၈
၂၁၁။ မွေးနေ့ ✦ မိုးဦးဆွေညိန်း ၃၁၉
၂၁၂။ မိုးစီးဖိနပ် အပြာလေးတစ်ဖက် ✦ မိုယ်းဇော် ၃၂၀
၂၁၃။ လိပ်ပြာတွေရဲ့ဈေး ✦ မိုယ်းဇက်သော် ၃၂၂
၂၁၄။ ရွေးချယ်ခြင်း ✦ မင်းကိုနိုင် ၃၂၄
၂၁၅။ တဒီးဒီး စီးနေတဲ့ခေတ်ကို ငေးကြည့် ✦ မင်းချမ်းမွန် ၃၂၅
၂၁၆။ ပိုမို ✦ မင်းစိုးရာ ၃၂၆
၂၁၇။ ရေဒီယိုလှိုင်းများ ✦ မင်းဆူးခက် ၃၂၈
၂၁၈။ သစ္စာ ✦ မင်းဆွေနှစ်(မုံရွာ) ၃၃၀
၂၁၉။ ကျွန်သက် ✦ မင်းထင်ကိုကိုကြီး ၃၃၁
၂၂၀။ စိတ်ကူးတည့်ရာတွေ ငါလျှောက်တွေးပြီး ခေတ်မတည့်တာတွေ
ငါလျှောက်ရေး အားအားယားယား အဲဒီလိုတေးကို
ဖွဲ့ခဲ့ပြီးတဲ့နောက် ✦ မင်းထက်မောင် ၃၃၂
၂၂၁။ နွေဦး ခေတ်ပြောင်းတော်လှန်ရေး ✦ မင်းနဒီခ ၃၃၄
၂၂၂။ သားချစ် (ခ) ဖွဲလရောင် ✦ မင်းမြတ်မွန် ၃၃၆
၂၂၃။ ဆန့်ကျင်ဘက်၏ ရလဒ် ✦ မင်းရည်သွေး ၃၃၈
၂၂၄။ တစ်နယ်တစ်ကျေး ✦ မင်းလွင်ဦး ၃၄၀
၂၂၅။ ပန်းဆိုတာ လန်းလန်းဆန်းဆန်း
ငြိမ်းချမ်းရေး ✦ မင်းလှိုင်ထွန်း ၃၄၂
၂၂၆။ အဆံမဲ့ ✦ မင်းဝေယံ ၃၄၃
၂၂၇။ မဟာမြိုင် ဒိုင်ယာရီ ✦ မင်းသစ် ၃၄၄
၂၂၈။ ကဗျာဆရာ ✦ မောင်ကြူးရင့် ၃၄၅
၂၂၉။ တိမ်ဖုံးပါလို့ လမသာ ✦ မောင်ကြည်သာ(တောင်တွင်း) ၃၄၆
၂၃၀။ တစ်ပြားမှမတန်တဲ့ မိန့်ခွန်း ✦ မောင်ခင်သာမြင့် ၃၄၇
၂၃၁။ တစ်နှစ်လုံးလုံး ပျော်ရွှင်ဖွယ်အမြဲလိုအပ်နေတဲ့ ဇန်နဝါရီအစနဲ့
ဒီဇင်ဘာနောက်ဆုံးရက် စက္ကန့်မှာ ✦ မောင်ခန့်မြေ(ထီလာ) ၃၄၉
၂၃၂။ ဥစ္စာနှင့် အာဏာ ✦ မောင်စိုးသစ်(မန္တလေး) ၃၅၁
၂၃၃။ လက်ပံတောင်းကျိန်စာ ✦ မောင်စိန်ဝင်း(ပုတီးကုန်း) ၃၅၂
၂၃၄။ ပြောခဲ့ဖူးတယ် ✦ မောင်စိမ်းနီ ၃၅၃
၂၃၅။ Drones! ✦ မောင်စွမ်းရည် ၃၅၄
၂၃၆။ ကော်ဖီဆိုင်ပြခတ် ✦ မောင်ဆေးရိုး ၃၅၆
၂၃၇။ သက်တမ်း ✦ မောင်ဆွေဆက် ၃၅၇
၂၃၈။ လက်ရုံးနီနီ ✦ မောင်ညီ့အေး(ပန်းတော) ၃၅၈
၂၃၉။ သေလောက်တဲ့ခေတ် ✦ မောင်တင်သစ် ၃၅၉
၂၄၀။ မြန်မာပြည်၏အရေး ✦ မောင်ဒီ ၃၆၀
၂၄၁။ ရေအောက်သစ်တောများ ✦ မောင်ဒေး ၃၆၁
၂၄၂။ လောင်ကျွမ်းခြင်း ✦ မောင်ဒေါင်း ၃၆၂
၂၄၃။ ကျား ကြောက်ခဲ့တယ် ✦ မောင်နီမြင့် ၃၆၃
၂၄၄။ စွယ်တော် ✦ မောင်နိုင်လင်း(ကောလင်း) ၃၆၄
၂၄၅။ နီကျင့်ကျင့် ချင်းတွင်းမြစ်ရေပြင်ထဲမှာ ✦ မောင်နွေထက် ၃၆၅
၂၄၆။ ဘီလီ ✦ မောင်ပြည့်မင်း ၃၆၈


www.burmeseclassic.com

www.burmeseclassic.com


၂၄၇။ ဂျပုရဲ့ မိန့်ခွန်း ✦ မောင်ဖီလာ ၃၇၀
၂၄၈။ ဒုက္ခရောင်းပွဲတော် ✦ မောင်ဖြိုးဝေ ၃၇၂
၂၄၉။ ဒီနေ့ကမ္ဘာ ဒီနေ့မြန်မာ ✦ မောင်မင်းစိုး ၃၇၄
၂၅၀။ ရဲဘော်စိတ်နဲ့ ရဲဘော်မ ✦ မောင်မောင်ငြိမ်းအေး ၃၇၅
၂၅၁။ ကဗျာကြောင့် ✦ မောင်မောင်(တောင်တွင်း) ၃၇၇
၂၅၂။ ဝရန်တာ ✦ မောင်ယုပိုင် ၃၇၈
၂၅၃။ အဲဒီတီရှပ်ပေါ်က ချေဂွေဗားရား ✦ မောင်ရေချမ်း ၃၈၀
၂၅၄။ ဒေါင်းချီသံ ✦ မောင်ရဲနွေ(ပလိပ်) ၃၈၁
၂၅၅။ လပွတ္တာ ✦ မောင်ရင်စစ် ၃၈၂
၂၅၆။ လမ်းသရဲတွေ ကဗျာထဲဝင်လာတဲ့နေ့က ✦ မောင်ရှင်စော ၃၈၅
၂၅၇။ ဒီအစိုးရကို မကျေနပ်နိုင်ပါဘူး ✦ မောင်လင်းရိပ် ၃၈၆
၂၅၈။ ဘုရင်ရူး ✦ မောင်လှမျိုး(ချင်းချောင်းခြံ) ၃၈၈
၂၅၉။ ရွှခင်း ✦ မောင်သာချို ၃၈၉
၂၆၀။ မြစ်ကြီးနား ✦ မောင်သူရ(ဇာဂနာ) ၃၉၀
၂၆၁။ ဆောင်းကို ဘယ်သူမုန်းသလဲ ✦ မောင်သင်းခိုင် ၃၉၁
၂၆၂။ ထူး၍ မဆန်းသောပုံပြင် ✦ မောင်သင်းပန် ၃၉၃
၂၆၃။ နံ့ရံ ✦ မောင်သင်းမိုး ၃၉၄
၂၆၄။ အိမ်တော်ရာ ✦ မောင်သစ်ဦး(မြစ်ခြေ) ၃၉၅
၂၆၅။ ငြိမ်းချမ်းရေးကို အဘိုးရဲ့မျိုးဆက်တစ်ခုလုံး
ခုထိ ဆာတယ် ✦ မောင်သန်းစိုး(ချောက်) ၃၉၆
၂၆၆။ အလွမ်းတေး (မနှစ်မြို့သောအမှန်တရား) ✦ မောင်သိန်းဇော် ၃၉၇
၂၆၇။ ၂၀၁၅ ✦ မောင်သွေးသစ် ၃၉၈
၂၆၈။ မင်္ဂလာလက်ဆောင် ကဗျာ ✦ မောင်အောင်ပွင့် ၄၀၀
၂၆၉။ အဓိပ္ပာယ်ဆီပြန်သွားနေတဲ့ အဓိပ္ပာယ် ✦ မဥ္ဇူမေလေး ၄၀၁
၂၇၀။ ညီမျှခြင်းရဲ့ အခြားတစ်ဘက် ✦ မုံရွာအောင်ရှင် ၄၀၂
၂၇၁။ ... ... ... ✦ မယ်ယွေး ၄၀၃
၂၇၂။ ပြင်သစ်ဟာ ပြင်သစ်မဟုတ်ဘူး ✦ မျိုးတေဇာမောင် ၄၀၅
၂၇၃။ သစ်ပင် ✦ မျိုးမောရ ၄၀၇
၂၇၄။ မန္တလေးမှာ မနှင်း စက်ဘီးကလေးနဲ့
ကျောင်းတက်တယ် ✦ မျိုးမြတ်သူ ၄၀၈
၂၇၅။ အစိမ်းရောင်မုန်သားကို ခန်းဆီးနဲ့ကွယ်ထားလည်း
ထွက်လာတဲ့အသံက bye bye ✦ မြ ၄၁၀
၂၇၆။ ရောဝတီ ✦ မြမြင့်မိုရ် ၄၁၂
၂၇၇။ မြရာညိုကို မဖတ်ပါနဲ့ ၀ွန် ✦ မြရာညို ၄၁၃
၂၇၈။ ပျားရည် ✦ မြေနု ၄၁၄
၂၇၉။ ရန်ကုန်မှသည် နေပြည်တော် ✦ မြေမှုန်လွင် ၄၁၆
၂၈၀။ အိပ်မက်လက်ပံတောင်း ✦ မြေလတ်မောင်မြင့်သူ ၄၁၉
၂၈၁။ ပင်လယ် ✦ မြင့်မိုးအောင် ၄၂၀
၂၈၂။ ကဗျာနေ့ ✦ မြင့်ဦးဦးမြင့် ၄၂၃
၂၈၃။ ပျောက်ဆုံးနိုင်ငံ ✦ မြတ် ၄၂၅
၂၈၄။ ပြည်သူပိုင်သတင်း ✦ မြတ်မင်းအိမ် ၄၂၆
၂၈၅။ ယုံကြည်မှုမားသမား ✦ မြတ်ဝေ ၄၂၇
၂၈၆။ ဖြိုဖျက်ကျူတတ်သူတစ်ယောက်ရဲ့ ဖြိုဖျက်ဝင်ခြင်း ✦ မွန်သူအိမ် ၄၂၈
၂၈၇။ ကဗျာသို့ ပန်ကြားချက် ✦ မွန်းအိမ် ၄၃၀
၂၈၈။ အဓိပတိလမ်းကို ဖြတ်လျှောက်ခြင်း ✦ မျှုးနေဝန်း ၄၃၂
၂၈၉။ ဒီကဗျာမှာ လူ့အဖွဲ့အစည်းက အဓမ္မကျင့်ခံထားရတဲ့
အနုပညာနဲ့ တစ်သားတည်းဖြစ်နေတယ် ✦ မျှုးသစ် ၄၃၄
၂၉၀။ ပြုပြင်ပြောင်းလဲရေး ✦ မှော်အောင် ၄၃၆
၂၉၁။ ဘာကြောင့် ၈ နာရီက ခွဲသွားရတာလဲ ✦ မှိုင်း(ဆေး ၂) ၄၃၇
၂၉၂။ အိမ် ✦ ယမုံ ၄၃၈
၂၉၃။ ဆရာအို ✦ ယုံကြည်ရာမောင် ၄၃၉
၂၉၄။ အနာတရပုံပြင် ✦ ရတုသစ် ၄၄၀
၂၉၅။ ရှည်ရှည်မျောမျောအမှောင် ✦ ရဲရင့်ပိုင်အောင် ၄၄၁
၂၉၆။ ငါ့အိတ်ကပ်ထဲ နာရေးကြော်ငြာကို
ခေါက်သိမ်းထားတဲ့ နေ့တွေ ✦ ရဲရင့်လမင်း ၄၄၂
၂၉၇။ ဖျားနေတဲ့ ပြတင်းပေါက်တွေကို
ကျော်ကြည့်တဲ့အခါ ✦ ရဲဝံ့ထက်မြက် ၄၄၄
၂၉၈။ အဓိပ္ပာယ်မရှိ အဓိပ္ပာယ်ရှာနေတဲ့
အဓိပ္ပာယ်များ ✦ ရိုးဒီ ၄၄၆
၂၉၉။ ရေအိမ် ✦ ရိုးမြေ ၄၄၇
၃၀၀။ ရှူးလုရှူးခင် ✦ ရိုးသက် ၄၄၈
၃၀၁။ စားကျက်စိမ်းစိမ်းတွေပေါ်မှာ ငါတို့နှင်းစက်တွေ
ဘယ်တော့ တုန်ခါရမှာလဲ ✦ ရည်မွန်သင်း ၄၄၉
၃၀၂။ ပိုကောင်းသွားမလားလို့ ✦ ရန်လင်းအောင် ၄၅၁


www.burmeseclassic.com

www.burmeseclassic.com


၃၀၃။ ထိုတစ်နေ့ ✦ ရှင်ချမ်း ၄၅၂
၃၀၄။ ဘုရားသခင်နဲ့ ပွတ်သီးပွတ်သပ်နေခဲ့တဲ့ ညနေ ✦ ရှိန်ဝါ ၄၅၃
၃၀၅။ သံမဏိနောက်ကျောပြင်နှင့် ရွှေရောင်ဓားမြှောင်များ
တလက်လက် ✦ ရွှေကြယ်မိုး ၄၅၅
၃၀၆။ မကြာမီ ✦ ရွှေညာခိုင်စိုး ၄၅၆
၃၀၇။ မိဘပြည်သူများကိစ္စ ✦ ရွှေဒါးမောင်လေးရည် ၄၅၇
၃၀၈။ ဒီရွာမှာ ဒီမိုကရေစီမရှိဘူး ✦ ရွှေလင်းဝေ ၄၅၈
၃၀၉။ ဖို့တ်ကန်းနင်းပတ်ခ်ထဲက စစ်ချီတေး ✦ လရိပ်ပြာ ၄၅၉
၃၁၀။ ကစ်တီသို့ ✦ လူဆန်း ၄၆၀
၃၁၁။ ဒရိုင်ဘာ ✦ လူဇော်သစ် ၄၆၁
၃၁၂။ ခင်ဗျားဟာ ခင်ဗျားလုပ်တဲ့ ဗုံးတစ်လုံး ✦ လူထက်အောင် ၄၆၂
၃၁၃။ ကောင်းကင်လူ ✦ လူပအောင် ၄၆၃
၃၁၄။ တစ်ခါတစ်ခါတော့ ပုစ္ဆာဟာ သူ့ဟာသူ
လည်နေတတ်တာမျိုးဗျ ✦ လူပျင်းသုံး ၄၆၄
၃၁၅။ သောကြာ ✦ လူဖန်ခါး ၄၆၅
၃၁၆။ ငါတို့ခေတ်ထဲ မင်းလည်းဖြတ်သန်း ✦ လူမြင့် ၄၆၆
၃၁၇။ ဆိုပါစို့ လက်ခုပ်သံများရဲ့ အကြွပ်အတည်း ✦ လူလန်း ၄၆၇
၃၁၈။ လျှောက်လည်မမေးနဲ့ ဖောက်သည်ဈေးပဲ ✦ လူအိမ် ၄၆၉
၃၁၉။ ငါလွမ်းတဲ့အကြောင်း ✦ လင်းခါး ၄၇၀
၃၂၀။ မှို့တွေ ✦ လင်းဇင်ယော် ၄၇၂
၃၂၁။ နှစ်ကာလတွေကို စစ်ချလိုက်တဲ့အခါ ✦ လင်းတည်ဦး ၄၇၃
၃၂၂။ ထီးတစ်ချောင်း လက်ကုန်တွန်းဖွင့်နေတဲ့
လူငယ်တစ်ဦး ✦ လင်းထိပ်သျှင် ၄၇၄
၃၂၃။ ဖြောင့်ချက် ✦ လင်းနေ ၄၇၆
၃၂၄။ ကမ္ဘာကြီးကို ပြန်ပေးပါ ✦ လင်းနိုင် ၄၇၇
၃၂၅။ လေဟုန်ကိုဆန် ✦ လင်းမိုးဇွေ ၄၇၈
၃၂၆။ စာရွက်လွတ်များ ✦ လင်းမြတ်အိမ် ၄၇၉
၃၂၇။ ငါ့ကိုယ်ငါ ရိုက်နှိပ်ထုတ်ဝေလိုက်တဲ့
issue ✦ လင်းလက်တာရာ ၄၈၀
၃၂၈။ အမေသို့ ✦ လင်းဝသုန် ၄၈၂
၃၂၉။ မပျံသန်းနိုင်တဲ့ငှက် ✦ လင်းသက်ငြိမ် ၄၈၄
၃၃၀။ ဝေဝေဝါးဝါးနဲ့ အဝေအဝါးထဲမှာ ငါတို့ဟာ
ဝေဝေဝါးဝါး ဝါးဝါးဝေဝေ ✦ လင်းသစ်ဝေ ၄၈၅
၃၃၁။ နွေဦး ✦ လင်းသဏ်ညီ ၄၈၇
၃၃၂။ ချစ်သူသို့ ✦ လင်းဦးနိုင် ၄၈၈
၃၃၃။ ကဏန်းတစ်ကောင်ရဲ့ ဖိနပ်ထဲမှာ ✦ လွတ်လပ်လင်းအိမ် ၄၈၉
၃၃၄။ ဘာညာလာမပြောနဲ့ ✦ လွတ်လပ်အိမ် ၄၉၀
၃၃၅။ အားလပ်ရက်မှာ
ပါဝီလွန်ရုပ်ရှင်ကြည့်ခြင်း ✦ လွန်းဆက်နိုးမြတ် ၄၉၂
၃၃၆။ ကျော်လွှားဝါကျမှ မဆီမဆိုင် ✦ လွန်းမှုန် ၄၉၅
၃၃၇။ ပုန်ကန်ခြင်း ... ငိုက်နေတဲ့တိမ်တွေ နိုးပြီး ✦ လွမ်းနွယ် ၄၉၆
၃၃၈။ ဘာပဲလုပ်ရလုပ်ရလေ ✦ လွှမ်းရှုံ ၄၉၇
၃၃၉။ ရေအောက် ရုပ်တုကမ္ဘာ ✦ ဝီရထက်နောင် ၄၉၉
၃၄၀။ လမ်းသွယ် ✦ ဝံ့ချီ ၅၀၀
၃၄၁။ ယပ်တောင် ✦ ဝေဇော်(လားရှိုး) ၅၀၁
၃၄၂။ မီးတောက်ရဖို့ မလိုဘူး လရောင်ကို ခြုံထားရင်ပဲ
လုံလောက်ပြီ ✦ ဝေမိုးအိမ် ၅၀၂
၃၄၃။ အနာဂတ်ဝါဒီ ✦ ဝေမျှူးသွင် ၅၀၃
၃၄၄။ မျက်နှာဖုံး ✦ ဝေးခေါင် ၅၀၅
၃၄၅။ ခွေးတို့အတွက် ကဗျာ ✦ ဝင်းမောင် ၅၀၆
၃၄၆။ ကျွန်တော့် ငယ်ဘဝ ✦ ဝင်းမြင့် ၅၀၇
၃၄၇။ မန္တလေးလမ်း ✦ ဝိုင်ချို ၅၀၈
၃၄၈။ ညီညီနဲ့ ကျုပ်တို့လား ✦ ဝဏ္ဏ၊ လင်းသော်၊ တေးခက် ၅၀၉
၃၄၉။ ဓားစာခံ ✦ သကောင့်သား ၅၁၁
၃၅၀။ ရေသေ ✦ သဇင်မွန်ဟန် ၅၁၃
၃၅၁။ စစ်မိန့် ✦ သားကြီးမောင်ဖေယျ ၅၁၄
၃၅၂။ ဖြူဖပ်ဖြူရော် နေ့ရက်များ ✦ သားလူ ၅၁၅
၃၅၃။ ကမ္ဘာ့ကဗျာ ✦ သုခမိန်လှိုင် ၅၁၇
၃၅၄။ အနုပညာဆိုတာ လက်ဖက်ရည်ကြမ်းအိုးလေးထဲက
ကဗျာ ✦ သုလင်းဝေ ၅၁၈
၃၅၅။ မျှော် ✦ သူဝေး ၅၁၉
၃၅၆။ ဒီမိုကရေစီနိုင်ငံတော် ပြိုကွဲခြင်း ✦ သူရနီ ၅၂၁
၃၅၇။ မြို့တစ်မြို့ကို စိတ်နဲ့သပ်ချကြည့်ခြင်း ✦ သဲထူး ၅၂၃
၃၅၈။ မိုးရေထဲ ခရီးရှည်ချီတက်ပွဲ ✦ သော်ဇင်ညီမ်း ၅၂၄


www.burmeseclassic.com

www.burmeseclassic.com


၃၅၉။ ည ✦ *သော်ဇင်အုန်း* ၅၂၅
၃၆၀။ တောင်ပံများရဲ့ လားရာ ✦ *သော်တာစံ* ၅၂၆
၃၆၁။ ကျွန်တော့်အမေနဲ့ နိုင်ငံရေး ✦ *သော်ဒီဝေ* ၅၂၈
၃၆၂။ အရပ်သုံးဘာသာစကားနဲ့ပဲ ထွက်ပြေးလွတ်မြောက်သွားကြတဲ့
စာသားအပိုင်းအစတွေ ✦ *သိုးထိန်း(အင္ဂမ)* ၅၂၉
၃၆၃။ ဖြစ်ပျက်တွေ တိမ်းစောင်းသွားတယ် ✦ *သက်တန့်မေ* ၅၃၂
၃၆၄။ ခင် ✦ *သက်ငြိမ်သစ်* ၅၃၃
၃၆၅။ လမ်းလျှောက်ခြင်း ✦ *သက်နှင်းဆွေ(ပုပ္ပား)* ၅၃၄
၃၆၆။ အဟောခွင်က ခြစားရာသီမှာ ဒုက္ခများသာ
ဖြစ်ထွန်းခဲ့တယ် ✦ *သိင်္ဂါလှိုင်* ၅၃၆
၃၆၇။ အမှတ် ၃၁၊ ရိပ်သာလမ်း ✦ *သစ်ကောင်းအိမ်* ၅၃၈
၃၆၈။ နာမ်တူတဲ့သွေး ✦ *သစ်ငြိမ်း* ၅၃၉
၃၆၉။ နိုင်ငံရေးကဗျာ ✦ *သစ္စာနီ* ၅၄၀
၃၇၀။ တရားခံ ✦ *သစ္စာပိုင်စိုး* ၅၄၂
၃၇၁။ ဖိနပ်နဲ့ သေနတ် ✦ *သစ်အောင်ခိုင်* ၅၄၃
၃၇၂။ လစ်ဟာမှုဟာ ကျသွားတယ် ✦ *သည်မော်နိုင်* ၅၄၄
၃၇၃။ နာရီ ✦ *သိန်းခေါင်ငြိမ်းသစ်* ၅၄၆
၃၇၄။ ညီစေ ✦ *သိမ့်မောင်မောင်* ၅၄၇
၃၇၅။ စစ် ၃၅ ✦ *သွယ်ဘ* ၅၄၉
၃၇၆။ ကျွန်တော်တို့ရွာမှာဖြစ်တဲ့ စစ်ပွဲ ✦ *သွယ်လေး* ၅၅၀
၃၇၇။ အပြုသဘောသုံးဆောင်မှု ✦ *သျှိသူအောင်* ၅၅၁
၃၇၈။ လေယာဉ်ပစ်အမြောက် ✦ *ဟံလင်း* ၅၅၃
၃၇၉။ ဖားတွေဟာ ဟိုဘက်ဘဝ ✦ *ဟင်နရီမိုး* ၅၅၆
၃၈၀။ လောကရှိုင်းထဲက ငါ့ဒိုင်ယာရီ ✦ *ဟန်နွေလ* ၅၅၇
၃၈၁။ ငြိမ်းချမ်းရေးတရား ✦ *ဟိန်းထက်လွင်* ၅၅၉
၃၈၂။ အရေးအသား ✦ *အနီမောင်* ၅၆၀
၃၈၃။ ပရိုက်ဗစ် ကော့တေး ✦ *အမွန်မွန်း* ၅၆၁
၃၈၄။ ဗိုးချဲဟာ မှန်ထဲကို တိတ်တိတ်လေး
တွန်းဝင်သွား ✦ *အလင်းနှစ်(Blogger)* ၅၆၃
၃၈၅။ ခြေတော်သံ ✦ *အာဂမွတ်း* ၅၆၄
၃၈၆။ ဒီကဗျာမှာ အသက်ရှူသံတွေက
လတ်ဆတ်တယ် ✦ *အီပန်း(နှောင်ပိုအောင်)* ၅၆၆
၃၈၇။ လက်နက်ကိုင် လောက် လောက်ကိုင်လက်နက် ✦ *ဇေ* ၅၆၈
၃၈၈။ သွေးထဲကနာကျင်မှု တစစ်စစ် ✦ *လွှန်* ၅၆၉
၃၈၉။ ညီညွတ်ရေးဖတ်စာ ✦ *သေစ်* ၅၇၁
၃၉၀။ ရောက်ရှိခြင်း ✦ *အေဒီသစ်* ၅၇၂
၃၉၁။ လိမ္မော်ရောင် သံဝေဂပန်းတွေ ပွင့်တယ် ✦ *အေးညှ* ၅၇၃
၃၉၂။ စီးကြောင်းများ ✦ *အေးမင်းစော* ၅၇၄
၃၉၃။ အပြေးအလွှား ✦ *အံ့ဘွယ်ဖင်* ၅၇၅
၃၉၄။ ဆောင်းအလွန် ✦ *အိုအောင်* ၅၇၆
၃၉၅။ ကဗျာထဲမှာ ✦ *အောင်ကိုကိုလတ်(တမူး)* ၅၇၇
၃၉၆။ ငွေရတုဖူလိုင် ✦ *အောင်ကျော်ဆန်း* ၅၇၉
၃၉၇။ မြေခွေး ✦ *အောင်ခင်မြင့်* ၅၈၁
၃၉၈။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသို့ ✦ *အောင်ချိမ့်* ၅၈၂
၃၉၉။ နိုင်ငံသစ် ✦ *အောင်ဇေ* ၅၈၃
၄၀၀။ ငြင်းမလဲ အမှောင်နှင့် အလင်းငြင်း အမှောင်နှင့်
အလင်းငြင်း ငြင်းမလဲ ✦ *အောင်ဇင်မင်း* ၅၈၄
၄၀၁။ အိမ်အပြန် ✦ *အောင်ဒင်(ဒတ္တ)* ၅၈၆
၄၀၂။ အမုန်တရားအတွက် အားအသစ်ဖြစ်ပါစေ ✦ *အောင်ပိုင်စိုး* ၅၈၈
၄၀၃။ ရွာထဲက သတင်း ✦ *အောင်ဖြိုးဝေ* ၅၉၀
၄၀၄။ သမ္ဘတကြီးတဲ့လား ✦ *အောင်ဘညို* ၅၉၂
၄၀၅။ ဆေးရုံညတွင် ချိတက်ခြင်း ✦ *အောင်ဝေး* ၅၉၃
၄၀၆။ ငါ ✦ *အောင်သက်ဦး* ၅၉၅
၄၀၇။ အနက်ရောင်ကောက်ကြောင်း ✦ *ဥတ္တရာအောင်* ၅၉၇
၄၀၈။ Popcorn ဆိုရင် လုံးမကြိုက် ✦ *အိန္ဒြာ* ၅၉၈
၄၀၉။ အဆစ် ✦ *အိမ်ဝေးသူ* ၆၀၀
၄၁၀။ ခေတ် ✦ *အိမ်စိမ်း* ၆၀၁
၄၁၁။ ဟာစိတွေ မေးထား ✦ *အိမ့်ဒီဝတ်* ၆၀၂
၄၁၂။ သခင်ယေရှုလို့ခေါ်ရတာ
သူစိမ်းဆန်လွန်းတယ် Jesus ✦ *အိုင်းဒီး* ၆၀၃
၄၁၃။ ပြတိုက်ဖွင့်မယ့်အချိန်က စောလွန်းတော့ ခင်ဗျားနောက်ကျတာ
အပြစ်လို့ မပြောသာဘူးပေါ့ ✦ *Aမွန်* ၆၀၅
၄၁၄။ From the old to the new ✦ *Ant Maung* ၆၀၇
၄၁၅။ Encomium ✦ *Ko Ko Thet* ၆၀၈


www.burmeseclassic.com

www.burmeseclassic.com

၄၁၆။ Envy ✦ *Maung Tha Noe* ၆၁၀
၄၁၇။ The Interview ✦ *Nyunt Wai Moe* ၆၁၁
၄၁၈။ Wrong Train ✦ *Troy Tun* ၆၁၂
၄၁၉။ The Hullucinations ✦ *Zaw Tun* ၆၁၃

နောက်ဆက်တွဲ
၁။ ငါ ဝှက်ထားတဲ့ စာတမ်း ✦ *ကဗျာပုဏ္ဏား* ၆၁၄
၂။ ကျပ်မပြည့်တဲ့ ဒင်္ဂါးဟာ စားပွဲပေါ်မှာ တစီစီလည်လို့ ✦ *ညီစိမ်း* ၆၁၅
၃။ တိမ်ဖုံးနေသော မြစ်တစ်စင်း ✦ *တိမ်ညို* ၆၁၆
၄။ လူတစ်ယောက်အကြောင်း ✦ *ဒီဝသုန်ခက်* ၆၁၇
၅။ အမုန်တရားဆိုတာ ရွာအပြင်မှာလည်း နေရဲတယ် ✦ *မိုးဟိန်းထက်* ၆၁၉
၆။ စံရွှေးစေ့ကလေးများ ✦ *မောင်ဆောင်းခ* ၆၂၀
၇။ Debate ✦ *ရင်နီ* ၆၂၁
၈။ ကျောင်းသားတွေ နိုင်တယ် ✦ *ဟိန်း* ၆၂၂
၉။ ပိုက်ဆံ ✦ *ဟိန်းထိုက်ရှာန်* ၆၂၄
၁၀။ မနက်အခင်း ✦ *အောင်နှင်းသစ်* ၆၂၅

## ဤစာအုပ်နှင့်ပတ်သက်၍ အစီရင်ခံတင်ပြချက် အနည်းငယ်

ဤစာအုပ်နှင့်ပတ်သက်၍ အမှာစကားအနေဖြင့် မဟုတ်ဘဲ အမှာစကားနေရာတွင် အနည်းငယ် အစီရင်ခံတင်ပြလိုပါသည်။

မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂအနေဖြင့် ယူနက်စကိုမှ သတ်မှတ်ထားသော မတ်လ ၂၁ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကဗျာနေ့ (World Poetry Day) အခမ်းအနားကို ရန်ကုန်မြို့တွင် နှစ်စဉ်မပျက် ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၅ နှစ်တိုင်တိုင် ရှိခဲ့ပြီဟု ဆိုရပါမည်။ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂအမည်ဖြင့် မဖွဲ့စည်းခင် AGMP (Action Group of Myanmar Poets) အမည်ဖြင့် လှုပ်ရှားမှုများပြုလုပ်ခဲ့ကြစဉ်ကတည်းက ကဗျာဆရာများစုပေါင်း၍ ကမ္ဘာ့ကဗျာနေ့အခမ်းအနားကို ၂၀၁၀ ပြည့်နှစ်မှ စတင်ကျင်းပခဲ့ကြရာ ယင်းနှစ်ကိုပါ ထည့်ပေါင်းလျှင် ၆ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

တစ်နှစ်တစ်ကြိမ်ကျင်းပသော ယင်းအခမ်းအနားများတွင် ကဗျာရွတ်ဆိုခြင်း၊ ကဗျာစာတမ်းဖတ်ကြားခြင်း၊ ကဗျာဗေဒဆွေးနွေးခြင်း စသည့် ကဗျာနှင့်သက်ဆိုင်ရာကိစ္စရပ်များနှင့် ဖျော်ဖြေတင်ဆက်မှုများကို ထည့်သွင်းကာ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ထို့အပြင် ကမ္ဘာ့ကဗျာနေ့အမှတ်တရအဖြစ် တီရှပ်၊ အိတ်၊ ပို့စ်ကတ် စသည့်ပစ္စည်းတို့ကို ရိုက်နှိပ်ထုတ်ဝေရောင်းချခြင်းများကိုပါ ထည့်သွင်းဆောင်ရွက်ခဲ့ကြပါသည်။ ယခုနှစ်တွင်တော့ ယင်းတို့အပြင် ကမ္ဘာ့ကဗျာနေ့အထိမ်းအမှတ်အဖြစ် စုပေါင်း/ညွန့်ပေါင်း ကဗျာစာအုပ်တစ်အုပ်ကို ထုတ်ဝေသွားကြရန် မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂရှိ အလုပ်အမှုဆောင်အဖွဲ့ဝင်ကဗျာဆရာများက ဝိုင်းဝန်းတိုင်ပင်ဆုံးဖြတ်ခဲ့ကြပါသည်။

ယင်းသို့ တိုင်ပင်ဆုံးဖြတ်ကြရာ၌လည်း ထိုညွန့်ပေါင်းကဗျာစာအုပ်တွင် ကဗျာကို အလေးအနက်ရေးသားနေကြဆဲဖြစ်သော မြန်မာကဗျာဆရာ လူကြီး၊ လူလတ်၊ လူငယ် အားလုံး တတ်နိုင်သမျှ လွှမ်းခြုံပါဝင်နိုင်ရေးကို အလေးထားဆွေးနွေးခဲ့ကြပါသည်။ ဆိုရပါလျှင် မြန်မာပြည်တွင်းရှိ ကဗျာဆရာ များသာမက ကမ္ဘာအနှံ့အပြားတွင် ရောက်ရှိနေကြသော မြန်မာကဗျာဆရာ များပါ ပါဝင်နိုင်ရေးနှင့် နယ်ပယ်စုံ အလွှာစုံမှ ကဗျာကို ခုံမင်တပ်မက်စွာ ရေးဖွဲ့နေကြသူများပါ မကျန်စေရေး ဝိုင်းဝန်းဆွေးနွေးကြကာ စာအုပ်တွင် ပါဝင်ထည့်သွင်းသွားမည့် ကဗျာဆရာစာရင်းကိုလည်း ပြုစုတည်ပြီးကာ တာဝန်များ အသီးသီးခွဲဝေ၍ စာမူများတောင်းခံခဲ့ကြပါသည်။

www.burmeseclassic.com

ဆက်သွယ်တောင်းခံရာ၌လည်း လူကိုယ်တိုင်အားဖြင့်လည်းကောင်း၊ စာဖြင့် ဖုန်းဖြင့် အီးမေးလ်ဖြင့် လည်းကောင်း အဆင့်ဆင့်ဆက်သွယ်တောင်းခံခဲ့ကြရပါသည်။ ကဗျာဆရာ/ဆရာမ အတော်များများထံသို့ ဆက်သွယ်တောင်းခံနိုင်ခဲ့ကြသော်လည်း ဆက်သွယ်ရန်ခက်ခဲသော အချို့ကဗျာဆရာများထံမှ တောင်းခံနိုင်ခြင်း မရှိခဲ့ပါ။ တောင်းခံထားခဲ့သော်လည်း အချို့သော ကဗျာဆရာများထံမှ စာမူများ ရောက်ရှိမလာခဲ့သည်များလည်း ရှိခဲ့ပါသည်။ ထို့အပြင် အစည်းတပ်၍ တောင်းခံထားခြင်း မရှိပါဘဲ ပေးပို့ရောက်ရှိလာသော စာမူများလည်း ရှိပြန်ရာ ယင်းစာမူတို့ကို အဖွဲ့၏သဘောထားဖြင့် စိစစ်ရွေးချယ်လျက် အချို့ကို ထည့်သွင်းအသုံးပြုခဲ့ကြပါသည်။

ကဗျာစာမူများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုသော နောက်တစ်ချက်ရှိပါသေးသည်။ စာမူများကို စတင်တောင်းခံစဉ်ကတည်းက တောင်းခံလွှာတွင် ရေးဖွဲ့ပုံ ဟန်၊ အကြောင်းအရာ စသည်များကို ကန့်သတ်ခြင်းမရှိသော်လည်း ကဗျာရှည်များ လက်ခံနိုင်မည်မဟုတ်ဘဲ အလွန်ဆုံး စာကြောင်းရေ ၅၀ ခန့် (စာမျက်နှာ ၂ မျက်နှာခန့်) ကိုသာ စာမျက်နှာအခက်အခဲအရ လက်ခံနိုင်မှာဖြစ်ကြောင်း အသိပေး၍ တောင်းခံခဲ့ကြပါသည်။ ကဗျာအများစုမှာ တောင်းခံထားသည့်အတိုင်း ရရှိခဲ့သော်လည်း အချို့သော ကဗျာများမှာ ၂ မျက်နှာထက်ကျော်လွန်နေသည့် လိုင်းပါဒ ခွဲထားမှုပုံစံမျိုးဖြင့် ရောက်ရှိလာရာ ယင်းစာမူတို့ကို စာသားတည်းဖြတ်ခြင်း မပြုလုပ်ဘဲ ၂ မျက်နှာအတွင်းဝင်ရန် စာကြောင်းအထားအသိုများ အနည်းငယ် ပြင်ဆင်ခဲ့ရသည်များလည်း ရှိပါသည်။ မူရင်းကဗျာပုံစံကို ထိခိုက်စေလို၍မဟုတ်ဘဲ format အတွင်းဝင်ရန် လုပ်ဆောင်ခဲ့ရခြင်းသာ ဖြစ်သဖြင့် ဤကိစ္စကို ကဗျာဆရာများအနေဖြင့် နားလည်ပေးကြစေလိုပါသည်။ (ချွင်းချက်အနေဖြင့် ၂ မျက်နှာအတွင်းဖော်ပြရန်အဆင်မပြေသည့် ကဗျာအချို့ကိုတော့ ဘယ်လိုမှ မတတ်နိုင်ဘဲ ၃ မျက်နှာ ကူးခဲ့ရသည်များလည်း ရှိပါသည်။)

စာမူတောင်းခံခဲ့စဉ်အခါက ကဗျာဆရာ၏ ကိုယ်ရေးအကျဉ်းကိုပါ ထည့်သွင်းပေးပို့ရန် တောင်းခံခဲ့ကြပါသည်။ ဤကဗျာစာအုပ်တွင် ပါဝင်ရေးသားကြသော ကဗျာဆရာ/ဆရာမများ၏ ကိုယ်ရေးအချက်အလက်အချို့ကို မြန်မာနိုင်ငံကဗျာဆရာသမိုင်းမှ မှတ်တမ်းပြုသိမ်းဆည်းထားလိုခြင်း၊ စာဖတ်သူများ သိရှိနားလည်စေလိုခြင်း စသည့်ရည်ရွယ်ချက်များဖြင့် စာအုပ်၏ နောက်ဆုံးပိုင်းတွင် ပေါင်းရုံးဖော်ပြသွားရန် တောင်းခံခဲ့ခြင်း ဖြစ်ပါသည်။ ကဗျာဆရာထက်ဝက်ခန့်က သူတို့၏ ကိုယ်ရေးအကျဉ်းကို ထည့်သွင်းပေးပို့ခဲ့ကြသော်လည်း ကျန်ထက်ဝက်ခန့်ကမူ ထည့်သွင်းပေးပို့ခြင်း မပြုခဲ့ကြပါ။



ထို့ကြောင့် ပါဝင်ရေးသားကြသူ များအားလုံး မစုံလင်နိုင်တော့သည့် ယင်းအစီအစဉ်ကို ဖြုတ်ချန်ထားလိုက်ပါတော့သည်။

ဤစာအုပ်တွင် မြန်မာဘာသာစကားဖြင့် ရေးသားလေ့ရှိသော မြန်မာကဗျာဆရာတို့၏ မြန်မာကဗျာများအပြင် အင်္ဂလိပ်ဘာသာစကားဖြင့် ရေးသားလေ့ရှိကြသော မြန်မာကဗျာဆရာအချို့၏ အင်္ဂလိပ်ကဗျာများကိုပါ ထည့်သွင်းဖော်ပြထားပါသည်။ အင်္ဂလိပ်လို ရေးသားလေ့ရှိသည့် မြန်မာကဗျာဆရာများ၏ အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုလေ့လာနိုင်ကြစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ဤစာအုပ်တွင် ပါဝင်သောကဗျာများကို ရှေ့နောက်စီစဉ်နေရာချထားရာတွင် ကဗျာဆရာများ၏ ဖြတ်သန်းမှုပါစဉ်အရ စီစဉ်နေရာချထားခြင်းမျိုး မဟုတ်ဘဲ ကဗျာဆရာတို့၏ ကလောင်အမည်အစကို မူတည်၍ အက္ခရာဝလိအတိုင်း စီစဉ်နေရာချထားခြင်း ဖြစ်ပါသည်။ ဤကဗျာညွှန့်ပေါင်းစာအုပ်၏ အမည်ကို မူလက '၂၀၁၅ ခေတ်ပြိုင်မြန်မာကဗျာ'၊ 'နှစ်ဆယ့်တစ်ရာစု မြန်မာကဗျာသစ်' စသည်ဖြင့် ကောင်းနိုးရာရာ အမည်လှလှတစ်ခုကို ရွေးချယ်ပေးကြရန် စိတ်ကူးထားခဲ့ကြသော်လည်း စကားလုံးများအပေါ် အဓိပ္ပာယ်အယူအကောက် မလွဲချော်ကြစေရန်အတွက် 'မြန်မာကဗျာ ၂၀၁၅' ဟူ၍သာ ရိုးရှင်းစွာပေးလိုက်ပါသည်။

ဤကဗျာစာအုပ်တွင်ပါဝင်သော ဂုဏ်အင်္ဂါအရည်အသွေးများနှင့် ပတ်သက်၍ကား အထူးအထွေမှတ်ချက်ပြု၍ မပြောကြားလိုပါ။ ဤစာအုပ်တွင် ပါဝင်သော လူကြီး၊ လူလတ်၊ လူငယ် ကဗျာဆရာများ (အများစု)မှာ ကဗျာနေ့သက်နှင့် ကဗျာရေးလက်ရှိနှင့်ပြီးသူများ ဖြစ်ကြပါသည်။ ကဗျာဆရာအဖြစ် အထင်အရှားရှိနှင့်ပြီးသူများနှင့် အထင်အရှားဖြစ်ရန် ကြိုးပမ်းတာစူနေကြသော သူများလည်း ပါဝင်ပါသည်။ အားလုံးမှာ သက်ရှိထင်ရှားရှိနေကြဆဲ ဖြစ်ပြီး ကိုယ်ရေးသည့်ကဗျာအတွက် ကိုယ်တာဝန်ယူနိုင်သူများဟုလည်း မှတ်ယူမိပါသည်။

ဤကဗျာစာအုပ်တွင် ပါဝင်သော ကဗျာဆရာ/ဆရာမတို့သည် အသက်အရွယ်ချင်း၊ တွေးခေါ်ပုံချင်း၊ ရေးဖွဲ့ပုံချင်း မတူကွဲပြားခြားနားကြလိမ့်မည် ဖြစ်သော်လည်း ယနေ့ခေတ် ယနေ့အခါကို တစ်ပြိုင်နက်တည်း ဖြတ်သန်းနေကြသူများသာ ဖြစ်ပါသည်။ ရနံ့၊ အရောင်အသွေးနှင့် အသွင်သဏ္ဌာန်မတူညီကြသော ပန်းပေါင်းစုံတို့၏ အလှနှင့် သဘာဝကို ပန်းဥယျာဉ်တစ်ခုအတွင်း စုံစုံညီညီခံစားစေလိုသော စေတနာဆန္ဒအဓိကဖြင့် ပို့ဆောင်ပေးလိုခြင်းသာ ဖြစ်ပါသည်။ ပန်းချစ်သူများအနေဖြင့် မိမိနှစ်သက်ရာပန်းကို ရွေးချယ်၍

www.burmeseclassic.com

နှစ်သက်သလို ခံစားလှည့်ပါဟုသာ ပြောလိုပါသည်။

ဤစာအုပ်ကို ကမ္ဘာ့ကဗျာနေ့အမီ ထုတ်ဝေသွားရန် စတင်တိုင်ပင် ဆွေးနွေးဖြစ်ခဲ့ကြသော အချိန်သည် ပြီးခဲ့သော ဖေဖော်ဝါရီလ ပထမပတ်ထဲတွင် ဖြစ်သည်။ ထို့ကြောင့် စာမူများ တောင်းခံစုစည်းသည်မှစ၍ ကွန်ပျူတာစာစီကာ စာအုပ်ကို ပြင်ဆင်ပုံနှိပ်ချုပ်လုပ်သည်အထိ စီစဉ်လုပ်ကိုင်ရသော အချိန်ကာလရရှိမှုမှာ လုံလောက်သောပမာဏမဟုတ်ဟု ဆိုချင်ပါသည်။ သို့သော် ရသရွေ့အချိန်အတိုင်းအတာတွင်း၌ပင် ပြီးမြောက်စေရန် တက်သုတ်ရိုက်၍ ဝိုင်းဝန်းစီစဉ်ခဲ့ကြရပါသည်။ သို့အတွက် ဤစာအုပ်တွင် အမှားအယွင်း အကျအပေါက်များနှင့် တစ်စုံတစ်ရာ အဆင်မပြေမှုများလည်း ရှိကောင်း ရှိနေပါလိမ့်မည်။ ရှိခဲ့ပါကလည်း စာနာနားလည်မှုဖြင့်သာ ခွင့်လွှတ်ကြစေလိုကြောင်း ကြိုတင်တောင်းပန်ထားအပ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကဗျာချစ်သူ စာချစ်သူတို့၏ လက်အတွင်းသို့ ရောက်ရှိနေပြီဖြစ်သော ဤကဗျာညွှန့်ပေါင်းစာအုပ် ဖြစ်မြောက်ပေါ်ထွန်းလာစေရန် မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂက စီစဉ်ကြိုးပမ်းခဲ့သည်မှန်သော်လည်း ကျွန်ုပ်တို့၏ လုံ့လပြုမှုတစ်ခုတည်းသက်သက်ဖြင့် မည်သို့မျှ မဖြစ်မြောက်နိုင်ပေ။

ပထမဦးစွာပြောရမည်က တောင်းခံထားသောကဗျာများကို စာမူခမယူဘဲ မေတ္တာဖြင့် ရေးသားချီးမြှင့်ပေးခဲ့ကြသည့် ကဗျာဆရာများ၊ ပြည်တွင်းပြည်ပ အနယ်နယ်အရပ်ရပ်မှ ကဗျာဆရာများထံသို့ ဆက်သွယ်ကာ စာမူတောင်းခံရာတွင် စိတ်ရင်းဖြင့် အဆင့်ဆင့်ပါဝင်ကူညီပေးခဲ့ကြသူများ၊ ကမ္ဘာ့ကဗျာနေ့အခမ်းအနား ကျင်းပနိုင်ရေးနှင့် ဤစာအုပ် ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် လူအားဖြင့်သာမက ငွေအားဖြင့်ပါထည့်ဝင်လှူဒါန်းပံ့ပိုးပေးခဲ့ကြသော မိတ်ဆွေရောင်းရင်းများ၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ၏ ရန်ပုံငွေအဖြစ်ထုတ်ဝေသည့် ဤစာအုပ်ကို ဝယ်ယူအားပေးဖတ်ရှုကြသော စာဖတ်ပရိသတ်များ စသည့် တစ်ခဲနက် ဝန်းရံအားဖြည့်ပေးခဲ့ကြသူများ၏ ပူးပေါင်းခွန်အားစိုက်ထုတ်မှုကြောင့်သာ ဤကဗျာညွှန့်ပေါင်းစာအုပ် ဖြစ်မြောက်ပေါ်ထွန်းလာရခြင်းဖြစ်ပါသည်။ ထို့အတွက်ကြောင့် ကျေးဇူးတင်ထိုက်သော ဤသူအပေါင်းကိုလည်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း နှလုံးသားဖြင့် မှတ်တမ်းတင်အပ်ပါသည်။

မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ

၂၀၁၅ ခုနှစ်၊ မတ်လ၊ ၁၃ ရက်။



**ကဗျာဆရာဟူသည်**

ကဗျာရှင်

ကဗျာဆရာဟူသည်
မြင့်မိုရ်တောင်ကဲ့သို့သော လောကကို
စာတစ်ပါဒဖြင့် သိမ်းဆည်းနိုင်၏ . . .။

ကဗျာဆရာဟူသည်
လက်တစ်သစ်မျှသော ကညစ်အားဖြင့် ကောင်းကင်ကို
ဆေးရောင်စုံစေနိုင်၏။

ကဗျာဆရာဟူသည်
နိုင်ငံချစ်စိတ်နှင့်
အမျိုး၊ ဘာသာ၊ သာသနာကို အလေးထားစေ၏ . . .။

ကဗျာဆရာဟူသည်
စစ်ပွဲများကို ငြိမ်းအေးစေ၏
သောကများကို မှုဝေတတ်၏
သဘာဝတရားကို အခါမလပ် စောင့်ကြည့်နေတတ်၏ . . .။

ကဗျာဆရာဟူသည်
ကြောက်ရွံ့စိုးထိတ်မှုကို ပပျောက်စေ၍
စိတ်ဓာတ်ခွန်အားကို ဖြစ်စေ၏ . . .။

ထို့ကြောင့်
ကဗျာဆရာဟူသည်
အကောင်းဆုံးသော အတိုင်ပင်ခံဖြစ်၍
တန်ဖိုးရှိသောဘဏ္ဍာတိုက် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အဖွဲ့တွဲကဗျာ ရှေ့သို့

ကလင့်(မန္တလေး)

အဖွဲ့တွဲကဗျာဟော့ . . . အဖွဲ့တွဲကဗျာပါ
ဖြူစင်ခြင်းတွေနဲ့ ကဗျာ ကဗျာ
ရှုတ်ကြ ရှုတ်ကြ နားမလည်ဘူးလား
လာထား
ဒါ ရှုတ်
ရှုတ်
နားမလည်ရင် အဖွဲ့တွဲကဗျာက ရှုတ်
အဖွဲ့တွဲကဗျာရှုတ်တာ
လူတွေ နားမထောင်ဘူးလား
ခွေးတွေကို ရှုတ်ပြမယ်
ခွေးတွေ နားမထောင်ဘူးလား
သစ်ပင်တွေကို ရှုတ်ပြမယ် သစ်ပင် နားမထောင်ဘူးလား
သုသာန်အဝင်ဝကို ရှုတ်ပြမယ်
သသာန်အဝင်ဝ နားမထောင်ဘူးလား
သချိုင်းကို ရှုတ်ပြမယ်
သချိုင်း နားမထောင်ဘူးလား
အုတ်ဂူတွေ ရှုတ်ပြမယ်
အုတ်ဂူတွေ နားမထောင်ဘူးလား
တစ္ဆေသရဲတွေကို ရှုတ်ပြမယ်
တစ္ဆေသရဲတွေ နားမထောင်ဘူးလား
ငရဲကျနေတဲ့ ငရဲတွေကို ရှုတ်ပြမယ်
ငရဲကျနေတဲ့ ငရဲတွေ နားမထောင်ဘူးလား
ငရဲကျနေတဲ့ ကဗျာဆရာ ကလင့် (မန္တလေး)ကို ရှုတ်ပြမယ်
အဲဒီ ငရဲကျနေတဲ့ ကလင့် (မန္တလေး) နားမထောင်ဘူးလား
ငရဲကျနေတဲ့ ကဗျာကို ရှုတ်ပြမယ်
ငရဲကျနေတဲ့ ကဗျာက ငရဲကျ ကဗျာကို
ငရဲအခန်းဆက်ထဲက အဖွဲ့တွဲကဗျာကို
ငရဲ အမည်သစ်ကို ရှုတ်ပြလိုက်တယ်ဆိုတာ
အဖွဲ့တွဲများစွာ . . . ။



## ဆိုက်ကို

ကောဇော်မိုး

အသွေးအသားက
ဖြစ်ပျက်သမျှအရာရာအပေါ် ငြိဝင်နေတဲ့ ဆိုက်ကို၊
လေးထောင့်၊ အဝိုင်း၊ ဒေါင်မကျ ပြားမကျလား
တစ်ကြောင်းကြောင်းမှာ ဆိုက်ကို၊
လူကြီးမင်း တပ်ခံထားရတဲ့ ဇရိယာက
ပျော်ရွှင်ဖွယ်ရာတွေကို လက်ယပ်ခေါ်ယူနေတဲ့ ဆိုက်ကို၊
ညဈေးနဲ့ ပန်းဆိုးတန်း၊ မနက်ဈေးနဲ့ ဆူးလေ၊ နေ့ဈေးနဲ့ ဆိပ်ကမ်းသာလမ်း
အစားစားကွဲပြားနေတဲ့ လမ်းပေါ်က ငှက်ကလေးများထဲ ဆိုက်ကို၊
အချိန်နဲ့ တန်ဖိုးနဲ့ နာရီမေးရတဲ့ မြို့ပြပလက်ဖောင်းပေါ်က
ရောင်းရေးဝယ်တာ ဆိုက်ကို၊
ပြန်မလာခဲ့နဲ့ ပြန်လာချင်ပြီ
အဆင်မပြေဘူး ဒီလိုပဲ အဆင်ပြေအောင်နေ
နှစ်ဖက်စကားတွေ နားနဲ့မဆံ့ လျှံကျနေသော ဆိုက်ကို၊
ကြိုးစားပါ အဆင်ပြေမှာပါ မုသာဝါဒနဲ့
ချဆိုထည့်နေရတဲ့ အသက်မွေးဝမ်းကျောင်းထဲက ဆိုက်ကို၊
အခမဲ့ အခပေးနဲ့ ပြန်အမ်းငွေနဲ့ အလှူခံနဲ့ မလောက်ငတဲ့ လစာနဲ့
မေတ္တာဖြင့် ကြီးကြပ်ခြင်းထဲ ဆိုက်ကို၊
အလုပ်ခွင် လမ်းပေါ် အိမ်တွင်း အရက်ဆိုင်က
ကလေးများနဲ့ အနာဂတ်မျှော်မှန်းမှု ဆိုက်ကို၊
သိမ်မွေ့စိတ် အရိုင်းဆန်မှု ကွယ်ရာက ဂရုမမူစကားနဲ့
လူသားဆန်လွန်းတဲ့ အတင်းအဖျင်းနဲ့ ဆိုက်ကို၊
ထိတွေ့သူ လူသားတစ်ဦးနဲ့ နားလည်မှုနဲ့ အတူနေချင်ပြီ
သံထိသား ပင်မအစုအဝေးက လူဖြစ်ရတဲ့ ဒုက္ခတရားမှာ ဆိုက်ကို၊
တွေ့ကြတာပေါ့ အဆင်ပြေပြီးပဲ ဒီရက်ပိုင်းဆုံမယ်
တိထပ်နေတဲ့ ဘဝထဲ ဆိုက်ကို၊
မြည်နိုး ထင်းခွေသွားတဲ့ အောင်မြင်ကျော်ကြားလိုသော ဆိုက်ကို၊
အထိပျက်အစုအဝေးထဲက သမားရိုးကျ စရိုက်အသီးသီးနဲ့
ကတ်တိုဘိန်းတို့ရဲ့ တော်လှန်ရေး ဆိုက်ကို၊
အခု တော်ကြာ ပွုးပေါင်း ပယ်ဖျက် ဆန့်ကျင် မှိုင်းတိုက်



www.burmeseclassic.com

www.burmeseclassic.com

ဒီမြေပြင်ရဲ့ အခင်းအကျင်း တိမ်မင်ဆေးရေးသလို ဆိုက်ကို၊
ရယ်ပြီ မရယ်သေးဘူး လမ်းကြောင်းရှင်းလင်း တွေ့ဆုံရေး လက်မှတ်ထိုးပွဲ
စာရင်းအနက် လက်သင့်ရာ ကျိုးအာသီးများ
တာကွယ်စောင့်ရှောက် အမျိုးသားစစ်အမြင် ဆိုက်ကို၊
အဆုံးသတ်ဖို့ မျဉ်းတစ်ကြောင်းသာ ဆွဲချရ
စိတ်သဏ္ဌာန်၌ ရှုပ်ထွေးနောက်ကျိုနေတဲ့ ဆိုက်ကို
ဆိုက်ကို ...။



**ထာဝရဆုတောင်း**
ကိုကိုလွင်

ကမ္ဘာကြီးမှာ
အရေးအကြီးဆုံးဟာ
ငြိမ်းချမ်းရေးပါပဲ
ဘယ်သူငြင်းဆန်မလဲ ... ဖြေ။

တစ်သိန်းတစ်သန်း အတွေးများဝင်ပါထဲ
စိမ်းလန်းအသွေးအသားများ လက်ဝဲလို့
ငြိမ်းချမ်းတရား အစဉ်သာမြဲပါစေ။



www.burmeseclassic.com

www.burmeseclassic.com

**ဖြေဆေး**
ကိုကြီးသိန်း(ချောက်)

ရင်ထဲကို
အခေါက်ခွာပြီးသား သစ်ပင်တွေအကြောင်း
ဘယ်သူထိုးစိုက်သွားခဲ့တာလဲ
တောတောင် ရှုခင်းက
ရှင်းရှင်းလင်းလင်း ဖြစ်သွားပြီလေ
ဒီတော့ ...
အလေ့ကျပေါက်တဲ့စိတ်တွေ ရိတ်သိမ်းဖို့ ...
အသက်ပြင်းပြင်းရှူပြီး
မြေပြင်ကို ဆင်းကြည့်လိုက်
မြူနေတဲ့ စစ်ပွဲက
ငြိမ်းချမ်းရေးပိုးပင်ကို နုတ်တယ်
စမိတဲ့ကိစ္စအားလုံး အဆုံးသတ်ဖို့
နေ့နေတဲ့နှုန်းကို အရှိန်ထပ်လျှော့ချင်တယ်
တိုင်းပြည်ကို ပတ်ရှောင်နေတဲ့ အနံ့ဆိုးတွေ
မြောင်းထဲရောက်သင့်ပြီ
ခေတ်ပြားပေါင်းနဲ့
ညစ်ထေးထေး ကန့်လန့်ကာကြီးကို
ထပ်ဖွင့်ချင်တာလား
အဲဒီဒဏ်ကြေဆေးလောက်နဲ့
ငါတို့ ... စားကျက်ကို ဖမ်းစားချင်တာလား
သတ်ချင် သတ်လိုက်
ငါတို့ ကဗျာဆရာတွေကတော့
လျှာအရိုးမရှိတဲ့ ခေါင်းတွေ တွေ့တိုင်း
ပလုတ်ကျင်းခိုင်းနေဦးမှာပဲ။



**မိုးရထား**
ကိုကြည်နိုင်

မဆုံနိုင်ခြင်းတွေနဲ့ ထုသားပေသားကျနေရတဲ့ဘဝ
ယုတ်စွအဆုံး ခေါင်းပေါ်ကထွက်တဲ့ မီးခိုးငွေ့နဲ့တောင်
အရှေ့အနောက် ဆန့်ကျင် ခရီးနှင်နေရတာပါ
စကတည်းက မျဉ်းပြိုင်နှစ်ကြောင်းပေါ် ခွရပ်နေရမှတော့
ဘာနဲ့မှ ဘယ်သူနဲ့မှ အပြီးတိုင် ဆုံနိုင်ခွင့်ဆိုတာကို
အိပ်မက် မမက်တော့ပါဘူး
ရိုပ်ခနဲ ဆုံခဲ့ကြပြီး ဖျတ်ခနဲ ခွဲခွာရပေါင်းများလို့
ရင်နာချင်တာတောင် လုပ်ခနဲလေး တစ်ချက်ပါပဲ။

ချယ်ရီတွေ ဝေနေလည်း ဝေပေါ့ကွယ်
ရပ်တန့်တွယ်မက်နေခွင့်လေးမှ မရှိလေတော့
ရိုပ်ခနဲ ဆုံခဲ့ပြီး ဖျတ်ခနဲ ခွင်ခဲ့ရတာပါပဲ။

မြင်ကွင်းတစ်ပြည့်စာ ဝင်းရှင်းထိန်ဝေနေတဲ့ ပိတောက်တွေကိုတောင်
ရင်ငေးခွင့်လေးမှ မရှိခဲ့တာ
ရိုပ်ခနဲ ဆုံခဲ့ပြီး ဖျတ်ခနဲ ခွဲခဲ့ရတာပါပဲ။

ဟိုး ... အဝေး တောင်စွယ်မှာ နေကွယ်လုပြီလေ
ပင်လယ်ဆီ ငုံ့ကိုင်းစိမ့်ဝင်တော့မယ့် နေမင်းရေ
ပြောဖြစ်အောင် ပြောပေးလှည့်ပါ
မိုးတိမ်တွေကို ထမ်းပိုးထားရတဲ့ ပင်လယ်ကြီးကလည်း
ဆောင်းထပ်ညီ တကောက်ကောက်မှ လိုက်မနေနိုင်တာ
ဖျတ်ခနဲသာ ဆုံဖြစ်ခဲ့ပေမဲ့ ပင်လယ်ကြီးကို သတိရနေတဲ့အကြောင်း။

မှောအဆင်းနဲ့ ဝင့်ဝင့်ယိမ်းယိမ်း လယ်ကွင်းကြီးကလည်း
ထာစ်ဆင့်စကား ပါးပေးလှည့်ပါ
နှုတ်ဆက်လက်ပြပြီး ရပ် ရပ် ကျန်နေခဲ့ရတဲ့
ဘယ်သူမလေးကိုလည်း မှတ်မှတ်ရရ ရှိနေကြောင်း။
ထုန်ကုပ်လေးရပ်ပြီး မှုန်မှုန်လေး ငေးငေးကျန်ခဲ့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘူတာရုံလေးနဲ့ ဝေး
တောင်တန်းတွေနဲ့ ဝေး
ဝင်လယ်နဲ့ ဝေး
ချွယ်ရီနဲ့ ဝေး
ပီတောက်နဲ့ ဝေး
အရာအားလုံးနဲ့ လုပ်ခနဲဆုံခဲ့ပြီး ... နောက် ... ဝေး။



## နီတော့နီတယ် ဒါပေမဲ့ သူတို့အလံ ခွပ်ဒေါင်းမပါဘူး

ကိုငြိမ်း(မန္တလေး)

အခြေအနေကတော့ စုံမှစုံ ဆိုတဲ့အထဲက
ဘာပဲ ဖြစ်နေနေ 'နိုင်ငံရေးဆပ်ကပ်ပွဲတော်ကြီး'ဖြစ်နေတော့

တေး သေခြင်းတရားရော ရှင်ခြင်းတရားရော
အဲဒီနှစ်ခုကြား ဂျတ်ဖ်ဂီတ ခေးအော့စ်တီးလုံးလေး ညှပ်လိုက်ဦး
တကယ့် တန်ဖိုးနည်း နိုင်ငံရေး ဆပ်ကပ်ပဲကွာ
ငါတို့တော့ နီးရိုးဘုရင်ရဲ့ အင်ပါယာထဲ ပြန်ရောက်နေပြီပေ
ထူးဘူး။ မထူးတော့ပါဘူး
ဝေါင်မုန့်အတူးတွေရော၊ ခြင်္သေ့နဲ့ လူသတ်သမားရော
ပြည့်တန်ဆာတွေရော
အကုန်သာ ညှော်ခန်းထဲ ထည့်ပြလိုက်ကြတော့
(ထည့်ပြလိုက်ကြတော့)၊
'အေး မကြာခင်
ဗိုလ်ချုပ်အောင်ဆန်းပဲ
ကမ္ဘာလုံးထဲ ဆိုင်ကယ်စီးပြမှာလိုလို
ဘာလိုလိုတွေ မလုပ်နဲ့'။



www.burmeseclassic.com

www.burmeseclassic.com

## ဝေး

ကိုမျိုး(မြန်မာစာ)

ဘယ်နှနှစ် လျှောက်လျှောက်
ဘယ်နှခေါက် လျှောက်လျှောက်
ရောက်ကို မရောက်နိုင်ကြတာ
ဝေးလွန်းတာကြောင့်လည်း ဖြစ်မှာ

နားလည်မှု ဝေး
စာနာမှု ဝေး
ညှာတာမှု ဝေး
ထောက်ထားမှု ဝေး
ညှိနှိုင်းမှု ဝေး
ယုံကြည်မှု ဝေး

ဝေးမယ့်သာ ဝေးပေမဲ့
အဝေးတကာ့ အဝေးဆုံးရောက်ရန်
နောက်ပြန်မှာတော့
အလျှောက်မြန်ကြသား။

## လိပ်ပြာ

ကိုဇက်

စိတ်တစ်သန်းကို လင်းမွှင့်နိုင်းလိုက်တဲ့အခါ
ငါ့ဒဏ်ရာရဲ့ ထောင့်ချိုးကို လှမ်းတွေ့လိုက်တယ်။

အနုပညာဆန် အခိုးအငွေ့တွေ မှုတ်ထုတ်လိုက်တဲ့အခါ
ပင်လယ်တွေ တအိအိ ပြိုကျလာ။

သိမှုတိုင်းကို တွေးမိပြန်တော့လည်း
သံသယဆန် ဖြစ်တည်မှုတွေနဲ့
ငါနဲ့ ငါက ဘဝခြားဖြစ်ခဲ့ပြီ။

၁၃၊ ၂၊ ၂၀၁၄။





www.burmeseclassic.com

www.burmeseclassic.com

## မပြောဖြစ်သေးဘူး သူငယ်ချင်း

ကိုနတ်

ပြောမယ် ပြောမယ်လို့ ပြောပြီးမှ မပြောဖြစ်သေးဘူး သူငယ်ချင်း
မနက်ရောက်တိုင်း နေထွက်လာသလိုမျိုး
သဘာဝကျကျဆန်တဲ့ တောင်ကုန်းမှာ စတွေ့တုန်းကပေါ့
မာယာမပါတဲ့ ကစားပွဲလို့ တို့ သဘောတူခဲ့ပြီး
မင်းရဲ့ အရိုင်းဆန်ဆန် တံခါးနှစ်ဖက်နဲ့ စခဲ့ကြ
အတိတ်ကို အရောင်မျိုးစုံနဲ့ အကိုင်းလိုက် အဆုပ်လိုက် ပွင့်ဝေခဲ့
သစ်ခွနဲ့ရင်းပြီး လောင်းခဲ့ကြတာပေါ့
ငါ့လက်မောင်းမှာလည်း မင်း အိပ်စက်ဖူး
မင်းလက်မောင်းမှာလည်း ငါ အိပ်စက်ဖူး
အိပ်မက်တစ်ခုကိုတောင် တစ်ယောက်တစ်ခြမ်း မက်ခဲ့ဖူးကြ
ငါပြောမယ်လေ ပြောမယ်လို့ပြောပြီးမှ မပြောဖြစ်သေးဘူး သူငယ်ချင်း
တစ္ဆေတစ်ကောင်လို ကပ်နေတဲ့ စိတ်ကူးနဲ့ ကိုယ့်ဝိညာဉ်ကိုယ်ထမ်း
ကိုယ့်လမ်းတွေကို ခပ်ကြမ်းကြမ်းဖောက်
အရှုံ့အမွှား အမှိုက်သရိုက်နဲ့ ဆူညံမှု၊ ဒါမှမဟုတ် လူဆန်မှုတံတားအောက်
တို့လျှောက်ကြတုန်းကပေါ့
ထက်နဲ့ထိရုံနဲ့ ရွှေဖြစ်တဲ့အထဲမှာ တို့မပါတော့ တစ်နည်း
ပြဿနာကိုယ်တိုင် ပြဿနာတက်နေမှတော့
သွားကြားညပ်နေတဲ့ သွားကြားထိုးတံကိုလည်း မေ့ပစ်ခဲ့တာပေါ့
မင်း ငါ့ဆီက ထွက်သွားပြီးမှ ဒီအပင်က ဒီရနံ့နဲ့ ဒီအသီးသီးတော့တာပဲ
အချက်မပေးဘဲ ဝင်လာတဲ့ ကံတရားနဲ့ ကူးခတ်ရက်ဖောက်လို့
မင်းပြောသလို လက်တစ်ဖက်နဲ့ လောကအသစ်ကို ဖန်ဆင်းဖို့
ငါ့အိမ်ရှေ့မှာ မင်းအတွက် ကျီးလာမသာတာ ဘာကြောင့်လဲ
ထိုင်စရာတွေ ဘယ်လောက်များများ မင်း ဘာကြောင့် ဝင်မထိုင်ခဲ့လဲ
တိုက်ပွဲခရာသံတွေ တိတ်သွားတဲ့အချိန်ရောက်မှ
မားအိမ်ပေါ် မျက်နှာအပ် သူငယ်ချင်းဟာ အငြိုးတကြီး ငိုကြွေးနေခဲ့တာ
ဒီမြင်ကွင်းကို ငါက ဘာကြောင့်များ လှတယ်လို့ ထင်ခဲ့မိ
ငါတို့ ရွတ်ဆိုခဲ့ပြီး ချမရေးဖြစ်တော့တဲ့ ကဗျာဘယ်လောက်များများ
ငါတို့ အာသာရှိကြပေမဲ့ လောင်းမချဘူးတဲ့ နေညိုချိန် ဘယ်လောက်များများ
မင်းလည်း သိမသွားခဲ့ဘူးမဟုတ်လား



ဇာအဆီးမရတဲ့ လှိုင်းတံပိုးတွေကြား သူငယ်ချင်းငတ်တဲ့ဒဏ် ငါကလည်း
အလူးအလဲခံလို့
အချိန်တိုင်းမှာ မင်းသီချင်းကို ငါဆိုလို့၊ မင်းအိပ်မက်ကို ငါမက်လို့
မင်းစိတ်ကူးတွေကို ငါတွေးလို့ မင်းလက်တစ်ဖက်နဲ့ ငါဆက်ရေးလို့
မြင်ကွင်းနဲ့ မျက်လုံးကြား မှန်တစ်ချပ်ခြားသလို မမြင်ရတဲ့အလွှာတွေက
မင်းနဲ့ငါကြား တစ်လွှာပြီးတစ်လွှာ တစ်ရက်ပြီးတစ်ရက်
ဒီလိုနဲ့ ခရီးက ဝေးနေတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## အမွှန်တရားတို့ မမွှန်းမီ...အဖြူ

ကိုမြတ်ခိုင်ဦး

၁။ ဦးခင်မောင်ရင်ကို အိပ်မက်မက်တယ်
ဦးခင်မောင်ရင်ကို ဒလမှာ တွေ့တယ်
ဦးခင်မောင်ရင်ဘေးမှာ ကိုနန်းနွယ် မတ်တတ်ရပ်လို့
လူဆင်းရဲလမ်းကြားလေး ဖြစ်နိုင်တယ်
ဒလက ရွှံ့ဗွက်ထဲမှာ မိုးတွေက ရွာလို့
စွပ်ကျယ်အဖြူ လက်စကကြီးနဲ့
ဦးခင်မောင်ရင်က အနုပညာအကြောင်းတွေ ပြောလို့
ဒလက လူလေးငါးယောက်က နားစိုက်ထောင်လို့
မိုးတွေက သဲကြီးမဲကြီးရွာလို့
အဲဒီဒလက ရွှံ့တောထဲမှာ
စွပ်ကျယ်အဖြူ လက်စကကြီးနဲ့

၂။ မေ ၄။ ၂၀၁၄ (တနင်္ဂနွေ)
တစ်ကြိမ်သာ စကားပြောခွင့်ရခဲ့ပြီး
ဦးခင်မောင်ရင် အိပ်မက်ထဲရောက်လာလို့
ငါ့ကိုယ်ငါ ကျေးဇူးတင်တယ်
ဦးခင်မောင်ရင်ကို ကြောက်လန့်မိတယ်။

(တမ္ဘာသိ ပန်းချီအနုပညာရှင် ဦးခင်မောင်ရင်သို့ ...)



## နောက်ကျသူတွေရဲ့ ကောင်းကင်

ကိုထက်(ရေဦး)

ကျပ်ခဲနေတဲ့ လေထုထဲ
ကျိုးကျသွားရတဲ့ သီချင်းတစ်စ
စိုက်ချလိုက်တဲ့ လရောင်ဟာ ခါယမ်းလို့။
သစ်ကိုင်းတစ်ခုရဲ့ အဆုံးမှာ
လျှောက်လမ်းတစ်စရဲ့ အကွယ်မှာ
ဆွဲစေ့လို့မရတဲ့ ဘဝစာမျက်နှာများ။
မနက်ဖြန်ရယ်
ပြာလဲ့လဲ့ ကမ္ဘာရယ်
မလုံခြုံတဲ့ စနေထောင့်ရယ်
အော်သံဟာ ပြေးဝင်လာ။
တစ်စထက် တစ်စ
ကြမ်းရှခြင်းများရဲ့ နောက်ကွယ်
လက်ဟာလည်း နာကျင်နေပါတယ်
ရင်ဟာလည်း ပူလောင်နေပါတယ်။
ငှက်တွေ လွတ်လွတ်လပ်လပ်
ဖူးခဲ့ပါစေ
ထိမ်တွေ ပေါ့ပေါ့ပါးပါး
ရွေ့ခဲ့ပါစေ
ဆုတောင်းဟာ ဖြစ်ခဲ့လေမလား။
တဆတ်ဆတ် တုန်ခါနေတဲ့
ဓားမြှောင်တစ်လက်နဲ့
ဆတ်ခနဲ ပစ်ဝင်လာတဲ့
လေချွန်သံတွေနဲ့
နေဝင်ဟာ စောခဲ့ပါတယ်။

ဘဝနဲ့ ငြိပါသွားတဲ့
အိမ်ပြန်ချိန်တွေအကြောင်းတော့
ပြန်ပြောင်းမပြောတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## ရန်ကုန်ရေ ကြိုဆိုလိုက်ပါတော့ ၂

ကိုရွှေး

ရန်ကုန်ရေ ...
ပညာနဲ့ အာဏာ
အားစမ်းတဲ့ပွဲမှာ စကားလမ်းမလွှဲဖို့ စောင့်ကြည့်ပေတော့
အာဏာဟာ လက်နက်ကို အားကိုးတယ်
ပညာက အမှန်တရားကို အားကိုးတယ်

ရန်ကုန်ရေ ...
သတိအားလုံးကို သတိထားဖို့
ခံယုတ်အားလုံးကို ဖွင့်ထားလိုက်ပေတော့
တို့မှာ
ခေတ်မမီတဲ့ ပညာရေးကို မလိုလားတဲ့ အမှန်တရားတွေ
ခေတ်အဆက်ဆက် အလိမ်ခံရတဲ့ အမှန်တရားတွေ
အမှန်တရားမရရင် ပြန်မသွားကြဘူးဆိုတဲ့ အမှန်တရားတွေအတွက်
မင်းလက်နဲ့ တံတားထိုးပြီး ကြိုဆိုလိုက်ပေတော့
ဂုဏ်ယူစွာ ကြိုဆိုလိုက်ပေတော့

ရန်ကုန်ရယ် ...
မင်းမှာလည်း သံဇလုံထဲက ဆီးဖြူသီးတွေလို
အလူးလူး အလိမ့်လိမ့် အဖူးအဖူး အပိမ့်ပိမ့်
ဒဏ်ရာတွေရနေတယ် ဆိုပေမဲ့လည်း
ကိုယ့်ဒဏ်ရာ ကိုယ်ပွေ့လို့ ကြိုဆိုလိုက်ပေတော့

ရန်ကုန်ဟာ အမှန်တရားရဲ့ အောင်မြေပဲ

ရန်ကုန်ရေ ...
အရှူးကို မီးပိုင်းသလို
ကျွန်းကို ရေပိုင်းသလို
မင်းကို အမှန်တရားက ပိုင်းထားပြီ



သတိအားလုံးကို အားလုံး သတိထားပြီး
ရဲရင့်စွာ ကြိုဆိုလိုက်ပေတော့

မြတ်နိုးဖွယ်ရာ အမှန်တရားတွေကို လှိုက်လှဲစွာ ကြိုဆိုလိုက်ပေတော့။

၁၃ ၂ ၂၀၁၅။



www.burmeseclassic.com

www.burmeseclassic.com

## နိမိတ်

ကိုလေး(အင်းဝဂုဏ်ရည်)

ရာသီဓလေ့
ရှုလျှံငွေ့ကြောင့်
လေငွေ့ညှောင်းရှက်
မြေသို့ သက်၍
ခတ်လက်အပေါင်း
အသစ်ပြောင်းပြီ
ထို့ ဘောင်းသိတ်မည့် နိမိတ်လော။

## [illegible]ရာသီမှာ နဝင်းမပြတ်တဲ့ နှစ်ကာလများ

ကိုသန်းထွန်း

ခင်ဗျားနဲ့ ကျုပ်က တစ်အူတုံမဆင်းကြပေမဲ့
ခင်ဗျားကဗျာနဲ့ ကျုပ်ကဗျာတွေက
ခေါင်းနှင်းဆင်း

[illegible]လေးက ညှစ်ထုတ်ပြတဲ့ ကြွက်သားအထစ်အရစ်မှာ
ခင်ဗျားဟာ ဖျစ်ဖျစ်မြည်တဲ့ အကြောတစ်ချောင်းပဲ
[illegible]မျက်နှာပြင် လှိုင်းကြက်ခွပ်မှာ
ခင်ဗျားဟာ ရှုမောဖွယ် တာပလာကွက်တစ်ခုပဲ
ဒါတို ကျုပ်သိရဲ့
ဒါပေမဲ့ ခင်ဗျားက ကိုယ့်ကိုယ်ကိုယ်မှ အနိုင်နိုင်ရယ်

(အူး မပြောပါနဲ့၊ ပေါင် မပြောပါနဲ့)
ခင်ဗျားကဗျာတွေက
ခုထိ တက်ထောင်မောင်းနှင်း
ခင်ဗျားတို့အခြေအနေက ဦးနှင်းပဲ့ထောင်
ခင်ဗျားက ပြောတော့ တောင်ပြို ကမ်းပြို
တို့မှာဖြင့် မိုးပြိုတော့မယ်
ခင်ဗျားသီချင်းတွေက လက်ရေတစ်ပြင်တည်း
အခြေအနေက
အရာရာ ယိုကျတော့မယ့် လက်ကျဲကြီး
ခင်ဗျားတို့ ဟန်ပန်တွေက ပန်းသုံးတိုင် ရာဇမတ်နဲ့
[illegible]လေးက ရာဇရုပ် ပျောက်နေပြီ
ခင်ဗျားတို့ကတော့
နုတ်ပင့်တဲ့ ဆိုင်းချက်နဲ့
အခြေအနေက နုတ်လွှင့်တဲ့ မိန်းမပျက်
ခင်ဗျားကသာ 'ရွှေဦး'နေ
ခေါင်းပေါ်မှာ ရှုပ်ကြယ်ဟာ မိုတ်တုတ်မိုတ်တုတ်
အဲဒါ မှန်တိုင်း
မှန်တိုင်းဟာ လက်တစ်ကမ်းမှာ





www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားက ဗွေ့လေးလား
ထထယ်ဆို အင်းဝထိ ဆုတ်ခံပါတော့လား
ဒါလည်း ရမယ့်လူမဟုတ်ဘူး
ဒါကြောင့် ခင်ဗျား ကျဆုံးရတာပဲ

မိဝင်း မစောမြ မခင်မိတို့ကို ချစ်သလိုမျိုး
၈၄ လမ်းမကြီးကိုလည်း ချစ်ရဲ့
ဒါကြောင့် ခင်ဗျား ကျဆုံးရတာပဲ

ဗွေ့လေးအရှေ့ကနေ တိုက်မယ်
ဗွေ့လေးအတွင်းကနေ တိုက်မယ်
ဗွေ့လေးအနောက်ကနေ တိုက်မယ်
ခံစစ်သဘောတရားတွေနဲ့
ဒါကြောင့် ခင်ဗျားကျဆုံးရတာပဲ

ကျွန်တော်သိသလောက်
ကဗျာဆရာဆိုတာ
အများတကာထက် ခေါင်းတစ်လုံး ပိုမြင့်တယ်
ကျွန်တော်သိသလောက်
အဲဒီထိုးထွက်နေတဲ့ ခေါင်းကိုပဲ တခွမ်းခွမ်း ရိုက်ခွဲခံနေကြရတယ်

အမှန်တရား
ပြီးတော့ ခင်ဗျား
တတိယမြောက် ကျဆုံးမယ့်သူဟာ ကျွန်တော်ပါ

ရင်ချင်းမအပ်ဖြစ်ခဲ့ကြဘူးဆိုရင်တောင်
ကျောချင်းတော့ ကပ်သင့်ရဲ့မဟုတ်လား
ကျွန်တော် မုံရွာက ဆုတ်ဖြစ်ခဲ့ရင်
ခင်ဗျားနဲ့ ကျွန်တော် စစ်ကိုင်းမှာဆုံမယ်
ကိုပိုင်စိုးဝေ ...။



အထီးကျန်အော်ပရာ ၁၅
ကိုသျှား

ချစ်ခြင်းမေတ္တာကို အသံကုန်အော်ခဲ့တဲ့ လည်ချောင်းဟာ
မီးကျိုးခဲကို ငုံမိပြီ
ယုံကြည်ချက်အတိုင်း ပွင့်လာတဲ့လမ်းလည်း လူခြေတိတ်လို့
အိမ်မြှောင်တစ်ကောင်ရဲ့ စုတ်ထိုးသံမှာ အတိတ်နိမိတ်ဟာ
ကိုယ့်သွေးပျက်မှုလား
ချောက်ချားနေတဲ့ သွေးနဲ့ လေလွင့်နေတဲ့ မြေအောင်းကြွက်ဟာ
ဟင်းစဟင်းနတွေအပေါ် သူ့ဘဝကို ပုံအောလောင်းနေတယ်
အချိန်တိုင်း သေရေးရှင်ရေးချည်းပဲ
နေ့တိုင်း အသက်နဲ့ရင်းရတာချည်းပဲ
သားတစ်လို ထိုးသုတ်မခံရဖို့ သိန်းငှက်လို တွေးခေါ်ကြည့်မိတယ်
ဘုရားနဲ့ တရားနဲ့နေလို့ မပူပင်တာလားဆိုတော့လည်း မဟုတ်ဘူး
ယောနဲ့ သားနဲ့ကောင်မို့ ပူပင်နေရလားဆိုတော့လည်း မဟုတ်ပြန်ဘူး
ယုတ္တိဗေဒနဲ့ ကင်းလွတ်တယ်
ထူ့အဖြစ်နဲ့ မိုင်ပေါင်း နှစ်ဆယ့်လေးနှစ်စာ လွတ်ကင်းလာတယ်
အမာရွတ်တစ်ခုကို လူမမြင်အောင် နောက်ဒဏ်ရာတစ်ခုနဲ့ ဖုံးထားတယ်
လူသူဆိတ်သုဉ်းရာ ဘူတာပျက်ပဲ
မြန်ထူးသူမရှိတဲ့ ညနက်နက်တွေပဲ
အဲဒါ တစ်ယောက်တည်း ဖြစ်နေတာ
အဲဒါ တစ်ယောက်တည်း ဖြစ်နေတာ
ခေါင်းပေါ် ပန်းသီးတင်ထားတဲ့လူက
လက်ထဲ ဓားကိုင်ထားတဲ့လူကို ကြည့်နေတယ်
လက်ထဲ ဓားကိုင်ထားတဲ့လူက
ခေါင်းပေါ် ပန်းသီးတင်ထားတဲ့လူကို ကြည့်နေတယ်
အဲဒါ လူတွေရဲ့အဓိပ္ပာယ်
အဲဒါပဲ ကမ္ဘာနဲ့ ငါ့ရဲ့အချိတ်အဆက်
ဒါက ပန်းသီး ငါက ဓား
ဓားကို ငါပေါက်မှာ ငါက ဓားပေါက်ခံမှာ
ဆွေးဝေစွာ မှောက်မှားစွာ ...။



www.burmeseclassic.com

www.burmeseclassic.com

**ကျွန်တော်တို့ကို မမုန်းပါနဲ့လား**

ကိုဟိန်း

ပြည်တွင်း၊ ပြည်ပ ရန်တွေ တွန်းလှန်ဖို့အတွက်
တစ်တောင်ကျော် တစ်တောင်ဆင်းနဲ့
တောထဲမှာ အချိန်များစွာ
တိုက်ပွဲအထပ်ထပ် နွှဲနေရတဲ့
ကျွန်တော်တို့ အိပ်ရေးမဝက်တော့ပါဘူး
'တက်' ...'ပစ်' ...'ဝပ်' ဆိုတဲ့ အချက်ပေးသံဟာ
မနက်ဖြန်တွေအတွက် ရောင်နီပျိုးလိုက်ခြင်းပဲ
ဝိညာဉ်နဲ့ခန္ဓာ တည်သရွေ့ တာဝန်ကျေပွန်ကြမယ်လို့
အားသစ်တွေ မွေးထားကြတယ်
ပကာသန အပြင်အဆင်ကင်းတဲ့ ရှာပနအခမ်းအနားတွေမှာ
သူငယ်ချင်းအချို့အတွက် မျက်ရည်တွေနဲ့ မြေမှုပ်ပေးနေရတယ်
ခဏခဏ ဖတ်နေရလို့ အမိန့်စာပြန်တာတောင် အလွတ်ရနေပြီ
ကိုယ့်အလှည့်က
အခုလား မနက်ဖြန်လား သန်ဘက်ခါလား
ဘယ်တော့လဲ
လူဆိုတာ သေမျိုးမဟုတ်လား
ဘုမသိ ဘမသိနဲ့ ထိုင်ခုံမှာ အိပ်ငိုက်နေရတာထက်
ကိုယ့်ရေမြေကို ကာကွယ်ရင်း တိုက်ပွဲမှာ အသက်စွန့်ရခြင်းကို
ကျွန်တော်တို့ ပိုမက်မောတယ်
ကံကောင်းလို့ အသက်မသေခဲ့ရင် ...
စစ်ဝတ်စုံ အနွမ်းလေးနဲ့ စာအုပ်လိုက်ရောင်းတဲ့အခါ
ကျွန်တော်တို့ စစ်သားတွေကို စိတ်မကွက်ပါနဲ့
ကျွန်တော်တို့ကို မမုန်းပါနဲ့
နတ်မောက်လည်း မသွားလိုက်ရဘူး
ပဲပြုတ်နဲ့ နံပြားလည်း မစားလိုက်ရဘူး
တိုက်ပွဲထဲက မိုင်းခွဲသံတွေဟာ
ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့်အတွက် အလေးပြုသလိုဖြစ်သွား
စည်သွပ်ဘူးအစား လက်နက်တွေ ပိုသယ်သွား
အဲဒီလို လေ့တွေကြားက



ကျွန်တော်တို့ကို အပြစ်မဖို့ပါနဲ့လား
ကျွန်တော်တို့ကို မမုန်းပါနဲ့
အပြန်လမ်းကို မျှော်နေမယ့် အိမ်ထောင်စုဝင်ထဲမှာ
ခင်လည်းပါလို့ မောနေရောပေါ့
စစ်မထွက်ခင် ...
ခင့် မျက်ရည်စတွေကို သုတ်ပေးခဲ့တဲ့ ပဝါပါးလေးက
သွေးမတိတ်နိုင်တဲ့
ရဲဘော်တွေရဲ့ ဒဏ်ရာတွေပေါ် ရောက်သွားရတာတော့
မောင့်ကို ခွင့်လွှတ်ပါ
မောင့်ကို မမုန်းပါနဲ့
ရှေ့တန်းက ပြန်ရောက်ရင် ...
အမေတို့ဆီ အလည်သွားဖို့ ကတိပေးထားမိတယ်
ဒီတစ်ခါ တိုက်ပွဲမှာ ... ကျည်ဆန်တွေပေါတာ
အမေ့လုံချည်အနားစလေး မယူခဲ့မိလို့များလား ... အမေရယ်
ရှေ့တန်းမထွက်ခင်
အမေ့ကို ဦးမတင်နိုင်တဲ့
ကျွန်တော့်ကို နားလည်ပေးပါ
ကျွန်တော့်ကို မမုန်းပါနဲ့
ကျည်ဆန်ခွံတွေနဲ့ တိုင်းပြည် တိုးတက်စေချင်တဲ့သူ
ထမင်းငွေ့တွေနဲ့ နိုင်ငံကို အလှဆင်ချင်တဲ့သူဆိုတာ
ဆင်ဦးတစ်ပါဒမျှ မရှိပါဘူး
ငြိမ်းချမ်းဖို့သာ မျှော်ကိုးနေတာပါ
ပြည်သူတွေအတွက် သေနတ်ကိုင်နေရတဲ့
ကျွန်တော်တို့ကို မမုန်းပါနဲ့
ပြည်သူနဲ့ တိုင်းပြည်ကို ချစ်တဲ့
ကျွန်တော်တို့ကို ပြန်မချစ်ရင် နေပါ
ထင်ခတော်ကို ကုပ်ခွစီးသွားတဲ့ လူတစ်စုနဲ့ ရောသမပြီး မကြည့်ပါနဲ့လား
အထက်ကကျွေးတဲ့ ထမင်းအတွက်
အမိန့်ကို မဖီဆန်ရဲတဲ့
ကျွန်တော်တို့ စစ်သားတွေကို
ကျေးကျွန်ပြုပြီး ... မမုန်းပါနဲ့လားဗျာ။

www.burmeseclassic.com

**အနှပြုတိုက်**
ကိုအင်းဝ

သေနတ်တစ်လက် ရောက်လာကတည်းက
ပစ်ချင်ခတ်ချင်စိတ် စတင်ခဲ့တယ်
(အမည်မသိ ပင်လယ်ဓားပြ)
ဓားတစ်လက် လက်ထဲရောက်လာကတည်းက
ခုတ်ချင်ထစ်ချင်စိတ် စတင်ခဲ့တယ်
(အမည်မသိ သားသတ်သမား)
ဖဲထုပ်တစ်ထုပ် ကောက်ရကတည်းက
လောင်းကစားရုံမှာ ကမ္ဘာတည်ခဲ့တယ်
(အမည်မသိ လောင်းကစားဝိဇ္ဇာ)
လုပ်ခွင့်အာဏာ ရလာကတည်းက
အကောင်းဆုံး ဖော်ဆောင်ရင်းနဲ့
အဆိုးတွေသာ ကြုံလာခဲ့တယ်
(အမည်အသိ အစိုးရ)
မသိခြင်း နွံအိုင်ထဲ
သိခြင်းတွေ လည်စင်းခဲ့သလို
သက်မဲ့တွေက သက်ရှိတွေကို အနိုင်ယူနေတော့
အမှောင်တွေ ... အမှောင်တွေ
မိုက်မာတ်တွေ ... မိုက်မာတ်တွေ
စစ်ပွဲတွေ .... စစ်ပွဲတွေ ...
... ... ... ... ... ...
... ... ... ... ... ...။

**ကိုယ်ဝန်ဆောင်**
ကိုအိမ့်

အနေနေ့ အလလ
ခံစားရသမျှ
ဝဋ်ဒုက္ခတွေကို
တစ်နေ့ကျ
မွေး
ထုတ်
ပစ်
မယ်။



www.burmeseclassic.com

www.burmeseclassic.com

## နှင်းဆီရနံ့တွေ ရပြီလား

ကောက်နွယ်ကနောင်

ယုံကြည်ရဲရင့် ကျစ်ကျစ်ဆုပ် လက်သီးလက်မောင်းတွေ
အက်ကွဲနာကျင် တောင်းဆိုသံတွေ ဖူးယောင်ပေါက်ပြဲ ခြေထောက်တွေ
လမ်းမကြီးဘေးက ငိုနေတဲ့သစ်ပင်တွေ မွဲခြောက်ခြောက် လယ်ကွင်းတွေ
မျက်ရည်ဝဲနေတဲ့ အမေတွေ ကျေးလက်ဒေသ မြို့ပြတွေဖြတ်ကျော်
လွတ်လပ်စွာ ပညာသင်ကြားခွင့် ၁၁ ချက်ကို တောင်းတယ်
အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေး
တစ်မျိုးသားလုံး ပညာရေးဆိုင်ရာသပိတ်
ရောဝတီစစ်ကြောင်း မန္တလေးစစ်ကြောင်း
ထားဝယ်စစ်ကြောင်း စစ်ကြောင်းကြီးတွေ အရှိန်မြှင့် ချီတက်လာ
သီချင်းဆို အပန်းဖြေ လမ်းလျှောက်တာမျိုးမဟုတ်
ရေတိမ်ချောင်းကို ဖြတ်ကျော်ခြင်းမဟုတ်
ရေစီးသန်တယ် လှိုင်းကြမ်းတယ်
ကောက်ကျစ်တယ် လှည့်စားတယ် မာယာပရိယာယ်များတယ်
မြှုပ်ဝဲ စုပ်ဝဲတွေ ရှိတယ်
လှိုင်းပုတ်သေနတ်သံကြောင့် ဖျိုင်းလန့်ပျံတဲ့ ကျောင်းသားတွေမဟုတ်ဘူး
ဆူပူအဓိကရုဏ်းနဲ့ ဖိအားပေး အကြမ်းဖက်မယ်
ခေတ်အဆက်ဆက် ပူးသတ်တာတွေ ကြက်ခြေခတ်
ရော်ဘာကျည်ဆန်တွေ ပလူပျံပါစေ
နံပါတ်တုတ်ဖြို့ခွဲ သွေးစွန်းနီရဲ ဦးခေါင်းတွေ ဦးမညွတ်
အပ်တိုတစ်ချောင်းမှ မပါ လက်နက်မဲ့ ပညာရေးတိုက်ပွဲ
စစ်ပွဲလို အခင်းအကျင်း ငါတို့ မူစရာမလို
တိုင်းပြည်အတွက် ငါတို့ မွေးဖွားခဲ့ကြ
ယုံကြည်ချက်အတွက် အသက်စွန့်တိုက်တယ်
မြင့်မြတ်သူရဲကောင်းစိတ် သရဏဂုံတင်ပြီးသား
အသေအပျောက် ရှိမယ်၊ အကျအရှုံး ရှိမယ်
ငါတို့ နဖူးစည်း ငါတို့ လက်မောင်းက ခွပ်ဒေါင်း
အသွေးအသားထဲအထိ ထိုးစိုက်မြှုပ်နှံထားတယ်
ကမ္ဘာမြေကြီးက တုန်ဟည်းပဲ့တင် ဂုဏ်ပြုတယ်
ကျောင်းသားသွေးနဲ့ရေးတဲ့ ခွပ်ဒေါင်းအောင်လံ



ကောင်းကင်ကြီးတစ်ခုလုံး အနီရောင်လွှမ်းခြုံသွားပြီ
စုတ်ပြတ်သတ်နေတဲ့ ဟောဒီ ဗမာပြည်ကြီးကို ရွှေ့မလို့
သံတွေ ပူတုန်းထုမှ ဓားကောင်းရမယ်
နှင်းဆီဖူးတဲ့ ဆူးတွေ ခူးရဲလား
အခုမှ တစ်တိုင်းပြည်လုံး
နှင်းဆီရနံ့တွေ သင်းပျံ့မြဲ သင်းပျံ့။



www.burmeseclassic.com

www.burmeseclassic.com

**သင်ဆရာများကျောင်းနေရာ၌**

**ကိုယ်ချွတ်ကော်ကြားခဲ့သော မကြောက်တရား**

ကောင်းကင်ပြာ

ရဲဘော်တို့ ...
အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး
မကြောက်ကြနဲ့
အနီးကပ်ဆုံးရန်သူကို ရှာတိုက်ကြ
မကြောက်ကြနဲ့၊ မကြောက်ကြပါနဲ့
ခင်ဗျားတို့ မြေကြီးတွေ၊ ခင်ဗျားတို့ မြစ်ကြီးတွေ
ခင်ဗျားတို့ သစ်တောကြီးတွေ၊ ကြေးနီတောင်တန်းကြီးတွေနဲ့
ခင်ဗျားတို့မြေအောက်က
ခင်ဗျားတို့ရဲ့ ကျောက်ငွေသိုက်နှုန်းကြီးတွေက အစပေါ့
သူတော်တွေ ယူလို့ ကုန်တော့မယ်
ကာကွယ်ကြ
မကြောက်ကြပါနဲ့၊ မကြောက်ကြပါနဲ့
အဲဒါ အခြေခံဥပဒေပဲ
ပြည်ပကပဲဖြစ်ဖြစ်
ပြည်တွင်းက သစ္စာဖောက်တွေပဲဖြစ်ဖြစ်
လစ်ရင် လစ်သလို ယူနေတာကတစ်မျိုး
မျက်နှာပြောင်တိုက် လက်ဆုံးနှိုက်နေတာက တစ်မျိုးနဲ့
ဒီစောရသူခိုး အကြီးစားတွေဟာ
ဘနဖူး သိုက်တူးနေကြသူတွေပဲ
ဒီလူတွေကို တိုက်ထုတ်ပစ်ရမယ်၊ တိုက်ဖျက်ပစ်ရမယ်
မကြောက်ကြနဲ့၊ မကြောက်ကြပါနဲ့
ဟိုလူမြင်တဲ့အခါ မျက်နှာချိုသွေးရ
ဒီလူမြင်တဲ့အခါ မျက်နှာချိုသွေးရ
ဖာသည်လိုနိုင်ငံ ဖြစ်မယ့်အရေးက ဖောက်ထွက်ကြ
မကြောက်ကြနဲ့၊ မကြောက်ကြပါနဲ့
နိုင်ငံရေးလုပ်တယ်ဆိုတာ မြက်ပင်စိုက်ဖို့ မဟုတ်ဘူး
ဒီမိုကရေစီသစ်ပင်ကြီး စိုက်ဖို့ဖြစ်တယ်



ဒီမိုကရေစီဝါဒ အရသာ
လွတ်လပ်တဲ့ မြန်မာနိုင်ငံကို ထူထောင်နိုင်အောင် ကြိုးစားရမယ်
မတရားတဲ့ အစိုးရမှန်သမျှ တိုက်ဖျက်ကြ
ကောက်ကျစ်တဲ့ အစိုးရမှန်သမျှ တိုက်ထုတ်ကြ
မကြောက်ကြနဲ့၊ မကြောက်ကြပါနဲ့
စစ်သမားတွေ ထမင်းတစ်နပ် လွှဲ့စားပါလို့လည်း
သွေးရူးကန်းစကားတွေ မပြောနဲ့
မကြောက်ကြပါနဲ့
ကိုယ့်နောက်လိုက် ပြည်သူကို ထမင်းဝအောင် မကျွေးနိုင်ရင်
အဲဒီအစိုးရဟာ အလကားပဲ
တိုက်ထုတ်ပစ်ရမယ်၊ ဖြုတ်ချပစ်ရမယ်
မကြောက်ကြနဲ့၊ မကြောက်ကြပါနဲ့
ရဲဘော်တို့ ...
အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး
အနီးကပ်ဆုံးရန်သူကို ရှာတိုက်ကြ
နိုင်သူတချို့ဟာ ခေါင်းဆောင်တွေယောင်ဆောင်နေကြတယ်
ရှုပ်ထွေးတဲ့ နိုင်ငံရေးထဲ
ဝင်ရောက်ရောယှက် နှောင့်ယှက်နေကြတယ်
တိုက်ထုတ်ပစ်ကြ
တိုက်ဖျက်ပစ်ကြ
ဖောက်ဖျက်ပစ်ကြ
မကြောက်ကြနဲ့၊ မကြောက်ကြပါနဲ့
ချောင်းတို့ဟာ မြစ်ကျိုးအင်းမဟုတ်ဘူး
အတားအဆီးမြင်ရင် တိုက်ထုတ်ပစ်မယ့်
ရှင်သန်နေဆဲ မြစ်တစ်စင်းဖြစ်တယ်
မကြောက်ကြနဲ့၊ မကြောက်ကြပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ငြိမ်းချမ်းရေးမြို့တော်

ကောင်းမြတ်ဝင်း(ဖြူး)

မြို့ရဲ့အချက်အခြာ ဗဟိုလမ်းမမှာ
ဗိုလ်ချုပ်ကြေးရုပ် မရှိတဲ့မြို့
သွေးစွန်းခဲ့တဲ့ ရင်ပြင်နီမှာ
ပြည်သူ့ဟစ်တိုင် မရှိတဲ့မြို့

လယ်မြေဟောင်း ယာမြေဟောင်းတွေမှာ
အုတ်တွေ ဖုတ်ဖုတ်ပြီး
တွင်းဟောင်းလောင်းကြီးတွေ ပွလန်နေတဲ့မြို့

လူမရှိတဲ့ ကားမှတ်တိုင်တွေနဲ့
ကားမရှိတဲ့ မီးပွိုင့်တွေကြား
ပြတ်ကူးသူမဲ့ မျဉ်းကြားတွေ
တောထနေတဲ့မြို့

အဲဒီမြို့ပေါ့
ရာဇဝင်ထဲကလို
ပုဂံငှက်ကြီးထံ
အပို့ကညာတွေ ဆက်သနေရတုန်း။

## ချစ်လှစွာသော စစ်မျက်နှာများ

ကျော်ကိုကို

ခြေလှမ်းတစ်ဝက်တောင်မရွေ့ဘဲ
ငါ့အိပ်မက်ထဲ
မင်းနဲ့ပဲပြည့်နှက်နေတာ
ဆန်းတယ်

မျက်ရည်ဆိုတာ
နှလုံးခုန်သံရဲ့ လုပ်အားခပဲ
အချစ်ကတော့ ဆိုးဝါးရက်စက်လွန်းတဲ့ အလုပ်ရှင်
သင်းကို တော်လှန်ဖြိုချဖို့
တို့နှစ်ယောက်တည်း တိုက်ပွဲဝင်နေရတာ
မောလှပြီ

မျက်နှာမြင် ချစ်ခင်ပါရစေ
ဆုမတောင်းနဲ့ ကောင်မလေးရေ
အသံကြား သနားစရာကောင်းနေတဲ့
မင်းရဲ့ဖုန်းလို ဘက္ထရီအားမနည်းစေနဲ့ကွယ်

မီးလုံးနီနီတွေ ချိတ်ဆွဲ
တို့ရှင်ထဲမှာ
နှစ်သစ်ကူးပွဲမတိုင်ခင်
နဂါးတွေလည်း ကခုန်မြူးနေပြီ

ရွှေဆိုက
ရှိန်ဖုံဖုံ
မီးနှင်းချောင်းအစမှာ
ဘုံဘဝအတွက်
ပါတီပွဲပေးဆပ်ဖို့ အဆင်သင့်ပြင်ထားကြ
ချစ်သူရေ ...။
၂၁ ၂ ၂၀၁၅။





www.burmeseclassic.com

www.burmeseclassic.com

## ဒီလိုလက်ခုပ်သံတွေသာ ရှေ့နောက်ဝဲယာမှာ

ကျော်စိုးလူ

သဘောရိုးရိုးဆိုပေမဲ့
(အလိုတူ/အလိုပါ)
ဆွဲဆန့်ထားခဲ့တဲ့ နာရီသေတွေပေါ်
လေ့နံစားထစ် အခင်းအကျင်းတွေက
ပဏ္ဍုပွန်ကို ပိုပြီး အရှက်ရစေတယ်။

ဒီဆိုင်းဘုတ်တစ်ခုအောက်မှာ
နိုင်ငံသဘောတူ ယုံကြည်မှုတွေဟာ
အားလုံးကို ကိုယ်စားပြု/မပြုဆိုတာ
စက္ကူကုတ်တစ်ခုလို လွှင့်ပစ်လိုက်ရမယ့်အတူ မဟုတ်ဘူး
လွှင့်ထားပြီယ်လု ဒီနှုတ်ကတိတွေက
ချိုးဖြတ်မှုမရှိရင် မျိုးဆက်တစ်ခုနဲ့တစ်ခုဟာ
၃ နဲ့ ၄ လိုပဲ။

သိမ်မွေ့တဲ့ ပုံပြင်သစ်တွေနဲ့
ဒီဘက်မှာ အကွက်ကျကျ မဟုတ်ဘူးဆိုရင်
ငါတို့ပခုံးပေါ်က ယုံကြည်မှုတွေကို
ဒီအရွေ့မှာ ထပ်မံကြေကွဲရဦးမယ်ဆိုရင်
(စာနာပါလို့ ...)
ဖျတ်ခနဲ လှမ်းကြည့်လိုက်တိုင်း
အခွံရဲ့ အရိပ်မှာ သာယာနေသော
လက်ခုပ်သံတွေသာ ရှေ့နောက်ဝဲယာမှာ
ညည်းဝါးတကျနဲ့။



## အသုတလော ချပါတီတွေ ငါ စားချင်တယ်

ကျော်ညိုသွေး

အသုတလော ချပါတီတွေ ငါစားချင်တယ်။
ချပါတီတွေ။ အာလူးဟင်းနဲ့ တွဲဖက်စားသောက်ရတဲ့ ချပါတီတွေ
ချပါတီ စားချင်စိတ်ဟာ အာကာသကို တက်ကပ်နေတယ်။

တော်သလင်း ခွေးထီးဟာ ခွေးမနောက်ကို
နော်စွယ်အသွယ်သွယ်ကြား လိုက်ကပ်နေသလို
ငါ့ရဲ့ ချပါတီစားချင်စိတ်ဟာ မီးပုံးပျံတွေလို
မှိုင်းပြီး ဖောင်းကားပြည့်တင်းနေတယ်။

ငါ့ရဲ့ လိင်စိတ်ထက်
ငါ့ရဲ့ ချပါတီအပေါ်ထားတဲ့ စားချင်စိတ်ဟာ ပိုပြင်းတယ်။
မိုးခေါင်ရေရှား တော်မွတ်ဒေသက ပိန်ချုံးချည့်နဲ့ လူမည်းကာ တစ်ဦး
ငှက်ကလေး တစ်ပွက်ကို လိုက်ရှာနေတဲ့ မောဟမျိုးနဲ့
ချပါတီကို ငါ တပ်မက်နေခဲ့။

အုတ်နံ့ရံအလွှတ်တွေပေါ် ချပါတီဆိုတဲ့ စာလုံးကို
ရေပ်ဖစ်တီ ရေးမယ်။
ငါ့လာစာအုပ်တွေထဲ ချပါတီကို ပုံဆွဲနေခဲ့။

ချပါတီလေ။ ချပါတီ
ငါ့ချပါတီတွေ ထူထူထဲထဲ ဂျုံကြမ်းတွေနဲ့ လုပ်ထားတဲ့ ချပါတီ
ရာနှုန်းပြည့် Germ တွေ မပျက်စီးဘဲ ကြိတ်ခွဲထားတဲ့
အသားဓာတ်၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်တွေ ကိန်းအောင်းနေတဲ့
ဂျုံနဲ့ ပြုလုပ်ထားတဲ့ ချပါတီ။
အာလူးဟင်း ပူပူနွေးနွေးနဲ့ ကမ္ဘာကြီးပေါ်က
စားသောက်ဖွယ် စားပွဲတွေထက်က ချပါတီချပ်များ။

ဒီကမ္ဘာပေါ်မှာ လိုအပ်နေတာ ငြိမ်းချမ်းရေး
ဒီကမ္ဘာပေါ်မှာ လိုအပ်နေတာ ကိုယ်ချင်းစာတရား



www.burmeseclassic.com

www.burmeseclassic.com

ဒီကမ္ဘာပေါ်မှာ လိုအပ်နေတာ ပပျောက်သွားမယ့် အစွန်းရောက်တရား
ဒီကမ္ဘာပေါ်မှာ လိုအပ်နေတာ တိရစ္ဆာန်တွေအပေါ် ချစ်ခြင်းတရား
ဒီကမ္ဘာပေါ်မှာ လိုအပ်နေတာ လတ်ဆတ်တဲ့လေထု
ဒီကမ္ဘာပေါ်မှာ လိုအပ်နေတာ အဆိပ်သင့် ပင်လယ်တွေကို ကုစားဖို့
ဒီကမ္ဘာပေါ်မှာ လိုအပ်နေတာ စိမ်းလန်းတဲ့ ပင်စည်တွေ

ဂျုံတွေကို ဖြူဖွေးသွားအောင် မလုပ်ပါနဲ့
Germ တွေကို ချန်ထားပါ။
ဖြူဖွေးနေတဲ့ ဂျုံဖြူတွေ စားတဲ့အခါ
အာဟာရတန်ဖိုး ထပ်ပေါင်းဖြည့်စွက်ပါ။

ချယ်ရီတိုရှဲ
တယ်လီဖုန်းတွေကြား သယောင်တဲ့ ဂျုံတွေကို
ပြုံးလိုက်ကြ

အကောင်းတွေချည်းရဖို့ ဆန်ကနေ ဂျုံပြောင်းစားဖို့လည်း မလို
ငါတို့ တရားကို သစ်ရွက်တွေဆီမှာ ရှာမယ်
ချပါတီ နည်းနည်းကျွေးပါ။
အာလူးဟင်း နည်းနည်းပေးပါ။
ကမ္ဘာကြီးဆီကို ငြိမ်းချမ်းရေးတရားတွေ သယ်ဆောင်လာပါ။
အာလူးဟင်းမွှေးမွှေးလေး
ချပါတီက ဆားခပ်လေးလေး။
ကမ္ဘာကြီးပေါ်က ကလေးတစ်ယောက်ကို ချပါတီကျွေးလိုက်ပါ။



စွမ်းဘေး
ကြည်စိုးဦး

တစ်ယောက်က တစ်ယောက်ကို မှီတွယ်
တစ်ယောက်ကို တစ်ယောက် ဖေးမ
အနာဂတ်ရဲ့ အိပ်မက်တွေ ထုဆစ်
ချစ်ခြင်းအစစ်တွေနဲ့ တည်ဆောက်ခဲ့ကြ။
ပျော်ရွှင်ခြင်း ပကတိအရှိတရားတွေနဲ့
စိမ်းလန်းတောင်တန်းတွေမှာ
ချစ်ခြင်းဖွဲ့တေးသီကျူး
ကြည်နူးခဲ့နေ့ရက်တွေ။
ထေိခဲ့ရတဲ့ နောက်ကျောက ဓားတစ်ချောင်း
ငါကြမ္မာ အလှည့်အပြောင်းမှာ
ချစ်သူရယ် . . . ။
တစ်စုံတစ်ယောက်က ချစ်ခြင်း မုန်းခြင်း
ပျော်ရွှင်ခြင်း . . .
အတိတ်တွေ အနာဂတ်တွေကို
ဥပေက္ခာပြုလို့ . . .
တစ်စုံတစ်ယောက်ကတော့ ကြေကွဲခြင်း
အပိုင်းအစနဲ့ နာကျင်ခြင်းတွေကို
ဒေး မော ဆို့ နှင့်
နှုတ်ဖျားမှာ သံဝေဂတရားတွေ တစ်ပိုင်းတစ်စ။
ဘယ်သောအခါမှ ပြန်မလာဘူးတဲ့လား
တတိယကားမဟုတ် အသိတရားတွေ
ဝေဝါးမေ့လျော့
နေခဲ့တော့လေ ဘယ်သောအခါမှ
ပြန်မရနိုင်တော့ပြီပဲ။
တောင်းကင်ပေါ်ကို မီးခိုးငွေ့တန်းတွေ
တရွေ့ရွေ့ . . . မျောလွင့်နေပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## လေယာဉ်ပျံရဲ့ အရသာ

ကြည်ဇော်အေး

လေယာဉ်ပျံသံကြားရင် ငါပျော်တယ်
နေ့စဉ်နေ့စဉ် ငါ့ဦးခေါင်းပေါ်ကနေ လူတွေ ပျံသွားကြတာပါလားလို့
တွေးပြီး ပျော်နေတယ်

လေယာဉ်ပျံကတော့ လူတွေကိုကြည့်ပြီး သူဟာ
အကြမ်းဖက်သမားတစ်ဦးမဟုတ်ကြောင်း ပြောပြနေမယ်

ဒါလည်း ငါ့ဦးခေါင်းပေါ်က နေ့စဉ်ပျံသွားကြတဲ့
လူတွေရဲ့ သတ္တုအပိုင်းအစတွေကို ဆက်စပ်ပုံဖော်ကြည့်နေမယ်

တွေးပြီး ပျော်နေမယ်။



## [illegible]ကလေးထဲ

ကြည်တင့်

ကိုယ်ဟာ တစ်ပတ်ပြီးတစ်ပတ်
[illegible]ထဲကို ဓားတစ်ချောင်း တိုးဝင်လာသလိုမျိုး
[illegible] ရထားပေါ်မှာ၊ ကားပေါ်မှာ ကိုယ်ဟာ တစ်ယောက်တည်းပဲ
မိတ်ဆွေတွေကြားထဲ၊ မိသားစုကြားထဲ ကိုယ်ဟာ တစ်ယောက်တည်းပဲ
[illegible]တာ နှစ်ခုကွဲမသွားဘူး၊ နှစ်ယောက်ဖြစ်မလာဘူး
[illegible]နေကျ မျက်နှာတွေ၊ ကြားနေကျ အသံတွေထဲလည်း
ကိုယ်ဟာ တစ်ယောက်တည်းပဲ။
[illegible]အကျွမ်းမရှိတဲ့ အရပ်ဆီ ပြေးထွက်သွားရမလား
ကိုယ် မပျော်ဘူးလေ တစ်ယောက်တည်းပဲ
[illegible]လမ်းမပေါ် ပြေးထွက် လိမ့်လိုက်ရမလား
[illegible]ရာလမ်းအတိုင်း တရှုတ်တိုက်ပါသွားနိုင်တယ်
ခြေထောက်တစ်ချောင်း၊ ဒီထက်ပိုပြီး နှစ်ချောင်းစလုံး ကျိုးသွားနိုင်တယ်
ဒီထက်ပိုပြီး နံရိုးတစ်ချောင်း၊ နှစ်ချောင်း
ဒါမှမဟုတ် နံရိုးအားလုံး ကျိုးသွားနိုင်တယ်
ဒီထက်ပိုပြီး နံရိုးတွေဟာ အသည်း၊ အဆုတ်နဲ့ နှလုံးကို စိုက်ဝင်သွားနိုင်တယ်
ဒီထက်ပိုပြီး ကိုယ့်ခေါင်းဟာ တစ်စုံတစ်ရာနဲ့ ပြင်းပြင်းထန်ထန် ရိုက်မိသွားနိုင်တယ်
[illegible]တော့ ဘယ်တော့မှ မနွေးထွေးတဲ့၊ အမြဲတမ်း ရက်စက်တတ်တဲ့
[illegible]ဟာ ကိုယ့်ခေါင်းထဲက အဝေးကို ပြန့်ကြဲ လွင့်ထွက်သွားနိုင်တယ်
[illegible]တော့ ရက်စက်တဲ့ ဒီစိတ်နဲ့ ကိုယ်ဟာ တစ်ယောက်တည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com

## မျက်ဖြေကဗျာ

ကြည်မှိုင်းအောင်(မြင်းခြံ)

မျက်ဖြေကဗျာ
တစ်စားပွဲတည်းပေါ်က
ဆက်ကိုင်ဖုန်း နှစ်လုံး
အဖုန်းတွေကို မွှေနှောက်လို့
ဖေ့ဘုတ်ပြင်ပ ရောက်တုန်ကြပြီး
ချစ်ခင်သူရေ
အသင့်ရဲ့ ကဗျာ
ကျွန်ုပ်ရဲ့ ကဗျာ
စေတနာ ကွန်ရက်အလိုအရ
ချက်ချင်း ခေါ်ဆိုဆက်သွယ်ရခဲ့ကြ။
‘ဝမ်းနည်းပါတယ် ရှင်’
‘အားနာပါတယ် ရှင်’ ဆိုတဲ့စကား
လေသံတောင် မကြားခဲ့ရ။
ချစ်ခင်သူရေ
အမြင်မတူပေမဲ့ ရင်ဘတ်တူရင်
မလိုသူတွေက ပိုင်းခြား
အမုန်းစည်း ဘယ်လိုသားသား
နှလုံးသားကတော့ တစ်စုံတည်းပါ
မလိုသူတွေရဲ့
အမုန်းစည်းအထပ်ထပ်
ကဗျာရဲ့ ခြေနင်းဖတ်ပါကွယ်။



## [illegible] သံဃာ

ကြည်အေး

[illegible]ဝါးရာ ဘီစီ
[illegible]ကျူးသော အိန္ဒိယပြည်မှာ
[illegible]ယောဂီ ပညာရှိတို့သည်
[illegible]ကို မြင်သိသော်လည်း
[illegible]စဉ် ကျင့်ကြံရရှိသော်လည်း
[illegible]ခင် ဆင်ခြင်နိုင်သည်အထိ
[illegible]လေးအင်ကို မတွေ့မထိနိုင်ဘဲ
[illegible]ရဒိဋ္ဌိ စသည့်
[illegible]လောဘသာ ဖိပြီး
[illegible]တွယ်ငြိ သံသရာရှည်။

[illegible]ဟု
[illegible]မနွယ်ဝင် ဘုရားဖြစ်သွားသည်
[illegible]စ်မည် သူမြတ်ပေမို့
[illegible] နှစ်ရှယ် ရောက်လတ်သော်
[illegible]တို့စည်းစိမ်ကို စွန့်လွှတ်
[illegible]ဆုပ်ငြီးငွေ့ဖွယ် သိမှတ်ပြီး
[illegible] တဏှာကို ဖြတ်အံ့ဟု
[illegible] အထွတ်အမြတ် ငါ္ဘရောက်စေသော
[illegible]ဝါတို့ကို ကယ်တင်စောင့်ရှောက်နိုင်စေသောဟု
[illegible]နာ မျက်မှောက်စောပြီး
[illegible]အရပ်သို့ ဝင်ခဲ့သည်။

[illegible]ခေတ်ပညာရှင်တို့
[illegible]စဉ်ဥပမာဟု
[illegible]မသေ ကာမသုခလ္လိကာ နုရောဂေါ
[illegible] ကိလမထာ နုရောဂေါဟူ၍
[illegible]သော အစွန်းနှစ်စအားဖြင့်
[illegible]သူဘယ်တရားမှ



www.burmeseclassic.com

www.burmeseclassic.com

ယောင်မှားမြှောင် မဖစ်နိုင်
အချိန်သာ ကုန်ခန်းတော့
နှစ်မှန်းမနေသာဘု
မဖို့မြ ပဋ္ဌိဟာ
အလယ်လမ်းဖွေရှာမှ
ရှေးအခါက ဘယ်သူမှ မမြင်စွမ်းနိုင်ခဲ့သော
ရှုစ်ပါးမဂ္ဂင်လမ်းမှာ
သဗ္ဗညုတဉာဏ် ဖိတ်လျှမ်းခဲ့
ဗုဒ္ဓဟု ပွင့်လမ်းခဲ့
ရည်မှန်းရရှိသည့် တရားစည်
တပြည်လုံး တီးမြည်ကျော်မွှေး။

အံ့မခန်းဖွယ်ပ
လင္ဘေပြည့်ဝန်းသည့် ထိုတစ်ညမှာ
တထာဂတရှင်ဗုဒ္ဓသည်
လမ်းပြသူ့ခြေရာ – မြေမှာပုံ့စေအံ့
ချုပ်ငြိမ်းခြင်းဟူသော ဒေသနာ – ကမ္ဘာနှံ့စေအံ့ဟု
သာသနာဖြန့်ချင်သော သတိဖြင့်
အိမ်ရာစွန့်ခဲ့ – အိမ်မရှိသည့်
ဉာဏာတိလောကာ သံဃာ
ငါးရာသော သားတပည့်တို့ကို
ဧဟိဘိက္ခု ခေါ်တော်မူခဲ့ပြီး
ထို ပထမလွှတ်မြောက်သူ
ရဟန်းအဆူဆူတို့
ပံ့သကူ ကောက်ယူစုဆောင်း
သစ်ခေါက်ဆိုး ညိုမောင်းသော
ကောင်းမြတ်စွာ ခုတင်သင်္ကန်းကို
စင်ကြယ်ခြုံရုံ ဆင်မြန်းနိုင်ကြဘိသို့
အံ့ဩကြည်ညိုသောပီတိနှင့်
စိတ်ကူးမျက်စိနှင့် မြင်ကြည့်ပြီး
ဦးထိပ်လက်စုံချီ – ပါရမီဖြည့်တယ်လေး။
၀၂၊ ၂၅၊ ၁၅



တိုက်ရေးဖြောင့်ချက်
ကြယ်စင်ရောင်(ဘူမိ)

ခြွေတဲ့တရားထဲမှာ အစိုးမရနိုင်တဲ့ စိတ်နဲ့
ဘဝတွေကို ကျောခိုင်းလိုက်တယ်။

စိတ်လေနေတာပဲ ကောင်းတယ်
အခုတော့ တစ်ယောက်တည်းမနေရဲတဲ့ စိတ်နဲ့
ချစ်တဲ့သူတွေကို တမ်းတတယ်
စိတ်လေနေတဲ့ ငါ စိတ်လေတဲ့ ကဗျာဟာ
ဒီထံ ချိန်းထားတဲ့အချိန် ရောက်မလာနိုင်တာ
နတ်ဘုရားများထံမှာ ပျော်ပါးနေရဲ့လား
ဒီလက်တစ်ကမ်းအဝေးက ငါ့အိပ်မက်ဟာ
စိတ်ပျက်လက်ပျက် ငေးငိုင်နေပုံအရ
ငါဟာ အဖျင်းစား လူဖျင်းတစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်တယ်။

ကျွန်တော် သွားတော့မယ် ...
လောကရဲ့တစ်နေရာမှာ
ခင်ဗျားနဲ့ မနီးမဝေးတဲ့နေရာ ဆိုပါတော့လေ
ဆက်သွယ်မှုဧရိယာပြင်ပ ရောက်နေတဲ့ ကျွန်တော်ဟာ
ငြိမ်းချမ်းရေးသီချင်းတွေ ဆိုနေတယ်
ခင်ဗျားစိတ်ထဲမှာ မြင်နေရတဲ့ ကျွန်တော်ဟာ
အညအောက် ရောက်ကောင်းရောက်နေလိုက်မယ်။

ငြိမ်းချမ်းနိုင်တဲ့စိတ်နဲ့ ငြိမ်းချမ်းလိုတဲ့စိတ်
ရောဂါဟာ တဖြည်းဖြည်း ရင့်သထက်ရင့်လာတယ်။

အခု ကျွန်တော် ညမအိပ်တဲ့ ရန်ကုန်နဲ့ ချိန်းဆိုမှုကို ဖျက်ခဲ့တယ်
ခင်ဗျားနဲ့ စကားတွေ တစ်ဝကြီးပြောရင်း
ခေတ်ရဲ့သီချင်းကို သီဆိုကြတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

မနေ့က ပေးခြေရမယ့် ကျွန်တော့်အကြွေးတွေ
နောက်ဘဝတော့ ကျေအောင်ဆပ်ပါ့မယ်ဗျာ ...
ကျွန်တော်ဟာ ဘဝအကျိုးပေးမကောင်းခဲ့လို့
အခု ဒီကဗျာကို ရေးခဲ့ရတယ်
ခင်ဗျားတို့ရဲ့ နားလည်ခွင့်လွှတ် သည်းခံမှုကို
အလွဲသုံးစားလုပ်သူ လူဖျင်းတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ
ခင်ဗျားနဲ့တကွ အပေါင်းအပါအားလုံးကို
ချစ်တဲ့သူတစ်ယောက်ဖြစ်တယ် ဆိုတာကလွဲလို့
ကျွန်တော့်ရင်ဘတ်ဟာ ဗလာနယ်ဖြစ်ခဲ့ပြီ ...။



**စားကျက်မြေ**

ကွန့်စစ်ကောင်း

မျှော်လင့်ချက်ပေါ် မျှော်လင့်ချက်က ထပ်ပီ
အဲဒီမျှော်လင့်ချက်တွေပေါ် နောက်ထပ်မျှော်လင့်ချက်တွေက ထပ်ထပ်ပြီးဆိ
ပိုင်ဆိုင်တာဆိုလို့
နာတာရှည်ရောဂါတွေနဲ့
မျှော်လင့်ချက်တွေပဲ ရှိတယ်။

တောမီးက စလောင်ပြီ
မြက်ခင်းပြင်က နွားသားအမိလည်း
အလန့်တကြား ထွက်ပြေးကုန်ပြီ
ခါးကြားထဲက ပလွေလည်း
ကျပျောက်ခဲ့ပြီ။

နွားကျောင်းသား
တက်ခေါက်တယ်
နွားကျောင်းသား
မျက်ရည်ကျတယ်
တက်ခေါက်သံတွေကလည်း မျက်ရည်ကျလို့
မျက်ရည်တွေကလည်း တက်ခေါက်လို့။



www.burmeseclassic.com

www.burmeseclassic.com

**အားလုံးချထား ကျွန်မလည်း သန္တိသုခလမ်းဆီ**

ခရမ်းပြာထက်လူ

ခင်မောင်ရင်ရဲ့ ပြတင်းဝမှာ
ကျွန်မ ရပ်နေတယ်။
တစ်ယောက်တလေ ဖြတ်သွားရင်
ဖြတ်တင်ဘောတွေ ရောက်လာနိုင်တာမို့
အပြင်ကို မမြင်မှာ ကြောက်တာနဲ့
ကျွန်မကိုယ်ကျွန်မ မီးမှိတ်ထား။
နောက်ပြီး အပြင်က ကျွန်မကိုမြင်မှာ ကြောက်လို့
ကျွန်မဆံပင်တွေ ဖြန့်ချကာရံထားလိုက်တယ်။
ရှင် မကြားဘူးလား
ရှုသွပ်နေတဲ့ အလင်းတစ်စက်ဟာ
ကျွန်မကိုလုပ်ကြံဖို့ အမြဲတမ်း မျှီးမှားနေတာ။
အမှောင်ကို ကျွန်မ (တစ်ဝကြီး) စိုက်ကြည့်နေတယ်
အမှောင်ကို စိုက်ကြည့်နေတဲ့ နှစ်တွေအတိုင်း ပွင့်မယ်ဆို
ဇန်းဆင့်ဗင်ဂိုးရဲ့ နေကြာပန်းတွေအကြောင်း ရှင်တို့ ဘယ်ပြောတော့မလဲ။
တမ္ဘာနဲ့မဆုံအောင် သီးခဲ့ပွင့်ခဲ့သူတွေရဲ့ ဒုက္ခမှာ
ကျွန်မလည်း ပေါလ်ဂေါဂင်လို အကြိမ်ကြိမ်
ထွက်ပြေးဖို့ ကြိုးစားနေသူတစ်ယောက်
ဘယ်သူ့ ရိုပ်မိနိုင်မှာလည်း တဟီတီဆိုတဲ့ ကျွန်းကလေးဆီကိုလေ။

ဩဂုတ်၊ ၂၀၁၄



**ညှို့**

ခလယ်

အဝဟာ
ထစ်မျက်နှာဝတ္ထုတစ်ပုဒ်လို
အဝဟာ
အကျဉ်းရုံးထားတဲ့ အစီရင်ခံစာတစ်ပုဒ်လို
ဆေးရုံထဲမှာတော့
စာမျက်နှာတွေ ဆုတ်ဖြဲခံထားရတဲ့
ဝတ္ထုတိုတွေရှိတယ်
အာဃာတက အာဟာရမဖြစ်ဘူး
အံသရာကို သံသယ မဖြစ်သင့်ဘူး
ညှို့စာရင်းတိုင်မထားတဲ့
ညှို့သည်တွေဟာ
ညှို့ဝတ်ကျေစွာ
ညှို့ခံခြင်း ခံရ
စားစရာရှိတာ စားလိုက်
ပြောစရာရှိတာ ပြောလိုက်
လုပ်စရာရှိတာ လုပ်လိုက်
အားနာဖို့တော့ မလိုအပ်ဘူး
ငြင်းခုံထသတ်ဖို့လည်း မလိုအပ်ဘူး
အချိန်သိပ်မရှိဘူး သူ့ကို ဦးစားပေးဖို့
အချိန်သိပ်မရှိဘူး သူ့ကို ချစ်ခင်မြတ်နိုးပေးဖို့
အချိန်သိပ်မရှိဘူး သူ့ကို ခွင့်လွှတ်ဖို့။

ညှို့သည်ပြန်ချိန်
ရွှေတိုး သာမှာမဟုတ်ဘူး
နောက်တစ်ခါ ညှို့သည်လာလုပ်ဖို့
ကြာချင်ကြာဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com

ညှို့သည့်တွေ ညီညွတ်ကြ
ညှို့သည့်တွေ ရန်မဖြစ်ကြနဲ့
ညှို့သည့်တွေ ပခုံးဖက်ကြ
ရေအေးအေးတစ်ခွက်ကို
တစ်ယောက်တစ်ဝက် သောက်ကြ
ထမပြန်ခင်လေး ...။



**အခွံမာများ**
ခေမာရှင်း

စကားထဲမှာ ညဟာ မပါရင် မပြီးတော့ဘူး။
ဒီညကို ရောက်ဖို့ မနေ့ကညကို ခုတ်မောင်းခဲ့တယ်။
ညမှာ ပွင့်ဖို့ ညမွှေးပန်းဟာ သက်ပြင်းတွေရှည်လို့
ညဟာ ညဖြစ်ကြောင်း သက်သေပြဖို့
မလင်းတော့တဲ့ မီးသီးတွေကို တကြွပ်ကြွပ်ဝါးလို့
အိမ်မြှောင်တစ်ကောင်ရဲ့ စုတ်ထိုးသံမှာ
ညဟာ အလန့်တကြား။

ဆွေးအများရဲ့ အူသံနဲ့ ညကို အဆုံးသတ်ပစ်ရမှာလား။
ညကို မျက်နှာသစ် သွားတိုက် ခြေလက်ဆေးပြီး အိပ်ရာဝင်နိုင်းခဲ့တယ်။
ညကို ပြန့်ပြန့်ပြူးပြူး ခင်းထားပေမဲ့
ညကတော့ စောင်ခြုံကွေးပါလိမ့်မယ်။
ညဟာ မယုံသလို ကောင်းကင်ကို လှမ်းလှမ်းကြည့်တယ်။
နိုးလာတဲ့အခါ ညဟာ တွန့်ကြေကျန်ခဲ့မလားပေါ့။
လောလောဆယ်တော့ ညဟာ ငါ့ကို ဖမ်းဆုပ်ထားတယ်။
ညခွံကို လိုမ့်ခွဲပစ်ဖို့။

ငါ ...ညတွေကို ကြောက်နေမိတယ်။
ညတိုင်းဟာ ငါ့ကို ဆွဲဆန့်ထားတဲ့ လှောင်အိမ်တစ်ခုပဲ။
ငါ ...ဘာတစ်ခုမှ မမြင်ရဘူး။
ငါ ကြွေတာကို ငါ ... မမြင်လိုက်ရဘူး။
ထိအထိ ရောက်ရှိ/မြင်ရဖို့ဆို ကြယ်တွေကို ဘယ်နှလီ ဝင်ကြည့်ရမလဲ။
ညရောက်တိုင်း ငါ ...မေးနေတယ်။

www.burmeseclassic.com

## ပျောက်ဆုံးနေတဲ့ ဒီစနေ

ခက်ဆစ်သျှင်

လည်နေတဲ့ ပန်ကာဒလက်ထဲမှာ
ကိုယ်တိုင်ပဲ ခေါင်းဝင်ထိုးလိုက်ရမလား
အသေကောင်လိုပဲ ငြိမ်သက်နေလိုက်ရမလား
ဖွင့်ထားတဲ့ ပြတင်းပေါက်တွေပဲ ထပိတ်လိုက်မိတယ်
တစ်ချိန်လုံး ငြိမ်နေတဲ့ မှန်တစ်ချပ်က
ဘယ်အချိန်မှာများ ထငိုကြွေးမလဲ
အနီရောင် ရှူဆေးဘူးလေးမှာ
ငါ့ရင်ခုန်သံ ငါပြန်ကြားနေရတယ်
ဒီကမ္ဘာငယ်လေးထဲမှာ
သူ့မျက်တောင်လေး တစ်ချောင်းကစ
မလေးလံစေချင်သူပါ
ဒီလိုနဲ့
ငါ့ကို ရှာမတွေ့ဖို့ ပုန်းခိုစရာလေး တစ်နေရာ
ဒီစနေမှာ ပျောက်ဆုံးသွားတယ်။



## နောက်ဖြန်ဆို စစ်ပွဲကြီး ပြီးဆုံးသွားမယ်လို့ ပြောတယ်

ခက်ထန်ပိုင်စိုး

စစ်မြေပြင်ရဲ့ ဒုက္ခသည်စခန်း မီးမှိန်မှိန်အောက်မှာ
နောက်ဖြန်ဆို စစ်ပွဲကြီး ပြီးဆုံးသွားမယ်ဆိုတဲ့အကြောင်း
ကလေးတွေ ပြောကြဆိုနေကြတယ်
သူတို့ပတ်ဝန်းကျင်ဟာ ကျည်ဆန်ခွံ ဗုံးခွံစတွေနဲ့ စစ်ကျန်ကားတွေ နောက်
လက်တစ်ဖက်မရှိတဲ့ ကလေးတွေ ခြေတစ်ဖက်မရှိတော့ ကလေးတွေ
မောလောလတ်လတ် ခြေတစ်ဖက်ဖြတ်ခံရတော့မယ့်ကလေး ပြောတယ်
ငါ့ကို လာမကြည့်ကြပါနဲ့ ငါ့ကို လာမကြည့်ကြပါနဲ့
ခင်းတို့လည်း ခြေတွေ လက်တွေ ဆုံးရှုံးခဲ့ရတာပါပဲ
ညီတွေ အစ်ကိုတွေ ဆုံးရှုံးခဲ့ရတာပါပဲ
အဖေတွေ အမေတွေလည်း ဆုံးရှုံးခဲ့ရတာပါပဲ
ခင်းတို့ထက်ပိုပြီး ငါ့မှာလည်း ပိုပြီးမရှိတော့ပါဘူး ငါ့မိသားစု ငါ့အိမ်
ငါတို့လမ်းတွေ ပျက်စီးကုန်ပြီ ငါတို့အိမ်တွေ ပျက်စီးကုန်ပြီ
ငါတို့ကျောင်းတွေ မရှိတော့ဘူး ငါတို့ကစားကွင်းတွေ မရှိတော့ဘူး
ငါတို့ကျောင်းတွေဟာ ခံတပ်အသေးစားတွေဖြစ်လို့
ငါတို့ကစားကွင်းတွေဟာ စစ်မြေပြင်တွေဖြစ်လို့
ငါတို့ ဘောလုံးကန်ခဲ့တဲ့ ဂိုးတိုင်နားလေးမှာ ငါ့အဖေ သေခဲ့တယ်
ငါတို့ မုန့်ဆိုင်သွားတဲ့ လမ်းကလေးပေါ်မှာ ငါ့အမေ သေခဲ့တယ်
နောက် အများကြီး အများကြီး အရာအားလုံးပေါ့
ကျည်ဆန်တွေ ဗုံးဆန်တွေဟာ ဘယ်လိုလာသလဲ ငါတို့သင်ခန်းစာမှာ မရှိဘူး
ငါတို့ ထင်းခုတ်တတ်တယ် ယာလုပ်တတ်တယ်
ငြိမ်းချမ်းရေးဆိုတာ ဘာလဲ အဖေက ပြောတယ် အမေက ပြောတယ်
ငါတို့ မသိခဲ့ဘူး အဲဒါ ငြိမ်းချမ်းရေးဆိုတာ
ငါတို့ခြေ ငါတို့လက်တွေနဲ့ ဆိုင်သလား ငါတို့ မသိခဲ့ဘူး
အသားအရောင်တွေနဲ့ ဆိုင်သလား ဘာသာတရားတွေနဲ့ ဆိုင်သလား
ငါတို့ မသိခဲ့ဘူး
ငါတို့ယာ ငါတို့လယ်တွေ ငါတို့ကျောင်း ငါတို့ကစားကွင်းတွေနဲ့ ဆိုင်သလား
ငါတို့ မသိခဲ့ဘူး
ငြိမ်းချမ်းရေးဆိုတာ စာရွက်တွေပေါ်မှာပဲ စုပြီး လက်မှတ်ထိုးကြတာလား
လက်ဆွဲနှုတ်ဆက်ဖို့ သက်သက်လား ငါတို့ မသိခဲ့ဘူး



www.burmeseclassic.com

www.burmeseclassic.com

ငါတို့ဟာ တစ်ယောက်ကိုတစ်ယောက်
ချိုင်းထောက်တွေ လက်ဆောင်ပေးဖို့လား
တစ်ယောက်က ခြေ တစ်ယောက်က လက်နဲ့ ခရီးဆက်ဖို့လား
ငါတို့ မသိခဲ့ပါဘူး ငါတို့ တကယ်မသိခဲ့ဘူး
ငါ့ခြေတစ်ဖက်တည်းအတွက်တော့ ဝမ်းမနည်းပါနဲ့ သူငယ်ချင်း
ငါတို့မြေ ငါတို့ရေနဲ့ ငါတို့နိုင်ငံတော်အတွက်ဆို ငိုပါ
မင်းညီမလေးကို ကယ်နိုင်ဖို့ ငါ့ခြေတစ်ဖက် သွေးမခြောက်သေးပေမဲ့
ငါ့ကိုကယ်လို့ မင်းအဖေ အသက်ဆုံးရှုံးခဲ့တာ ကြာပြီလေ
ငါတို့ရဲ့ ဆုံးရှုံးမှုတွေကြားမှာပဲ ငါတို့ အိပ်မက်တွေ မက်ကြရအောင်
မနက်ဖြန်ဆို စစ်ပွဲကြီး ပြီးဆုံးတော့မယ်လို့ ပြောသံကြားနေရတယ်
စစ်ပွဲကြီး ပြီးဆုံးတော့မယ်လို့ ပြောနေကြတယ် မနက်ဖြန်ဆို။

*၂၀၊ ၁၊ ၂၀၁၄။*

**အနောက်က နှင်း**
ခက်မာ

နက်ထဲက တစိမ့်စိမ့်ကျနေလိုက်တာ
မှောင်ရိပ်သန်းလာတော့
ကျွန်မနှလုံးသားက တစ်တောင်လောက်ထူတဲ့ နှင်းတွေအောက် ရောက်နေပြီ။

အအေးခဲနေရာက မျက်တောင်ခတ်လိုက်မိတော့
အဝတ်အလွှာလွှာအောက်က ပိုးတုံးလုံးလို လူတစ်ယောက်
ခြေသလုံးအောက်နားထိ မြုပ်တဲ့နှင်းတွေထဲ တရွေ့ရွေ့ လိမ့်လာပုံက
ကျွန်မတို့တစ်တွေ လောကထဲမှာ တလိမ့်လိမ့် ရုန်းနေသလိုပါပဲ။

ကျီးကန်းတွေ
နှင်းသည်းသည်းကြားမှာပဲ အိပ်တန်းပြန်လာကြပြီ
သူတို့ရဲ့ ‘အ၊ အ’ အော်သံကို
ကျွန်မက ‘ဘဝ၊ ဘဝ’လို့ ကြား
မကြာခဏ
ထင်းပေါ်က တဂျိမ်းဂျိမ်းဖြတ်သွားနေတဲ့
နှင်းရှင်းကားကြီးရဲ့ ရှေ့ဂေါ်ပြားဟာ
နှင်းအောက်ပိနေတဲ့ ကျွန်မနှလုံးသားဘေးက
မှတ်ကာသီကာ ဖြတ်ဖြတ်သွားတာ အကြိမ်တိုင်း။

နှလုံးသားလေးခမျာ
သူ့ပေါ်က နှင်းတွေကို ဖယ်ရှားမပေးနိုင်တဲ့ ဂေါ်ပြားကြီးကိုပဲ
ရှင်းရဲတော့မလိုလို
ဒါမှမဟုတ်
ဂေါ်ပြားအောက်မှာ သွေးအလိမ်းလိမ်း မဖြစ်သွားတာကိုပဲ
ကျေးဇူးတင်ရမလိုလို။

*ဖေဖော်ဝါရီ ၂၁၊ ၂၀၁၄။*



www.burmeseclassic.com

www.burmeseclassic.com

## ပြက်လုံး

ခက်သီ

စိတ်လက်ပေါ့ပါးဖို့
ကျွန်တော်တို့ ရယ်မောပေးဖို့ လိုအပ်တယ်
ရယ်ရွှင်ခြင်းဟာ
ကျန်းမာရေးနဲ့ ညီညွတ်တယ်။

လူပြက်ဆိုရင်
မန္တလေးကို ကြိုက်တယ်
ဦးပေါစံ ဦးသိန်းဆု ဦးဒီပါ
ဦးကျော်ကြား ဦးထင်ပေါ် ဦးတက်တိုး
ရယ်ရလွန်းလို့ ဖက်နမ်းချင်တယ်
ပညာသားပါလွန်းလို့ ထိုင်ဦးချချင်တယ်။

ဒိန်းဒေါင်နဲ့ ခင်လှိုင်က ညစ်ပတ်တယ်
ဟားငါးကောင်က ပေါ့ပါးတယ်
နေတိုးက အသံတု ချန်ပီယံ
ဆိုင်းနောက်ထမှာ လုပ်ဟန်နဲ့ ဘဲတောက
အနှိပ်နေရတာပဲ။

လွှတ်တော်ထဲက ပြက်လုံးတွေလို
ကိုယ့်ဒဏ်ရာ ကိုယ်ကြည့်ရယ်ရတဲ့
အသည်းနာစရာ ပြက်လုံးတွေ
တွေ့ခဲ့တယ်။

ဥပမာ
တရားမဝင်နည်းလမ်းဖြင့် ရယူထားသော
ငွေကြေးနှင့် ထိန်းချုပ်ရေးဥပဒေနှင့် ငြိစွန်းသော
ဘဏ်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည်မဟုတ်ပါ
ဆိုတဲ့ ပြက်လုံးကို
ခရိုနီတစ်ယောက် ဘဏ်မှာ ငါတွေ့ခဲ့တယ်။



## နှစ် ၃၀ စာ ကဗျာရေးခြင်း

ခင်မြဇင်

ဒီကျူချိန် ချောင်းရိုးကလေးထဲက
လတာပြင်ပေါ်မှာ
လှေအိုကြီးတစ်စင်းကလည်း
နွံထဲမှာ သောင်တင်နေတုန်း။
၁၉၈၅ စက်တင်ဘာ တစ်မနက်မှာ
ဒါ . . . ရန်ကုန်
ရန်ကုန် . . . တဲ့
ကျွန်မကို ရင်ခုန်စေခဲ့တယ်။
နှစ် ၃၀ စာ ကဗျာရေးရရင်
စာမျက်နှာ ၃၀ လည်း မလောက်
စာမျက်နှာ ၃၀၀ လည်း မက
စာမျက်နှာ ၃၀၀၀ လောက်မှ အနိုင်နိုင်ရှိဦးမယ်။
ညဆည်းရီမှာ
အိမ်အပြန် ဘတ်စ်ကားကျပ်ကျပ်တွေကို ကြည့်နေကြတုန်း
ပြန်စရာ ဘတ်စ်ကားကလည်း မလာသေးခင်
မြန်းဆို ချစ်သူက ပြောလိုက်တယ်
တို့ အိမ်ကို မပြန်ကြစို့နဲ့ကွယ်။
မိုးတွေရွာတဲ့အခါ
မနိမိုး အပေါက်ပေါက်တွေက
မိုးရေတွေ တဒေါက်ဒေါက်ကျ ဂီတသံလေးတွေ ထွက်ပေါ်လာတတ်တဲ့
တဲသာသာ အိမ်ကလေးဟာ
ကျွန်မတို့ရဲ့ အိမ်သာယာလေးဆိုပါတော့။
အင်း . . . သည်လိုနဲ့
စာမျက်နှာ ၃၀၀ ကျော်ကျော်လောက်မှာ
နှင်းဆီဖြူ နှင်းဆီနီတွေနဲ့အတူ ချစ်သူဟာ
သူ့အိမ်သူ ပြန်သွားပါတော့တယ်။
ကျွန်မအတွက် သူ့နာမည်ရေးထားတဲ့
ဃပ်တောင်ကလေးက တစ်ချောင်း
သားလူကလေးက တစ်ယောက် ချန်ထားရစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

စ် ၃၀ စာ ကဗျာရေးရရင်
ာမျက်နှာ ၃၀၀ လည်း မက
ာမျက်နှာ ၃၀၀၀ တောင်မှ အနိုင်နိုင်ရှိဦးမယ်။
န်မကတော့
တစ်ကားအိုအိုကြီးတွေကို စီးနေရတုန်းပါပဲ
တစ်ကားအိုကြီးတွေကလည်း သွားလိုက်ပျက်လိုက် ဖြစ်နေကြတုန်းပါပဲ
ယ်ယာတွေကလည်း လူကျပ်ပြီလားဆိုရင်
ိန်းလိုက် ဟောက်လိုက် တွန်းလိုက် ဆွဲလိုက် လုပ်နေကြတုန်းပါပဲ။
ပြောင်းအလဲဆိုတာ
လာဦးမှာပါတဲ့ တချို့က ပြောကြတယ်။
ရောက် ချောင်းရိုးကလေးထဲမှာ
လှအိုကြီးတစ်စင်းကလည်း
ထဲမှာ သောင်တင်နေတုန်းပဲလား
တ်တင်ဘာ တစ်မနက်မှာ
ူ့ကိုတွေ့ခဲ့တာ
စ်ပေါင်း ၃၀ တောင် ကြာခဲ့ပြီပေါ့နော်
ဩ် ... သည်လိုနဲ့
န်မကတော့
်ဝင်တွေ ပိုပိုဖြူလာခဲ့ပြီ။

၃ ၂၀၁၅



**မီးပြတိုက်ကို ငြင်းဆန်ခြင်း**
ခင်လွန်း

ရေပြင်ပြာ နေရောင် ပယင်း
ဆည်းဆာရှုခင်းထဲ ကမ်းခြေမှာ ငါ ရပ်နေ ...။

ပင်လယ်
မင်းဟာ ငါ့စိတ်နဲ့ ကိုယ်ကို ကမ်းတစ်ဖက်စီခြား
စိန်းစိန်းကြည့်နေပါရောလား ...။

တစ်ဖက်ကမ်းမှာ
ငါ့စိတ်ဟာ ငါ့အတိတ်နဲ့ ပေါင်းသင်းဆက်ဆံလို့
ဓာတ်လမ်းဟောင်းတွေ တသသ မွေးဖွား
တရိပ်ရိပ် အဆိပ်တက်သလို ကြီးထွားလို့ ...
မင်း မြင်လိမ့်မယ်
ငါ့စိတ်ကူး ငါ့အိပ်မက်က မင့်ကမ်းနှစ်ဖက်ထက် ပိုကျယ်
တိုင်းပြည်ကိုချစ်တဲ့ ငါ့စိတ်က
မင်းထု မင်းထည်ထက် ပိုနက်ရှိုင်း ပိုလှပ ပိုကြီးကျယ်ခမ်းနား
ရှင်လန်းတက်ကြွ ငယ်သွေးတဖျပ်ဖျပ်
လူလတ်ပိုင်း ငါ့ဘဝအတွက် ချစ်ခြင်းရမ္မက်မီးတောက်
ကိုယ်တိုင်ရုပ်သိမ်း ချုပ်ငြိမ်းစေခဲ့သူဟာ
ငါကိုယ်တိုင်ပဲ ပင်လယ်ပြာ။

ပင်လယ် မင်းဝှက်ထားတဲ့ ဟိုးတစ်ဖက်ကမ်းမှာ
သူငယ်ပြန်ကာ ပစ္စုပ္ပန်ပျောက်သွားရှာလေတဲ့
ငါ့အမေ အိုကြီးအိုမ ဇရာအို ဆီခန်းနဲ့ သန်း ၆၀ မျှ ငါ့ပြည်သူတွေ
ငါ့ရုပ် ငါ့လိပ်ပြာနဲ့ ဘဝမခြား မကွဲပြားသူတွေ ...။

ပင်လယ် မင်းဟာ အကွေ့တွေများသလောက်
ငါ့တိုင်းပြည်ကလည်း အကောက်အကွေ့တွေကများ
မင်းဟာ လေချိုသွေးရာက ရုတ်ခြည်းဆိုသလို
မုန်းတိုင်းပြောင်းဆန် ထန်ပြင်းတတ်သလို



www.burmeseclassic.com

www.burmeseclassic.com

ဒေါ့တိုင်းပြည်ကလည်း လှိုင်းတံပိုး မိုးကြိုးနဲ့ မုန်တိုင်းတွေက ထန်
အကြောင်းအကြောင်း အဖန်ဖန်ပေါ့ ...။

ပင်လယ် မင်းဟာ မာယာများသလို
ဒေါ့တိုင်းပြည်က တချို့လူတွေကလည်း မာယာတွေကများ
မာယာမသားတွေ ရာဇဝင်မှာရှား။

ပင်လယ် မင်းရဲ့ကမ်းခြေဟာ
လေညင်းငွေ့မှ ရေဘောင်ဘင်ခတ် ကဗျာစပ်သလို ...
လေညင်းငွေ့မှ အုန်းလက်လေချွန် တေးသံလွင်သလို ...
ဒေါ့တိုင်းပြည်ဟာလည်း
ငြိမ်းချမ်းရေးလေညင်းလေးနဲ့ ငြိမ်းချမ်းရေးသီချင်းလေးနဲ့
လိုက်ဖက်လှမယ်လို့ ငါ ယုံ။

ပင်လယ် မင်းဟာ အပြောကျယ်လွန်းသလို
ဒေါ့တိုင်းပြည် သမိုင်းဟာလည်း ကျယ်ပြောလွန်းလှ
မင်း ဝှက်ထားတဲ့ ဟိုးတစ်ဖက်ကမ်းက
လွမ်းစွယ် နွမ်းယဲ့ယဲ့ ဒေါ့တိုင်းပြည်မှာ
နှစ်ပရိစ္ဆေဒများစွာ ဒဏ်ရာအနာတရဖြစ်နေတဲ့
နှုတ်ဆိုးမိစ္ဆာလက်ထဲက လွတ်လပ်မှု ငြိမ်းချမ်းရေး တို့သီချင်း တို့တေး
မြိုင်တူသီကြွေးဖို့ နွေဦးဆီကို ငါ တိုင်တည်လိုက်ပြီ ပင်လယ်။

*၂၈ ဖေဖော်ဝါရီ၊ ၂၀၁၅။*



**ပေါ်တောတော ကဗျာဆန်မှုရဲ့ မိုက်ရူးရဲတေး**
ခင်အောင်အေး

အိပ်တန်းတက်မယ့် ငှက်တွေ ဆူညံနေတာပဲ
ငါ့ပထွေး ဖြစ်လာမယ့်သူက သူ့နှစ်လုံးပြူးသေနတ်
ဂျမ်းဖြစ်နေတာကို ကညင်ပင်ကြီးဆီ ချိန်ပြီး ဆောင့်ချလိုက်တယ်
ရမ်းပြကျွန်းကနေ ၃ နာရီ ခြေကျင်ခရီး နဂါးပွက်တောင်က အပြန်

လေကားတွေကို ချစ်လိုက် မုန်းလိုက် မဆက်ဆံပဲနေလိုက်
ခြေထောက်တွေ ကြွစရာ ချစရာ မလိုဘဲ အလိုအလျောက်လူဟာ
အပေါ်ကို ရောက်သွားတော့ ဝင့်ကြွားမှုဟာ သစ်ခွပန်းတစ်ခိုင်လို
အရေးပေါ်အပေါက်ကနေ ပြေးဆင်းဖို့ သံချေးတက်နေတဲ့ အထစ်များ

ခန္ဓာကိုယ် အပေါ်ပိုင်း ဗလာကျင်းထားပြီး သူ့တန်ဆာ လုံရုံဖုံးထားတဲ့
အဝတ်ပိုင်းလေးပေါ်မှာ ကဗျာစာသားအချို့ လှိုင်းရဲ့ နှုတ်ခမ်းသပ်က အ
ခရုခွံ မီးကျွမ်းသစ်ငုတ်စ ပုလင်းခွံ အုန်းလက်အခွေး နီကျင်ကျင်ဆံပင်
ရှည်လျားရှုပ်ထွေး ထိန်းသိမ်းခက်တဲ့ ယဉ်ကျေးမှုရော်ဘာပြားနဲ့ အသက်ကယ်အော

အုတ်ရိုးနီနီ စိန်ပန်းနီနီ မျက်နှာအစ်အစ်(နီနီ) အရိုးများသော ချေးခါးသော
ရာသီဥတု
နှင်းတွေနဲ့စပ်လျဉ်းပြီး ယခုအမှု၌ စီရင်ချက်ချရမည်မှာ အအိပ်အနေနည်းသော
'ဆွဲချ'
ပြီးနောက် နဂါးနီတိုက်ထုတ် သီချင်းများ ဆရာမောင် ဆေးနီမှုနှင့် အထ
ပါတီဝင်ဆိုသူ
လေတပ်က ဗုံးကြဲလို့ စက်သေနတ်နဲ့ပစ်လို့ရတယ်တဲ့ အလကား ...
ဒီ အင်္ဂလိပ်တွေ

မျက်နှာကို ဘယ်အရပ်ဘက်သို့ လှည့်ရမည်နည်း ဝါရမိတ္တူ ကောင်း
မှုရင်းကောင်းမည်
အကောင်းကို ရှာ၏။ အကောင်းကား မရှိတော့။
ခွေခေါက်နေတဲ့ အူကြောင်ကြောင်ပုစ္ဆာ
မျောက်မှ ဆင်းသက်လာသည့်လူပီပီ လူပီသပုံကို သီအိုရီတွေနဲ့တကွ


www.burmeseclassic.com

www.burmeseclassic.com

ခင်းကျင်းပြသ
ဘယ်မှမရောက်ဘူး ဘာပန်းမှ မခူးဘူး ဘာရနံ့မျှ မရဘူး
တော်လှန်ရေး အောင်ရမည်

လူထုကြီးမှာ ကျောကော့ပြီး ခံကြရသည် အတွေးအခေါ် အယူအဆမှအစ
အားလုံး
ပြည်သူပိုင်အသိမ်းခံရသည် အရေးအခင်းများဖြင့် သွေးကြောဆက်ခဲ့ကြသည်
အနှစ်
ငါးဆယ်ဟာ ဘာမှမဟုတ် ခဏလေးဖြင့် ကြက်သေသေပြီး
ခင်သက်မိသွားစေနိုင်တဲ့
ကြာလှဲ့သော မိုးကောင်ကင်အတု တိုက်တိုက်ဆိုင်ဆိုင်
'ဓိနုပ်သူခိုး၊ အကျီုသူခိုး' တဲ့

မှယောစပါးဖြင့် အထူးစီရင်ထားသော ငှက်ဖါနွတ်သီးသည် အဖျားခွဲ
ထင်းထင်းကြီး
တောက်ချိတ်လျက် ဝေးရမှာ ကြောက်တယ် သီချင်းသာ စကြဝဠာအလုံးမှာ
လွင့်ပျံ့
အဝှံလိုက် ချထားတဲ့ ပျော်ရွှင်မှုနှင့်ဝမ်းနည်းမှု အကျိုးအကြေများ ရွံ့များပေါ်၌
ချစ်၍
မာအောင် မီးဖုတ်ရသည် ပျော်ပွဲစားရုံထဲ စားပွဲစေ့ ထိုင်ခုံစေ့ ပုလင်းစေ့
ခန့်ခွက်စေ့

အဲဒီနောက် –
ညည်ဆန်များ သွေးများ ဖြာခနဲ နံရံနှင့် မျက်နှာကြက်များပေါ် ပက်စင်လျက်
ပြီ၍
ညည်ဆန်များ သွေးများ ဖြာခနဲ နံရံနှင့် မျက်နှာကြက်များပေါ် ပက်စင်လျက်
ပြီ၍
ညည်ဆံများ သွေးများ ဖြာခနဲ နံရံနှင့် မျက်နှာကျက်များပေါ် ပက်စင်လျက်
ပြီ၍
ကက်ထန်လွန်းလှသော အစိမ်းရောင်ပင်လယ်နဲ့ သူ့ရဲ့ကဗျာဆန်ဆန် မိုက်ရူးရဲတော။

*၃ ဇန်နဝါရီ၊ ၂၀၁၅။ ဖရော့ပရာဒင်နီ၊ ဘန်ကောက် ၂း၁၃ နာရီ။*



**အပြောင်းအရွှေ့**
နိုင်မျိုး

ခြောက်ဆယ့်နှစ်
ကျောက်ဆည်
ကျောက်တန်း
ကြောက်ခေတ်
သမိုင်းတစ်ကွေ့အဖြစ်
ပြောင်းရွှေ့ကျန်ရစ်ပြီ။

စိန်စီသောလမ်းမှာ
ဖြောင့်တန်းစွာ
လျှောက်နိုင်ခဲ့ပြီလား . . . ။

မိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများ
အိမ်ခြေယာမဲ့များ၊ စစ်ဘေးဒုက္ခသည်များ
ကျည်ဆန်များ၊ ဆန္ဒဖော်ထုတ်ပွဲများ
ကျိန်စာများ၊ သပိတ်စစ်ကြောင်းများ
ငြိမ်းချမ်းရေးနေ့များ၊ အောက်မေ့ဖွယ်နေ့များ
ဝမ်းနည်းဖွယ်နေ့များ၊ အရှုံးအမှုးနေ့များ
သင့်ယုံကြည်မှုများ . . .
နိုးထသက်ဝင်
ချဲ့ထွင်နိုင်ပြီလား။

ကမ္ဘာထဲက . . .
စစ်ချိုမြင်းတို့ရဲ့
ခြေနင်းမှာတော့
ရှင်ခြင်းဟာလည်း
သေခြင်းပဲ မိတ်ဆွေ။



www.burmeseclassic.com

www.burmeseclassic.com

**Fire, Fire, Fire**

နိုင်မြကျော်စွာ

အမှန်အတိုင်းပြောဖို့သင်ပေးတဲ့ မိဘကျောင်းတွေ လိုတယ်
လျောင်ပြောင်
သခင်ကြီးဟာ လူ့အခွင့်အရေးဆီသွားတဲ့ တံတား
တောပုန်းသတင်းထောက်ဟာ စစ်ကြောင်းဖြတ်ရာ ကချင်ရွာလေးဖြစ်တယ်
ပါရမီရှိတဲ့ ငှက်တစ်ကောင်တွေ့ခဲ့
သူက စစ်ရှုံးပဲ
စကားလုံးတွေက လိမ်ညာမှုတွေ
ပြီးတော့ ထောင်ဖောက်ပြေးတဲ့ ဝရမ်းပြေး
သူ့ဘတ်ဂျက်စာရေးက လူယုတ်မာ
ကိုယ့်အလုပ် ကိုယ်စိတ်ပူဖို့ နပိုလီယံ အောက်ခံဘောင်းဘီဝတ်တယ်
မီးသွေးဖြစ်ဖို့ နည်းနည်းလေးလိုတော့တဲ့ တိုင်းပြည်မှာ
သံချပ်ကာကားတွေ မွေးချင်တယ်
၁၀၅ မမ အမြောက်ကြီးကို ချစ်တာက
သံထည်နဲ့လုပ်ထားလို့ ပြီးတော့ ဝတ်လစ်စားလစ်အမိန့်ကို လှမ်းခေါ်နိုင်လို့
တချို့ လင်ငယ်နေတဲ့ဝိုင်က စစ်ပွဲကို အကူအညီပေးတယ်
စစ်မှတ်တမ်းမှာပါတဲ့ ဝီစကီကတော့
၂၈ နှစ်ပတ်လုံး အညမညစာအုပ်ထဲကအတိုင်း လည်ပတ်ခဲ့တာ
မာတိကာကို လှန်ကြည့်ရင် ကောက်ရိုးကြိုက်တဲ့နိုင်ငံ
အသက်ကြီးလာလည်း မောင့်တိုင်းပြည်က အခုထိ မရင့်ကျက်နိုင်သေး
မြင်းကားကို အမြန်ဆုံးမောင်းပြီး အဖေ့နာမည်ကို ယုံကြည်မှုရှိအောင်
လုပ်တယ်ဆိုတာ
တီကောင်တွေတွေးတဲ့ စိတ်ကူးပဲ
တို့တစ်ဘဝလုံး လုံခြုံရေးကတ်တွေနဲ့ ကစားနေရတာ
အမေက ပါရမီရှင် အအပါ
ဒါပေမယ့် အရူးတော့ မဟုတ်ဘူး
တိုင်းပြည်ကို မင်းတို့ဗီရိုထဲက ဆွဲထုတ်ပေးမယ့်လူရှာရာမှာ
ဒီမိုကရေစီကောင်းကောင်းရဖို့က နှစ်နည်းပဲရှိတယ်
တစ်နည်းက ကိုယ်တိုင်စိုက်ဖို့ မဟုတ်ရင်
ဟင်းသီးဟင်းရွက်သည်ကို လာဘ်ထိုးဖို့
အနုပညာရှင်ဆိုတာ စားဖိုမှူးကိုင်တဲ့ ဓားနဲ့တူတယ်
မင်းလက်ကိုင်ဖုန်းရဲ့ အာဏာအူတိုင်က ဘယ်လောက်ရှိလဲ လီးဖြတ်ချင်
မြောက်ကိုရီးယားလိုင်းထဲဝင်ရင်တော့ စက်ရုပ်လိုနေရမယ်
တိုင်းပြည်တစ်ခုက သူနဲ့အလေးချိန်တူတဲ့ ခေါင်းဆောင်တစ်ခုကို
တွေ့မချင်း လိုက်ရှာလိမ့်မှာ
မာရ်နတ်ကတော့ ကမ္ဘာစစ်ကြီးဖြစ်တုန်းကလည်း ရေခဲမုန့်စားဖို့ပဲ စဉ်းစားတယ်
အခုလည်း
လောကမှာ ပန်းတွေ မြက်တွေ သစ်ပင်တွေ သေနတ်တွေကဖြစ်တဲ့
ကောင်းဆိုးဝါး ဖားတွေ ရှိတယ်
ဒီဟင့်ကူအိမ်ကို စစ်တပ်ကလုပ်တာလား
အီတလီဘာသာစကားနဲ့
နည်းနည်းဖယ်စမ်းပါဦး ရှိတ်စပီးယားကြီးတို့ရယ်လို့
ရွေးကောက်ပွဲ –ကုထုံးအတိုင်း ပြောထည့်လိုက်ရ။

၂၅ ၁၊ ၂၀၁၅။





www.burmeseclassic.com

www.burmeseclassic.com

## ဘုရားသခင်တွေက မတရားမှုတွေကို ဘယ်သောအခါမှ မချီးမြှောက်ခဲ့ဘူး

ခိုင်လေညင်း(အောင်ပန်း)

မေတ္တာတရားမှာ ခွဲခြားဆက်ဆံခြင်းတွေ မရှိခဲ့ဘူး
အနောက်အိမ်က စမိုင်တွေလုပ်ရင်
ငါတို့အိမ်ကို လာလာပို့သလို
ငါတို့ သီတင်းကျွတ် မုန့်ဆီကြော်ရင်လည်း
သူတို့အိမ်ကို သွားသွားပို့တာ
ဒေဝါလီနေ့က အနောက်အိမ်ရော ငါတို့အိမ်ကပါ
မလိုင်မုန့်တွေ စားခဲ့ရတာ
မြောက်ဘက် ချက်စ်ကျောင်းက ခေါင်းလောင်းသံတွေက
ငါတို့စိတ်တွေကို နူးညံ့စေသလို
ရွှေရှေ့ဘုရားစေတီက ဆည်းလည်းသံလေးတွေကလည်း
မောဟတွေကို အေးချမ်းနေစေချင်တာ
လွတ်လပ်စွာ ကိုးကွယ်ခွင့်တွေက ယဉ်ကျေးတဲ့နိုင်ငံတော်
မိန်းမတွေဟာ မိခင်တွေဖြစ်လာမှာတူတူ
မိခင်တွေဟာ အိမ်တွင်းဘာသာရေးတစ်ခုပဲ
အိမ်တွင်း ငြိမ်းချမ်းမှုတွေကြောင့်
အကြမ်းဖက်မှုတွေ နည်းနည်းလာစေရတာ
အရေခွံအလွှာပါးအောက်မှာ
အနီရောင်သွေးတွေပဲ စီးနေတယ်လို့ မေမေက ပြောခဲ့ဖူးတယ်
ခုတော့
အရေခွံပါးပါးလေးရဲ့ အလွန်ကို မကြည့်ခဲ့ကြလို့
သဘာဝကပ်ဆိုးတွေထက် ဘာသာရေးအစွန်းရောက်မှုတွေကြောင့်ပဲ
ဖြတ်ရှုခဲ့ရတိုင်း ကျည်တွေနဲ့ပစ်မှတ်တွေကို ချိန်ခံခဲ့ရတိုင်း သွေးစက်တွေက
သတင်းတီဗီတွေပေါ်တောင် လာလာစွန်းထင်းခဲ့ရပြီ မေမေ
ခွဲခြားဆက်ဆံမှုတွေက
အဓိကရုဏ်းတွေ ဖြစ်ဖြစ်သွားတတ်လို့
ငါတို့နှလုံးသားတွေ မရင်းနှီးခဲ့ရပုံများ
ပြန်တွေးမိရင်
ဒုက္ခသည်စခန်းတွေ များများလာတာကိုပဲ အပြစ်တင်မိ
သံသယတွေဆိုတာ နှလုံးသားချင်း မနီးခဲ့လို့



ခု . . .
ငါတို့လက်သီးဆုပ်တွေ ဖြေချပြီး
တစ်ယောက်လက်ပေါ် တစ်ယောက်လက် အဆင့်ဆင့်ထပ်ရင်း
ငြိမ်းချမ်းရေးပန်းများ ပွင့်ပါစေ။
အတ္တတွေကို ခုတ်လှဲတိုင်း
နှလုံးသားပင်တွေ ပြန်ပြန်ပေါက်လာတတ်လို့
စစ်ပွဲဆိုတာ မလိုအပ်တော့ဘူး
သေချာတယ်
ဘယ်ဘုရားသခင်ကမှ
စစ်ပွဲတွေကို မချီးမြှောက်ခဲ့ဘူးဆိုတာ
လာပါ
နိုင်ငံသားတွေ
ဘာကြောင့် ငါတို့နှလုံးသားချင်း မနီးနိုင်ခဲ့ရမှာလဲ
သွေးကြောတွေတိုင်းမှာ မေတ္တာတရားတွေပဲ စီးဆင်းပါစေ။

၆၊ ၁၊ ၂၀၁၅။



www.burmeseclassic.com

www.burmeseclassic.com

**အစဉ်ကလျှား**

နိုင်သစ်

ဟေး ပင်လယ်ကိုသွားပြီလား
ပင်လယ်လေ များများရှူ
ငါ့အတွက် ပင်လယ်ရေတစ်လုံး လက်ဆောင်
အခု နားထဲမှာ ရထားညသြသံတွေ ကြားနေတယ်
နည်းနည်းတော့ အဟောင်းနံ့ထွက်သလိုပဲ
မျက်စိထဲမြင်ယောင်နေတာ ပင်အပ်တစ်ချောင်း
သူ့မျှချင်တာ ပရုပ်နံ့မဟုတ်ဘဲ ရှူဆေးတောင့်ရဲ့ အနီရောင်ကိုတဲ့ နေပါစေ
ကိုယ်တို့ ရန်သူတွေမဟုတ်လို့ ပြုံးပြကြတာ ဘယ်လိုပဲဖြစ်ဖြစ် မမှားဘူး
အဖိုဓာတ်နဲ့ အမဓာတ်ပေါင်းရင် ဘတ်သီးကလေးဟာ လင်းလာတဲ့ ချစ်မေတ္တာ
နေပါစေ နောက်တစ်ခါ ဝက်အူချောင်းမစားတော့ဘူး
ငါးတစ်ကောင် ဒယ်အိုးထဲမှာ ကူးနေတယ်
ကျုပ်က ငါးပါ အသားကချိုပေမဲ့ အရိုးကိုတော့ သတိထား
တုတ်ကဲ့ အရိုးကို ကျွန်တော် ထွေးထုတ်လိုက်ပြီ
ကျွန်တော် ခင်ဗျားလို မချိုပါဘူး ခါးနေတဲ့ ကျွန်တော့်စိတ်ကို ဖိမထားပါနဲ့
ကျွန်တော့်အိမ်က ကုန်းပေါ်မှာ
အခု တွယ်တက်နေတဲ့ ကမ်းပါးယံက ငါ့ကစားကွင်း
ကိုယ်တို့ဟာ တစ်ယောက်ချင်းရဲ့ ခြားနားချက်ကို ဖယ်ထားပြီး
တူညီချက်ကို ဘုံထုတ်လိုက်တယ်
ကမ္ဘာလောကကို သချာတွက်ကြည့်တော့
အဖြေက တစ်ယောက်နဲ့တစ်ယောက် တခြားစီ
ပန်းသီးနဲ့ လိမ္မော်သီး အရောင်မတူ အရသာမတူ
ယုံဝန်မှုသတ္တာန်ကတော့ အတူတူပဲ
ဆန့်ကျင်ဘက်တိုင်းကို ပဋိပက္ခနဲ့ ညှိလိုက်တော့
စပ်ဝွဲတွေ မီးလောင်တဲ့အတိုင်း ထွက်လာတယ်
စပ်ဝွဲကို ညီမျှချင်းချကြည့်တာ တွန့်လိမ်တဲ့ သုညပဲရတယ်
ဒီလိုနဲ့ တစ်နေ့မှာ ကြောင်အော်သံအမျိုးမျိုးကို မင်း ဘာသာပြန်တတ်မှာပါ
ကြောင်တစ်ကောင်ရှိဖို့တော့ လိုတာပေါ့
ဒါပေမဲ့ ခရမ်းချဉ်သီးကို ဓာတ်ခွဲကြည့်လိုက်တဲ့အခါ
ငါ ဝမ်းနည်းစရာတွေတွေ့တယ်



ဆလပ်ရွက်နဲ့နယ်လိုက်တဲ့အခါ ဗီဝဖြစ်စဉ်ဟာ မင်းကို ငါချစ်နေသလိုပဲ
မင်းရော အိပ်မက်မှာ မက်မုန်သီးတွေနဲ့ စကားပြောဖူးလား
ဒေါသကို မြေသြဇာမကျွေးနဲ့ ဘောဘီ
ချစ်ခြင်းမေတ္တာက လည်ဆွဲရတနာအားလုံးထက် တန်ဖိုးကြီးတာ ကိုယ်သိတယ်
စိတ်အချဉ်ပေါက်ရင် ဆားနည်းနည်းငုံထားမလား
အဖြစ်အပျက်တိုင်းသာ ရုပ်ရှင်ဆိုရင်
ပျော်ရွှင်စရာဓာတ်သိမ်းကို နွေဦးတစ်နေ့ရဲ့တနင်္ဂနွေမှာ ပြီးပါပြီ စာတန်းထိုးမယ်။



www.burmeseclassic.com

www.burmeseclassic.com

## ဆောင်းည စက်ရာ

ခိုင်သွေးကို

အစာရှာ တပ်မက်စိတ်ဟာ
နို့နှစ်ရောင် အသားအရောင်ထက် အစုန်အဆန်
ထကြွလာ၊ တိုကပ်ကပ်ရန့်
ခပ်ထိုင်းထိုင်း မီးခိုးရောင် ရာသီဆောင်းမှာ
ပြေးနှုန်းဟာ အလင်းထက်မြန်
ဒီ၊ အစာသွပ်မွေ့ရာထက်၊ အစာမသွပ်သော
ခုန်နှုန်းမြန် အသက်ရှူသံများ
ငါတို့ လွယ်ကူစွာ ကျိုးပျက်ခဲ့ ထိန်းသိမ်းခြင်း၊ ပြီး
ငါတို့ရဲ့ ကိုယ်ပိုင်မွေ့စက်ရာ၊ ပျော်ဝင်ရာနဲ့ ပူလောင်အိုက်စပ်
သတ္တလောကဟာ တဖြည်းဖြည်းပါးလျ၊ ကိုယ့်ဘက်အခြမ်းက
စိတ်တူကိုယ်တူ မှောင်အတိကျတယ်
ဘာမှမသိခြင်း မှော်ဝင်တေးထဲ
တစ်ယောက်အပေါ်တစ်ယောက် ခုန်ဆွလို့ အတွေးဗလာ ဆော့ကစားတယ်
အလင်းတိုင်၊ လောင်ကျွမ်း၊ စက်ရာခန်းမှာ
ဝေဝေဝါးဝါး အလင်းများနဲ့ တိတိကျကျ မှားတယ်
လျှာတွေ သက်ဝင်လှုပ်ရှားလွန်းတာ ခြွင်းချက်မဲ့
လက်တွေ များသထက်များလာတာ ခြွင်းချက်မဲ့
အချိန်ခဏတာ တူညီသော လှုံ့လစိုက်ထုတ်မှုများ
ဆောင်းဟာ၊ ချွေးစက်စက်ကျအောင် ပူနွေးတယ်ဆိုတာ။

၂၈ ၁၁၊ ၂၀၁၄။

## ကဗျာဆရာတွေ ငေးကျန်ခဲ့တဲ့မြို့

ချောမွေး

လေတိုက်နေပြီဆိုမှ သစ်ရွက်လှုပ်ပြီပေါ့
အချစ်သီချင်းတွေ လူကြိုက်များပေမဲ့
စိတ်မငြိမ်တဲ့ ရယ်သံတွေကြား
ကိုယ့်အစွဲနဲ့ကိုယ် မတ်တတ်ကြီးမေ့လို့

စိတ်ဓာတ်နည်းနည်းကျနေတဲ့အခါ
'ရသကမ်းခြေ'မှာ ထိုင်ငေး
ကိုယ်တိုင်တောက်ပပြမှ လင်းလက်ကြယ်
ကဗျာဆရာတွေ ငေးကျန်ခဲ့တဲ့ မြို့လေ
အဲဒီအရပ်မှာ လသာတယ်

ကိုယ်ထူကိုယ်ထ ရုန်းကန်သံတွေ
နောက်ကျောမလုံတဲ့ ခေတ်ရဲ့ဆက်ကြောင်းများ
ကိုယ့်ဒေါသနဲ့ကိုယ်
အိပ်မှုန်စုံမွှား နိုးထလာတဲ့ အိပ်မက်မက်သံ
ဆက်သွယ်မှုဧရိယာပြင်ပ ရောက်နေတဲ့အခါ
ငါ့မှာ မိုးမလင်းခဲ့ပြန်ဘူး

ဘာအိပ်မက်တွေ မက်နေရှာမလဲလို့
ဆောင်းဘက်လှနေတဲ့ ရာသီဥတု
အခါကြီး မိုးကြီးရွာချလိုက်သလို
အဖြူရောင် နှင်းပွင့်လေးတွေ
ဇာဥချွဲနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

## မြောက်

ချိုပိန်းနောင်

မြောက်အရပ်နဲ့ ပတ်သက်ပြီးကိုယ်တွေ ဘာမှ မသိဘူး
မသိဘူးလို့ ပြောရင်လည်း မသိရာရောက်မှာစိုးလို့
မသိချင်ယောင်ဆောင်နေလိုက်တော့တယ်။

မြောက်နဲ့ပတ်သက်ပြီး ကင်မ်ဂျုံအီလ်တို့ အုပ်ချုပ်နေတဲ့နိုင်ငံကို သိတယ်
မြောက်ဘက်မှာရှိတဲ့ သိမ်းခံလိုက်ရတဲ့
မျက်စိတစ်ဆုံး လယ်ကွင်းကြီးတွေကို သိတယ်
မြောက်ဘက်က လယ်ကွင်းကြီးတွေ သိမ်းခံရတာကို
လျော်ကြေးပြန်ရကြလို့ အားကျနေတဲ့ လူတွေကိုလည်း သိတယ်
လယ်ကွက်တွေ အသိမ်းခံလိုက်ရလို့၊ ဘာမှ လုပ်စရာမရှိတော့လို့
မြောက်အရပ်က တရုတ်ပြည်မှာ မယားငယ်သွားလုပ်နေတဲ့
လယ်သူမကိုလည်း သိတယ်။
မြောက်အရပ်နဲ့ပတ်သက်လို့ သိတာတွေကတော့ သိပ်အရေးမကြီးလှဘူး။

မြောက်အရပ်ကို ကိုယ်က မသိသလို
မြောက်အရပ်ကလည်း ကိုယ်ရှိနေမှန်းတောင် သူ မသိဘူး။
မြောက်အရပ်နဲ့ပတ်သက်ပြီး ၁၉၉၄ ခုနှစ်က ထွက်ခဲ့တဲ့
အမေရိကန် စွန့်စားရုပ်ရှင်ကားတစ်ကားကို သိတယ်
မြောက်အရပ်က ထွက်ပြေးလာတဲ့ ကဗျာဆရာတစ်ယောက်ကို မြင်ဖူးတယ်
မြောက်အရပ်နဲ့ပတ်သက်ပြီး ငေါ်မွတ်နေတဲ့ ကလေးငယ်တွေကို မြင်ဖူးတယ်
မှဒိမ်းကျင့်ခံနေရတဲ့ အမိုးသူကြီးတွေကို သိတယ်
စစ်တပ်က ချောဆွဲမှာစိုးလို့ တောထဲဝင်ပုန်းနေတဲ့ ယောကျာ်းသားတွေ
ငှက်ဖျားနဲ့ သေသွားကြတာကို သိတယ်
မြောက်အရပ်က ဘာမှန်းတောင်မသိဘဲ
စင်ပေါ်တက်ပြီး ကန်တော့ခံနေကြတဲ့ ဆရာကြီးတွေကို မြင်ဖူးတယ်။

North is a noun, adjective, or adverb indicating direction or geography. North is one of the four cardinal directions or compass points. It is the opposite of south and is perpendicular to east and west. ..



မြောက်အရပ်ဆိုတာ နာမ်တစ်ခုဖြစ်တယ်၊
ပထဝီအနေအထားနဲ့ ပတ်သက်တဲ့ အသုံးအနှုန်းဖြစ်တယ်၊
သံလိုက်အိမ်မြှောင်မှာ အမြဲညွှန်ပြတတ်တဲ့ နေရာတစ်ခုဖြစ်တယ်၊
တောင်အရပ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်
လို့ ပြောပေမဲ့ တောင်နဲ့ မြောက်အရပ်ကို
ဘယ်သူတွေ တီထွင်သွားသလဲဆိုတာကို ဘယ်သူမှ မသိလိုက်ကြဘူး။

ဘယ်လို အတွေးရပြီး ဘယ်ပုံ စခေါ်ခဲ့လဲဆိုတာကိုလည်း
ဘယ်သူမှ မသိလိုက်ကြဘူး။



www.burmeseclassic.com

www.burmeseclassic.com

**အိမ်ငှား**

**ချစ်တိုးနွယ်**

အပူရှိန်က အငွေ့ပျံလို့
စိတ်နှံ့ရုံအတွင်းဘက်မှာ
ဆေဖိအား နည်းနည်းလာတော့
ဝရိုယေသနအပြင်ဘက်မှာ
လူဖိအား များများလာတယ်။

ချည်နဲ့မှုနဲ့ ခြေချင်းလိမ်
တိမ်တွေလို ပြောင်းရွှေ့ကျောခင်း
ပြီးတော့ တိမ်တွေလို တစ်စချင်း
လွင့်တင်လိုက်တဲ့ မိုးကောင်းကင်မှာလည်း
ရုပ်သူတတ်တဲ့ တွင်းနက်တွေရှိလိမ့်မယ်။

ရေမကြည်နိုင်ခဲ့ရာ
မြက်မနုနိုင်ခဲ့ရာ
ဘဝလို ကြွပ်ရွ ကော့ဆတ်
မီးဟပ်လွယ်တဲ့ ခေါင်မိုးတွေဆီ
ထရံတစ်ချပ်ရဲ့ ဟိုဘက် သည်ဘက်
ဝန်းချင်းထိနေတဲ့ အသက်ရှူသံတွေဆီ
လင်နဲ့မယားက မောင်နှမလို သိုသိုသိပ်သိပ်
ကြမ်းတစ်ပြေးတည်း အလှမ်းဝေးရဲ့ကြရုံ
ကြာတော့
နားစွင့်နေတဲ့ ယုန်ကလေးတွေလို
ဘာတိုမှ မယုံရဲနိုင်ခဲ့ကြဘူး။

ချောက်မကြိမ်ဆိစပ်ကြား
ကိုယ်တိုင်က အငှားခန္ဓာအိမ်ပဲ
ဒီလိုလည်း သတိလေးကပ်လို့
အခွံတစ်ခုတည်းမှာ
ခွေးစေးတွေနဲ့ အစိုပျံခဲ့ရပါတယ်။



**ခင်ဗျား သဘောတူတူ မတူတူ**

**ချစ်မင်းမောင်**

လိုရင်းရောက်အောင် လျှော့ခတ်မှုမှာ ဘယ်သူဘာပြောပြော သိပြီးသားဖြစ်မယ့် မိနီရေးချား ဗုဒ္ဓတွေကိုလည်း ထားခဲ့လိုက်ပါတော့၊ ဘာသာမဲ့ခြင်း မမဲ့ခြင်းထက် ဘာသာမဲ့ကြောင်း လက်ကမ်းစာစောင်ဝေသလို ရွတ်ဖတ်သရဇ္ဈာယ်နေတော့ အနှစ်သာရမဲ့စွာ ပြီးနေမိပြီမလား၊ ဖေ့စ်ဘွတ်ခ်ပေါ်မှာ ပေရယ်ဖူးလ်စေတေးတပ်စ်တွေ လှိုင်လှိုင်ဖတ်ရတော့ ပျော်တာပေါ့၊ အဓိပ္ပာယ်ရှိပြီး အကျိုးမရှိတာထက် အဓိပ္ပာယ်မရှိပေမဲ့ နိဗ္ဗူဝရဲ့ အတိဒုက္ခမှာ နူတ်ခမ်းလေးတွန့်ပြုံးခွင့်ရနေတာကိုက ဘုရားသခင်ရဲ့ ကြီးမြတ်မှုလို့ ဆိုပါစို့၊ ဆိုပါစို့ထက် ဆိုကြပါစို့၊ ဒီလိုဆို ဟောရာကလိုက်တပ်စ် အလိုအရ ဒုက္ခဆင်တူလေးတွေတော့ ဘဝမြစ်ကြီးထဲ နှစ်ခါမျောမလာသင့်ဘူးမလား၊ ခင်ဗျား သဘောတူပါ ခင်ဗျား သဘောမတူလည်း နေပါ၊ ခင်ဗျား သဘောတူတူ မတူတူ MH370 ကြီးလည်း ပျက်ကျခဲ့ပြီ၊ ခင်ဗျား သဘောတူတူ မတူတူ ကျွန်တော်တို့ဆီက လူကြီးတွေလည်း အရပ်ဝတ်နဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဆိုပြီး သွားနေကြပြီ၊ ခင်ဗျား သဘောတူတူ မတူတူ ကဗျာဆိုတာ မဂ္ဂဇင်းတစ်ခုထည်းတင် မဟုတ်တော့ဘူး၊ ခင်ဗျား သဘောတူတူ မတူတူ ခင်ဗျားနေတဲ့ အရပ်က ဥပဒေကို ခင်ဗျား လိုက်နာရပြီ၊ ခင်ဗျား သဘောတူတူ မတူတူ ထပေါ်ကို လူတွေ ခြေချခဲ့ပြီ၊ ခင်ဗျား သဘောတူတူ မတူတူ ကမ္ဘာကြီးလည်း ပူခဲ့ပြီ၊ ခင်ဗျား သဘောတူတူ မတူတူ ထင်းရှူးပင်ရိပ်စာအုပ်က ထွက်ပေါ်လာခဲ့ပြီးပြီ၊ ခင်ဗျား သဘောတူတူ မတူတူ မြန်မာပြည်မှာ ဘာဂါစားရင်းဆိုင်တွေ တိုတိုသွားပြီ၊ ခင်ဗျား သဘောတူတူ မတူတူ လူပေါင်းများစွာသေတဲ့ ဆန္ဒပြပွဲတွေ ဖြစ်ခဲ့ပြီ၊ ခင်ဗျားသဘောတူတူ မတူတူ နိုင်ငံရေးအကျဉ်းသားတွေလည်း သံတိုင်နောက်ကနေ လန့်ဖ်ခရွှဲဇာမှန်နောက် ရောက်ခဲ့ပြီ၊ ခင်ဗျား သဘောတူတူ မတူတူ ချုံနွယ်ထူထပ် အိမ်အိုကြီးလည်း တောက်တောက်ပပ အသစ်တစ်ဖန် မွေးဖွားခဲ့ပြီ၊ ခင်ဗျား သဘောတူတူ မတူတူ သေခြင်းတရားက ခင်ဗျားနောက်က ကပ်လိုက်လာနေပြီ။ ခင်ဗျား သဘောတူတူ မတူတူ ဒီစာဟာ ရေးပြီးသွားပြီ၊ ခင်ဗျား သဘောတူတူ မတူတူ ဒီစာပိုဒ်ကို ကဗျာလို့ သတ်မှတ်လိုက်ပြီ၊ ခင်ဗျား သဘောတူတူ မတူတူ ဒီကဗျာကို ဒီမှာ ရပ်လိုက်ပြီ။

၁ ဧပြီ ၂၀၁၄။

www.burmeseclassic.com

၂၀၁၄
ချစ်ဝင်းမောင်

ရာသီဥတုက
ကိုယ့်ကို မျက်ရည်ဝဲတယ်
ဒီစနေမှာ စွေတဲ့မိုးရယ်
အငြိုးကြီးလွန်းတယ်။

ရမ်မာဆန်က ဇီယက်နမ်ကို ကျော်နေတုန်းမှာ
ဓတ်(တ်)မိုက ထိုင်ဝမ်ကိုချိန်ရွယ်
ကမ္ဘာကြီးဟာ ဖောက်ပြန်မှုနဲ့အတိပြီးတယ်။
ဟားမားစ်တွေက ဒုံးကျည်နဲ့ပစ်တယ်
အစ္စရေးက ရဟတ်ယာဉ်နဲ့ဝဲတယ်
ဖါဇာဟာ ဒဏ်ရာဗရပွနဲ့
သေသူ ငါးရာကျော် အပြစ်မဲ့
ဘန်ကီမွန်း ဒစ်ပလိုမေစီနဲ့
ဓာတ်ပြားပေါင်း ပါလက်စတိုင်းပဋိပက္ခ။

တံခေါင်းသူများရဲ့
အမ်အိတ်ချ်ဆဲဗင်းတင်း
ကြေကွဲနှင်းဆီများရဲ့ ဘလက်ဘောက်စ်
တရားခံဟာ ပူတင်လား ယူကရိန်းထဲက သူ့လူတွေလား
ငိုကြွေး ပူဆွေးသူများနဲ့ ကမ္ဘာ
စစ်ဘေး သဘာဝဘေးနဲ့ လူလုပ်ဘေးများ။

ထယ်သမားတွေ လက်ထိပ်နဲ့
အချုပ်ထဲ ဝင်သွားကြပြီ
ခင်ဗျားတို့ ဒီအတိုင်း ကြည့်နေကြတော့မလား။
ဖဘပေါ်က အသံတစ်သံ။
မီဒီယာသမားများ
ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ကျစေ
ဆန္ဒဖော်ထုတ်သူများအတွက် ပုဒ်မ ၁၈။



မန္တလေးမှာ ၁၄၄
ကချင်မှာ စစ်ဘေး
ရခိုင်မှာ လူမျိုးရေး
မဘသက အမျိုး ဘာသာ သာသနာစောင့်ရှောက်ရေး
အင်န်အယ်လ်ဒီ ၄၃၆ ပြင်ရေး
လွှတ်တော်က ပီအာရ်တင်ရေး။

ဘတ်စ်ကားတွေ ကြပ်တယ်။
လမ်းတွေ ပိတ်တယ်။
ဈေးကြီးတယ်။
လှိုင်သာယာမှာ ဓာတ်ကြိုးပြတ်လို့
မိန်းမ ၃ ယောက် သေတယ်။
(တာဝန်ယူသူ မရှိ)
ဝန်ကြီးချုပ်က ပွဲတက်တယ်။
မြို့တော်ဝန်က အခမ်းအနားဖွင့်လှစ်တယ်။
မြို့လယ်ကောင်မှာ ရေတွေကြီးတယ်။
ဆူးလေ ပန်းခြံမှာ
မိကျောင်းကန်အဖွဲ့တွေ စတည်းချတယ်။
အထည်ချုပ်အလုပ်သမားတွေ ဆန္ဒပြတယ်။
မြေယာမဲ့သူတွေ ဆိုင်းဘုတ်ထောင်တယ်။
အင်န်ဂျီအိုတွေ ခြေရှုပ်တယ်။
ဒီကြားထဲ
ကျော်နေဝင်းက
AGD ကို ဝယ်လိုက်တယ်။

၂၀၁၄။


www.burmeseclassic.com

www.burmeseclassic.com

## နှင်းမကျွဲခင်

ချမ်းမင်းအိမ်

ထုံးစံအတိုင်း
ရာသီဥတုက ညို့မှိုင်း အုံ့ဆိုင်းနေတုန်းလေ . . .
မျှော်နေလား . . .
ဆက်မျှော်လေ . . .
နှစ်များစွာ မျှော်လာပြီးမှတော့
မျှော်ရတာကို မျှော်လို့ကောင်းတယ် မဟုတ်လား . . .
ထိမ်ငေးသူ ငေးလို့
အိမ်ဝေးသူ ဝေးလို့တဲ့
ထမင်းစားပွဲမှာ လွတ်နေတဲ့ခုံက လွတ်နေတုန်းပဲ။

တောင်းကင်က ကြယ်ကိုတောင်
နိုးကြောင်နိုးဝှက် ကြည့်နေရတုန်း
မြူးမိမှာစိုးလို့
လကိုတောင် နိုးမကြည့်ရဲတော့ဘူး
နေသာ လသာမှ
ဘဝကို ဖျာခင်းထိုင်မယ် စိတ်ကူးတော့
မြူးနေတဲ့ လေတွေက
မွှေလိုက်ပြီလေ . . .။

တဲ . . .
နှင်းမကျွဲခင်ထိ
မှိုနေတဲ့ သစ်ကိုင်းခြောက်ကိုချိုး
မြေကြီးပေါ် လမင်းပုံ ထိုးလိုက်ကြစို့။



## ကျွန်တော့် လွမ်းသူ့ပန်းခွေပေါ်က ကဗျာ

ချယ်ရီမင်းဆွေမင်း(ပုသိမ်)

ကိုအောင်ဝေး နယူးယောဘ့်မှာရေးတဲ့
ထူးအိမ်သင် ၁၀ နှစ်ပြည့် အမှတ်တရ
'ပုသိမ်သားများ မဖတ်ရ'ကဗျာလေးထဲ
ကျွန်တော့်နာမည် မပါဘူး။

ကိုတိုးဝေရဲ့
၂၀၁၅ လွတ်လပ်ရေးနေ့က
ကောက်ညှင်းပေါင်းကျွေးတဲ့ပွဲ
ကျွန်တော့်ကို မဖိတ်မိဘူး။

ကိုအောင်ပွင့်ရဲ့
တော်ဘုရားလေး စာပေဆုရ
'ငြိမ်းချမ်းရေးညစာ' ကဗျာစာအုပ်
ကျွန်တော့်ကို ပေးမဖတ်ဘူး။

အဆိုတော် ထူးအိမ်သင်ရဲ့ အင်တာဗျူး
ကျွန်တော့်နာမည် မပါဘူး။

ပုသိမ် စာပေအသင်း
မြန်လည်ဖွံ့ဖြိုးရေး
ကျွန်တော့်အတွက် နေရာမရှိဘူး။

ပုသိမ်မြို့ရဲ့
'အိုအိုင်စီ' ဆန္ဒကျင်ရေးသပိတ်
ကျွန်တော့်ကို လုံးဝမဖိတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ပုသိမ်မြို့က
ကဗျာဆရာတွေ စုထုတ်တဲ့
'ငြိမ်းစေသော်' ကဗျာစာအုပ်
ကျွန်တော် မသိလိုက်ရဘူး။

ပုသိမ်ကို
မိုးဝေမဂ္ဂဇင်း ကဗျာစာတည်း
ဆရာမောင်သွေးသစ် လာသွားတာ
ကျွန်တော့်ကို သိခွင့်မပေးကြဘူး။

၁၉၈၈ ခုနှစ်ဝန်းကျင်က
ဆရာကြည်အောင်ရဲ့
ဝိဉာဉ်မာရသွန် ကဗျာ
အတူရွတ်ခဲ့ကြတဲ့
ဆရာမောင်သာချို
အခု ပုသိမ် စာပေဟောပြောပွဲမှာ
ကျွန်တော့်ကို မမှတ်မိတော့ဘူး။

အခုတော့ ကျွန်တော့်ရဲ့ လမ်းဆုံးရွာကလေးမှာ
ကျွန်တော်ကိုယ်တိုင်ရေးတဲ့
ကျွန်တော့်ရဲ့ လွမ်းသူ့ပန်းခွေ ကဗျာလေးတစ်ပုဒ်နဲ့
ဟုတ်ကဲ့ ကျွန်တော် သေပျော်ပါပြီခင်ဗျာ။



**ဈောက်ပွဲတစ်ပွဲမှာ မျက်လှည့်ကြည့်ခြင်း**
ခွန်ရှိုင်း

ထိတ်ဆိတ်ခြင်းက အသက်မဲ့ဟန်ဆောင်တယ်
ဆူညံစွာ တီးခတ်နေသံမှာ စိတ်က မိုးပျံပူဖောင်းလို
လွတ်ထွက်တော့မတတ် ပိန်လိုက် ဖောင်းလိုက်
အညာလွယ်လွန်းတဲ့ အသီးဆို
သူတို့ ဆွတ်ချူလိုက်တယ်
အိပ်မက်ထဲမှာတောင်
ထည့်မမက်ဖူးတဲ့ ပိုးနသန်ကောင်ကြီးတွေ
ငါ့အပေါ် တွားတတ်လာ
အိပ်မက်ထဲမှာတော့
ငါဟာ တောင်ကုန်းတစ်ကုန်း ဖြစ်နေတယ်
လူတွေက တောင်ကုန်းတွေနောက်
နေဝင်တာကို ကြည့်၊ လွမ်းနေကြ
တကယ်တော့
ဝင်သွားတာက နေမဟုတ်ခဲ့ဘူး
မျက်လှည့်ဆရာက ပရိသတ်ရှေ့ မထွက်ခင်
နေကာခရင်မ် လိမ်းခဲ့တယ် မိတ်ကပ်လိမ်းတယ်
ရေခဲတုံးကြီးကို သူတို့ ရိုက်ခွဲလိုက်တဲ့အခါ
ရေခဲတုံးလေးတွေက
ငါတို့ အခုသောက်နေတဲ့ ခွက်ထဲမှာ
(အား ...)
ငါ့သွားတွေ ကျိန်းစပ်သွား
ငါ့ပါးစပ်ဟာ ထုံကျင်ဆွံ့အလို့
ငါကြည့်နေတဲ့ ရုပ်ရှင်ထဲကလို စက်သေနတ်တွေ
တရစပ် ပစ်ခတ်လိုက်သံရဲ့ အဆုံး
ငါ့မျက်လုံးထဲက
သွေးတွေ တပွက်ပွက် ထွက်ကျလာတယ်
မြင်မြင်သမျှဟာ သွေးစွန်းသွားစေမယ့် လက်ခုပ်လက်ဝါးများနဲ့
အော်ကြဟစ်ကြ မြှောတွန်သံတွေ လူးလွန့်ကြ
နောက်တော့လည်း လူတွေက ရေလို အေးခဲသွားပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## အတိတ်သစ်တွေက လိပ်ပြာဝိုင်ခွက်ထဲမှာ

ခွန်သာ

အဝတ်ဗီရိုကို ဆွဲဖွင့်လိုက်တယ်
မဝတ်တာကြာပြီဖြစ်တဲ့ လင်းနို့လူသားအင်္ကျီက ခပ်ဆွေးဆွေးပြန်ကြည့်
အခုဖိုက်နဲ့ အခုဆိုက်နဲ့ ဘယ်လိုမှမတော်နိုင်တော့မှန်း သိသိနဲ့
ပြန်ဝတ်ဖို့ ကြိုးစား
အဆုံးမှာ လက်ခံလိုက်ရတဲ့ ရလဒ်က
ညစာစားပွဲကို ပုံမှန် ပွဲထိုင်အဝတ်အစားနဲ့ တက်ဖို့ပဲ
အတွေးထဲကို ရေတွေဖြန်းဖြန်းပေးရပြီ
ခေါင်းထဲက လင်းနို့တွေ ရှင်းရှင်းပေးရပြီ
ငါ မအိုသေးဘူး ဟုတ်တယ် ဒါပေမဲ့
ငါ အိုသွားပြီလေ
အိမ်ကြီးပေါ်က လူဝကြီးရဲ့ဟောက်သံက
တဲစုတ်ထဲက အငတ်သမားရဲ့ ဗိုက်ဆာလို့ မြည်တဲ့အသံနဲ့
ကွဲပြားမှုရှိပေမဲ့
သေးလူတွေ အိပ်ရေးပျက်စေခြင်းက အတူတူပါ
နေ့ရှိုင်းအုပ်ကြီးက သားသတ်ရုံကို အိမ်အမှတ်နဲ့ပြန်သွားတာ
မြင်ရတိုင်း မြင်ရတိုင်း
ဝီစကီပုလင်းလေးဆွဲပြီး လမ်းထိပ်က တရုတ်ခေါက်ဆွဲဆိုင်ကို
သွားနေတတ်ပြီ
အခုကျတော့
ဆာမူရိုင်းက ဓားသိုင်းမတတ်တော့ဘူး
စုတ်တံတစ်ချောင်းနဲ့ တိုက်တန်းနှစ်သဘော်ာတွေပေါ်
ဝန်ချီလိုက်ပြီးရေးတယ်
နာရီထဲက လက်တံတွေ ပြုတ်ကျသွားတာကလည်း
အချိန်ကုန်ရခြင်း တစ်မျိုးပါပဲ
အခုလည်း ကြည့်လေ
ကြက်သွေးရောင်သန်းနေတဲ့ ဘတ်စကားမှတ်တိုင်ကိုကြည့်ပြီး
ကဗျာရေးဖို့ ဦးနှောက်ကို လျှော်ဖွပ်နေရတယ်
လင်းနို့ပေါက်စလေးတစ်ကောင်
စောစောစီးစီး နိုးလာပြီး
ဗာဒံပင်ပေါ်မှာ
ဘရိတ်ဖတ်ဆွဲနေလေရဲ့
ကိုယ့်အတွေးတွေကို ကိုယ်
ဝိုင်ခွက်ထဲထည့်ပြီး မော့ချလိုက်တယ်
ခါးလိုက်တာကွာ။



www.burmeseclassic.com

www.burmeseclassic.com

## ခုတ်ခက်ခဲခဲ ရှူသွင်းလိုက်တဲ့လေက အမြဲတမ်း အေးစက်စက်

ဂီတယွန်းအိမ်

ကောက်ကျစ်မှုက ငါ့ပေါ်ခုန်အုပ်ဖို့ ကြိုးစားတယ်
ဘယ်လောက်ပဲ သူစိမ်းဆန်ချင်တယ်ပြောပြော
ရှူထုတ်လိုက်တဲ့လေဟာ အမြဲ နွေးနေမှာပဲ။
ရှေးဆန်ချင်တဲ့စိတ်က သစ်သားအိမ်လေးကို ချစ်တယ်။
မြေဝါ အဝါရောင်ပေါ်မှာ လိုချင်မှုက ကပ်ငြိ။
ထက်ရေးမှာ စေ့စပ်လက်စွပ်ကို ပြန်ရောင်းထုတ်ဖြစ်ခဲ့ပေမဲ့
နှစ်ဦး ပြန်ပေါင်းစည်းမိတာဆိုရင်
မကောင်းမှုက ဖြတ်လျှောက်မလာရုံသက်သက်ပေါ့။
ခုမှ မတူညီတော့ဘူးဆိုတာ ကျရှုံးက မြန်လွန်းနေပေါ့။
ပုံသေနည်းကျနေ့ရက်များ ငါ့ကိုယ်ပေါ် ထိုးဆွတယ်။
ချောက်အိပ်မက်တွေ မမက်တော့တာ
ကယောင်ချောက်ချားနဲ့ ထမထိုင်ဖြစ်တော့တာလည်း
နှစ်နဲ့ချီလာတော့ တမ်းတမိတယ်။
ရှေးမိုးစွဲစာသားတွေ ထပ်မစီပြပါနဲ့။
သင့်မြတ်တယ်လို့ ထုတ်ပြောနေရတာ အဆင်မပြေဘူး။
တပ်မက်စိတ်က ဒုက္ခဆိုရင် 'အ'နေတဲ့ အသံပေါ့။
လက်ချောင်းတွေကြားထဲ ဖြတ်ဖြတ်ဝင်နေတာ။
နားမလည်ခြင်းများက ညှပ်ချလိုက်တဲ့ လက်သည်းစမှာ ဖုန်မှုန့်ကပ်ငြိလို့။

## ငါ ငိုနေတယ်

ဂျိုဇော်

အသက်ကြီးလေ
မျက်ရည်လွယ်လေလား။

ရဲဘော်လေးတွေ
ကျဆုံးတော့
ငါ ငိုမိတယ်။

ကျောင်းသားလေးတွေ
သပိတ်မှောက်တော့
ငါ ငိုမိတယ်။

လယ်သမားတွေ
ဖွားဖက်တော်မြေ
အသိမ်းခံရတော့
ငါ ငိုမိတယ်။

အလုပ်သမားတွေ
မွေးရာပါ ချွေး သွေး
ဈေးအနှိမ်ခံရတော့
ငါ ငိုမိတယ်။

ငါတို့ သမိုင်းကြောင့်
ငါတို့ ပထဝီဝင်ကြောင့်
ငါတို့ အီကော်နော်မီကြောင့်
ငါ ငိုမိတယ်။





www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး
ဒို့ထက်လည်း အသက်ကြီးသေး
မွေးကတည်းက မျက်ရည်အိတ် မပါလာသူတွေကြောင့်
ငါ
ငိုနေရတယ်။

### ငြိမ်းချမ်းရေးအတွက် နှလုံးသွေးတစ်စက်
ဂျင်မီ

အလင်းစက် အလင်းမှုန်တွေ
စုပုံလို့ ပြိုကျ
သိပ်လှတဲ့ ကမ္ဘာမြေ
ဟိုမှာ ဒီမှာ အမြန်ဆုံး ခြေလှမ်းတွေနဲ့
ဘတ်စ်ကားတွေပေါ် ပြေးတက်
ဈေးဝယ်ပြီး ပြန်ကြ
ကျောင်းမှန်ဖို့ ဆန္ဒ
အဲဒီလို
လူ့ဘဝဟာ ပြေးကြ လွှားကြ။

မီးမှန်တိုင်းတွေ မွှေနှောက်
မြို့တော်တွေ ခြေရာပျောက်
ယမ်းခိုးကြားက လူ့ဘဝများဟာ
ချာချာလည် မူးနောက်
လူမမည် ချာတိတ်လေးရဲ့
မြန်မြန်ဆန်ဆန်ပြေး
ဟိုဝင် ဒီဝင် မမေးနဲ့
တွန်းအားသုံး ခန့်အပ်တဲ့
လောဘခေါ်ခြင်းကြောင့်
လောကကြီး မာယာများ
ရှုပြုံင်ပြီး ရင်ဆိုင်မလား
အချင်းချင်းရော အမဲလိုက်ကြမယ့်
မကြင်နာ စိတ်ကူးအမှား
သံသရာရဲ့ အဆိုးများ
ဒူဝေဝေကြမှာလား။





www.burmeseclassic.com

www.burmeseclassic.com

တောရိုင်းဖာတ်တွေ အဆုံးသတ်ဖို့
နှလုံးသားတွေ ပန်းခင်းဖြစ်လို့
အနာဂတ်ကို ဖူးပွင့်လိုက်ပါ
ငြိမ်းချမ်းရေးသာ တို့ကမ္ဘာ
ငြိမ်းချမ်းရေးသာ တို့သာသနာ
ငြိမ်းချမ်းရေးသာ တို့ကဗျာ။



## Vincent

ဗျှန်ဘွား

ခင်ဗျားနှယ်
ပင်ကိုပျက်လျှော့
သဘောရှိတဲ့ စိတ်နဲ့
ပြင်းပြလှပ်ရှား ဆန္ဒက ပန်းချီတဲ့
ကဲ မတည်ငြိမ် လှုပ်ရှား
ခင်ဗျားပန်းချီကားတွေဟာ
ဆန့်ကျင် ရုန်းကြွနေရောပေါ့
လှုပ်ရှနေတဲ့ ခင်ဗျားရဲ့
အဆုပ်တွေ နှလုံးတွေ
ပတ္တူစပေါ် ခင်ဗျား ဖြန့်ခင်းလိုက်ပုံ။



www.burmeseclassic.com

www.burmeseclassic.com

## နေဆောင်းလား ခိုးလိုးခုလုကြီးပဲလား ဂျော်နီ

ငုအိမ်ထက်မြက်

ဟိုတုန်းက ကိုယ်တို့သိခဲ့တဲ့
တုတ်တစ်ချောင်းနဲ့ လမ်းလျှောက်မြဲ လမ်းလျှောက်နေခဲ့တဲ့ ဂျော်နီခမျာ
အခုတော့ ဝှီးချဲပေါ်မှာ
ဝှီးချဲပေါ်က ဂျော်နီဟာ မော်တာကျည်ဆန်လို ကိုယ့်ဦးခေါင်းကို ဖြတ်သန်းပြီး
ကိုယ့်ရှေ့က နံရံတွေကို တဒိုင်းဒိုင်းနဲ့ ထွင်းသွားတယ်
ဟိုက်ရှားဘား ဘာတွေဖြစ်ကုန်ပြီလဲ
ဓမ္မတာတွေ သွေဖည်သွားတာဟာ ဓမ္မတာပါလို့ လှမ်းအော်ပြောသွားတာ
ခင်ဗျားလား ဝှီးချဲလား ဂျော်နီ
မစ္စတာဂျော်နီ အခုလို ခင်ဗျားကို ဝှီးချဲပေါ်ရောက်အောင် လုပ်လိုက်တာ
ဘယ်သူလဲ
လွတ်လပ်သော ဈေးကွက်ပြိုင်ဆိုင်မှု ပြိုင်ကားတစ်စီးလား
စိတ်ကူးပြန့်ကျက်မှုအနုပညာ ဆူနာမိလှိုင်းလား
အိနဲ့ ဝှီးချဲပေါ်ရောက်နေတော့ ခင်ဗျား လမ်းလျှောက်ဖြစ်သေးလား
ဝှီးချဲပေါ်က ဂျော်နီဟာ ကိုယ့်ကို လှည့်မကြည့်ဘဲ ခပ်တည်တည်နဲ့
တုတ်ကောက်နဲ့လမ်းလျှောက်နေဆဲ ဂျော်နီက ကိုယ့်ပခုံးကို လာပုတ်တယ်
တော ကိုယ့်ဟင်းလင်းပြင်မှာလည်း ပျံဝဲနေတဲ့ နောက်ထပ်ဂျော်နီတစ်ယောက်
အိန္ဒိယလို အတောင်ပံတွေနဲ့
ကိုယ့်ကို ခွင့်လွှတ်ပါ ဂျော်နီ ခင်ဗျားမှာ ကာမပိုင်ရှိမှန်း သိသိနဲ့
ကိုယ်ဟာ လူဆိုးပါ ဂျော်နီရယ် ကိုယ့်ကို မုန်းလိုက်မေ့လိုက်
အဓမ္မခိုးယူပေါင်းသင်းမိသလို ဖြစ်သွားတယ်ဗျာ ဆောရီး
ဂျော်နီရယ် ခင်ဗျားသာ တုတ်တစ်ချောင်းနဲ့ စပြီး လမ်းမလျှောက်ဖြစ်ရင်နဲ့
ဂျော်နီကို ဘယ်အထိ ဆွဲဆန့်လို့ရသလဲ
ဘယ်ဂျော်နီကို ဘယ်အထိ ဘယ်သူပိုင်ဆိုင်သလဲ
ဘယ်ဂျော်နီဟာ မူရင်းလဲ ဆိုတာတွေကို တွေးတောမိရင်း
ကိုယ်လည်း လူသူရှုပ်ထွေးပြီး ဒဏ်ရာတွေနဲ့ ချာချာလည်နေတဲ့ ဒွန္ဒယာကြီးထဲမှာ
ခင်ဗျားလည်း မူပိုင်ခွင့်တွေ ရှုပ်ထွေးပြီး
သတင်းစာသားတွေ ပုံရိပ်ကွန်ရက်တွေနဲ့ တဝှီးဝှီးညော်နေတဲ့ ဒွန္ဒယာကြီးထဲမှာ
အေးဗျာ ဂျော်နီ
မူရင်းဆိုတာကို ဘယ်သူတွေက လိုက်နာကြလို့
ဘယ်သူတွေက ငြင်းဆန်ကြလို့
ဘာပဲပြောပြောပါ ဂျော်နီဟာ ဂျော်နီဟာ ဂျော်နီဟာ ဂျော်နီပါ ဂျော်နီ
ကျေးဇူးပါ ဂျော်နီ
ကျေးဇူးပါ အားလုံးသော လာလတ္တံ့သော မစ္စတာဂျော်နီ မစ္စဂျော်နီ
လိင်အဆင် အမျိုးမျိုး နာမဝိသေသန အပြားပြားနဲ့ ဂျော်နီ
ဟား ...ဟိုမှာလည်း ဟိုဂျော်နီ ဒီမှာလည်း ဒီဂျော်နီ
ဂျော်နီတွေ ဂျော်နီတွေ ဂျော်နီတွေ ဂျော်နီတွေ
စတိုင်လ်အမျိုးမျိုးနဲ့ လွတ်လပ်သော ဂျော်နီအမျိုးမျိုးတို့ရဲ့ ဒွန္ဒယာကြီးပေါ်
အင်း ...ပျော်စရာတော့ အကောင်းသားပဲနော် ဂျော်နီ
ဒါမှမဟုတ်။





www.burmeseclassic.com

www.burmeseclassic.com

**ဟေး . . . အီရှန်**

ငယ်ငယ်

တာဝန်တွေနဲ့ ဘဝကို ပျောက်ဆုံးခံမလား
ဝတ္တရားတွေနဲ့ ခြောက်သွေ့တော့မလား
ဟော့ . . . အီရှန်
ကလေးဆိုတာ လွတ်လပ်မှုရဲ့တံခါးပေါက်
အောင်မြင်မှု လက်တစ်ဆုပ်စာထဲ မင်းပါဝင်ဖို့
အောက်ဆီဂျင် အပြတ်ခံတော့မလား
မိဘတွေရဲ့ မအောင်မြင်ခဲ့တဲ့ ရည်မှန်းချက်တွေကြားထဲ တွန်းထည့်ခံ
မင်းရဲ့ပျော်ရွှင်မှုတွေ ပြားကပ်နေတာ
ဟော့ . . . အီရှန်
ကျေးဇူးတရားဆိုတာ ခုတ်ထစ်ခံပြီးဆပ်မှ ကျေတာလား
နိုးနိုးသားသား ရှုံးနိမ့်ခွင့်ကို ငါတို့ ပိုင်တယ်
လူတော်မဖြစ်ရုံနဲ့ ရှေ့ရေးကိုလက်လျှော့ဖို့ ခွင့်မပြုဘူး
တန်းတူရည်တူ မရေးနိုင် မဖတ်နိုင်ရုံနဲ့
အခွင့်အရေးကို ခွင့်မပေးတော့ဘူးလား
ထူးထူးခြားခြား နုံအတာဟာ ကလေးတွေရဲ့
ကိုယ်ပိုင်ဇီဇ ဖြစ်ပါတယ်
လွဲမှားတဲ့ စေတနာတွေအတွက် အငွေ့ပျံခံတော့မလား
မတတ်စွမ်းနိုင်သမျှကို အပြစ်လို့ ဒဏ်ခတ်တယ်
ယှဉ်ပြိုင်ချင်ရင် ကလေးမမွေးဘဲ ပြိုင်မြင်းတွေမွေးပါ
ကောင်းကင်ဟာ ကျယ်တယ်လို့ သင်ယူရလောက်အောင်
ငါတို့ မကာန်းသေးဘူး
သဘာဝတရားဟာ မင်းကို ဆွဲဆောင်နေပြီ
ဟော့ . . . အီရှန် လောင်းရိပ်ဆိုတာ အရိပ်တစ်မျိုး
ထင်ပေါ်လာတဲ့အခါ ငါတို့ညံ့ဖျင်းမှုဟာ လူသိများလာရုံပါပဲ
ဟော့ . . . အီရှန် လွတ်လွတ်လပ်လပ်သာ ပျံ။

*(Every Child is Special ဇာတ်ကားကြည့်၍)*

**စိတ်ဓာတ်တစ်ခု**

ငြိမ်းသစ်အိမ်(လှည်းကူး)

ယုံကြည်ရာကို တစ်ဖွတ်ထိုးဖို့
ပွဲလှန့် ဖျားခင်းရမယ့်အဖြစ်ကို မလိုချင်နဲ့
နှင်တံကိုကြောက်မှ ရုန်းရမယ်ဆိုရင်
လမ်းအမှားတွေပဲ ကိုယ်ရောက်မှာပေါ့
ပန်းတိုင်ကိုမမြင်လည်း ဆက်သွားရမှာ
မျှော်လင့်ချက်ပျက်လည်း ဆက်ရွေ့ရမှာ
ခါးသီးမှုဆိုတာ . . .
ဆေးဘက်ဝင်တဲ့ အာဟာရတစ်ခုပဲ
အကြောက်တရားထဲ
အာဏာထည့်တတ်တဲ့ခေတ် ဆိုတော့လည်း
ကမ်းကုန်အောင် ရုပ်လုံးပြပြီး မိုက်ဇာတ်ခင်းကြတယ်
အားမငယ်ပါနဲ့ . . .
လက်ပန်းကျ ခြေတိုသွားလည်း
ပြာသလောက် ဖွဲထွက်ဦးမှာပါ
ကဲ . . . ဆက်လျှောက် . . .
လမ်းဆုံးရင်တော့ ရွာတွေ့မှာပဲ။





www.burmeseclassic.com

www.burmeseclassic.com

## ကြေညာချက်ဆိုရင် ကြောက်ခဲ့ကြဖူးတယ်

ငြိမ်းစိုးဦး

တလေးငယ်တွေ စူးစူးဝါးဝါး ဟစ်အော်ငိုယိုခဲ့ဖူးတယ်
လက်ထဲက မီးခွက်ပြုတ်ကျလို့ ခြေထောက်တွေ လောင်ခဲ့ဖူးတယ်
ခွေးတွေ တစ်ဟုန်ထိုး ဟောင်ခဲ့ဖူးတယ်
ရောက်လာခဲ့တယ် . . . ကြေညာချက်
မိမိတာဝန်သာဖြစ်ကြောင်း . . . တဲ့။
ရှီးအလို့ အရှိုးဟာ Old ရသလို
အရိုးဟာ အရိုးမစူးအောင် ရှောင်ရတိမ်းရ
အရသာအရှိဆုံးက အနာဂတ်အတွက် ပူစရာမလိုဘဲ အိပ်ခွင့်ရတာ
မီးလောင်လို့ ပြည်သူတွေက တာဝန်ယူတဲ့အခါ
လျှော်လှုပ်လို့ ပြည်သူတွေက တာဝန်ယူတဲ့အခါ
မှန်တိုင်းတိုက်လို့ ပြည်သူတွေက တာဝန်ယူတဲ့အခါ
စစ်ဘေးသင့်လို့ ပြည်သူတွေက တာဝန်ယူတဲ့အခါ
တရုတ်အကြောက်လွန်ရောဂါနဲ့အတူ
ပြည်သူတွေဟာ မိမိမဟုတ်ဆိုပြီး တားမြစ်ပိတ်ဆို့ခဲ့တယ်
    အ ပြိုင် သာ ပြိုင် အ
        ကြေ ညာ ချက်
အခွင့်လုပ်ပိုင်ခွင့်ဆိုသည်မှာ လုပ်ချင်ရာလုပ်ခွင့် အာဏာလိုင်စင်ဖြစ်သည်။
အဲဒီကြေညာချက်က ၂၀၀၈ ကို မွေးဖွားခဲ့
အပိုကုန်ရတဲ့ အချိန်တွေကို နှမြောလိုက်တာ
အခု . . . ကြေညာချက်တွေ၊ နှိုးဆော်ချက်တွေ ဖတ်ပြီး
ရယ်မိတဲ့အခါ
ရင်ထဲမှာ
တစစ်စစ်
နာတာရှည်မြဲ . . .။

၁၁၊ ၁၁၊ ၂၀၁၄။



## ကွန်ဆက်ချူရယ် အလွမ်း

ငြိမ်းဝေ

ချစ်ခြင်းမေတ္တာ နိုင်ငံတစ်ခုဖြစ်သည့်တိုင်
ကမောက်ကမ အရှိတရားများကြား သစ္စာတရားများဖြင့်
ရက်လုပ်ခဲ့သည့် စံအိမ်
ဘဝသိပ္ပံမေဒပင်။



www.burmeseclassic.com

www.burmeseclassic.com

**ပေါင်းစည်းခြင်း**

ငြိမ်းသစ်

တစ်ခါတစ်ရံ
ရေအတက်ကို စောင့်ပြီး
ကိုယ့်စိတ်တွေ ယက်ယူခဲ့ရတယ်။

ပြီးတော့ . . .
မြစ်တို့ရဲ့ ခွာသံတွေ အားကောင်းလာဖို့
ကိုယ့်ပင်လယ်ကို နှိမ့်ပေးရတာလည်း ရှိရဲ့။



**တို့တောက ပြဇာတ်**

ငြိမ်းအေးအိမ်

တို့တောမှာကတဲ့ ပြဇာတ်ထဲမတော့
ရှုပ်ထွေးမှုတွေက
ဇာက်ကိုသတ်လို့မရဘူးပါ့ညယ်။

ရဲက လူဆိုးယောင်ဆောင်
တိမ်တောင်သဖွယ် ကျင့်ကြံလို့
ဟန်ပါပါ မှူးယစ်ခြောက်ရမ်း
ဘာကြမ်းသလဲတော့ မမေးလေနဲ့
မျောက်ယမ်းငွေ့တွေ တထောင်းထောင်းထ
သူ့လုပ်ပုံက
ခုပဲ ပွဲတစ်ခင်းလုံး ထပြေးကြရတော့မယောင်ယောင်။

မားပြတွေကလည်း ရဲပုံဖမ်း
တွေ့သမျှလူကို ငေါက်ငမ်းပြီး ဟောက်စား ခြောက်စား
ကော်ပီဆွဲထားတဲ့ သက်သေခံကတ်ပြားအတုနဲ့ ခပ်တည်တည်။

ပွဲကြည့်တဲ့ရွာသားတွေမှာ
ကြည့်သာ ကြည့်နေရ
ဘယ်သူက ဘယ်သူမှန်းလည်း မသိ
တို့ပွဲကြည့် ငတိ အားလုံးလိုလိုဟာ
နဂိုကတည်းကမှ ခပ်အူအူရယ် မဟုတ်လားညယ်။

အစာတစ်လုပ် အူတစ်ဆုပ်စာအတွက်မှာ
အဲသလောက်ထိ မူယာမာယာများဖို့ လိုသလား
ငါတော့ဖြင့် ပြောတတ်တော့ဘူးကွယ်
တို့တောပြဇာတ်တွေမှာဖြင့်
အဲသလို အစပ်အဟပ်နဲ့ ခုထိ ဇာတ်စီးတုန်းရယ်။



www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းလေးတစ်ညိတ်

စုမီအောင်

အနာဂတ်ထဲ
မထင်မှတ်တဲ့ အသီးအပွင့်တွေ
ပင်လုံးခဲ့ပြွတ် ရင့်မှည့်လွန်းတော့လည်း
ထင့်မျှော်ကြည့် အရာခပ်သိမ်း
ပလက်ဖောင်းဘေးမှာ အသက်ရှူရပ်ခဲ့ပြီ
မိသားစုထဲ အကြီးဖြစ်ရတာ ပြဿနာတစ်ခုတဲ့
ခုချိန်ထိ တကယ်ကြီးခဲ့ပြီလား။

နိုင်မယ်ထင်လို့ အလုံးအရင်းနဲ့
ကုပ်ပိုးပေါ်တင် ထမ်းပိုးခဲ့သမျှ
အဆုံးမတော့ လွှပ်ယမ်းခါသာ ပစ်ချခဲ့ရ။

နှမြောတသခြင်းတွေ ရင်လှိုင်းထန်လည်း
တို့အားလုံး ဇလိုက်ဇယက်နဲ့
တစ်ယောက်က တစ်ယောက်ကို
အရသာပေါ်နိုးနိုး မြည်းစမ်းနေကြရတာပဲ
ဘယ်လိုလဲ ချိုပြီလား၊ ခါးနေလား၊ ပိုနေလား၊ လိုနေလား
ချို/ခါး/ပို/လို မနေ့ကလို ဇဝိဇဝက်ဖြစ်နေတုန်းပဲလား။

မှန်နေပြီးသား ကိုယ့်အမှန်တရားကို
ကိုယ့်ချွေးနဲ့စာနဲ့ကိုယ် ဈေးကြီးပေးပြန်ဝယ်ပြီး
တိတ်တခိုးလေး ပြန်ပေါင်းသင်းနေရတာလောက်
စက်ဆုပ်ဖို့ကောင်းတာ ဘဝမှာမရှိဘူး။

တို့မှာ ဘုရားပေးအသက် ကျစ်ကျစ်ပါ ဖက်နဲ့ပြန်ထုပ်ထားရ
ဘယ်အချိန် ထမှောက်မယ်မသိ ယာဉ်ကြောမရှိတဲ့ အမြန်ကားတွေ
ဘယ်အချိန် ထပေါက်မယ်မသိ ချိန်ကိုက်မထားတဲ့
အချိန်မဲ့/အမည်မဲ့ ဗုံးတွေ နေရာလပ်မရှိ
အမှတ်မထင် တို့တွေကြရင်



အဆင်ပြေလား၊ နေကောင်းလား လုပ်မနေကြစမ်းပါနဲ့
ပေါက်စရာဗုံးတွေ ကုန်ပြီလား
ကမ္ဘာကြီး ငြိမ်းချမ်းပြီလား
အိပ်မက်တွေ တကယ်ဖြစ်လာပြီလား မေးပါ။

ငါ ခေါင်းညိတ်ချင်လှပြီ။

*စာကြွင်း – ဇလိုက်ဇယက် = အလိုက်သင့်၊ ဇဝိဇဝက် = ဇဝေဇဝါ*



www.burmeseclassic.com

www.burmeseclassic.com

**လောက်ကိုင်က ပို့လိုက်တဲ့ ကဗျာ**
ခုမောင်မောင်

ညီလေးရေ ...
မင်းတို့ကျောင်းသားတွေ
အစိုးရနဲ့ အဆင်ပြေတယ်ကြားတော့
အစ်ကို ဝမ်းသာတယ်
အစ်ကိုက စစ်သားဆိုတော့
စစ်ထွက်ခဲ့ရ
ဗုန်ကြားရင်က ဗုန်ထလာလို့
ဗုန်သိပ်ပေးရဦးမယ်လေ။
ကျောင်းမှန်မှန်တက်
စာမေးပွဲအောင်အောင် ဖြေကွာ
တို့မိသားစုလည်း မင်းပဲ အားကိုးရမှာ
အစ်ကိုကတော့ မင်းလို
မြို့ကြီးမှာ မနေနိုင်ဘူး
သေနတ်ကို ပြောင်အောင်တိုက်ချွတ်ပြီး
ခုတ်ချာတဲ့ ဝတ်စုံနဲ့
မြေကြီးပေါ် ထမင်းထိုင်စားနေရတဲ့ စစ်သားဘဝပါ။
မင်း ဖုန်းလိုင်းကြပ်လို့ ညည်းညူနေချိန်မှာ
အစ်ကိုက လူသူမနီး တောထဲမှာ
ဘာမှ ဆက်သွယ်မရလို့
ရိက္ခာရောက်မလာလို့
ထပ်တူရောက်မလာလို့
ငှက်ဖျားထလို့။
အစ်ကိုတို့ စစ်သားက
ခံနိုင်ရည်ရှိပါတယ်
ပြည်သူကို ကာကွယ်နေတာလေ
အာဏာရှင်ကို ကာကွယ်နေတာ မဟုတ်ဘူး
အမိမြေကို ကာကွယ်နေတာ
ခရိုနီကို ကာကွယ်နေတာ မဟုတ်ဘူး
ဒါတော့ မင်း သိစေချင်တယ်။



ညီလေးရေ ...
အစ်ကိုတို့တိုက်နေတဲ့ ဖုန်ကြားရင်ဆိုတာ
ကိုးကန့်ဒေသ လောက်ကိုင်က ဘိန်းစားပြပါ
စားပြကြီးတော့ သူပုန်ပေါ့ကွာ
အဲဒီသူပုန်ကို အာဏာရှင်တချို့က
တိုင်းရင်းသားခေါင်းဆောင်ဆိုပြီး
လက်ဆွဲနှုတ်ဆက်ခဲ့ကြဖူးတယ်လေ
အစ်ကိုတို့ကတော့
လက်ဆွဲနှုတ်ဆက်တုန်းက မပါပါဘူး
အမြတ်အစွန်း ခွဲဝေတုန်းက မပါပါဘူး
ဖဲကြိုးဖြတ်ကြတုန်းက မပါပါဘူး
စစ်တိုက်မှ ပါရတယ်လေ။
ကျည်ဆန်တွေ ပလူပျံတယ်ဆိုတာ
ရင်ဘတ်ထိရင် ရင်ဘတ်ပွင့်တယ်
လက်ထိရင် လက်ပြတ်တယ်
ခြေထောက်ထိရင် ခြေထောက်ပြတ်တယ်
အစ်ကိုကတော မထူးဆန်းတော့ပါဘူး
ကားလမ်းပိတ်ဆို့လို့ ဒေါပွနေမယ့် မင်းကိုပဲ သနားမိတယ်
စာကြိုးစားကွာ
အမေ့ကိုလည်း ဂရုစိုက် ညီလေး။
ညီလေးရေ ...
ရေခဲအမှတ် ရှမ်းတောင်တန်းရဲ့ ဆောင်းထဲမှာ
အစ်ကို ကင်းစောင့်နေချိန်
မင်းက စောင်ထူထူခြုံပြီး
တို့တိုင်းပြည်အတွက် ပညာတတ်ကြီးဖြစ်အောင်
စာကြိုးစားပါတော့ ညီလေး ကျောင်းသားရေ။



www.burmeseclassic.com

www.burmeseclassic.com

**စိန်ပန်းကြွေချိန် ဒီလမ်းပေါ်မှာ**

စေတ

တမ္ဘာမကြေတာချင်း အတူတူ
'နိုင်မြန်မာ'ရဲ့ 'ကမ္ဘာမကြေဘူး'က
ငါ့တို့ ကြက်သီးဖြန်းဖြန်း ထစေတယ်
နိုင်ငံတော် မူလတန်းကျောင်းနဲ့ ဘေးချင်းကပ်
ငါတို့ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်မှာ
လူမည်း စားပွဲထိုး ကလေးလေးက
သားလည်း ကျောင်းတက်ချင်တယ် ဦးကြီးရယ်တဲ့
ဆွေးလျှလျှ တိမ်ဝင်နေတဲ့ အသံလေးနဲ့ သနားစဖွယ်
တစ်နေ့ တစ်နေ့ ငါတို့ရဲ့ ပြဇာတ်ထဲ
စာသင်ခွင့်မရတဲ့ ကလေးတွေ ပိုများများလာတယ်
အဖြေ ဘယ်မှာရှာရမလဲ
တစ်ခါက ခြောက်နှစ်တာ
အဓိ စက်မှုတက္ကသိုလ်မှာ ပညာရှာ
ငါဟာ ဘွဲ့ရခဲ့သော်လည်း
ငါ့အိမ်ရှေ့က ညော့်ခန်းဆောင် နံရံပေါ်
ငါရခဲ့တဲ့ အင်ဂျင်နီယာဘွဲ့ ဓာတ်ပုံ
ထည်ဝါစွာ မှန်ပေါင်သွင်းထားခဲ့သော်လည်း
ငါဟာ လေယာဉ်ဆင်းခါနီး
ဆင်းစရာ ကွင်းမရှိတဲ့ လေယာဉ်ပျံတစ်စီးလို
ည ညတွေဆို
တမေးပွဲတစ္ဆေက ငါ့ကို လာခြောက်တတ်တယ်
တမေးခန်းနီနီထဲမှာ ကြိုးနီစနစ်ရဲ့ မေးခွန်းတစ်စုံ
ငါ့လက်ချောင်းတွေ ကတုန်ကယင်နဲ့
ငါ့နှလုံးသားက အာရုံတွေ မှောက်မှားဆဲ
သာမိုဒိုင်းနမစ် အင်ဂျင်နီယာပညာ ငါဖြေနေရတုန်းပဲ
မပြီးဆုံးနိုင်တဲ့ ခြောက်အိပ်မက်ရှည်
အခန်းဆက်တွေနဲ့
ခေလုတ်တံသင်းများစွာနဲ့ ငါ လျှောက်ခဲ့တဲ့ ပညာရေးလမ်းမ
အထိရာတွေ ဗရပွနဲ့



ငါဟာ ငါ့ဘဝ ငါ့အတတ်ပညာ
ငါဟာ အာသာမပြေခဲ့
ကျေနပ်အားရမှု စိုးစဉ်းမျှ မရခဲ့
တစ်ရေးနိုး သန်းခေါင်ယံ
သွေ့ခြောက်ခြောက် အာခေါင်မှာ
ငါဟာ အသံကုန်ခြစ်အော်ခဲ့
ဩော် ...ရေ ဘယ်မှာလဲဟင်
အဲဒီ ကော်ရစ်ဒါမှောင်မှောင်မှာ
ရေကြည်တစ်ပေါက် ငါသောက်ချင်စမ်းလှတယ်
ငါလျှောက်ခဲ့တဲ့ အဓိပတိလမ်းမ
ငါ့ဘဝမှာ ခမ်းနားထည်ဝါခဲ့ဖူးတယ်
အင်းလျားရယ်သံချိုချိုမှာ
ငါ သာယာခဲ့ဖူးတယ်
ဗိုလ်ကာ ဒီဖိုင်းလှတဲ့ ဆေး ၁ က လိပ်ခုံးခန်းမ
ငါ့မျက်လုံးထဲက မထွက်နိုင်ခဲ့
အို ...သစ်ပုပ်ပင်၊ အို ...ဂျပ်ဆင်၊ အို ...ဦးချစ် လက်ဖက်ရည်ဆိုင်
တက္ကသိုလ်ဒဏ္ဍာရီတွင်ခဲ့တယ်
ကျောင်းသားထု မြင်ကွင်းထဲမှာ
မှုန်ရီဝေဝါးနေဆဲ ကျောင်းသားသမဂ္ဂ အဆောက်အအုံလည်း
အအိပ်ထဲက နိုးထလှုဆဲဆဲ
နှစ်ပေါင်းများစွာ အချိန်ကာလ ပိတ်ကားဖြူဖြူပေါ်
တနံ့နံ့ ပြသနေတဲ့ ဇာတ်ကားဟောင်း
မနက်ဖြန်မှာ ကားသစ်လဲသွားနိုင်တယ်။

*(ကဗျာခေါင်းစဉ်ကို မင်းမင်းလတ်ရဲ့ 'ချောရယ်' သီချင်းစာသားကို ယူထားပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

**တို့ထိ မျက်နှာပြင်ကဗျာ**
စောဝေ

ငါတို့ မနေ့က
ဖြန်ခဲ့ကြပြီ
ရောက်ခဲ့ရဲ့လား။

ငါတို့ ဒီနေ့
ဖြန်လာခဲ့ပြီ
ရောက်ပြီးပြီလား။

ငါတို့ မနက်ဖြန်
ဖြန်ကြရမည်
ရောက်ဦးမှာလား

တမ္ဘာကြီးက လုံးဝိုင်းနေတော့
တို့ရှေ့ကို ချီတက်နေပေမဲ့
တို့ရှေ့မှာ
ဝန်းတိုင်က အမြဲရောက်နေ။

တမ္ဘာကြီးရေ ...
ကဗျာက တစ်နေ့တော့ ရောက်ရမယ်
ဆိုတာနဲ့ ...
တမ္ဘာကြီးကို အပတ်ပေါင်းများစွာ။



**ကိုချော**
စံညိမ်းဦး

ရင်ဘတ်လေးဖိကာ
"စံညိမ်းဦးရာ ညီလေးရာ
ဆရာဝန်ကတော့ ပြောပါတယ်
ကိုယ် သိပ်မရတော့ဘူးတဲ့ကွာ
ဘီယာလေး တစ်လုံးလောက်တော့
ကိုယ် ပေါင်းသင်းချင်ခဲ့ပါသေးတယ်ကွယ်
ပြီးရင်
မြို့ပတ်ရထားနဲ့ စောစောပြန်မယ်ကွာ
ညီမလေး မမမြင့်တို့ မျှော်နေရှာမယ်'
ငါ
သူ့လက်ကိုတွဲ
သမ္မတရုံဘက် လမ်းကူး
သမ္မတကမ်းခြေ ညနေ
မကြွေခင် ၁ လ ကလား၊ ၂ လ ကလား
ရ
၁၂ နှစ်ကြာမှ ဒီကဗျာ ငါရေး
ဒီ ၁၂ နှစ်လုံး
ကဗျာအကြောင်း ပြောရင်
စဉ်းစားရင်
သူ့ကိုပဲ သတိရ
ကဗျာအကြောင်းကလည်း
၁၂ နှစ်လုံးလိုလို ပြောနေ
စဉ်းစားနေရတာပဲလေကွယ်။
ကဗျာဆရာအားလုံး အချစ်ကို သူ ရခဲ့တာ
ပြည်သူပေးတဲ့ဆုကို သူ ရခဲ့တာ
ဘယ်သူမှမမြင်တဲ့ အသံကို သူ ရခဲ့တာ
ကြွေတာကိုက ပွင့်ခြင်းကို သူရခဲ့တာ။
ဘာသာတရားလို့ ပြောရင်
မြန်မာတွေ အာရုံမှာ



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓကို တန်းပေါ်လာသလိုပဲ
ခေတ်ပေါ်ကဗျာလို့ ပြောရင်
ငါ့မှာ
ငါတို့မှာ
'တိုရှော'။

*စက်တင်ဘာ ၂၊ ၂၀၁၄။*

**အရှက်အကြောက်**
စိုးနိုင်(မန္တလေးတက္ကသိုလ်)

ကမ္ဘာမှာ မြန်မာဟော့လို့
မကြွေးကြော်နိုင်တော့တာ
၁၉၅၈
၁၉၆၂
၁၉၈၈
၂၀၀၈
ကနေ့ ၂၀၁၅ ကုန်တော့မယ်
မြန်မာ
ခေါင်းငုံ့နေရတုန်းပဲ
ဘယ်သူတွေကြောင့်လဲ
ကမ္ဘာ့အလယ်မှာ
ငါတို့
ဘယ်တော့များမှ
ပုဆိုးနဲ့ ထဘီ ခိုင်ခိုင်
ဝတ်တတ်ကြမှာလဲ။

*၂၁၊ ၂၊ ၂၀၁၅။*





www.burmeseclassic.com

www.burmeseclassic.com

## မြက်ပင်တွေ နေတဲ့မြို့

စိုးမိုးယံ

ခင်ဗျားအနေနဲ့ မြက်ပင်တွေကို တက်နင်းခဲ့တဲ့အတွက်
စိတ်မကောင်းများ ဖြစ်ခဲ့ရသလား
ကျွန်တော့်အတွက်တော့ မြက်ပင်များဟာ
မှုရာကာမိရဲ့ ဝတ္ထုတွေကို သတိရမိစေပါတယ်
မြက်ပင်များဟာ ရှေ့မှာ ဘာဆက်ဖြစ်မယ်
ဘယ်လိုအဆုံးသတ်မယ်တော့ မပြောတတ်ဘူး
စားဖိုမှူးက မြက်ပင်တွေရဲ့ အစိမ်းဟာယ်ကို ချိုမလားလို့ ငေးကြည့်နေတယ်
မြက်ပင်တွေရဲ့ မှတ်ဉာဏ်ဟာ ခက်ခဲရှုပ်ထွေးတယ်
ခံစားချက်ကို ဘယ်တော့မှ မဖွင့်ပြဘူး
တွေဝေယိမ်းယိုင်မှုတွေကို ဖုံးကွယ်မထားဘူး
မြက်ပင်များဟာ မျက်ရည်ကျလောက်အောင် အမြဲပဲ အလုပ်များတယ်
မြက်ပင်များရဲ့ မွေးနေ့မှာ ကောင်မလေးတစ်ယောက်
ချော်ပွဲစားရုံဆီ ကခုန်ဖို့ ထွက်သွားတယ်
မြက်ပင်တွေက ညှို့ငင်နေတော့ ရိုင်းသွားလည်း မတတ်နိုင်ဘူး
မြက်ခင်းပေါ် သစ်ရွက်ကြွေလို လှဲအိပ်ချလိုက်တယ်
မြက်ပင်လေးဟာ နှုတ်ခမ်းရှုပြီး
တွန့်ကြေသွားတဲ့ သူ့ကိုယ်ကို အတင်းဆွဲဖြန့်နေတယ်
မြက်ပင်လေးမှာ ချစ်သူရှိနေတာ ပျားကောင်တွေ သိသွားတယ်
မြက်ပင်လေးဟာ ရှက်သွားပြီး
မွန်ရှိုးစတိုင်နဲ့ စကတ်ကို ဖိချလိုက်တယ်
ဥပဒေရှိတယ် မြက်ပင်တွေကို အမဲသားလို မကြော်ရဘူးတဲ့
မြက်ပင်တွေက မြို့လယ်က သူတို့ရုပ်တုကို ရေဖြန်းပေးကြတယ်
မိုင်လေးဆိုင်းရပ်ရဲ့ ဓာတ်ပြားကို ဖွင့်ရင်
မြက်ပင်တွေက လျှာထုတ်ပြီး နားထောင်ကြတယ်
အတွင်းကျကျပြောရရင် မြက်ပင်တွေမှာ ဘောင်းဘီမရှိဘူး
မြက်ပင်တွေ ရေချိုးနေတုန်း သူတို့ကို စကားပြေတစ်ပုဒ်လို ဖတ်နေမိတယ်
မြက်ပင်များရဲ့ ကျယ်လောင်တဲ့သမိုင်းကို လူရိုင်းတွေက ပြောပြနေတယ်
မြက်ပင်များရဲ့ အတိတ်ဟာ လူအုပ်ထဲမှာ စကားတပြောပြောနဲ့ ပျောက်ဆုံး
မြက်ပင်တွေကို လူဖြူလူမည်းကိစ္စလို မထင်စေချင်ဘူး
မြက်ပင်တွေကို ကြိုးရာအိပ် ကြိုးရာစားထင်ရင် မှားတယ်
မြက်ပင်များဟာ လူမျိုးကြီးဝါဒကို ဆန့်ကျင်တယ်
မြက်ပင်များဟာ ဆာရီရယ်ဆန်ပေမဲ့ ဖက်ဆစ်တွေတော့ လုံးဝမဟုတ်ဘူး
မြက်ပင်များဟာ စစ်ရှုံးနေချိန်မှာတောင် ဆေးတံသောက်မပျက်ဘူး
မြက်ပင်တွေကို မြန်မာလိုကြည့်ရင် ယမကာတစ်မျိုးလိုပဲ
မြက်ပင်တွေအကြောင်း အကြမ်းဖျင်းပြောရရင်
အစဉ်အလာက ခွဲထွက်တာ ဒုက္ခကို မျိုချပစ်တာ တွေ့ရတယ်
လောကကြီးက အထင်ကြီးလေးစားဖို့ အမှန်တရားကို ဖျောက်ဖျက်ဖို့
မြက်ပင်များဟာ ဆင်ခြေဆင်လက်တွေ မပေးဘူး
ပြီးတော့
စဉ်းစားတတ်တဲ့ မြက်ပင်တွေက ဓာတ်မြေသြဇာမစားဘူး
ပြီးတော့
မြက်ပင်တွေက အထင်လွဲစရာ ခပ်စိမ်းစိမ်းပုံစံနဲ့။





www.burmeseclassic.com

www.burmeseclassic.com

## ဘုရားပွဲ

စိုးမင်းအောင်

အဲဒီတုန်းက လေတွေက ညင်သာနေမယ်
တိမ်တွေက အသာအယာ ရွေ့မျောနေမယ်
ငါက တိမ်တွေနဲ့ မဆုံးတမ်းလိုက်သွားပြီး
မြက်ခင်းစိုအိအိပေါ်မှာ ခန္ဓာကိုယ်ဟာ ကျန်နေမယ်
ပန်းပေါ် လာနားတာဟာလည်း အလင်းတန်းတစ်စ ဖြစ်မယ်
အဲဒီတုန်းကတည်းကနေ တိတ်တဆိတ် ငါ စောင့်ရှောက်ခဲ့တာ
ဒီနေ့အလွန် နေ့ရက်များအထိ
ရွေ့မျောမှုထဲ မျောပါနေလိမ့်မယ်။

## ငါတို့ရဲ့ ပစ္စုပ္ပန်

စိုးမြင့်စိုး(ကျောက်ပန်းတောင်း)

လွယ်လွယ်လေးတွေက ခက်လို့
အရှုံကို မတက်နိုင်သေးဘူး
ညဥ့်က နက်သည်ထက်နက်တုန်း။

ဖျက်ရာတွေက များတယ်
အမှားသံသရာလည်နေပုံက
ကျောမလုံရတဲ့အဖြစ်နဲ့
ဘဝတွေက
ပွက်နစ်နေဆဲ။





www.burmeseclassic.com

www.burmeseclassic.com

## ခပ်ဝေးဝေးမှာ

စိုးဝင်းငြိမ်း

ဦးခေါင်းထဲ၊ ဦးနှောက်ထဲ တနင့်နင့် အောင့်တယ် ...
ရင်ထဲ၊ နှလုံးသားထဲ တစစ်စစ် ကိုက်တယ် ...

ပြောချင်တဲ့စကားတွေ နှုတ်ခမ်းဖျားမှာ ကန်းလို့ ...
ကြားချင်တဲ့စကားလုံးတွေ နားဝမှာ ဆွံ့အလို့ ...
မြင်ချင်တဲ့ပုံရိပ်တွေ မျက်လုံးထဲမှာ ထုံထိုင်းဝေဝါးလို့ ...

လက်တွေ ဆန့်ခါလိုက်တယ် ...
ခြေထောက်တွေ လှုပ်ယမ်းလိုက်တယ် ...
လေထဲ ယက်ကန်လှုပ်ရှား ကူးခတ်ပျံသန်းလို့ ...

ဖျံ့သန်းလို့ ရသွားပြီ ...
ဘယ်မှာ နားခိုမလဲ ...

ငယ်ဘဝ ဖတ်စာအုပ်ထဲကစာပိုဒ် သတိရမိတယ်
တစားမလား၊ နားမလား ...။

## တောင်တန်းများဆီသို့

စိုးရ

ကျွန်တော်တို့ရဲ့ သင်းသတ်လို့မရတဲ့ မျှော်လင့်ချက်များ
အိမ်မက်တွေ ပိုမိုကျယ်ပြန့်လာတဲ့အခါ မြို့တွေက ပိုမိုကျဉ်းမြောင်းသွားတယ်
အဲဒီလိုနဲ့ ကျွန်တော်နှင့် ဇာတိမြို့ကလေးအကြား သားဆက်ခြားခဲ့ရ
လူငယ်ဘဝကို ခေါက်သိမ်းလို့ အခြားလူငယ်ဘဝဆီကို ခရီးဆက်ခဲ့ရ
ဗဟိုချက်မှ ပြန့်ကားထွက်ခဲ့ရ
အလွမ်းဆိုတာ မရင့်ရော်မီ ခူးဆွတ်နိုင်ဖို့ လိုတာပါပဲ
အခုလ ဘယ်မဂ္ဂဇင်းမှာ ချယ်ရီတွေပွင့်ပြီလဲ
အခုလ ဘယ်မဂ္ဂဇင်းမှာ တောင်ခိုးတွေဝေပြီလဲ
ညှိယူလို့ရသမျှ ငြိမ်းသတ်လို့ မရနိုင်တာ ခက်တယ်
မြေသားနီနီ လမ်းကလေးတွေ တစ်ခေါက်ပြန်ရောက်ဖို့
ခေါင်ရေခါးခါးကို တရှိုက်မက်မက် ရှိုက်ဖို့
ကြိုပက်ခဲ့သမျှ နေ့ရက်များ
အလွမ်းဆိုတာ မရင့်ရော်မီ ခူးဆွတ်နိုင်ဖို့ ...





www.burmeseclassic.com

www.burmeseclassic.com

## ညစ်

စိုးသော်တာ

စစ် စစ် စစ် စစ်နဲ့
နှစ် နှစ် နှစ် နှစ်ကိုချိုးပြီး
ဖျစ် ဖျစ် ဖျစ် ဖျစ်ကို မြည်ခဲ့ကြ

ခေတ် ခေတ် ခေတ် ခေတ်ဆိုတာကလည်း
သစ် သစ် သစ် သစ်တော့မလိုနဲ့
လစ် လစ် လစ် လစ်တာ မကြာခဏ

ဂျစ် ဂျစ် ဂျစ် ဂျစ်နဲ့
ပစ် ပစ် ပစ် ပစ် အသံတွေကြား
ညှစ် ညှစ် ညှစ် ညှစ်ပြီး ပြောခဲ့ကြရ

တစ် တစ် တစ် တစ်နေတဲ့ ဘဝတွေ
ထစ် ထစ် ထစ် ထစ်စေတဲ့ အခြေအနေ
နှစ် နှစ် နှစ် နှစ်လာတာသာ ကြာရှည်

ရစ် ရစ် ရစ် ရစ်လာတဲ့ လူဟောင်းတွေ
အစ် အစ် အစ် အစ်လာတဲ့ မျက်ခွက်တွေနဲ့
နှစ် နှစ် နှစ် နှစ်သတ်တာ ခံနေကြရဆဲ



## မြန်မာခေတ်ပေါ် နိုင်ငံရေး ရာဇဝင် အကျဉ်းချုပ်

စိုးအိမ်

နိုင်ငံရေးဟာ
မြို့ဆင်ခြေဖုံးအထိ ရောက်တယ်။
နိုင်ငံရေးဟာ
ဂျင်းဘောင်းဘီနဲ့ တီရှပ်ရောင်စုံ ဝတ်တယ်။
နိုင်ငံရေးဟာ
ဘိုလို ညှပ်ညှပ်ပြောတတ်တယ်။
နိုင်ငံရေးဟာ
laptop click ခေါက်တယ်။
နိုင်ငံရေးဟာ
ကိန်းဂဏန်းတွေနဲ့ မျိုးပွားပွားပြီး
ဂရပ်ဖ်မျဉ်းတွေပေါ်မှာ ကစားတယ်။
တစ်ခါတစ်ရံ
နိုင်ငံရေးဟာ နိုင်ငံခြားက ပြန်လာတယ်။
နိုင်ငံရေးဟာ
တရုတ်ထာတရားနဲ့ လူသားဝါဒကို မြို့တယ်။
နိုင်ငံရေးဟာ
ဂရုဖိုတိုနဲ့ လိပ်စာကတ်ကို ကြိုက်တယ်။
နိုင်ငံရေးဟာ
လူတန်းစားအသံကို နာခံခက်ခဲတယ်။
နိုင်ငံရေးဟာ
မိတ္တူဇလင်္ဂိကာဖတ်ရင်း
ညတာရှည်ဆဲပေါ့။
နိုင်ငံရေးဟာ
လယ်သမားကို သနားပေမဲ့
ရွှံ့ပေ တံကောက်ခွက်တွေကို
ရွံ့ကြောက်ကြီးဖြစ်နေပုံရတယ်။
နိုင်ငံရေးဟာ



www.burmeseclassic.com

www.burmeseclassic.com

လက်ဝဲသမားတွေကို ဝိုင်းပယ်ချင်တယ်
'ဒီမိုကရေစီ'ကို
'နသပါရား' လုပ်မှာစိုးလို့တဲ့။
နိုင်ငံရေးဟာ
သမဂ္ဂဆိုတာကို လန့်တယ်
တရားမဝင်မဟုတ်လို့တဲ့။
ဟုတ်ကဲ့ပါ နိုင်ငံရေးခင်ဗျား
ခုနေခါ တရားဝင်တာက
စစ်တပ် ဝင်စားတဲ့
အစိုးရဂိုဏ်းသားတွေသာ ဖြစ်ရဲ့။

၁၈ ၂ ၂၀၁၄



**သွေးအေးအေးဖြင့် ပွင့်သောပန်း**
စိုင်းဝင်းမြင့်

စာအုပ်ထဲမရောက် စာအုပ်အပြင်ကပဲ
စက္ကူအသားနဲ့ သွားနေတယ်
လမ်းပေါ်မရောက်လို့ လက်ဖက်ရည်မသောက်ရလို့ ဖြစ်မယ်
သီချင်းနားမထောင်ရလို့လည်း ဖြစ်မယ် နေမကောင်းဘူး
တစ်ခုခု လိုနေတယ် အများကြီး လိုသွားတယ်
ပြတင်းပေါက်က တွေ့ရ တွေးရ ငေးရတယ်
ပိုက်ဆံပေါ်မှာ ပုံနှိပ်ဖူးလို့ တွေ့ရတယ်
စီးပွားရေးအထိ ရောက်လာတယ်
နေ့တွေ ပျောက်ပျောက်သွားတယ်
လှည်းတန်းနဲ့ နီးတဲ့အခါ ဆူးလေလမ်းနဲ့ နည်းနည်းလှမ်းသွားတာပဲ
တော်တော်ဆွေးသွားတယ် ပုဇွန်တောင်ဘက် ရောက်နေတယ်
မြို့တော်ခန်းမရှေ့မှာ။
လက်ရွေးစင်က စောင့်နေမယ်။
ပန်းဆိုးတန်းနဲ့ အနော်ရထာလမ်းထောင့်မှာ။
ဗိုလ်ချုပ်ဈေးထဲ ရောက်သွားတယ်
ခုံးကျော်တံတားပေါ်လည်း ရောက်တယ်
ကားကြားထဲက ဖြတ်ဖြတ်သွားတယ်
၃၆ လမ်းထဲ ရောက်ရောက်နေတယ်
တစ်ယောက်ယောက်နဲ့ လက်ဖက်ရည်ထပ်သောက်တယ်
တစ်ယောက်တည်း တွေ့ရတယ်
တစ်ပတ်လည်သွားတယ်
သူ လာနေတယ်
မြေလှန်ထားလို့ ပလက်ဖောင်းအောက် ဆင်းလျှောက်ရတယ်
သမိုင်းလမ်းဆုံ အိမ်ရှိလူအကုန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ROBERT

စစ်နိုင်

မနက်ဖြန်အကြောင်း တွေးလိုက်တာနဲ့ ရေဆိုးရေညစ်တွေပဲ ရောဘတ် ခေါင်းထဲ ဝင်လာတယ်။ ရောဘတ်ရဲ့ နှုတ်ခမ်းတွေဟာ ခြောက်ကပ်နေတာပဲ။ ရောဘတ်ရဲ့ မျက်လုံးတွေဟာ တစ်စုံတစ်ခုကို အမြဲ ဆာလောင်နေကြတယ်။ ရောဘတ် မငယ်တော့ဘူး။ အမှားကို အမှားလို့တောင် မထင်တော့တဲ့ အသက်အရွယ် ရောက်နေပြီ။ ရောဘတ် စာဖတ်တယ်။ ဗဟုသုတ များတယ်။ဖိနပ်က လမ်းကို မရှာတတ်ဘူးဆိုတာလည်း ရောဘတ် ကောင်းကောင်းသိနေတယ်။ နတ်သမီးကို မြင်ဖူးတဲ့အချိန်ကစပြီး နတ်သမီးပုံပြင်တွေကို ရောဘတ် မယုံကြည်တော့တာပဲ။ ရောဘတ် တိတ်တိတ်လေးနေတယ်။ ဘယ်အပူချိန်မှာမှ ရောဘတ် အငွေ့မပျံဘူး။ ရောဘတ်ဟာ ဝါယာကြိုးမျှင်တွေလိုပဲ။ ရောဘတ် မျက်လုံးထဲကနေ ကြွေကျနေတဲ့ ကြယ်တွေကို ဘယ်သူမှ မဖမ်းမိနိုင်ခဲ့ဘူး။ ရောဘတ်ဟာ အစိုင်အခဲ။ ရောဘတ်ဟာ အရည်။ ရောဘတ်ဟာ အငွေ့။ ရောဘတ်ကို ရောဘတ်က အမြဲစောင့်ကြည့်နေရတယ်။ ရောဘတ် ခြေတစ်လှမ်း လှမ်းလိုက်တာနဲ့ ပန်းတွေက ပေါက်ကွဲဖို့ အဆင်သင့်။ ရောဘတ်က လူ့ယဉ်ကျေးမှုတွေကို ပြက်ရယ်ပြုခဲ့တယ်။ လွယ်တဲ့အလုပ်တွေဆို ရောဘတ် မလုပ်ချင်ဘူး။ အဲဒါကြောင့် ရောဘတ် ဘာမှမလုပ်ခဲ့ဘူး။ ရောဘတ်ကို ဖုန်းနံပါတ်တစ်ခုက ဝင်ပူးထားတယ်။ ရောဘတ် မကြာခဏ သီချင်းထဆိုတယ်။ ရောဘတ်ကိုယ်ထဲမှာ ပန်းချီကားတွေ ပေါက်ရောက် ရှင်သန်နေကြတယ်။ ရောဘတ်မှာ အသက်ရှူမဝတဲ့ရောဂါ ရှိတယ်။ ရောဘတ် အရေပြားပေါ်မှာ အပြောင်းအလဲတွေ စီးနေတယ်။ အိပ်မက်က အရှိန်ပြင်းတော့ ရောဘတ်ကို ဝင်တိုက်မိသွားတယ်။ ရောဘတ် အနုပညာနဲ့ ထိပ်တိုက်တွေ့တယ်။ ရှက်လို့ နောက်ဘဝထဲ တွန်းဖွင့် ဝင်ရောက်သွားတော့တယ်။

၁၁ ၂ ၂၀၁၅။



## မိတ်အင် နတ်မောက်

စစ်သွေးအိမ်

မွေးကတည်းကသာ
တော်လှန်မယ့်ကောင်မှန်း သိခဲ့ရင်
ဒီအမှတ်တံဆိပ်ကို စောစောစီးစီး
မျက်နှာဖြူတွေ ဖြုတ်ချထားမှာ သေချာတယ်။
ခုတော့ သူတို့သင်ပေးတဲ့ ပညာနဲ့ ဗျူရိုကရေစီ ယန္တရားကြား
အညှပ်မခံတဲ့ အသားစက
ဒီလို 'တစ်နှစ်အတွင်း လွတ်လပ်ရေးရစေမယ်' ဟစ်ကြွေးခဲ့တာ
ဘယ်လောက် သွေးပျက်ဖို့ကောင်းသလဲ။
လူကြီးလည်းမဟုတ် လူငယ်လည်းမဟုတ် ၃၂ နှစ်သားလောက်နဲ့
နယ်ချဲ့ရင်ဘတ်ထဲ ထိုးခွင်းလိုက်တဲ့မြား တဆတ်ဆတ်ခါသွားအောင်
ဒီလို ပြတ်ပြတ်သားသား ယုံကြည်ရာကို တစ်ချက်မှ နောက်မတွန့်ခဲ့ဘူး။
တို့နိုင်ငံရဲ့ လွတ်လပ်ရေး တို့နိုင်ငံရဲ့ အမျိုးသားရေး
အရေးမှန်သမျှ သူကိုယ်လုံးထဲ လောင်းထည့်ထားပြီး
လူတကာ မအိပ်နိုင်တဲ့ ကြမ်းပိုးများနဲ့ အိပ်ရာပေါ်
ကျေကျေနပ်နပ်ကြီး ကျောချ မက်မက်စက်စက် အိပ်ပြခဲ့တယ်။
အခန်းတိုင်းရဲ့ ထောင့်ကွေးတွေမှာ လွတ်လပ်ရေးအကြောင်း တွေးတယ်
ထိုင်ခုံပေါ် ထိုင်နေတဲ့အခါမှာလည်း လွတ်လပ်ရေးအကြောင်း တွေးတယ်
ထမင်းစားနေတော့လည်း လွတ်လပ်ရေးအကြောင်း တွေးတယ်
လမ်းလျှောက်နေတဲ့အခါမှာလည်း လွတ်လပ်ရေးအကြောင်း တွေးတယ်
အိပ်စက်နေချိန်တောင် တော်ဝင်နန်းတော်ကြီး ဖန်ဆင်း
မုခ်ဦးရဲ့အဝင်ဝမှာ လွတ်လပ်ရေးဆိုတဲ့ စကားလုံးကိုချိတ်ဆွဲ
သူ့ကိုယ်က သွေးတွေကိုများ ဖောက်ထုတ်ပြီး ပက်ဖျန်းနေဦးမလား။
သူ ဘာလိုချင်လဲဆို လွတ်လပ်ရေး
သူ ဘာဆာလောင်သလဲဆို လွတ်လပ်ရေး
သူ ဘာစားမလဲဆို လွတ်လပ်ရေး
သူ ဘာသောက်မလဲဆို လွတ်လပ်ရေး
သူ ဘာဝတ်မလဲဆို လွတ်လပ်ရေး
ဒီအရေးထက် တစ်ပြားမှ ခွာစရာမရှိအောင် မွဲတယ်။
ဘယ်လောက်မွဲသလဲဆို



www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယခဏအနားမှာ နေရှူးက ကုတ်အင်္ကျီဝယ်ပေးရတာ ကြည့်
အဲဒါ ကျုပ်တို့ခေါင်းဆောင် ကျုပ်တို့ လိုက်မမီ မမီလိုက်တဲ့
ကျုပ်တို့ရဲ့ ထာဝရခေါင်းဆောင် ဘယ်ခေတ်မှာမှ အစားထိုးခွင့်မရှိတဲ့
ကျုပ်တို့ရဲ့ထာဝရခေါင်းဆောင် ဘယ်ကာလမှာမှ အလဲထိုးခွင့်မရှိတဲ့
ကျုပ်တို့ရဲ့ ထာဝရခေါင်းဆောင် ဘယ်လိုရိုးသားမှုကိုမှ ပြင်ဆင်ခွင့်မရှိတဲ့
ကျုပ်တို့ရဲ ထာဝရခေါင်းဆောင် ဘယ်လိုစွန့်လွှတ်မှုကိုမှ ပြောင်းလဲခွင့်မရှိတဲ့
ကျုပ်တို့ရဲ့ ထာဝရခေါင်းဆောင်
သူ့ကိုတစ်ချက်ထိကြည့် ပန်းလည်းပွင့်တယ် အနာဂတ်လည်းပွင့်တယ်
နေရှိရာကိုသာ ဦးညွတ်တတ်တဲ့ နေကြာလည်း ပွင့်တယ်
နောက်ဆုံး သဲကန္တာရက လာထိမယ်ဆိုရင်တောင်
ဆူးကြားကနေ ပန်းတစ်ပွင့်ရဲရဲ ထပွင့်ပြမယ့်သူ။
သူဟာ တို့နိုင်ငံအတွင်းမှာ ပန်းပွင့်ဖြစ်သလောက်
နယ်ချဲ့လက်ပါးစေထက်ရောက်ခဲ့ရင် ချက်ချင်း မီးထတောက်
စကားပရိယာယ်မှာ ရန်သူကတောင် ဦးညွတ်ရတဲ့သူ
မြန်မာအလယ် ကမ္ဘာ့အလယ် ငါတို့ရဲ့ အဓိပတိဖွား စနေသား
မွေးစက မားထမ်းမကျော်ဘဲ နယ်ချဲ့ကမ်းကို ကျော်ဖြတ် တက်ပြခဲ့တဲ့သူ
တိုင်းပြည်အတွက် သူပေးဆပ်သမျှ နိုင်ငံ့ခေါင်းဆောင်တွေ ကားစီးနိုင်မှ
ပြည်သူတွေ ဆိုင်ကယ်လောက် စီးနိုင်မယ်လို့
သူ့ဘဝကိုမြှုပ်ပြီး တစ်ခွန်းမှ မပြောခဲ့ဘူး
အေးအေးချမ်းချမ်း စာလေးရေးချင်တယ် ဆိုတဲ့စကား
သူ့ဂုဏ်ပုဒ်တွေကို ဖယ်ချထားလိုက်တာ
ကဲ ... အဲဒီစကားဟာ ကျည်တစ်ဆယ့်သုံးချက် တန်ရဲ့လားဗျာ။
ခဝါသည်လက်က အဝတ်တွေလို ဖွေးဖွေးဖြူနေတဲ့စိတ်
တရားအမှန် အမှန်တရားအတွက် အောင်ဆန်းဆိုတဲ့ သွေးကို
သွန်းထုခဲ့တဲ့နေရာ နတ်မောက်ဆိုတာ ကမ္ဘာပေါ်မှာ မသေတဲ့တံဆိပ်
ဘဝတွေ ထပ်တလဲလဲ ခပ်နှိပ်လိုက်ရင်တောင်
Expire date က တစ်လက်မ ပိုတယ်။

*၇၊ ၂၊ ၂၀၁၅။*



**မိုးလင်းဖို**
စည်သူငြိမ်း

ရွာချနေတဲ့ မိုးက
အနွေးအိုးပါ။

ရှူထုတ်လိုက်တဲ့ အငွေ့လေးက
ပါးကို လာမှန်တာ။

ဟိုဘက်လက်မောင်း
သည်ဘက်လက်မောင်း
ခေါင်းနှစ်လုံး အလေးက
ပန်းတစ်ပွင့်သာသာမျှသာ။

စကားသံတွေနဲ့ ခြုံထားတဲ့
သည်ဘုံ ပိစိကွေးဟာ
တို့လေးဦး ကမ္ဘာ။



www.burmeseclassic.com

www.burmeseclassic.com

## လည်ပတ်မှု

စမ်

ဖိဆွဲခံလိုက်ရတဲ့ စက်ဝိုင်းဟာ
သူ့အစ သူပြန်မမှတ်မိဘူး
လေးကြောင်းမျဉ်းတွေ။

လုံးဝန်းလှပစေရန် – လုံးဝန်းလှပစေသော –
လုံးဝန်းလှပများတွင် – လုံးဝန်းလှပစွာ –
လုံးဝန်းလှပကြဖို့ –

ရှုံ့တွတွ စက်ဝိုင်းများကို
ရှုံ့တွတွ မင်နီဝိုင်းများနဲ့
ရှုံ့တွပြကြတယ်။

တစ်နေ့တစ်နေ့
မရလေ မလိုလေ
ကိုယ့်အမြီး ကိုယ်ဟပ်နေတဲ့ ခွေးတွေ
'အို' မပါ/လာတာက လွဲလို့။

ဖောက်ချလိုက်တဲ့ ဘီယာမြှုပ်တွေဟာ
ပေါ်ဆီတက်လာသလိုလို
အောက်ကိုလျှံဆင်းဖို့လိုလို။

ဘုရားသခင်ဟာ
မင်းထဲမှာ ကိုယ့်ထဲမှာ
မင်းနဲ့ ကိုယ်ကြားက စပေ့စ်ထဲမှာ
အနိုက်အတန့်များမို့သာ ပိုနိုက်တတ်ကြပုံ။

ဒီကနေ့ သူမဟာ
မနေ့က သူမကို မေးငေါ့ပြလိုက်တယ်
ကခုန်လတ္တံ့သော ဖိတ်စာများ။



## ရွက်လွှင့်ပြီလေ

စမ်းစမ်းတင်

အလှည့်အပြောင်း တစ်ကွေ့မှာ
အကြောင်းကြောင်းတွေကြောင့်
လေ့ကြုံစောင့်စီးကြသူချင်း တစ်ခရီးတည်း သွားမိချိန် ...
ရေစီး လေစီးလည်း မသိ
ဦးမသိ ပဲ့မသိလည်း
ကံကပဲ ကွက်ကြားလိုက်လေလား
အကြောင်းအပေါင်းများ ကောင်းလို့လား
လေ့ဦးစီးဖြစ်သွားသူရှိ

ပဲ့မနိုင် တက်မနိုင်တဲ့ ဦးစီးရဲ့လှေ
ရေမှာ အလူးလူး အလိမ့်လိမ့်
ရေဆန်ခရီး မကူး ...
ကျောက်ဆောင် မရှောင်တတ်
အချောင်လမ်းလိုက် ရေစုန်မျော
ကြာရင် ဒိုက်တောမှာ သောင်တင်မယ့်ပုံ

ဒီလှေ ဒီလှေဦးစီး
ဒီခရီး ကြာလေလေ မဖြစ်လေသမို့
တစ်ကွေ့မှာပင် လမ်းပါခွဲ သင်းကွဲလည်းကွဲ
မုန်တိုင်းထဲ တိုးရင်တိုး ဝဲကန်တော့နဲ့ ရင်ဆိုင်လည်း ရင်ဆိုင်
လှိုင်းကြီးထဲ ဝင်လိုဝင် လေပြင်း ကြုံရင်ကြုံ
ရေဆန်တွေချည်း ဖြစ်ရင်ဖြစ်
ခရီးသစ် မပြင်မဖြစ်

ပြင်ဖြစ်တော့ ... ခရီးက ပင်လယ်
ဒီပင်လယ်သာ လွတ်မြောက်ရာမို့
တက်စုံ ရွက်ကုန်လွှင့်
ရေမမြင့် ကြာမတင့်လည်း ထားရဲခဲ့လေပြီ ...
ရေစုန်မျောခရီး။



www.burmeseclassic.com

www.burmeseclassic.com

## နောင်ခမ်းဦး သူမ
စိမ်းဝင့်

သက်တံကို မြင်တိုင်း
ကိုယ့်နောက်မှာ
နေခြည်တွေ လင်းဖြာနေတာကို
အလိုလိုသိနေသလို။

တိမ်ပင်လယ်ထဲက
တောင်ခါးပန်းမှာ
ဘာလမ်းမှ မရှိဘူးထင်ရပေမဲ့
သူတို့အားလုံး
ကိုယ်သွားမယ့်ခရီးကို
အလိုလိုသိနေတယ်။

တစ်ရက်မှာ သုံးရာသီ
ဒီနေရာမျိုးမှာ
တွန့်ဆုတ်မှုရဲ့ ဝါးမျိုခြင်းကို
ခေါင်းငုံ့ခံကြကြေးဆိုရင်
တောင်ပေါ်သူတစ်ယောက်မှပင်
ရှိနေမှာမဟုတ်။

## စိတ်နယ်လွန် အိပ်မက်ကုန်ကြမ်း
ဆလိုင်းနွေ(မင်းတပ်)

ပျော်စရာဆိုတာက
ဘယ်တုန်းက ရရှိခဲ့ဖူးပြီး
ဘယ်အချိန် ကျပျောက်မှန်းမသိရသော
ဖတ်မရတဲ့ ကဗျာတစ်ပုဒ်ပေါ့။
အခုထိုင်ရေး
အခုရတဲ့ ကဗျာတွေက
အနုသုခမတော့ မဆန်ဘူး
ဒေါသ များများ
မံပြင်းစိတ် များများ
အားမလို အားမရ များများ
မှန်မကြည့်ချင်စိတ် များများမှာ
ခေါင်းမဖြီးသင်
ဦးနှောက်ရှုပ်တာတော့ မပြောနဲ့။
ကဗျာဆရာအထွက်တိုးမှာ
မဂ္ဂဇင်းလောက ပိုးကျ
ဗီလိုနဲ့ ရင်ခုန်သံထိုးကျ
ဆိုးရမယ့် အနာဂတ်ဆီ
ငါ ... ဦးမတည်လိုဘူး။
စာပေလောက
တိုးရငွေ့ရ
ငယ်စဉ်ကာလ
ပြန်သတိရ စဉ်းစားအကြည့်
တကယ့်အယ်ဒီတာ
ဝါရင့်ကလောင်ကြား
ဖက်တွား တွယ်တက်
တစ်မျက်နှာအတွက်
သန့်သန့်ရှင်းရှင်း
အဂတိကင်းတော့ ခက်ခဲ့တယ်။
ခုတော့လည်း





www.burmeseclassic.com

www.burmeseclassic.com

သမိုင်းတစ်ခု ထုဆစ်ဖို့ဆိုတာ
သံသယမြူမှုန်နယ်
သက်ပြင်းကုမ္ဘေအလယ်
လှောင်ရယ်သံတွေကြား
နင်းမိတဲ့လမ်းပေါ် ဆက်လျှောက်
ဘဝဟာ မိုးသောက်ဖို့ ဝေးနေဦးမယ်။
တစ်ခါလာလည်း
ခေတ်ကိုသရော်
ပျက်ချော်ချော် ကဗျာတွေနဲ့
အရက်စော် မနံချင်တော့ဘူး။
လက်သီးလက်မောင်း
လက်ခုပ်လက်ဝါး
အားပါးတရ
ကခုန်ခွင့်တွေ မျှော်မိတယ်။



## တစ်စက္ကန့်လေးတွေ ပေါင်းကြည့်တဲ့အခါ

ဆလိုင်းမြတ်နိုးသူ

မျက်ရည်များများ ငွေနည်းနည်း
ကစားဝိုင်းတစ်ဝိုင်း ဖျံ့သမားလို
သေနတ်သမားလို ထိတွေ့သာယာမှု
ပုတီးလုံးတွေ တစ်လုံးချင်း တစ်လုံးချင်းအပြီး
ရေဒီယိုပိတ်သွား သီချင်းများ ကခုန်ကြသောအခါ
ရေနည်း ငါးများ တဖျတ်ဖျတ် ... အသွေးထဲ အသားထဲ
နံရံပေါ် ငါတို့ ခြေရာလက်ရာတွေ ပြန့်ကျဲစ
ခြောက်သွေ့ စိုစွတ် လက်လုပ်စွဲကျန်မှုများ
အလေးပြုပါ၏ ထွင်းထားသော နှလုံးသားတို့
အမေနှင့်သား လင်နှင့်မယား အဖြေစောင့်စားစရာမလို
ပြောင်းဖူးရိုးဟာ ကိုးဆယ့်ငါးဒီဂရီအစောင်း
ကြယ်တို့အား ကလေးများ ကြည့်ကြ နာမည်များ ကြည့်ကြ
လည်ပတ်နေတဲ့နာရီ စက်ရပ်ပြုတ်ထွက်အသွား
လယ်ပပ်ကြားအက်ထဲက ထွက်လာသော ညည်းသံ
အဖိုအမ စာအုပ်တစ်အုပ်ပြီး တစ်အုပ်
စစ်ပွဲတစ်ပွဲပြီး တစ်ပွဲ
လိုက်ပွဲတွေ အထပ်လိုက် အလွှာလိုက် ...
ဟမ်ဘာဂါ
တံတိုင်းဆိုတာ မိတ်ဆွေတွေကို ကာကွယ်ဖို့ဖြစ်ပြီး
တံတားဆိုတာ ရန်သူတွေကို ကြိုဆိုဖို့
ငြိမ်းချမ်းရေး ရယူရန်ဖြစ်သည် သကာလ
(သံပြိုင် ... သံပြိုင်)
'အချစ်ရေ ကိုယ့်ကိုယ်ကိုယ်မှ မချစ်တတ်သူဟာ
ကမ္ဘာကြီးကိုလည်း မချစ်တတ်ဘူးကွဲ့ ...'
ဟူသည်အထိ ...။

၂၊ ၉၊ ၂၀၁၅။



www.burmeseclassic.com

www.burmeseclassic.com

**ကဗျာဆရာ ၂**
ဆူးရင့်

ဆူးညှောင့်ခလုတ်တွေရဲ့ ကမ်းပါးမှာ ငါတို့ အရှင်လတ်လတ် ရှင်သန်ခဲ့တယ်
လွယ်အိတ်ထဲ အမှောင်တွေအပြည့်ထည့်ပြီး
ညအကြောင်း လုံးဝ စိတ်မဝင်စားခဲ့ဘူး
စားစရာ မရှိ၊ ဝတ်စရာ နေစရာ ရှားပါးတယ်
ကျန်းမာရေးဆိုတာ ငါတို့အတွက် အခြောက်လှန့်ဆုံး အန္တရာယ်ပဲ
ရှိတာ ဝေစားမယ် ရတာ မျှသုံးမယ် ကိုယ့်ဆဲလ်အတွက် နိုင်ရာဝန်နဲ့ ရုန်းခဲ့
ပလီပလာ ချစ်ခြင်းမေတ္တာနဲ့ အရှုံးကွက် မနင်းခဲ့ဘူး
အပိုစကားနဲ့ ဖားပြီး မရှင်သန်ဘူး
ဘာမှဖြစ်မလာလည်း မဖြစ်ခဲ့သမျှအရာတွေနဲ့ အဆင်ပြေခဲ့တယ်
ရှိရင် ရှိသလို ပျော်ပျော်နေမယ်
ကုန်သွားတော့လည်း ကုန်တဲ့အတိုင်း ပျော်ပျော်ငတ်မယ်
သူများတွေထက် စိတ်ဓာတ်ကို မာကျောထားတယ်
သူများတွေထက် စိတ်ဓာတ်ကို လျှော့ချ နူးညံ့ထားတယ်
တောင်လိုလို မြောက်လိုလိုတော့ မဟုတ်ဘူး
အရပ်ရှစ်မျက်နှာမှာ ငါတို့ ရှိနေခဲ့တယ်
မထူးဆန်းတဲ့ သေခြင်းဟာ အရာမထင်ဘူး
ရှင်သန်မှုနဲ့ နေထိုင်ရလည်း အကြောင်းမဟုတ်ဘူး
ပိုက်ဆံရှိ ရှိကြပေ့၊ ခေါင်းငုံ့ပေးရလောက်အောင် ငါတို့ အရေးမစိုက်ဘူး
ငတ်ပြတ်မှုနဲ့ လမ်းစရိတ်တောင်းပြီး ပြန်ချင်ပြန်မယ်
စံစရာရှိရင် မင်းတို့ကို ရှေ့မှာထားပြီး
ခံစရာရှိရင် ငါတို့ အမြဲတမ်း ရှေ့မှာရှိနေမယ်
လူကြိုက်နည်းတဲ့ အနုပညာရုပ်တုကို
ပိုလို့ လူကြိုက်နည်းအောင် ထုဆစ်တတ်တာလည်း ငါတို့ပဲ
ဝေဝေဝါးဝါး ဝင်လာသူဟာ ယောင်ယောင်ဝါးဝါး ပြန်ထွက်သွားတတ်တာ
ငါတို့ ယဉ်ကျေးမှုရဲ့ အလှတရားအစစ် ဖြစ်တယ်
မအိပ်သေးဘူးလား (နိုး) မထသေးဘူးလား (ရက်စ်)
လူမရှိလို့ အထီးမကျန်ဘူး ကဗျာမရှိရင် ခြောက်သယောင်းတယ်
အပေါ်ယံတွေးပြီး ရေးလို့ရပါတယ်
လုပ်ဇာတ်ခင်းပြီး မရေးတတ်တဲ့ မာနအတွက် တရားလာမဟောပါနဲ့



ငွေကြေးနဲ့ဝင်ပြီး ဖြစ်ခွင့်မရှိသလို လူတိုင်းလည်း မရှင်သန်နိုင်တဲ့
ဝင်္ကနာကံနာကြီးပိုက်လို့ စိုင်ကော်လို့ ချုံပေါ်မရောက်ချင်ဘူး
ကိုယ့်အနာနဲ့ကိုယ် ဆူးတောထဲ ပျော်နေခဲ့တာ
မင်းတို့ထင်သလို အရှုံးတော့ အရှုံးပါပဲ
ယုံကြည်ချက်အတိုင်း ပြင်ဖို့မလိုအောင်
လုံလောက်နေတဲ့ အရှုံးအော်သံတွေကို
စွင့်ထားတဲ့ နား၊ တွန်သံတွေကို စိုက်ထားတဲ့ နား
ဟောက်သံတွေကို နားထောင်နေတဲ့ နား
ချစ်ခြင်းမေတ္တာနဲ့ စာနာစိတ်နဲ့ အမှန်တရားနဲ့ တော်လှန်စိတ်နဲ့
နိုင်ငံတိုင်းမှာ ငါတို့ ရှိခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အပြေရှာ

ဆူးသစ်နီ

ငါ့မျက်လုံးတွေ မှေးမှေးလေးထားပြီး
ဖြည်းဖြည်းချင်း တွေးကြည့်မှ
ရေးရေးပြန်ပေါ်လာပြီ မိမာယာ

ဖိနှိပ်ချုပ်ချယ်မှုတွေ
အကျင့်ပျက်ခြစားမှုတွေ
အရေးယူထိန်းသိမ်းမှုတွေ
ပေယျာလကန်ပြုမှုတွေ
အုပ်ချုပ်ရေးမှားယွင်းမှုတွေ
ဆင်းရဲမွဲတေမှုတွေ
ပညာဉာဏ်နုံနဲ့မှုတွေ
ထုတ်ဖော်ဆန္ဒပြမှုတွေ
တွန်းလှန်ပုန်ကန်မှုတွေနဲ့
ထိပ်တိုက်ရင်ဆိုင်မှုတွေနဲ့
အာဃာတတွေ၊ ယုံကြည်မှုပျက်ပြားခြင်းတွေ
ထူပြောလှတဲ့ ငါတို့အသက်တာဟာ
အလည်လွန်တဲ့ ဘီးတွေနဲ့ပဲ အလွမ်းသင့်ခွင့်ရတာမို့
ဆရာမနိုင် နှစ်ဆောင်ပြိုင်ဖာတ်ထုပ်တွေထဲ
'ကမ္ဘာ'ဟာ 'ကဗျာ'တွေကို ဖြစ်လို့။

## ပုဂံ

ဆေးခါး

ကြီးမြတ်လေသော သမိုင်းကြောင်းများ
ဗိမြေကြီးထက်မှာတဲ့
အတိတ်တွေကို ထိထိုးတဲ့အခါမှာတောင်
ဖောက်ခွဲခွင့် မရတော့တာ
ဘယ်လောက်ကြာပြီလဲ
ပြတိုက်ကြီးကတော့ ဟီးတယ်
ပြတိုက်ထဲ ရောက်သွားသလို/ဖြစ်လာမှာလား
စေတီပုထိုးတွေကတော့
ဟိုတယ်ကြီးတွေ အဆင့်မြင့် နန်းဆန်သလို
တည်းခိုခန်းတွေက ကမ္ဘာ့အဆင့်မီ
စေတီပုထိုးတွေကြားမှာ ညနေဆို
အသားကင်နဲ့ ငါးကင်နံ့တွေနဲ့
ရှီးယာ့ ခွက်ချင်း ခတ်ထိသံတွေနဲ့
ပုဂံဟာ ညနေခင်းရဲ့ မြည်းစရာတစ်ခု
ကမ္ဘာ့နိုင်ငံစုံတွေက မဒီချောတွေရဲ့ အလှတရားကို
ဘီယာစတေးရှင်တစ်ခုကနေ အပီအပြင်
ရှုစားအားပေးလို့ရတဲ့ မြို့ပဲ
သွေးချင်းတွေကတော့ ရိုးရာ အပျော်အပါးတွေနဲ့
အစဉ်အလာမပျက် ပျော်ရင်း ပါး
ရတာလေးနဲ့ လောက်အောင် သုံး/သုဉ်း
ရှိတာလေးနဲ့ လှအောင် ဝတ်/ဝင်္ခ
ဒါ ပုဂံ ပုံပြင်တစ်ပုဒ်သာ ဖြစ်စေချင်ခဲ့။

*၁၂၊ ၁၁၊ ၂၀၁၄။*





www.burmeseclassic.com

www.burmeseclassic.com

## အချိန်ရရင် မေ့လိုက်ပါ

ဆက်ဝေမိုး

အခု ကျနေတဲ့ တွင်းထဲက နံရံမှာ
စာကြောင်းတစ်ကြောင်း ရောက်နှင့်နေတယ်
'ကယ်သူမရှိ' ...တဲ့။

ကြောင်းကျိုးမဆီလျော်တဲ့ သေခြင်းတရားတစ်ခုကြောင့်
မတော်တဆ သူ့ရဲကောင်း မဖြစ်ချင်ဘူး
အဲဒီ အသက်ကယ်လှေပေါ်
ငါ့နာမည် တင်မသွားနဲ့။

ဘာပဲဖြစ်ဖြစ်
အချိန်ရရင် ငါ့ကို မေ့လိုက်ပါ။

၂၃၊ ၁၁၊ ၂၀၁၀။



## ၂၀၁၅ အဖြေ

ဆန်းထွန်းသောင်

၁၉၆၄ က ဒီပဲယင်းမြို့မှာ ကုန်စုံဆိုင်လေး ပြည်သူပိုင်အသိမ်းခံရတဲ့ အဖေကို
ပြည်သူပိုင်သိမ်းတဲ့ လူကြီးတွေက မေးခွန်းတွေမေးကြတယ်
ပြည်သူပိုင်သိမ်းတာ တရားသလား မတရားဘူးလား မေးခွန်းမေးကြတယ်
အမေကတော့ ငိုကြွေးနေပါတယ်
အမေ့ဆိုင်က မုန့်တွေ ပြည်သူပိုင်မုန့်တွေ ဖြစ်သွားလို့
သားတို့ ယူစားလို့ မရတော့ဘူးတဲ့။

အဖေက ဖြေပါတယ်၊ ပြည်သူပိုင်အသိမ်းခံရတာ အများနဲ့အတူ
အသိမ်းခံရတာမို့ တရားတယ် မတရားတယ်ဆိုတာ
မစဉ်းစားမိလို့ မစဉ်းစားမိပါဘူးလို့ ပြန်ဖြေခဲ့ပါတယ်
အမေကတော့ ငိုကြွေးနေပါတယ်
အမေ့ဆိုင်က မုန့်တွေ ပြည်သူပိုင်မုန့်တွေ ဖြစ်သွားလို့
သားတို့ ယူစားလို့ မရတော့ဘူးတဲ့။

မြန်မာပြည်ကို အင်္ဂလိပ်က သိမ်းတာ အများပြည်သူတွေနဲ့အတူ
အသိမ်းခံရတာပဲ တရားသလား မတရားဘူးလား၊ ခုလည်း အများနဲ့အတူ
အသိမ်းခံရတာ တရားတယ် မတရားဘူးလား၊ မစဉ်းစားမိဘူးဆိုရင်လည်း
အခု စဉ်းစားပြီးဖြေတဲ့
အမေကတော့ ငိုကြွေးနေပါတယ်
အမေ့ဆိုင်က မုန့်တွေ ပြည်သူပိုင်မုန့်တွေ ဖြစ်သွားလို့
သားတို့ ယူစားလို့ မရတော့ဘူးတဲ့။

အဖေက စဉ်းစားပါတယ်၊ စဉ်းစားပြီး ဖြေပါတယ်
ပြည်သူပိုင်သိမ်းတာ တရားသလား မတရားဘူးလားဆိုတာ
သမိုင်းက အဖြေပေးပါလိမ့်မယ်လို့ စဉ်းစားပြီး
သမိုင်းက အဖြေပေးပါလိမ့်မယ်လို့ ဖြေလိုက်ပါတယ်
အမေကတော့ ငိုကြွေးနေပါတယ်
အမေ့ဆိုင်က မုန့်တွေ ပြည်သူပိုင်မုန့်တွေ ဖြစ်သွားလို့
သားတို့ ယူစားလို့ မရတော့ဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ကဗျာကို ကဗျာချင်း စားခဲ့တယ်

ဆန်းဦးမောင်

တစ်လမ်းတည်း မပြောနဲ့
တစ်ခန်းတည်း အတူထွန်းခဲ့ကြရင်တောင်
စိတ်တောက်စားရာ နယ်မြေချင်း တူချင်မှတူနိုင်တာ
အချိန် နေရာ
အကွာအဝေးတွေကို ဘေးဖယ်ကြည့်လိုက်
ခင်မင်မှုဆိုတာ
အလုံးအထည်နဲ့ ပြနိုင်မှ
အရာဝင်တာမှ မဟုတ်တာ
မမြင်သာခဲ့ရင်လည်း နေ
ကွယ်ရာမှာ တိတ်တိတ်ကလေး ဝေနေတတ်တာမျိုး
ရင်ချင်းအပ်ရာ ကဗျာမှာ
ဟိုဘက်က ထွန်းရင် ဒီဘက်မှာ လင်းတယ်
ဟိုဘက်မှာ ညှိုးရင် ဒီဘက်မှာ ငြိုးတယ်
ဒီဖက်က တစ်ချက်လှုပ်လိုက်တာနဲ့
ဟိုဘက်မှာ ထပွက်တော့တာပဲ
အဲဒါ ကဗျာ ...
ဖန်တီးသူနဲ့ ခံစားသူဟာ
အလင်းသား ကွာရင်ကွာမယ်
အတွင်းသားမှာတော့
ပင်လယ်တွေ ကိုယ်စီနက်ခဲ့ကြတယ် ...။

## သူမကိုယ်သူမ ဘာမှမထိန်းချုပ်ချင်တော့ဘဲ ပျော်ပါးပစ်လိုက်ချင်တယ်တဲ့

ဇေယျာလင်း

ဗိန်းကလေးဖြစ်ရတာ နာတဲ့ဘက်ကချည်းပဲတဲ့။ သူ့အဘွား၊ အဒေါ်တွေနဲ့ အစ်မတွေကို မုန်းသတဲ့။ ချစ်သူနဲ့ တစ်သက်မှာ တစ်ခါပဲ အပြန်အလှန် သာယာပြီးပြီးချင်း ချစ်သူကို ယတိပြတ်ဖြတ်ပြီး အပျိုကြီးပဲ လုပ်တော့မယ်တဲ့။

ပင်ပင်းဂ်က ကြောင်ထီးလေးပေမဲ့ ငယ်တုန်းက ရပ်ကွက်ထဲက ကြောင်ထီး ကြီး လိုမ့်ကိုက်ခံရဖူးလို့ ညညဆို အိမ်မှာပဲကပ်တယ်။ ယို့မီယာက ကြောင်မ ကြီး။ အသက် ၁၅ နှစ်ကျော်ပြီ။ ဘုရင်မကြီး။ အပျိုကြီး။ ချောမှချော။ ကျွန်တော့်အဒေါ် သေလို့ ဝင်စားတာ။

လိုင်းမှာ × × × ပြောကြဖို့တောင် စိတ်မဝင်စားတော့ဘူးလားတဲ့။ အချစ် ခံစားမှုကို ထုတ်လုပ်တဲ့ ဓီဝကလာပ်စည်းအစုအချို့ ကိုယ်မှာ ပျက်ယွင်းသွား ခဲ့တာ ကြာပေါ့။ လူမှုစိတ္တဗေဒ ခွန်းကြီးခွန်းငယ်။ လူမှုရေးနဲ့ ပဋိပက္ခဟော်မုန်း။ ယဉ်ကျေးမှု မဖွံ့ဖြိုးသေးတဲ့ လိင်မှုဗေဒနဲ့ လက်တွေ့။

ငယ်တုန်းက ကျိုးပြီး ငယ်တုန်းက နာထားတာတွေဟာ ကြီးလာလည်း မပျောက်ဘူး။ လုံခြုံမှုကို တံလျှပ်မှန်းသိအောင် သူ့ကို အမြဲ ဆွဲဖြဲသတိပေး ကြတယ်။ သူတို့ပဲ ရှိရမယ်လို့လည်း မဟုတ်ပါဘူး။ ဘာမှ မမြဲဘူးဆိုတာ ဖြစ်ပြီးသားတွေ ပြန်မဖြစ်ဘူးလို့ မပါဘူး။ déjà vu။ အိမ်နားက သစ်ပင်ကြီး ပေါ်မှာ ဥသြဟာ မနက်တိုင်း လာလာမြည်တယ်။ မနက် ၅း၀၀ နဲ့ ၇း၀၀ ကြား။ မနီးစပ်ခင်ကြားမှာ လူပျို့ဘဝကို ဝမ်းနည်းမှုနဲ့ သုံးသပ်လိုက်တယ်။

ကွပ်မျက်လိုက်ကြပြန်ပြီတဲ့။ တိုက်ခိုက်ခံရလို့ သေကြေရပြန်ပြီတဲ့။ သဘော် မှောက်ပြန်ပြီတဲ့။ လွှတ်တော် ခေါ်ပြန်ပြီတဲ့၊ ဆင်းရဲတာတွေ၊ ချမ်းသာတာတွေ၊ တရားတာတွေ၊ မတရားတာတွေ။ ...

သူငယ်ချင်းရဲ့အစ်မ လေ့ကားပေါ်က ပြုတ်ကျတာ နံရိုး ၄ ချောင်း ကျိုးသွား တယ်။ traumatol ဆိုလား တင်ထားတယ်တဲ့။ နာကျင်လို့ အော်ဟစ်နေတာ ပဲတဲ့။ ဆေးရုံမှာလာဖွင့်တဲ့ Feel ဆိုင်ဟာ ရောင်းရလွန်းလို့ အလှူပေးနေ သလား အောက်မေ့ရတယ်။ ထိုင်စရာတောင် မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com

မိမိရဲ့ အာရုံကျမှု စက်ဝိုင်းအတွင်းမှာပဲ အဓိပ္ပာယ် အနက်ကောက်လေ့ရှိကြ တာပဲ ဆိုရင်ပေါ့လေ။ ပြန်လည်ဖော်ပြခြင်း (ဝါ) ကိုယ်စားပြုဖော်ပြခြင်း representation ဟာ (၁) တုပခြင်း mimesis (၂) ဖွင့်ဟဖော်ထုတ်ခြင်း expression နဲ့ (၃) ထိုးဇာတ်ဖြစ်ခြင်း fiction တို့ကို စာရေးသားခြင်းလုပ်ရပ် the art of writing နဲ့ ဘယ်လိုချိတ်ဆက်ရတယ်ဆိုတာ ... 'ဩရှဗစ်တ်ဇ် အဖြစ်အပျက်ကြီး ကြုံခဲ့ရပြီးမှ လစ်ရစ်က်ကဗျာတွေ ရေးတာဟာ ရိုင်းစိုင်းရာ ကျတယ်' – သီအိုဒေါ် အဒေါနိုး Theodor Adorno

လူတစ်ယောက်ဟာ အခြားတစ်ယောက်ရဲ့ ပျော်ရာပျော်ကြောင်း ထိုးဇာတ်။ အဲသလို စကားတစ်ခွန်းကို ယုံယုံကြည်ကြည် တိတိပပ ပြောထွက်ရဲဖို့ဆိုတာ ဘာမှမသိမှဘဲ ဖြစ်နိုင်ခြေရှိတယ်။ ဒါမှမဟုတ်၊ သိမှုတွေကိုပယ်ပြီး တမင် ပြောချင်လို့ ပြောတာ။ အားလုံးကို ဆားကစ်တွေလို ချိတ်ဆက်ထားတဲ့ ဘာသာစကားပါပဲ။ (ကဲ ... ကြည့်၊ ပြောလိုက်ပြန်ပြီ)။

သူမကို နားလည်နိုင်မယ့် တစ်ယောက်ယောက်လောက်နဲ့ပဲ သူမဘဝဟာ လုံလောက်ပါပြီတဲ့။ ဒါဆို ကိုယ်ဘယ်တော့မှမဖြစ်နိုင်တာ သေချာတယ်လို့ ပြောလိုက်ပြီး စားပွဲပေါ်ကနေ ပင်းဂ်လေး အစာအော်တောင်းနေတာလို့ သူ့ကို ကြောင်စာ လက်တစ်နှိုက်စာ ကျွေးပြီး သူ့ကျောကို ပွတ်သပ်ပေးလိုက်တယ်။ သူ့လည်ချောင်းထဲကနေ ဂရူး ဂရူးလို့ ကျေနပ်သံထွက်လာတယ်။ စားနေရင်း ဘေးက စာအုပ်ပုံကို ကန်ချပစ်လိုက်သေးတယ်။ ဗီလော်ဆော်ဖီတွေ၊ ကဗျာ ဗေဒတွေ ကြမ်းပြင်ပေါ် ပြုတ်ကျသွားကြတယ်။ ၁၁ ရာစုလောက်တုန်းက လည်း သမိုင်းမတွင်ခဲ့တဲ့ ကျန်စစ်သားတွေမှာလည်း ဒါမျိုးတွေ ကြုံခဲ့ရမှာပါပဲ။

လူတွေဟာ အမျိုးအစားမတူတဲ့ ပိုးကောင်တွေလည်း ဖြစ်တယ်ဆိုတာ သက်သေပြဖို့ လိုဦးမလား။ ကာ့ဖ်ကာဟာ ကြီလို ချိုပါတဲ့ ပိုးတောင်မာ အကောင်မည်းကြီး ဖြစ်တယ်။ မှန်ထဲကြည့်လိုက်တိုင်း နဖူးမှာ ချိုပေါက်စရာ အရာတောင် မတွေ့ရလို့ အစဉ်အမြဲ ဝမ်းနည်းကြေကွဲနေရသူပါကွာ။ ကျောင်း သား သပိတ်စစ်ကြောင်းကို ရန်ကုန်ထဲ လုံးဝလာခွင့်ပြုမှာ မဟုတ်ဘူးတဲ့။ ဆင်ခြင်တုံတရားရဲ့ ရွှေခေတ်တဲ့လား။ နာစ္စစ္စပ်စ်ရဲ့ ပုံရိပ်။

တစ်ယောက်မဟုတ်တစ်ယောက်ရဲ့ အသက်သွေးတွေဟာ တစ်ချိန်မဟုတ် တစ်ချိန်၊ တစ်နေရာမဟုတ် တစ်နေရာ၊ တစ်နည်းမဟုတ် တစ်နည်း။ တစ် ကြောင်းမဟုတ် တစ်ကြောင်းထက်ပိုတဲ့ အကြောင်းကြောင်းများကြောင့် စီးကျ ရင်း အသက်ကို ယူငင်သွားနေမှာပါပဲ။ မဟုတ်ဘူးလား ကမ္ဘာကြီးရေ ...။ ဓာရောင်တွေ၊ အနံ့တွေ၊ အရသာတွေ၊ အရွယ်အစားတွေ၊ အဓိပ္ပာယ်တွေ၊ တန်ဖိုးတွေ ကျွတ်လွယ်လွန်းပါတယ်။

ညညအိမ်ပြန်ရောက်လို့ ပင်းဂ်ကိုမတွေ့ရင် တစ်ခြံလုံး လှည့်ပတ်အော်ခေါ် တော့တာပဲ။ ပင်းဂ်၊ ပင်းဂ်ပင်းဂ်၊ ပင်းဂ်လေးရေ ... ပါးပါး ပြန်လာပြီလေ။ ညောင်။ ညော ၁ ၁ ၁ ၁ င်။ အမှောင်ထဲက ပြေးထွက်လာပြီး ခြေအစုံကို လှည့်ပတ်ပွတ်တော့တာပဲ။ အမြီးတထောင်ထောင်နဲ့။ ကြယ်တွေကိုတော့ မော့ မကြည့်ဖြစ်တော့ပါဘူး။ သူတို့ဘာသာသူတို့ လင်းလင်းမှိန်မှိန် ကျွမ်းကျွမ်း ကြွေကြွေ ကိုယ်နဲ့ ဘာမှပတ်သက်တာမှ မဟုတ်တာပဲ။

*၂၈၊ ဖေဖော်ဝါရီ၊ ၂၀၁၅။*



www.burmeseclassic.com

www.burmeseclassic.com

## ဟိတ်များ

ဇေသော်(စကားဝါမြေ)

ကျရှုံးခဲ့သလား
ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်တော့
ကိုယ့်ကိုယ်ကိုယ် ပြန်မဖြေ

နေထွက်နေဝင်ကို
တစ်ပြိုင်နက်တည်း ကြည့်ချင်နေတဲ့ ကောင်မျိုးပါ
တစ်ဘက်က အရယ်၊ တစ်ဘက်က အငို
တစ်ဘက်က အလို၊ တစ်ဘက်က အပို
တစ်ဘက်က စစ်၊ တစ်ဘက်က အချစ်
ခံစားစိတ်ကျကွဲပြီ
ယောနိသော မနသိကာရ
လွယ်လွယ်နဲ့ ချိတ်လို့မရ

အမှားတွေ မထားခဲ့သေးဘူးလား လူကြီးမင်းများ
အမှန်နဲ့ မတည့်နိုင်သေးဘူးလား လူကြီးမင်းများ

ဘဝမှာ
တရားနဲ့ ဓား တွဲသုံးနေရတာ မုန်းတယ်။



## Shopping Mall

ဇော်ထိန်

မြို့ပြရဲ့မျက်နှာမှာ တံဆိပ်ကပ်ထားသလို ဒေါင်လိုက်ဒယ်ရာကြီးနဲ့ အညီမှာ ယင်အုံမြိ လူအများစည်ကားရာ လမ်းသလား စီးဝင်မျောပါသွား၊ ခေတ်လေကားမှာ ငြိမ့်ခနဲ မြောက်ပါတက်ပြီ၊ လိုချင်တာ နည်းနည်း မလိုချင်တာ များများ မိန်းမစီးဖိနပ်တွေ ဒေါက်မြင့်၊ ခုံမြင့်၊ ဘဝင်မြင့်၊ မိန်းမလှလှ စကတ်တိုတို မိတ်ကပ်ခြယ်သမျက်နှာ၊ ငွေရေစက်က အသံလို ရယ်သံ တဖျပ်ဖျပ် လက်နေတဲ့ ဟိုစိတ်ဒီစိတ်၊ ရှာလေရာ ရေမပါလည်း ရေပန်းမှာ တသွဲ့သွင် အခန်းထဲ မိုးအတုနဲ့ ချေပြည့်အိုးလျှံကျသံ တဖျန်းဖျန်း သရုပ်ဆောင် ကော်ရုပ်မဟာ ကော့လန်ကော့လန် ရက်မိ အဝတ်တွေ ချွတ်ထားတဲ့မိန်းမလို မရှက်တရက် အပြုံးနဲ့ ဖိမ့်ဆတ်ဆတ်အလှနဲ့၊ ကြော်ငြာမှာ ဝင်ဆံ့တဲ့ ကလေးငယ် ကျော်ကြားတဲ့ တံဆိပ်ကို ကောက်ကိုင်တယ်။ ‘ငယ်’လို့ ကလေးလို့ အထူးပြုရပေမဲ့ အထူးပြုထပ်ဆင်စရာ ကလေးမှာ ဂုဏ်အထပ်ထပ် ကလေးလည်း ကလေး လူကြီးဆိုလည်း လူကြီး လူညစ်လေးဆိုလည်း လူညစ်လေး၊ သေသပ်လှပစွာ ဖျက်ဆီးခံရ၊ ခေတ်က နေရာချထားတဲ့အတိုင်း စွန်းပေနေတဲ့ ကလေးငယ်၊ မရိုးသားတဲ့ စားသုံးသူဝါဒရဲ့သားကောင်။ လိုချင်တာအကုန်လည်းတစ်လုံးမဆံ့ Ready Made လောဘ အိတ်ခွံများနဲ့ မြင်းဖက်ကြိုးလို ကလေးလက်ကို ဆောင့်ဆွဲလိုက်တယ်။ ခွာသံတွေ၊ ရှေးခေတ် စစ်တလင်းရောက် ဟည်းထရယ်သံတွေ၊ ဒေါသဖုန်မှုန့်တွေ ဖုန်းထဲက ဆဲသံတွေ နံရံတွေမှာ အထပ်ထပ်မြည်သံ ဆင့်ထွက်လာ ဖိနပ်တွေဟာ စစ်မြင်းခွာပေါက်သံတွေလို Shopping Mall နံရံမှာ ညှို့မျက်လုံးနဲ့ မယဉ်ကျေးတဲ့မိန်းမ ဆိုင်ထဲမှာ လမ်းသလား၊ အတွင်းခံကြော်ငြာတဲ့ ကော်ရုပ်မလို ကောင်မဟာ ဆိုင်ထောင့် စကြံလမ်းအချိုးမှာ ပိုက်ဆံအိတ်ကြီးကြီးနဲ့ စောင့်နေတာလိုလို၊ ဖုန်းခေါ်မှု ဝင်စားနေသလိုလို၊ စပိုင်လုပ်နေတာလိုလို 3D မျက်နှာနဲ့ ပုလဲလည်ဆွဲ ရင်ဟိုက်မှာ။ သူ့ရုပ်တည်မှု မသိရတဲ့ အခြေအနေမှာ လိုချင်တဲ့ ပစ္စည်းကို ကောက်ကိုင်ကြည့်လိုက်တယ် Made in China တဲ့။ ထပ်ကောက်ကိုင်ကြည့်လိုက်တယ်။ ပြန်ချလိုက်တယ်။ တွေဝေသွားတယ်။ နားထဲ Ear Phone ထည့်ပြီး သီချင်းနဲ့ ခေါင်းညိတ်လိုက်တယ်။ အပြင်က အသံအစစ်တွေက လူသံနဲ့မတူဘဲ တိရစ္ဆာန်ညည်းသံလိုလို၊ မာန်ဖီ တိုက်ခိုက်သံနဲ့ ဆက်သွယ်မှုကွန်ရက် ချဲ့ကား။ ကားသွားတဲ့ ဈေးကွက်ရဲ့ ဝယ်လိုအားထဲ လူရဲ့ ရှင်သန်လိုမှုကို ထုပ်ပိုး ကုန်ပစ္စည်းထဲထည့်ကာ ကြော်ငြာလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဈေးဝယ်လက်တွန်းလှည်းထဲမှာ တခြားကမ္ဘာကရောက်လာတဲ့ ရွှေရည်စိမ် ပျော်ရွှင်မှုနဲ့ မရေရာတဲ့ လူ့အဖြစ်ရဲ့ အရသာ၊ အဆိပ်သင့်အစာတွေ။ တစ်ခုချင်းစီရဲ့ ကုတ်နံပါတ်တွေမှာ သေခြင်းတရားရဲ့ သွေးဆောင်ပါဝင်မှုကို လှပအောင် ထုပ်ပိုးပြီး အသင့်ကောက်ယူရုံ၊ အမှန်ရှိတရားရဲ့ ပြိုင်ဆိုင်မှုကြောင့် မြင့်တက်လာတဲ့ နည်းပညာများ။ လူ့အဖြစ်ဟာ စိတ်ကြီးဝင်စရာ။ ပျော်ရွှင်စရာဟာ Shopping Mall ထဲမှာ။ ငွေဟာ အရာရာရဲ့ ဖန်ဆင်းရှင် God ရဲ့ အိတ်ကပ်ထဲမှာပင် ငွေဟာ သက်ရှိအဆောင်။ ကြင်နာမှု၊ ရိုသေကိုင်းရှိုင်းမှု၊ လူမှုရေးရာနဲ့ တွေ့ဆုံပျော်ရွှင်မှုတွေဟာ ငွေသော့နဲ့ဖွင့်မှ။ Shopping Mall ထဲမှာ အရာရာဟာ ရပ်တည်မှုကို တွေ့ဝေစေလိမ့်မယ်။ အလိုရှုပ်နည်းတောင်မှ လှည်းတစ်လုံးမဆံ့ သယ်ဆောင်သွား။ လက်တွန်းဈေးဝယ်လှည်းကို တွန်းလို့ သံသရာတစ်လျှောက် ဈေးဝယ်လှည်းဘီးရာတွေ ...။

**ချိုးကလေးသို့**

ဇော်နောင်

စံနက်နိုးက
အိပ်ရာထတိုင်း၊ ချမ်းမြသံစဉ်
ချိုဝေလွင်ကို၊ နားဆင်ပါရ
ကြည်နူးရလျှင် ...
ဘဘမှိုင်းကို လွမ်းမိတယ်။
အမေမာကို လွမ်းမိတယ်။
ဆရာတာရာကို လွမ်းမိတယ်။

ချိုးကလေး သင်
သင့်သံစဉ်ကို၊ ကြည်လင်ပြတ်သား
ကမ္ဘာကြားစေ ...
လူသားရင်တွင်း၊ ဝင်ရောက်ချဉ်းကာ
စီးဆင်းသော်က ကောင်းလေစွ။

သင် တောင်းဆိုလော့၊
(ထိုထိုစစ်ပွဲ၊ ရပ်စဲကြပါ၊
ကွဲပြားယူဆ၊ ညှိနှိုင်းကြပါ၊
စားပွဲဝိုင်းမှာ၊ အဖြေရှာပါ၊
ရာစုအသစ်၊ ထောင်စုခေတ်မှာ
ဒါ ယဉ်ကျေးမှု သတိပြု
လူ့နှလုံးသား၊ သိဉာဏ်ပွားရှို
ခံစားတတ်စေ ကျင့်တတ်စေ)ဟု
ရှုတ်ချွေဖွဖွ
တရားပြ
နားချပေးစေချင်တော့သည်။





www.burmeseclassic.com

www.burmeseclassic.com

## ကျောင်းတော်က ရန်စ

ဇော်လှစိမ်း

နွေရက်များထဲ ကျပ်တည်းစွာ လိုက်ပါကြ
မျှော်လင့်ခြင်းကို အိမ်ပြန်မပို့နိုင်သူများ။

ကံတရားအဖြစ်က ထမင်းသိုး၊ ဟင်းသိုးနဲ့
အဆိပ်ခတ်ထားတဲ့ အကုသိုလ်။

မရောက်တော့ဘူးလို့ မင်း မငြင်းဘူး
ရောက်နေပြီလို့ ငါ ဝန်မခံမိ။

အုတ်ခဲကျိုးမှတ်လို့ ကောက်ကိုင်မိလိုက်တာ
ပူပူနွေးနွေး နှလုံးသား ဖြစ်နေရတယ်လို့။

လမ်းကြောင်းကို လုပ်ကြံရင်
လမ်းသစ်တွေ လွှမ်းသွားမယ် မုချ
ငတ်နေတဲ့ခွေးကို ငါးစိမ်းကျွေးသလို
ဒီစကားကိုပဲ ငါတို့ ထပ်ခါထပ်ခါ ထိုးကျွေးလိုက်
လမ်းသစ်တွေ လွှမ်းသွားမယ်လို့ ထိုးဟပ်လိုက်

ကြေးရုပ်လား
ကျောက်ရုပ်လား
နတ်စိမ်းလား
အယူတိမ်းခွင့်ရှိလို့ မင်းတို့ ဆုတောင်းကြ။

နှလုံးသားမှတ်လို့ ဆုပ်ကိုင်လိုက်မိတာ
သွေးစွန်းနေတဲ့အုတ်ခဲကျိုး ဖြစ်နေရတယ်လို့။

*၁၊ ၃၊ ၂၀၁၅။*

## ၂၇

ဇော်သက်ထွေး

မျက်ရည်တစ်စက်ကျတိုင်း
ပန်းတစ်ပွင့် ပွင့်ကြေးဆို
ဥယျာဉ်မြို့တော် ဖြစ်လောက်ပြီ
ခံစားရတိုင်း
အိပ်ရာထဲ လှဲနေရရင်
ကျောအရေပြား ကွာလောက်ပြီ။
ဒီမှာ ... အညိုမလေးရယ်
မှတ်စုစာအုပ်ထဲ
ဗာတိုစာရှည်တွေလည်း ရေးမနေပါနဲ့
ဗေဒင်တွေလည်း မေးမနေပါနဲ့။
ဘဝဆိုတာ
စံပယ်ပွင့်သလို လွယ်ကူနေရင်
မင်းခြေထောက်မှာ ၁၆ ပဲရည် foot chain နဲ့
နေမှာပေါ့။
တွယ်မိတွယ်ရာ မတွယ်ပါနဲ့
တို့ ... ရေဒီယိုဖွင့်မယ်
ခေါက်ဆွဲခြောက်နဲ့ ကြက်ဥပြုတ်သောက်မယ်
ခု ... ဘာဖြစ်သေးလဲ
မနက် ၇ နာရီမှာ နေထွက်မယ်
၁၀ နာရီမှာ အလုပ်သွားကြမယ်
ဒီလိုနဲ့ ဖြတ်သန်းခဲ့
နွေဦး ၈ ကြိမ်။





www.burmeseclassic.com

www.burmeseclassic.com

... ... ....

ဇော်ဇော်အောင်

ဒီနေရာမှာ
ဂန္ဓမာပန်းဝါတစ်ခင်း
ဖြန့်ကျင်းစိုက်ပျိုးထားနှင့်ပါ။

သိလား
တစ်ချိန်ကဒီနေရာမှာ
မျိုးမစစ်တဲ့ လူ့တိရစ္ဆာန်တွေ
ဖောက်ခွဲဖျက်ဆီးသွားတဲ့
အဆောက်အအုံတစ်ခု
ရှိခဲ့တယ်။

ငါတို့ရင်ထဲအသည်းထဲ
ငါတို့နှလုံးသားထဲက
နှလုံးသားနန်းတော်
သမဂ္ဂအဆောက်အအုံ။

ရာဇဝင်မှာတင်သွားတဲ့
သင်းတို့ရဲ့ကြွေး
ဆပ်ပြီးသွားတဲ့နေ့
ငါတို့နန်းတော်ကို
ပြန်လည်တည်ဆောက်ကြမယ်။

*(နေ့ရက်အမှတ်အသားမရှိ။ ဖုံးခွဲပြီး ရက်အနည်းငယ်အတွင်း ရေးဖြစ်)*

**အခုထိ မူစရာမရှိတဲ့ လိပ်စာနဲ့ အခြင်းအရာဟာ ငါ့လက်ထဲမှာ**
ဇိုမြတ်လင်း

တစ်ယောက်ယောက် စိုပါစေဆိုတဲ့ အတ္တနဲ့ပဲ
မိုးဟာ ရွာပါတယ်ဆိုတဲ့အကြောင်း
ဒီလိုနဲ့ပဲ ဆောင်းဟာ ဟောင်းလောင်းဖွင့်လျက်
ငါ့ဆီရောက်လာတာ ကောင်းလား
ဗိုလ်ခြေတစ်သောင်းလောက်နဲ့ပဲ မှန်တယ်ဆိုတာတွေ လှည့်ထွက်သွားရုံဆို
ရှိတဲ့ခံစစ်
နည်းနည်းနဲ့ ကျဲကျဲ ဝိုင်းထားဦးမှာ
ဘယ်လိုလဲ ကျဉ်စက်တစ်ချက်တို့တိုင်း တစ်ခါကုန်းထနေတဲ့ ကဗျာဟာ
ဘာမဆို ပြီးတဲ့အကြောင်းနဲ့ ရာဇသံပို့လိုက်ပါတယ်
ခင်ဗျားကြောင်းထားတဲ့ လမ်းအတိုင်း ဝင်မလာရင် ကျိုးမှာပဲလို့
ကြိုမပြောကြေး
ကြေးဟာ ကျွေးထားတဲ့ လက်ပေါ်မှာဆို
ဒါဟာ ခေတ်ရဲ့လိုအပ်ချက်လား
နိုးစားရင် ခိုက်တတ်တာ ခေတ်ပေါ်တေးမဟုတ်သလို
ကိုင်ထားတဲ့ခေတ်ကို ဘယ်ခွက်ထဲထည့်ပြီး
ဘယ်လိုရှုန်းကန်မှုနဲ့ ယူနစ်ထုတ်ရမလဲ သိချင်
တကယ်ဆို ခေတ်ဟာ ဖြန့်လိုက်ရင် မီးပေါက်ရာချည်းပဲလို့
ငါ့ဟာငါ လက်တို့လာရတာလည်း ငြီးငွေ့ဖွယ်ရာဖြစ်တာကြာ
ကိုယ့်ကိုပစ်တဲ့ခါး သူများဒိုင်း ယူကာတာလောက် ရှက်ဖွယ်
ဒီအခြင်းအရာကိုပဲ ငါလည်း နှာစေးခဲ့တဲ့အကြောင်း
ဘယ်အရပ် မျက်နှာမူပြီး ဘယ်သူ့ကကို ဘယ်လိုပြောရမလဲ
လူဟာ လူ့သဘောနဲ့ တစ်သားတည်းကျခဲ့တယ် ဆိုတဲ့စကားနဲ့
ဒီစာကို
ကဗျာလုပ် ခေါင်းစဉ်တပ် ပို့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## နှလုံးနာ

ဇန်

တစ်ယောက်နဲ့တစ်ယောက် လက်ညှိုးထိုးနေရုံနဲ့တော့
ဒီရွှေနိုင်ငံဟာ လှပလာမှာ မဟုတ်ဘူး
သူ့နှလုံးအိမ်ထဲမှာ အဆိပ်တွေစုနေလို့
ဟော ...
ဟိုးမှာ နှင်းတွေကျနေတာ တွေ့လား
သစ်ပင်တွေ ငိုနေတာဖြစ်မယ်
ငါကိုင်ထားတဲ့ ငွေကြေးတွေထဲမှာ
သွေးမျက်ရည်တွေပါနေတာ သိလား
ကောလာဟလ
သတင်းတွေ
အတင်းတွေ
အဖျင်းတွေနဲ့
ပြေးတမ်းလိုက်တမ်း
ကစားခဲ့ကြဖူးတယ်
ငွေဝယ်ကျွန်ဆိုတာ
ငွေက ဝယ်တာလား ငွေကို ဝယ်တာလား
သေချာတာတစ်ခုက
ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့်
ငါက ဘာဖြစ်ရတယ်ဆိုတာ
လူညံ့တွေ အယူအဆပါ
ကိုယ့်ခံယူချက်လောက်တော့
ဘယ်အရာကမှ အဓိကမကျဘူး
အများကောင်းစားစေချင်တာ သေချာလား
စေတနာအမှန်ပါဆိုရင် ပရဟိတလုပ်ပါ
နိုင်ငံရေးမှာ ဝါဒဖြန့်နည်း နည်းနည်းပါတယ်ထင်လို့
သူများတွေလုပ်နေတာ မကြိုက်ဘူးမဟုတ်လား
ကိုယ်ကိုယ်တိုင် ထလုပ်သွားပါ
ဒါဆို
မနက်ဖြန်မှာ ရန်ကုန်မြို့တော်ကြီးဟာ



အမှိုက်တွေ ကားတွေ ပြည့်ကျပ်ညပ်နေမှာ
မဟုတ်တော့ပါဘူး
ဘယ်သူ့ကိုမှ လက်ဆွဲ တွဲမခေါ်ချင်ဘူးဆိုတာတော့
သေချာတယ်
ငါ့ရှင် သေရင် ငါ့ရှင် မျိုးဆက်ပြတ်ပြီ
လက်ပ်တော့ကို ပိတ်လိုက်ပါ
မီးတွေလည်း ပိတ်လိုက်ပါ
ဖယောင်းတိုင်လည်း ငြိမ်းလိုက်ပါ
အနည်းဆုံးတော့
ငွေ ၂၀၀၀ သက်သာပါစေ
အပြင်မထွက်ဘဲ အိပ်လိုက်ပါ
နယ်လှည့်ပါးရိုက်တာ မခံရဖို့
ပြီးတော့ ...
ဆောင်ပုဒ်နဲ့ ဆိုင်းဘုတ် အများဆုံးရှိတဲ့
ရွှေနိုင်ငံတော်အသစ် စစ်စစ်ကြီးမှာ
အိုဘယ့် နင်းပြား ဆင်းရဲသား
အုတ်ကြားမြက်ပေါက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## ရထား

ညရိပ်မှော်

'ကျေးဇူးပြု၍ နားဆင်ပါ
ကဗျာရထား မကြာခင်အချိန်တွင်းမှာ
ဘူတာအတွင်းသို့ ဆိုက်ရောက်ပါတော့မယ်'
ခုနကပဲ
ဘယ်တော့မှမရပ် တစ်ဟုန်းထိုးပြေးလွှား
ခုတော့လည်း
မျက်စိစုံမှိတ် စိတ်ဒုန်းဒုန်းချ ငြိမ်သက်လို့
အတင်း အထုပ်ဆွဲချသူ/အလုအယက်
အထုပ်ပစ်တင်သူ ဒီအချိန်လေးပဲ
စားကောင်းခြင်း သောက်ကောင်းခြင်းနဲ့
အသက်ဝအောင် ရှူထား
မကြာခင် ရေငုံနှုတ်ပိတ်နေရမယ်
ခြေဆန့် လက်ဆန့် ကဗျာဆန့်
အသက်ဆန့် ရေသစ်ဖြည့်သူဖြည့်
ရေဟောင်းစွန့်သူစွန့် နေရာမရှာ
ကဗျာရှာသူရှာ အစားစားရင်းနဲ့
ပြောလက်စ စကားတွေ ပြန်ဆက်လိုဆက်
တစ်ယောက်တစ်ပေါက်နဲ့
အပေါက်ပေါင်း မြောက်မြားစွာ
ပါးစပ်တစ်ပေါက်သာ ပိတ်လိုက်မယ်
အပေါက်တစ်ရာ ပိတ်ဖို့မလွယ်ဘူး
(ခေါင်မိုးအပေါက်ဖာသူ၏ အဆို)
ဒါဆို ပထမစကားကို
ပြန်ပြင်ရတော့မလို
'ကျေးဇူးပြု၍ နားဆင်ပါ
ကဗျာရထား မကြာခင်အချိန်တွင်းမှာ
ဘူတာအတွင်းမှ ပြန်လည်ထွက်ခွာပါတော့မည်'။



## တစ်ခွန်းဆိုင်

ညီတင့်

ဒါက ချစ်ခြင်းမေတ္တာပေါ့
မဟုတ်ပါဘူး နှစ်ဆယ်ရာစုကတည်းက ရောင်းမစွံတော့တဲ့ ပစ္စည်းတစ်မျိုးပါ။
ဒါက ရိုးသားမှုပါ
အရောင်းထိုင်း နှစ်ချို့ အန်းဒိတ် ကုန်ပစ္စည်းပေါ့။
ဒါက မိသားစုဘဝတွေ
ဂိုထောင်ထဲထည့် သိမ်းရတော့မှာမို့ အသင့်ထုပ်ပိုးထားတာပါ။
လက်ပံတောင်းတောင်လား လက်ကျန်ပစ္စည်း ပြတ်သွားပြီ
စိတ်ချပါ နောက်ထပ် ဒီတောင်မျိုးနဲ့ လုံးဝ အနံ့တူ အရသာတူ
ဒီဇိုင်းအသစ် ကုန်ပစ္စည်းအသစ် တင်သွင်းရောင်းချပေးဦးမှာ ဖြစ်ပါတယ်။
ပုဒ်မ ၁၈၊ ၁၉ ငါးနှစ်ဆက်တိုက် top ten စာရင်းဝင်
အရောင်းသွက် ကုန်ပစ္စည်းတွေ များမှများ
လိုင်ဇာ ပီအာ သမီးလေးကျေးရွာ မိကျောင်းကန် ဓမ္မစေတီခေါင်းလောင်း
စသည်ဖြင့် ...။
ငြိမ်းချမ်းရေး ချိုးငှက်က ရောင်းဖို့မဟုတ်ပါဘူးရှင်
ဈေးဝယ်လာတဲ့ ဖောက်သည် ကပ်စ်တန်မာတွေ
အပျင်းပြေ ရီဝေဝေးမောရအောင် အလုပြရုံသက်သက် ပြထားတာပါ။
ဝမ်းနည်းပါတယ် သမီးတို့ ထိုင်ဝမ်အော်ကျူပိုင်း မထားပါဘူး
ဒီလို ဂုဏ်သိက္ခာကင်းမဲ့တဲ့ ကုန်ပစ္စည်းမျိုးကို
လုံးဝ လုံးဝ ရောင်းချမှာမဟုတ်တဲ့အကြောင်း
ရှေ့မှာ ပွင့်လင်းမြင်သာ ဆိုင်းဘုတ်ထောင်ထားပါတယ် ဦး။
ဩော် ...ဟုတ်ကဲ့ ရှိပါတယ် ရှိပါတယ်
သမဂ္ဂလို့ မေးလိုက်လို့ ဝန်ထမ်းကလေးငွေ ရှာလည်သွားတာပါ
ဒါကို ကျွန်တော်တို့ဆိုင်မှာ ယူနီယံလို့ ခေါ်ပါတယ်
ကျောင်းသားယူနီယံ ဆရာ၊ ဆရာမယူနီယံ
အလုပ်သမားယူနီယံ၊ လယ်သမားယူနီယံ
လွှတ်တော်ယူနီယံ အမတ်မင်းယူနီယံ ဝန်ကြီးယူနီယံ သမ္မတယူနီယံ
ဘယ်ယူနီယံ ဘယ်လောက်ထုပ်ပိုးပြီး အိမ်အရောက် ပို့ပေးစေချင်ပါသလဲခင်ဗျာ။
ဟောဒါလေး နွေရာသီ အို့အို့အေးအေး ဝတ်လို့ရတယ်
သူ့ကို ပြောင်းပြန်လှန်လိုက်



www.burmeseclassic.com

www.burmeseclassic.com

ဟောဒီလို ခေါက်ချိုးချလိုက်
လေလုံမိုးလုံ မိုးကာအင်္ကျီအဖြစ် ဝတ်လို့ရတယ်။
တစ်ခွန်းဆိုင် ဆိုပေမဲ့
တစ်ခွန်းပြောပြီး တစ်ခွန်းမေ့သွားတတ်တဲ့ တစ်ခွန်းဆိုင်
တစ်ခွန်းဈေး ဆိုပေမဲ့
ဝယ်သူလာတိုင်း ဈေးနှုန်းပြောင်းပြောင်းကပ်တတ်တဲ့ တစ်ခွန်းဆိုင်။

*၃၀၊ ဒီဇင်ဘာ၊ ၂၀၁၄။*



## ဒေါင်းလုတ်ဆွဲနေတာ

ညီမင်းဝေ

ဦးထုပ်အနက်ရောင်ဆောင်းသူကို လိုအပ်တာက စလိုက်
ကျရှုံးချိန်မှာ အကျမနာဖို့ ခဏလောက်လေး တွေးကြည့်
ပြန်မပေးရသေးဘူးလေ မကျေနပ်ချက်တွေ အလုံပိတ်တာ ကြာနေပြီ
ပေါင်တံဖွေးလွန်းသူ သမင်မလေးကိုမှ မျက်စပစ်ပြမိလိုက်တာ
တောတွေတောင်တွေပါ ချကျွေးလိုက်ရတော့တာပဲ ဆိုတဲ့စကား
ကားတွေဟာ အချိန်မတော်မှ လက်ဖက်ရည်ဆိုင် ထွက်ထိုင်ကြတာလား
အရုပ်ဝယ်ပေးခိုင်းတဲ့ တစ္ဆေတစ်ကောင်ဟာ
မျက်မှန်တပ်ပြီး တရားတွေ စဟောလာ
ငွေစကားပြောဖို့ ငွေကို စကားပြောသင်ပေးနေရမှ ဘဝဆိုတာ ဖြစ်လာပုံရ
အဆင်မပြေမှုလို့ဆိုပြီး ထည့်ထည့်လော့နေကြတာတွေ ရပ်လိုက်တော့
နာရေးသတင်းတစ်ခုက ပျော်စရာကောင်းမယ်ဆိုတာလည်း သိထားဦး
လွတ်ထွက်သွားပြီး ဘောင်တွေကို မလွတ်မလပ်တွေ့ရတာဟာ
ဒီနေရာမှာ စတွေ့တာဆိုတော့လည်း စောင့်နေလိုက်ရုံ။



www.burmeseclassic.com

www.burmeseclassic.com

## ဆယ့်တစ်မီး ကပွဲ

ညီမြင့်

အဖြူရောင်
သူ၏လောင်စာသည် စုပ်မျိုးရေး
ကြွေးကြော်တေးနဲ့ ခရီးဆက်
ခုဖြစ်နေတာ ပြဿနာ
မီးခွက်ထွန်းရှာ မဟုတ်ရပါဘူးကွဲ့။

ကြီးကြီးကျယ်ကျယ်ကြီး သင် မတွေးလိုက်ပါနဲ့
ငါတို့နဲ့မဆိုင်ဘူးလို့လည်း သင် မတွေးလိုက်ပါနဲ့
(မင်းနဲ့ ငါ) ဟောဒီရင်ဘတ်မှာ
လူသားနဲ့သက်ဆိုင်သော
အမှတ်တံဆိပ်တွေက
ငါတို့ လူသားတစ်ယောက်ဖြစ်ကြောင်း
စည်းကို ခြားလို့ နားလည်ခဲ့ကြသလို
စည်းထားလို့ ခရီးသည် သူ့သဘော သူဆောင်ခြင်းပေါ့
ခုဖြစ်နေတာ ပြဿနာ
မီးခွက်ထွန်းရှာ မဟုတ်ရပါဘူးကွဲ့။

ခရီးဆက်
ဟိုမှာဘက်ကမ်းမှာ
လွင်ပြင်မိုးသား ခရမ်းပြာ
ခုတော့ဗျာ
စိတ်ဒဏ်ရာ အကြိမ်ကြိမ်ရ
ဒီမှာက အရောင်ထဲ အရောင်ဝင်
ကိုယ်ယောင်ဖျောက်တမ်း ကစားတဲ့
အတ္တကောင် ဖွံ့ထွားလွန်းမှုကြီးက လွန်လွန်ကျူးကျူး
ပိန်းပိတ်လို့မှောင် အမည်းရောင်တွင်းနက်ထဲ
တကယ်ဆို ပြဿနာကို
မီး ခွက် ထွန်းရှာ မဟုတ်ရပါဘူး။



တကယ်ဆို
ဘဝကိုက အစီအရီ ကိုယ်စီထွန်းညှိ
ဆီးမီးခွက်။



www.burmeseclassic.com

www.burmeseclassic.com

## ရန့်ပြင်းလို့ ရှူးခဲ့တယ်

ညီသွေး

လက်ဗလာ ခြေဗလာ
တောအုပ်ဟာ လွန်ခဲ့
ထွန်ရေးဟာ ကြေခဲ့
ရေပေါ်ရေးထားတဲ့ အရုပ်တွေ
မှေးမှိန်ဆေးရော်လို့
အမှတ်စဉ်သုံးခုစလုံး
အကောင်းဆုံး စစ်ရှုံးခဲ့ကြပြီးပြီ။

ရှိလာကိုစတာညအမှောင်ထဲ
လရောင်ယဉ်ကျေးမှုကို လှူမယ်
နွေခေါင်ခေါင် သင်ရိုးကိုတော့
ရင်အုံထဲ ထည့်မပျိုးနိုင်ဘူး
မျက်ရည်ဆူးတွေ ပွင့်ဖတ်လိုကြွေစေတော့။

ထီးကျိုးစည်ပေါက် ရင်ခွင်ထဲ
သွေးမကျဲသော ပြဇာတ်တွေ ခင်းကျင်း
တို့တွေရဲ့ ချစ်ခြင်းဟာ အလံမလှဲခြင်းပဲ
တို့တွေရဲ့ လောင်းကြေးဟာ
တစ်ယောက် အရိပ်ကျရာ တစ်ယောက် နေမဝင်ကြေးဘဲ။

အလွမ်းနဲ့ပတ်သက်သော ဇ နဲ့
တို့အားလုံးရဲ့ အဟောင်းဟောင်း အနွမ်းနွမ်းတေးပဲ
ပရုပ်လုံးလေးထည့် ခေါက်သိမ်း
ကန္တာရထဲ ရှားပါးစိမ်းလန်းရဦးမယ်
ဒီဘဝ ဒီညကို လင်းပစ်ဖို့
ငါတို့မှာ ခက်ဆစ်မရှိလည်း
အရောင်တူပွင့်တူ ကြွေကျလိုက်
ဗျည်းသရစုံ မြေပန်းချီကားတစ်ချပ်ရမယ်။



## မြို့ကြွက်တစ်ကောင် ယာဉ်တိုက်ခံရခြင်း

ညို့ပြာဝိုင်

ကြုံကြုံခံပြေးနေနိုင်ရမယ် စိတ်ကိုပဲ လောင်စာအဖြစ် သုံးတယ်
တလူပ်လူပ် တလိမ့်လိမ့် ကားလမ်းမတွေပေါ်က ယာဉ်တွေအတိုင်း
ပြေးလိုက် ရပ်လိုက်
ကိုယ့်အထာနဲ့ ကိုယ်ပဲ
အန္တရာယ်တော့ များတယ်
မိုးကြောင်ခိုးဝှက် အသက်ရှင်ရတဲ့အခါ
ခုလို လမ်းမကို ဖြတ်ပြေးရတဲ့အခါ
ဒါက ရှင်သန်မှုပဲ
အခု မသေသေးတာက ရှင်သန်နေလို့ဆိုတာကို
ကျန်ခဲ့တဲ့အချိန်တွေက ပြောနေတယ်
အမှိုက်တစ်ကောင် ပြဿနာတစ်ကောင်အဖြစ်ကလွဲပြီး
ရှင်သန်တာကို ဘယ်သူ သိခဲ့လဲ
အသက်တစ်ချောင်း ဖြစ်ခဲ့ဖူးတယ်
လောကကို ဘယ်လို မာရေကျောရေ ဖြတ်သန်းခဲ့လဲ
ကားဘီးနဲ့ တစ်ကြိမ်ပွတ်ခံရတယ် လိမ့်ရုံလေးပဲ
နောက် ကားတစ်စီး တက်ကြိတ်သွားတယ်
ပြားမသွားသေးဘူး
တလိမ့်လိမ့် ဖုတ်လှိုက်ဖုတ်လှိုက် ငင်နေတဲ့အသက်
မြို့ကြွက်တစ်ကောင်ဟာ အန္တရာယ်ကို
အက်ရှင်ကားလို သူကိုယ်တိုင် သရုပ်ဆောင်နေရသူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

**ဖြစ်ခွင့်ရ အမှားအယွင်း**

ညိုရင်နွေး

(မင်း၊ မင်းခစား၊ ဝန်ထမ်း၊ ဒလံ၊ သူလျှို၊ သတင်း၊ ထက်သန်သူ၊ အမိုက်အမဲ)

တကယ်လို့သာ
ဘဝမှာ တစ်ခုခုဖြစ်ခွင့်ရမယ်ဆိုရင် ...
အကုသိုလ်ကို မာယာတပ်ပြီး မှားနေတဲ့
ငါးမှားသူဘဝ ...
ငါ မရချင်ဘူး။

(မင်း၊ ဥပဒေ၊ အစေအပါး၊ ဖော၊ သစ္စာဖောက်၊ အမှောင်၊ ယောင်၊ နေ)

ကိုင်ဆောင်သူရဲ့
ထားရာနေ၊ စေရာသွား
မျှော်လင့်ခြင်းက ...
ကြိုးဖျားမှာ ရှိသတဲ့
အဲဒီလို ငါးမှားတဲ့ဘဝ ...
ငါ မရချင်ဘူး။

(မင်း၊ ယောက်၊ သိမ်ဖျင်း၊ ဖော၊ ညှော်၊ ညောစ်၊ ဆိုး၊ မိုက်)

ကိုင်းတံနဲ့ သံချိတ်ရဲ့ကြားမှာ
မလျှော့မတင်း
ရောယှိမ်းနွဲ့ ကယနေရတဲ့
အဲဒီ ငါးမှားကြိုးဘဝ ...
ငါ မရချင်ဘူး။

(မင်း၊ ဆိုး၊ ညှံ၊ ယုတ်၊ ဆိုး၊ ညစ်၊ ညှံ၊ ယုတ်)

မာယာနဲ့ အဝိဇ္ဇာကြား
အဆင်ပြေသလို လှုပ်ရှားနေရတဲ့



ဆိတ်လဖိ(ဖေးစွေ) ဖော့တံဘဝ ...
ငါ မရချင်ဘူး။

(ဆိုး၊ ယုတ်၊ ညှံ၊ ယုတ်၊ ဆိုး၊ ညစ်၊ ယုတ်၊ ညှံ)

မကောင်းတရားတို့ကပဲ ပိုရှိတည်ကြည်လေဟန်နဲ့
ကိုယ့်လေးနက်မှုနဲ့ကိုယ် လှလှကြီး နစ်မွန်းနေရတဲ့
အဲဒီ ခဲသီးဘဝ
ငါ မရချင်ဘူး။

(ဆိုး၊ ညှံ၊ ဆိုး၊ ညှံ၊ ဆိုး၊ ညစ်၊ ဆိုး၊ ညှံ)

ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ကောင်မှန်း သိသိကြီးနဲ့
အရေခြုံမက်လုံးတွေ ပြစားပြစား
သမိုင်းမှား တင်ဆက်သူ
ငါးမှားချိတ်ဘဝလည်း ...
ငါ မရချင်ဘူး။

(ဆိုး၊ ဆိုး၊ ဆိုး၊ ဆိုး၊ ဆိုး၊ ဆိုး၊ ဆိုး၊ ဆိုး)

ကိုယ့်ကိုယ်ကိုယ်တောင် ဘာမှန်းမသိရခင်
မသေမရှင် အစတေးခံရတဲ့
အဲဒီ ငါးစာဘဝ
ငါ မရချင်ဘူး။

(ညှံ၊ ညှံ၊ ညှံ၊ ညှံ၊ ညှံ၊ ညှံ၊ ညှံ၊ ညှံ)

သူခန့် ဒုက္ခဟာ အတူတူပဲရယ်လို့
မောင်စွ အဝိဇ္ဇာနဲ့
အဲဒီ ... ငါးဘဝလည်း ...
ငါ မရချင်ဘူးကွယ်...။
၂၀၊ ၁၊ ၂၀၁၄။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅ မှာ သမ္မတလုပ်ချင်သူများ စာရင်းပေးသွင်းနိုင်ပါပြီ

ညိုသစ်ငယ်

သမ္မတလုပ်ချင်သူများ ခင်ဗျား ...

၂၀၁၄ ကတော့ အကောင်းအဆိုးတို့နဲ့ အကြောင်းအကျိုး ညီညွတ်စွာ
ချုပ်ငြိမ်းသွားပြီ ဖြစ်ပါတယ်၊
လာခဲ့ ... ၂၀၁၅ အချိန်မကုန်စေနဲ့၊ ပြဿနာတွေ ခေါ်မလာနဲ့၊ လစာတိုးပါ၊
ကုန်ဈေးနှုန်းမတက်ပါနဲ့၊ ပြည်တွင်းဆူပူမှုတွေ ဖြစ်ရအောင် မလုပ်ပါနဲ့၊
လမ်းတွေကျပ်၊ ကားတွေကျပ်အောင် မလုပ်ပါနဲ့၊ ပုဒ်မတွေတပ် အဖမ်းအဆီးတွေ
သိပ်မလုပ်ပါနဲ့၊ ကိုယ်ပိုင် ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု မပျောက်ပါစေနဲ့၊
ပညာရေးစနစ် ဒီထက် မနိမ့်ကျပါစေနဲ့၊ ဒီမိုကရေစီ သင်ခန်းစာများကို
မကြေညက်အောင် မလုပ်ကြပါနဲ့၊ မိသားစု နွေးထွေးမေတ္တာ မကုန်ခန်းပါစေနဲ့
(မေတ္တာပေးလို့ မေတ္တာရ)
တိရစ္ဆာန်က လွဲလို့ လူတိုင်း နိုင်ငံရေးလုပ်ပါ၊ နိုင်ငံခြားက ချေးငွေများများ
ရအောင် လုပ်ပါ၊ မြန်မာနိုင်ငံပိုင် သဘာဝသယံဇာတတွေ မရောင်းစေချင်ပါ၊
ရောဝတီ သက်ဆိုးရှည်ပါစေ၊ ကမ္ဘာကြီး သက်ဆိုးရှည်ပါစေ၊ လူတိုင်း
သက်ဆိုးရှည်ပါစေ၊ ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်ပွဲကြီး အမြန်ဆုံး
ငြိမ်းချမ်းအောင် လုပ်ပေးပါ၊ ပျက်စီးနေတာတွေ အားလုံးကို ပြင်ပေးပါ၊
လွှတ်တော်ကြီး ခေါင်းညိတ် ခေါင်းခါ ထိုင်ငိုက် အိပ်နေမယ့်အစား လှုပ်
လှုပ်ရှားရှား ပြင်ဆင်သင့်တာတွေ ပြင်ပေးပါ၊ ဒီနေ့ထိ လာဘ်စားနေသူများကို
ပြုပြင်ပေးပါ၊ အခွန်အခတွေ တိုးမကောက်စေချင်ပါ၊ (ဥပဒေတွေတော့ ရှိရ
မှာပေါ့) ဥပဒေကို ဥပဒေအရလုပ်ပါ၊(ဥပဒေအထက်မှာ ဘယ်သူမှ မရှိ/ရှိ)
နိုင်ငံခြားသွား ကျေးကျွန် လိင်လုပ်သားများစွာ ထွက်ခွာသွားခြင်း နည်းသွား
အောင် လုပ်ပေးပါ၊ ပြုပြင်ပြောင်းလဲရေးကို ပီပီပြင်ပြင် ပြောင်းလဲပေးပါ၊
သဘာဝ ဘေးအန္တရာယ်တွေ လျော့ပါး နည်းပါးသွားအောင် လုပ်ပေးပါ၊
သစ်တော သစ်ပင်ကြီးကြီးတွေကို ခရိုနီကြီးတွေ ခုတ်လှဲခြင်း ဘေးအန္တရာယ်
မှ ကင်းဝေးအောင်လုပ်ပေးပါ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်များအောင်
လုပ်ပေးပါ၊ (ဒေါ်လာများများရစေချင်/ ဒေါ်လာလည်း ကျန်းမာပါစေ) အတု
အပတွေ ဘေးမှ ကင်းဝေးအောင် လုပ်ပေးပါ၊ (ဆေးထိုးခြင်းဘေး ကင်းဝေး)
နိုင်ငံကို တိုးတက်အောင်လုပ်ပေးမယ် ချစ်ပါတယ်ဆိုပြီး အသံကောင်းဟစ်
နေသူများ၊ နိုင်ငံရေးသမား အတုအယောင်တွေကို ပပျောက်သွားအောင်



လုပ်ပေးပါ၊ ခရိုနီ စီးပွားရေးသမားကြီးများ၊ ငါ့ဖို့ နိုင်ငံရေးသမားများ၊ လူ
တစ်စု ကောင်းစားအောင် လုပ်နေသူများ၊ တစ်ပါတီ ကောင်းစားအောင်
လုပ်နေသူများ၊ လူမျိုးတစ်စုကောင်း စားအောင် လုပ်နေသူများ၊ လုံးဝမရှိ
ပပျောက်အောင် လုပ်ပေးပါ၊ ခိုးကူး၊ ခွေးကူး၊ လူကုန်ကူး၊ လိင်ကူးခြင်းဘေး
ကင်းဝေးအောင် လုပ်ပေးပါ၊ ခွေးကျင့် ခွေးကြံ၊ ဆင်ကြံကြံ၊ လူသူတော်
လူမသူတော်၊ အသံဗလံ ဆူညံခြင်းဘေး ကင်းဝေးအောင် လုပ်ပေးပါ၊ ဒုက္ခိတ၊
ကြံမီးအုံး၊ အယဉ်အရိုင်း၊ အမိုက်သရိုက် လွင့်ပါးအောင် လုပ်ပေးပါ၊ စားဖား၊
အထည်ကြီးပျက်၊ တောဂေါ်လီ၊ မြို့ဂေါ်လီ၊ အတွင်းကြေကြေအောင် လုပ်ပေးပါ၊
(နိုင်ငံရေး၊ လွှတ်တော်တော် မတော်တော် ငါတို့ဖို့ လိုအပ်)
အရေးတော်ပုံ၊ တော်လှန်ရေး၊ ပုန်ကန်မှု၊ အရှုံးအနှမ်း၊ အမှတ်သည်းခြေ မရှိ
သမ္မတလောင်းတို့ ...
မြန်မာနိုင်ငံအတွက် လုပ်နိုင်တာမှန်သမျှ အကောင်းဆုံး လုပ်ပေးပါ၊
ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတ အရည်အချင်းများနှင့် ပြည့်မီကျော်လွန်
သူ များသည် ယနေ့မှစ၍ စာရင်းပေးသွင်းနိုင်ပြီ ဖြစ်ပါကြောင်း။

*၂၇၊ ၂၊ ၂၀၁၅။*



www.burmeseclassic.com

www.burmeseclassic.com

**ကဗျာနေ့**

ညွန့်သစ်

ငြိမ်းချမ်းရေး သံစဉ်တွေ
ကမ္ဘာမြေပေါ် လွှမ်းလာမယ့်
ကမ္ဘာ့ကဗျာနေ့ ပွဲတော်။



**ဒိန်ခဲများ**

ဌေးကြည်(စလင်း)

ဒိန်ခဲတွေ ဒိန်ခဲဖြစ်တယ်
ဒိန်ခဲတွေ လူဖြစ်တယ်
ဒိန်ခဲတွေ တောဖြစ်တယ်
ဒိန်ခဲတွေ ခေတ်ဖြစ်တယ်
ဒိန်ခဲတွေ နိုင်ငံရေးဖြစ်တယ်
ဒိန်ခဲတွေ စစ်ပွဲဖြစ်တယ်
ဒိန်ခဲတွေ ငြိမ်းချမ်းရေးဖြစ်တယ်
ဒိန်ခဲတွေ ငါဖြစ်တယ်
ဒိန်ခဲတွေ သူဖြစ်တယ်
ဒိန်ခဲတွေ တပ်လှန့်သံဖြစ်တယ်
ဒိန်ခဲတွေ သမိုင်းဖြစ်တယ်
ဒိန်ခဲတွေ ခေတ်ကို စစ်လို့မြင်တဲ့
ငါ့သူငယ်ချင်း နေထက်နိုင်ဖြစ်တယ်
ဒိန်ခဲတွေ သီချင်းဆိုရင် အလွမ်းသံမစင်တဲ့
ဇာတ်မင်းသားလေး မောင်သိန်းဇော် ဖြစ်တယ်
ဒိန်ခဲတွေ ငြိမ်းချမ်းရေး မရမချင်း ကဗျာမရေးဘူးဆိုတဲ့
ငါ့တပည့်မလေး ဖြစ်တယ်
ဒိန်ခဲတွေ မြစ်ကို အပေါ်ကကြည့်တဲ့ ရှုခင်းအသစ် ဖြစ်တယ်
ဒိန်ခဲတွေ အရူးလက်ထဲက တုတ်ကို ပုတ်ထုတ်တဲ့ပင်လယ် ဖြစ်တယ်
ဒိန်ခဲတွေ တိုက်ပွဲအတွက် ရိက္ခာဖြစ်တယ်
ဒိန်ခဲတွေ လူယောင်ဆောင်တယ်
လူတွေ ဒိန်ခဲယောင်ဆောင်တယ်
ဒိန်ခဲတွေ လူဖြစ်တယ်
ဒိန်ခဲတွေ ဒိန်ခဲများဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## အရွေ့

တီဇတ်

ချိုတုံချတုံနဲ့
ယဉ်ကျေးမှုရဲ့ စင်းကော
ဘယ်သူက ခံဝန်ကတိကို
ဆေးကြောမှာလဲ ...
မြင်အောင်ကြည့်တတ်တဲ့
မှန်တစ်ချပ် ...
အရိပ်ပေါ် ကျရောက်နေဆဲ
နိမိတ်နောက်ကို အတိတ်က
အပေါ်ယံရှုပ်ပြီး
မောင်းနှင်နေတယ် ...။



## နှစ်ယောက်စာ သီချင်း

တိုးနှောင်မိုး

အလင်းတွေ ခံတွင်းတွေ့နေသမျှ
ငြူစူခြင်းမရှိသော စက်ပစ္စည်းများက အကောင်းပကတိ
တိမ်ကအစ ခပ်ဝေးဝေးက သဲ့သဲ့ကြားနေရတဲ့ ရယ်သံတစ်ဆုံး
လှပသောမြစ် ဒီကမ္ဘာမှာ ရှိဦးမှာလား။
ငါက ကရုဏာ
မင်းက တအင်းအင်းနဲ့ အင်းလိုက်
မီးခိုးတွေ တို့ဆီရောက်မလာမချင်း
ဒီတောမီးက တို့နဲ့မဆိုင်။
တကယ်တော့
ချစ်ခြင်းမေတ္တာကလည်း ဘာနဲ့ထုထားတာမှတ်လို့
ရုပ်တွေ နာမ်တွေ အားလုံး ပျက်စီးရာပျက်စီးကြောင်းပဲ
နပ်တ်တွေ ကျွတ်ထွက်သွားတာ ဖာထေး
စံပယ်ပွင့်လေး လေထဲ ရနံ့
ငါတို့ ကြိုတွေးထားတဲ့ ငိုကြွေးခြင်းက
ရိုးရိုးသားသား
ရောက်ရှိလာမှာပဲ အချစ်ရယ်။
မိုးက မိုးကို မိုးနေတဲ့ မိုးကောင်းကင်
စက်ရုပ်တွေလို လူမှုဘဝနဲ့ ကင်းလွတ်အောင်နေပြီး
ဇာစ်မြစ်ကိုမရှာဘဲ ပို့စ်မန်းကို သတ်ပစ်သလို
နှလုံးသား လူ့အဖွဲ့အစည်းကို ကျောခိုင်းနေနိုင်လို့လား
အသီးတွေဟာ အညှာတစ်ခုတည်းက ဆင်းလာတာ
ငါငတ်နေတဲ့ ရေတွင်းလေးထဲ
ငါငင်မိတဲ့ လရောင်
တစ်စက်ချင်းကျနေတဲ့ ရေသံက
သာယာခြင်းကို ရွှေ့နဲ့ကွပ်ရမယ့် အထာ။



www.burmeseclassic.com

www.burmeseclassic.com

## နောက်ပိုင်း ဘာဆက်ဖြစ်သေးလဲ

တိုးဝေ

သူ့အိမ်မှာက သဘောတူပြီးတဲ့နောက်ပိုင်း ဘာဆက်ဖြစ်သေးလဲ
ဟုတ်ပါပြီ၊ ဇယားတွေ ရှင်းပြီးတဲ့နောက်ပိုင်း ဘာဆက်ဖြစ်သေးလဲ
အဲဒီက ... သပိတ်စခန်းတွေ ဖြိုခွင်းပြီးတဲ့နောက်ပိုင်း ဘာဆက်ဖြစ်သေးလဲ
အဘိုးကြီးရဲ့ အမွေကိစ္စနဲ့ပတ်သက်ပြီး နောက်ပိုင်း ဘာဆက်ဖြစ်သေးလဲ
ဗေဒင်ဆရာတွေ ပြောတဲ့အတိုင်း ယတြာချေပြီးနောက်ပိုင်း ဘာဆက်ဖြစ်သေးလဲ
ဘာဆက်ဖြစ်သေးလဲ ဘာဆက်ဖြစ်သေးလဲ
မေးသံတွေ ပွက်လောညံ ပွဲတင်ထပ်နေဆဲပဲ
ရှည်နေတာလား ... မျောနေတာလား ... ဆန့်ထားတာလား
ဇာတ်လမ်းတွေက အဆုံးပဲ မသတ်နိုင်တော့ဘူး
ခေတ်အဆက်ဆက်မှာ
လူဆိုတာက သတင်းကို လည်ဆန့်မျှော်ရတဲ့ သတ္တဝါတစ်ကောင်
မနက်ပိုင်းဆိုရင် ညနေကိုစောင့်ဆိုင်း၊ ညနေကျတော့ နောက်တစ်နေ့မနက်ကို
စောင့်ဆိုင်း ... တစ်ခါမှ လိပ်ပတ်မလည်သေးဘူး။

ကိုယ့်အကြောင်းဖြစ်စေ၊ သူ့အကြောင်းဖြစ်စေ
ဝတ္ထုဆိုရင် ဇာတ်သိမ်းခန်းကို ကျော်ဖတ်ပစ်လိုက်မယ်
အခွေဆိုရင် next တွေ ဆက်တိုက်နှိပ်ပစ်လိုက်မယ်
သိလိုစိတ်တွေ ယိုဖိတ်လျှံကျ၊ သံသယတွေလည်း ရင်ညွှန့်ကို ဆူးလိုလာခြစ်ကြ
ဘာဆက်ဖြစ်သေးလဲတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ကြ
ဘာဆက်ဖြစ်သေးလဲတွေနဲ့ ပလက်ဖောင်းမှာ အစုန်အဆန် လှမ်းနေကြ
ခု ခင်ဗျားတို့ဖတ်နေတဲ့ ဟောဒီကဗျာမှာတောင်
ဘာဆက်ဖြစ်သေးလဲတွေ အထင်းသားပေါ်နေသေးတာ
လောလောဆယ်တော့
ကိုယ့်ရှေ့က ပြည်ဖုံးကားကြီးကိုပဲ ငေးကြည့်နေကြရုံပေါ့။

## အပေါ်ထပ် အောက်ထပ်

တင်မင်းထက်

မနက်စောစော မျက်နှာသစ်ချိန်
စိတ်စက်ကြည်လင်နေတုန်း
ငှါးခေါင်းပေါ်မှာ
ဘယ်သူ ရေဆွဲချလိုက်သလဲ။

မြို့တွေက ဒေါင်လိုက်ထိုးတက်သွား
လူတွေက သူ့အလွှာနဲ့သူ
တိုးဝင်ဖြည့်လိုက်ကြ
တယောက်ရဲ့ နိစ္စဓူဝကိစ္စတွေက
တယောက်ခေါင်းပေါ်မှာ။

အိမ်ပေါက်ဝမှာ ကြောင်ငေးငေး
လာရပ်နေတဲ့အမျိုးသမီးက
ငါတို့ နားမလည်တဲ့စကားနဲ့
ပြောရင်း အပေါ်ထပ်ကို
လက်ညှိုးထိုးပြနေတယ်။

အိမ်အောက်က ကစားကွင်းမှာ
ငါတို့ မိခင်ဘာသာစကားနဲ့
အော်ဟစ်နေတဲ့ကလေးတွေ
ဘယ်အထပ်မှာ နေကြတာလဲ။

မနေ့စ်တုန်းက ခုန်ချသွားတဲ့သူ
နေထိုင်ခဲ့တာက
အပေါ်ထပ်လား အောက်ထပ်လား
ဆိုတာ တကယ်မသိဘူး။





www.burmeseclassic.com

www.burmeseclassic.com

ဒေါင်လိုက်မြို့တွေမှာ
ရှာရိုးတစ်လျှောက် ဆက်ဆံရေးမျိုး
ပြန့်ကားလာဖို့အတွက်
နေရာအခက်အခဲ ရှိတယ်။

ခေတ်လေ့ကားထဲ ရောက်တော့
ငါတို့နေတဲ့ အထပ်ရဲ့
နံပါတ်ခလုတ်ဟာ အထဲကို
ကျုံ့ဝင်နေတာတွေ့လိုက်ရ။

အနည်းဆုံး ဒီနေ့အဖို့တော့
ငါတို့နေတဲ့အထပ်ကို ငါတို့
တိုက်ရိုက် ပြန်တက်ဖို့
ပျံတက်ဖို့ မဖြစ်နိုင်တော့ဘူး။

၂၀၁၅။



**ကဗျာဟောင်းတစ်ပုဒ်**
တင်လတ်ကို

ဒီယုန် မြင်လို့
ဒီချုံ ထွင်သူတွေ။

ဒီမိုး
ဒီလေနဲ့
ဒီခရီး။

ဒီလေး
ဒီမြား စွန့်လို့မဖြစ်သေး။

ဒီအသံကြောင့်
ဒီကဗျာ။



www.burmeseclassic.com

www.burmeseclassic.com

## တောင်တွင်းကြီးနွေ

တောင်တွင်းမောင်မုန်းမာန်

ဟယ်လို . . . နွေလား
အရေပြားက အလိုလို သိနေတယ်လေ
နွေက နွေလိုမှ မပူရင်
သိတယ်မဟုတ်လား
ဟောဒီမှာ နွေထက် ပူတဲ့မြို့
နေထက် ပူတဲ့မြို့
မီးကို ခဏခဏ ဝါးစားနေတဲ့ မြို့
မြို့က ပါးစပ်တပြင်ပြင် အံတကြိတ်ကြိတ်
ဗိန်းမောင်းသံ ညံ့စာစာနဲ့ ဓားကြိမ်းကြိမ်းတော့
ပူပြလိုက်မကွ ဆူပြလိုက်မကွ . . . ဆိုတဲ့
အဲဒီနွေဟာ . . .
အလန့်တကြား ကြောက်ကြောက်လန့်လန့်
နောက်ကြောင်း ကသုက်ကယက် ပြန်လှည့်
သစ်ရွက်တွေတောင် ခြွေချသွားချိန်မရခဲ့။



## အောင်ဆန်း သို့မဟုတ် လူရိုးလူကောင်း

တောင်တွင်းမောင်သင်းကျော်

ဂျပန်ခေတ် . . .
ဟသ်ာတနယ်ဘက် ရောက်တုန်းက
လမ်းပေါ်မှာ ဆေးရိုးလှန်းတဲ့ကိစ္စ
သူ ဘာပြောသွားခဲ့လဲ။

ပုသိမ်ဘက် ရောက်တုန်းက
လှေပွဲကို သွားကြည့်ပြီးတော့
သူ ဘာပြောသွားခဲ့လဲ။

မြို့တော်ခန်းမပေါ်က ပြောကြားခဲ့တဲ့
(နောက်ဆုံးမိန့်ခွန်းမှာ . . .)
ဘယ်လိုနိုင်ငံမျိုး ဖြစ်နေမှာပဲလို့
သူ ဘာပြောသွားခဲ့လဲ။

ဟိုလူ့ မြင်တဲ့အခါမှာ . . . မျက်နှာချိုသွေးရ
ဒီလူ့ မြင်တဲ့အခါမှာ . . . မျက်နှာချိုသွေးရ
သူများ အောက်ကျို့ရမယ့်ဘဝ မရောက်အောင်
သူ ဘာပြောသွားခဲ့လဲ။

ချွေးစားထားလို့
ဇကာ (ဆန်ခါ)ပေါက်ဖြစ်နေတဲ့ စွပ်ကျယ်အင်္ကျီကို
သူ ဘာလို့ ဝတ်နေသေးတာလဲ။

'ကြည်' . . .
ပဲပြုတ်နဲ့ နံပြားရရင်
စားချင်တယ် . . . တဲ့

သူ တောင့်တခဲ့ပေမဲ့
မရခဲ့ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ရှိတာပဲ စားပါ့မယ်ဆိုတဲ့ အဓိပ္ပာယ်
တစ်ဖက်သားအပေါ် နားလည်စွာ
သူ ဘာလို့ ငဲ့ညှာခဲ့တာလဲ။

သူ့ကိုလုပ်ကြံမယ့် ရန်သူ့သတင်း ရတယ်
သူ မယုံဘူး
တိုင်းပြည်အတွက်
အသက်စွန့်ဖို့ အသင့်ရှိတယ်ဆိုတဲ့
သူ့ခံယူချက်ကို သူ ယုံတယ်။

အို . . . မြင့်မြတ်သော ဘုံဘဝမှ
မေတ္တာလွှမ်းခြုံနိုင်သူကြီး
နိုင်ငံရေး သူတော်စင်ကြီး
ရိုးလွန်းအားကြီးတယ်။



## ဒါကြောင့် ကျွန်မ

တပ်ဦးလ

ကြည်ရေ ပဲပြုတ်နဲ့ နံပြား စားချင်တယ်
ဒီအကြောင်း ကျွန်မ စဉ်းစားတယ်
ကျွန်မတို့ လူတွေ ရုံးထမင်း၊ ရုံးဟင်းနဲ့ ပြီးခဲ့တဲ့နေ့တွေ
ကျွန်မ စဉ်းစားတယ်
ကျွန်မတို့ရဲ့ ညတွေ
အထိတ်ထိတ် အလန့်လန့်နဲ့ ချောက်ချားနေတဲ့အဖြစ်တွေ
ကျွန်မ စဉ်းစားတယ်
ကျွန်မတို့ ပြည်သူတွေ တစ်ယောက်ပြီးတစ်ယောက် ပြီးပြီးရော
ပြီးပြီး ပျောက်နေတဲ့အပေါ်
ကျွန်မ စဉ်းစားတယ်
သံဃာတော်အရှင်သူမြတ်တွေရဲ့ သွေးမြေကျမှုအကြောင်း
ကျွန်မ စဉ်းစားတယ်
လက်နက်မဲ့မဲ့ ပြည်သူတွေအတွက် တဒိုင်းဒိုင်း ပွင့်နေတဲ့
ကျည်ဆန်တွေအကြောင်း
ကျွန်မ စဉ်းစားတယ်
ခေတ်ကြီး ပြောင်းသလိုလိုနဲ့ စစ်မီး ထထထောက်နေတဲ့ အရေးအခင်းတွေအပေါ်
ကျွန်မ စဉ်းစားတယ်
ပြေးပြေးလွှားလွှား ကြားထဲမှာ
ကျွန်မတို့ပြည်သူတွေရဲ့အသံဟာ ဘယ်လောက်အော်ဟစ်နေမလဲဆိုတာ
ကျွန်မ စဉ်းစားတယ်
အာဏာရှင်ဟာ ပြည်သူတွေရဲ့ သွေးကို အသေကြိုက်တယ်ဆိုတာ
ကျွန်မ စဉ်းစားတယ်
ဒေသအသီးသီးမှာ အခွင့်အရေးပိတ်ဆို့နေတဲ့ တိုင်းရင်းသားတွေအကြောင်း
ကျွန်မ စဉ်းစားတယ်
ယုံကြည်ချက်ကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရတဲ့
စစ်ဘေးဒုက္ခသည်တွေအကြောင်း
ကျွန်မ စဉ်းစားတယ်
ဖေဖေ ထူထောင်ခဲ့တဲ့ စစ်တပ်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ စဉ်းစားတယ်
ဖေဖေ ပြောခဲ့တဲ့ စည်းကမ်းရှိတဲ့ ဒီမိုကရေစီအကြောင်း
ကျွန်မ စဉ်းစားတယ်
ကလေးတွေရဲ့ ပညာရေးစနစ်ကို ဘယ်လိုမြှင့်တင်ရမယ်ဆိုတာ
ကျွန်မ စဉ်းစားတယ်
နေ့တစ်နေ့ချင်းစီရဲ့ တော်လှန်ရေးအသီးသီးတွေအကြောင်း
ကျွန်မ စဉ်းစားတယ်
လမ်းမတွေပေါ်မှာ ကျွန်မတို့ပြည်သူတွေရဲ့ သွေးဟာ
ဘယ်လောက် ရဲခဲ့သလဲဆိုတာ
ကျွန်မ စဉ်းစားတယ်
နိုင်ငံတကာအရေး၊ လူ့အခွင့်အရေး၊ အလုပ်သမားအရေး
လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ကုလသမဂ္ဂအရေး၊ စစ်လက်နက်အရေး
အစရှိတဲ့ အရေးပါတဲ့ အရေးပါမှုတွေအကြောင်း
ကျွန်မ စဉ်းစားတယ်
ရန်လိုတဲ့ အမှုတွဲခေါင်းစဉ်၊ မတရားစွဲချက်နဲ့ မတရားဖိနှိပ်မှု
ဥပမာ –
နွားနို့၊ ထမင်းတစ်နပ်၊ ပါးရိုက်ထည့်လိုက်လို့
လှန်ပြလိုက်လို့ တစ်နေ့ ၂၀၀၀ အစရှိတဲ့
အရေးမပါတဲ့ အရေးမပါမှုတွေအကြောင်း
ကျွန်မ စဉ်းစားတယ်
ကျွန်မကိုယ်ကျွန်မ
ဘာကြောင့် သမ္မတဖြစ်ချင်တယ်ဆိုတဲ့အပေါ်
ကျွန်မ စဉ်းစားတယ်
ဒါကြောင့် သမ္မတကြီးနဲ့ ကျွန်မ စကားပြောချင်တယ်
ဒါလည်း ကျွန်မ ထည့်စဉ်းစားတယ်။



**စက်ဝန်းအစ**
ထိုက်မောင်(မန္တလေး)

တစ်နေရာပြီး တစ်နေရာ
နောက်တစ်နေရာ
နောက်ထပ် တစ်နေရာနဲ့
ရွှေ့ပြောင်းတော်လှန်ရင်း
လက်ရှိနေရာကို ပြန်ရောက်
ခရီးက မပေါက်သလို။

နှစ်ဆယ့်တစ်ရာစုထဲ
ဂလိုဘယ် ပြောင်းလဲမှု
နေရာသစ်တစ်နေရာကိုရှာဖို့
(ကိုလံဘတ်ရဲ့)
ရွက်ခေါက်ကို ဖြည့်တိုင်း
အိမ်ကကောင်လေး
ပြန်ငေါက်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com

**ဓာတ်ကြိုးပေါ် လာနားသည့် ငှက်ကြောင့်**
**နွားတစ်ကောင် ဓာတ်လိုက်သေဆုံး**
ထိန်လင်း

မိုးရာသီတွင် ဓာတ်လိုက်မှုကြောင့်
မကြာခဏဆိုသလို သေဆုံးမှုများ
ဖြစ်ပေါ်လျက်ရှိရာ
ဇူလိုင် ၁၄ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က
ရေတာရှည်မြို့နယ် ဆွာ တိုးဂိတ်နောက်ကျောဘက်ရှိ
11KV ဓာတ်အားလိုင်းပေါ်
ချိုးငှက်တစ်ကောင်နားကာ
ကြိုးနှစ်ချောင်း ထိ၍
တိုင်ကို ဓာတ်အားစီးဝင်ပြီး
တိုင်ကို လာပွတ်သည့်
ခိုင်းနွားတစ်ကောင်
ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။
ချိုးငှက်က ဓာတ်ကြိုးတိုင်ထိပ်ပေါ်မှာ
နားပြီး နွတ်သီးနဲ့ ပွတ်လိမ့်မယ်
ကြိုးပေါ်မှာ နားတဲ့အချိန်နဲ့
နွတ်သီးနဲ့ ပွတ်တဲ့အချိန်ကြောင့်
ဓာတ်ကြိုးနှစ်ချောင်း ပူးပြီး
ရှော့ခ်ဖြစ်ကာ
ဓာတ်အားက တိုင်ကိုစီးဝင်နေတဲ့
အချိန် အောက်မှာရှိတဲ့ နွားက
တိုင်ကို သွားပွတ်တော့
ဓာတ်လိုက်ပြီး သေတာလို့ ယူဆပါတယ်ဟု
လျှပ်စစ်ဝန်ထမ်းတစ်ဦးက
၎င်းအမြင်ကို သုံးသပ်ပြောဆိုပါသည်။

*(Making process – ဂျာနယ်တစ်ခုတွင် ဖော်ပြထားသော သတင်းထောက် ကိုလွင်(ဆွာ) ၏ ဇူလိုင် ၁၆ ရေတာရှည် သတင်းပေးပို့ချက်ကို မူရင်းစာသားအတိုင်း ကူးယူပြီး ကဗျာ ပုံစံသို့ ပြောင်းကာ စာစီထားခြင်းဖြစ်ပါသည်။)*



**ပုံသေနည်းအရ**
ထွဏ်းသွေးအိမ်

အရင်နှစ်တွေကတော့ နောက်နှစ် တန်ဆောင်မုန်းမှ
စောင့်ကြည့်ကြတာပေါ့
ပြောချင်ပြောမယ်
တပ်စွဲထားတဲ့ ပျားတွေ
မီးခိုးလာမှာကို ကြိုသိခဲ့ပြီ

အချိန်ကုန်တာပဲ ရှိမယ်
ပပ်ကြားအက်ထဲ ရေလောင်းထည့်လည်း
သယ်ဇာတတွေ
သေချင်ယောင်ဆောင်ခဲ့
သကြိန်စာထဲအထိ မီးလောင်နေတဲ့ ပျော်ရွှင်မှု

အမေ့ခြေဖဝါးရာလေး ယူမထားလိုက်ရဘူး
ပြုတ်ကျလာတဲ့ ငှက်သိုက်တစ်ခုရဲ့ မြင်ကွင်း
မမြင်ချင်ယောင်ဆောင်နေလိုက်တယ်

သုံးဆယ့်တစ်ဘုံမှာ
အသက်ဇီဝအကြောင်းကို လိုက်ရှာဖတ်ခဲ့
နဖူးတွေ့ဒူးတွေ့မှာ
နဖူးမှာ ဒူးရာချည်းတွေနဲ့ပဲ ငါတို့ကျန်ခဲ့
ခေတ်အဆက်ဆက်

ဒီ ငါးမျှားချိတ်လေးမှာ အစာမပါပါဘူး
ကိုယ့်လို
ကံဆိုးတဲ့ ငါးတစ်ကောင်တလေများ
ချိတ်ပါလာမလား အတွေးနဲ့
တစ်နေ့ဝင် တစ်နေ့ထွက်
ပင်လယ်ကမ်းစပ်မှာ


www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်မှာ
စာရွက်အလွတ်ကြီးတစ်ရွက် ရှိတယ်
ရေးချင်တာ ရေးခဲ့ပေတော့။



မိုးကုပ်စက်ဝိုင်းဟာ ငါ့ဆီ ရောက်မလာဘူး
ထွန်းကို

မမြင်ရခြင်းဟာ
ငါ့ကို မှားတယ်

အရောင်တွေ မငြိမ်ဘူး
လေတိုက်တိုင်း တဖျပ်ဖျပ်ခါတယ်

လက်ကို ဆုပ်ကြည့်ရ
လက်ကို ဖြန့်ကြည့်ရ
မလိုအပ်ဘဲ
စွန့်စားခန်းတွေ များလှချည်ရဲ့

အမည်မသိ
အကွာအဝေးမသိ
အစက်အပြောက်ကလေးတစ်ခု

တိမ်တွေကို ဧေးမိ
သက်တံကို ဧေးမိ
အရာရာ အဆန်းတကြယ်

ချောက်ကမ်းပါးတွေက ပွဲတင်ထပ်တယ်
မိုးကုပ်စက်ဝိုင်းဟာ
ငါ့ဆီ ရောက်မလာဘူး။



www.burmeseclassic.com

www.burmeseclassic.com

## ပျောက်ဆုံးနေသော မ ပ ည

ထွန်းနိုင်ထက်

အပြောင်းအရွှေ့ကာလထဲ
ပစ္စုပ္ပန်ရစ်မိုးစက်တွေအောက်
ဘယ်သူတွေ ဘယ်ကြေးပေါက်ကြလဲ

မြေပုံလိပ်ကြီးတွေ ပုခုံးပေါ်ထမ်းထမ်းပြီး
ပျောဖတ်ရိရွဲနေတဲ့ ကွန်တိုမျဉ်းတွေအကြောင်း
မျက်ရည်စကေးနဲ့ အဓိပ္ပာယ်ဖွင့်ဆိုကြ

'အနာဂတ်' ဆိုတာ နောက်ကျောက
စူးဝင်ပေါက်ပြဲဒဏ်ရာကို ကပ်ကပ်နေရတဲ့ ပလာစတာပဲ

ကိုယ်ရော စိတ်ပါ နာ . . . နာ
အနာတွေ ဗရပွနဲ့
ကုတ်လေ ပွား လေ များ များလာတဲ့ အချဉ်ပေါက်မှုတွေဟာ
လည်မျိုထဲမှာ တစ်ဆို့နေတဲ့
ယမ်းအ ဗုံးတစ်လုံးရဲ့ပေါက်ကွဲသံလို ပျောက်ပြယ်သွားရ

ငါတို့ဟာ ဗိလိန်အတွက် ဇာတ်ပို့တွေ
ပြီးတော့
အဲဒီ ဗိလိန်ကပဲ
ခဏခဏ အကယ်ဒမီရခဲ့တယ်

ကဲ . . . လူစုခွဲ
မြေပုံထဲက ခြေရာတွေ
မြေပုံထဲက ပြန်ကောက်ကြ
မြေပုံအညွှန်းအမှတ်ဆိုတာ
ငါတို့ခြေဖဝါးတွေပေါ်မှာ နားနေခဲ့တဲ့
သမိုင်းပဲ . . .။



## ကုန်လွန်ခဲ့သော နေ့များအတွက်

ထွန်းပ

ပျံသန်းသွားတဲ့
တိမ်တစ်အုပ်ပေါ်မှာ
ငါ့စိတ်တွေ လိုက်ပါသွားခဲ့ဖူးတယ်
ဒီနေ့ကျမှ
ထူးထူးဆန်းဆန်း
ဟော့ရမ်းသော့သွမ်းနေတဲ့ လေက
ရွှေရောင်တညီးညီးထနေတဲ့
ပင်လယ်ပြင်တစ်ခုလုံးကို
ငါ့ဆီ သယ်ဆောင်လာခဲ့ပြီးပြီ
ဆိုပါလား
တစ်နေ့ကျ
လောကတစ်ခွင်လုံး
ကြယ်တွေသာ ဖုံးလွှမ်းပစ်ခဲ့မယ်
လမင်းမရှိတဲ့ ကောင်းကင်မြစ်ပြင်ကျယ်ကျယ်မှာ
ရေပြင်ညီမျက်လုံးတွေနဲ့
အနားပြာ စတုရန်း ပုံစံအဆင်ဆန်းတွေထုတ်ပြီး
အလင်းခုံးနေတဲ့ အိပ်မက်တွေကို
အသစ်တစ်ဖန် ထပ်မံထွန်းညှိ ပူဇော်ရပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com

**ရင်ကွဲနာ**

ထွန်းလင်းသစ်(ကန့်ဘလူ)

ခေတ်က
ဖက်ဆစ်ဂျပန်ခေတ် ရောက်နေသလိုလို
နယ်ချဲ့ကိုလိုနီခေတ် ရောက်နေလိုလို

အဖြစ်က မနှစ်ကနဲ့ ဘာမှမထူး
လက်သည်မပေါ်တဲ့ အမှုတွေနဲ့
နှစ်တစ်နှစ် ကူးရပြန်တော့မယ်
သူ့ကျွန်အဖြစ်ကနေ
စစ်ကျွန်အဖြစ် နွံနစ်ခဲ့တဲ့ ငါတို့
ဒုတိယမြောက် လွတ်လပ်ရေး
ဘယ်လောက်တောင် ဝေးနေဦးမှာလဲ
တစစ်စစ် နာတယ်။

**ဖန်တီးခြင်း ပစ္စကွမျှား**

ထွန်းလွင်သွယ်(ဆူးဖြူရိပ်)

ဟုတ်ပြီ
ကျွန်တော် ဟုတ်ပြီလို့ စရေးလိုက်တာ
ကဗျာတစ်ပုဒ်ရေးမယ်လို့ စိတ်ကူးရလို့
စိတ်ကူးကို ချရေးဖို့
အဲဒီ ဟုတ်ပြီနဲ့ စတွေးကြည့်တယ်
ဆက်တွေးရင်း စိတ်ကို ဆက်သွေးရင်း
ကဗျာရေးချင်ရုံနဲ့
ကဗျာဟာ စာရွက်ပေါ် ရောက်မလာဘူး
ဘယ်လို ရေးမယ်ဆိုတဲ့ ကိစ္စကို နောက်ထား
ကဲ ကဗျာတစ်ပုဒ် ဖြစ်လာတယ်ပဲ ထား
ပုံသဏ္ဌာန်က အရေးကြီးတာလား
စကားလုံးက အရေးကြီးတာလား
စိတ်ကူးက အရေးကြီးတာလား
အရေးကြီးတာ အားလုံးထက် အရေးကြီးတာက
ကဗျာဟာ ကဗျာဖြစ်ဖို့ပဲ မဟုတ်လား
ဒီမှာတင်
အတွေးဟာ
စကြဝဠာကို ပတ်တော့
ရာသီဥတုဟာ သူ့ကို ဖွဲ့မလား ညှို့လို့
မြင်မြင်သမျှ ရှုကွက်ဟာ
စာရွက်ပေါ် လာချင်ရက် လက်တို့
ကျွန်တော် ချရေးလိုက်ရမှာလား၊ စဉ်းစား
အင်း၊ ခင်ဗျားတို့လည်း ကျွန်တော့်လို
ကဗျာအညှို့ခံရဖူးတယ် မဟုတ်လား။ စဉ်းစား
အဲဒီနေ့ဟာ
အရာအားလုံး ကဗျာဖြစ်နေတဲ့ နေ့ကပါ။

*၂၆၊ ၁၂၊ ၂၀၀၆။*





www.burmeseclassic.com

www.burmeseclassic.com

## အမှန်တရား တစ်ခုခု

ထွန်းဝေမြင့်

စေတနာတော့ ပါပါတယ်။
သူ မှန်တယ်လို့ထင်တဲ့ သူ့အမှန်တရား
ငါ့ကို လာပေးရှာတယ်။

တစ်ယောက်က ကွန်မြူနစ်ဝါဒ လာပေးပါတယ်။
တစ်ယောက်က အတ္တဘာဝအမှန်ဝါဒ လာပေးပါတယ်။
တစ်ယောက်က သုညတဝါဒ လာပေးပါတယ်။

စေတနာနဲ့ လာပေးကြတဲ့ အမှန်တရားတွေ
ငါ့ဆီမှာ များနေပါပြီ။
အချိန်မနှောင်းခင် အားလုံး စဉ်းစားကြဖို့
အားလုံးကို မေးခွန်းတစ်ခုပဲ မေးလိုက်မိပါရဲ့။

ကျွန်တော်မျိုး . . . အမှန်တရားတစ်ခုခုကိုပဲ
ရိုးမြေကျ ပေါင်းရတော့မှာလား။

## ၂၀၁၅

ထွန်းဝင်းငြိမ်း

အခုဆို
ညီအစ်ကို မသိတသိအချိန်ကို
ကျော်ခဲ့ပါပြီ။

ဆည်းဆာလား
အရုဏ်ဦးလား
စဉ်းစားမနေပါနဲ့။

သေချာတာ တစ်ခုက
ကျားဆိုးပေါ်တဲ့
ခယောင်းရိုးကို
ရဲရဲတိုးကြဖို့ လိုတယ်။

ကျားဆိုးဆိုတာ
မေ့လျော့နေသူတွေ
ကျားစာကျွေးခံရလိမ့်။

ကျားရိုးသွေးပြီး
တိုက်ရင်တောင်
ကိုက်ချင်သတဲ့။

တောကောင်က
အပမှီနေတာ၊ ဖုတ်ဝင်နေတာ
ဥပုသ်စောင့်နေတာ မဟုတ်ဘူး။

သူ့အတွက်က
မျက်နှာဖုံးလည်း မလိုတော့ဘူး
အရေလည်း မခြုံတော့ဘူး
အမည်ခံလည်း မဟုတ်တော့ဘူး။





www.burmeseclassic.com

www.burmeseclassic.com

ကျားနဲ့ နွား အတူယှဉ်တွဲနေထိုင်ရေး
ဒီမိုကရေစီခေတ်ဆိုတော့
ပိုနေမြဲ ကျားနေမြဲ အစိုးရတွေ
ကျားသားမိုးကြိုး ကတိတွေ
ကျားကိုက်တာကို နာတာရှည်လားမေးတဲ့
လွှတ်တော်တွေ
ကျားရဲရာ ကြမ္မာမရှိးသာတဲ့ ငြိမ်းချမ်းရေးတွေ
နွားကွဲတော့ ကျားဆွဲ ညီညွတ်ရေးတွေ
ကျားသနားမှ နွားချမ်းသာ ဖက်ဒရယ်တွေ
ကျားကြီးလို့ ခြေရာကြီးလာတဲ့ ခရိုနီတွေ
ကျားလည်းကြောက်ရ ကျားချေးလည်းကြောက်ရတဲ့
လယ်သမား အလုပ်သမားတွေ
ကျားကြောက်လို့ ရှင်ကြီးကိုး
ရှင်ကြီး ကျားထက်ဆိုးမယ့်
မျိုးစောင့်ဂိုဏ်းသားတွေ
ကျားရဲပဲ သေမလား တောပဲ ကျေမလားဆိုတဲ့
ရွေးကောက်ပွဲတွေနဲ့
ကျားဆိုးတွေ ကျားကုတ်ကျားခဲ
ကျားကန်နေပုံက
ကျားကျားမီးယပ်တွေ များလှပြီ။

ကျားတွေ မိုင်းဆက်ပြောင်းမှ
တောရိုင်းဥပဒေ ပြင်လို့ရမှာလား။

ကျားဆိုတာ နွားကို သားကောင်လို့ပဲ မြင်တယ်
ကျားနဲ့ နွားကြားမှာ တတိယသသမား မရှိဘူး။

*၁၀၊ ၁၊ ၂၀၁၅။*
*မိုင်းဆက် (mind set) = တွေးမြင်ပုံ*



## အမှောင်ထဲ လမ်းလျှောက်ခဲ့တယ်

ဒီရေပြာ

ငါ့ကို ပစ်ချခဲ့လိုက်စမ်းတော့လေ
ဟောဒီ အမှောင်ထုတွေနဲ့ ဝေးရာ။
ခေါင်းလောင်းထဲ ရောက်နေသူ တစ်ယောက်လို
ငါ့နားစည်တွေ ပွင့်ထွက်တော့မတတ်၊
အိပ်ရာခင်းပေါ်က နှင်းဆီပွင့်ချပ်များ နွမ်းခြောက်လို့
ခန်းဆီးလိုက်ကာစထက်က ငါ့ဝိညာဉ်က
ငါ့ကို လည်ပြန်ငေးလို့
သူပြောတယ် နင် တကယ်တော်တယ်တဲ့
ငါကလည်း ငါ့မျက်ရည်စကို ဖုံးဖိလို့
ငါ့အိမ်ငယ်လေးဆီကို ပြန်ခဲ့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

**အိမ်ထောင်စုဇယားရဲ့ အလုပ်အကိုင်ကွက်လပ်မှာ ရေးဖို့ကျန်နေတဲ့ အက္ခရာ**
ဒီလူည

အလေလိုက်နေတဲ့ ခြေလှမ်းတွေဟာ လေနှင်ရာရွေ့နေတဲ့ တိမ်တွေလို
ဘယ်ဆီဘယ်ဝယ် ဘယ်နေရာကို ဦးတည်ရှက်လွင့်ရတဲ့ ရထားကြီးလည်း
အချက်ပေးသံ ကြားလိုက်မိလား ဘူတာရုံက ဥသြဆွဲသံကို မြင်လိုက်ရဲ့လား
ဟိုးမိုးကုပ်စက်ဝိုင်း အစွန်းက လှမ်းအော်နေတဲ့ မီးပြတိုက်ကို မြူးပြမိရဲ့လား
လမ်းတွေပေါ် ငေါထွက်နေတဲ့ ဆူးတွေနဲ့ သစ်သားထဲမြုပ်နေတဲ့ နေရောင်
ဝတ်ထားတဲ့အင်္ကျီအရောင်တွေနဲ့ လင်းနေတဲ့မြို့ကြီး
အခွင့်အလမ်းဆိုတာ အခွင့်သင့်သူတွေသာ သွားလို့ရတဲ့ လမ်းတစ်ခုလား
မေးခွန်းတွေဟာ အိပ်ရာတွေအပေါ် ကဗျာတွေပေါ် ပြန့်ကျဲလို့
မဆီမဆိုင် အမေ့ရှေးဖိုးထဲက ပိုက်ဆံတစ်ရာကိုနှိုက်ပြီး
တံတားကူးခပေး ဟိုဘက်ကမ်းကို ကူးပစ်လိုက်တယ်
မဆီမဆိုင် အစိမ်းရောင်အစက်ကလေးကို ထောက်ပြီး
အပြန်အလှန် ဂျာနယ်စာမျက်နှာတွေပေါ်ကအကြောင်းတွေ ပြောရင်း
ဇာတိမြို့လေးက အမေ့ဆီပြန်ချင်တဲ့စိတ်ကို
ရှိသမျှကြိုးတွေနဲ့ ချည်ပစ်လိုက်တယ်
ဖြည်စမ်း ဖြည်စမ်း အဲဒီ ကျွန်တစ်ယောက်လို ခတ်ထားတဲ့သော့တွေ
ဒါ လုံခြုံမှုကင်းမဲ့နေတဲ့ ခေတ်ပျိုမတစ်ယောက်ရဲ့ ရင်သားတွေလို
ပြတ်အောင်ဖြတ်ဖို့ တောင်ပံတွေကို ရှိသမျှအားနဲ့ခတ် ရှေ့ကိုဆက်
ဆောင်ရန် ရှောင်ရန် ရွေးရန် ပယ်ရန် လမ်းညွှန်ချက်တွေအတိုင်း
ကြိုးစားကျက်မှတ် အသက်ရှူလေ့ကျင့်ခန်းတွေ မှန်မှန်လုပ်
ပွဲကြိုသုံးသပ်ချက်တွေကို ဖတ်ပြီးမှ ဒီပွဲကို
တစ်ဘဝလုံး လောင်းကြေးထပ်ပစ်ခဲ့တာ
ပစ်ဖဲတွေ အထပ်လိုက်နဲ့ ဒေါင်းဖို့စောင့်နေတဲ့ လူတစ်ယောက်လို
ဘယ်လောက်ပစ်ပစ် ဝါကျတွေက မဆုံးဘူး
ဘယ်လောက်သောက်သောက် အဓိပ္ပာယ်တွေက မပြည့်စုံသေးဘူး
ထစ်ထစ်နေတဲ့ စက်ထဲက CD ပြားလို
ထစ်ထစ်နေတဲ့ ဆက်သွယ်ရေးဂြိုဟ်တုက ပို့လွှတ်လိုက်တဲ့
ခုခံအားနည်းနေတဲ့ မျက်ရည်တွေနဲ့ မျက်နှာတွေပေါ်
ကန့်လန့်ဖြတ် အမာရွတ်တစ်ခုလို နှစ်ရှည်လများ မြေနိမ့်မှုတွေနဲ့
ထူထူထဲထဲ ဟစ်အော်နေတဲ့ ညတွေဆီ

မိသားစုကွက်လပ်ရဲ့ တစ်နေရာမှာ ဖြည့်ရမယ့်အက္ခရာတွေ
ကိုယ်ယုံကြည်ချက် ကိုယ်အလံထူပြီး ဦးညွှတ်တေးကို ဆိုလို့။



www.burmeseclassic.com

www.burmeseclassic.com

## ရှူးနေတဲ့ ဆူး

ကာမိုးဝေ

အား ...လို့ အော်ရုံကလွဲ
ဒီနေ့အချိန်ထိ ဆူးက မထွက်ဘူး
နာကျင်ဆဲ။

ခြေရာထပ် လမ်းမတွေအပေါ်
ငါတို့ဒဏ်ရာတွေက ပန်းတိုင်ရောက်ဖို့ ဆေးမရှိဘူး။

တောင်းရုံလွဲ
ပြောရုံကလွဲ
အော်သံတွေသာ ညံနေတယ်။

မျက်စိဝိတ်
နားဝိတ်
အုပ်ချုပ်မှု သက္ကရာဇ်ထဲ
ရှင်သန်ကြီးပြင်း ကြောက်စိတ်တွေသာ ဖုံးလွှမ်းနေတော့
ဆူးက တဖြည်းဖြည်း နစ်နစ်ဝင်ပြီးရှူး။

အလွဲအချော်တွေနဲ့ သပ်လျှိုကြီးပြင်းခဲ့ကြတော့
အမှန်တရားနဲ့ ဝေးခဲ့ကြ
အမှန်းတရားတွေ ပွားခဲ့ကြ။

ရင်စူးမြားတွေကြောင့်
မျက်နှာလွှဲခဲ့ကြ
သွေးစွန်းခဲ့ကြ
မိကွဲဖကွဲတွေ များခဲ့ကြ
စစ်ပွဲတွေကြားမှာ မြေစာပင်တွေ ဖြစ်ခဲ့ကြ။



## FUN-Carry On

ဏောသစ်

တစ်နေ့မှာ သူ့စော်က မေးလာတယ်
'ငါတို့ ဘယ်လောက်ကြာကြာ မြဲမယ်ထင်လဲ'
မြင်ကွင်းထဲမှာ လူတစ်ယောက်
မီးခြစ်ဆံတွေကို မီးခတ်ညှိပြီး
ရေထဲ ပစ်ချနေတယ်
တစ်ချောင်းပြီး တစ်ချောင်း။

သူ ပြန်ဖြေမိမယ့် 'မသိဘူး' နဲ့
ကောင်မလေး နားလည်မယ့် 'မသိဘူး' ကြား
ဘယ်လောက်ကွာခြားမယ် မသိတဲ့အတွက်
တိတ်တိတ်နေဖြစ်သွားတယ်။

တစ်နည်းမဟုတ် တစ်နည်းနဲ့တော့
ဆက်သွားနေရမယ် မဟုတ်လား

နောက်တစ်နေ့ကျတော့
သူ ရခဲ့ဖူးသမျှ ဆုတံဆိပ်တွေကို
ဗီရိုထဲကနေထုတ်ပြီး
အိတ်တစ်လုံးထဲ ပြောင်းထည့်တယ်
ပြီးတော့လည်း အိတ်ကို
ရထားတစ်စီးပေါ် တင်ပေးလိုက်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ဆရာဝန်တစ်ယောက်

နရီမင်းထက်

ဆရာဝန်ဟာ ဆေးခန်းထဲမှာ လေလေးချွန်လို့ အေးအေးဆေးဆေး
လူနာတွေ တစ်ယောက်ပြီးတစ်ယောက် ကုသနေ၊
ည ၉ နာရီခွဲကျော်ပြီ၊ ခဏနေ ဆေးခန်းပိတ်ပြီး အိမ်ပြန်
နပ်တော့မယ်၊ ဆရာဝန်ဟာ အတွေးနဲ့ လေကလေးချွန်၊
အဲဒီမှာ . . . လူနာရောက်လာတယ်၊ ခပ်ပိန်ပိန် အမျိုးသား
ဖျားတဲ့လူနာ။ ဆရာဝန်က စမ်းသပ်တယ်၊ ပြီးတော့
တင်ပါးကို ဆေးထိုး၊ 'ရှတ်တရက်' . . . ။
အပ်ဆွဲနုတ်အပြီး လက်ဖျားထိပ်မှာ 'စူး'ခနဲ၊
ဆရာဝန် အပ်စူးသွားတယ်၊ လူနာရှေ့မို့ ဟန်မပျက်
လက်ထိပ်ကို ဂွမ်းလေးနဲ့ဖိပြီး ဆေးထည့်တယ်၊
လူနာကို ဆေးမှန်မှန်သောက်ဖို့ ရှင်းပြ၊ လူနာ ပြန်သွားတယ်၊
လူနာ ပြန်သွားတဲ့နောက် ဆရာဝန် ဆေးခန်းပိတ်ဖို့ပြင်
အပ်စူးတဲ့ လက်ထိပ်လေး 'နာ'တာကို အသိဝင်သွားတယ်၊
'Needle Prick Injury' ဆရာဝန့်ခေါင်းထဲ ကြောက်စိတ်ဝင်သွားတယ်၊
မတော်တဆ ဒီလူနာမှာ ရောဂါတစ်ခုခုရှိနေရင်
ဘယ်လိုလုပ်မလဲ၊ 'သွေးမှတစ်ဆင့် ကူးစက်ရောဂါများ'
'ဖျတ်ခနဲ' ဆရာဝန် လန့်သွားတယ်၊ ချွေးစေးပြန်လာတယ်၊
လူနာက အမျိုးသား၊ ခပ်ပိန်ပိန်၊ ဖျား၊ 'ဘုရားရေ . . .'
ဆရာဝန့်မျက်နှာ ဖြူဖပ်ဖြူရော်၊ ဆရာဝန် လေမချွန်နိုင်တော့၊
ဒီလူနာမှာ ABC တစ်ခုခုရှိခဲ့ရင် ဘယ့်နှယ်လုပ်မလဲ၊
ဆရာဝန် ဆေးခန်းတံခါးကို ဆက်မပိတ်နိုင်ဘဲ ငိုင်နေ၊
ဒီလူနာဟာ အမျိုးသား၊ လိင်အပျော်အပါး လိုက်စားမလား၊
လူနာရဲ့ ဝါသနာ၊ အကျင့်ကို မမေးမိလိုက်တာကို စိတ်နာ၊
ဆရာဝန်ဟာ ရယ်မလို ငိုမလို၊
ဆရာဝန်ဟာ ထိုင်မလို ထမလို၊
ဆရာဝန်ဟာ ခုပဲ ဓာတ်ခွဲခန်းမှာ သွေးသွားဖောက်စစ်တော့မလိုလို၊
ဆရာဝန်ဟာ သူ့ရဲ့ နမော်နမဲ့နိုင်မှုအတွက် တောက်တခေါက်ခေါက်။
နာရီလက်တံတွေက သွားနေတယ်။
ဆရာဝန်ဟာ အချိန်အခိုက်အတန့်တစ်ခုမှာ ရပ်တန့်နေတယ်။



အတော်ကြာမှ . . . သတိပြန်ဝင်လာ၊
တစ်လကြာအောင် ဖျားတာမရှိ၊ ဝမ်းလေဆာနေတာ မရှိ၊
ဖြစ်နိုင်ခြေ နည်းနည်း၊ ဖြစ်ဖို့ နည်းနည်းပါ၊
ဆရာဝန်ဟာ သူ့စိတ်သူ ဖြေလျှော့၊ လက်ကို ဆပ်ပြာနဲ့ ရေနဲ့
ပြောင်နေအောင်ဆေး၊ အပ်စူးတဲ့လက်ထိပ်ကို အရက်ပြန်နဲ့ လောင်းချ၊
ဂွမ်းနဲ့သုတ်၊ ဟန်ဆာပလာစ်နဲ့ အကျအနကြီး ကပ်ပစ်လိုက်တယ်။
ဆရာဝန်ဟာ လေမချွန်တော့ဘူး၊ ချွေးစေးတွေသုတ်၊
သက်ပြင်းကြီးချ၊ အသက်ဝအောင်ရှူ၊ ဆေးခန်းတံခါး မြန်မြန်ပိတ်၊
ဆေးခန်းရှေ့က တိတ်တိတ်ဆိတ်ဆိတ် ထွက်သွားတော့တယ်။

*Note : A = AIDS/HIV*
*B = ဘီပိုး*
*C = စီပိုး*



www.burmeseclassic.com

www.burmeseclassic.com

## အနုပညာ၊ ကဗျာဆရာနှင့် ငှက်လှောင်အိမ်လုပ်သူများ

နရီ(မြိတ်)

အနုပညာကို ရှုပ်ထွေးမှုတွေထဲ ပစ်ချကြည့်မိတယ်
လျှောင်လှုပ်သလို လှိုင်းကြီးသလို မုန်တိုင်းတိုက်သလို
ငါတို့ လုံခြုံဖို့ ကြိုးစားရင်း၊
အသိုက်တွေဟာ အကျည်းထောင်တွေ ဖြစ်သွားကြသလို
လေဟူးဟူးတိုက်နေတဲ့ ကွင်းပြင်အောက် အရိပ်ကောင်းသစ်ပင်လို
ဆောင့်ကြောင့်ထိုင်နေမိတယ်
မြို့နဲ့ဆို လောက်ကိုင်မှာ စစ်ဖြစ်တယ်ဆိုပြီး ဝေလငါးဖမ်းအဖွဲ့က ပင်လယ်ကနေ
ပြန်လာကြတယ်၊ ပင်လယ်မှာ မိုးရွာနေပေမဲ့ ကုန်းမြင့်မှာ မိုးခေါင်နေတယ်
နတ်ပြည်မှာ ငွေကြေး မလိုအပ်ဘူး (ဖူး)၊ ငွေဒင်္ဂါးရဲ့ မျက်နှာပြင်နှစ်ဖက်မှာ
ဘယ်လိုပုံသဏ္ဍာန်ထည့်ဖို့ အငြင်းပွားစရာ မလို
စစ်ဘေးဒုက္ခသည်တွေလည်း ကိုယ့်အသက် ဖက်နဲ့ထုပ်လို့ တယုတယမဟုတ်ဘဲ
အသက်ကျပျောက်မှာ မစိုးရိမ်ဘဲ ဒရွတ်ဆွဲ ပြေးလာကြရတယ်တဲ့
ပြောတော့လည်း အောင်မင်းလွန်ရာကျမယ်
ရွှေသမင်ဆိုတာ မင်းကြီးတာကပဲ ထွက်လာစမြဲမို့
ဘယ်သူတွေ ထင်မှာလဲ အဲသလို လုပ်လိမ့်မယ်လို့
ရန်ကုန်ဆောင်းဟာ မအေးတော့ဘူး၊ ရန်ကုန်နွေဟာ ခြစ်ခြစ်တောက်
အိုဇုန်းလွှာ ပေါက်ပြဲကတည်းက ကမ္ဘာကြီးက နာဖျားမကျန်း ဖြစ်ခဲ့တယ်
ရာသီဥတုတွေဟာ မိမဆုံးမ ဖမဆုံးမသားလို သွားချင်တိုင်းသွား ဖြစ်ချင်တိုင်း
ဖြစ်နေတော့တာပဲလား
အဲဒီလောက် သတိပေးထားတဲ့ကြားက
ခါးပိုက်ထဲ မြွေပွေးကို ရအောင် ထည့်ထားတယ်
ဒီ အစိုးရက၊ ဒီ အစိုးမရတာတွေကြောင့်လည်း
တစ်ဗိုလ်တက် တစ်ဗိုလ်ဆင်း၊ တစ်ဗိုလ်
ခါးပုံစ တစ်ဗိုလ်ဆွဲ၊ တစ်ဗိုလ်ကြိုး တစ်ဗိုလ်ကိုင်နဲ့
(လူရှင်တော် ဓာဂနာ) ပြောသလို
ပြည်သူတွေ ဆဲရင်း ဆဲရင်းနဲ့ ဆင်းရဲသွားကြ
တိုင်းပြည်ဆိုတာ ပြည်သူ/သားတွေရဲ့ အရေခွံနဲ့ ချုပ်လုပ်ထားတဲ့ ဝတ်ရုံ
နောက်ဆုံးတော့ ကိုယ့်နွားပဲ ကျောင်းကျောင်း/ကြီးဒေါ်နွားပဲ ကျောင်းကျောင်း၊
ကျောင်းသားတွေသာ



ခေတ်အဆက်ဆက် သမဂ္ဂဖွဲ့ ဆန္ဒပြကြရတာပဲ/ ထုံးစံအတိုင်း
ကျွဲရိုက်နွားရိုက်နဲ့ တိုင်းပြည်မျက်နှာ အိုးမည်းသုတ်တော့တာပဲ
လူ့ငနွားတွေရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ တိုင်းပြည်ဆိုလား
မကောင်းကျောင်းပို့ ဆိုတဲ့ ထုံးစံ၊ ထုံးပန်းကန်ဆိုတာ
ငါတို့ အောက်အရပ်ရဲ့ အသုဘ
(မသာအိမ်)တွေမှာ ထားတဲ့ ရိုးရာခလေ့
ကျွန်တော်တို့ ငှက်တွေလုပ်ရင်း ငှက်လှောင်အိမ်တွေပဲ ဖြစ်ဖြစ်သွား
ကဗျာကို အတောင်တပ်ကြည့်ရင်းနဲ့/ အသက်သွင်းဖို့ ကြိုးစားရင်းနဲ့
ကဗျာဟာ ကျွန်တော်တို့ မျက်စိရှေ့တင် အသက်ပျောက်သွားလို့
အနုပညာကို ဘယ်လိုရှုပ်ထွေးမှုတွေထဲ ထည့်ထည့်
အရောင်မပျက်ဘူး၊ အရသာမပျက်ဘူး၊ အလေးချိန် မလျော့ဘူး
ကဗျာကောင်းဆိုတာ ဘယ်လို ဖြားယောင်းမှုမှာပဲ ဖြစ်ဖြစ်
ဘယ်လို ရိုးရာထုံးစံတွေထဲမှာမှ အပုပ်မခံ/ အမြုပ်မခံ
လူးလွန့်ရင်း/ ပျံသန်းရင်း
မျိုးဆက်တစ်ဆင့်ပြီးတော့ နောက်တစ်ဆက်တွေဆီ
ကဗျာဆရာဆိုတာ စကြဝဠာ မိုးခေါင်တဲ့အခါ လောကစံပုံကို တီးတဲ့ကောင်
စကားလုံးတွေကို အတောင်တပ်သူ၊ ကျားသေကို အသက်သွင်းသူ
စကြဝဠာကိုပဲဖြစ်ဖြစ်၊ မုန်ညင်းစေ့ကိုပဲဖြစ်ဖြစ် ရဲဝံ့စွာ ထုဆစ်သူ
ကျွန်တော်တို့ ငှက်တွေလုပ်နေကြတာလား
ကျွန်တော်တို့ ငှက်လှောင်အိမ်တွေပဲ လုပ်နေကြတော့မှာလား ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com

## ငိုက်မျဉ်းနေတဲ့ ယာဉ်အိုကြီးပေါ်

နီနီ

အရမ်းမဝေးတော့ဘူးလို့ တွေးနေရင်းကနေ
တယ်လီဖုန်းကို စိတ်နဲ့လှမ်းဆက်ကြည့်နေမိတယ်
မချိုပြုံးတွေ ဟန်ဆောင်ပြုံးတွေဟာ တစ်နေ့တာရဲ့
အချိန်မည်မျှကို အချိုးကျ တိုက်စားခဲ့ပါသလဲ
မာနဟာ မာနပဲ
ဒီအချိန်ဆို ဒီစိတ်က ဒဏ်ရာဘက်ကို ပြောင်းပြောင်းသွားတယ်
ဒီအချိန်ဆို အပ်ကျသံကအစ ဆေးမကုနိုင်အောင်ဖျားတယ်
စကားတွေအများကြီးပြောလိုက်မှ ကိုယ့်မျက်လုံးကို ဖမ်းမိသွားတယ်ဆိုရင်
သူ့သင်္ကေတနဲ့ ကိုယ့်သင်္ကေတ ပေါင်းလိုက်တာ
ဘာဂီတမှ ထွက်မလာဘူးဆိုရင်
တစ်ယောက်ငရဲကို တစ်ယောက်က ဘာကြောင့် တစ်ဝက်ခွဲယူဦးမလဲ
ကားပြတင်းပေါက်က မှန်မှာ တစ်ခုခု ရေးပစ်လိုက်တယ်
မှုရင်းနဲ့မိတ္တူ ဘာပဲရွေးသွားရွေးသွား ပါသွားတဲ့ အစိတ်အပိုင်းဟာ ဘဝပါ
သိမ်းပိုက်ထားခဲ့မိတုန်းကလည်း စူးတယ်
လွှတ်ပေးလိုက်တော့လည်း ရှူးကျန်ခဲ့တယ်
နုတ်လို့မရတဲ့ ကင်ဆာမှာ ကျွံဝင်ခဲ့
ကိုယ့်ကိုယ်ကို မပျောက်ဆုံးခင်လေးမှာ သူ့ကိုရှာတွေ့ခဲ့
လိုအပ်တယ် မလိုအပ်ဘူး
လိုအပ်တယ် မလိုအပ်ဘူး
လိုအပ်တယ် မလိုအပ်ဘူး
လိုအပ်တယ် မလိုအပ်ဘူး
လိုအပ်တယ် မလိုအပ်ဘူး
လိုအပ်တယ် မလိုအပ်ဘူး
လိုအပ်တယ် မလိုအပ်ဘူး
လိုအပ်တယ် မလိုအပ်ဘူး
လိုအပ်တယ် မလိုအပ်ဘူး
လိုအပ်တယ် မလိုအပ်ဘူး
ဘယ်လိုရှင်သန်ခြင်းမျိုးလဲ အလိုမရှိတော့။
ကိုယ်ဆင်းမယ့်မှတ်တိုင်မှာသာ ဆင်းခဲ့တယ်
ရေးခဲ့တဲ့ နာမည်လေး ပြန်မဝေးတော့။



## ဖက်ဒရယ်ကဗျာ

နီမျိုးထက်

နာကြည်းမှုအငြိုး အမုန်းတရားတွေဟာ
တံတားအောက်က မြစ်ရေလို စီးဆင်းသွားပါစေတော့
ဆုတောင်းတိုင်း ပြည့်ခွင့်ရရင်လည်း
ဟောဒီဆုတွေ ပြည့်ဝပါစေတော့ …။

မနောမြေ ကချင်ဒေသက တိုင်းရင်းသားပြည်သူတွေ
သတ္တုန္တရကပ်ဘေးမှ ကင်းလွတ်ပြီး
ကိုယ့်အိမ်ကိုယ့်ယာမှာ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ကြပါစေ
မြစ်ဆုံဒေသလည်း သူ့အလှနဲ့သူ ရှိပါစေပေါ့။

လျှပ်စစ်တာဘိုင်စက်ကြီးတွေ တဒီးဒီးလည်
လျှပ်စစ်တာဝါတိုင်ကြီးတွေ ကိုယ့်မြေ ကိုယ့်ဒေသမှာ စတင်စိုက်ထူ
ဓာတ်အားလှိုင်းတွေ ဖြတ်သန်းစီးဆင်းသွားကြပေမဲ့
ကိုယ့်မြေကိုယ့်ဒေသမှာတော့ အလင်းရောင် ဖောသီစွာ မရရှိတဲ့
ကယားတိုင်းရင်းသားပြည်သူတွေ
ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိပိုင်ဆိုင်ကြပါစေ။

စကားပြောရင် ဘွင်းဘွင်းရှင်းရှင်းနဲ့ အရိုင်းဆန်ပေမဲ့
ရိုးသားဖြူစင်ကြတဲ့ ကရင်တိုင်းရင်းသားတွေ
စည်းလုံးညီညွတ်မှုကိုဆုပ်ကိုင် စစ်မှန်တဲ့ ပြည်ထောင်စုကြီးဆီ
အခြားတိုင်းရင်းသားတွေနဲ့အတူ ချီတက်အောင်ပွဲခံနိုင်ကြပါစေ။

ငယ်ငယ်က သမိုင်းဖတ်စာထဲမှာ သင်ဖူးတဲ့
နယ်ချဲ့အင်္ဂလိပ်တွေကို ကြံကြံခံတွန်းလှန်ခဲ့သူ ကြွမ်းဘိစ်ရဲ့
ချင်းတောင်တန်းဒေသက တိုင်းရင်းသူ တိုင်းရင်းသားတွေ
တရားမျှတမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ လွတ်လပ်စွာကိုးကွယ်နိုင်မှုတွေ ရရှိကြပါစေ။

သမိုင်းကြောင်းအရရော ယဉ်ကျေးမှုအရပါ မြင့်မား
ဘာသာတရားလည်း ကိုင်းရှိုင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com

ရာမညတိုင်းဌာနေ မွန်တိုင်းရင်းသားပြည်သူတွေ
လွတ်လပ်ပွင့်လင်း ကုန်စည်စီးဆင်းမှုတွေ မြန်ဆန်ကောင်းမွန်နိုင်ကြပါစေ။

ငါဟာ ဗမာလူမျိုး မိဘနှစ်ပါးက မွေးဖွား
ဗုဒ္ဓဘာသာ ဗမာလူမျိုးတစ်ယောက်ပါ
ပြောင်းလဲတိုးတက်နေပါပြီဆိုတဲ့ သူတို့အပြော ဒီမိုကရေစီခေတ်ကြီးမှာ
ငါတို့ ဗမာပြည်သူ ပြည်သားတွေရဲ့ ဘဝတွေရော
ဘာတွေပြောင်းလဲ ဘာတွေတိုးတက်လာကြပါသလဲ
ဒါပေမဲ့ ရရှိလာမယ့် အခွင့်အရေးနဲ့ အကျိုးဆက်တွေမှာ
အခြားတိုင်းရင်းသားပြည်သူတွေနဲ့ ညီတူညီမျှခံစား
ဘာသာရေးရှုထောင့်တွေလည်း ကြည်ကြည်လင်လင် မြင်နိုင်ကြပါစေ။

ပင်လယ်နဲ့လည်းနီး ရှေးဟောင်းအမွေအနှစ်တွေလည်း ပေါများ
နယ်ချဲ့ ကိုလိုနီစနစ်ကိုလည်း အစောဆုံးခံစားခဲ့ရတဲ့
ရခိုင်တိုင်းရင်းသားပြည်သူတွေ
လက်ရှိဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ ပြေပျောက်ကာ
တိုးတက်ငြိမ်းချမ်းသာယာစွာ ရှေ့ခရီးဆက်နိုင်ကြပါစေ။

လီမွှော်၊ လက်ဖက်၊ ချယ်ရီပွင့်ရာ ကမ္ဘောဇဌာနေ ရှမ်းတိုင်းရင်းသားပြည်သူတွေ
ယမ်းနံ့တွေ၊ သေနတ်သံတွေ၊ အမြောက်သံတွေအစား
ရှမ်းအိုးစည်သံတွေဝေ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်ပြီး
ဖွံ့ဖြိုးတိုးတက်ပါစေ
၂၁ ရာစု ပင်လုံညီလာခံကိုလည်း ကျင်းပနိုင်ပါစေပေါ့။

မြန်မာနိုင်ငံ ပြည်သူပြည်သားအားလုံး
'ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
ရောဂါခပ်သိမ်း ငြိမ်းကြပါစေ
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ . . .'။



**တစ်လမ်းမောင်းကဗျာ**

နီလင်းသန်း

မင်း တွေးနိုင်တယ်
မင်းထင်သလို မင်းမြင်သလို . . .
ကိုယ်ဟာ အထီးကျန်တစ်ယောက်လည်း ဖြစ်နိုင်တယ်
ကိုယ်ဟာ မင်းရဲ့ အစီရင်ခံရမယ့်လူတစ်ယောက်
ကိုယ်ဟာ လမ်းညွှန်အိမ်မြှောင်ပျောက်သွားတဲ့ သင်္ဘောကပ္ပတိန်
ကိုယ်ဟာ ဘာမှမဟုတ်ရပါဘူးလို့လည်း အသံမပြြည်
ကိုယ်ဟာ ကျွဲကူးရေပါ ဇာတ်လမ်းတွေအပေါ် အမြင်မကြည်လင်ခဲ့သူ
ကိုယ်ဟာ အစာတောင်းနေတဲ့ ခွေးငါးလေးရဲ့အသံကို နားလည်
ကိုယ်ဟာ အသံမဲ့တေးသွားရဲ့ ပင်တိုင်အဆိုတော်
ကိုယ်ဟာ ကြွေးမြီထူပြောနေတဲ့ သူကြွယ်တစ်ယောက်လို့
မင်း မြင်နိုင်မလား
ကိုယ်ဟာ ရေခြိုပြည်က ပြန်ရောက်လာတဲ့
မြန်မာနိုင်ငံထဲက တစ်ဦးတည်းသော ကဗျာဆရာ
ကိုယ်ဟာ ဘယ်ဘက်လက်သန်းလေးက လက်သည်းရှည်လေးကို
ကျေးဇူးတင်ရှိခဲ့သူ
ကိုယ်ဟာ ပြိုင်ပွဲဘေးနားက လိုက်လံအားပေးနေသူတွေထဲ
ပါဝင်သူတစ်ယောက်
ကိုယ်ဟာ ဘယ်တော့မှ အမောမဖောက်နိုင်တဲ့ ပရိသတ်စစ်စစ်
ကိုယ်ဟာ အိမ်ပြေးလည်း ဖြစ်ခဲ့ဖူး . . .
စာမေးပွဲလည်း အခါခါကျခဲ့ဖူးပေမဲ့
ကိုယ်ဟာ လူတစ်ဦး လူတစ်စု လက်ထဲက
အကြွင်းမဲ့အာဏာကို ထာဝရ မုန်းတီးနေခဲ့သူ
ကိုယ်ဟာ အတ္တစိတ်ကြီးကြီးမားမားနဲ့ မိသားစုအရေးသာ ရှေ့တန်းတင်ခဲ့
ကိုယ်ဟာ ဘယ်သူမှမရွှေ့နိုင်တဲ့ တောင်တံတိုင်းကြီးကို
ရွှေ့လျားနိုင်သူလည်း ဖြစ်ချင်
ကိုယ်ဟာ မင်းနဲ့ ကြမ်းတစ်ပြေးတည်း နေထိုင်လျက် ဝေးကွာ
ကိုယ်ဟာ လက်ထဲက အသားညှပ်ပေါင်မုန့်လေး လွတ်ကျသွားမှာ စိုးရိမ်စိတ်နဲ့
ကိုယ်ဟာ မင်းအမည်ပေးထားတဲ့ 'ငြိမ်းချမ်းရေး'တောအုပ်ကလေးမှာ
တူနှစ်ကိုယ် ပျော်ချင်ပါရဲ့



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဟာ လူလုံးပြတတ်တဲ့ ညှော်နံ့တွေကို ရှူရှာတတ်သူ
ကိုယ်စာ အပေါ်မီး အောက်မီးနဲ့ စားသုံးရမယ့် ညစာတွေကို မုန်းတယ်
ကိုယ်ဟာ အချက်ပြ ဆက်သွယ်ရေးမှာ နည်းစနစ်မကျွမ်းကျင်သလို
ကိုယ်ဟာ ဝါကျအထားအသို မရှင်းမလင်းနဲ့
လင်ယူသားမွေးဒုက္ခထဲက လူရွှင်တော်
ကိုယ်ဟာ မင်းထင်သလို အိပ်မက်မရှိတဲ့ ဟာတာတာနေ့လယ်ခင်းတစ်ခုပေါ့
        မင်းရဲ့ ထင်မြင်သုံးသပ်ချက်တွေနဲ့
        အကယ်ဒမီဆုလည်း လိုချင်တယ် . . .။



## ညှိခံပွဲ

နေခက်

ရှပ်တစ်ခု မွေးမြူဖို့
စိတ်ပေါင်းများစွာ အရောင်ခြယ်သ
လောကကို ညာကြမယ်။

ဘုရားဟောထဲမှာ မပါပေမဲ့
နိဂုံးချုပ်ရင် လက်ခုပ်တီးရတယ်
လိုအပ်တာထက်ပိုတဲ့ ဝန်ဆောင်မှုမျိုး
သင်တန်းတက်စရာ မလိုဘူး။

အမှားကိုအမှန်ပြ
တရားကို အလံချလိုက်ပြီ။

ပြောင်းမသွားတဲ့
အဟောင်းကြားမှာ
သူတောင်းစားတွေ တွေ့နေရ
အလင်းတော့ ထိုးထားပါရဲ့
မျက်စိတည့်တည့်။



www.burmeseclassic.com

www.burmeseclassic.com

**အဆုံးထိ စီရင်ရမယ့် ကဗျာ**

နေချိုသွေး

အာဏာရှင်တွေရဲ့အစ ဘုရားသခင်ကလို့ ပြောမယ်
ဒီလိုဆို စုံလုံးကန်းနေတဲ့ ကျောက်ခဲတွေနဲ့ ငါ့ကို ထုကြ
ဒေါသသင့်နေတဲ့ အလျှံညီးညီး မီးတောက်တွေနဲ့ ငါ့ကို ရှို့ကြ။
သိုးငယ်တွေရဲ့ ကြောက်ရွံ့ထိတ်လန့်ခြင်းမှာ
ကိုယ်ချင်းစာတရားဟာ မျက်ရည်ဖြိုင်ဖြိုင် ကျရရှာပေါ့
ထွက်ပေါက်ပျောက်နေတဲ့ စိတ်နဲ့အတူ ငါ အော်ဆဲတယ်
ဘုရားသခင်ကို ငါ အော်ဆဲတယ်
အာဏာရှင်တွေကို ငါ အော်ဆဲပစ်တယ်
မျက်ရည်တွေတွေကျရင်း
အော်ကြီးဟစ်ကျယ် ရယ်မောလိုက်ရတာထက် ကောင်းတာ ဘာရှိသလဲ
ညည့်နက်နက်လို နေ့ရက်တွေမှာ
အထီးကျန်ဆန်မှုကနေ ချုပ်ငြိမ်းဖို့ တဲတဲလေးအလို
ဖြုန်းခနဲ
ရယ်စရာ ကောင်းမနေဘူးလား
ငိုစရာကော ကောင်းမနေဘူးလား
တော်ကျန်မှုတွေနေတဲ့ ဝမ်းနည်းဖွယ်ဘဝတွေ ပြောပါတယ်
မှောင်မည်းငြိမ်သိတ်နေတဲ့ ချောင်မှာ ထိုင်ပြီး ငိုင်ငေးနေရတဲ့ အထီးကျန်ဆန်မှုတွေ
မျှော်လင့်ချက်တွေကို သိုဝှက်ခံနေရတဲ့
အဲဒီ့ အထီးကျန်ဆန်မှုတွေလေ ခန္ဓာကိုယ်အနှံ့ အဆုပ်လိုက်အခဲလိုက် ဖူးပွင့်လို့
ရိုးတွင်းချဉ်ဆီထဲအထိ ကြေကွဲမှုတွေ ထီးတည်းကြီး
မွေးညင်းပေါက်တွေကနေ အန်ကျလာတဲ့ သောကနဲ့ အပြိုင်
ဖြတ်တိုက်သွားတဲ့ ရှုမျှော်ခင်းတွေတောင် ကွဲရှမှုလောင်နေပုံရတယ်
ဘယ်မှာလဲ တရားမျှတခြင်းရဲ့ တန်ဖိုး
ဘယ်မှာလဲ လွတ်လပ်မှုရဲ့ အရသာ
သောက်ရူးတွေရဲ့ ပယောဂနဲ့
ကိုယ့်သေတွင်း ကိုယ်တူးနေရတဲ့ ခေတ်ကာလကိုမှ
တော်လှန်ပုန်ကန်ပြောင်းလဲပစ်ချင်နေတဲ့ ငါ့ဗီဇ
သွေ့ခြောက်သွားတဲ့ ကလေးတစ်ယောက်ရဲ့ အနာဂတ်တွေနောက်
ငါ တကောက်ကောက် လိုက်လျှောက်တယ်



ကြောင်တောင်တောင် ပြူးကျယ်ကျယ် ကလေးတစ်ယောက်ရဲ့ မျက်ဝန်းထဲ
ငါ ခဏခဏ ပြုတ်ကျနေတယ်
သက်ပြင်းချသံတွေ ဆူညံနေတဲ့ ကလေးတစ်ယောက်ရဲ့ အိပ်မောကျချိန်ထဲ
ငါ ငေးကြည့်မိတယ်
ငြိမ်းချမ်းခြင်းဟာ စကားလုံးအဖြစ်ပဲ ရှင်သန်နေရတဲ့ ကမ္ဘာမှာ
ဒီကဗျာပေါ်မှာမှ ငါ့စိတ်ကိုငါ အဆုံးထိ စီရင်ခွင့်မရရင်
ငါ့ကိုယ်ငါ အဆုံးစီရင်မိတော့မယ်။


www.burmeseclassic.com

www.burmeseclassic.com

## အရောင်နည်းနည်း သုံးထားတယ်

နေညိုအောင်

နည်းနည်း ယုံကြည်မိတာနဲ့
နည်းနည်း ပြုတ်ကျတော့တာပဲ
၂၀၁၅

အဟောင်းတွေ
ကောင်းမကောင်းတော့ မသေချာဘူး
အလောင်းကောင်ကတော့
စကားမပြောတာ သေချာတယ်

ရာသီဥတုနဲ့ အာလူးခင်းတွေ
အားလူးခင်းတွေနဲ့ ကောင်းသော အိပ်မက်တွေ
ငါတို့ဘက်မှာ ရှိပါစေလေ

ငှက်ကလည်း တိုက်တိုက်ဆိုင်ဆိုင် ထအပြန်
မြားကလည်း တိုက်တိုက်ဆိုင်ဆိုင် ငှက်ကိုမှန်
ငါတို့ကလည်း တိုက်တိုက်ဆိုင်ဆိုင်
လက်ခံလိုက်ရတော့မှာလား
ပြောပါ ရေချိုးပြီးမှ ပြောပါ

ကြောက်စိတ်ဟာ
ဦးခေါင်းမှာ တံခါးခေါက်ခဲ့ပြီပေါ့
နှလုံးသားဟာလည်း
စကားမဆိုတော့ဘူးတဲ့လား

ပေးစရာရှိတာ ပေးပြီးရင်တော့
ယူစရာရှိတာ
ပြန်ယူကြတာပေါ့ ညီလေး။



## ပင်လယ်ရေမှာ ရောက်ရှိခြင်း

နေစိမ့်

မေ့မေ့လျော့လျော့ ဖြစ်နေတာက
ရှက်ဆုတ် ပြက္ခဒိန်ကို နေ့စဉ်ဆုတ်ဖြဲမိဖို့
အဆုံးမမြင်ရသေးတဲ့ မုန်တိုင်းထဲ မိန်းမောလို့
အခုပဲ ငါဟာ လေနီကြမ်း တော်ကြာ လေညင်းနုနု
အမှတ်တမဲ့ ပင်လယ်က ကော်ထုတ်လိုက်တဲ့ လှိုင်းအရွေ့မှာ
ကမ်းခြေပေါ် ပစ်တင်ခံလိုက်ရတဲ့ အမှိုက်သရိုက်
မဖြစ်နိုင်ဘူး  မဖြစ်နိုင်ဘူး
ဆားငန်ရေနဲ့ အထပ်ထပ် ဆေးကြောပစ်လို့
ဘယ်တော့မှ သန့်ရှင်းစင်ကြယ်သွားမှာ မဟုတ်တဲ့ အရိအရွဲတွေ
အခန်းလွတ်ထဲ တစိမ့်စိမ့် ဝင်လာတဲ့ ရေရဲ့ ညင်သာနူးညံ့မှုနဲ့
နောက်တစ်ခန်းမှာ စိတ်လွတ်ကိုယ်လွတ်လူရဲ့ လက်ထဲက သားလှီးဓား
စိတ္တဇဆေးရာဝန်ရဲ့ သင်ရိုးညွှန်းတန်း ကုထုံးနဲ့
မျိုးချစ်စိတ် စစ်စစ်တွေ လူမျိုးနဲ့ ရှင်ကွဲကွဲလို့
အရင်းအနှီးများရဲ့ ဆုံးရှုံးကြေကွဲမှုတွေလား
မသိချင်ပါနဲ့တော့
သောင်ခုံပေါ်က သဲပွင့်တွေ မရေတွက်မိခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

## ဝါဝါထိန်ထိန် ပွင့်ခဲ့ပါတယ်

နေထက်နိုင်

ပိတောက်တွေလည်း လှိုင်လို့
ခမောက်တွေလည်း မြိုင်လို့ပေါ့
အိပ်မက်တွေ ပိတောက်အိပ်မက်တွေ
မြိုင်မြိုင် ဖူးပွင့်ခဲ့ပါတယ် ပန်းများလို
အစိမ်းပုပ်ရောင် ကောင်းကင်ကြီးအောက်က
နေ့အပုပ်အသိုးတွေထဲမှာ။

အိမ်ရှေ့ လှူရိပ်မြင် လန့်ရ
ညဘက် အိမ်အနား ကားသံကြားရ
ခွေးထိုးဟောင် လန့်ရ
သစ်ရွက်ခြောက် လေတိုးသံကြား လန့်ရ
လန့်ရတဲ့ နှစ်များ။

အမေနဲ့ သားတွေ ဝေးကြ
စိုးရိမ်ကြောင့်ကြ ဝေးခဲ့ရ။

လင်မယားတွေ ဝေးကြ
လွမ်းလွမ်းဆွေးဆွေး ဝေးခဲ့ရ။

အဖေနဲ့ သားတွေ
အိပ်မက်တွေ ကျိုးကြေရ
အပိုင်းပိုင်း အစစ။

မျက်စိအောက်က
ရေအပြည့် ကြာအပြည့် ကန်တွေ
ကွယ်လွန်သွား ပုံတင်သံမျှ ပြန်မလာကြ။

အရွယ်တွေရခဲ့
အသိတွေရခဲ့
သမိုင်းဘီးတွေ လည်ခဲ့။

ရခဲ့တာတွေ မလိုချင်ခဲ့
လိုချင်တာတွေ မရခဲ့ပါဘူး။

တစ်ခုခုကို ပြောင်းလဲပစ်တဲ့
လီမွှော်သီးအဝါတွေ
လမ်းမပေါ် လိမ့်ဆင်းခဲ့
မိုးတို့ မည်းမှောင်ထစ်ချုန်းတုန်းက။

ဒီနေ့ ငါတို့ သောက်သုံးနေရတာက
နွေဦးကတည်းက တစ်မိုးလုံး စိမ်းမှောင်ခဲ့တဲ့
သစ်ရွက်ခြောက်တွေနဲ့
ကျိုးကြေနေတဲ့ ရေသေကန်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## ညက ဖလင်မပါတဲ့ရုပ်ရှင်ကို ကြည့်ရတယ်

နေနိုင်

ချောင်းကြည့်ပေါက်ထဲက ညနေမှာ
စာမေးပွဲ သုံးခါကျတယ်
ထရံကြားထဲကို လင်မယားစုံတွဲအသစ်လေး ပြောင်းလာတယ်။
မထိုးဘဲ ကောက်ရလိုက်တဲ့ ထီလက်မှတ်လို
ပေါက်စဉ်ကိုသာ မျှော်လင့်ချက်ကြီးကြီးနဲ့ စောင့်စား
နာရီချိန်သီးက လိုတာထက်ပိုပြီး အသက်ဝင်မှုနည်းနေတယ်။
အရာရာဟာ တစ်ခဏပါဆိုပြီး
သတိကြီးကြီးထားပြီး ဖြည်းဖြည်းလေး နက်လာတယ်
သင်းကွဲငှက်တွေကလည်း အရောင်မပါတဲ့ အလေအလွင့်နဲ့။
သတိကြီးကြီးထားပြီး
ကြည့်နေရင်းက
ညဟာ လက်ကို ရင်ဘတ်ထဲ လုံလုံခြုံခြုံ ထုပ်သိမ်းလိုက်တယ်။
မီးတိုင်က မီးကိုလည်း လက်ညှိုးရဲ့ တိုက်တွန်းမှုနဲ့
ခလုတ်ကနေတစ်ဆင့် ဆောင့်ပိတ်လိုက်တယ်။
ဒီလိုနဲ့ ည …
ဘာသံမှမကြားရသလောက် ကိုယ့်အသံကိုလည်း
ဘယ်သူမှမကြားရအောင် စုဘူးထဲ ထည့်သိမ်းထားတယ်။
ဒိန်းခနဲ အသိစိတ်က ထရံနားကို ကပ်သွားတယ်
မျက်လုံးရဲ့ ဝါးနေတဲ့ focus ကို manul ကောက်ဖြတ်လိုက်တယ်။
စိတ်ကိုလည်း တည်ငြိမ်နေအောင် စုစည်း
ရန်သူ့နယ်မြေကမ်းကို တစ်ဦးတည်း ချဉ်းကပ်နေတဲ့
စစ်သားတစ်ယောက်လို အရာရာဟာ
သတိ အသိနဲ့ နားကိုလည်း ဓားလိုထက်နေအောင် အသင့်ပြင်ထား။
ရုပ်ရှင်ထဲမှာ သူတို့အသက်ရှူသံတွေ မြန်လာသလို
ကိုယ့်မှာလည်း တံတွေးကို ခဏခဏမျိုချနေရ။
ထိတ်ခနဲ ကြွက်တစ်ကောင် မြေကြီးထဲ
တိုးဝင်သွားတာက အစ သတိကြီးကြီးနဲ့ တွက်ဆနေရတယ်။
နားရွက်နားက ဖြတ်ဖြတ်ပြေးသွားတယ်
တဝီဝီအသံနဲ့ ဟော်လီကော်ပတာအစင်း ၂၀ သေချာတယ်



ဒီကောင်တွေ ဟိုတစ်အိမ်ကျော် ဖွက်အိုင်က ထလာတာဖြစ်မယ်။
ဒါပေမဲ့
မတို့ရဲ မထိရဲ
တရားကြောင့် မဟုတ်ဘူး၊ ဘုရားကြောင့် မဟုတ်ဘူး
ကျုံ့နေတဲ့ အာရုံလေး ပျက်သွားမှာစိုးလို့။
သူတို့ ခဏတစ်ဖြုတ်နားနေလည်း ကိုယ့်မှာ မနားရ
တစ်ကွက်ချင်း ရစ်နေတဲ့ ဖလင်လို အာရုံထဲ ပြန်ပြန်နွှေးနေရ။
မီးမှိတ်ထားတဲ့ ည …
ကိုယ်က အမှောင်ထဲမှာ တစ်ယောက်တည်းငြိမ်နေရပြီး
သူတို့မှာက နှစ်ယောက်တည်းနဲ့ ခပ်မှိန်မှိန်လေး လင်းနေတယ်။
ကိုယ့်မှာ ဖယောင်းတိုင်တိုလေးကိုပဲ ကျေးဇူးတွေ စွတ်တင်နေတာ
လေပြည်လေး တစ်ချက်ဝှေ့သွားမှာက အစ ကွာလတီမကောင်းလို့
ခဏလေးနဲ့ ကုန်သွားမှာအဆုံး
ကိုယ့်မှာ မှောင်ပြီး သူတို့ လင်းနေဖို့
တစ်ယောက်တည်း ကြိတ်ပြီး တတွတ်တွတ် ရွတ်နေရ။
ဒီလိုနဲ့ ညဟာ ခြေကုန်လက်ပန်းကျလို့
စောင်ကိုခြုံလိုက်သလို ကိုယ်ကလည်း ရေအိမ်ကို အမြန်ပြေးရတယ်။
တင်းနေတဲ့ စိတ်ချည်ကြိုးလေးကို လျှော့ပြီး
ကိုယ့်ရဲ့ညကလည်း အနားတောင်းတယ်။
ထုံးစံအတိုင်း
အရုဏ်က မျက်နှာမသစ်ဘဲ လင်းလာတယ်။
လူ့ဝတ္တရားအရ မျက်နှာသစ် သွားတိုက်လို့
သူတို့နဲ့ ဝင်တိုးမိတဲ့အခါ ကိုယ့်လိပ်ပြာကို လုံလုံခြုံခြုံဝတ်ပြီး
မျက်နှာကို ခါနာနာ နှစ်ခါ ထပ်ထပ်သစ်နေရပုံက
စက္ကန့်သံဟာ လိုတာထက်ပိုပြီး အားလုံး ပြေးလွှားနေရသလိုမျိုး။
ရာသီဥတုက ကိုယ့်ဘက်မှာရှိနေတဲ့
ညအတော်များများမှာ ကိုယ်ဟာ ကျောင်းစာအုပ်ကိုဖြီပြီး
ထရံလေးကို ခွာနေခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အက်သွားတဲ့ နံရံ

နေနိုင်(ချောက်)

ကိုယ်ကျင့်တရားပေါ် ထိုးစိုက်လာတဲ့ မား
ငါ့ယုံကြည်မှုမှာ သွေးစိမ်းရှင်ရှင် ပန်းထွက်တယ်
ရင်ချင်းဆက်မိခဲ့ပြီးခါမှ
သစ္စာတရားက လိုဏ်သံပါနေတဲ့ကိစ္စ
အသိဆိုတာ နောက်ကျတယ်မရှိပေမဲ့
ပေးလိုက်ရတဲ့ ချစ်ခြင်းတွေ
အရင်းအနှီး ကြီးလှပါရဲ့
ကျား ကစားသလို
ဘဝဟာ အတွက်အချက်နဲ့ ရွှေ့ရတာလား
အမှားမခံတာ အမှန်တရားကို ချစ်လို့။



## မျှော်ကိုးမှုတေးသွား

နေပန်ဦး

သိုးသားကင်ဟာ လူတိုင်း မကြိုက်နိုင်ဘူး
နတ်ဒေဝါတွေအဖို့တော့ စားစရာတွေ တစ်ပုံကြီး၊ ဒီမှာ
ပုံကြီးချဲ့စရာ နှစ်တွေ၊ စစ်တွေ၊ ဒုက္ခတွေ
ဘာဆက်ရေးရမလဲ နှစ်ပေါင်းခြောက်ဆယ်အတွင်း၊ တွင်းဆုံးကျ
ကျနေတဲ့ စိတ်နဲ့ မွဲပြာကျ နွံနွံလာတဲ့ တိုင်းပြည်ငယ်တစ်ခု
နှစ်ခုပဲ ပြည်တွင်းစစ်နဲ့ ငြိမ်းချမ်းရေး၊ ဒါနဲ့တင် အချိုကုန်နေရတာ
မိဘပြည်သူများခင်ဗျား ဆိုပြီး စကားလုံးကြီးတွေနဲ့ ဆက်ထုနေတယ်။
ငါတို့မှာ တကယ်များလားလို့၊ တကယ်လို့များ
အာလူးနဲ့ ကြက်သွန်နီပဲပါတဲ့ စမူဆာလို
မျှော်လင့်ချက်တွေနဲ့သာ ဘဝကို ငြိုးစော်နံ့ သွပ်သွင်းခံရတာတောင်
အဓိက ဆွေးနွေးသွားမယ်၊ အထူးစုံစမ်းစစ်ဆေးသွားမယ်
မှတ်တမ်းတင်ထားမယ်၊ အခြေအနေစောင့်ကြည့်သွားမယ်၊ ဒါနဲ့
ရှင်သန်မှုအခွင့်အရေးက ဆေးမတိုးတော့ဘူး။
အဲဒါကြောင့် အမှောင်မှာ ယဥ်ပါးလာတဲ့အခါ၊ သွေးမထွက်ဘဲ
ဖျက်ဆီးခံလိုက်ရတဲ့ လူ့အဖွဲ့အစည်းဟာ ပျက်စီး၊ ကြာတော့
ဖာသည်မလေးကို အရှက်နဲ့ ခြိမ်းခြောက်ရသလိုမျိုး
ဒါဟာ ရေထဲနစ်နေတဲ့ ကျောက်စရစ်ခဲလို တောက်ပမှုကြီး
ခေတ်မီတိုးတက်နေတဲ့ လုပ်ကြံမှုကြီး၊ နာကျင်ရကောင်းမှန်းမသိတဲ့ ရောဂါ
ငါတို့မှာ စွဲကပ်နေရတယ်။
ငါသိပ်သိတာပေါ့ ငါသိတဲ့ အကြောက်တရားဟာ
မြစ်ခြားတောင်ခြားမဟုတ်ဘူး၊ မြစ်ပျောက်တောင်ပျောက်
ပျောက်စေဆရာကြီးများကတော့ ဝလုံးတွေ မွှားလို့
ချစ်ရေးကြိုက်ရေး စိတ်မအေးစရာက လွဲရင်
ကဗျာရေးတာကအစ အချိန်လုပြီး ရေးနေရတာ
ဒီမှာ သမိုင်းကို ရေးရေးလေး သိနေရင်ပဲ
အန္တရာယ်ရှိတဲ့၊ အဆိပ်ပြင်းတဲ့ သတ္တဝါတစ်ခု ဖြစ်နေတယ်။
လူ့ဘဝရဲ့ ရိုးသားမှုတို့၊ တရားမျှတတဲ့ ချနင်းခံ လောကကြီးတို့
အသုံးမဝင် ကိန်းဂဏာန်းဖြစ်မယ်၊ တရားမဝင် ငွေစက္ကူ ဖြစ်သွားမယ်
မျှော်ကိုးမနေနဲ့တော့ စာနာနားလည်မှုတေးသွားတွေ



www.burmeseclassic.com

www.burmeseclassic.com

ခွေးရူးတို့ရဲ့ သွားရည်တရွှဲရွှဲ မှတ်ဉာဏ်ထဲ စုတ်ပြဲသွားမှာ သေချာ
ဒါပေမဲ့ ဓားတစ်လက် ထက်မြက်ဖို့ မီးပြင်းပြင်းပေါ့လေ
ကျီးလန့်စာစား ဘဝတွေ၊ ပိတ်မိနေတဲ့ ဘဝတွေ
အနာဂတ်ဟာ အနားကပ်မရတဲ့ အလှုံညီးညီး မီးပုံ
မီးပုံထဲက ယုံကြည်ချက်၊ ယုံကြည်ချက်ရဲ့ ကြွေးကြော်သံတွေ
ငါလည်း အမြဲနားစွင့်နေတုန်းလေ၊ သစ္စာတရား ပွင့်တဲ့အရပ်
ရပ်နေလို့တော့ မရပါဘူး၊ မြေပုံမပါလည်း
သွေးစက်တွေနဲ့ လမ်းပြလို့ ရတယ်
သေခြင်းတရားက မွေးထုတ်လိုက်တဲ့ အမွေးဆုံး ပန်းတွေ
ကမ္ဘာကြီးရဲ့ ဥယျာဉ်တစ်ခု၊ မြေကျိုးလုမတတ် ပွင့်ပါစေလေ။

၁၅၊ ၂၊ ၂၀၁၅။



## ရေနံချောင်း ကန်တော့ချိုး

နေမိုး

မင်းတို့က
ကင်းပုန်းချတဲ့လမ်း
သံဆူးကြိုး ကာရံတဲ့လမ်း
လူစကားပြောဖို့ ဝန်လေးနေတဲ့လမ်း
ပြည်သူက
စပယ်တွေခင်းခဲ့ပါတယ်
အောင်သပြေတွေ ထွန်းညှိခဲ့ပါတယ်
'နုတ်'တွေထက် ကြီးမြတ်
ရင်ဘတ်စကားတွေ ပြောခဲ့ပါတယ်
ဩော် ...
မင်းတို့လက်တွေ
မတရားမှုနဲ့ ယမ်းနံ့နံ့သမျှ
ပြည်သူ့လက်ခုပ်သံတွေ
စန္ဒကူးထုံပျံ့ပိုမို။
တကယ်တော့
မည်းနက်တဲ့
ရေနံရဲ့ ပကတိအရောင်ဟာ အနီရောင်
၁၃၀၀ ပြည့်ကို ပြခဲ့
၁၉၈၈ ကို ပြခဲ့
ခု
ငါတို့ကို ထပ်မံပြသခဲ့ပြီ။
'မှိုင်း' သခင်ဘွဲ့ခံခဲ့
လည်ပေါ်ကျောင်းတိုက်ဟာ လှခဲ့
သခင်ဘိုးလှကြီးဟာ မိုက်ခဲ့
ယူနီယံဂျက်အလံဟာ မှောင်ခဲ့
မြို့ရယ်
ဘာအတို့အမြှုပ်မှ မပါဘဲနဲ့လည်း
ခံတွင်းမြိန် အရသာလှတဲ့
သမိုင်းဟင်းလျာ။

www.burmeseclassic.com

ဘဝလို
ကုန်းတွေ
ကုန်းလျှောတွေ
လွှမ်းစရာ
နေပူပူထဲက
ရေနံတူးစင် အဆွေးတွေ
'အောင်ပွဲအဆက်ဆက် ခံဦးမည်'ကို
အလေးပြုလို့။
'အရေးကြီးပြီ ညီနောင်အပေါင်းတို့'ကို
ဦးညွတ်လို့။
'သမဂ္ဂအလံတော် အောက်ဝယ်'ကို
လက်အုပ်ချီလို့။
ကျော်ကိုကိုရေ ...
ရဲဘော်ရေ ...
ရှေ့မှာ
ဒေါင်းသေချောင်းတဲ့
ဒေါင်းသေတံတားတဲ့
မင့်ရဲဘော်တွေနဲ့အတူ
မင့် ဒေါင်းမသေ တရားသံတွေနဲ့
အကောင်းပညာစခန်းဆီတင်မက
ပြောင်းအခါ ဗမာ့ခေတ်ဆန်းဆီ
အိုကွာ ...
ခေတ်ဆိုးကို မိုးကြိုးခွင်းဖို့
မင့်လက်ဖျံရှိုး
ဒေါင်းပရိတ်သာ ထိုးခဲ့ပေတော့။

*၂။ ၂။ ၂၀၁၅။*
*ရွှေကုန်းရွာ*
*(ဒီမိုကရေစီပညာရေး သပိတ်မှောက်*
*ပင်မစစ်ကြောင်း)*



**အနက်ရှိုင်းဆုံးထိ ကဗျာ**
နေမိုးညို

ငါရွတ်လိုက်တဲ့ ကဗျာ
ဟို စကြဝဠာတံတိုင်းဆုံးထိ
လှိုင်းများရဲ့ ကြိမ်နှုန်းနဲ့ ပြေးလွှားပြီး
ခမ်းနားစွာ ပျံ့လွင့်နေမှာလား
ပြန်မလာနိုင်တော့ ကဗျာ
ရောက်လေရာအရပ်မှာ ငြိမ်းချမ်းပေးပါ
ကျန်တာ ဘာမှမရရင်လည်း ရှိပါစေ။

ရင်ကိုခွဲပြီး ထုတ်ယူခဲ့တဲ့ အနုပညာပါ
လိုနေတဲ့ ချစ်ခြင်းများကြောင့်
ဆာလောင်နေခဲ့တဲ့ ခြောက်ခြောက်သွေ့သွေ့ နှုတ်ခမ်းများဆီ
ရေကြည်တစ်ပေါက် ရေကြည်တစ်စက် ရေကြည်တစ်ခွက်
သင့်လက်နဲ့ ကမ်းခဲ့ပါလေ
အမေတွေရဲ့အပြုံးကို အလှဆုံးဖြစ်အောင်
တောက်ပပေးခဲ့ပါလား
ငါဖျားနေတာ မေ့လိုက်ပါမယ်
ငါ့နှလုံးသားထဲက ငြိမ်းချမ်းခြင်းတေး
သီကြွေးခဲ့ပေးပါ ကဗျာ။

ပွဲတော်တွေ အသံဆိတ်နေပါသလား
အိပ်နေတဲ့ကလေးတွေ နိုးလို့
ကကြိုးတွေရဲ့ အလင်္ကာမှာ
သူတို့ပျော်အောင် ညို့ခေါ်ပေးပါ
ဘုရားကျောင်းက ခေါင်းလောင်းကြီးကို
ပိုးသားအတိ ပြီးခဲ့ပေးပါ
ဝိုင်ချိုရှုနဲ့ ပန်းသီးတစ်စိတ်စီ
ငါ့ညီအစ်ကိုတွေကို ကမ်းလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ဆီက လေးနဲ့ မြား
အနားယူဖို့ ပြောပြခဲ့ပါ
ငါ့အလက်ာဘျပ်စောင်းက
ဟောင်းပေမဲ့ အသံပီသဆဲလို့
သူတို့ရင်ထဲရောက်အောင်
ဒီသတင်းကို ဆောင်ကြဉ်းပေးခဲ့ပါ။

တောင်လေမှာ ဂျုံခင်းတွေ စိမ်းလန်းလို့
မြောက်လေမှာ စပါးခင်းတွေ ငြိမ်းချမ်း
ကိန်းဂဏန်းတိုင်း ကိုး ဖြစ်ပါစေ
သိပါရဲ့လား ကဗျာ
တံပိုးခရာသံ သူတို့ပေးရင်
စစ်ချီတေး မဖြစ်ရအောင်
သူတို့နှလုံးအိမ်ကို အသေအချာကြည့်
ကီးညှိပေးခဲ့လိုက်ပါ
ညပြာပြာမှာ လသာစေခဲ့ပါဦး။

ငါ့ရင်မှာ မေတ္တာကိန်းသလို
သူတို့ရင်မှာ ကဗျာပွင့်ဖို့
ချစ်ခြင်းနဲ့ ညှိခဲ့ပါလေ
မြေအပြင်လုံး ပန်းပွင့်ဖုံးမှ
စေတန်ကို နှုတ်ဆက်ပြီး
လရပ်မှာ ညအိပ်ပါမယ်
တိတ်တိတ်ကလေး တစ်ရေးတစ်မောပေါ့
ချစ်သောကဗျာရေ
ငါမှာတာတွေ မမေ့ပါနဲ့။



## ဒီအကြောင်းတွေများ ရေးချင်ရင်

နေမျိုး

သူ့ခြေထောက်မှာ အနာကြီးရှိတယ်
မပျောက်ဘူး
လမ်းကောင်းကောင်းမလျှောက်နိုင်ဘူး
ထိုင်နေရတယ်။

သူက ထမင်းမစားရတာ သုံးရက်လောက်ရှိပြီ
ဒီကို ဒီနေ့မှာ ရောက်လာလို့ ဆန်ပြုတ်ကျဲကျဲလေး
တိုက်ထားတယ်။

သူက ဦးခေါင်းမှာ ထိထားတယ်
သူ့နာမည်ကို သူမေ့နေပြီ
သူ ပျော်ရွှင်နေတာလား
သူ ဝမ်းနည်းနေတာလားလည်း သူမသိတော့ဘူး
သူက ထမင်းနည်းနည်း စားတယ်။

သူက ငယ်ငယ်လေးကတည်းက
စွန့်ပစ်ခံခဲ့ရတာ
ရေမြောင်းတစ်ခု ဘေးမှာ သူ့ကို ကောက်ရခဲ့တာ
သူက ရယ်လိုက်ရင် သိပ်ချစ်စရာကောင်းတယ်။

သူက အရင်တုန်းက သူခိုးပေါက်စ
လစ်ရင်ခိုးတယ်
အိမ်တစ်အိမ်ရှေ့က ခွေးကျွေးတဲ့ သတ္တုဇလုံ
တစ်ခုကို ခိုးတာ
သူလည်း ဒီကို ရောက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူက ညညဆို မအိပ်ဘဲ ထိုင်နေတတ်တယ်
တစ်ခါတလေ ငိုတယ်
သူ့ညီမလေး ဘယ်ရောက်နေမှန်း မသိလို့တဲ့
သူ့ကို အကုန်မေးမကြည့်ရသေးဘူး။

သူက ဒီက ထွက်ပြေးဖို့ ကြိုးစားတာ
နှစ်ကြိမ်ရှိပြီ
ဒီမှာ မနေချင်ဘူး
နည်းနည်း ရိုင်းတယ်
အနိုင်ကျင့်တတ်တယ်။

သူက ခိုင်းလို့ကောင်းတယ်
ထင်းပေါက်ခိုင်းလည်း ရတယ်
တံမြက်လှည်း သန့်ရှင်းရေး လုပ်ခိုင်းလည်း ရတယ်
သောက်ရေအိုး ရေဖြည့်ခိုင်းလည်း ရတယ်
စာဖတ်တတ်တယ်။

သူက သူ့အဖေနဲ့ အမေကို နာမည်ကို သိတယ်
လို့ ပြောတယ်
ဒါပေမဲ့ သူပြောတာတွေက
အဆက်အစပ်မရှိဘူး
သူ့ကို တစ်ယောက်ယောက်က ဒီကို လာပို့သွားတာ။

သူက အသံအကျယ်ကြီးနဲ့ အော်နိုင်တယ်
သူက ဒီမှာ မော်နီတာလေ။

၇၊ ၁၊ ၂၀၁၅။



## ကုသိုလ်နွေးနွေးတွေ
နေမြ

ဘယ်တော့မှ ထွက်မလာတဲ့ မှတ်ဆိတ်မွေးတွေရဲ့
အရောင်ကို
လူတိုင်းကို
လိုက်မေးတယ်။ အမေးခံရသူက
နောက်တစ်ယောက်ကို ထပ်မေးတယ်။

စောက်ပို တစ်ပဲနဲ့ စောက်ပေါ် တစ်ပိဿာ
ဝက်ဆီဖတ်နဲ့ ဝက်သားကင်တာကို
ဝက်တွေ ဆန္ဒမပြကြဘူး။
ဆန္ဒ
ပြလို့ မရတော့တဲ့အခါ
ရဲ့
သင်္ကေတ၊ နိမိတ်ပုံဟာ
အသားသိုးနေတဲ့ ဒံပေါက်ဖြစ်တယ်။

ကိုယ့်ဖင် ကိုယ်ချပြီး ရဲသွားတိုင်သလို
ခြင်ထောင်ကြိုးကို ရှည်ချင်လို့ရတယ်
ခြင်ထောင်ကိုရှည်ချင်ဖို့ ဘာမှ
ရှိမနေဘူး။

တော်ဖိခဲ့တဲ့ ဖယားလေးဟာ
ကျုပ်
နိုင်ငံတော်
နဲ့ ရတဲ့ကလေး ဖြစ်ခဲ့ဖူးတယ်
တော် ဆွဲခဲ့တဲ့ ဆံပင်တွေဟာ နိုင်ငံရေး
တော် စို့ခဲ့တဲ့ နို့တွေဟာ စီးပွားရေး
တော် ဖွင့်ခဲ့တဲ့ ဘီဆိုက်ဟာ လူမှုရေး
တော် မထိခဲ့ရတဲ့ နေရာတွေတိုင်းအတွက်လည်း
ပြည်သူ့သဘောထား၊ လူသားမျိုးနွယ် အညွန့်တုံးစေတာ



www.burmeseclassic.com

www.burmeseclassic.com

မူးယစ်ဆေးဝါး။ လက်မည်းကြီး

ဥသြငှက်ရဲ့ နာမည်ကို နားက ပေးတယ်။
ငါတို့ခေတ်ဟာ Happy Ending
ပျော်ရွှင်စွာ ပြီးဆုံးနေပါပြီ။

ငါ့သဘောဟာ ငါ့သမ္မာဖြစ်တယ်
ငါဟာ ငါမဟုတ်ဘူး ဆိုပေမဲ့
ငါ မဟုတ်ဘူးလို့ ငြင်းလိုက်တာကတော့
ငါဖြစ်တယ်။

လဟာ တံခါးဘောင်နဲ့ကွယ်နေလို့
တစ်ဝက်ပဲ သာနေတယ်။

ငါတို့ အရက်ခွက်တိုက်တိုင်း
ပြောတဲ့
ကြီးပါစေ ရှည်ပါစေ
ဟာလည်း
ရွှေတိဂုံ ကုန်းတော်ပေါ်က
ထန်းပင်ကြီးကို ရည်ညွှန်းတယ်။

၁၂၊ ၁၂၊ ၁၄။



## လေထန်ကုန်း

နေရဲနီ

ငါတို့
မော့သောက်ခဲ့တဲ့
စကားလုံးတွေက
တစ်ခွက်ပြီး တစ်ခွက်

တစ်ယောက် သက်ပြင်း
တစ်ယောက် ဖွာရှိုက်ရင်း
ဝေဒနာ အခိုးအငွေ့တွေထက်
အတွေး မပျက်ခဲ့တာ
တစ်ရက်ပြီး တစ်ရက်

တစ်ခါ တစ်ခါ ပေါ့မယ်
ဒဿန ပူပူတွေ မှုတ်သောက်ရင်း
အဲလ်ဘတ်ကမြူးရဲ့
အပိုင်းအစတွေထက်
စာမျက်နှာတွေက တစ်ရွက်ပြီး တစ်ရွက်

ခါးချင်လည်း ခါးမယ်
သံစဉ်တွေကြား
လူးလားခေါက်တုံ့ သွားရင်း
နားစည်မှေးရဲ့ လက်ခံမှုအပေါ်
နှလုံးသားနဲ့ ဖတ်လို့
ဦးနှောက်သုံး အဖြေရှာမယ့် ဂီတကို
ငါတို့ ဖမ်းဆုပ်မိခဲ့တယ်

ချိုတဲ့အခါ ချိုပါလိမ့်မယ်
လေထန်ကုန်းရဲ့ တံခါးချပ်တွေက
မှန်တွေနဲ့ မဟုတ် အမှန်တွေနဲ့ ဆိုတာ
ခြေချလာသူများ မမှားဘဲ သိလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

## သေရန် မိနစ်ပိုင်းအလို

နေဝိုင်ဝိုင်

ခေတ်ပုံထဲမှာ ပြုံးနေတယ်။ လျှာထုတ်ပြနေတယ်။
အမှတ်တရခေတ်ပုံ အမှတ်တရအိပ်မက်ထဲမှာ လျှောက်သွားနေတယ်
၂၆ လမ်းပေါ်မှာ ကလေးနှစ်ယောက် ကစားနေတဲ့ ဘောလုံးဟာ
လမ်းမပေါ် လိမ့်သွားတုန်းမှာ
ဂျစ်ကားတစ်စီးက တက်ကြိတ်သွား။ တိုက်တိုက်ဆိုင်ဆိုင်ပဲလို့ ပြောလို့မရဘူး
ကားရှေ့မှောက်လျက်လဲ
ကားတိုက်ပါတယ်ဆိုမှ အပေါက်ကလေးထဲက သွေးတွေ စီးကျ
ခေတ်လိုက်၊ မြွေကိုက်၊ စွမ်းအားရှင်တွေ ဝိုင်းရိုက်
ရှော့မဖြစ်ခင် နာရီပိုင်း မိနစ်ပိုင်း
မထင်ထားဘူး။ မနက်ကတည်းက စိတ်လေးနေတယ်
ပန်းအိုး ဘာကြောင့်ကွဲ၊ လေတိုက်လို့ကွဲ
လေ ဘာကြောင့်တိုက်၊ တမလွန်က မှုတ်ထုတ်လိုက်တဲ့လေ
ဒိုင်ယာရီလေး ရေးလက်စ ကျန်ခဲ့တယ် စာရွက်တွေကုန်အောင် ရေးမသွား
မက်ဆေ့ချ်အသွားအပြန်တွေ ဖုန်းတော့ ကွဲမသွား
မင်းနဲ့ဆက်နွှယ်နေတဲ့ တစ်ယောက်ယောက်ဆီက ဖုန်းဝင်လာရင်
တို့ ဘယ်လိုဖြေရမလဲ ဟယ်လို တဆိတ်လောက်ခင်ဗျာ ဘယ်ကိုဆက်နေတာလဲ
ကောင်းကောင်းမကြားရဘူး မိနစ်ပိုင်းပဲ ကျန်တော့တယ်
မိနစ်ပိုင်းတော့ ကျန်သေးတယ်
မနေ့ညက လေပြင်းတွေတိုက်တယ်
မျက်နှာချင်းဆိုင် မြေညီထပ်မှာဖွင့်ထားတဲ့
ညလုံးပေါက်မီနီစတိုးဟာ ပိတ်လိုက်ရ
မီးပျက်သွားတယ် မကြာဘူး ပြန်လာတယ်
မီးအား မြင့်လွန်းတော့ အဲကွန်းဖွင့်လို့မရတော့
လေပြင်းထဲမှာ အိပ်ပျော်နေတယ်လို့ အိပ်မက်မက်တယ်
ဖြစ်ရပ်အမှန်မှာတော့ လေယာဉ်ပျက်ထဲ ရေနစ်နေတယ်
အရေးပေါ်အခြေအနေတွင်သုံးရန် ညွှန်ကြားချက်စာတွေကို
ဆုံးအောင် မဖတ်လိုက်ရ
လေယာဉ်လက်မှတ် ဝယ်တဲ့နေ့တုန်းက ပျော်စရာတွေကို သတိရလာ
အဖြူအမည်း ဝေဝါးမှုထဲ ပျော်တတ်တဲ့ အရောင်းစာရေးမကြီးက ပြောတယ်
တစ်ရက် ရှေ့တိုးလိုက်ရင် တစ်ရက် ပိုပျော်ရတာပေါ့တဲ့၊
သူငယ်ချင်းတွေနဲ့ မင်းအမေလည်း အံ့ဩသွားတာပေါ့တဲ့။

www.burmeseclassic.com

## တစ်ကိုယ်ရေ ကိုက်ခဲမှု အနားသတ်မျဉ်းပြိုင်များ

နေသစ်လူ

စိတ်နဲ့ နီကိုတင်းလိုအပ်မှုကို လျှော့ချချင်တယ်
အဖြောင့်လိုက် နူးညံ့နေတဲ့ ဆွဲငင်သံမှာ ချည်စရာကြိုးမလို
ကိုယ်တွေက ဘာတွေလိုလို့ ဘာတွေပိုနေသလဲ
သံသယခံထားတဲ့ မေးခွန်းတိုင်း အဖြေတွေ့ခဲ့ကြသလား
ဘဝမှာ ချစ်ခြင်းမေတ္တာတစ်ခုပဲ ယုံကြည်လို့ကောင်းလာတာ
ခေါ်ရျေးတွေနောက် တကောက်ကောက်လိုက်နေရမလား
ကြာတော့ ကွက်လပ်လေးဟာ ရေမြုပ်လာ၊ မှန်းကျပ်လာ
စိတ်နဲ့ ဆွဲကလစ်မိတဲ့အခါ ကြယ်တွေ ဟုန်းခနဲ ထပွင့်ပုံမျိုး
လေညာလေဆန် အိမ်ကွင်းအဝေးကွင်း မရွေးဘဲ
တိခနဲ ပြတ်ရှသွားမယ့် ဗိုဗိုရိရိ အမှားမျိုး
လူတွေ ဘာလို့ စားမဝင် အိပ်မပျော်ကြတာလဲ
တစ်နေ့အဝင်မှာ တစ်နွယ်ငင်လာတာ မိုးမည်းမည်းတွေ
ထစ်ချုန်းသံကြောက်ပြီး ခွေအိပ်နေရမှာလား
တဖွဲဖွဲလိုချင်လာ အေးမြမှုတွေ၊ တရိပ်ရိပ်ကျလာ မတင်မကျမှုတွေ
ကမ္ဘာကြီးကို ဘာပေးဖို့ထက် ဘာတွေ ဘယ်လို သိမ်းသွင်းရမလဲဆိုတာက
လိုအပ်တာတွေထက် ပိုပြီး အဆမတန် ဈေးမြင့်လာ
ကိုကာကိုလာသောက်ပြီး မိုးပြို့မှာ ကြောက်သူတွေကြား
ရေသံကြားချင်လှတဲ့ ဖားတွေလည်း များမှအများသား
ဆံနွယ်စတွေနား မျက်နှာအပ်ပြီး
ရှက်သွေးတွေပဲ တရိပ်ရိပ် ဖြာချလိုက်ချင်တော့တယ်။



## ဒီဆန်းဒေးမှာ စောင့်ရှောက်ခွင့် ရလိုပါ၏ဘုရား

နေအေဒီ

ချစ်လှစွာသော မိုးတိမ်များ ပူလောင်မှုတွေဟာ ကိုယ်က လုပ်တာ ဘယ်သူ
ဘယ်ဝါ ကမ္ဘာမှာ ဘာကြောင့် နေထိုင်ရှင်သန်တယ်
ပြောစရာဆိုလည်း အထိမ်းအမှတ်နေ့ရက်တွေပဲ ရှိတော့မယ်
ယခင်အတိုင်း ရှိစေသတည်း ဆိုလာလိုမျိုးပေါ့ အသက်ခန္ဓာ စိတ် ဝိညာဉ်
အကောင်းအတိုင်း မရှိဆိုသလိုမျိုးပေါ့ ပြက္ခဒိန်ကို နောက်တစ်ရွက် မဆုတ်ဖြဲရဲ
သလို ခန်းစီးလိုက်ကာကို ဆွဲမဖွင့်ရဲသလို ပြတင်းတါခါးကို ကြက်ခြေခတ်
ပုံစံမျိုး ချိတ်ပိတ် ဒါ ထောင်ချောက်လား လက်တစ်ကမ်းစာ အကွာအဝေးလား
အေးအေးဆေးဆေးလေး ဖြေတွေးတွေးမိတယ်
စက်ရုပ်မဟုတ်တဲ့ နှလုံးသားလူးဟာ
ဒီဆန်းဒေးမှာ စောင့်ရှောက်ခွင့် ရလိုပါ၏ပေါ့ ဆုမတောင်းပေမဲ့လည်း
ပြည့်ပါတယ် ဒုက္ခများစွာ
သူငယ်ချင်းတစ်ယောက် ပြောတယ် ဒုတိယဆိုတာ လိုချင်ရင်
တကယ်ခက်ခဲတဲ့ ဆုလာဘ်တစ်မျိုးတဲ့ မေရီခရစ္စမတ်မှာပဲ ပျော်မယ်ကွယ်၊
'ငါမရှုံးဘူး။ ငါအခု စိုက်ဆင်း။' သတိရဖို့ကိုတောင် အတင်းကြီး ဖျောက်
ဖျက်ပစ်လိုက်တဲ့နောက် နေနိုင်ပါတယ်လို့
ခေါင်းမော့ ရင်ကော့လည်း မရဲ အခန်းလေးထဲက မင်းတစ်ယောက်တည်းကို
အခါခါ စိတ်နဲ့ပစ်ထားတယ် ဖုန်းမကိုင်ဘူး မက်ဆေ့ချ်ဖွင့်မဖတ်ဘူး
မသိချင်ယောင်ကို နေ့စဉ်ရက်ဆက် ဆောင်ထားတယ် စင်ရော်ငှက်ရဲ့ ခြေ
တွေထဲ နှလုံးသား ကုတ်ဆွဲခံရသလို အသက်ရှူမဝဘူး ထိတ်လန့်နေတယ်
လူကူးမျဉ်းကြားကလည်း မကူးရဲဘူး
ကိုယ်ခန္ဓာမှာ အသေခံဖုံး ဘယ်သူလာတပ်ဆင်ထားတယ်မသိ ငါ မင်းကို
ချစ်တယ် အဲဒီခံစားရမှုတွေကို မှတ်မိတယ် ပန်းစွယ်တော်နဲ့
Onyx က မီးရောင်လေးတွေ သိတယ် ငါ့ရဲ့အချစ်ဟာ မင်းဆီကနေမှ
အမြဲတမ်း ဖြစ်ပေါ်လာတယ်ဆို လိုအပ်တယ် မင်းသိ အရာရာကို ဟာသလုပ်
ပြီး ဖြေရှင်းတယ်လို့ အိပ်မက်မက်မိတယ် 'လူတွေသေကြတယ် ပြီးတော့
သူတို့ မပျော်ကြဘူးလေ' နောက်ပြီး ကမ်းခြေဟာ ကိုယ့်ကို အရှုံးအမူး ကြို
ဆိုတယ် ပင်လယ်ရေကို ကုန်အောင်ခါထုတ်နေတဲ့ ရှဉ့်မြီးပိုင်းလေးဟာ ငါ

*'ငါမရှုံးဘူး။ ငါအခု စိုက်ဆင်း။' – ကိုင်ဇာတင်မုံရဲ့ သီချင်းစာသား*

*'လူတွေသေကြတယ် ပြီးတော့။ သူတို့ မပျော်ကြဘူးလေ' – အဲဘတ်ကမူး*



www.burmeseclassic.com

www.burmeseclassic.com

## ငါးတွေဟာ လေထဲမှာ ပျံဝဲတဲ့အခါ

နေအိမ်ဝန်း

ငါးတွေဟာ လေထဲမှာ ပျံဝဲတဲ့အခါ
သူတို့ပါးဟက်တွေကို ဟထားလိုက်ကြတယ်
ငါးတွေက ငါးတွေသဘာဝအတိုင်း
ပြာထဲလူးရမှာ ထိတ်ထိတ်လန့်လန့်
ငါးတွေဟာ အနံ့နောက်ကို တကောက်ကောက်လိုက်
ငါးတွေဟာ ငါးတွေသဘာဝအတိုင်း
ငါးတွေဟာ လေထဲပျံဝဲတဲ့အခါ
သူတို့အတောင်တွေ လှကြောင်းပြောတယ်
သူတို့ပါးဟက်က အစာတွေအကြောင်း ပြောတယ်
ပစ်ချခံလိုက်ရတဲ့ ခွေးတစ်ကောင်လို
ငါးတွေဟာ ကြောင်တွေနဲ့အတူ ဝေးရာရပ်ကွက်မှာ
ငါးတွေအချင်းချင်း အညမည ပစ္စည်းတပ်လိုက်
ငါးတွေအချင်းချင်း ပြာပုံထဲထည့်လိုက်နဲ့
ငါးသံသရာကြီးဟာ ငါးညှီနံ့များ ရောယှက်လို့
ငါးသံသရာကြီးဟာ ငါးများ ပြာလူးလို့
ငါးတွေမှာ ငါးရံ့၊ ငါးတွေမှာ ငါးခုံးမ၊ ငါးတွေမှာ ငါးမြွေထိုး၊
ငါးတွေမှာ ငါးသလဲထိုး ငါးအမျိုးအမည်မသိ ငါးတွေဟာ
လေထဲမှ အုပ်စုလိုက် ပျံဝဲလိုက်ကြတဲ့အခါ
အဖော်ကွဲငါးဟာ အတောင်ကျိုးလို့သွားတယ်။



## ပါးစပ်များ

နောင်မင်းနိုင်

ပါးစပ်တွေမှာ ဝင်းမှည့်နေတဲ့ ကဗျာတွေနဲ့
ပါးစပ်တွေမှာ သီချင်းတွေနဲ့
ပါးစပ်တွေမှာ သေသောက်ကြူး ပွဲတော်တွေနဲ့
ပါးစပ်တွေမှာ တွဲလွဲချိတ်ထားတဲ့ အသားတစ်တွေနဲ့
ပါးစပ်တွေမှာ ပီယဝါစာတွေနဲ့
ပါးစပ်တွေမှာ ဖရုသဝါစာတွေနဲ့
ပါးစပ်တွေမှာ ဓမ္မတရားတွေနဲ့
ပါးစပ်တွေမှာ အဓမ္မတရားတွေနဲ့
ပါးစပ်တွေမှာ အမိန့်အာဏာတွေနဲ့
ပါးစပ်တွေမှာ လူ့အသက်ပေါင်းများစွာနဲ့
ပါးစပ်တွေမှာ သွေးညှီနံ့တွေနဲ့
ပါးစပ်တွေမှာ ယင်တလောင်းလောင်းနဲ့။

ပါးစပ်တွေ
ပါးစပ်တွေ
ကျိန်စာဆို ပါးစပ်တွေ
မိလ္လာလို ပါးစပ်တွေ
ကတိကဝတ်တွေနဲ့ ပါးစပ်တွေ
မသတီစရာ ပါးစပ်တွေ
ကမ္ဘာရေ
ငါတို့ပါးစပ်များ
ဘယ်တရားကို စီရင်ခဲ့ပါလိမ့်။


www.burmeseclassic.com

www.burmeseclassic.com

**ဆက်ထုံး**

နောင်လွန်း

ကြိုးရဲ့ ခံနိုင်ရည်နဲ့
မညီသေးတဲ့အသံကို ညှိယူနေရသလို
အတင်းဆုံး ပြတ်လုပြတ်ခင်များလား
စိတ်မှာ တထိတ်ထိတ်။
ပြတ်တောက်သွားတဲ့ ဂစ်တာကြိုးလေးကိုလည်း
တွယ်တာတတ်ခဲ့သူဆိုတော့
ထစ်ခနဲရှိ ဆွဲမိဆွဲရာ ဂစ်တာဖြစ်ရတာပေါ့။
ဝါးတူလေးနှစ်ချောင်းလို
မီးပိတ်ထားတဲ့ ပလတ်စတစ်အိတ်ထဲ
နှစ်ယောက်တည်း ကမ္ဘာမှာ
မင်းက မွန်းကျပ်တယ်လို့ ထင်တယ်။
ငါ့သူငယ်ချင်းတွေ ငါ့ကိုတွေ့ရင်
မင်းအကြောင်း မေးသလိုမျိုး
မင်းသူငယ်ချင်းတွေ မင်းကိုတွေ့ရင်
ငါ့အကြောင်း မေးကြတော့မယ်။
ပျက်နေတဲ့ ဖိနပ်တစ်ဖက်ကို
ပြုပြင်ပြီး မစီးချင်ရင်တော့
ကောင်းနေသေးတဲ့ နောက်တစ်ဖက်ကပါ
အလိုလို စွန့်ပစ်ခံရလို့ အမှိုက်ဖြစ်သွားမှာ
ချို့ယွင်းနေတဲ့ ငွေစက္ကူကို
ဖာထေးပြီး ပြန်အသုံးပြုရင်လည်း
တန်ဖိုးက လျော့သွားမှာမှ မဟုတ်ဘဲ
ကျိုးနေတဲ့ ခဲတံလေးကို
အလွယ်တကူ ချွန်ပြီး ပြန်သုံးကြမယ်လေ
မင်းရေးချင်ရာ အက္ခရာတစ်ခုခု
မင်းဆွဲချင်ရာ ပုံလေးတစ်ပုံဖြစ်ဖြစ်ပေါ့
နေလောင်ခံထားရလို့
ဝါကျင်နေရပါတဲ့ စာရွက်လွတ်တစ်ရွက်က
အဆုံးစွန်သော ဖြူစင်ချင်စိတ်လေးနဲ့ ရဲရင့်ခဲ့ပါတယ်။



**လယ်သူမ ကဗျာ**

နိုင်မွန်အောင်သွင်

ပြေးစရာမြေ မရှိတော့တဲ့အတိုင်း
လယ်သူမဟာ
သူ့အသက်ကို ပေးလိုက်ရတော့တယ်။

သူ့ဦးခေါင်းဟာ
အမှည့်တဝင်းဝင်း
အကင်းတဖြုတ်ဖြုတ်။

မသမာမှုတွေဟာ
အခွေခွေ အလိပ်လိပ်
သံဆူးကြိုးတွေလို မိုးမွှန်အောင် အဆိပ်တက်ပေါ့။

လူစိမ်းသူစိမ်းတွေက
လူရင်းသူရင်းတွေက
သွေးအော်သံ တဒီးဒီး မြည်ဟိန်းနေတဲ့ မြေကော်စက်ကြီးတွေက
တစ်ဖက်သတ်မောင်းတင်ထားတဲ့ သေနတ်ပြောင်းဝတွေက
ထစ်ခနဲဆို
ရင့်ရင့်သီးသီး စည်းလွတ်ဝါးလွတ် ခြေလွန်လက်လွန်။

လက်ဖျံရိုးတွေပေါ်
သွေးနဲ့၊ အသက်နဲ့၊ နာကြည်းမှုတွေနဲ့ ထွင်းထုထားတဲ့အခါ
သမိုင်းကို ဘယ်သူမှ အတုလုပ်လို့မရတော့ဘူး။

ပြေးစရာမြေ မရှိတော့တဲ့အခါ
လယ်သူမဟာ
ရာဇဝင်ကြွေးအဖြစ်
စတေးခံခဲ့ရပြီးပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ဖွန်းမှလွဲ၍ အားလုံးမြည်သည်

နိုင်သစ်နီ

ယူတော့လည်း ရခဲ့တာပါပဲ
တစ်နေ့သေမယ်မှန်းသိရင်
အစကတည်းက မရှင်ချင်ခဲ့ပါဘူး
အခုတော့လည်း ခံရလှ ဒီတစ်သက်ပေါ့တဲ့
အဲဒီလူ့ရှင်တော် ကွယ်လွန်သွားပေမဲ့
အတည်ပေါက်နဲ့ ရွှတ်နောက်နောက်ဟန်ပန်
သူ့တိုင်းပြည်ထဲ ကျန်ခဲ့သတဲ့။



## မျှော်လင့်ခြင်း ဒေါင်းပျို

နိုင်ဦးကို

ဒီခရီး
နီးမယ် ထင်ပေမဲ့
ဝေးခဲ့တယ်။

ငါလို သွေးဆူလွယ်သူတွေဟာ
တိမ်းညွှတ်မှု အပြန်အလှန်နဲ့
ကမ္ဘာမြေကို
ပြန်ရောက်လာမယ်မထင်တဲ့
ကြယ်တာရာတစ်စင်းကို မျှော်သလို
မျှတမှုနဲ့ တရားစစ်စစ်ကို မျှော်တယ်။

အတွေ့အကြုံတွေဟာ
ကြုံတွေ့ခဲ့ရသလိုတော့
မဖြစ်စေချင်ဘူး။

အရုဏ်ဦးဟာ
လင်းပွင့်မှုရဲ့ အဦးအစ
မာယာတံတိုင်းကို ရိုက်ချိုး
လှပစွာ နိုးထခဲ့ပြီလို့
ရိုးရိုးသားသား ယုံတယ်။

*၂၈၊ ၂၊ ၂၀၁၅။*



www.burmeseclassic.com

www.burmeseclassic.com

## ပိုင်ဆိုင်မှုများ

နတ်ဆိုး

မနက်စောစော သွားတိုက်ဖို့ သွားပွတ်တံတစ်ချောင်း ရှိတယ်။
မျက်နှာတစ်ခု ရှိတယ်
ဟောင်းနေတဲ့ စိတ်နဲ့ သစ်တယ်။
ဟောင်းမြဲအတိုင်း ဟောင်းလို့
နံဟောင်လို့ ပုပ်ပွလို့ လောက်တဖွားဖွားနဲ့။
ဘယ်သူမှ မသိအောင် ဖုံးအုပ်ထားဖို့ ဟန်ဆောင်မှုခြုံထည်လွှာ ရှိတယ်
များများချစ်သလောက် များများရစ်တတ်တဲ့
ကိုယ်ပိုင်ကောင်မလေးတစ်ယောက် ရှိတယ်။
ကိုယ် မှန်တယ်ထင်ရင် ခေါင်းငုံ့မခံတတ်တဲ့
ကိုယ်ပိုင်ယဉ်ကျေးမှု ရှိတယ်။
အရက်သောက်ရင် မစို့မပို့ မသောက်တတ်တဲ့
ကိုယ်ပိုင်ယဉ်ကျေးမှု ရှိတယ်။
တစ်ဖက်စောင်းနင်း လောကကြီးမှာ သုံးဖို့
တစ်ဖက်စောင်းနင်း ယဉ်ကျေးမှုတွေ ရှိတယ်။
တစ်ဖက်စောင်းနင်း အစိုးရအပေါ်
တစ်ဖက်စောင်းနင်း သောက်မြင်ကပ်မှုတွေ ရှိတယ်
ရှိတယ်
ရှိတယ်
မရှိခြင်းတွေ ရှိတယ်
မသိခြင်းတွေ ရှိတယ်။
မဆုံးသေးဘဲ
အတိုးမှန်မှန်ပေးနေရတဲ့
ဒီခန္ဓာကိုယ်ကြီး ရှိတယ်။

*၁၁၊ ၂၊ ၂၀၁၅။*

## လိုအပ်ချက်

နတ်မိုး

အရည်ကြည် သားလောင်းဘဝက
ဒီခန္ဓာအတ္တတွေ ဖြည့်တတ်လာချိန်ထိ
ဘဝမြစ်ထဲက ငါးတစ်ကောင်မှာ
လိုအပ်ချက်တွေ ပြည့်နေတာပေါ့ဗျာ
အတွေးသစ်တွေ ဖြည့်ဖို့
ဘာသာစကား ကျွမ်းကျင်ဖို့
(မြန်မာစကားတောင် ကောင်းကောင်းမတတ်)
ပျောက်ဆုံးနေတဲ့ လမ်းကြောင်း
စသည်ဖြင့် စသည်ဖြင့်
လိုတယ် လိုနေတယ် လိုမှန်းသိတယ်
ဖြစ်လာနိုင်တဲ့ဘဝ တွေးကြည့်တိုင်း
ငါဆိုတဲ့ကောင် ဘာမှမဟုတ်ဘူး
(တကယ့် သုညပါ)
ဟုတ်အောင်လည်း ဘာလုပ်ရမှန်း မသိဘူး
စသည်ဖြင့် စသည်ဖြင့်
ကျွမ်းကျင်မှုက လိုအပ်ချက်
ဘဝက လိုအပ်ချက်
ပန်းတိုင်တစ်ခုက လိုအပ်ချက်
အနာဂတ်က လိုအပ်ချက်
ကဲ ... လိုအပ်ချက်ရေ
မင်္ဂလာပါ။



www.burmeseclassic.com

www.burmeseclassic.com

## ခေတ်ကို ပခုံးထမ်းပြီး ဖြတ်သန်းကြည့်

နန္ဒကြယ်စင်

တစ်လမ်းမောင်းခေတ်ကြီးထဲ
ခေတ်ရဲ့ရာသီခွင်အကျက ဘီးချော်နေ
ခေတ်ဟာ ခေတ်ပျက်ကြီးတစ်ခုထဲရောက်
မှားယွင်းတဲ့ ခေတ်နက္ခတ်မှာ
ခေတ်ရဲ့ မွန်းကျပ်သံတွေ တဖြုတ်ဖြုတ်ပြုတ်ကျ
မေရီအန်တွိုင်းနက်ရဲ့ ကျိန်စာမိနေတဲ့ အစာအိမ်တွေ
အစာအိမ်နဲ့ ခေတ်ကို တံတားထိုးဖို့ကြိုးစားနေတဲ့ခေတ်
တံတားကို ခေတ်က ပြန်ပြန်ဖျက်ဆီး
ခေတ်ရဲ့အတ္တစိမ်းတွေ ခေတ်လည်ပင်းမှာ ပြန်ပြန်စွပ်
အမှန်တရားဟာ ခေတ်ပျက်ကြီးထဲ
အမှားတစ်ရှံရဲ့ ဟိုးနောက်ဝေးဝေးမှာ စိတ်ချလက်ချ လှည့်ဖျားခံနေ
ခေတ်ဟာ
ခေတ်ပျက်ကြီးကို အပြင်းအထန် ကန်
ခေတ်ပျက်ကြီးကို အပြင်းအထန် တိုက်
ခေတ်ပျက်ကြီးကို အပြင်းအထန် ထိုး
ဟားဟားဟား ဟားဟားဟား
ဟားဟားဟားဟား
ရှိုးလိုက်တာ
ဘုရားသခင်
ခေတ်ပျက်ကြီးထဲ အသက်ရှူမှန်ပါစ
ဘုရားသခင်
ခေတ်ပျက်ကြီးထဲ ထမင်းဝပါစ
ဘုရားသခင်
ခေတ်ပျက်ကြီးထဲ တရားမျှတပါစ ခေတ်စကြံမှာ
ဘုရားသခင်
ခေတ်ကို ပခုံးထမ်းပြီး
ခေတ်ပျက်ကြီးထဲ ဖြတ်သန်း
ခေတ်ပျက်ကြီးကို ပခုံးထမ်းပြီး ခေတ်ထဲဖြတ်သန်း။ ။

*၆၊ ၃၊ ၂၀၁၅။*



## အဆိပ်အတောက်

နန်းဦးယဉ်

ကိုယ့်ကိုယ်ကိုယ် တော်လှန်မိတဲ့ ညနေဟာ
ရှက်သွေးတွေ ဖျန်းဖျန်းနီသွားတယ်။
တသွင်သွင် မီးရှိန်ထဲ ပစ်မထည့်ရက်သေးတဲ့ လောင်စာဟာ ရှင်ပေါ့။
မဆွတ်ဘဲ ညွတ်နေတဲ့
ပန်းတစ်ပွင့်၊
ရင်တစ်ခုန်စာ မီးစပေါ်
လှုပ်လီလှုပ်လဲ့
ဝေ့ကာဝိုက်ကာ . . . ။
ဒီလို အရှုံးအမှုံး ညတွေထဲ
မှားခဲ့ပြီလား သစ္စာ။
ထောက်ထားတဲ့ လက်ဟာ
အချိန်မီ ရုပ်သိမ်းရခက်နေတုန်း . . . ။
ပစ်ဝင်လာတဲ့ မေတ္တာဟာ
မျက်ဝန်းအိမ်ကို ရွှဲရွှဲစိုသွားတယ်။
သိမ်းလိုက်တော့ ကော်ဇောနီလေး၊
သိမ်းလိုက်တော့ ရှင့်အကြည့်တွေ
အချိန်ဟာ ဖြန့်ကတည်းက ရုပ်သိမ်းဖို့ကို တွက်ဆပြီးသား။
တနင်္ဂနွေဟာ မျှားချိတ်ကို ပြန်မျှားမိတဲ့
ငါးတစ်ကောင်လို
ထွန့်ထွန့်လူး ရယ်မောလို့ မဆုံး . . . ။
ဘယ်မှာလဲ သစ္စာ . . .
ဝေးကွာခြင်းကို ချိန်ကိုက်ထားတဲ့
စက္ကန့်တံလေး
ငါ့ရင်ကို နင့်နင့်သည်းသည်း စိုက်ဝင်မိလျက်သား။
အသက်ရှူပေါက်တို့ ကျဉ်းမြောင်းလာတဲ့အခါ
အိမ်မြှောင်တစ်ကောင်လို စုပ်တသပ်သပ် ညရဲ့ ဖဲကြိုးနီထဲ
ကိုယ့်ကိုယ်ကိုယ် ခွေခွေလေး ဝင်သိပ်ပစ်ခဲ့တယ်။
အိပ်မက်ထဲက စွဲလမ်းခြင်းဟာ
ကျွန်မကို ကျစ်ကျစ်ပါအောင် တုပ်နှောင်ဖျစ်ညှစ်လို့



www.burmeseclassic.com

www.burmeseclassic.com

အတ္တနဲ့ မဖွယ်မရာ မျက်စောင်းချင်းချိတ်တယ်။
မကြောက်ပါနဲ့ သစ္စာ ...
ရှင့်ကိုထည့်ထားတဲ့ ပုံစံခွက်ဟာ
ကျွန်မအတွက်ပါ ...
ရှင့်မှာ လွတ်မြောက်ခွင့် ရှိပါတယ်။
အလိုအလျောက် ပြေးထွက်ခွင့်ငတ်နေတဲ့ လမ်းတွေထဲ
ကိုယ့်ကိုယ်ကိုယ် ဖွလုံမိရုံ
မာနနည်းနည်း
သိက္ခာနည်းနည်း ပစ်ထည့်ထားခဲ့တာ။
ခဏလောက် မျက်နှာလွှဲပေးပါလား သစ္စာ ...
မသုံးရဲတဲ့ စကားတချို့
ကျွန်မ နှုတ်ခမ်းကို လာဟပ်တိုင်း
မာယာတွေနဲ့ ယစ်မူးပစ်လိုက်မလို့ ...။
သံသယတွေ ဓာတ်မပြယ်သေးရင်
ရှောင်တိမ်းရ သိပ်လွယ်တယ်မဟုတ်လား သစ္စာ။
ရှင်ချိန်ထားတဲ့ နှလုံးသားဟာ
မြှားသင့်ခွင့် မရှိဘူး။
ဒီမှာ
နေဝင်ခါနီး ရှင့်လက်ထဲ
ဘယ်ဘက်မျက်ဆံလေး ပြန်ပေးမယ်။
အရိပ်မရမယ့်အတူတူ
အခက်ချိုးပစ်ခဲ့လိုက်ပါတော့ သစ္စာ။



**မိုးမစဲမီ**
နွေလယ်နေ

ကမ္ဘာဆေးမယ့် မိုးများလား
အားကောင်းမောင်းသန်
ဖြောင်းဖြောင်းညံအောင် ရွာချေပေါ့ ...။

တသွင်သွင် မိုးရေတွေ
ကျွန်တော့်ရုံးခန်းရှေ့ မြေပြင်မှာ
မြစ်တစ်စင်းပမာ လျှံတက်စီးဆင်း ... လို့။

ကောင်းကင်ကို မော့ကြည့်မိပြန်တော့
အရိုင်းဆန်ဆန် မျက်နှာမည်းကြီးက
ဒေါမာန်သည်းသည်း မှိုင်းမှုန် ... လို့။

ဒီနေ့တော့
လက်ကျန် သုညဖြစ်အောင်
အကုန်အစင် သွန်ချပစ်မယ့်ပုံ။

အိုး ... မိုး
သွန်လိုက်ပ ...
စီးလိုက်ပ ...
ဆေးလိုက်ပ ...။

အမှုတွေကို ဆေးလိုက်ပ
ဒုက္ခတွေကို ငြိမ်းလိုက်ပ
ညည်းသံတွေကို ဖျော်လိုက်ပ။

ဒါနဲ့ ...
ခါတိုင်း အချိန်မှန်
အစာတောင်းဖို့ ပျံဆင်းလာနေကျ
ပရိယေသန ကျိန်စာသင့်ရှာသူ



www.burmeseclassic.com

www.burmeseclassic.com

ဖြူဖြူပြာပြာ စိမ်းစိမ်းညိုညို
(ကျွန်တော့်မိတ်ဆွေလေးတွေ ဆိုပါတော့)
ဒီနေ့ ပျောက်နေကြသလိုပ
ဪ . . . ခိုကလေးတွေရယ်
မင်းတို့ ဘယ်မှာခိုနေကြ။



**ဓားတောင်ကျော်ချိန်**

နွေသင်နိုင်

ခုဆိုရင် . . .
ဒုတိယဓားတောင်ကို ကျော်နေတယ်
တတိယဓားတောင်ကို မြင်နေရတယ်။

ဒဏ်ရာကို ပွေ့ဖက်
ရှေ့ဆက် တက်ရလိမ့်မယ်။

အလံကို ဆုပ်ထား
ကုပ်ကက် တွားတက်ရလိမ့်မယ်။

ထိလာတဲ့ဓားကို နုတ်
ထုတ်ချင်း ဖောက်ချင်ဖောက်
ငေါက်ခနဲ သွေးပန်းထွက်
ရှေ့ဆက် . . .
တက်ကို တက်ရလိမ့်မယ်။

နောက်ဆုံး
ရုပ်ခန္ဓာ ပျက်ပြုန်းသွားရင်
စိတ်တစ်ခုတည်းနဲ့ ရှင်သန်ရလိမ့်မယ်။

ဟော . . . နားထောင်စမ်း
'လာမလျှော့လေနဲ့
လာတော့မဟဲ့ ရွှေဗဟိုရ်
လေချိုက အသွေး'တဲ့
ဒါ . . . သပြေညို အသံထွက်မဟုတ်လား
ကြားတယ်
ကြားနေရတယ်။

အဲဒီအကြားနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com

ခုဆိုရင်
တတိယဓားတောင်ကို မြင်နေရတယ်။

ဒဏ်ရာကိုပွေ့ဖက်
အလံကို ဆုပ်ထား
ငေါက်ခနဲ သွေးပန်းထွက်
ရှေ့ဆက်
တက်ကို တက်ရလိမ့်မယ်။

ရွှေဗဟိုရ်စည်သံ
လေချိုသွေးပုံ
အာရုံထဲမှာ ပေါ်လာတယ် ပျောက်သွားတယ်
ပျောက်သွားတယ် ... ပေါ်လာတယ် ...။

**ညမွှေးပင်အို**
နွယ်စိမ်းဝေ

ညမှာ မွှေးပေမဲ့
ကျွန်မကို အထင်မသေးပါနဲ့
ကျွန်မခြေရင်းမှာ
ခေတ်အဆက်ဆက် လူငယ်တွေ သီချင်းဆိုဖူးတယ်။

ရှင့်အဘိုးလည်း ပါတယ်
ရှင့်အဖေလည်း ပါတယ်
အခု တိုင်းတစ်ပါးရောက်နေတဲ့
ရှင့်ဦးလေးပါ မကျန်
ကျွန်မခြေရင်းမှာ အသည်းကွဲဖူးတယ်။

သူတို့ခေတ်က ခေတ်စားတဲ့ တေးသံစဉ်မျိုးစုံနဲ့
တချို့ညတွေဆို မူးပြီပြီး ရောက်လာကြ
အကြောင်းမညီညွတ်ရင်
အော့အန်ပြီးလည်း ပြန်သွားတတ်ကြ
ဒါတွေကို ကျွန်မ မေ့မယူခဲ့ပါဘူး။

လူငယ်ဆိုတာ
ဒါမျိုး ဖြစ်တတ်တယ်
ခေတ်အဆက်ဆက်။





www.burmeseclassic.com

www.burmeseclassic.com

## ရွဲ့နေတဲ့ ကဗျာ

နွယ်ဦးလှိုင်

လူအမျိုးမျိုး
စိတ်အထွေထွေ
ကဗျာတွေထဲမှာ
စိတ်တွေကို ရှာကြည့်တဲ့အခါ ...။
တချို့က
ကဗျာကို ရေးတယ်။
တချို့က
ကဗျာကို ရွတ်တယ်။
တချို့က
ကဗျာကို ရွေးတယ်။
တချို့က
ကဗျာကို ရှိုင်းတယ်။
တချို့က
ကဗျာကို ရင်းတယ်။
တချို့က
ကဗျာကို ရှိုးတယ်။
တချို့က
ကဗျာကို ရှင်းတယ်။
တချို့က
ကဗျာကို ရှုပ်တယ်။
တချို့က
ကဗျာကို ရဲတယ်။
တချို့က
ကဗျာကို ရင့်တယ်။
တချို့က
ကဗျာကို ရောင်းတယ်။
ကျွန်တော်ကလား
ဒီကဗျာကို ကျွန်တော်
ရွဲ့ပြီး ရေးပါတယ်။



## အဝေးပြေးလမ်းမကြီးပေါ်မှာ ရပ်လို့မရဘူး

နှင်းခါးမိုး

ကျွန်တော့်အသံဟာ မောနေတယ်
ကျွန်တော့်အသံဟာ အနားတွေ ဖွာနေတယ်
ကျွန်တော့်အသံဟာ ဒယီးဒယိုင်ဖြစ်နေတယ်
ကျွန်တော့်အသံဟာ ကမူးရှူးထိုး ပြေးနေတယ်
ကျွန်တော့်အသံဟာ လေနောက်လွင့်ပါသွားတယ်
ကျွန်တော့်အသံဟာ တဖြုတ်ဖြုတ်ကြွေကျနေတယ်
ကျွန်တော့်အသံဟာ ပြေးလမ်းပိတ်နေတယ်
ကျွန်တော့်အသံဟာ မီးနီကိုမရပ်ဘဲ မောင်းတယ်
ကျွန်တော့်အသံဟာ တံခါးကို တွန်းဖွင့်တယ်
လေ့ကားအတိုင်း ပြေးဆင်းတယ်
ဘတ်စ်ကား မမီဘူး
ခုံတန်းလျားမှာ စိတ်ပျက်လက်ပျက် ထိုင်တယ်
အပြေးလေ့ကျင့်နေတဲ့ ကောင်မလေးကို ငေးတယ်
ညနေစာ၊ အိပ်ရာ၊ ဘီယာဘား
ကိုယ့်ကိုယ်ကိုယ် စက်ဆုပ်တယ်
ခဏကြာတော့ ဝမ်းနည်းပြီး ငိုတယ်
မင်းက မူးရင် ငိုတယ်
မင်းက မူးရင် အကုန်လုံးပြောတယ်
မင်းက မူးရင် ကိုယ့်မိန်းမကို လူတကာ လိုက်ပေးတယ်
မင်းက မူးရင် အန်လိုက်ရမှ
အန်ဖတ်ကို လက်ခုပ်နဲ့ခံတဲ့ သူငယ်ချင်း
ဘလက်ကော်ဖီထဲ သံပရာသီးညှစ်ပေးတဲ့ သူငယ်ချင်း
သူ့အိပ်ရာကို ပေးအိပ်တဲ့ သူငယ်ချင်း
ချစ်လို့ယူခဲ့တဲ့ ကဗျာကို
ဘာအကြောင်းပြချက်မှ မပေးဘဲ ကွာရှင်းခဲ့သူ ...။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အသံဟာ ခြေပစ်လက်ပစ်
မင်းက မူးရင် ကိုယ့်အိမ်မဟုတ်တဲ့ တံခါးကို ခေါက်ရမှ
သူ့အချစ်က ကလေးတစ်ယောက်ပါတယ်
လူကြီးလူကောင်းဆန်လှတဲ့ သူငယ်ချင်းရေ
အိုအောင်မင်းအောင် ဖူးပွင့်လိုက်
ဒီလမ်းပေါ် မြို့ကြီးတွေ အပြင်းမောင်းနေစဉ်။

**ပန်း**

နင်းငွေ(မန္တလေး)

အာကာတစ်ခွင်၊ မိုးရိပ်ဆင်ပြီး
တိမ်စင်ငွေသား၊ ညို့မှိုင်းသွားလည်း
ပန်းများပွင့်ရန် စောင့်နေ၏။

ညို့မှိုင်းတိမ်စင်၊ လေပြည်နှင်သော်
ဟန်ပြင်မိုးသား၊ ရှောင်ခွာသွားသည်
ပန်းများပွင့်ရန် စောင့်နေ၏။

ဖယ်ခွာမိုးလျှင်၊ ပုံရိပ်ရှင်သည်
ကြည်ရွှင်ပြုံးသွား၊ နှလုံးသားကြောင့်
ပန်းများပွင့်လို့ နေတော့၏။

ချိုတေးသံလွင်၊ ဖြန့်ဝေရှင်သော်
ရင်ခွင်တံခါး၊ ဖွင့်ကာထားသည်
ပန်းများပွင့်လို့ နေတော့၏။

ပွင့်သောပန်းလျှင်၊ မွှေးမြစင်လဲ့
ကြည်လင်စိတ်ထား၊ မေတ္တာပွားသည်
များလူသတ္တဝါ ငြိမ်းစေသော်။



www.burmeseclassic.com

www.burmeseclassic.com

**စစ်**

ပါပ

ဒိုင်း ...ဒိုင်း ...ဒိုင်း ...
သမီးနှစ်ယောက်က သေနတ်တွေနဲ့
ဝိုင်းပစ်တဲ့အခါ
ကျွန်တော် အကြိမ်ကြိမ် သေပေးရတယ်
သူတို့လေးတွေ ပျော်နေကြရဲ့

သမီးတို့တွေ သေအလှည့် မရောက်ဖို့
ညအိပ်ရာ ပုံပြင်ကို
စစ်နဲ့ ငြိမ်းချမ်းရေး
ခေါင်းစဉ်ပြောင်း ညသိပ်ခဲ့တယ်။

*၂၅၊ ၂၊ ၂၀၁၅၊ ၇ း ၅၂ (နံနက်)*



**ဒီမယ် တော်လှန်တဲ့သဘောတရား မရှိဘဲ**
**တော်လှန်တဲ့လှုပ်ရှားမှု မရှိနိုင် အဆိုကို ခင်ဗျား မငြင်းပယ်သင့်ပါဘူး**

ပီမွန်သော်

အစွကရာရဲ့ အစွရာ
လီနင်ရဲ့ စီမံကိန်းအတွက် အစွကရာ၏တိုက်ပွဲ
မီးပွားကလေးမှ မီးတောက်ကြီးသို့
အစွကရာမှ NLD ပါတီသို့ ...။
ကျွန်တော် အခိုင်အမာပြောချင်တာကတော့
တော်လှန်တဲ့သဘောတရား မရှိဘဲ
တော်လှန်တဲ့လှုပ်ရှားမှု မရှိနိုင်
ကျွန်တော် အခိုင်အမာ ပြောချင်တာကတော့
တစ်ဆက်တစ်စပ်တည်း အဆက်မပြတ်မှုကို ထိန်းသိမ်းသည့်
တည်ငြိမ်သည့် ခေါင်းဆောင် အဖွဲ့အစည်း မရှိဘဲ
မည်သည့်တော်လှန်ရေးလှုပ်ရှားမှုမှ ခံနိုင်ရည်မရှိနိုင်။
မတ်စ်ဝါဒ ပါတီတစ်ရပ်အတွက်
အတွေးအခေါ် အခြေခံအုတ်မြစ်များ
ကျယ်ပြန့်ဘက်စုံသည့် အခြေအနေအားလုံး
အစွကရာသည် မယိမ်းမယိုင် အစမ်းသပ်ခံ သံခဲတင်ခံ ...။
လတ်တလော ရည်ရွယ်ချက်က
ဇာဘုရင်စနစ်ကို ဖြုတ်ချပြီး ဒီမိုကရေစီခေတ်ကို ထူထောင်ရန်
လတ်တလောရည်ရွယ်ချက်က
သမိုင်းက ကျွန်တော်တို့ကို အခုအခါမှာ
မည်သည့်နိုင်ငံက ပစ္စည်းမဲ့မဆို ရင်ဆိုင်နေရသည့်
လတ်တလော တာဝန်များအားလုံးထဲမှ
'တော်လှန်ရေးအကျဆုံးသော' လတ်တလော တာဝန်နှင့်
ရင်ဆိုင်ပေးလိုက်ပါပြီ ...။
ကျွန်တော်တို့ ရေရှည်အတွက်
ဝံပုလွေတွေနဲ့ ယာယီတော့ သီဆိုကခုန်ကြရဦးမှာပါ
ပခုံးတစ်ဖက်ပေါ်မှ သေနတ်ကို အခြားတစ်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းချိတ်ခြင်း မဖြစ်ပါစေနှင့်
ရှေ့တစ်လှမ်းတိုး နောက်နှစ်လှမ်းဆုတ်ပါ
များမကြာမီ ၂၀၁၃ ဟာ ကုန်ဆုံးပါတော့မယ်
များမကြာမီ နောက်မြီးဆွဲတွေဟာ
သူတို့ရဲ့ ရှေးရိုးကြီးအတိုင်း ကွန်ကရစ်လမ်းခင်း တံတားဆောက်
အုတ်မြစ်ချ ဖွင့်ပွဲအခမ်းအနားတွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့
လူထုမဲကို လိမ်လည်လှည့်ဖြားကြပါတော့မယ်။
ဤခရီးကား နီးလာပါပြီ
ကိုယ့်နိုင်ငံ ကိုယ့်နိုင်ငံသားတွေရဲ့ ငြိမ်းချမ်းရေးထက်
ဘာအရေးကြီးတာ ရှိလဲ
ကျွန်တော်တို့ မှန်ဝါးမနေဘဲ
ကျွန်တော်တို့ အပြီးအသတ် တိုက်ပွဲတစ်ရပ်ကို ကြည့်ရှုရန်
ကျွန်တော်တို့ရဲ့ ၂၀၁၅ ရဲ့ ဇာတ်ဝင်ခန်းတွေကို ကြည့်ရှုရန်
မြူအက်လက်ဇီယက်ဗ်ရဲ့ ကြီးမြတ်တဲ့ နိမိတ်ဖတ်ချက်
သန်းနှင့်ချီသည့် အလုပ်သမားများရဲ့
သန်မာတောင့်တင်းတဲ့ လက်များ မြှောက်တက်လာပြီး
စစ်သားများ၏ လုံ့စွပ်များနှင့် စောင့်ကြပ်ကွာကွယ်ထားရသည့်
အာဏာရှင်စနစ်ဆိုးသည်လည်း
မှုန့်မှုန့်ညက်ညက် ...။



**တည့်မတ်ကမ္ဘာ**
ပုသိမ်မောင်ကြေးရည်

မချိပေါက်ကွဲ ဒေါသ
ပဋိပက္ခ ရုတ်သဲသဲတွေ
ပရဲ့ ငြိမ်းအေးကြပါစေ ...။

ယမ်းငွေ့ထောင်းထောင်း အချင်းချင်း
ပြည်တွင်း မုန်းတီးစစ် ရန်ငြိုးတွေ
တားဆီး အမြစ်ဖြတ်နိုင်ကြပါစေ ...။

အပြည်ပြည်ဆိုင်ရာ
မသမာ အကြမ်းဖက်မှုတွေ
ဖျက်ချေ ချုပ်ငြိမ်းကြပါစေ ...။

ကမ္ဘာကြီးလည်း သိမ့်တုန်ခါ
ခရီးစုန် ညှိနှိုင်းဘွင်းဘွင်း
အလင်းတန်းတွေ စွင့်ကားကြပါစေ ...။

ကမ္ဘာ့ကဗျာနေ့မှာ
ကဗျာမွေ့သူတို့ နှလုံးသား
အပြုံးတံခါး ကိုယ်စီဖွင့်
ကစဥ့်ကလျားဘဝ လွတ်မြောက်ကြပါစေ ...။



www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်ဓားပြများရဲ့ စားသောက်ပွဲ
**The God**

ပိုင်

ဘုရားသခင်ကို တွေ့ပြီလို့ ပြောလိုက်တာနဲ့
သူ့ကို သံကြိုးနဲ့ တုပ်လိုက်တာပဲ
ဘုရားသခင်ဆိုတာ ဘယ်သူမှ တွေ့ခွင့်မရှိဘူး
ဘုရားသခင်နဲ့လည်း စကားပြောခွင့်မရှိဘူး
ဘုရားသခင်နဲ့လည်း ညစာစားခွင့်မရှိဘူး
ဘုရားသခင်နဲ့ တွေ့ပြီလို့ ပြောလိုက်တာဟာ လိမ်ညာတာပဲ
ဘုရားသခင်နဲ့ သိကျွမ်းရတယ်ဆိုတာ
လူသားအနေနဲ့ ပြစ်မှုကျူးလွန်လိုက်တာပဲ
ဒါကြောင့် ဘုရားသခင်ကို တွေ့ပြီလို့ ပြောလိုက်တာနဲ့
သူ့ကို သံကြိုးနဲ့ တုပ်လိုက်တာပဲ
လူတွေကို ဘုရားသခင်အကြောင်း ထုတ်ဖော်မပြောခင်
သူ့ကို သံကြိုးနဲ့ တုပ်လိုက်တာပဲ
သူကတော့ သံကြိုးကြီးတွေကို မမုန်းတီးပါဘူး
ဘုရားသခင်နဲ့ သူ့ရဲ့ပတ်သက်မှုကိုတောင် ရှင်းပြလို့နေရဲ့
သူ့အနေနဲ့ ဘုရားသခင်အမည်ကို အသုံးပြုပြီး
တောင်းစားခြင်းမပြုကြောင်း
ဘုရားသခင်အမည်ကို အသုံးပြုပြီး လိမ်ညာခြင်းမပြုကြောင်း
ဘုရားသခင်ရဲ့ ခြေလက်တွေကို အသုံးချပြီး
တိုက်ခိုက်သတ်ဖြတ်ခြင်း မပြုကြောင်း
ဘုရားသခင်ရဲ့စိတ်ကူးတွေကို အသုံးချပြီး အနုပညာဖန်တီးခြင်းမပြုကြောင်း
ဘုရားသခင်ရဲ့နည်းလမ်းတွေကို အသုံးချပြီး လိင်ဆက်ဆံခြင်းမပြုကြောင်း
ဘုရားသခင်ရဲ့လိပ်စာကို အသုံးပြုပြီး ကလပ်ဖွင့်ခြင်းမပြုကြောင်း
ဘုရားသခင်ရဲ့သေနတ်ကို ငှားရမ်းပြီး
ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းမပြုကြောင်း
သူ့ကိုတုပ်နှောင်ထားတဲ့ သံကြိုးကြီးတွေကို ရှင်းပြနေရဲ့
ဒီလိုနဲ့ ကြီးကျယ်ခမ်းနား ဆန်းကြယ်လှို့ဝှက်တဲ့ သင်္ဘောကြီးရဲ့
တစ်ခုသော အမှောင်ကျနေတဲ့ အခန်းကျဉ်းထဲမှာ
ဘုရားသခင်ကို မျှော်လင့်ရင်း ကောင်းကင်ဘုံသီချင်းကို သီဆိုလျက်။



## နေကို ဖဟိုပြစ် (မှုကွဲ)
ပိုင်စိုးဝေ

၁

နေကို
ဖဟိုပြု
စကြဝဠာရဲ့ ဖြစ်တည်မှု
ဖွဲ့စည်းမှုပုံစံ
အနံ
အလျား
ယဉ်စွန်းများ
နေအား ရစ်ပတ်လည်လည်၏။

၂

လူကို
ဗဟိုပြု
သတ္တလောက ဖြစ်တည်မှု
ဖွဲ့စည်းမှု ပုံစံ
အမှန်
အမှား
ဥပဒေတရား
လူကား ဆုံးဖြတ်စီရင်၏။

၃

ငါ့ကို
ဗဟိုပြု
လူတစ်ယောက်ရဲ့ ဖြစ်တည်မှု
ဖွဲ့စည်းမှု ပုံစံ
အမှန်
အမှား
အကောင်း
အဆိုး



www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုးပိုင်းခြား
သတ်မှတ်ချက်များ
ငါကား ရွေးချယ်ဆုံးဖြတ်၏။

၄
ရေ
မြေ
လေ
မီး
ရုပ်ပစ္စည်းတွေ လောင်ကျွမ်းဆဲလွဲမှားခဲ့ရ
လူ့အတ္တများ
ဖွဲ့စည်းထားရာ
ဝက်ပါဠ်
ငါ
ကမ္ဘာ
စကြဝဠာ
ဘယ်ဟာ ငါလဲ
ဘယ်မှာလဲ ငါ။

၅
ရွေးချယ်
ဆုံးဖြတ်
သတ်မှတ်
ပိုင်းခြား
တန်ဖိုးများ
လွဲမှားခဲ့ရ
သည်လောကဠ်
ဘယ်ဟာ အမှန်တရား
အမှန်တရား ဘယ်မှာ။

*၂၁၊ ၈၊ ၉၃။*



**ဓားများ**
ပိုင်မင်းဆွေ

ရွယ်တဲ့ဘက် အသွားထွက် ဆုံလည်ဓား
ဓားရဲ့အသွားမှ နောက်ထပ် ဓားတစ်လက်
ကော်ပီပွားဓား ရန်သူမျက်စိလည် ဓား
စက်ရုပ်ဓား ခြုံသံတပ်ဓား နံရံပုံတင် ဓား
ရှေးဓား အတိတ်မှ အနာဂတ်ရောက်ရှိ ဓား
ဓားအဆင်အရ အဓိပ္ပာယ်ဖော်မရ
ဘာသာပြန်ထဲ ဓားရုပ်ပျောက်ဆုံး ဓား
အသွားပေါ် ကနုတ်ခွေတက် နဂါးလား ဓားလား
လှလို့ပွတ်သပ် လက်ပြတ်ဓား
အသွားသိမ် အသွားကျယ်ပြန့်
ရာသီဥတုဒဏ်ကြောင့် စိမ်းရွှေဓား
ကျည်ဆန်ဝဲပျံ ဓားနဲ့ ခွဲထွက်
ကပ်ပြီးလွှတ်မြောက် ပရိသတ်သက်ပြင်းချ ဓား
အစည်းအဝေးမှာ ဓားအကြောင်းမပြောတဲ့ ဓား
မရမ်းကားဘူးဆိုတဲ့ ဓားဟာ ဓားပီပီ ခုတ်ချ
ကျုပ်တို့ခေတ်ကြီး နှစ်ပိုင်းပြတ်ထွက် ဓား
ဒါကြောင့် 'လိုအပ်ရင်' ဆိုတဲ့ စာသားနဲ့ ဓား
ခေါင်းငုံ့ဓား အမိန့်နာခံ ဓား
အဲဒီဓားဟာ အမွေတဲ့
ဓားကို လက်ဆင့်ကမ်းခဲ့ကြတယ်
လက်ထဲရောက်ရှိ သွေးစွန်းဓားကို
သရဏဂုံတင်ကြ
ဓားရဲ့ အရှုထဲကို မေတ္တာတရား ထည့်
ဓားရဲ့ အသွားပေါ် ဉာဏ်ပညာဖြန်းပက်
ဓားကို နှားချ
အန္တရာယ်ဓားမှ တရားသောဓား
ရက်စက်ဓားမှ ယုယဓား
မတရားမှုနဲ့ ရန်သူအစစ်ကိုသာ ခုတ်ဖြတ်ဓား
'လိုအပ်ရင်' ဆိုတဲ့ စာသားဟာ ကလေးတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com

ခဲတံချွန်ပေးဖို့လည်း ဝန်မလေးတဲ့ ဓား
ဓားဟာ နေသာသော နေ့တစ်နေ့မှာ
သူ့အသွား သူ့သိမ်း ငြိမ်သက် စဉ်းစား
အားလုံး ရှေ့ရောက်နေတုန်း ဟို နောက်နားမှာထိုင်ကာ
သူ့မေးကိုထောက်
သူစဉ်းစား သူ့ဓားအိမ်ကို သူ့ဘာသာပွတ်သပ်ရင်း
တစ်စုံတစ်ရာက ဓားရဲ့ ဦးခေါင်းထဲ
နေရောင်ခြည်ဖြာ ဝင်းလက်
ပျံတက်လာခဲ့တယ်။

*၃၊ စက်တင်ဘာ၊ ၂၀၁၃။*



## ခြင့် ခြင် ခြင်း

ပန်ဒိုရာ

အိမ် ထောင်ကျတာရယ်
လူ ထောင်ကျတာရယ်
ခြင် ထောင်ကျတာရယ်
ဘာများ ကွာခြား

ရောဂါပိုးကြီးကြီး သယ်နိုင်လေလေ
ခြင်လောကမှာ ပါဝါရှိလေလေ

ကြမ်းပိုးနဲ့ ခြင် ဘယ်သူ သာမယ်ထင်
ကြမ်းပိုးက စာကြမ်းပိုးရှိတယ်
ခြင်က
သေစာ ခြင်စာတောင် မတတ်ဘူး

သင့်အနားတွင် ခြင်တစ်ကောင် ဝဲနေပါက
အမြဲတစေ ဝဲလည်နေလိမ့်မည်
သင့်သွေး အစုပ်မခံရမချင်း
သို့မဟုတ် ခြင် မသေမချင်း

ခြင့်ဖြစ်တည်မှုကြောင့်
ခြင်မဟုတ်တဲ့ အခြားသက်ရှိတွေအတွက်
ကောင်းကျိုးတစ်စုံတစ်ရာ
ဖြစ်တည် မတည်

ချဉ်သီးနှင့် ခြင် အတူထား
ချဉ်သီးပေါ် ခြင်နား

ခြင်ချင်းပြန်သတ်တဲ့ ချဉ်ခြင်းတပ်တာမျိုး
ခြင်ပုဆိန်ရိုး

www.burmeseclassic.com

ဆိုးပ
အိပ်ရာနိုးထ မှန်ထဲမှာ
ငါဟာ အင်းဆက်ကောင်ကြီး
ပိုဆိုးတာက
ခြင်ကျားကြီး

လက်ဝါးနှစ်ဖက်ကြားက ပြားခနဲခြင်
လက်ဝါးတစ်ဖက်နဲ့ အခြားကိုယ်အင်္ဂါ(ဉပမာ–တင်ပါး) ကြားက ကားခနဲ ခြင်
လျှပ်စစ်ခြင်ရိုက်တံနဲ့ ထိ ဖြစ်ဖြစ်မြည်ခြင်
ခြင်ဆေးခွေမှိုင်းဝ ဖုတ်ခနဲပြုတ်ကျခြင်
ခြင်ဆေးမှုန့် ဖြူးခံရ ပြန်မထနိုင်ခြင်
ခြင်ဆေးရည် အဖျန်းခံရ ထွက်ပြေးခြင်
ဒယ်အိုးထဲမှာ ဆီပူလှိမ့်ခံရ ခြင်သတ်သမားခြင်

ဘယ်တတ်နိုင်မလဲ
သွေးစုပ်ဖို့ မွေးဖွားလာတာ ခြင်ပဲ

ကျားတွေရယ်
မြင်းကျားတွေရယ်
ပုစွန်ကျားတွေရယ်
ဖွတ်ကျားတွေရယ်
ခြင်ကျားတွေရယ်
ကျားမျိုး တော်စပ်ကြတယ်

ဆက်ရေးချင်သေးတယ်
ဆက်ရေး
ခြင်
သေးတယ်



**အလီဘာဘာတို့ရဲ့ ငါးပါးသီလ**
ပြေငြိမ်း

ငြိမ်းချမ်းရေးစကားတွေ ပြောပြီး
ပစ်တယ်ခတ်တယ် သေနတ်သံ ဗုံးသံ ညံတယ်
သွေးတွေ မျက်ရည်တွေ စစ်ဘေးဒုက္ခသည်တွေ
ငြိမ်ဝပ်ပိပြားရေးနဲ့ အေးချမ်းသာယာရေးအတွက်
လိုအပ်တဲ့အခါ လူသတ်ရတယ်။

ဒီမြေ၊ ဒီနေရာ ငါတို့ပိုင်တာ
မြစ်တွေ ချောင်းတွေ တောတွေ တောင်တွေ
ကျောက်မျက်ရတနာတွေ ဓာတ်ငွေ့တွေ
ပိုင်ရှင်ရှိရှိ မရှိရှိ ဘိုးဘွားပိုင်ပိုင် မပိုင်ပိုင်
ငြိမ်ဝပ်ပိပြားရေးနဲ့ အေးချမ်းသာယာရေးအတွက်
လိုအပ်တဲ့အခါ အဓမ္မသိမ်းရတယ်။

ဘီယာဆိုတာ အရက်မှမဟုတ်တာ
လက်ဖက်ရည်ဆိုင်လိုင်စင် မပေးတော့ဘူး
အရက်ဆိုင်တွေကတော့ အရပ်ထဲမှာ တောထ
PG မိန်းကလေးတွေနဲ့ မြူဆွယ်ကြ
ကံစမ်းမဲတွေနဲ့ ကြော်ငြာကြ
ငြိမ်ဝပ်ပိပြားရေးနဲ့ အေးချမ်းသာယာရေးအတွက်
လိုအပ်တဲ့အခါ သောက်စား ပျော်ပါးရတယ်။

အရက်ဆိုင်မှာ သီချင်းလာဆိုကြ
သီချင်းဆိုကောင်းရင် ရုပ်ရည်ကောင်းရင်
ပန်းကုံးစွပ်တယ် ဆုချတယ်၊ ပြီးတော့ ဆုချတယ်
မော်ဒယ်လေးတွေ ရှိုးပွဲလျှောက်ကြ
မယ်မြန်မာ မယ်ကမ္ဘာ မယ်စကြဝဠာတွေ လာကြ
ဒေါ်လာရမယ် တိုက်ခန်းရမယ် စပွန်ဆာရှိတယ်
ငြိမ်ဝပ်ပိပြားရေးနဲ့ အေးချမ်းသာယာရေးအတွက်
လိုအပ်တဲ့အခါ မြက်နုကြိုက်ရတယ်။


www.burmeseclassic.com

www.burmeseclassic.com

ဖတ်နေရ ကြားနေရ မကြာခဏ
မိဘပြည်သူများခင်ဗျား
ငြိမ်ဝပ်ပိပြားရေးနဲ့ အေးချမ်းသာယာရေးအတွက်
လိုအပ်တဲ့အခါ မိဘပြည်သူများခင်ဗျား။



## မနက်ဖြန် နိုးတဲ့အခါ

ပြည့်စုံဝင်း

နိုးလာတော့ ငါ့ခေါင်းမှာ ဆံပင်တွေ မရှိတော့ဘူး
ငါ ဝမ်းနည်းတယ်
ငါ အော်ငိုတယ် အသံထွက်မလာဘူး
ငါ့အမေဟာ မျက်ရည်တွေဝဲနေတယ်
ငါ့အဖေက ငါ့လက်ဖမိုးကို တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ထား
ငါမုန်းတဲ့ ဆရာမက သူ့နားကြပ်အေးအေးကြီးနဲ့ ငါ့ရင်ဘတ်ကို ထောက်လို့
နေ့လယ်က သူ့ကို ငါ ခြေထောက်နဲ့ကန်ခဲ့တာ
ဆေးခြင်းတွေ မှောက်ပစ်ခဲ့သေးတာ
ခန္ဓာကိုယ်ထဲက ပိုးတွေသတ်ဖို့တဲ့
အဲဒီဆေးတွေက စိတ်ကို အရင်သေစေတာ
သွေးပေါင်ချိန်တိုင်းတဲ့ ကိရိယာက ငါ့လက်မောင်းလေးနဲ့ မတော်ဘူး
အောက်ဆီဂျင်ပေးရမယ် ပြောလိုက်တာလား
ငါလိုနေတာ အောက်ဆီဂျင်မှ မဟုတ်တာ
ငါလိုနေတာ
ဆယ်နှစ်အရွယ် ကလေးတွေနဲ့အတူ ပြေးလွှားဖို့
အတန်းပိုင်ဆရာမက ငါ့နာမည်ခေါ်တဲ့အခါ ‘ရှိ’လို့ အကျယ်ကြီးအော်ဖို့
သွေးတွေ ဖောက်ထုတ်ချင်တယ် ပြောဖူးတယ်
ငါ့အမေငိုလို့ နောက်မပြောတော့ဘူး
တစ်ခါတလေ ငါ့အိမ်ကို အလည်ပြန်ခွင့်ရတယ်
မနက်တိုင်း ငါတို့ကို လာကြည့်တဲ့ ဆရာဝန်မကြီးခွင့်ပြုရင်
ဒီမှာတော့ ငါ့လို ခေါင်းတုံးလေးတွေချည်းပဲ
ငါ့ခြေရင်းက ကောင်မလေးဆို မျက်လုံးပေါ်မှာ အဖုကြီးနဲ့
ငါ့သွေးကြောထဲကို အရည်တွေ ထိုးထည့်နေတာ
ဘယ်လောက်ထိ ကြာဦးမှာ
လေကားထိပ်က ဆိုင်းဘုတ်ကြီးကို ငါမြင်နေတယ်
ကင်ဆာဆိုတဲ့ စာတချို့
ငါ ဆေးလိပ်မှ မသောက်တတ်တာ
ဆေးလိပ်ဆိုတာ ဆယ့်ရှစ်နှစ်ကျော်မှ သောက်လို့ရတာ
ငါ့အဖေ ပြောဖူးတယ်


www.burmeseclassic.com

www.burmeseclassic.com

ဒါဆို ဘာလို့ ...
ငါ့နှာခေါင်းသွေးတွေ ယိုလာပြီ
များလောက်တယ်
တစ်ရှူးတချို့နဲ့ ငါ့အမေမျက်ရည်တွေ ငါ့မျက်နှာပေါ် ကျလာ
လောကကြီးက အကျယ်ကြီး
ငါကျောင်းတက်ခွင့်ရတဲ့ တစ်ရက်မှာ သူငယ်ချင်းက ပြောဖူးတယ်
ပန်ကာအဟောင်းလည်နေတဲ့ မျက်နှာကြက်/ခုတင်သံတိုင်
ပြီးတော့ ဆေးသွင်းပိုက်တွေအကြောင်း ပြန်ကြွားလိုက်တော့
သူ ငြိမ်သွား ... မမြင်ဖူးဘူးတဲ့
ငါ့အမြင်တွေ ဝါးလာ
ငါ့နှာခေါင်းပေါ်က အအုပ်ကြီး ဖယ်ပေးကြပါ
ဝင်္ဂကြီးလိုက်တာ ငါ့သားလို့ အဖေပြောလိုက်တာလား မသဲကွဲဘူး
ငါ အရမ်းအိပ်ချင်လာတယ်
နိုးမှပဲ ငါ့အမေကို မငိုဖို့ ပြောရဦးမယ်
ဒီတစ်ခါနိုးလာရင် ငါ ဝမ်းမနည်းတော့ဘူး
ငါ့ခေါင်းမှာ ဆံပင်တွေမရှိတော့မှန်း ငါ သိပြီးသွားပြီပဲဟာ။

၉၊ ၂၊ ၂၀၁၅။



**ငါတို့ကဗျာတွေ နောက်ကြောင်းပြန်မလှည့်ဖို့တော့ လိုတယ်ကွာ**
ဖေတင်ညွန့်

ဟစ်တလာ ... ပန်းချီဆွဲတာ
အိုစမာ ဘင်လာဒင် ... ကဗျာဖွဲ့တာ
ကဒါဖီ ... သီချင်းဆိုတာ
ဘာမှမပြောလိုပါ ...
လူကြမ်းကြီးတွေတောင်
အနုပညာနဲ့တွေ့ရင် ... မရှောင်နိုင်ဘူး ... ငါ့လူ ...
ခုတလော မိုးကျရွှေကိုယ် ကဗျာတွေကလည်း
ကဗျာဆရာတွေ ကိုယ်တိုင် အသည်းကွဲလောက်တယ် ...။
ဒီမှာ ... ငါ့လူ
မိုးဝေကဗျာ ရှိသလို
ရွှေအောင်လံကဗျာလည်း ရှိခဲ့ဖူးတယ်လေကွာ
ဖွင့်မပြောတာပဲ ရှိမယ် ...။
ကဗျာဖွဲ့တတ်ရုံနဲ့ ... ကဗျာဆရာ မဖြစ်တာ
ပန်းချီဆွဲတတ်ရုံနဲ့ ... ပန်းချီဆရာ မဖြစ်တာ
သီချင်းဆိုတတ်ရုံနဲ့ ... အဆိုတော် မဖြစ်တာ
ရှင်းပြရင်
ဒင်းတို့က နာဦးမယ် ...။
ဒီမှာ ငါ့လူ
အချိန်ကာလကြီးက
ကဗျာရေးရတာ ... မပျော်ဘူး
ကဗျာဆရာတွေနဲ့ တွေ့ရတာပဲ ... ပျော်နေမိလို့
ကဗျာဆရာတွေရှိတဲ့ နေရာတွေကိုပဲ
ရောက်ရောက်နေမိတော့တယ် ...။
ဒီမှာ ငါ့လူ
ဗိုလ်ချုပ်အောင်ဆန်းလည်း သီချင်းဆိုဖူးတာပါပဲကွာ
အဆိုတော်မဟုတ်လို့
အသံမကောင်းပေမဲ့
ငါကတော့ နားထောင်ကောင်းမယ်ထင်ပါတယ် ...။



www.burmeseclassic.com

www.burmeseclassic.com

## ကြယ်ဟာ ကြယ်ပါပဲ

ဖိုးဆောင်း

မင်း ရှိးသားတိုင်း မင်း သိထားရမှာက
ဒီစိတ်နဲ့ အားလုံး သိမ်းကျုံးမနိုင်းမိဖို့
လူ့ဘဝဆိုတာ ဒီလိုပါပဲ
ရှိပြီးသား တန်ဖိုးလေး မပျက်စေနဲ့
တွေ့ပြီးသား အဓိပ္ပာယ်လေး မပျောက်စေနဲ့
သတိ ဝီရိယနဲ့ ဖြောင့်ဖြောင့်သွားရင်
ဘယ်လိုကောက်ကျစ်မှုကမှ ချိတ်တွယ်မထားနိုင်ဘူး
မေတ္တာရှေ့ထားပါ သို့သော်
အရာတိုင်းအတွက် မဖြစ်နိုင်တာလည်း သိထားပါ
ဥပေက္ခာပြုသင့်လည်း ပြု
ထိခိုက်စရာတွေ နာတာရှည်နေရင်
ဘယ်သူ့အတွက်မှ အကျိုးမရှိ
သမုဒ္ဒရာ ရေပွက်ပမာ မင်းအချိန်နာရီများ တန်ဖိုးရှိပါတယ် ကြယ်
ဆင်ခြင်သုံးသပ်ပါ အားမွေးရှေ့ဆက်ပါ
ကောင်းမွန်စွာ မင်း အိပ်စက်နိုင်စေဖို့
လိုက်လိုက်လှဲလှဲ ငါ ဆုတောင်းပေးလိုက်ပါရဲ့
ကံကြုံရင် ပြန်ဆုံတွေ့ကြမယ်
မင်း ရှိးသားတိုင်း မင်း သိထားရမှာက
ကြယ်ဟာ ကြယ်ပါပဲ ကြယ်။



## မတူညီသော အကြိုက်ချင်းများ

ဖျာပုံနီလုံဦး

လမ်းဘေး ရေခဲရေရောင်းသူက
ရာသီဥတု ပူလေအိုက်လေ
အကြိုက်တွေ့လေပဲ။
၂၀၀၈ ဖွဲ့စည်းပုံနဲ့
အုပ်ချုပ်သူတွေက
ကျောင်းသားလူငယ်တွေ
စာညံ့လေ စာဖျင်းလေ
အကျင့်စာရိတ္တပျက်လေ
အကြိုက်တွေ့လေပဲ။
စစ်အာဏာရှင်တွေက
ပြည်တွင်းစစ်ဖြစ်လေ
မငြိမ်းချမ်းလေ
သပိတ်တိုက်ပွဲဖြစ်လေ
အကြိုက်တွေ့လေပဲ။
ခရိုနီတွေက
နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ
များများဝင်ရောက်လာလေ
အကြိုက်တွေ့လေပဲ။
အင်ဂျင်နီယာတွေက
လမ်းတံတားတွေ
အဆောက်အအုံတွေ
များများကျိုးလေ၊ ပျက်စီးလေ
အကြိုက်တွေ့လေပဲ။
ကေတီဗီ၊ မာဆတ်၊ နိုင်ကလပ်ပိုင်ရှင်တွေက
အပျော်အပါးလိုက်စားသူ
လူကုံထံသားသမီးများ
များများလာလေ
အကြိုက်တွေ့လေပဲ။



www.burmeseclassic.com

www.burmeseclassic.com

အသပြာဆရာဝန်တွေက
ပြည်သူတွေ အနာရောဂါ
စုံလေ၊ ထူပြောလေ
အကြိုက်တွေ့လေပဲ။
ဝိသမစီးပွားရေးသမားတွေက
စားသောက်ကုန်ပစ္စည်းတွေ
လူသုံးကုန်ပစ္စည်းတွေ
ကုန်ဈေးနှုန်းတက်လေ၊ ကြီးလေ
အကြိုက်တွေ့လေပဲ။
အိမ်နီးချင်းနိုင်ငံတွေက
တို့နိုင်ငံရဲ့ မြေပေါ်မြေအောက်
သယံဇာတပစ္စည်းတွေ များများထွက်လေ
အကြိုက်တွေ့လေပဲ။
ကဲ ... သူငယ်ချင်းတို့ရေ
မင်းတို့ ငါတို့ကကော
ဘာကြိုက်ကြသလဲ
ပြောကြည့်ကြရအောင်။
ငါတို့နိုင်ငံမှာ
အာဏာရှင်မျိုးဆက်
မင်းဆိုးမင်းညစ် ယုတ်မာသူတွေ
ဘယ်တော့မှ မပေါ်ပေါက်လေ၊ မရှိလေ
အကြိုက်ဆုံးပါပဲ
အကောင်းဆုံးပါပဲ။



## အိပ်ရာခင်း

ဖြူနှင်းဖွေး

အိပ်ရာခင်းဟာ လဲလျောင်းနေတဲ့ အိပ်ရာပေါ်မှာ ခင်းထားခံရတယ်။ သူ့ကို ဘာအဝတ်အစား ဝတ်ပေးထားမှန်း သူကိုယ်တိုင်က မသိဘူး။ အရောင်ဖျော့ဖျော့ အရောင်ရင့်ရင့်။ နေဝန်းပုံလား။ ကျေးငှက်ပုံလား။ သူ မသိဘူး။ သူကိုယ်တိုင်က ဝတ်ထားတာလား သူများ ဝတ်ပေးထားတာလား။ ဒါကိုလည်း သေသေချာချာ သူ မတွေးတောနိုင်ဘူး။ သူက လဲလျောင်းနေတယ်။ ပြားချပ်ချပ် လေဟာနယ်ရဲ့ အပေါ်က မွေ့ရာနဲ့ လူရဲ့ အလေးချိန်ကြားမှာ သူဟာ ကြားညပ်နေတဲ့ အသားညှပ်ပေါင်မုန့်တစ်ခုရဲ့ ပါးလျလျ ချိစ်အပြားလို။ သူ့ကို ဘယ်သူမှတော့ ကိုက်လိုက်ဖို့ မလွယ်ဘူး။ သူ့ကို ခုတင်ပေါ် အပြားလိုက် အလျားလိုက် တင်ထားတယ်။ သူ့ပေါ်ကို လူတစ်ယောက် တက်ထိုင်ပြီး ပြတင်းပေါက်ကို ငေးနေတာကို သူမြင်တယ်။ သူ့ပေါ်မှာ သက်သောင့်သက်သာ ခြေဆင်းနေတဲ့ လူတစ်ယောက်ကို သူမြင်တယ်။ ဒီလူတစ်ယောက်ဟာ သူ့ရဲ့ ပါးလျလျ အဝတ်စကို မြဲမြဲနေအောင် ဆုပ်ကိုင်ပြီး ပါးစပ်က ညည်းနေတာမျိုးကိုလည်း သူ မြင်တယ်။ အရင်တစ်ခု အရှိန်တစ်ခုအပြီးမှာ သူ့ကိုဆွဲထားတဲ့ လက်ဟာ သူ့ဆီက အလိုအလျောက် လျော့ကျသွားတာကိုလည်း သူ မြင်တယ်။ အိပ်ရာခင်းဟာ သူ့ပေါ်ကို ပစ်တင်လိုက်တဲ့ စာအုပ်တွေရဲ့ ခေါင်းစဉ်ကို ကြိုးစားအမှိပ္ပာယ်ဖော်တယ်။ အိပ်ရာခင်းဟာ ပြုံးပြလိုက်တယ်။ ဘယ်သူမှ မမြင်ဘူး။ သူဟာ အလှည့်ကျစနစ်နဲ့ ဒီခုတင်ကို ပိုင်ဆိုင်တယ်။ အချိန်တန်ရင် သူ့အဝတ်အစားတွေကို ချွတ်ယူသွားကြလိမ့်မယ်။ ကောင်းကင်ပြာပြီး နေသာတာကို သူ ကြည့်ခွင့်ရှိမယ်။ အချိန်တန်ရင်တော့ ဒီခုတင်ပေါ်ကို သူ ပြန်ရောက်လာမယ်။ သူ့မိတ်ဆွေအချို့ရဲ့ အလှည့် ပြီးသွားချိန်မှာ။ အိပ်ရာခင်းဟာ သူ့ပေါ်မှာ ရှိတဲ့ စိတ်ပုတီးကို မရေတွက်တတ်ဘူး။ အိပ်ရာခင်းဟာ ရထားသံလမ်းပုံ ရိုက်နှိပ်ထားတဲ့ ခေါင်းအုံးစွပ်နှစ်ခုကို နောက်ကျပါစေကြောင်း ဆုတောင်းလေ့ရှိတယ်။ အိပ်ရာခင်းဟာ သူ့ဘဝကို လုံလောက်စွာ တွန့်ကြေခဲ့ချင်တယ်။ အိပ်ရာခင်းဟာ ယာခင်းကြီးလို စိမ်းလန်းနေတတ်တယ်။ သစ်လွင်တဲ့ မြက်အနံ့ တစ်ခါတစ်ခါ ပေးတတ်တယ်။ ဒါကိုလည်း အိပ်ရာခင်းက မသိရှာဘူး။ အိပ်ရာခင်းဟာ သူကိုယ်တိုင် ဘယ်အချိန် အိပ်တတ်သလဲ။ သူ့ပေါ်မှာ လူမရှိတော့တဲ့အခါ စိတ်ချလက်ချ အိပ်တတ်သလား။ အိပ်ရာခင်းဟာ အသက်ရှူတတ်သလား။ သူ့အပေါ်မှာရှိနေတဲ့ လူရဲ့ အသက်ရှူသံကိုကြားတော့ သူ



www.burmeseclassic.com

www.burmeseclassic.com

ဒီမေးခွန်းကို ပြန်မေးကြည့်ချင်လိမ့်မယ်။ အိပ်ရာခင်းဟာ ငါဆိုတဲ့ သတ္တဝါလို ဖြစ်တည်မှုတစ်ခု။ ဒါဆိုရင် ငါဆိုတဲ့ အိပ်ရာခင်းရဲ့သက်တမ်းက ဘယ်လောက်လဲ။



## ပိုးပေါက်ညဥ့်

ဖြိုးမွန်

အရှိန်လျှော့ မောင်းလာတဲ့ ကျောက်တုံးများ ညင်းသွဲ့သွဲ့တိုက်ခတ်ရာ
ငိုက်မျည်းတတ်သည့် မာလိန်မှူးရဲ့သင်္ဘောများ ဖာပန်းထိုး အလှဆင်ထားရာ
ရေတိမ်နစ်တော့မည့် မြစ်များ
ချွတ်လိုက် တပ်လိုက် ကိန်းရှင်များ၊ ဝင်ကစွပ်တွေအတွက် သေပေးခဲ့ရသည့်
ခရုခွံလှလှများ ပွကြဲရာ
နှစ် ၅၀ မက နင်းခြေထားရသော အက်ကြောင်းများ နင်နေသည့် မျက်နှာမှာ
သုည ကွန်တိုတွေ လွန်းထိုးရက်ယှယ်နေကြဆဲ။
အညိုအမည်း စွဲနေတဲ့ လရိပ်ပြာရဲ့ နားထင်မှာ
စိမ်းဖန့်ဖန့် မြွေမျက်လုံးတွေ မှုိင်းမှုိင်းကလေး စူးလက်နေရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## တပ်ဦးလ ကယ်ရီကေးချား

ဖွဲ့သီသစ်

ဆိုးလ်မြို့က လာခဲ့သတဲ့
(တကယ်တော့ လှိုင်သာယာ)
နောက်တစ်နေရာ ပြောင်းတော့
ဆူးလေကဆို
လေတစ်ချက်ချွန်ရင် အိမ်ရောက်သတဲ့
(တောင်ညွန့်က ပရဟိတကျောင်းမှာ ညစောင့်)
ဂျနီဖာလိုပက်ဖ်နဲ့ပဲ ကွဲခဲ့သလိုလို
ဘီယွန်းစေးနဲ့ပဲ ချစ်နေသလိုလို
မိန်းမချောတိုင်းက သူ့နောက် လိုက်နေသလိုလို
(အမှန်က ဘတ်စ်ကားကျပ်မှ မ,ဓာတ် ရရှာသူပါ)။

ဥရောပမှာ အနေများခဲ့လို့
ပုဆိုးမဝတ်တော့ဘူးတဲ့
မွှန်နံ့သင်းတဲ့ အင်္ကျီကို ကျော့နေအောင်ဝတ်လို့
သူ့ခြေချောင်းတွေ လူမြင်မှာစိုးလို့
အမြဲတမ်း ဘွတ်ဖိနပ်စီးထားသူ
(ဖိနပ်ချွတ်ဝင်ရမယ့် ဘုန်းကြီးကျောင်းဆို မသွားဘူး)
သူ့ကိုယ်သူ ခြစားမှာစိုးလို့လား
ရေနံချေးရောင် အသားအရေနဲ့
ဘော်ဒီကတော့
ဝါးခြမ်းပြားခြောက်ကို သားရေအုပ်ထားသလို
ဆိုတဲ့ သီချင်းက
(တကယ်တော့ အိမ်ထောင်ကို 'ရက်သား'ပဲ ကျချင်တာ)
သူ ကိုက်ဝါးနေတာ
ဘယ်လ်ဂျီယံကြက်ကြော်တဲ့
(အနာကျထားတဲ့ CP ကြက်)
စာပေစိစစ်ရေးရှိစဉ်က
ကဗျာက ဆင်ဆာမထိ
ကလောင်နာမည် ဆင်ဆာထိသူ။



ဆံပင်ရှည်ရှည်
အရပ်ရှည်ရှည်
စိတ်ရှည်ရှည်
သူ့ကလောင်နာမည်ကို နေရာပြောင်းစီတော့
ရယ်လိုက်ရတာ ဖတ်ဖတ်မော
ရင်ဘတ်နောက်က ကျော ...။

www.burmeseclassic.com

## မေမေသို့ ဒီနေ့အခြေအနေ

ဗညားလှိုင်ဦး

မနှစ်က မေမေတစ်ယောက်
သေခြင်းတရားနဲ့ တိုက်ပွဲဝင်နေချိန်မှာ
ဒီနှစ် အမေ့သားရဲ့ ရှင်ခြင်းတရားကို
အဆိပ်ခတ်ခံလိုက်ရတယ် မေမေ …
စိတ်လိုလက်ရ ပြောကြကြေးဆိုရင်
အိုင်အက်စ်တွေက ကမ္ဘာတစ်ဝန်းက အပြစ်မဲ့လူသားတွေကို
ခေါင်းဖြတ်သတ်တာနဲ့
ကချင်ပြည်နယ်က ကျောင်းဆရာမလေးနှစ်ယောက်
အဓမ္မပြုကျင့် အသတ်ခံရတာဟာ
စစ်သွေးကြွတာနဲ့ လိင်သွေးကြွတာပဲ ကွာပါတယ်
သပိတ်မှောက် ဆန္ဒပြကြတာကို ပျော်ပွဲစားခရီး ထွက်တယ်လို့
ထင်နေကြတဲ့ သူတွေကြားထဲမှာ သားတော့ မွန်းကျပ်နေပါပြီ
ဒီနှစ်ထဲမှာ လူတွေအားလုံးဟာ
စစ်တိုင်ရင် နိုင်ရမယ်၊ ရွေးကောက်ပွဲဝင်ရင် နိုင်မယ်၊
မဲခွဲဆုံးဖြတ်ရင် နိုင်ရမယ်၊ သပိတ်မှောက်ရင် နိုင်ရမယ် ဆိုတဲ့
နိုင်လိုမင်းထက်စိတ်တွေပဲ ရှိကြတော့တယ် မေမေ
သားတို့တွေက အတုန်းအရုန်း ပိုးလိုးပက်လက်ပေါ့
ကသိကအောက်နိုင်လှတဲ့ တိုင်းပြည်မှာ ဘယ်နေ့ မိုးပြိုမှာလဲလို့
ကောင်းကင်ကို မော့မော့ကြည့်တိုင်း
ခြင်ကလေးတစ်ကောင်တောင် မရိုက်ရက်ခဲ့တဲ့ မေမေ့ကို
ကြယ်တွေကြားမှာ တွေ့တွေ့နေရတယ် မေမေ။



## ကိုယ့်ကိုယ်ကိုယ် ပြန်လွမ်းနေတဲ့ ကျွန်တော်

ဗရေချမ်း(ညိုထွန်း)

ကျွန်တော်ဟာ
ငွေ့ငွေ့လေးအေးနေတဲ့ တစ်ရက်မှာ
လွတ်လပ်စွာ မျက်နှာသစ်ခွင့်ရခဲ့။

ကျွန်တော်ဟာ
သန့်ရှင်းတဲ့ သဘာဝလေ
ရှုပ်ထွေးတဲ့မြို့ပြလေ
အားလုံးကို ရှူရှိုက်ခဲ့ပေမဲ့
အရောင်စုံ ရှူသူများရဲ့လေကို ကြောက်ရွံ့ခဲ့။

အချို့ အမှန်တကယ်တွေမှာ
အရာရာဟာ အရေးကြီးတယ်လို့
ယုံကြည်ယူဆခဲ့လေသူ
ရန်/ငါ စည်းပြတ်ခဲ့သူရယ်လို့ ကြွေးကြော်ခဲ့သူက
အခုတော့ မူတွေ မူတွေ
အားလုံးရယ်မှ အထွေထွေ
ဆရာကြီးမှိုင်းသာရှိနေရင်လေ
'အတွေးတွေ ဘယ်လိုရှိရှိ
လက်တွေ့အသိက အရှိလုပ်ကြစမ်းပ' လို့ပြောမှာပဲ။

ဪ … ခေတ်ကိုပြန်တွေးပြီး စားလိုက်ပါဦးစို့
အချို့ ပုဂ္ဂလအရေး
အချို့ ဝမ်းရေး
အချို့ နေထိုင်ရေး
အတွေးတွေ ရေစစ်နဲ့ စစ်ချလိုက်တော့
တစ်စက် နှစ်စက် သုံးစက်
တိုင်းပြည်အတွက်တော့ ရင်ပေါ့စရာ မတွေ့ရသေး။



www.burmeseclassic.com

www.burmeseclassic.com

ဟင်း . . . သူများတွေ ပြောမနေနဲ့
ကိုယ့်ကိုယ်ကိုယ် ဘဝအမောတွေနဲ့ တွေဝေပြီး
ကိုယ့်ကိုယ်ကိုယ် ယမကာသဘာဝနဲ့ နာရေးပို့
ကိုယ့်ကိုယ်ကိုယ်လည်း မနှစ်မြို့
ဘယ်သူ့ကို နှစ်ချို့အချစ်နဲ့ ချစ်ရမှာလဲ
အိမ်မှာရှိတဲ့ ဇနီးမယားနဲ့ သမီးများလား
အကျဉ်းစံခံပြီး ရင်းနှီးခဲ့ရတဲ့ တိုင်းပြည်အတွက်လား
အခုတော့ သံဝေဂတရားလိုလို နောင်တလိုလို
အမှန်တရား ရှာသလိုလိုနဲ့
ကိုယ့်ကိုယ်ကိုယ်သာ လွမ်းနေမိတော့တယ်။



**ဦးခေါင်းကြီးများအကြောင်း**
ဘုန်းခရိုးရာ

မြင်နေသမျှဟာ ဆန့်ကျင်ဘက်
မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ
ဦးခေါင်းကြီးများက ဦးနှောက်ကြီးများအကြောင်းပဲ တွက်ချက်နေတယ်
အပေါင်း အနုတ် လက္ခဏာများစွာ စနစ်တကျ
အတက်အကျကို နာရီလက်တံတွေပေါ် ပစ်တင်ထားကြ
ကိုယ့်ကြမ္မာမှာ ကိုယ့်အမာရွတ်များ သီကုံးထားရတယ်၊
ဘဝဟာ ဖြောက်ခနဲ
ကိုယ့်လက်ပေါ်မှာ ကျိုးကြေသွားတဲ့ အပိုင်းအစများလို၊
အကြေကြေ အမွမွ စိတ်ဓာတ်တွေ ရှိတယ်
သက်စွန့်ဆံဖျား အတွေးအခေါ်တွေ ရှိတယ်
ဦးနှောက်ကြီးများမှာ ကိုယ်ခန္ဓာတွေလည်း ရှိတယ်။
တစ်ယောက်ကိုတစ်ယောက် ကျော်လိုက် ခွလိုက်
တစ်ယောက်ကိုတစ်ယောက် ထမ်းလိုက် ပိုးလိုက်
ဦးနှောက်ဟာ အပြေးသမားတစ်ယောက်လို
မလိုချင်မှုတွေ သိပ်သိတယ် လိုအင်ဆန္ဒတွေလည်း သိပ်ရှိတာပဲ
အများသူငါကြားမှာ ခေါင်းတစ်လုံးသာတဲ့အကြောင်း
ဦးနှောက်ကြီးများ အမြဲ အဖြေထုတ်တယ်၊
ဦးခေါင်းများစွာဟာ ဦးခေါင်းတွေအထက်မှာပဲ မားမားမတ်မတ်
တချို့ဦးခေါင်းထဲမှာ ဦးနှောက်မပါဘူး
တချို့ဦးခေါင်းတွေ သွေးမဆာတတ်ဘူး သတ္တိမရှိဘူး
တချို့ဦးခေါင်းတွေက တချို့ခန္ဓာတွေကို ရွက်ရွက်ထားတယ်။
တစ်ယောက်မှာ တစ်ခုရှိတယ် တစ်ကောင်မှာ တစ်ခေါင်းရှိတယ်
ဒါပေမဲ့ တစ်ခါတလေ တစ်ကောင်မှာ ခေါင်းသုံးလေးလုံး
တချို့ကတော့ ခေါင်းမရှိဘူး။
မရှိတဲ့ခေါင်းမှာ မေးခွန်းတွေရှိတယ်
ခေါင်းမရှိတဲ့ ခန္ဓာမှာလည်း အဖြေများစွာနဲ့၊
တွက်ချက်တတ်သမျှ တွက်ချက်လိုက် မှားနိုင်သမျှထက် ပိုမှားပစ်လိုက်
ဦးခေါင်းကြီးတွေက ဘယ်တော့မှ မမှားဘူး
ဦးခေါင်းကြီးများဟာ လောကခံထက် ခေါင်းတစ်လုံးသာနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ငါကတော့ မြစ်ဆီက ပြန်လာမယ်လို့ ငါကိုယ်တိုင် ပြောတာပဲ

ဘုန်းပြည့်ကျော်

ငါကတော့ မြစ်ဆီကပြန်လာမယ်လို့ ငါကိုယ်တိုင်ပြောတာပဲ
မိုးသားမပါတဲ့ တိမ်တွေကိုစီးရတာ အိပ်မက်တွေက အိမ်ဆီမရောက်ဘူး
ခပ်တိမ်တိမ်အနက်လောက်နဲ့တော့ မြစ်ဟာ မြွေတစ်ကောင်လို
အချိုးပြေမှာလား သူလည်း တွင်းဝဆီကို
တန်းတန်းမတ်မတ်ပြန်လာချင်တာပေါ့လို့
အသံကြားရင် ငါ့ကိုယ်ငါပြောတာလို့ ငါပြောတယ်
တစ်ချိုးတစ်ကွေ့ကြရင် ခွဲခွာဖို့ ရင်နာဖို့ ပေါ့
ရေအိမ်တက်တိုင်း အိမ်ကိုသတိတရဖြစ်တယ်
တစ်ယောက်ကိုတစ်ယောက် အော်ခေါ်ကြားကြရဖို့ဆိုတာ
စိတ်ကိုဆွဲဆန့်ရှည်လျားနိုင်မှ အချိန်ကြာကြာ
တစ်စုံတစ်ယောက်က လေယာဉ်စီးဦးမလားမေးလာရင်
သိပ်ကောင်းမှာပဲလို့ ဆယ်လမွန်ငါးတစ်ကောင်က လွယ်လွယ်တွေးတယ်
လောကဓံက ဟိုး အမြင့်ကနေ ရေတွေ တဝေါဝေါ ဒလဟောထိုးချနေတာ
ကြောက်စိတ်တစ်ခုပါကွာ လွယ်လွယ်တွေးတော့
မြစ်ကို ဘာလို့ တံတားထိုးမထားခဲ့တာလဲ
ဒါက ရုန်းထွက်မေးခွန်းမှ မဟုတ်သေးဘဲ
ရေတံခွန်အောက်မှာ အသားမာတွေရှိနေမယ်
တစ်နေ့ပြီးတစ်နေ့ ထိုးထိုးကျနေတာ
ငါဟာ နာနာဘာဝတစ်ကောင်ဖြစ်မယ်
ရှင်ကွဲကွဲနေတဲ့ ဟုမ်းဆစ်ကြီးပါကွာ လတွေနှစ်တွေမှာ
ကျောက်သားမာမာတွေ တွေ့ရပြီလား
တစ်နေ့ပြီးတစ်နေ့ ထိုးထိုးကျနေတာ
ကြည့်စမ်း ဟို ငါ့အိပ်ရာပေါ်မှာ
အသက်ရှူဖို့ခက်နေတဲ့ ဆော်လမွန်ငါးတစ်ကာင်ကို တွေ့ရမှာ
စီးကရက်ကို ပါးစပ်မှာခဲရင်း မျက်ရည်ဝဲတယ်ဆိုတာ
ကြည့်မကောင်းပါဘူး တစ်နေ့ပြီးတစ်နေ့ ထိုးထိုးကျနေတာ
ဟုတ်တယ် ငါ့ကိုယ်ငါ ရေကူးသင်ရဦးမယ်
ငါကတော့ မြစ်ဆီကပြန်လာတာလို့ ငါကိုယ်တိုင်ပြောတာပဲ။



## မှတ်တမ်း ၈

ဘုန်းသက်ပိုင်

ကျွန်တော် အိပ်ရာမှ နိုးလာသော အချိန်တိုင်း
ဦးစွာကြားရသော အသံမှာ
ငှက်ကလေးများ၏ အထိတ်တလန့် အော်မြည်သံပင် ဖြစ်ပါသည်။

ထိုငှက်ကလေးများသည်
အစာရေစာ ပါးရှား၍လား
တစ်စုံတစ်ရာသော ဘေးဆိုးတစ်ရပ်ရပ်
ကပ်ငြိလာ၍လား
သို့မဟုတ် ပင်ကိုသဘာဝအရပင်
ထိတ်လန့်လွယ်၍လား
ခွဲခြားမရနိုင်အောင် ဖြစ်မိသည်။

ထို့ကြောင့်ပင် ထိုအရာသည်
ကျွန်တော့်စိတ်အား နေ့စဉ် ဖိစီး၍ နေပါသည်။
ထို့ကြောင့်ပင် မနက်ခင်း ကျွန်တော် နိုးလာသောအခါ၌
'ကမ္ဘာပေါ်ရှိ ငှက်ကလေးများအားလုံး
ထိတ်လန့်ခြင်း ကင်းပကြပါစေ'ဟု ဦးစွာ
ဆန္ဒပြုမိလေ့ ရှိနေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## တစ်ရံခါဆီ ဖေဖော်ဝါရီဟု ၃

မနော်ဟရီ

ပစ်သူဆီ ပြန်ပြန်လှည့်လာတတ်တဲ့ ဘူးမာရင်းတွေလို
ဖေဖော်ဝါရီတွေက ပြန်ပြန်လှည့်လာကြတယ်
သူပစ်ချခဲ့တဲ့ ကံကြမ္မာကိုကျ သူ့ဆီ ပြန်သွားမှာပဲဆိုတဲ့ စိတ်နဲ့
သေွးအေးအေးကြည့်နေခွင့် မရှိခဲ့ပြန်ဘူး
ကိုယ့်ဆူး ကိုယ်ပြန်စူးခံထားရတဲ့ နှင်းဆီပွင့်ဖတ်တစ်ဖတ်လို
ကိုယ့်ယုံကြည်မှုကိုယ် သံသယဖြစ်စွာ ရှက်ရွံ့လာမိ
ဒဏ်ရာ အနာတရ အတိနဲ့
ကိုယ့်ကိုယ်ကိုယ် ပြုံးကြည့်ရတာလည်း မသတီစရာကောင်းပါတယ်

ထင်ယောင်ထင်မှားဖြစ်စေတဲ့ လက်တန်းပုံပြင်တွေအကြောင်း
ကိုယ် ဘယ်တုန်းကမှ မပြောဖြစ်ခဲ့ဘူး
ရေသေမြစ်ထဲက ငါးတစ်ကောင်ရဲ့အဖြစ်မျိုး
နေ့ရက်တွေကို လက်ချိုးတွက်နေရတာလည်း ဝဋ်တစ်ခုပဲ
သံသရာမူးနေတဲ့ ဖြတ်လမ်းကလေးရဲ့ အရိပ်ကလည်း
ကိုယ့်ပေါ်ပဲ တိတ်တိတ်ကလေး ထိုးထိုးကျလာ
ကာလာသီအိုရီတွေမပါဘဲ အဲဒီအရောင်ကို မှောင်ကြောင်း
ကိုယ် သက်သေပြနိုင်ပါတယ်

မတည်မြဲမှုတွေ အားလုံးကို စုစည်းကောက်ယူကြည့်လိုက်တဲ့အခါ
ပျော်ရွှင်ခဲ့မှု ဆူးတချို့ စူးဝင်တယ်
တည်မြဲမှုတွေကို တိတ်တဆိတ် မှော့ကြည့်လိုက်တော့
ကြေကွဲမှု ဝမ်းနည်းမှုတွေက အခိုင်အခံ့နဲ့
တစ်ကျော့မက ပြန်ပြန်လာတဲ့ ၁၃ ရက် သောကြာတွေ
ဆတ်ဆတ်ခါ ပျော်မြူးနေကြတာကို ငေးကြည့်
မေ့လျော့နေမိတဲ့ ထွက်သက်ဝင်သက်က တာဝန်တွေနဲ့ ငြိငြိနေတာ ခက်တယ်

အင်္ဂါမစုံမလင်နဲ့ လတစ်လ သက္ကရာဇ်တိုင်းမှာ
ထိုးထိုးထောင်ထောင် ပါဝင်နေခဲ့တာ ရယ်စရာပါပဲ
ကြိုးနီစနစ်တွေနဲ့ ရှင်သန်ခဲ့ရတဲ့ စိတ်ဟာ ဘာကိုမှ ဖွဲ့ထုတ်ပစ်လိုက်ဖို့



သတိမရတာ ဆန်းသလား
အတောင်အလက်စုံပြီလို့ ထင်ထားတဲ့ နေ့ရက်တွေဟာ
အပိုင်းပိုင်း ကျိုးပြတ်ပြီး ပြန်လာနေတယ်
နိတိအကျိုးအပျက်တွေကို ဆက်စပ်ပြီး
အကောင်းပြန်လုပ်နေတော့ရော ဘာပြန်ထူးလာမှာမို့လို့လဲ

သတ္တိခဲကြီးတွေရဲ့မျက်ရည်ကို မြင်တော့
ကိုယ့်ကိုယ်ကိုယ် မှန်ထဲ အထိတ်တလန့် ပြန်ကြည့်မိ
သေွးကြောင်သူတစ်ယောက်ရဲ့ မျက်ရည်ဟာ
အငွေ့ပျံလွယ်တတ်တယ်လို့များ ကြားဖူးသလား
ကိုယ့်ကိုပြန်ငေးနေတဲ့ မျက်ဝန်းတွေကိုကြည့်ရင်း
ရင်ထဲမှာ ငွေ့ရည်သွားဖွဲ့နေတဲ့ မျက်ရည်တွေကို မြင်မိ
ရှာချလိုက်ဖို့ သတ္တိမရှိသရွေ့ နှစ်ပရိစ္ဆေဒများစွာ အေးခဲနေတော့မှာ

*၁၉၊ ဖေဖော်ဝါရီ၊ ၂၀၁၅။*



www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းလောင်းပျောက်တဲ့ ရွာ

မအိ

မြန်မာပြည်
အရှေ့မြောက်က ရွာကလေး
ကောင်းခါးအမည် ဘယ်သူ ပေးသလဲ။
ခေါင်းလောင်းသံ ချိုခဲ့တယ်
ဘုရားဝတ်ပြု ဆုတောင်းဖို့နဲ့
တောင်ယာခုတ်ထွင်ရိတ်သိမ်း
ငြိမ်းချမ်းပြီတဲ့ ဟုတ်စ။
ဒေသဖွံ့ဖြိုးရေး
စီးပွား ကျန်းမာ ပညာရေး
နိုင်ငံတော်က ဘယ်လောက် အကူအညီပေးခဲ့။
အို ... ဘုရားသခင်
ကချင်ရွာ ကလေးငယ်ကလေးများ
ရင်ဝယ်သားနှယ် ထွေးပိုက်
ဘုရားသခင် လွှတ်လိုက်တဲ့ ဆရာမလေး
ခုတော့ သွေးအိုင်ထဲမှာ နစ်ခြင်းခံပစ်လိုက်။
ဒဏ်ရာ ဗရပွနဲ့
မရှုမလှ သေရရှာ
ခန္ဓာကိုယ် ဗလာကျင်း
အရှက်ကို အသက်နဲ့ ရင်းပြီး ခုခံခဲ့။
ရမ္မက်ဟာ အနုမြူထက်
ထန်ပြင်းတဲ့ လက်နက်လား။
ဘယ်လို ဖြေရမလဲ
လူကြီးတွေ မျက်ရည်ဝဲကြ
ကလေးတွေ အိပ်မက် ပျောက်ရှ
အနာဂတ်မှုန်ဝါး
ခေါင်းလောင်းသံ မကြားရပြီ
ကောင်းခါးရဲ့ ငိုချင်းသီသံသာ။



## ခါတ်မှန်ကိုထောင်ကြည့်ပြီး ပြောတယ် ခါတ်ခံမှာ အပ်ကြောင်းထပ်နေပြီ

မုယော

အမြင့်ကြောက်ရောဂါ စွဲကပ်လာတဲ့ သစ်ရွက်ကလေးမှာ အဝါရောင်သန်းလာတဲ့ လက္ခဏာနဲ့။ ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရတဲ့ သတင်း။ ထိတ်လန့် ချောက်ချားဖွယ် အကြောင်းအရာတွေ။ လည်ပတ်နေတယ် ဝင်ရိုးပေါ်မှာ။ ချားရဟတ်ကြီးတစ်ခုလုံး။ ချောဆီထည့်ပြီးစ ညက်ညောမှုမျိုး ရွေးချယ်စရာ (လုံး၀)မရှိဘူး။ ကြိုရာဘ၀ထဲ ကျရာဇာတ်ရုပ်ကို ဈေးဆစ် အမြည်းတောင်းလို့ မရ။ အိမ်ပြည့်အောင် ပါဝင်ရတာ။ ပါဝင်ရေးတာ ကိုက်ခဲနေတဲ့ စာသားတွေ။ တစ်ယောက်ယောက် ကြိုက်ပြီဆို သေချာနေသလောက်ပဲ။ တစ်ယောက်ယောက် အရှိုက်ဆီ ခလုတ်မထိ ဆူးမငြိ။ ရောင်းရန်ရှိသည်။ ပေါက်ဈေးနဲ့ ငွေရေးကြေးရေးကြား ရွာရန်ရွာနှုန်း ငါးဆယ်။ တောင်စဉ်ရေမရ စကားနဲ့ သောင်မတင် ရေမကျ တရားနဲ့။ ဆေးသက်မကုန်မချင်း နံနက်ခင်းကို လင်းစေရမယ်ဆိုတဲ့။ သွေးသားတော်စပ်မှုနဲ့ ဆေးဝါးထုပ်ပိုးမှု ပုံစံသစ်တွေ။ ဟောင်းနွမ်းနေတဲ့ သတင်းအချက်အလက်တွေနဲ့။ ယိုယွင်းနေတဲ့ လူနေမှု ဘ၀ကြီးထဲ။ ငါတို့ဟာ ပျက်စီးဖို့ အစာရှာသလိုလိုနဲ့ အစရှာနေတဲ့ အင်းဆက်တွေ။ ရခဲ့ရဲ့လား၊ရောက်ခဲ့ရဲ့လား။ မေးမယ်ဆို ရိုးချင်ယောင်ဆောင်ရမလား။ ရူးချင်ယောင်ဆောင်ရမလား။ မလား။



www.burmeseclassic.com

www.burmeseclassic.com

## ငြိမ်းချမ်းရေးကဗျာ

မေ

ငြိမ်းချမ်းရေး
ငြိမ်းချမ်းရေး
ငြိမ်းချမ်းရေး

ငြိမ်းချမ်းရေးဟာ
အချိန်တိုင်း လူသားတိုင်းအတွက်
အလိုအပ်ဆုံး စိတ်အာဟာရ

ငြိမ်းချမ်းရေးဟာ
ကမ္ဘာနဲ့အဝှမ်းအတွက်
ပျံ့နှံ့/ပျံ့လွင့်သင့်တဲ့ တေးတစ်ပုဒ်

ငြိမ်းချမ်းရေးဟာ
အာဏာရှင်တွေရဲ့ ရန်သူ
ငြိမ်းချမ်းရေးဟာ
ပြည်သူတွေအတွက် ကယ်တင်ရှင်/လုံခြုံမှု

ငြိမ်းချမ်းရေးဟာ
လူငယ်တွေအနာဂတ်အတွက်
အလိုအပ်ဆုံး လမ်းတစ်ခု

ငြိမ်းချမ်းရေးကို စိုက်ပျိုးကြပါ
ငြိမ်းချမ်းရေးကို မွေးမြူကြပါ

ငြိမ်းချမ်းရေးနဲ့ ပြည်တွင်းစစ်ကို တားဆီးကြပါ
ငြိမ်းချမ်းရေးအတွက်
စားပွဲဝိုင်းအစစ်တွေနဲ့ ဆွေးနွေးကြပါ
ငြိမ်းချမ်းရေးလမ်းမှာ
ဘာသာ၊ လူမျိုး မခွဲခြားဘဲ



အတူတကွလျှောက်လှမ်းကြပါ
ငြိမ်းချမ်းရေး ... ငြိမ်းချမ်းရေး ... ငြိမ်းချမ်းရေး ...

ငြိမ်းချမ်းရေးရဲ့ ချိုးဖြူငှက်ကလေး
သံလွင်ခက်နဲ့အတူ
မြန်မာပြည်အနှံ့ ကမ္ဘာမြေအနှံ့
ထာဝရပျံသန်းနိုင်ပါစေ

ကမ္ဘာမြေ ထာဝရငြိမ်းချမ်းပါစေ
မြန်မာပြည် ထာဝရငြိမ်းချမ်းပါစေ။



www.burmeseclassic.com

## နှင်းအိပ်မက်

မေငြိမ်း

နှင်းကို ချစ်တဲ့အခါ ... မုန်တိုင်းဖြစ်ပါစေဦး ... ချစ်ချင်မဆုံးပါကွယ် ...။
ကိုယ့်ရဲ့အိပ်မက်ရွာဆီမှာဖြင့် နှင်းဝေတ်လှချည်ရဲ့ ...။
နှင်းယောင်ယောင် မြူယောင်ယောင်
ဖြူသယောင် အရိပ်ကလေးမှျပင် မသန်း ...
လွှမ်းစရာ ကောင်းလှချည့် ...။
နှင်းဖြူထုတွေကြားကနေ တိတ်တဆိတ်ငေးကြည့်နေတာတောင် အဲဒီမှာ ...
အသံတွေက ထောင်းထောင်းထ။
ရှိုးပြတ်မှာ ရွှေလ မသာတာ ကြာကြာလှပြီ ...တဲ့။
ကိုယ့်ဆီက ငွေညကို ရွှေပေးဖို့ရာကလည်း လက်တံက မမီ။
သပြေရွက်တွေကြားမှာရော ...
အပြုံးတွေလား ... အမုန်းတွေလားဟင် ...။
ပျံမလာချင်သေးပါဘူးကွယ် ... တောင်ပံတွေ နာနေဆဲရယ် ...။
ရွှေချိုးဖြူ ကူသံလား ... တေးမြှုငှက် သီသံလား ...
ခိုဖြူ ခိုပြာငှက်ရဲ့ ညည်းချင်းလေလား ...။
တိုးတိုးသဲ့သဲ့အကြား ...
ဟော ... ဟိုးမှာ အုပ်ဖွဲ့ပျံသန်းလာနေတာ ...
ကိုယ့်မျက်ဝန်းထဲက နှင်းတွေ ...။

*၂၅၊ ဖေဖော်ဝါရီ၊ ၂၀၁၅။*

## လမ်း

မဲ့မဲ့

နှင်းဆီကမ္ဘေး
ခင်ဆွေဦးရဲ့ အတွေးထဲကဇာတ်ကောင်
အခုတော့ ဇာတ်သိမ်းခန်းကို တလွဲဖြစ်အောင်
သရုပ်ဆောင်ခဲ့ကြပြီ
အဲဒီအခန်းမရောက်ခင်
ဆပ်ပြာပူဖောင်းတွေ ထပ်တလဲလဲ မမှုတ်ခင်
ဒီ့အရင်
ကောင်းကင်မှာက
ကြယ်တွေ ကြယ်တွေ
အစွမ်းကုန် ဝင်းလက်ခဲ့ဖူးကြရဲ့
နောက်တော့
ငှက်အမျိုးအစား ခွဲခြားခံရရဲ့
ကြိုးကြာငှက်တွေ
လေဟုန်ခွဲသွားကြတာ
အိုး ...
ဟောဒီနွံစပ်မှာ
ရွှေကျီးတွေ အခုပြန်စု အာကြပြုကြပေါ့
ပလက်တီနမ်နှုတ်သီးစွမ်းတွေနဲ့
မိုးဆွေငှက်တွေသာ
ရာသီကို မစွန့်ခွာ
မိုးဆီပျံတက် သီကြွေးမြဲ
မိတ်ဆွေ ...
အသေအချာပြောနိုင်တာက
မရေရာမှုဆိုတာ ကံကြမ္မာ
အလင်းဟာ
သူ့လမ်းကြောင်းအတိုင်း ဖြောင့်တန်းနိုင်ခဲ့တာ။





www.burmeseclassic.com

www.burmeseclassic.com

## မနက်ခင်းရဲ့ နှင်းတွေ

မောရှူးဆိုး

ခပ်စောစော မနက်ခင်း
နှင်းတွေ ဝေနေဆဲမှာ
တစ်ခုခု စဉ်းစားမိတဲ့အထဲရောက်လာရင်
အမျှင်တန်းပါပါလာပြီး မပျောက်နိုင်တဲ့ အာရုံတွေပ
အရောင်တွေ အရောင်တွေနဲ့ အံ့သြမဆုံးနိုင်အောင်
အမျိုးမျိုး လှည့်စားပြတာကို ခုထိ နားမလည်နိုင်သေး
ရှိမယ်ထင်ဆဲ မျှော်လင့်ဆဲ တည်မြဲတဲ့ကိစ္စရပ်ကို
ထပ်ခါတလဲလဲ အဆက်မပြတ် သတိမှတ်နေနေရ။

ခပ်စောစော မနက်ခင်း
နှင်းတွေ ဝေနေဆဲမှာ
ကျဉ်းထဲကျပ်ထဲ တောင်းဆိုခဲ့တဲ့ ကတိတွေ ပျက်ကွက်
အမျက်ရှမခံရသော်လည်း မျက်ထောင့်နီပြသွားတဲ့ အဖြစ်များ
ဖြန့်ထားတဲ့ လက်ဖဝါးအစုံနဲ့ နဖူးရေကလေး တွန့်ပြ
မနှုတ်ဆက်ဘဲ ပေးစရာရှိတာတွေနဲ့ မရှိတာတွေ အားလုံးပေးဆပ်
နောက်ထပ်ပြောစရာ စကားလုံးအဖြစ်ပြောင်းဖို့ ဝေါဟာရတွေရှာ
မရှုံးခဲ့ပေမဲ့ ပါးရှားလှတဲ့ ပြောစရာများရဲ့ အခွင့်အရေးအစုံအလင်။

ခပ်စောစော မနက်ခင်း
နှင်းတွေ ဝေနေဆဲမှာ
အံ့တကြိတ်ကြိတ် လက်တင်းတင်းဆုပ်ရင်ကော့
မျက်မခတ်လောက်အောင်ပင်
အဲသလို ခိုင်မာခြင်းများလည်း တိုးတိုးငွေ့ငွေ့
ဘယ်တုန်းကမှလည်း မမေ့လျော့ခဲ့တဲ့ မပေါ့ပျက်တဲ့ ဦးမော့ရသမျှ
နှုတ်တိုက်ချသလို လေ့ကျင့်ရုံကလေးမျှထက် အစစ သာလွန်
ယုံယုံကြည်ကြည် ဖြောင့်ဖြောင့်မတ်မတ် သတိမပြတ်လပ်
ထုံးဖွဲ့စရာ မှီကာချဲ့စရာ ဘာလိုသေးတယ်ဆိုတာ ငဲ့ကွက်။
ခပ်စောစော မနက်ခင်း
နှင်းတွေ ဝေနေဆဲမှာ



ကပျာကယာ လေဝေ့ဝေ့ကလေးကလည်း သုတ်
ရုတ်ခြည်းမဟုတ်ပေမဲ့ တိုတိုတောင်းတောင်းပဲ
ဖြုတ်ခနဲ ဖြုတ်ခနဲ ပြတ်တောင်းပြတ်တောင်းနဲ့
ကဲ့ယူလိုက်သလို ပျောက် ပျောက် နောက်
အလင်းတွေ အင်နဲ့အားနဲ့ ဝင်ဖောက်
အို ... ဘယ်ရောက်သွားလဲ
နှင်းတွေ နှင်းတွေ ...။


www.burmeseclassic.com

www.burmeseclassic.com

## သစ်ပင်အောက်မှာ တတွတ်တွတ်ပြောနေတဲ့ အရူး

မိုးခါး

ငါ့ကို ဘာထင်လဲ မြို့ပေါ်ဈေးအားလုံးဟာ ငါ့ရဲ့နန်းစိုက်ရာ။
မင်းတို့တင်နေတဲ့အကြွေး ငါဆပ်မယ်
ကောက်ရတဲ့ဂျာနယ်ကို ဖြဲဆုတ်ပြီး ငွေစက္ကူအသစ်တွေအဖြစ်နဲ့။
ငါ့ကိုမြင်ရင် ခွေးဟောင်တာ ဂီတပဲ၊
ကလေးတွေရဲ့ လှောင်ပြောင်မှုက ငါ့ဘဝရဲ့ ရုပ်ရှင်။
ကရုဏာတရားနဲ့ပေးတဲ့ ဆေးလိပ်ကို ငါသောက်တယ်၊
စာနာမှုနဲ့ကျွေးတဲ့ အစာကို ငါစားတယ်။
လူယောင်ဆောင် ဝံပုလွေတွေလုပ်တဲ့ အခမ်းအနားကို ငါ မသွားဘူး။
ညရေးညတာ ငါ့ရဲ့လုံခြုံရေးက ဝင်းပတယ်။
ငါ့ရဲ့ဝတ်စားဆင်ယင်မှုကို လူ့အန္ဓတွေက ကဲ့ရဲ့တယ်၊
ငါ့ရဲ့လွတ်လပ်မှုကို သူတို့ မသိဘူး။
မြို့ကြီးပြကြီး တိုးတက်မှုကို ငါ အမိုက်လို့မြင်တယ်၊
ရှင်းနေတဲ့အရာ ရှုပ်အောင်လုပ်တဲ့လူ များလာပြီ။
ငါ့သွားလာမှုက သက်တော်စောင့်မပါဘူး။
'ဒါလီရဲ့ ဆန္ဒ၏ မီးတင်းနေထိုင်ရာ ပန်းချီ'က ငါ့ဘဝအမှန်။
ငါ့ဇာတိကို မမေးနဲ့၊
ငါ့ဦးနှောက်ကြယ်တံခွန်က ပေးတဲ့အရာကို ခံ့မင်တယ်။
လမ်းမပေါ်က ခြေရာတွေကိုကြည့်ရင် ဖိနပ်မပါတဲ့ခြေရာဟာ ငါပဲ၊
ငါ့ကို မောင်းထုတ်တဲ့သူက မာရ်နတ်ရဲ့ ကျွေးကျွန်ပဲ။
ရာသီသုံးပါးစလုံးဟာ ငါ့အတွက် မှုစရာမလိုတဲ့ ပြဋ္ဌာန်းချက်ပဲ၊
ငါ့ဥစ္စာပိုင်ဆိုင်မှုကို ဘယ်သူမှ မထိပါးဘူး။
ငါ စာနည်းနည်းပါးပါး ဖတ်တတ်တယ်၊
ပြောနေကျ စကားနဲ့ ရေးလက်စ စာသား လွဲနေတာကတော့ ရယ်စရာ။
ငါ ပုသိမ်ထီးစုတ်နဲ့ ရှေ့နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပါဦး သီချင်းနဲ့ကတော့
ပွင့်လင်းတဲ့သူတွေက အားပေးတယ်။
မပွင့်လင်းတဲ့သူတွေက ရိုက်နှက်တယ်၊
တရားမျှတမှုက မိုးပေါ်က ကျမလာဘူး။
ကားပေါ်က လူက လမ်းပေါ်က လူကို ဆဲတယ်၊
မခံနိုင်တော့ ကားမှန်ကို ခဲနဲ့ထုတာ ငါပဲ။



ရှက်ကြောမပါတဲ့ လူတွေကတော့
ထိုင်ရာမထ ကျောက်ရုပ်တွေလို သရုပ်ဆောင်နေကြတယ်။
ရှက်ကြောပါတဲ့လူတွေကတော့
အနာဂတ်အတွက် ပိုပြီးမပျက်စီးရအောင် အလှူဆင်တယ်။
လူဖြစ်ခွင့်သာ ရခဲ့ပါတယ်၊
အမည်မပါဘဲ ပြန်သွားရတဲ့ လူတစ်ယောက်အကြောင်း
ဘယ်သူတွေက ပိုသိလဲ၊ ဘယ်သူတွေက ပိုမိုက်သလဲ။
ရယ်မောလိုက်တယ်၊ ငိုကြွေးလိုက်တယ်၊ အာခေါင်ခြောက်တယ်၊
ဦးနှောက်ခြောက်တယ်၊ ဘာမှ မထူးခြားဘူး။
လမ်းဘေး သောက်ရေအိုးကို ဘယ်သူ ရိုက်ခွဲသွားသလဲ၊
မကျေနပ်ဘူး၊ မကျေနပ်ဘူး ခိုင်ထူး ဆိုသလိုမျိုး ဆိုပြီး
သူ ထွက်ခွာသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

**ငါ မပြောချင်တဲ့ အကြောင်းထဲမှာ**
**ရေးလက်စဖြစ်နေတဲ့ ကဗျာတစ်ပုဒ်အကြောင်း ပါတယ်**
မိုးဇက်လင်းလက်

ရွှေ့ကျလာတဲ့ ယုံကြည်မှုခပ်ပါးပါးနေရောင်မှာ
ဖြတ်ကန်ပစ်လိုက်တယ်
ဒါဟာ တက်ခေါက်သံထက်ပြင်းတဲ့ ဒဏ်ရာ
ငါတို့ဟာ လူငယ်
တာထွက်မှားတဲ့ ပညာရေးရဲ့ သားကောင်
ဆေးလိပ်သောက်တတ်စ ခံစားချက်ကို
ပြန်ခံစားလို့ မရတော့သလို
ပြက်လုံးတွေထဲမှာ
ဘဝကို စာအုပ်တွေလို စနစ်တကျ ထားတတ်လာတယ်
ငါတို့ဟာ လူငယ်
ပြည်တွင်းဖြစ် နိုင်ငံခြားတံဆိပ် ကပ်ထားကြသူတွေကို မုန်းတယ်
အလင်းမစိမ့်တဲ့ ပပ်ကြားအက် မြေပြင်တွေမှာ ကြီးထွားတယ်
အညွန့်အပြကိန်းတွေရဲ့ လွဲမှားခြင်းသင်္ကေတ
ငါတို့ဟာ ငါတို့မသိတဲ့ အနာဂတ်ရဲ့ခေါင်းဆောင်
ငါတို့ဟာလူငယ်
ရိုးတွင်းချဉ်ဆီထိ ကိုက်ခဲမှုမျိုးနဲ့ မိုက်ပြရတာကို ကြိုက်တယ်
အိတ်ထဲကငွေကြေးက ငါတို့ရဲ့တစ်နေ့တာ ပြဒါးတိုင်
ဘီယာယဉ်ကျေးမှုမှာ နေရာမှား ရောက်တတ်ကြတယ်
ဈေးပေါပေါမိန်းမတွေနဲ့ ပြေးတန်းလိုက်တန်း ကစားတတ်တယ်
ငါတို့ဟာ လူငယ်
အသုံးမဝင်တော့တဲ့ ပယ်ဖျက်ခံငွေကြေးလို နေထိုင်တယ်
အဖော်အပေါင်းနဲ့ တစ်နေ့တာလောကသစ်ကို တည်ဆောက်တယ်
အရက်ဆိုင်ပိတ်ချိန်တွေကို ကက်တလောက်ထဲ ထည့်ထားတတ်တယ်
ငါတို့ဟာ လောင်ကျွမ်းမှုအဆုံးမှာ ထပေါက်နိုင်တဲ့ ဒိုင်းနမိုက်
ငါတို့ဟာ လူငယ်
ပစ်ခတ်ရတဲ့ ဂိမ်းတွေကို နှစ်သက်တယ်
လီဗာကုန်နင်းခံရတဲ့ ကားတစ်စီးလို သွားတယ်
လမ်းမပေါ်က အူသံမျိုးစုံဟာ ငါတို့ဂီတ



အထင်ကြီးမှုကို သရော်ချင်တယ်
ဘရိတ်ပေါက်နေတဲ့ လမ်းတွေကို ပခုံးတန်းလျှောက်ချင်တယ်
ခပ်ကြမ်းကြမ်း လွင့်ချင်ရာလွင့်နေတဲ့ ကမ်းလွန်လေလို မျောတယ်
ငါတို့ဟာ လူငယ်
ငါတို့ဟာ ပြောင်းဝအတွင်း စုပြုံထိုးသိပ်ခံရတဲ့ ကျည်တောင့်
ငါတို့ဟာ ကျော်ချခွင့်မရှိတဲ့ စာရွက်ထဲက တားမြစ်စာသား
ငါတို့ဟာ သတိပေးခေါင်းလောင်းသံတွေကြားက ဘေးထွက်ဆိုးကျိုး
ငါတို့ဟာ ပုစ္ဆာတစ်ပုဒ် မဟုတ်ခဲ့ဘူး
ငါတို့ဟာ အဖြေရလဒ်တွေ ဖြစ်တယ်
ငါတို့ဟာ အနာဂတ်ကို မယုံတဲ့ သားကောင်
ငါတို့ဟာ ကိုယ့်ဥပဒေသမှာ ကိုယ်မျောနေတဲ့ မြစ်။



www.burmeseclassic.com

www.burmeseclassic.com

## ပန်းတိုင်

မိုးနေ

ငါလျှောက်နေတဲ့ ခြေလှမ်းတိုင်းက
ငါ့ကို ကျော်နိုင်းလို့
ငါ့ကို မျက်ခြည်ပြတ်လို့

ငါလှမ်းနေတဲ့ ပန်းတိုင်က
ငါ့ကို ဖြားယောင်းလို့
ငါ့ကို မြှူဆွယ်လို့

ငါလိုချင်တာ နိဗ္ဗူ၊ သုခ
ငါရှာဖွေနေမိတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ

ငါက သဘာဝတရားကို စားသုံးလို့
ငါ့ကို သဘာဝတရားက ဒဏ်ခတ်လို့
ငါ့ကို အဆိပ်ခတ်ပြီး ခရီးဆက်နိုင်းလို့

ငါက အချစ်ကို ရှာလေ
ငါ့ကို အတ္တက သဘောကျလေ
ငါက အထီးကျန်လေ

နောက်တော့ ...
ငါက ငါ့ကိုရှာဖွေလို့
ငါလက်ထဲ ငါ့ဝိညာဉ်က စုတ်ပြတ်လို့

ငါက ကြောက်လန့်လို့
ငါ့သိက္ခာကို ရေမြင်းက ရှာဖွေလို့။



## လောကနတ်ထံ သတင်းမီဒီယာ ဝင်ခွင့်မရှိ

မိုးဖွဲ့တိမ်

စကားမစပ် မယ်တော်ယက္ခဟာ ဆက်သွယ်မှုရေယာပြင်ပ ရောက်နေပါတယ် ခင်ဗျ ရွှေအုန်းသီး ငွေအုန်းသီးနဲ့ ရွှေပွဲ ငွေပွဲတွေကြားမှာ ဆေးလိပ်ငွေ့ မိုးတိမ်တွေ ထူထပ်နေလို့ဆိုပဲ။ ရွှာတော်ရှင်တို့ အဆိုအရ ၃၇ မင်း နတ်တွေဟာ ဖုန်းလိုင်းမမိလို့ဆိုပြီး သူတို့ဆိုင်ရာ နယ်မြေတွေမှာ အခွန်တွေ တိုးကောက်ပါတယ်။ ဒီသတင်းကြားတော့ ပြဟ္မာကြီးလေးဦးဟာ ကမ္ဘာမြေပေါ် ဆင်းလာပြီး ဆက်သွယ်ရေးတာဝါတိုင်တွေကို တိုးချဲ့တပ်ဆင်လိုက်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ သိကြားမင်းရဲ့ မနာလိုမှုကြောင့် မာန်နတ်ရဲ့ ဟန်းဆက်ဟာ ပျောက်ဆုံးသွားတယ် လွှမ်းစရာတော့ မရှိပါဘူးလေ ... မာန်နတ်ရဲ့ ဟန်းဆက်က ကီးပက်လေးပဲ မဟုတ်လား။ မယားငယ် ခုနစ်ထပ်ကွမ်း အသံမျိုးတွေ မကြားချင်တော့လို့တဲ့ မနဲ့လေးရဲ့ ညောင်နာနာ အသံကို ဘုရားသခင်က ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဒါ သတင်းကောင်းပါပဲ။ အသူရာသိကြားမင်းနဲ့ ကိုကြီးကျော်နဲ့ စစ်ခင်းနေကြပြီ အသောက်ပြိုင်လို့ မနိုင်ရာကနေ အငြင်းပွားပြီး စစ်ပွဲကြီးတစ်ပွဲ ဖြစ်သွားသတဲ့ တရားခံကတော့ ကြက်ကောင်လုံးကြော်တစ်ခုကို ဗျတ်ဝိ ဗျတ်တ္တ ညီနောင်က ခိုးသွားလို့တဲ့ မအိုဇာလည်း အိုစာသွားပါပြီ ... ကြက်တစ်ဝပ်စာနေရာမှာ ကွမ်းတစ်ယာကို သွားထားပြီး ရေမှုတ်ထဲက ရေကို သူကိုယ်တိုင် မော့သောက်လိုက်မိလို့ ဆိုပဲ ...။ ဒါနဲ့ စကားမစပ် ... နဂါးမင်းဟာ ဘယ်တော့မှ မအိပ်ဘူးဗျ အိပ်ရေးကြီးတယ်လို့ အပြောခံရတာကိုက နဂါးငပျင်းလို့ အထင်ရောက်စေတယ်လေ။ ခုတလော သိကြားမင်း ကိုမာဃလည်း နည်းပညာ ရောဂါတက်နေတယ် ဒါ့ကြောင့် သူ့ရဲ့ ကမ္ဘာဦးကျောက်ဖျာကြီးကို နာနိနည်းပညာနဲ့ ပြုလုပ်ဖို့ Intel ကို အပ်လိုက်ပါပြီ။ ကြားဖူးသလောက်ကတော့ဗျာ မြင်းမိုရ်တောင်ကို ထားရှိဖို့ ကမ္ဘာကြီးဟာ အရမ်းသေးကွေးလွန်းသတဲ့။ ထားပါတော့ ... ဒီသတင်းကြောင့်ပဲ စကြဝဠာအုံကြွမှုနဲ့ ဆန္ဒထုတ်ဖော်မှုတွေ ဖြစ်တယ် ဂီသတင်းကြောင့်ပဲ ပုဒ်မ ၁၈ နဲ့ အိမ်တွင်းနတ်ဟာ သူ့အုန်းသီးကို ထောင်ထဲမှာ လိုက်ရှာနေရတယ်။ ငါ့ကိုယ်စောင့်နတ်က ပြောတယ် မင်းမရှိရင် ငါ ရှိစရာမလိုဘူးတဲ့ ... မင်း လိုင်ဆက်ဆံတဲ့အခါ ငါက ဘေးနားကနေ မျက်နှာပူနေရတာ မင်း သိလားတဲ့ ဒီစကားကြားတော့ ငါ့ကိုယ်စောင့်နတ်ကို မထောင့်ကန်ပစ်လိုက်တယ် ငါ့ခြင်ထောင်ထဲက ကိစ္စတွေကို ဒီသတ္တဝါက နားပူနားဆာ လာလုပ်စရာလား။ စကားမစပ် ဘိုးမင်းခေါင်ရဲ့ ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com

အတွက် သူ့ကိုယ်ရေးအရာရှိက လာပြောတယ် ဆေးလိပ်တွေ သိပ်မကပ်ပါနဲ့တဲ့ ... ကြာရင် အဘအတွက် အဆုတ်ကင်ဆာဖြစ်မှာ စိုးရိမ်ရတယ်တဲ့ အဲဒီအကြောင်း မသိသေးတဲ့ ဘိုးဘိုးအောင်အတွက်တော့ သတင်းကောင်းပါပဲလေ ... ဟုတ်ကဲ့ ... ကျွန်တော် အခုပြောပြနေတာက လောကနတ်ကိုပါ သူ က,တာ သိပ်လှတယ်လို့လည်း ခပ်ဖားဖားလေး ပြောလိုက်ရသပေါ့ ...။

**အမြိုတမ်း နွေ**

မိုးရင့်ကြယ်

ဒုက္ခတရားက ကျယ်တယ်
မြို့ပြက ကျဉ်းတယ်
ရာသီဥတုကို ခုခံဖို့
ကိုယ့်ဘဝက ရေမီးမစုံဘူး
ဥဩငှက်ကလေးလို
သစ်ပင်ခြောက်ကလေးမှာ
တငွေ့ငွေ့အော်နေရတဲ့ အပူ
ပြောရရင်
တစ်တောလုံး ပြုန်းနေရတဲ့ ချစ်မေတ္တာမှာ
ကိုယ့်ကို ပြာကျစေတဲ့ ပေါ့ဆမီးဟာ
မင်းဆီက စခဲ့တာပေါ့ ရော်ရွက်ဝါလေးရယ်။





www.burmeseclassic.com

www.burmeseclassic.com

## အပြုံးကင်ဆာ

မိုးလှိုင်ည

တကယ်ဆို လက်ဆွဲနှုတ်ဆက်မှုတွေဟာ သေဒဏ်ပေးမယ့် နာကျင်မှုတွေဆိုတာ ကြိုသိဖို့ ကောင်းတယ်။ ကိုယ်တိုင် အပြုံးတွေကို မယုံကြည်တတ်သူလေ ... ပူအိုက်တဲ့အခန်းထဲမှာ အသက်ပါတဲ့ အပြုံးကို ချိတ်ဆွဲမထားသင့်ဘူး ... နာမည်ကြီး ... မျက်နှာကြီးတွေ ကြားထဲမှာ ယောင်ချာချာဖြစ်နေတဲ့ ကိုယ့်အပေါ် အဲဒီအပြုံးဟာ ... ဘာဖြစ်လို့ တိုက်တိုက်ဆိုင်ဆိုင် ... ထိုးနှက်တိုက်ခိုက် လိုက်တာလဲ ... နာမည်တွေပြော လက်ဆွဲ နှုတ်ဆက်လိုက်ကြ ... ကျော်ခိုင်းရင် မေ့ပစ်ဖို့ ဝန်မလေးအောင် ... အထပ်ထပ် လေ့ကျင့်ထားခဲ့တာပဲ ...။ ဟိုတစ်လော ခင်ဗျား အနုပညာလေး ... တော်တော်ဆွေးဖို့ကောင်းတယ် ... အဲဒီလို မရေမရာစကားတွေ ခပ် တိုးတိုးပြောဖြစ်ကြတာမျိုးပါ ...။ ကိုယ်က ဘဝဆိုတာမှာ ဘာကိုမှ မယုံကြည်တတ်တဲ့ သံသယဝါဒီလေ ... ။ တကယ်ဆို ကိုယ့်နယ်နိမိတ်ထဲကို မိတ်ဆွေဖွဲ့မှုတွေနဲ့ ပုံးမကြသင့်ဘူး ... ကိုယ်တိုင်က ခင်မင်မှုနည်းပါးတဲ့ အထီးကျန် မုန်တိုင်းသစ်ပင် ဒဏ်ရာတွေ နာကျင်မှုတွေနဲ့ ဖုထစ်နေတတ်တာမျိုး ...။ စစ်ပွဲတွေ အမြဲဖြစ်နေရင် ကောင်းမှာပဲ ဆိုတဲ့ မှောရေကျောရေအမှန်တရားမျိုးနဲ့ ပေါင်းဖော်ကြီးပြင်းခဲ့ရတာ ... အကောင်းမြင်ဖို့ဆိုတာကိုယ်ဘယ်တော့မှ မကျင့်သုံးတဲ့ ဆက်ဆံရေး ...။ ဖြစ်နိုင်ရင် ... ကိုယ်နဲ့တူတဲ့ သက်ရှိမျိုးစိတ်တွေနဲ့ ခပ်ဝေးဝေးက တိတ်တိတ်ဆိတ်ဆိတ် နေထိုင်လိုသူသာ ... ဒါဟာ ဘယ်ဖြစ်နိုင်မှာလဲ ... သက်တံတွေရဲ့ ကျူးကျော်မှုလို့ ... ကိုယ်စိတ်ကို ကျောခိုင်းမှုတွေနဲ့ ခေါ်ဆောင်သွားတဲ့ ပန်းချီကားထဲအပြုံး ...။ ဘဝရဲ့ အသေးကျုံ့ဆုံး မာနတွေကို ကျစ်လျစ်မာကျောဖို့ ... နေထိုင်ခြင်း မှတ်စုတိုတွေထဲ နေ့စွဲထဲ အမှတ်တရ လက်ရေးအမှတ်အသားတွေ ... သိုးဆောင်းတွေရဲ့ စကားလုံးတွေပေါ် ... လက်ဖဝါးတွေ ထိရှမိတိုင်း ... ခံစားမှုတွေ ဒါမှမဟုတ် စိတ်အလျဉ်နှုန်းတွေ ... မြန်နှုန်းမြင့်အိပ်မက်တွေက ဆောင်းငတ်တဲ့ နှင်းတွေလို ဘယ်အချိန်မှာ ဖွေးဖွေးလှုပ်အေးစက်ရမယ် မသိတော့ဘူး ။ အခုဆို ကိုယ်က ခဏခဏ ပြုံးတတ်တာကိုကင်ဆာလို အမြစ်တွယ် ခံစားတတ်နေပြီ ...။ မရေမရာနိုင်လွန်းတယ် ... တစ်ယောက်တည်း ... လည်း ... ဒါမှမဟုတ် နာရီတွေ ပြက္ခဒိန်စာရွက်တွေ ရန်ကုန်မြစ်ရေတွေ ပြီးတော့ နေဝင်ချိန်တွေ ပြီးတော့ အသုဘ အခမ်းအနားတွေ နောက်ပြီး လရိပ်ပြာတွေ မြင်တိုင်းလည်း ကိုယ်ပြုံးနေတတ်ပြီ ...။



အခုတော့ ကုထုံးမရှိတဲ့ ခံစားမှုတွေနဲ့ ... ကိုယ်လုံးပါးပါးရတော့မလား ... ခါတုဆေးဝါးတွေ သုံးစွဲပြီးတော့ နုနုနယ်နယ် ညရေးညတာလေးကို ဖျက်ဆီးမထားခဲ့ချင်ဘူး ... ကိုယ့်အတွက် အပျင်းကြီးတဲ့ ကော်ဖီတွေ မိတ်ဆွေမရှိတဲ့ စာအုပ်တွေ ပြီးတော့ အထီးကျန်လွန်းတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ... ၂၀ ရာစု နောက်ဆုံးပတ်က ကုလားထိုင်အိုကြီးတွေနဲ့ ... အဖော်လုပ်ပြီး ဖျော်ဖြေနေရတယ် ... အလိုလိုက်ထားတဲ့ကြားက ဘဝက တစ်ခါတစ်ခါ အထပ်ထပ်ပြုံးတယ် ...။ ကိုယ့်လက်ထဲ စာအုပ်ကို အပြုံးကင်ဆာတွေ ကူးစက်မှာဆိုးလို့ ခပ်ဝေးဝေးထားလိုက်တယ် ...။ မိုက်မဲလွန်းတဲ့ ညမှာ အပြာရောင်လလေးက ကွေးကွေးလေးသာလို့ ...။



www.burmeseclassic.com

www.burmeseclassic.com

## ပုဂံခရီး

မိုးဝေး

ပြောစရာတွေကို အထပ်လိုက်စီတယ်
ဒေါသတွေကို ဒေါင်လိုက်စီတယ်
ဆေးရေးခြယ်ထားတဲ့အောက်မှာ
ဆေးရေးခြယ်သူတွေရဲ့ အိပ်မက်
အုတ်တစ်ချပ်နဲ့ အုတ်တစ်ချပ်ကြားက
အကြားအလပ်ကို ရှာနေမိတယ်။

လောကနန္ဒာဆိပ်ကမ်းမှာ
မင်းရော သူရော ငါရော ဆုံကြ
မြစ်ဘက်ဆီ ငေးမောကြပုံ တူကြ
တည်းခိုရာဆီ ပြန်ခဲ့ကြပုံလည်း တူကြ
လောကနန္ဒာဆိပ်ကမ်းမှာ။

မနက်ခင်း ပုဂံဈေး
ပုဂံ ဂူဘုရားတွေ၊ ပုထိုးတော်တွေ
ဘယ်မှာလဲ အာနန္ဒာ၊ ဘယ်မှာလဲ ဂူပျောက်ကြီး
မြင်းလှည်းသမားနဲ့ မြင်းမှာ
ဘာကို စာနာနားလည်ရမလဲ
ဘဝဟာ အရေးကြီးတယ်
သင် ပုဂံရောက်ရင် ပုဂံကိုရောက်မှ ဖြစ်မယ်။

၁၁၊ ၂၊ ၂၀၁၅။



## ပန်းတစ်ပွင့်ကို ထမ်း၍

မိုးသီးဇွန်

မနော်ဟရီလမ်း
အခန်းကျဉ်းလေးထဲ
နီကျင်ကျင်မီးလုံးတစ်လုံးပဲ
ထွန်းထားတယ်။

စစ်သားတွေက
ခြိမ်းလိုက် ခြောက်လိုက်
ဟိန်းလိုက် ဟောက်လိုက်နဲ့
တစ်ယောက်ကဆို
ပစ္စတိုသေနတ်ကို မောင်းဆွဲတင်
ကျွန်တော့်နားထင်ကို တေ့ပြီး
'မင်း ကွန်မြူနစ်ပဲ'တဲ့
အမှန်တရားအတွက်
အသက်စွန့်သူဟာ ကွန်မြူနစ်ပါလို့
သူတို့ အဓိပ္ပာယ်ဖွင့်ကြတဲ့အခါ
ကျွန်တော် ကွန်မြူနစ်ဖြစ်နေတာပေါ့။

အကြာကြီးပဲ
အကြာကြီးပဲ
ကုပ်ပိုးကို ဆောင့်ဆောင့်ဆွဲ
ကျွန်တော့်ဆံပင်တွေ ဖွာလန်ကြဲ
အခန်းထောင့်မှာ ပစ်လဲနေပေါ့
မေမေမြင်ရင် ရင်ကွဲမယ်
တော်ကြာ သူတို့ လာခေါ်ပြန်ရော
တစ်ညလုံး စစ်ကြောတယ်။

'မင်းဟာ အနီ၊ ဒီမှာကြည့်စမ်း'
ဓာတ်ပုံတစ်ပုံ ထုတ်ပြတယ်
ဓာတ်ပုံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ အနီ
အနီမှ ရဲရဲ
သွေးအိုင်ထဲ လဲကျနေတဲ့
အဖြူအစိမ်းလေးကို ပခုံးမှာထမ်းပြီး
ရှစ်လေးလုံး လမ်းမကြီးအတိုင်း
ဆင်ရိုင်းကြီးတစ်ကောင်လို
နာကြည်းချက်နဲ့
ဟစ်ကြွေးနေတာကို။

*(စစ်ကြောရေးစခန်းကို ဖြတ်ကျော်ခဲ့တဲ့ ရဲဘော်များသို့ အမှတ်တရ ...)*



**ကြွေး**
မိုးသက်ငြိမ်ဦး

ကြွေးဆိုတာ
ဆပ်တတ်ရင် ကျေတယ်။

ကြွေးတင်
ရှင်ဘုရင်ဆပ် တဲ့။

အစဉ်အဆက်
ဆပ်မကုန်နိုင်တဲ့
ရာဇဝင်ကြွေး ...
သမိုင်းကြွေး ...
သံသရာကြွေးတွေ ...။

ဘယ်သူ ဆပ်မလဲ
ဘယ်လို ဆပ်မလဲ
ရှင်ဘုရင်ရဲ့ ကြွေးတွေ။

ကြွေးတွေ ကျေအောင်
လက်စားချေမလား ...
သင်ပုန်းချေမလား ...
တစ်စုံတစ်ရာနဲ့ပဲ ထေလိုက်မလား ။

သွေးဆိုတာ
မသတ်တတ်ရင် ပေတယ်

၂၃၊ ၆၊ ၂၀၁၄။



www.burmeseclassic.com

www.burmeseclassic.com

## ကဗျာသမား

မိုးသစ်ထွန်း(ပုလဲမြေ)

ကဗျာရေးသူတွေ ကဗျာခံစားသူတွေ
အားလုံးဟာ ကဗျာသမားတွေ …
ခင်ဗျားတို့က လှချင်မှလှမှာပေါ့
ရင်ဘတ်တွေက ကြည်လင်နေတော့
နှလုံးသားကို ဖောက်မြင်ရတာပေါ့ …
ခင်ဗျားတို့တစ်တွေ ဘွဲ့တွေ ဒီဂရီတွေ ရချင်မှရမှာပေါ့
ခင်ဗျားတို့ နှလုံးသားက အကာအကွယ်မဲ့နေတော့
လူတောထဲနေရင်း ဘဝအကြောင်း ကောင်းကောင်းသိတာပေါ့ …
အများရဲ့ ဒုက္ခတွေ ပျော်ဝင်လွယ်သလောက်
သွေးတိုးစမ်းခြင်းအတွက်ကျ ခံအားက အပြည့် …
ဒီခရီးမှာ ဒီထီးမဆောင်းဘဲ
ဒီအရပ်မှာ ဒီဖိနပ်ပဲ စီးနေတက်တဲ့
ဒီအစိုးရကို ယုံကြည်ကြပါလို့
သဝေလာလာထိုးတဲ့ အယုံသွင်းတရားတွေတိုင်းလည်း
ပုံပြင်လောက်ပဲ သဘောထားသူတွေ …
ဘဝပေးအခြေအနေကစစ်တဲ့ နေ့စဉ်စာမေးပွဲတွေကို
အောက်သက်ကျေကျေ ဖြေနေသူတွေ
အဲဒါ ခင်ဗျားတို့ ကဗျာသမားတွေလေ …။



## မွေးနေ့

မိုးဦးဆွေညိန်း

အမှောင်မှာ မနေချင်ဘူး
အလင်းထဲ ရဲရဲတိုးဝင်ကာ
အကုသိုလ်တရားတွေ
ပိကျနေမှုက
ရှောင်ထွက်လိုက်ချင်တယ်။

ခေတ်ကြီးက
ကိုယ့်ကို လာငြိနေသေးတော့
ပျော်သလိုနေချင်စိတ်တွေ
တဖြည်းဖြည်း
ပါး
လျ
လာ …။

လွတ်လွတ်ကျွတ်ကျွတ် အပျော်တွေ
ကိုယ့်ဆီရောက်လာဖို့
အလင်းနှစ်ချီကာ
စောင့်ရဦးမှာလား
နောင်လာမယ့်
မျိုးဆက်တွေအတွက်
အားနာမိတယ်။

လွတ်မြောက်ခြင်းရဲ့ အဓိပ္ပာယ်
အဆုံးသတ်ပါရစေတော့။

*ဧပြီ ၂၄၊ ၂၀၁၄ (၆၇ နှစ်ပြည့် အမှတ်တရ)*



www.burmeseclassic.com

www.burmeseclassic.com

## **မိုးစီးဖိနပ် အပြာလေးတစ်ဖက်**

မိုယ်းဇော်

မိုးစီးဖိနပ် အပြာလေးတစ်ဖက်ပေါ့
သွေးနဲ့ မြေမှုန့်ရောပြီး စွန်းကွက်လို့
ခြောက်သယောင်းလို့
လယ်ကွင်းနံဘေးမှာ ကျွတ်လို့။

အပေါ်ဘက်မှာတော့
မိုးတိမ်တွေက ပြာလို့။
ကျေးငှက်တွေက ပျံလို့။

သွေးနဲ့ မြေမှုန့် ရောထားတဲ့
မိုးစီးဖိနပ် အပြာလေးတစ်ဖက်က
လုံထိန်းတပ်ရင်းကြီး ဆယ်ရင်းကို
လုံထဲ ထည့်ပြီး မီးဖုတ်ပစ်လိမ့်မယ်။

မိုးစီးဖိနပ် အပြာလေးတစ်ဖက်က
အရှည်ကြာဆုံး ပြည်တွင်းစစ်ကို
အလျင်မြန်ဆုံး
ရပ်စဲပေးလိမ့်မယ် (ခေတ်နောက်ပြန်ဆွဲ
ရိုင်ဖယ်သေနတ်သံလေး တစ်ချက်ကအစ)။

မိုးစီးဖိနပ် အပြာလေးတစ်ဖက်က
ဒီနေ့ တိုက်ပုံဝတ် နိုင်ငံရေးသမားတွေကို
တိုက်ပုံဝတ်နိုင်ငံရေးအကြောင်း ဟောပြောပြလိမ့်မယ်။

မိုးစီးဖိနပ် အပြာလေးတစ်ဖက်က
ဗိုလ်ချုပ်ကြီးနှာတုရဲ့
လှောင်ပြောင်နေတဲ့ ဒူးယား ခပေါင်းဦးထုပ်ကို
ဦးခေါင်းပေါ်က
ဆွဲချွတ်ပေးလိမ့်မယ်။



မိုးစီးဖိနပ် အပြာလေးတစ်ဖက်က
ခေတ်အဆက်ဆက်
သွေးထွက်ခဲ့ရတဲ့
တောင်သူကြီးတွေရဲ့ ဝိညာဉ်ကို
မိုးအောက်မြေပြင်မှာ
အကောင်းပကာတိအတိုင်း
ဆောင်ကြဉ်းပေးလိမ့်မယ်။

မိုးစီးဖိနပ် အပြာလေးတစ်ဖက်က
ရောဂါတွေအကုန်လုံး
ဖွန်လ၊ ဒါမှမဟုတ် ဇူလိုင်လမှာ
အမြစ်ဖြတ်ပေးလိမ့်မယ်။

မိုးစီးဖိနပ် အပြာလေးတစ်ဖက်ပါ
ဘာမှမဟုတ်ပါဘူး
သွေးနဲ့ မြေမှုန့်ရောထားတဲ့
မိုးစီးဖိနပ် အပြာလေး တစ်ဖက်ပါ
ဘာမှ မဟုတ်ပါဘူး။
စင်ဒရဲလားနဲ့ မတွေ့ခဲ့တဲ့ မိုးစီးဖိနပ် အပြာလေး တစ်ဖက်ပါ။

မိုးစီးဖိနပ် အပြာလေးတစ်ဖက်က
လွတ်လပ်ရေးသီချင်းကို
ဘယ်သူမှ မသိအောင်
အဝါရောင်လယ်ကွင်းထဲမှာ တိုးတိုးလေး ဆိုခဲ့ပြီ။

*၂၇၊ ဒီဇင်ဘာ၊ ၂၀၁၄။*



www.burmeseclassic.com

www.burmeseclassic.com

## လိပ်ပြာတွေရဲ့ ဈေး

မိုယ်းဇက်သော်

တိုက်တာတွေရဲ့ အဝေး
နောက်ဖေးလမ်းကြားက စွန့်ပစ်ပစ္စည်းပုံနားမှာ ပိတ်မိနေတဲ့
ခွေးလေခွေးလွင့်တစ်ကောင်က မြို့ပြကိုရှာမတွေ့လို့ အူတယ်
အသည်းထဲကတော့ အရိုးအရင်းလေးများ မရှိကြဘူးလားလို့ တွေးပြီး
အရပ်လေးမျက်နှာကို ထိုးဟောင်တယ်
ဘယ်သူမှ ဂရုမစိုက်ကြဘူး
ရယ်တဲ့သူ ရယ်ကြ၊ ငေါက်ငမ်း မောင်းထုတ်ကြ
အင်တာနာတိုင်ပေါ်က ငှက်ဆိုးတစ်ကောင်ဟာ
ဂွါ ... ဂွါ ... ဂွါ ... လို့ အော်ပြီး
အမှောင်ကိုကိုက်ချီ ပိုမှောင်တဲ့ဆီ ပျံသန်းသွားတယ်
သူလန့်လို့ လွှတ်ချထားခဲ့တဲ့ ဖျားနာနေတဲ့ လရောင်လည်း
ပလက်ဖောင်းအပေါ်က်တွေထဲ ခေါင်းငိုက်စိုက်ကျုံ့ကျလို့
မြေကြွက်ကြီးတွေလည်း အစာရှာထွက်လို့
အပို့ရှည်ပျက်ဖို့ စက္ကန့်ပိုင်းပဲ လိုတော့တဲ့
ကောင်မလေးလို ညဟာ သွေးပျက်ချောက်ချားဖွယ်ကောင်းနေတယ်
ဂျစ် ... ဂျစ် ... ဂွီ ... ဂီ ... ဝီ ... ကွီ ... ဂီ ...
ရေဒီယိုအစီအစဉ်တွေဟာ ညထဲ
မပျင်းမရိ လှော်ခတ်နေကြတယ်
လာမယ့် အရေးတော်ပုံမှာ
အားလုံး အရေးတော်ပုံကြမှာဖြစ်ပြီး
လာမယ့် ဆန္ဒပြပွဲမှာ
အားလုံး ဆန္ဒပြကြမှာပဲ ဖြစ်ပါတယ်
စိတ်မကောင်းစရာပဲ
နာရေးသတင်းဟာ သတင်းစာတစ်စောင်လုံး ဓားပြတိုက်လိုက်တယ်
လက်နက်ချရဖို့ ကျည်ဆန်တွေကို အကြောင်းကြားစရာမလိုပေမဲ့
ကျည်ကတ်မပါတော့တဲ့ ပြောင်းဝထဲ
နှလုံးခုန်သံတစ်ချက်ခြားပြီး
စိတ်မချလက်မချ ကြည့်နေမိတဲ့ အရှုးအနှမ်းတွေ
သံတိုင်ခတ်ထားတဲ့ အတွင်းဘက်နံရံဟာလည်း



အကျဉ်းကျနေတဲ့အကြောင်း ဘယ်သူမှမသိကြဘူး
ဒီဝါကျမရောက်ခင် မီးပျက်သွားတာပေါ့
နာရီသံက ညဆယ့်နှစ်နာရီထိုးကြောင်း ညည်းညူတယ်
ပျင်းရိပြီး မျက်စိကျိန်းစပ်လာတာနဲ့ ရေဒီယိုကို ပိတ်လိုက်တယ်
ခင်ဗျား သိပ်မူးနေပြီလို့ သူ့မိတ်ဆွေ ပြောလိုက်တဲ့အသံ
ပြန်ကြားယောင်ပြီး ပြုံးလိုက်တယ်
ရီဝေနေတဲ့ကမ္ဘာတစ်ခု ဖန်ဆင်းထားသလိုပဲလို့ တွေးပြီး
တံခါးပေါက်ကို ခပ်ဖြည်းဖြည်း ဆွဲပိတ်လိုက်ပေမဲ့
အစာကိုငေးနေတဲ့တံခါးကြားက အိမ်မြှောင်လေးဟာ
မချိမဆံ့ ညပ်သေသွားတယ်
မနက်လင်းတော့
မျက်နှာကြက်က ပန်ကာဟာ လေကိုလွှသွားလို
စိမ်းကားကြမ်းတမ်းစွာ ခွဲဖြတ်လို့
တိုက်ခန်းထဲက လူဟာ အကျီကြယ်သီး ဟပြဲနဲ့
လောကရဲ့ ဆက်သွယ်မှုရေိယာပြင်ပဘက် အေးစက်စွာရောက်နေတယ်
အမှိုက်ပုံက ယင်ကောင်တွေဟာ လမ်းကြောင်းပြသူမရှိဘဲ
အဆိပ်မိပြီး သေဆုံးနေတဲ့ ခွေးတစ်ကောင်ဆီ
စစ်ချီနေတဲ့ လေယာဉ်ပျံတွေလို လမ်းကြောင်းပြောင်းပြီး
အငမ်းမရ ဝဲနေတော့တယ်။

၁၈၊ ၂၊ ၂၀၁၅။



www.burmeseclassic.com

www.burmeseclassic.com

## ရွေးချယ်ခြင်း

မင်းကိုနိုင်

တစ်စုံ အစွမ်းရှိတယ်ထင်ရင်
မှီကိုးတတ်ကြ
ဘဝချင်း နီးတယ်မြင်ရင်
အဖော်ပြုတတ်ကြ။

ပတ္တလားသင်တော့
တံတျာတေရှင်နဲ့ စ
ရိပ်သာဝင်တော့
သံသရာမရှည်ချင်နဲ့ ပြ။

ကိုယ့်အလုပ် ကိုယ်တွေး
ကိုယ့်အရုပ် ကိုယ်ရွေးကြတာပဲ ကလေးရေ ...။

## တဒီးဒီး စီးနေတဲ့ခေတ်ကို ငေးကြည့်

မင်းချမ်းမွန်

မိုတွေလို ညည်းမနေနဲ့
ဟိုလူတွေ ဖိနပ်အစုတ်ပဲ ထားခဲ့တော့
အဲဒီအစုတ်နဲ့ ခုတ်မောင်းရမှာပဲ တစ်ခေတ်ပြီးတစ်ခေတ်
ဒုက္ခဆိုတာ ဗုဒ္ဓမပေါ်ခင်ကတည်းက ပွင့်ခဲ့တာ
ကြည့်လိုက်တော့၊ ခေါင်းပေါ်မှာ ဦးထုပ်ကောင်းကောင်းတစ်လုံး မရှိဘူး
သယံဇာတကျိန်စာသင့်သလို တောင်တွေပြုန်း တောတွေပြုန်း
သျှောင်ထုံးဖို့ နေနေသာသာ တစ်ကိုယ်လုံးပြောင်တာ ကြာပြီ
စံပယ်တောင်လည်း ထိုနည်းလည်းကောင်း
လက်ပံတောင်းတောင်လည်း ထိုနည်းလည်းကောင်း
ဧရာဝတီ သံလွင် လျှာထွက်ဖို့အသင့်ပြင်
နောက်ထပ် လက်ညှိုးထိုးရောင်းစရာ ဘာကျန်သေးလဲဟေ့
ပြေးနိုင်မှ လွတ်မယ့် နိုင်ငံထဲ မှန်အတည့်မရှိတော့ဘူး
မျက်နှာအရွဲ့တွေနဲ့ မှန်အရွဲ့တွေက အံကိုက် စရွေးကိုက်
ပလေယာအဟောင်းတွေနဲ့ ကစားကွက် တက်ခနစ်အဟောင်းတွေနဲ့
အလစ်ပေးလို့မရတဲ့ ခေတ်ကြီးထဲ ဟိုပြဿနာ ဒီပြဿနာနဲ့ တထိတ်ထိတ်
အနာဂတ်ပညာရေးတောင် သပိတ်တွေနဲ့ တိုးလိုက် တိုက်လိုက်
ငြိမ်းချမ်းရေးက ဆွေးနွေးပွဲနဲ့ ညစာစားကောင်းတုန်း
စပ်ဖြိုဖြိုနဲ့ လက်ဆွဲနှုတ်ဆက်လို့ ကောင်းတုန်း
အရှေ့မြောက်ဘက် တောင်ကုန်းဒေသများ အပါအဝင် ကချင်မြေအဆုံး
တဒက်ဒက် တဒုန်းဒုန်း ... တဒုန်းဒုန်း တဒက်ဒက်
ယမ်းငွေ့တလူလူနဲ့ နေ့ခင်းကြောင်တောင် အမှောင်ထဲ
မြေစာပင် စစ်ရှောင်ပြည်သူတွေ ယုန်လိုပြေး ခွေးလိုပြေး
အိမ်မြှောင်မရှိတဲ့ စမ်းတဝါးဝါးခရီးမှာ
တဒီးဒီး ...စီးနေတဲ့မြစ်ကို ငေးကြည့်နေရတယ်
ငါတို့ စစ်ကြီးလို ခေတ်ကြီးက ဆွေးစရာကြီးကွာ။



www.burmeseclassic.com

www.burmeseclassic.com

## ပိုမို

မင်းစိုးရာ

လဲသီးလေးတစ်လုံး
ဒဏ်ရာရ ပန်းခြံတစ်ခု။

ပိုမိုပြည့်စုံခြင်းဟာ
တဖြည်းဖြည်း ပိုမိုကွဲအက်လာ။

မလိုအပ်ဘဲ
မျက်လုံးမှာ ဆိုးဆေးတွေ ပိုနက်နေသလို ရာသီဥတု။

အသားပြည့်ပြည့် မိုးကောင်းကင်ထဲ
ရဟတ်ယာဉ်တွေ အသံတိတ် ဝဲနေတယ်။

စိတ်ရှည်လက်ရှည်
ငါးမျှားတံမှာ ငါ့လက်ရှည်
ငါးမျှားချိတ်မှာ ငါ့စိတ်ရှည်။

လမ်းဖြတ်ကူးစဉ်က ငါ့အမှတ်တရကို
လိုင်းကားပေါ်က သူမှတ်တမ်းတင်ခဲ့ပုံ။

လက်ကိုင်ဖုန်းနှစ်လုံး
sim card နှစ်ခုစီစိုက်လို့
မအားဘူး။

ချမ်းသာဖို့ထက် ကျန်းမာဖို့ ပိုမိုလိုအပ်တယ် မဟုတ်လား။

ကိုယ်ကျန်းမာမှ
စိတ်ချမ်းသာမယ် မဟုတ်လား။
ကဗျာမှာ ခံစားမှုကောင်းဖို့ထက်
စိတ်ကူးကောင်းမှုက ပိုမိုလိုအပ်လာတယ်။



ကိုယ့်ကိုကြည့်နေတဲ့ သူ့မျက်လုံးထဲ
တခြားတစ်ယောက်ကို
ထိတ်လန့်ဖွယ် တွေ့လိုက်ရတယ်။

သက်ရှိတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲ
အခြားသက်ရှိတစ်ယောက်မှာ အသက်ရှူရခက်ခဲလို့

မလိုအပ်ဘဲ ပိုမိုပွယောင်းလာတဲ့ စကားတွေနဲ့
ငါသွေးကျဲ။

ဟန်ဆောင်ဖို့ ခက်ခဲလာတဲ့အခါ
မမှည့်သေးတဲ့ ဝက်မြံပုန်းလို
ငါ့မျက်နှာပေါ်က အပြုံးကို
ညှစ်ထုတ်ရ
နာကျင်။



www.burmeseclassic.com

www.burmeseclassic.com

**ရေဒီယိုလှိုင်းများ**

မင်းဆူးခက်

ပထမလှိုင်းတစ်ခု
၂၀၁၀ ကို လှည့်ကြည့်လိုက်တော့
ကိုယ့်ဖဲ ကိုယ်ချိုးပြီး
ဝေချင်သလို ဝေလိုက်တဲ့ ရာသီမှာ
ဟန်ဆောင်ကောင်းတဲ့ မျက်နှာတစ်ခု
နွေးဦးကို ဆွဲဖွင့်လိုက်တဲ့သတင်း
ငါ ကြားလိုက်မိတယ်

ဒုတိယလှိုင်းတစ်ခု
၂၀၁၂ ကို ရှေ့ကြည့်မိပြန်တယ်
ရေဒီယိုမှာ လစဉ်လာနေကျ
ယဉ်ကျေးတဲ့ အသံတစ်ခုက
ကြက်ခြေခတ်ထားတဲ့ မနက်ဖြန်တွေကို
သွေးသံတရဲရဲနဲ့ လွှင့်ထုလိုက်တယ်

တတိယလှိုင်းတစ်ခု
၂၀၁၄ ကို ရှေ့ကြည့် နားဆင်လိုက်တော့
မျက်လှည့်အစီအစဉ်တစ်ခု တင်ဆက်နေတာ
ငါ ကြားခဲ့ရတယ်
မျက်လှည့်ဆရာရဲ့လက်ထဲက
ဆွဲကြည့်လိုက်တဲ့ နံပါတ်တိုင်းဟာ
၆ ပွင့် ဖြစ်သွားလိုက်
၉ ပွင့် ဖြစ်သွားလိုက်
၁၄ ပွင့် ဖြစ်သွားလိုက်
မင်တက်မိနေတုန်းမှာပဲ
နံပါတ်တစ်ခုပြီးတစ်ခု ပွတ်ဆွဲလိုက်တိုင်း
ရေမြေတောတောင် အိုးအိမ် အသက်
ဖျောက်ပြတဲ့ အစီအစဉ် တင်ဆက်သွားတယ်



အခု
၂၀၁၅ ဆိုတဲ့ လှိုင်းတစ်ခုကို
ရှေ့ကြည့် နားစွင့်နေမိပြန်တယ်
'ကျော့မွဲပြည်သူတွေရဲ့ အိမ်ရှေ့တံခါးပေါက်
စစ်မှန်တဲ့ ဒီမိုကရေစီ ရောက်ပြီ' ဆိုတဲ့
သတင်းကြေညာချက် ကြားရမလားဆိုတဲ့
စိတ်ကလေးနဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

**သစ္စာ**

မင်းဆွေနစ်(မုံရွာ)

အရိပ်တစ်ခုလို
ထက်ကြပ်မကွာ
သံသရာထိ ငြိခဲ့ကြပြီ
ကြယ်ပြာလေးတွေ
တစ်ဦးကိုတစ်ဦး ဝတ်မှုံကူးကြ
တရားက တရားကို ရှာတွေ့သလို
ဒီဒုလ္လဘ ဝဋ်ဆင်းရဲ
မမြဲခြင်းမှာ သစ္စာပန်းတွေ ပွင့်ပုံဆန်း
အောင်ပါစေ
အောင်ကြပါစေ။

**ကျွန်သက်**

မင်းထင်ကိုကိုကြီး

သံကြိုးကွင်းသံ
မျက်တောင်ခတ်လည်း မြည်တယ်
၅၃ နှစ်။

*၂၅၊ ဖေဖော်ဝါရီ၊ ၂၀၁၅။*





www.burmeseclassic.com

www.burmeseclassic.com

**စိတ်ကူးတည့်ရာတွေ ငါလျှောက်တွေးပြီး**
**ဓာတ်မတည့်တာတွေ ငါလျှောက်ရေး**
**အားအားယားယား အဲဒီလို တေးကိုဖွဲ့ခဲ့ပြီးတဲ့နောက်**

မင်းထက်မောင်

စိတ်ကူးတည့်ရာတွေ ငါလျှောက်တွေးပြီး
ဓာတ်မတည့်တာတွေ ငါလျှောက်ရေး
အားအားယားယား အဲဒီလို တေးကိုဖွဲ့ခဲ့ပြီးတဲ့နောက်
ဒါဟာ သေချာပေါက် ငါ့ကဗျာခေါင်းစဉ်တစ်ခု ဖြစ်ခဲ့ရ
ရိုးသားပြီး အခွင့်အာဏာမရှိကြတဲ့ စကားလုံးတွေက
ငါ့ကို သိပ်ကျေနပ်ကြမှာမဟုတ်
ကဗျာဖတ် ပရိသတ်ကြီးကရော ဒါကို ကျေနပ်ကြမှာတဲ့လား
မကျေနပ်လည်း မတတ်နိုင်တော့ဘူး
၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးပမာ
ဒါပေမဲ့ စိတ်ချ
ဒီကဗျာမှာတော့ ပြောင်းစရာရှိတာတွေကို ပြောင်းသွားမှာ
ပြင်စရာရှိတာတွေကို ပြင်သွားမှာ
လူကို ခင်လို့ မူကို ပြင်မှာမဟုတ်ပါဘူး
လူချင်း မခင်လည်း မူက မဟန်ရင်
လူက အမှန်ပြင်ရမှာပဲ မဟုတ်လား
မူ ဘယ်လောက်ကောင်းကောင်း
လူမပြောင်းဘဲ ရှိနေတာလည်း အလကားပဲလေ
ဒီကမ္ဘာမှာ ဘယ်အရာကိုမှ အလကားမရ
လက်ရှိ ဒီအခြေအနေ ဒီအနေအထားကိုလည်း
ကျုပ်တို့ အလကားရခဲ့ကြတာ မဟုတ်ပါဘူး
ပေးဆပ်ခဲ့ကြရတဲ့ သွေးတွေ ချွေးတွေ ဘဝတွေ အသက်တွေ
အဲဒါတွေ ပုံအော စတေးခဲ့ကြပြီးမှ
ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းဆိုတာ ပေါ်လာရ
ပြည်ထောင်စုလွှတ်တော် အမျိုးသားလွှတ်တော်ဆိုတာ ပေါ်လာရ
ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲ ရောက်ခဲ့ရ
၈၈ မျိုးဆက်တွေလည်း တရားဝင်တိုးထွက်လို့ ပြုံးပြက်ခဲ့ရ



အကြောင်းမညီညွတ်တော့လို့ ဘောင်းဘီတွေချုတ်ကာ
ပုဆိုးတွေ ဝတ်ခဲ့ကြတာက တစ်ပိုင်းတစ်ကဏ္ဍ
အာဏာရပါတီ ဆိုတာကလည်း
အတိုက်အခံပါတီရှိမှပဲ အရွေ့နဲ့ အလျင် ရှိမှာပဲ
ဘယ်သူမှ ဘယ်အဖွဲ့အစည်းမှ
ယုံကြည်မှုအသွင်သဏ္ဌာန် မတူရင် ရန်သူဆိုပြီး
အမြစ်ပြတ်ချေမှုန်းရေးကို ဘယ်တော့မှ မတွေးလေနဲ့
ပညာရှိ အက်ဒ်ဝပ်ဒီဘိုးနိုး တွေးသလိုတွေး
'မိတ္တာနတ်ဆိုးသာ မရှိလျှင်
ဘုရားသခင်လည်း အလုပ်ပြုတ်သွားတာ ကြာပြီ' ဆိုတာမျိုး
ပြီးတော့ ဆရာဒဂုန်တာရာ မှာကြားခဲ့သလို
'ရန်သူကို မိတ်ဆွေလုပ်တာဟာ နိုင်ငံရေးပဲ'
ဒီလို ယဉ်ကျေးတဲ့ အတွေးအခေါ်တွေနဲ့
ဘေးမချော်ဘဲ ဆွေးနွေးကြ လက်တွဲကြ
နှစ်ပေါင်း ၆၀ ကျော် တောက်လောင်နေတဲ့ ပြည်တွင်းစစ်မီးကို
အပြီးထာဝရ ငြိမ်းလိုက်ကြ
တစ်ခါမှ မစားကြရသေးတဲ့
ငြိမ်းချမ်းရေး ညစာကို ပျော်ပျော်ပါးပါး စားကြရအောင်လေ
အခုတော့ သေနတ်သံတွေ ယမ်းငွေ့ညှော်စော်တွေကြား
တိုင်းရင်းသားများ၊ စစ်သားများ၊ မြေစာပင်များ
ဒုက္ခတောင်တန်းများ ပြာပြာရီမှောင် . . .
ရုတ်တရက် ခွေးဟောင်သံကြားမိလို့
ကဗျာကသီ ခေါင်းထောင်ကြည့်တော့
ငါ၏ကဗျာအစီအစဉ် ဘယ်ရောက်လို့ ဘယ်ပေါက်
ဒီလောက်နဲ့ ခေတ္တခဏ ရပ်လိုက်မယ်
အားလုံး ကျေနပ်နိုင်ကြပါစေသော်။

*၂၈၊ ၁၊ ၂၀၁၅။*



www.burmeseclassic.com

www.burmeseclassic.com

## နွေဦး ခေတ်ပြောင်းတော်လှန်ရေး

မင်းနဒီခ

တော်လှန်ရေးကြီးဟာ အခုမှ စမယ်လို့ ကြံနေတုန်း
နွေဦးဟာ ရောက်လာတာ စောတယ်
လမ်းလျှောက်သမားတွေဟာ ဘယ်လမ်းကို ရွေ့နေတယ် သူ မသိဘူး
အော်သံတွေ ချီတက်လာခဲ့ပြီ
လက်ကိုင်ဆိုင်းဘုတ်တွေဟာ လေထဲ လွင့်လို့
နွေဦးဟာ တသုန်သုန် တဖြူးဖြူးနဲ့ သူ့မှော်ဝတ်ရုံကိုထုတ်ပြီး ခါချလိုက်တယ်
သစ်ရွက်ကြွေတွေ သွေးအလိမ်းလိမ်း လမ်းမပေါ် ရှုပ်တိုက်ပြေးလွှားလို့
တစ္ဆေတစ်ကောင်လို ကြောက်စရာတောင် ကောင်းသေးရဲ့ နွေဦး
အခု နွေဦးဟာ ကဗျာတစ်ပုဒ်ကို ချက်ချင်း ကောက်ရွတ်လိုက်တယ်
*'မိုးကုပ်ကုပ်ဝယ်၊*
*အို ... ရုတ်တရက်၊ မျှင်းဖြူစက်၍*
*ကွဲအက်ကြောင်းရာ၊ ဟဟလာပြီး*
*မိုးပြာကိုဖြတ်၊ ပတ္တမြားရည်*
*စီးလည် အဟုန်၊ ...*
*... ... ... ...'*
ပြီးတော့ ၂၀၁၅ အတွက် သစ်ရွက်တစ်ရွက် မြစ်ဆုံအတွက် သစ်ရွက်တစ်ရွက်
လက်ပံတောင်းတောင်အတွက် သစ်ရွက်တစ်ရွက်
ပြည်တွင်းစစ်အတွက် ဆင်းရဲသားမွဲတေမှုအတွက် အမြန်လမ်းမအတွက်
စသဖြင့် သစ်ရွက်တွေ သစ်ရွက်တွေ သစ်ရွက်တွေ သစ်ရွက်တွေ
အဲဒီလို နွေဦးဟာ ဝမ်းနည်းခြင်းတွေ ဖော်ပြလို့ သစ်ရွက်တွေ ခြွေချနေတုန်း
မထူးဇာတ်ဟာ တစ်လမ်းဝင် တစ်လမ်းထွက်
ဆောင်းရဲ့ ခြေရာလက်ရာကို ဖျက်တယ်
အတုံးအရုံး လဲကျသေဆုံးသွားတဲ့ နှင်းတွေ အရည်ပျော်လို့
အလောင်းတောင် ရှာမရတော့သလို
ပြီးတော့ ပြီးခဲ့တဲ့ နွေဦးများစွာလို တရားခံလည်း ရှာမရတော့
သစ်ကိုင်းခြောက်တွေဟာ တဖျစ်ဖျစ် ညည်းတွားရှာတယ်
ငါ့သက်တမ်း မစေ့ခင်လေး ငြိမ်းအေးပါရစေလားကွာတဲ့
ချက်ချင်းပဲ နွေဦးက ပြန်ပြောတယ်
ငြိမ်းချမ်းရေးဟာ အပြင်မှာမရှိဘူး အတွင်းမှာပဲ ရှိတယ်



နွေဦးဟာ သူ့သက်ပြင်းကို ဖြည်းဖြည်း မှုတ်ထုတ်လိုက်တယ်
ကမ္ဘာကြီးက နွေဦးရာသီတွေကို အလိုရှိနေတာ သူ သိတယ်
တကယ့်ကို နွေဦးရာသီအတွက် တခမ်းတနားနဲ့ အခမ်းအနားတွေကိုပြင်ဆင်လို့
ဆောင်းရဲ့ သူရဲကောင်းဝိညာဉ်တွေဟာ
သူရှိရာ ချီတက် အလေးပြုကြလိမ့်ဦးမယ်ဆိုတာလည်း သူ သိတယ်
နွေဦးဟာ သူ့နှုတ်ခမ်းတွေ ကွေးညွတ်သွားတဲ့အထိ
အာဃာရှင်ဆန်ဆန် ပြုံးလိုက်တယ်
နေ့စဉ်ထုတ်သတင်းစာတွေဟာ သူ့အကြောင်း ထူးထူးကဲကဲရေးကြတော့မယ်
လူတွေဟာ သူတို့ရဲ့ ဦးနှောက်တွေကို ခေါင်းထဲက ထုတ်ပြီး ပူဇော်ကြလိမ့်မယ်
သူတို့ အင်္ကျီတွေအောက်က အမာရွတ်တွေကို လှန်ပြရင်း
နောက်ထပ် အမာရွတ်တွေကို တောင်းဆိုကြလိမ့်မယ်
နွေဦးဟာ သက်ဦးဆံပိုင်ပဲ ပဒေသရာဇ်ပဲ အာဃာရှင်ပဲ ဘုရင်မင်းတရားကြီးပဲ
အစွန်းရောက် အကြမ်းဖက်သမားပဲ
ပေါင်မုန့်မရှိရင် ကိတ်မုန့်စားပေါ့လို့ နွေဦးက ဘယ်တော့မှ မပြောဘူး
နွေဦးဟာ ပြောင်းလဲသွားပြီ
နွေဦးဟာ မြနန္ဒာလိုလို မန်းတောင်ရိပ်ခိုလိုလို တေးသွားကို
လေချွန်ပြီး ကျီစယ်တယ်
နွေဦးဟာ အောက်တိုဘာတော်လှန်ရေးကြီးကို
မတ်လထဲ ပြန်ရွှေ့ဖို့ ကြိုးစားတယ်
နွေဦးဟာ အသေခံဗုံးခွဲသမားလိုလို
ဘာသာရေးအစွန်းရောက် အကြမ်းဖက်သမားလိုလို
တော်လှန်ရေးကြီးဟာ သူမလာခင်ကတည်းက Social Network မှာ
စတင်နေတာ သူသိတယ်
နွေဦးဟာ လတ်ပတ်အနီကို ပတ်တယ် ဆံပင်ကို နောက်ပြန်လှန်ဖြီးတယ်
ခက်ပြီ နွေဦးကို ပန်းကုံးစွပ်ကြဦးမတဲ့ နွေဦးကို ကားနဲ့တင်ပြီး မြို့လှည့်ပြကြဦးမတဲ့
ပြည်သူတွေဟာ နွေဦးလာမယ့် လမ်းမှာ ချွေးတလုံးလုံးနဲ့ ဒုက္ခခံလို့
စက္ကူအလံလေးတွေ တလူလူ ဝှေ့ယမ်းနှုတ်ဆက်လို့ အို ... မစွတာ နွေဦး
သင့်ကြောင့် မီးမလောင်ပါစေနှင့်။
သင့်ကြောင့် လူ့သက်တမ်းများ မယုတ်လျော့ပါစေနှင့်။
သင့်ကြောင့် သစ္စာပန်းများ မနွမ်းပါစေနှင့်။
သင့်ကြောင့် သူရဲကောင်းများ မပေါ်ထွန်းပါစေနှင့်။
*၁၄၊ ဇန်နဝါရီ၊ ၂၀၁၅။*

www.burmeseclassic.com

## သားချစ် (၁) ဇွဲလရောင်

မင်းမြတ်မွန်

သူဟာ လက်ညှိုးလေးတစ်ချောင်းနဲ့ အလုပ်လုပ်တယ်
သူဟာ မေးလေးငေါ့ပြီး ခိုင်းတယ်
သူ့ဘာသာစကားက ခေါင်းညိတ် ခေါင်းခါ
သူပြောတာ နားမလည်ရင် သူ့မျက်လုံးကိုကြည့်
သဘောပေါက်သွားလိမ့်မယ်
သူကတော့ ရှင်းပြမှာ မဟုတ်ဘူး
ဗိုက်ဆာရင် 'မံမံ' 'မံမံ'
ရေဆာရင် 'ရေရေ' 'ရေရေ'
ရှူးပေါက်ချင်ရင် 'ရှူးရှူး'တဲ့
အမေကို မေမေလို့ ခေါ်တတ်ပေမဲ့
အဖေကိုတော့
သူ့အခေါ်တွေ ခေါ်သလို
'မင်းမင်း'လို့ မပီကလာ ပီကလာ ခေါ်တယ်
ဆော့ချင်ရင် အိမ်အပြင်ဘက် လက်ညှိုးထိုးပြတယ်
သူ့အစ်ကို ကြည့်တဲ့ ဘိုဘိုနဲ့ ကြောင်နဲ့ ကြွက် ကာတွန်းကားကြည့်ချင်ရင်
'တီဗီ'စင် လက်ညှိုးထိုးတယ်
သူ့အစ်ကိုတက်တဲ့ မူကြိုကျောင်းနား ရောက်ရင်
လက်ကလေးနဲ့ ပုတ်ပုတ်ပြီး မေးငေါ့ပြတယ်
တစ်ခါတစ်ခါ သူဟာ
သူ့အဖေနဲ့ လက်ဖက်ရည်ဆိုင် ဘောလုံးပွဲ လိုက်ကြည့်တယ်
သူများက ဂိုး ...ဆို
သူကလည်း ဂိုး ...လို့ အော်တယ်
သူများ လက်ခုပ်တီးရင် သူလည်း လိုက်တီးတယ်
သူဟာ နွားနို့ကြိုက်တယ်
မကျက်တကျက် ကြက်ဥကြော်/ပြုတ် ကြိုက်တယ်
သူဟာ ချောင်းဆိုးရင်ကျပ်ရှိတယ် ချူချာတယ်
ဆယ့်တစ်မီးငြိမ်းအောင် 'ဇွဲလရောင်'လို့
သူ့အဖေကိုယ်တိုင် နာမည်မှည့်ထားပေမဲ့
ဆယ့်လေးလအတွင်း



ဆေးရုံလေးခါ တက်ခဲ့ဖူးတာ သူပေါ့
ဒါကြောင့်လည်း သူ့ကို အလိုလိုက်ထားခဲ့ကြတယ်
သူဟာ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်၊ အသားဖြူဖြူလေးမို့
လူချစ်လူခင် ပေါလှတယ်
သူ အလိုကျရင် ရယ်မယ်
သူ အလိုမကျရင် ငိုမယ်
ဒါ သူ့အထာ
သေတွင်းထွက်ကလေး ဆိုတော့လည်း
တစ်အိမ်လုံးရဲ့ သဲသဲလှုပ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## ဆန့်ကျင်ဘက်၏ရလဒ်

မင်းရည်သွေး

တစ်ဖက်က အမှောင် တစ်ဖက်က အလင်း
ကိုယ့်အမြင်နဲ့ ကိုယ်
ကိုယ့်အတွင်းသား ကိုယ်ပဲ သိတယ်။
အလင်းထဲမှာ အမှောင်ပျပျ ရှိတယ်။
အမှောင်ထဲမှာ အလင်းစက်တွေ မြင်နိုင်တယ်။
အလင်းကလည်း မှောင်နိုင်တယ်။
အမှောင်ကလည်း လင်းနိုင်တယ်။
သတိဆိုတာ ပိုတယ်မရှိလို့။
စဉ်းစားကြည့်
ဒါ ဘယ်သူ့စွမ်းအားတွေလဲ။
ရေနည်းငါးလို ဖျတ်ဖျတ်လူး အထပ်ထပ်မူးနေအောင်
လှည့်စားခံနေရတာလည်း
ရှူးနေပါပြီ။
အလင်းအမှောင်ဆိုတာ
ခဏမေ့ထားရင်။
ဘဝရဲ့အချိုးအကွေ့တွေဟာ
အဲဒီခွေးသွားစက် လည်ပတ်မှုက လွတ်နိုင်တယ်။
သတ်သတ်စီ ဘယ်လိုပဲ ခွဲခြားထားစေတော့
ထပ်ထပ်ပြီး မလေရအောင်
ကျွန်တော့်လိုတော့
ရပ်ပြီး မတွေဝေနဲ့ပေါ့။
တချို့က မီး
တချို့က ရေ
တချို့က အကြွေ
တချို့က မြေ
တချို့က တစ်နှစ်သုံး
တချို့က ဖုန်း
ဘာတွေမှန်းမသိ ရှုပ်ထွေးနေရတဲ့အထဲမှာမှ



ငါးစာချရာ
လိုက်လိုက်ပြီးပွက်နေရတဲ့ ငါးတွေလို ဘဝတွေ။
အလို ...
ဘာတွေများ မာန်တက်ပြီး
ဘာလို့များ ချိုကြွ
ချိုးသွေးကာ တမြမြနဲ့။
စိုင်ကော်မှ ချုပေါ်ရောက်ရတဲ့ခေတ်။
ဒီဖြစ်ရပ်မှာ အားလုံးတူတူပါပဲ
မင်းနဲ့ ငါ။
အမူအရာတွေ ဘယ်လိုခွဲခွဲ
ရုပကာတွေ ရွဲနေကြတာ
အသိအသာကြီးပါမို့။
လာပါ
သူငယ်ချင်းရာ
အတူတူ ချီတက်
အရှေ့ကို ဆက်ကြပါစို့။



www.burmeseclassic.com

www.burmeseclassic.com

## တစ်နယ်တစ်ကျေး

မင်းလွင်ဦး

ခဲသားရောင်ကောင်းကင် လင်းလက်မှုန်မှိုင်းမှိုင်း
မိုးတွေက ရွာလိုက်တာ အဖေရယ် ...
လေပြည်က သစ်ရွက်တွေကို လှုပ်ခတ်နိုင်းသလို
မမြင်ရတဲ့ လေရိုင်းတွေက
လူငယ်လေးတစ်ယောက်ရဲ့ ဘဝကို
မတော်မတရား လေလွင့်ပျောက်ဆုံးသွားနိုင်တယ်
အမှန်းတရားကို ဈေးမဆစ်ခဲ့ပေမဲ့
အမုန်းတရားကိုတော့ ဈေးပေါပေါနဲ့ မဝယ်ခဲ့မိတာ အမှန်
လူငယ်လေးတစ်ယောက်ဟာ
လူငယ်လေးတစ်ယောက်လို
နံရံပေါ်မှာ သေနတ်တစ်လက်လည်း မချိတ်ခဲ့ချင်ဘူး
သေချာတာနှစ်ခုက
ဖြတ်သန်းနေရတဲ့ လောကဓံပြက္ခဒိန် စာမျက်နှာတွေနဲ့
လေးအပေါင်း လေး ညီမျှခြင်း ရှစ်ဆိုတဲ့
လောကဓံတရားရဲ့ ညှော်ခန်းထဲမှာ
လိုက်လျောညီထွေဖြစ်နေတဲ့ ကျည်ဆန်တစ်တောင့်ရဲ့ အလျင်နဲ့ပဲ
နှလုံးသားတွေကို ထိုးဖောက် စိမ်းလန်းသွားစေချင်တယ်
စိမ်းလန်းခြင်းကို အော်ခေါ်မိမှတော့
'မိုး'ဆိုတာ ကမ္ဘာမြေမှာ ရွာသွန်းပေးမှာပဲလေ
အကောင်းဆုံးကို မျှော်လင့်ခဲ့သူတစ်ယောက်
ရင်ဆိုင်ဖို့ အသင့်ဖြစ်လာတဲ့ အဆိုးဆုံးတွေကို
နှလုံးသားထဲ
တအိအိထိုးဆင်း နိမ့်ဆင်းလာတဲ့ အမည်မသိ အလွမ်းတွေကို
လူမသိ သူမသိ စနစ်တကျ ခပ်ထုတ်ပစ်လိုက်သလို
မိုးနဲ့အတူ ကမ္ဘာမြေရဲ့ဝေးရာဆီ ... မောင်းထုတ်ပစ်မှာပဲ
ဩော် ... ကမ္ဘာမြေက မိုးတွေကို မီးရှို့ဖျက်ဆီးခဲ့ရင်လည်း
သေကောင်ပေါင်းလဲ အနမ်းတွေနဲ့ပဲ
နံရံပေါ် မချိတ်ဆွဲခဲ့တဲ့ သေနတ်တစ်လက်ကို
ကျစ်ကျစ်ပါအောင် ရင်ခွင်ထဲမှာ ထွေးပိုက်ရင်း



ဝေးကွာလှတဲ့ တစ်နယ်တစ်ကျေးမှာ
မပျော်ရွှင်၊ မအိပ်စက်၊ မလန်းဆန်းပါတော့ကြောင်း
ကျည်ဆန်ထဲကို မိုးကောင်းကင် ပစ်ဖောက်ရင်း
လက်ညှိုးကိုသာ အသုံးချလိုက်ချင်တော့ရဲ့။



www.burmeseclassic.com

www.burmeseclassic.com

**ပန်းဆိုတာ လန်းလန်းဆန်းဆန်း ငြိမ်းချမ်းရေး**

မင်းလှိုင်ထွန်း

အလင်းရဲ့ ရိုးသားတဲ့ဂုဏ်သတ္တိကို
အမှောင်လက်နက်နဲ့ တိုက်ယူလို့မရဘူး။
နံနက်ခင်းကို အိပ်မွေ့ချသွားတဲ့ နေရောင်ခြည်ရေ
ခင်ဗျားဟာ အရူးတစ်ယောက်လို မူးမူးမိုက်မိုက်
'ချေ'ကို သတ်ပစ်လိုက်တယ်
'ဂန္ဒီ'ကို သတ်ပစ်လိုက်တယ်
'ဗိုလ်ချုပ်အောင်ဆန်း'ကို သတ်ပစ်လိုက်တယ်
ဒါပေမဲ့ တကယ်သေတာ သူတို့မဟုတ်ဘူး
သတ်တဲ့သူတွေသာ ပြန်မရှင်နိုင်တော့တာ။
ကမ္ဘာမြေဟာ ဒဏ်ရာတွေအပြည့်နဲ့ဆိုရင်
ဒီမိုကရေစီဆိုတာ ငရဲပြည်ရဲ့ အောက်ဆုံးထပ်မှာပဲ
ရှိလိမ့်မယ်။
ဘုရား ... ဘုရား ...
လေတိုက်နှုန်းမြင့်မားနေတဲ့ ပဋိပက္ခတွေကြားမှာ
ငါ့နိုင်ငံတော်ဟာ ကျိန်စာသင့်ဘဝတစ်ခုလား၊
ကိလေသာသွေးကြွနေတဲ့ ရုပ်နံ့များဟာ
တစ်ယောက်ကိုတစ်ယောက် မြင့်မြတ်တဲ့ ကောင်းမွန်စိတ်ကူးတွေနဲ့
ပွေ့ဖက်ထားနိုင်ပါ့မလား။
အို ... လောကကြီး
အနှစ်မဲ့တဲ့ ငြိမ်းချမ်းရေးကို အလိုမရှိပါ
စစ်မှန်တဲ့ ငြိမ်းချမ်းရေးအား
ကျွန်ုပ်တို့ထံ ပေးသနားတော်မူပါ။
ရန်ဖြစ်ခြင်းကင်းတဲ့ အိမ်၌သာ
နေထိုင်လိုပါတယ်။ ။

၃၊ ၅၊ ၂၀၁၄၊

**အဆုံမဲ့**

မင်းဝေယံ

ထိလွယ်ရှလွယ်
ဖန်သားပြင်မျက်နှာ
တင်းနေတဲ့ငါ
အခွံကြီးပဲရှိတဲ့ စိတ်ဓာတ်
ဂျုံးဂျုံးမကျချင်
ဖောက်ထွက်သွားဖို့ စဉ်းစားကြည့်မိ
သူတို့လည်း ငါ့လိုပါပဲလား။

ပန်းကလေး
မွှေးမယ်လို့ စိတ်ကရည်
ဆူးတွေကလည်း အပြည့်နဲ့
ကိုင်ကြည့်မယ်ဆိုရင်တောင်
ခပ်ခက်ခက်
အသည်းပျက်ရမယ့်ကိန်းပဲ။

ခါးသက်သက်
မျိုးဖျက်မယ့်ပြဿနာ
အပေါင်းအစု
ခေါင်းထုခံရကိန်း
ဒိန်းခနဲနေမှ
ပိန်းပိတ်အောင် မှောင်သွားပါရော့လား။





www.burmeseclassic.com

www.burmeseclassic.com

## မဟာမြိုင် ဒိုင်ယာရီ

မင်းသစ်

ပဲပြားပင်တို့ရဲ့ ဒဿန
ရာဇသကြံ နဲ့ ငါ
သဘောထားချင်း မတိုက်ဆိုင်ပါ။

မဟာကျွန်းဖိုပင်
မြင့်လာရင် လေတိုက်ခံရ
သူရဲကောင်းတို့ ခံစစ်ပ။

ဟိုတစ်နေ့က
ငါတို့သူငယ်ချင်း
ခြသေ့ံတစ်ကောင်
တောင်ပေါ်ကဆင်း
ရွာခြေရင်းကပ်
ငတ်ငတ်နဲ့ မြက်စားသတဲ့။

ဘုရား ... ဘုရား ...
တစ်တောလုံး ဘုရားတ
ရှက်လိုက်ကြတာလေ။

## ကဗျာဆရာ

မောင်ကြူးရင့်

သမိုင်းခေတ် အဆက်ဆက်မှာ
နှင်းဖုံးနေတဲ့ မီးတောင်တွေပါပဲ





www.burmeseclassic.com

www.burmeseclassic.com

## တိမ်ဖုံးပါလို့ လမသာ

မောင်ကြည်သာ(တောင်တွင်း)

ဓာတ်ပုံက ဘယ်အချိန်ကြည့်ကြည့်
ဆေးသားနည်းနည်းပြယ်တာက လွဲလို့
ဟိုအရင်ကအတိုင်း။

မှန်ထဲကအရိပ်
ဘယ်မှာလဲ ဖျပ်ခနဲ ... ဖျပ်ခနဲ
ပြောင်းလဲသွား ပျောက်သွား။

ဘဝဆိုတာက
တစ်ခါတစ်ခါ ဓာတ်ပုံထဲက အရိပ်အတိုင်း
တစ်ခါတစ်ခါ မှန်ထဲက အရိပ်အတိုင်း
မှန်ထဲက အရိပ်တွေကို ပြန်ရှာမိတတ်ရဲ့။

*('ဒီမြေဒီရှု မိတ္တူ'၊ စာမျက်နှာ ၁၅ မှ တစ်ဆင့်)*



## တစ်ပြားမှမတန်တဲ့ မိန့်ခွန်း

မောင်ခင်သာမြင့်

များမကြာမီမှာ
ငါ မိန့်ခွန်းပြောရတော့မှာ ဖြစ်တယ်။

ငါ ငြင်းပါတယ်
ဦးလေး မငြင်းပါနဲ့
ဦးလေးထက် သင့်တော်တဲ့ လူကြီးတစ်ယောက်ယောက်
မရှိနိုင်ဘူး ဆိုတဲ့ စိတ်နဲ့ တိုက်တွန်းပါတယ်
ဦးလေး မငြင်းပါနဲ့ ဆိုလို့
ငါ တိတ်တိတ်ပဲ နေလိုက်ပါတယ်။

ငါ့အသက်ခြောက်ဆယ်ကျော်မှာ ငါပြန်ကြည့်တော့
ငါဟာ ငါ့ကိုယ်ငါ တော်တော် တန်ဖိုးထားတာ တွေ့ရ
မဟုတ်တာ မလုပ်ခဲ့သလို
မဟုတ်ရင်လည်း မခံခဲ့ဘူး။
မဟုတ်တာတွေ ထင်တာနဲ့
နီးကပ်အောင် မနေဖြစ်ခဲ့ဘူး။

မိန့်ခွန်းက 'လူငယ်ရှေ့ချီ လှမ်းရမည်'
ခေါင်းစဉ်ပေးသွားကြတယ်။
ဒီနေရာမှာ ငါဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေ
ပြောရမှာလား
ဥပမာ ဗိုလ်ချုပ်တို့ လူငယ်ဘဝကို မီးမောင်းထိုးပြီး
ပြောရမှာလား
ဒီမှာ ဗိုလ်ချုပ်အကြောင်း စဉ်းစားမိတယ်
ဗိုလ်ချုပ်ဟာ အသက် ၃၅ နှစ်မပြည့်မီမှာ ကျဆုံးတယ်
တစ်ဘဝလုံး သူ့အသက်သူ တန်ဖိုးမထားခဲ့ဘူး
မလွတ်လပ်တဲ့ ပြည်သူ့ဘဝနဲ့ သူ့ဘဝ နှိုင်းစာလိုက်ရင်
သူ့ဘဝသူ တန်ဖိုးမထားခဲ့ဘူး
ဒါကြောင့် သူဟာ တန်ဖိုးရှိပြီး



www.burmeseclassic.com

www.burmeseclassic.com

သူ့မိန့်ခွန်းတွေဟာ အဖိုးတန်နေဆဲ ဖြစ်နေတာ။
ငါပြောခဲ့ပြီးပြီ
ငါဟာ ငါ့ကိုယ်ငါ တန်ဖိုးထားခဲ့တယ် ဆိုတာကိုပါ
ငါ မှန်ခဲ့ပါသလား။
ငါမှန်ခဲ့ပါသလား
ငါမမှန်ခဲ့ဘူးဆိုရင်
မှန်တာကို အစားထိုးရမယ်လေ
ကွဲသွားတဲ့ 'မှန်'နေရာမှာ 'မမှန်'တာ မှန်သမျှ
မမှန်တာနဲ့ အစားထိုးရလိမ့်မယ်။



**တစ်နှစ်လုံးလုံး ပျော်ရွှင်ဖွယ်အမြဲလိုအပ်နေတဲ့**
**ဇန်နဝါရီအစနဲ့ ဒီဇင်ဘာနောက်ဆုံးရက်စက္ကန့်များ**

မောင်ခန့်မြေ(ထီလာ)

ပစ္စုပ္ပန်မှာတောင် ကြာကြာစဉ်းစားခွင့်မရတဲ့ အခိုက်အတန့်ခဏ
ပစ်ချရမယ့် ငါးကင်ကြီးက ရန့်တထောင်းထောင်း
မြင်ရတဲ့ ငါးစိမ်းကြီးကလည်း လတ်လတ်ဆတ်ဆတ်
ကဲ ... မိတ်ဆွေ ခင်ဗျားရဲ့ အတွေးအခေါ်ဟောင်းကြီးနဲ့
မလျှော်မဖွပ်မိခဲ့တဲ့ စိတ်အညစ်အကြေးတွေ နှင်းရည်တစ်ဖလားလောက်နဲ့
စိမ်ထားခဲ့မလား
အပူပိုင်းကလာတဲ့သူအတွက် ဒီလိုရာသီဟာ အေးကောင်းအေးနိုင်ပါတယ်
ဒီနေရာမှာ စိုထိုင်းထိုင်းထင်းတစ်စီးနဲ့ ဆီကုန်နေတဲ့
ဂက်စ်မီးခြစ်တစ်လုံးပဲ ရှိတယ်ဆိုပါစို့
ခင်ဗျားဝတ်ထားတဲ့ သိုးမွေးဆွယ်တာကို ဆုတ်ဖြဲပြီး
ကျောက်ခဲနှစ်လုံးခတ်လိုက်ရင် ငါးစိမ်းငါးကင်ပြဿနာဖြေရှင်းနိုင်ပြီး
အနွေးဓာတ်အနည်းငယ်တော့ ရလိမ့်မပေါ့
ကျန်ခဲ့မှာက ရင်ဗလာနဲ့ ခင်ဗျားရဲ့ အင်္ကျီကိစ္စ
ကမ္ဘာဦးအစလို ငုတ်တုတ်ထိုင်ပြီး ဒုက္ခလို့ အကြိမ်ကြိမ်ညည်းတွားရင်း
ဆုတောင်းချင်ဆုတောင်းနိုင်ပါတယ်
ဗုဒ္ဓ၊ က္ကသွာရ၊ ယေဟိုးဝါ၊ ဂေါ့ဒ်၊ အလ္လာ
ခင်ဗျားယုံကြည်သူဟာ ခင်ဗျားအတွက်ဘုရားပဲ
အားငယ်မနေပါနဲ့ ဒီအချိန်မှာ ခင်ဗျားရဲ့အတွေးထဲ ပုဂ္ဂိုလ်အဖွဲ့အစည်းနဲ့
ရောဂါအချို့ ဝင်လာနိုင်ပါသေးတယ်
မာလာလာ၊ မာသာထရီဇာ၊ ဒေါ်အောင်ဆန်းစုကြည်၊ ပြီး ...
အယ်လ်ကေဒါ၊ ဘိုကိုဟာရမ်၊ အိုင်အက်စ်နဲ့ ဆား၊ အန်ဝမ်းအိတ်ချ်ဝမ်း၊
အီဘိုလာ၊ တွေ့လား လာလာကပ်နေတဲ့ ကပ်တွေ
ခင်ဗျားအတွေးကခွာလည်း ကပ်ကတော့ အတ္တနဲ့အတူ လာလာကပ်နေမှာပဲ
ငါ၊ ငါ့မိသားစု၊ ငါ့နိုင်ငံ၊ ငါ့ကမ္ဘာ တစ်ဆင့်ချင်းတက်ကြည့်
အမြင့်ရောက်ရင် ကျယ်လာမယ့်မြင်ကွင်း
လုတယ်၊ ပြုပြင်ထားတဲ့ အလှထက် သဘာဝအလှက အဖိုးတန်သလို
မျိုးချစ်ဝါဒထက် လူသားဝါဒက ပိုအဖိုးတန်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com

လူဦးရေ သန်းခုနစ်ထောင်လောက်ဟာ ဘယ်လိုရှင်သန်နေသလဲ
နေ့စဉ် အကြမ်းဖက်ခံနေရသူ ဘယ်လောက်၊
အမျိုးသမီးအခွင့်အရေး ဆုံးရှုံးနေသူက ဘယ်လောက်၊
စစ်ဘေးသင့်ပြည်သူ ဘယ်လောက်၊ ဒုက္ခသည်စခန်း ဘယ်လောက်၊
တိုးပွားလာတဲ့ ဆင်းရဲသားဦးရေ ဘယ်လောက်၊
လောက်လောက်ငင မဝေ့နိုင်ဘူး။
လိုအပ်နေတဲ့ စားနပ်ရိက္ခာတွေ၊ မျှော်လင့်နေတဲ့ မေတ္တာတွေ၊
မငြိမ်းချမ်းသေးတဲ့ ငြိမ်းချမ်းရေးတွေ၊ တမှိုင်မှိုင် တတွေတွေနဲ့ တွေဝေမနေနဲ့
မိတ်ဆွေ၊ ခင်ဗျား ငါးစိမ်းယူမှာလား ငါးကင်ပစ်မှာလား၊ ဒါမှမဟုတ်
လေ့နံ့နှစ်ဖက်နင်းမှာလား။ အချိန်က စက္ကန့်တူ စက္ကန့်ပဲ။
ကဗျာက တရားဟောနေတာ မဟုတ်သလို၊
တရားပြောနေတာလည်း မဟုတ်ဘူး။
ခင်ဗျားလည်း ကဗျာဖတ်ရင်း အိုမင်းသွားသလို
ကျုပ်လည်း ကဗျာရေးရင်း နုပျိုမှုတွေ ကျော်လွန်ခဲ့ပြီ။
ကဲ ...မိတ်ဆွေ ဟက်ပီးနယူးစက္ကန့်၊ အားလုံးပဲ ဟက်ပီးနယူးစက္ကန့်၊
ဟက်ပီးနယူးစက္ကန့်တူ ဟက်ပီးနယူးစက္ကန့်။



## ဥစ္စာနှင့် အာဏာ

မောင်စိုးသစ်(မန္တလေး)

ရိုးဂုဏ်က သူလိုငါလို ဥစ္စာနဲ့ အရောင်မပြောင်းနိုင်ဘူး
သူ မမြင့်ဘဲ မြင့်နေတဲ့ သူ့ရဲ့ ရိုးဂုဏ်အတွက်
ပဲပြုတ်နဲ့ နံပြားဟာ ငါတို့အတွက် ဂန္ထဝင်သီချင်းပဲ
ကိုယ်ကျင့်တရားက သူလိုငါလို အာဏာနဲ့ မစွန်းထင်းနိုင်ဘူး
သူ အာဏာမမက်သလို အခြားသူတွေ အာဏာမမက်ဘူး ယုံကြည်မိလို့
အာဇာနည်သွေး သမိုင်းမြေခရတာ ဘယ်တော့မှ မကျက်တဲ့အနာပဲ
သူ့ကျွန်ဘဝက မလွတ်မြောက်ခင် ဗိုလ်ချုပ်ကို ဆုံးရှုံးရတာ တန်လို့လား
ဘယ်တိုင်းပြည် ဘယ်နယ်မြေကဖြစ်ဖြစ်
ဗိုလ်ချုပ်ကို ရာထူးနဲ့ အစားထိုးနိုင်ပေမဲ့
နှလုံးသားချင်း အစားထိုးမရတဲ့အကြောင်း
ဗိုလ်ချုပ် သိမသွားတာ တန်လို့လား
ဗိုလ်ချုပ် ဥပေက္ခာပြုခဲ့တဲ့ ဥစ္စာဓနများစွာ
ဗိုလ်ချုပ် မမက်မောခဲ့တဲ့ တိုင်းပြည်အာဏာ
ဗိုလ်ချုပ် ကျဆုံးပြီးနောက်လည်း အဲဒီဥစ္စာနဲ့ အာဏာက
တိုင်းပြည်နဲ့ ဂုဏ်သိက္ခာအကြောင်း ဆက်ရေးနေတဲ့အဖြစ်ကို
ဗိုလ်ချုပ် သိမသွားတာ တန်လို့လား
ဗိုလ်ချုပ်ကိုယ်တိုင် စာရေးဆရာတစ်ယောက်အဖြစ်
ငြိမ်းချမ်းစွာ ဖြတ်သန်းရမယ့်ဘဝ မဆုပ်ကိုင်နိုင်သေးခင်
တိုင်းပြည်လွတ်လပ်ရေး အောင်လံမလွှင့်ထူနိုင်သေးခင်
တက်ကျိုးခဲ့တဲ့ လေ့တစ်စင်းအဖြစ်
ဗိုလ်ချုပ်အမည်နာမကို ရေးထိုးလိုက်ရတာ တန်လို့လား
ဖြေဘ် ...ဗိုလ်ချုပ်ရဲ့သမိုင်းမှာ
ဥစ္စာနဲ့ အာဏာက ကုလားထိုင်အမှတ်တံဆိပ်တစ်ခု မဟုတ်ခဲ့တာ
တန်ပါတယ် ...။



www.burmeseclassic.com

www.burmeseclassic.com

## လက်ပံတောင်းကျိန်စာ

မောင်စိန်ဝင်း(ပုတီးကုန်း)

လက်ပံတောင်း
အသက်ပေါင်းများစွာ စတေး
သွေးနဲ့ မော်ကွန်းတင်
ရာဇဝင်သမိုင်းအသစ်
အရိုင်းတစ်ခေတ်ကို ကမ္ဘည်းထိုးပြီ။

ဒါ တို့ရေ . . . ဒါ တို့မြေ
ငါတို့တွေပိုင်တဲ့ တောင်တွေကို ဖျက်
လယ်ကွက်မြေကွက် အဓမ္မလု
မမျှတဲ့ လူ့အခွင့်အရေး
အသက်ကိုပါ ပေးလိုက်ရတဲ့အဖြစ်
လက်ပံတောင်းတောင် စစ်တလင်း
သွေးချင်းချင်းနီ
ပြည်သူကိုသတ်တဲ့ ကျည်ဆန်
သမိုင်းကိုမှန်ပြီး ကျန်ခဲ့။

တောတွေ ပျောက်
တောင်တွေ ပျောက်
လယ်တွေ ပျောက်
ယာတွေ ပျောက်
ရွာတွေ ပျောက်
လူတွေ ပျောက်
ဖျောက်ချင်တာ ဖျောက်
ပျောက်ချင်တာ ပျောက်
ဖျောက်တိုင်း မပျက်
ဖျက်တိုင်း မစင်
ရာဇဝင်ရိုင်း
သွေးသမိုင်းကို
တွေးတိုင်း တွေးတိုင်း နာကြည်းစေ။



## ပြောခဲ့ဖူးတယ်

မောင်စိမ်းနီ

ငါပြောခဲ့ဖူးပါတယ်
နှင့်ကျော ဖုန်တွေပေတဲ့အကြောင်း
ဟဲ့သုမနကျောကဒဏ်ရာသတိရ
ခုထ . . . အလံလွှင့်
အသင့်ပြင် ကမ္ဘာမကြေဆိုကြ . . .။



www.burmeseclassic.com

www.burmeseclassic.com

## Drones !

မောင်စွမ်းရည်

တရှန်းရှန်းနဲ့
drone တွေဟာ ပိတုန်းတွေလိုပါပဲတဲ့။
ပျံဝဲနေကြတာ။
တီဗီမှာလည်းပါ သတင်းစာမှာလဲ ပါ
ပါသာ ပါပေမဲ့
တစ်ခါတလေမှ မမြင်ဖူးဘူး။
မြင်ဖူးတယ်ထား
ပိတုန်းလား၊ 'ဒရုန်း'လား
ခွဲခွဲခြားခြား သိမယ်မထင်။
ကောင်းကင်မှာတဲ့၊
မောင်းနှင်သူ လူမပါဘူး။
ဦးတည်ချင်ရာ ဒရုန်းယာဉ်နဲ့
ဗုံးတင်လို့ပျံဝဲ ကြဲချင်ရာ ကြဲ
(ငရဲမကြောက်၊ သရဲ မခြောက်ရင်ပေါ့)
ပေါက်ချင်ရာ ပေါက်၊ ကွဲချင်ရာ ကွဲ
သူ့လည်း ကိုယ်မသိ၊ ကိုယ့်လည်း သူမသိခင်
ထိချင်သူကို ထိ၊ မိချင်သူကို မိ
ကွက်တိ၊ ဒက်ထိဆိုပဲ။
လက်ထဲက remote (ရီမုတ်)နဲ့
ခလုတ်အသာကစား၊ ခမျာ မသနားရခင်
မသာ သွားပေရော့။

ပွေးတစ်ကောင်လို
ခွေးမဟောင်တဲ့၊
ပုန်းကျင်းဆိုလား၊ ဗုံးကျင်းဆိုလား
လှိုဂြားမှာ တွင်းအောင်းရင်း
ပုလင်းပေါင်း တစ်ရာ နှစ်ရာ
စားစရာ ဝါးစရာ
ပလာတာ၊ ပါပလာ ဘာညာတွေရော
ဖား ခါ စာ အသား ဝါစာကမာတွေရော
မနားသာ သနားသာ မယားကညာ
ခါးတဏှာတွေလည်း ပါပေမပေါ့။
နွေအခါမှာ လေလာလာ မလာလာ
ကေစာ မကျင့်၊ 'ဒွေကစာ'ကျင့်မှာထင့်။
တေတျာ အဟင့်တွေနဲ့၊ ပလ္လင့်ခြေအရင်းမှာဖြင့်
တပေလျဉ်းလျဉ်းနဲ့ ထွေခင်းကစားသူကို
သနားမှုနဲ့၊ ဘုရား တစ်ဆူဆူမှာ
အနားယူပေဦးလို့။
ကုန်းကလေးအထက် တောင်ကမူကြားဆီက
အမုန်းအတေးမစွက်၊ ပခုံးကလေးဖက်
ကျုံးဘေးအထက် ကလောင်တစ်ဆူနဲ့ ကြွားသူမှာ
အောင်ကြူကြူနဲ့ ဟားချင်သမို့
'ဒရုန်းလေး' ငှက်တစ်ကောင် ယူလို့ ငှားပြီး
'ဗုံးကလေး' လက်ဆောင် ပါးရမလားလို့
အပြုံးဆေးတစ်ခွက် ကလက်တက်တက်နဲ့ ကလောင်ကစားမိပါရဲ့
သနားသဖြင့်ရယ်လို့ အမှားချင့်မိရင်လည်း
ဟားသင့်မှ ဟား။





www.burmeseclassic.com

www.burmeseclassic.com

## ကော်ဖီဆိုင်ပြဇာတ်

မောင်ဆေးရိုး

အလေအလွင့်ဟာ စိတ်များစရာပဲ လူငယ်ဘဝမှာ လတ်ဆတ်ရှင်သန်
အနုပညာလည်း သွေးနေဖို့လိုအပ်တဲ့အော်သံပဲ အစွန်းအထင်းများတဲ့
ခေတ်များကို ဖြတ်သန်း လူငယ်ဘဝကို လွမ်းလို့ကောင်းတုန်းမှာပဲ
အရွယ်တွေ ရင့်ရော်လာခဲ့ကြ ခံရဖန်များလွန်းတော့ ခံနိုင်ရည်တွေ ပိုရလာသလိုပဲ
လွယ်လွယ်နဲ့တော့ အလျှော့ပေးလို့မဖြစ်ဘူး
ဒီအကျပ်အတည်းကလွတ်မြောက်ဖို့ ငါတို့အားလုံး ဖူးရဲပွင့်ရဲ ဖွဲ့နွဲ့ဖြတ်သန်း
သက်တံရောင် အလွမ်းများဆီ ...

ဟိုတစ်ဘက်မှာ မှုန်မှုန်ရေးရေး အဲဒီလမ်းကလေးကို မြင်ရရဲ့လား
အမှောင်တန်းလန်းနဲ့ နှစ်ကာလများမှ ဝေးရာဆီ
ဘဝကို ယုံကြည်တွယ်ဖက် အသက်ဓာတ်အသစ်နဲ့ ချစ်ခြင်းမေတ္တာဟာ
စိမ်းစိုတောက်ပ ငါတို့ရဲ့ ဆက်ရန်ရှိသေးတဲ့ နှေညများ ဂီတပေါ့
စိတ်ကူးတစ်ဆုံးစာ လူအဖြစ်ရဲ့အာသီသများ

လာပြီ လာခဲ့ပြီ ငါတို့ရှုံးမူးခဲ့တဲ့ ဆေးမင်ကြောင်များပေါ်မှာ ဝဲပျံနေတဲ့
အားလုံးရရင်ရ မရရင် ဘာမှ မယူဘူးဆိုတဲ့ အိပ်မက်တွေ
နေ့ရက်များရဲ့ အမှတ်ရမှုတွေထဲမှာ အိမ်ရှေ့မြေလမ်းကလေး ရေမြုပ်တဲ့ကိစ္စ
ပါတယ် သွေးစွန်းနေတဲ့ ငြိမ်းချမ်းရေးချိုးငှက်ကလေးပါတယ်
သံလွင်ခက်ကို ကိုက်ချီပျံသန်းလာမယ့်
မနက်ခင်းအသစ်တစ်ခုလည်း ပါတယ် ဆိုပါစို့

ချောင်ကျကျ ကော်ဖီဆိုင်ထောင့်စွန်းမှာ ငြိမ်သက်ရင်း
အနုပညာနဲ့ လူ့ဘဝကို ချိန်ဆ
ဒဏ်ရာတွေနဲ့ တောက်ပနေတဲ့ ချိုမြိန်မှုများပေါ့
ဒီလောက်ဆို ကျေနပ်ပါတယ်
မရောက်ရောက်အောင်သွားရမယ့် ဒီလမ်းကလေး
ဟောင်းလောင်းပေါက် အခွံတစ်ခုနဲ့ တစ်ဝက်စိတ် အလိုမကျမှု။



## သက်တမ်း

မောင်ဆွေဆက်

နေ့ရောက်ရင် ပုလဲရတနာ
ညရောက်ရင် မဟူရာ
အရုဏ်ဦး ပတ္တမြား
ငါ စုစည်းတူးဖော်ထားသမျှ
ကေတုမတီက
အမှောင်တိုက်ထဲက
ဖူးဝက ငါ့ရင်ထဲက
အမိန့်အမှတ်
၂/၈၀ ... က။



www.burmeseclassic.com

www.burmeseclassic.com

## လက်ရုံးနီနီ

မောင်ညိုအေး (ပန်းတော)

ကြွေသမျှထက် ပွင့်ခဲ့တာတောင်
အမှောင်က လင်းအားကြီးနေဆဲ။

ချိုးမကူ ကျည်မစဲသလို
လူမွဲတွေလည်း ဝမ်းဟာ
ကျောတစ်ခင်းစာလည်း ပျောက်
သူတို့တွေ အသိုက်ဆောက်ဖို့
ဆီးသီးဗန်းတွေ မှောက်လို့ကောင်းဆဲ။

အစပဲ ရှိးပြီး
ဘယ်လိုပဲ တန်ခိုးထွားထွား
ခွေးရူးတွေ မကောင်းစားဖို့
တို့နှလုံးသွေးများရဲ့ အာဏာ
ဤမြေမှာ . . .
အချုပ်အခြာ တည်စေရမယ်။

## သေလောက်တဲ့ခေတ်

မောင်တင်သစ်

ငါတို့ ရှင်သန်တယ်
ငါတို့ သေမသွားဘူး
ခေတ်က သေလောက်တဲ့ခေတ်ကြီး
မြစ်က သေလောက်တဲ့ ရေစီး
ဒီလိုခေတ်ကြီးထဲ
ငါတို့မသေဘူးဆိုတာက
ငါတို့အဖို့ ဂုဏ်ယူစရာ
ငါတို့ရှုံးပေမဲ့
ငါတို့ ပွဲလမ်းရခဲ့ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

## မြန်မာပြည်၏ အရေး

မောင်ဒီ

မြန်မာ့လွတ်လပ်ရေးကို
ဗိုလ်ချုပ်အောင်ဆန်းသွေးနှင့်
အရယူပေးထားခဲ့သည်မှာ
အာဏာရှင်လူတစ်စုအတွက်မဟုတ်
ပြည်သူလူထုအတွက်သာ။

ဒီမိုကရေစီရေး
ပြည်သူ့အခွင့်အရေး
တန်းတူအခွင့်အရေးနှင့်
တရားမျှတမှုရှိရေးတို့မှာ
လွတ်လပ်ရေး၏ အနှစ်သာရတို့သာ။

၎င်းတို့မှာလည်း
မြန်မာပြည်၏ စည်းလုံးညီညွတ်ရေး
မြန်မာပြည်၏ ငြိမ်းချမ်းရေး
မြန်မာပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်
မြန်မာပြည်၏ အချုပ်အခြာအာဏာ
တည်တံ့ခိုင်မြဲရေးတို့အတွက်သာ။

၃၊ ၃၊ ၂၀၁၅။

## ရေအောက်သစ်တောများ

မောင်ဒေး

အသစ်တည်ဆောက်ထားတဲ့ မြို့ရဲ့ ကျောက်ခဲပုံတွေကြား လှဲအိပ်ကြတဲ့အခါ၊ (မြေကြီးရဲ့) မိုးမောက်ရန်ကြွမှုမှာ ရေအောက်ကသစ်တောတွေ ယိမ်းခါကြတဲ့အခါ၊ လူ့အရေပြားနဲ့လုပ်ထားတဲ့ ပလွေကိုမှုတ်ဖို့ ပုရိသတေးသံသွင်းဆိုင်ရှေ့မှာ တန်းစီစောင့်ကြရတဲ့အခါ အဲဒါတွေဟာ ရှုမငြီးဖွယ် အသစ်နေထိုင်ခြင်းတွေပေါ့။ (မြေကြီးရဲ့) ထိတ်လန့်မှုဟာ သေနတ်ကိုင်ပြီးပြေးလာတဲ့ လူ့အနွံတစ်ယောက်ပေါ့။ ချောင်းထဲမှာပျောက်သွားတဲ့ ပုဆိန်ပေါ့။ နဝေတိမ်တောင်ဖြစ်နေတဲ့ တောင်ဘက်က တိမ်တွေပေါ့။ အချိန်ဆိုတာတွေ လျော့ပါး ပွန်းပဲ့မသွားခင် ကမ္ဘာကြီးရဲ့ ဝင်ရိုးပေါ် ခွထိုင်ပြီး (ရေအောက်က သစ်တောတွေရဲ့) ပုရစ်ကြော်တွေကို စားနေမိတယ်။ ကျွဲနှစ်ကောင်ကြားက မြေစာပင်ကို စားနေမိတယ်။ နှာခေါင်းရှေ့မှာ ဝေ့ဝဲဆန့်တက်သွားတဲ့ လေချဉ်တက်သံကို ကြားမိတယ်။ လေချဉ်ဟာ ကမ္ဘာကုန်ကျယ်သရွေ့ ပြန့်ကားသွားပြီး၊ သည်းခြေပျက်ခြင်းရဲ့ သချိုင်းဟောင်းတွေကို ပြန်ဖော်တယ်။ စားနေသူတွေကိုလည်း ကြားမိတယ်။ ပြောင်းဖူးဟာ ကျိုးကန်းရဲ့ပါးကို ကိုက်လိုက်မိတယ်။ လျှပ်စစ်ကုလားထိုင်ပေါ် တက်သွားတဲ့ အမြိုက်တရားကြောင့် ခရီးပန်းနေချိန်မှာတောင် မငိုက်မိအောင် သတိထားလိုက်မိတယ်။ မြေကြီးပေါ်က လူ့အရေအတွက်ကို မြေကြီးအောက်က လူ့အရေအတွက်နဲ့လည်း စားမိတယ်။ ခမာ လူသတ်ကွင်းထဲမှာ မီးတွေထွန်းတယ်၊ အရိုးခေါင်းတွေ ရယ်ကြတယ်။ ။

၂၂၊ ၂၊ ၂၀၁၅။





www.burmeseclassic.com

www.burmeseclassic.com

## လောင်ကျွမ်းခြင်း

မောင်ဒေါင်း

ဘုရားကျောင်း
ဆူးခက် သွေးစက်တွေနဲ့ ရွှေနှလုံးတော်
စန္ဒရားသံများ
ဆုတောင်းသံများ
အလိုတော်သည် ကောင်းကင်ဘုံ၌
ပြည့်စုံသကဲ့သို့
မြေကြီးပေါ်၌လည်း ပြည့်စုံပါစေသော်
ခမည်းတော်
သားတော်
သန့်ရှင်းသောဝိညာဉ်တော်
နာမတော်များနဲ့ အာမင်
မြေကြီးပေါ်၌လည်း
မြေကြီးပေါ်၌လည်း
မြေကြီးပေါ်၌လည်း
အာ
.
.
.
မင်။

## ကျားကြောက်ခဲ့တယ်

မောင်နီမြင့်

ဒီခေတ်မှာ
ပြည်သူဆိုတဲ့ စကားလုံး
မနားတမ်း သုံးတယ်။

နိုင်ငံတော်ကလည်း
ပြည်သူ ပြည်သူ ပြည်သူ ...။

အဖွဲ့အစည်းပေါင်းစုံကလည်း
ပြည်သူ ပြည်သူ ပြည်သူ ...။

ပြည်သူကို ဗဟိုပြုလို့
တောအကြောင်း ...
တောင်အကြောင်း ...
မြစ်အကြောင်း ...
မြေအကြောင်း ...
လယ်အကြောင်း ...
လူအကြောင်း ...
ထောင်းလမောင်းထ
ပွသယောင်းနေသလောက် ...။

နိုင်ငံတော်ကိုချစ်တဲ့
အောက်ခြေလူတန်းစား
နွမ်းပါးတဲ့ 'မိဘပြည်သူများ'ခမျာ
ရှင်ကြီး အားကိုးနဲ့
နားကြား ဆွံ့အနေလေရဲ့။





www.burmeseclassic.com

www.burmeseclassic.com

## စွယ်တော်

မောင်နိုင်လင်း(ကောလင်း)

အိမ်ရှေ့မှာ
စွယ်တော်ပင်တစ်ပင် ရှိခဲ့တယ်။
ငယ်ငယ်က
အစ်ကို၊ ကျွန်တော်နဲ့ ညီမလေး
စွယ်တော်ပွင့်ကြွေတွေ ကောက်ပြီး ကစားကြ
ကြာခဲ့ပြီ။
စွယ်တော်ရွက်ကို ချစ်တတ်လာတဲ့အရွယ်
ကဗျာပင်လယ်မှာ
လက်ပစ်ကူးလို့။
ဆံဖြူခဲ့ပါပြီ
သွားကျိုးခဲ့ပါပြီ။
အခုမှ
စွယ်တော်ပန်းတွေ
တစ်ပင်လုံးပွင့်နေသလို အလှတရားက
အိပ်ရာနှိုးထလာ။
စိတ်ကိုပဲ
ခါးနဲ့ မိုးထားလိုက်ပါတယ်။



## နီကျင့်ကျင့် ချင်းတွင်းမြစ်ရေပြင်ထဲမှာ

မောင်နွေထက်

ကြေးနီရောက်တောက်နေတဲ့ နေလုံးဟာ
မနက်ခင်းမှာ ပြုံးလို့။
ချင်းတွင်းပါးဦးကို နမ်းရှိုက်
အလင်းသိုက်တူး
အနာဂတ်ကို ခူးတော့မယ်။
ရှောတယ် ရှပ်ပြေးယာဉ်က ရှပ်တိုက်ပြေး
နေတစ်စင်းရဲ့ အလင်းတေး
ချင်းတွင်းရင်ခွင်ထဲမှာ မွှေးလို့။
ဟော ... ရေကြောင်းတိမ်ကော
ကျွန်းသောင်တွေ ပေါ်လာတဲ့ ချင်းတွင်း
  အထက်မှာပေ အောက်မှာရွှေ
  အလယ်ဝက်သိုက် မျက်ဖြူဆိုက်
မျက်ဖြူမဆိုက်တော့တဲ့ ချင်းတွင်းရင်ခွင်ထဲ
ရေဝဲဂယက်တွေ ဘယ်ရောက်ကုန်ပြီလဲဟော့။
စက်လှေကလေးတွေနဲ့ ရေလမ်းက ပြေးအလာ
ရှော်တယ် ဘေးကပ် သက်စွန့်ဆံဖျား
လက်ပံစုကြက်ကြော်လေးတွေ ရောင်းရရှာတဲ့
ကလေးမလေးတွေရဲ့
ဩော် ... ဘဝတွေ
    ဘဝတွေ။
သင်တောဆိပ်ကမ်း မကပ်ခင်
ထမင်းလာရောင်းရရှာတဲ့ ရွာစဉ်ရွာတန်းက
စက်လှေကလေးတွေ အစီအရီကပ်
ပီးဖိုချောင်ဗေဒကို ဖတ်နေပြီ။
ဘိုင်အိုးလို့ ကျော်တဲ့ အိုး
တကယ်တော့ ဘိုင်ရွာက အိုးမလုပ် အိုးမလုပ်
အနောက်ရွာနဲ့ ကုန်းရွာက လက်ရာကျော်
သဲသောင်စပ်က အိုးကလေးတွေ သယ်နေတဲ့ ရုပ်ပုံလွှာ
မြင်ကွင်းကျယ် ရေဆေးပန်းချီကားတစ်ချပ်မှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com

ဘိုင်
    တုန်
        ကံ
            ချိုင်
                ချို
နာမည်တစ်လုံးနဲ့ လှနေလိုက်တဲ့ ရွာကလေးတွေ
ချင်းတွင်းနံဘေး ငြိမ်းချမ်းအေးမြကြပါစေ။
ရွှေကျင် ကျောက်တူးလို့
ချင်းတွင်းမြစ်ကြီးက မူးလို့ ချာချာလည်
ရေမကြည် ရေနောက်
သဲသော်ဖုံး မြစ်ကြောင်းပျောက်
မြစ်လယ်ကောင်မှာ သောင်တင်လို့ မဆုံး
သဲသောင် ဖုံးလွှမ်း
ချင်းတွင်းရေလမ်းမကြည်
ချင်းတွင်းမြစ်ကြီး ပျောက်ဆုံးတော့မယ့် နေဝင်ချိန်ဆီ
မျှော်ရှည်မဆုံး စိတ်နှလုံးကြေ
မြစ်ရေနောက်ကျူ ရေလမ်းက ပျောက်လုလု။
ချင်းတွင်းအဆန်ထဲက
ငါ့ မင်းကင်းရေဆန် ရင်ခုန်သံတေး
သဲသောင်တွေနဲ့ မိတ်ဆွေဖွဲ့
မြစ်လမ်းကြောင်းတွေ ပျောက်တော့မဟဲ့။
ကြည့်ကွဲ့ အိပွဲ့ . . . အိပွဲ့ . . . ငှက်ခတ်သံနဲ့
ရေအနက်က
    ၂ တောင်
        ၂ တောင်ခွဲ
            ၃ တောင်တဲ့
ချင်းတွင်းမြစ်လယ်က ကြေကွဲစရာ မြစ်ပြင်တေး
ရေတိုင်းသံ သဲသောင်စကေး
ချင်းတွင်း ကောမယ့်ဘေး
ဂွဲသတ်ပြီး သောင်တင်သင်္ဘောတွေ ဆွဲနုတ်
ရေမျက်နှာပြင်ပေါ် တင်
ချင်းတွင်းမြစ် ကောမယ့်ဘေး ရင်မအေးစရာ ရုပ်ပုံလွှာ



ချင်းတွင်းရဲ့ နီကျင်ကျင် မြစ်ရေပြင်ထဲမှာ။
ကားလမ်းက မပေါက်တပေါက်
လုံးလုံး ခရီးမရောက်
သေတ္တာထဲ အပိတ်လှောင်ခံထားရတဲ့ မြို့ကလေး
ချင်းတွင်းမြစ်ရေ လုံးဝ မစီးနိုင်ရှာတော့တဲ့ သဲသောင်နံဘေးမှာ
မန္တလေးသား ကဗျာဆရာက အနာဂတ်အတွက် ငေးလို့။

*၁၂၊ ဖေဖော်ဝါရီ၊ ၂၀၁၅*
*'ဗိုလ်ချုပ်အောင်ဆန်း ရာပြည့်ပွဲတော်၊ မင်းကင်းမြို့ ဟောပြောပွဲအသွား*
*ချင်းတွင်းရင်ခွင်ထဲမှ . . .'*



www.burmeseclassic.com

www.burmeseclassic.com

## ဘီလီ

မောင်ပြည့်မင်း

သူ့အလောင်း ချောင်းတစ်လျှောက် မျောလာ
သူ့ကိုယ်ပိုင် မြင်းဖောင်းနား
သစ်ချသီးပင် အမြစ်တွေနဲ့ ငြိနေခဲ့တယ်
ဘယ်သူမှ သတိမထားမိ၊ တစ်ခါလွတ်ထွက်သွား
ရေစီးနဲ့ မျောပါသွားပြန်ပါရဲ့
'ဘီလီ ပြန်မရောက်သေးဘူးလား၊ ညစာစားချိန်တောင် ရောက်ပြီ'
သူ့ဘောင်းဘီစတစ်ဖက် ရေအားလျှပ်စစ် ဒလက်ထဲမှာ ငြိနေ
သူ့အဖေ မစ္စတာ ဂွတ်မင်းကတော့
'ဒီနေ့ ဘီလီ ပြန်ရောက်မယ့်နေ့ပဲ၊ ငါတို့ရဲ့ ဂျိုင်းယင့်အသင်း
ဘယ်လို အနိုင်ယူလိုက်သလဲဆိုတာ
ဒီကောင်မှ အားရပါးရ ပြောနိုင်မှာ'
ဒလက်က ပြန်လွတ်ထွက်လာ၊ ဘီလီ မှောက်ခုံကြီးမျောလာ
'သမီးရေ ... နင့်မောင်လေး ပြန်လာရင် စားဖို့ သူကြိုက်တတ်တဲ့
အမဲသားပြားကင်နဲ့ အာလူးစွပ်ပြုတ်
အဆင်သင့် လုပ်ထားဟေ့'
ဘီလီကိုတော့ ချောင်းထဲက ချောင်းငါးတွေ
သိပ်ကြိုက်နေကြပါပြီ
ဘီလီကတော့ အပေါ်ပိုင်း ကိုယ်လုံးတီးနဲ့
ချောင်းထဲ တရွေ့ရွေ့၊ သူ့သမီး ကင်ဒီက
'မာမီ ... ဒီနေ့ ဒယ်ဒီက ဘာဖြစ်လို့ ရှပ်အင်္ကျီအသစ် ဝတ်သွားတာလဲဟင်'
'နင့်ဒယ်ဒီ ဒီနေ့ သူ့ရည်းစား သေမင်းနဲ့ ချိန်းထားတာလေ'
ဘက်တီ အငေါ်တူးခဲ့။
ရွာအစွန်က တံတားအရောက် ဘီလီ တံတားတိုင်မှာ ခဏနားတယ်
နှာခေါင်းနဲ့ ပါးစပ်ကတော့ ရေထဲမှာနှစ်
ချောင်းကြမ်းပြင်က ကျောက်စရစ်ခဲတွေကို သူ စိုက်ကြည့်နေတယ်
'တို့ ဘီလီကတော့ကွာ ငါးကို ရေထဲလွှတ်လိုက်သလိုပဲ၊ လစ်ပြီ'
တံတားပေါင်ပေါ် ထိုင်နေတဲ့ ဂျိုးနဲ့ ဝေါလ်တာ
သူတို့မမြင်လိုက်တဲ့ ဘီလီကို ဟားကြ
ဘီလီကတော့ ဂရုမစိုက်ပါ



ချောင်းရိုးအတိုင်း စုန်ဆင်း
ချောင်းဝကိုရောက်တော့ မြစ်ထဲချိုးဝင်
'ခွေးမသား၊ သစ္စာဖောက်' ဘက်တို့အဖေကြီးက
'သမီးတို့ကို အားလုံး ပြည့်စုံစေရမယ်
ဘာမှ အားမငယ်နဲ့၊ ဒီကောင့်ကို သေပြီလို့သာ သဘောထား'
တကယ့်ဘီလီကတော့ ပင်လယ်ထဲထိ စွန့်စားသွားလိမ့်မယ် ထင်ပါရဲ့။

www.burmeseclassic.com

## ဂျပုရဲ့ မိန့်ခွန်း

မောင်ဖီလာ

အပျို့ပေါက်ကလေး ဆီးသွားတဲ့အသံမျိုးနဲ့
သူ မိန့်ခွန်းပြောနေတယ် …။
ခွေးပါးစပ်ထဲ ဝါးလုံးချောက်ထိုးထည့်ပြီး ခလောက်နေသလို
သူ မိန့်ခွန်းပြောနေတယ် …။
မီးလောင်သလို အခန်းထဲပတ်ပြေးနေတဲ့
နွားစက်သံအတိုင်း သူ မိန့်ခွန်းပြောနေတယ် …။
သူ့မိန့်ခွန်းပြောသံကို ငါ ဆောင့်နင်းချလိုက်တယ် …။
သူ့မိန်းခွန်းပြောသံဟာ ချာလပတ်လည်ထွက်သွားပြီး
နိုင်ငံတော်အလံရှေ့မှာ မှောက်လျက်လဲသွားတယ် …။
မိန့်ခွန်းပြောသံဟာ နိုင်ငံတော်အလံကို မော့ကြည့်တယ် …။
ဒီအလံတော်ကို သူ မကြည်ညိုခဲ့ဘူး
သူတို့ကိုယ်တိုင် အသွင်ပြောင်းထားတဲ့ ဒီစပ်ဖြဲဖြဲအလံကို သူ မလေးစားဘူး။
မိန့်ခွန်းပြောသံဟာ ကယိမ်းကယိုင် မတ်တတ်ထရပ်တယ်
တဆတ်ဆတ်တုန်ယင်နေတဲ့ ဒူးဆစ်တွေနဲ့ မတ်တတ်ထရပ်တယ် …။
မိန့်ခွန်းပြောသံဟာ ဘေးဘီဝဲယာကို စောင်းကြည့်တယ် …။
နယ်ဆင်မင်ဒဲလားရဲ့ မိန့်ခွန်းပြောသံ
ချေဂွေဗားရားရဲ့ မိန့်ခွန်းပြောသံ
အေဗရာဟင်လင်ကွန်းရဲ့ မိန့်ခွန်းပြောသံ
ဗီဒယ်ကက်စထရိုရဲ့ မိန့်ခွန်းပြောသံ
မဟတ္တမဂန္ဒီရဲ့ မိန့်ခွန်းပြောသံ
ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းပြောသံ
အဲဒီအသံတွေဟာ သူ့ရှေ့မှာ မားမားမတ်မတ် ရပ်နေကြတယ် …။
ဂျပုရဲ့ မိန့်ခွန်းပြောသံဟာ
အဲဒီမိန့်ခွန်းတွေကို သိမ်ငယ်တဲ့မျက်လုံးတွေနဲ့ ငေးကြည့်နေတယ်။
မိန့်ခွန်းပြောသံထဲ သပိတ်တပ်တွေ ချီတက်ပြီး ဝင်သွားတယ်။
မိန့်ခွန်းပြောသံက သံဆူးကြိုးခွေတွေ ထွေးထုတ်လိုက်တယ်။
ပေါက်ပြဲ ရိကျနေတဲ့ မိန့်ခွန်းပြောသံ
ကျည်ဆံပူပူတွေကို ငုံထားတဲ့ မိန့်ခွန်းပြောသံ
မိန့်ခွန်းပြောသံထဲက သံချပ်ကာကားကြီးတွေ လွင့်ထွက်လာတယ်။



အမေရိကန် သူကြွယ်မလေး ကီကီဟာ
သူ့ကလေးတွေကို အိပ်ရာဝင်ပုံပြင် ပြောပြနေချိန်မှာ
ကွန်ဒိုလီဇာရိုက်ဟာ တစ်ကမ္ဘာလုံးကို မိန့်ခွန်းပြောနေခဲ့တယ်။
ငါတို့ဆီက ဂျပုကလည်း ငါတို့နိုင်ငံကို မိန့်ခွန်းပြောနေခဲ့တယ်။
သူ မိန့်ခွန်းပြောနေချိန်မှာ အထည်ချုပ်စက်ရုံက အလုပ်သမကလေး ရီရီဟာ
မှောင်ရိပ်က လမ်းကြားထဲမှာ သူ့ခန္ဓာအတွက် ဈေးစကားပြောနေရတယ်။
မိန့်ခွန်းပြောသံဟာ ငါတို့ပခုံးပေါ် တက်ရပ်နေတယ်။
ဒီမိန့်ခွန်းဟာ ငါတို့အတွက် ဝန်ထုပ်ဝန်ပိုးပဲ။
ဒီမိန့်ခွန်းဟာ ငါတို့အတွက် ထမင်းသိုး ဟင်းသိုးတွေပဲ
အဲဒီမိန့်ခွန်းပြောသံဟာ ဆယ့်နှစ်နာရီထိုးဖို့ တစ်လက်မအလိုမှာ
ရေအိမ်ကြွေခွက်ထဲ
မစင်တစ်တုံးကို ညှစ်ချလိုက်တဲ့အတိုင်း
ဂျပုရဲ့ လည်ချောင်းထဲ
ခွေးဝဲစားတစ်ကောင်လို အမြီးနှံ့ပြီး ပြေးဝင်သွားခဲ့တယ် …။



www.burmeseclassic.com

www.burmeseclassic.com

## ဒုက္ခရောင်းပွဲတော်

မောင်ဖြိုးဝေ

ဖွင့်လှစ်ကြောင်း မကြေညာသေးခင်မှာတောင်
လူတွေအားလုံး ပြောက်တိပြောက်ကြား။
တချို့က မျက်နှာသေကြီးတွေနဲ့ ရှင်ပျံနေကြတယ်။
ခေါက်ဆွဲပြုတ်ဆိုင်လေးတစ်ဆိုင် ခင်းထားတယ်။
ကယ်ရီကေးချားဆိုင်လေးတစ်ဆိုင်က ခဲတံချွန်နေတယ်။
ခေါင်းစုတ်ဖွားနဲ့ ဂျူးအဘိုးကြီးတစ်ယောက်က
ဒုက္ခတွေကို တယောထဲ ထည့်ဝှက်တယ်လို့ အော်ပြောနေ။
ကြီးကြီးငယ်ငယ် အားလုံးဟာ လုံးဝအားယားနေကြသလို
တစ်နှစ်တစ်ခါ ပွဲတော်ကြီးကို ကြိုဆို။
ရုပ်ချင်းဆင်ကလေးနှစ်ယောက် လက်ဆွဲလာတဲ့
သားသည်အမေက အော်တယ် ကမ္ဘာမီးလောင်ပြီတဲ့။
နှုတ်ခမ်းမွေးအတု မုတ်ဆိတ်မွေးအတုနဲ့ လူငယ်တစ်ယောက်က
အချစ်အတုအကြောင်း အရက်တုအကြောင်း
လက်ရှိ ခံစားနေရတာတွေကလည်း ဒုက္ခအတုဖြစ်ကြောင်း
ပွဲတော်ရဲ့ မပွင့်သေးတဲ့ တံခါးရွက်တွေကိုကြည့် ရေရွတ်။
Repeat လုပ်ပြီးတော့ ရသရဲ့ ဒုက္ခရောက်ပြီ သီချင်းကို
နားထောင်နေတဲ့ သမီးပျိုတစ်ယောက်။
ဒုက္ခအကြောင်း PhD ယူလာတဲ့ ပညာတတ်ကြီးက
volume နည်းနည်းမြှင့်ဖို့ ပြောတယ်။
အကန်းတွေလည်း လာတယ်။
အအတွေလည်း လာတယ်။
ခြေကျိုး လက်ကျိုးတွေလည်း လာတယ်။
ရှစ်ဖွဲ့ရဲ့ ဗိုးချဲကို ချာလီချာပလင်က တွန်းလာတယ်။
I.S. တွေက စုပြီး Selfie ရိုက်တာ လက်နှစ်ချောင်းထောင်။
Breaking News ကို ဘယ်သူမှ စောက်ဖက်မလုပ်ကြတော့ဘူး။
မယ်သီလရှင်လေးတစ်ပါးက ခွက်သုံးခွက်ထပ်ပြီး ခြောက်ပါးစာပြောတော့
အသောကမင်းကြီးက ၅၅၀ တိတိ လှူလိုက်တယ်။
Lucifer က သူ့ရဲ့ vessel ကို အကျအနဝတ်ပြီး
VIP လက်မှတ် တကိုင်ကိုင်နဲ့။



မဖွင့်သေးဘူးလား။ လူစုံနေပြီလေ။ ခွေးတွေပါ ဆိုတယ်။
ကြောင်တွေရော။ နောကေ သူ့သဘော်ကြီးနဲ့ကို ပေါက်ချလာတော့
ဂျာနယ်လစ်တွေက သတ္တဝါမောင်နှံတွေကို အင်တာတွေဗျူးကြ။
ကြိတ်ကြိတ်တိုးနေကြပြီ။ လူသံ နတ်သံ ငရဲသံ သတ္တဝါသံ စုံနေပြီ။
ခေါက်ဆွဲပြုတ်သည်လည်း ပိတ်ပြီ။
ကယ်ရီကေးချားသမားလည်း ခဲဖျက်ပဲ ကျန်တော့တယ်။
ပွဲတော်တံခါးက ပွင့်မလာ။
ဒုက္ခရောင်းပွဲတော်ကို ဒုက္ခခံပြီး စောင့်နေရတာ ဘယ်လောက်ကောင်းသလဲ
သကောင့်သားတစ်ယောက်က အော်ကြီးဟစ်ကျယ် ဂုဏ်ယူနေတယ်။
ပွဲလာသူအားလုံးက သူ့ကို ဒေါနဲ့မောနဲ့ ဝိုင်းကြည့်။
ထိုသူက ‘ကျွန်တော် ကဗျာဆရာတစ်ယောက်ပါ’လို့ ဆိုတော့။
အားလုံးက ဝိုင်းရယ်။
ပွဲတော်တံခါးကြီး စ ဖွင့် ပါ ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## ဒီနေ့ကမ္ဘာ ဒီနေ့မြန်မာ

မောင်မင်းစိုး

နားထောင်ပါ၊
လူကြီးမင်းတို့ရဲ့ရှေ့မှာ ရောက်ရှိလာပြီး ပြုစားနေတဲ့သူဟာ
နတ်ဆိုးတစ်ကောင် ဖြစ်ပါတယ်။
စိတ်အလုပ်ဟာ နာကျင်စွာနဲ့ တစ်ခုမှ စုစည်းမရဘူး။
မီးဟုန်းဟုန်းတောက်လောင်နေတဲ့ အဓမ္မဘက်တော်သားတွေဟာ
လူမြင်ကွင်းမှာ ပြောင်ပြောင်တင်းတင်း ဝင်ရောက်နေရာယူနေခဲ့တယ်။
လုံးကြီးမတင်ခဲ့တဲ့ ခတ်ကွင်းမှာ လူပြောများနေတာက စိုးထိတ်မှု
အလောင်းတွေပုံနေတဲ့ စစ်မြေပြင်မှာ ယင်တစ်ကောင်ရဲ့
လက်ခမောင်းခတ်သံက အာရုံနှောက်တယ်။
အာရာဖတ် သေပြီ၊ ဟူစိန် သေပြီ၊ အိုစမာ သေပြီ
ဂန္ဒီ သေပြီ၊ မင်ဒဲလား သေပြီ၊ သခင်ကိုယ်တော်မှိုင်း သေပြီ။
သေတာဟာ မဆန်းပါဘူး။
နေရတဲ့ အခိုက်အတန့်လေးမှာ သူတို့ပြသသွားတဲ့ ဇာတ်တွေက မပြီးနိုင်ဘူး။
ကျုပ်တို့မှာ လွှတ်တော် ရှိတယ်။ တရားစီရင်ရေး ရှိတယ်။
ဥပဒေပြုရေး ရှိတယ်။
လယ်ယာ သိမ်းတယ်။ တောင် သိမ်းတယ်။ မြစ် သိမ်းတယ်။
ထန်းပင်အထိ ဘာမှမကျန်အောင် သိမ်းသွားကြတယ်။
အသိမ်းခံရတဲ့ မြေယာတွေဟာ ဘိုးဘွားပိုင်မြေ မဟုတ်ခဲ့ဘူး။
လင်းတနားခဲ့တာ ငါတို့ကံကြမ္မာလား။
တိုက်ပွဲတွေကလည်း နေရာအနှံ့အပြား ကလူသည့်နှယ် ကခုန်လို့
ဖောရောင်နေတဲ့ ဝမ်းဗိုက်တွေ အဆီတစ်ရစ် အသားတစ်ရစ်
လူမှုနယ်ပယ်ဟာ ကျဉ်းမြောင်းလာတယ်။
မတန်တဆ မြင့်တက်နေတဲ့ အကုသိုလ်ဂြိုဟ်တွေကလည်း
တရိပ်ရိပ် အိကျလာနေခဲ့တယ်။
ခုတော့
ပြစ်မှုစီတိုင်းရဲ့ အတွင်းခံက မည်းညစ်နေပြီး
လူသားမျိုးနွယ်စုတွေ အမှန်တရားနဲ့ ဝေးနေခဲ့တယ်။

၂၁၊ ၃၊ ၂၀၁၄။



## ရဲဘော်စိတ်နဲ့ ရဲဘော်မ

မောင်မောင်ငြိမ်းအေး

ရဲဘော်တွေအတွက်
'ရဲဘော်စိတ်'ကို စိုက်ပျိုး
လူတန်းစားအားလုံးအပေါ်
ရာသီသုံးပါးစလုံး ရှာချခဲ့တယ်။

သူ့ရဲဘော်တွေက
တိုင်းပြည်ကို စွဲစွဲမက်မက်ချစ်တဲ့ ရဲဘော်တွေ
လူမျိုးကို မြတ်မြတ်နိုးနိုးချစ်တဲ့ ရဲဘော်တွေ
တိုင်းပြည်နဲ့ လူမျိုးအတွက်
သူတို့ရဲ့အသက်နဲ့ ဘဝတွေကို
'မတရားအသင်း' ဆိုတာနဲ့
ထုပ်ထားကြတဲ့သူတွေ ...။

ဒီရဲဘော်တွေရဲ့ လက်မှာ
တိုင်းပြည်ကို သာယာလှပအောင်
ထုဆစ်နိုင်တဲ့ အင်အားတွေအပြည့်
ဒီရဲဘော်တွေရဲ့ ရင်ထဲမှာ
လူမျိုးအားလုံး ဖွံ့ဖြိုးတိုးတက်အောင်
ပင့်မြှောက် ထောက်ကူပေးနိုင်တဲ့ သတ္တိတွေအပြည့်
ဒီရဲဘော်တွေရဲ့ ခြေထောက်မှာ
ယုံကြည်ချက်၊ ရည်မှန်းချက်ရှိရာသလို
တည့်တည့်လျှောက်လှမ်းနိုင်တဲ့
သန်မာဖျတ်လတ်တဲ့ ကြွက်သားတွေအပြည့်
ဒီရဲဘော်တွေရဲ့ ဦးခေါင်းမှာ
စစ်မှန်တဲ့ ဒီမိုကရေစီပန်းတိုင်အတွက်
စိမ်းလန်းတဲ့အိပ်မက်တွေ အပြည့်။

အဲဒီလိုရဲဘော်တွေရဲ့ လက်တွေကို
ဓရနစ်တဲ့သူ ကောက်ရိုးတစ်မျှင်ကို



www.burmeseclassic.com

www.burmeseclassic.com

ဆုပ်ကိုင်သလိုမျိုး ဖျစ်ညှစ်
ဒေါနတောင်ကို ဖန်ခုန်သလို ခုန်
သောင်ရင်းကို သစ္စာဆို ကျော်ဖြတ်
မတ်မတ်ကြီးကိုပဲ သူ ပျံသန်းခဲ့တယ်လေ။

သူ့တိုင်းပြည်မှာ ပန်းတွေမပွင့်သေးပေမဲ့
သူ့မယ်တော်ကတော့
မွေးမြူနေပြီမဟုတ်လား
ဒါ ... သူ့ရဲ့အား
သူ့ရဲ့ ... အားလုံးအပေါ်ချစ်တဲ့ နှလုံးသား။

*(ဒေါက်တာစင်သီယာမောင်သို့ အမှတ်တရ)*



**ကဗျာကြောင့်**

မောင်မောင်(တောင်တွင်း)

ကျောင်းသားတစ်ယောက် ကဗျာရေးနေတယ်
ရေးပါစေ သူ့အသည်းကို
ဝရမ်းမပါပဲ အခွဲခံရလို့နေမှာ
ကဗျာကြောင့် အနာအမြန်ကျက်ပါစေ ...။

စစ်သားတစ်ယောက် ကဗျာရေးနေတယ်
ရေးပါစေ စစ်မြေပြင်ထက်
ရဲဘော်ရဲဘက်တွေ ကျဆုံးလို့နေမှာ
ကဗျာကြောင့် မျက်ရည်တိတ်ပါစေ ...။

ဆရာဝန်တစ်ယောက် ကဗျာရေးနေတယ်
ရေးပါစေ သူ့စေတနာ၊ ခံစားချက်ကို
လူတွေ နားမလည်လို့နေမှာ
ကဗျာကြောင့် လူတွေ အမြင်မှန်ရပါစေ ...။

ရွာကျောင်းသားတစ်ယောက် ကဗျာရေးနေတယ်
ရေးပါစေ အထီးကျန် သူ့ဘဝကို
သဘာဝအလှနဲ့ ပုံဖော်ချင်လို့နေမှာ
ကဗျာကြောင့် အဖော်မွန်ကောင်းရပါစေ ...။

သုဘရာဇာတစ်ယောက် ကဗျာရေးနေတယ်
ရေးပါစေ ဝင်လေ၊ ထွက်လေ အဆုံးသတ်
မာန် မာနတွေ ခဝါချတာ မြင်ရလို့နေမှာ
ကဗျာကြောင့် လူတွေ တရားရပါစေ ...။

ဂီမနရာမှာ ငါ ကဗျာရေးနေတယ်
ရေးပါစေ မွန်းကျပ်ကျပ် ဘဝကို
ကဒ်ဂ မေ့ပျောက်ချင်လို့နေမှာ
ကဗျာကြောင့် ထွက်ပေါက်တစ်ခုရပါစေ ...။



www.burmeseclassic.com

www.burmeseclassic.com

**ဝရန်တာ**

မောင်ယုပိုင်

ညဉ့်နက်လေ ပုရစ်ကလေးရဲ့ အော်မြည်သံက ကျယ်လောင်စူးရှလေ
သူ့အသံဟာ ဘယ်အရပ်က ထွက်ပေါ်နေမှန်းတောင် မသိ
သူ့သဏ္ဌာန်ကိုလည်း မခန့်မှန်းတတ်
ငါ့ခြံပတ်ပတ်လည်လည်က တောခြုံတွေဟာ အမှောင်ထဲ ငြိမ်ကုပ်လို့
သူတို့ကို နေ့ခင်းဘက်တုန်းကသာ မတွေ့ခဲ့ရင်
သူတို့ကို ရှိနေမှန်းတောင် သိမှာမဟုတ်
ငါက အိမ်ပေါ်ဝရန်တာမှာ ထွက်ထိုင်နေ
ငါ့ဇနီးက နံရံတစ်ဖက်က အခန်းထဲ အိပ်နေ
ဒီဝရန်တာကို ငါထွက်လာချိန် လေညင်းကြောင့် အေးသွား
နံရံတစ်ဖက်သာ ခြားပေမဲ့ အခန်းထဲက အပူချိန်ဟာ ဝေးကွာမြင့်တက်နေ
သူမရဲ့ကိုယ်က ချွေးတွေ တော်ရုံနဲ့ ပြန်ခြောက်ဦးမှာ မဟုတ်
အပေါ်ပိုင်း အဝတ်မဲ့နဲ့ ငါကတော့ ခဏအတွင်းမှာ အေးစက်သွားခဲ့ပြီ
ဘယ်တုန်းကမှ မပူနွေးခဲ့သလိုတောင် ထင်ရ
ပူနွေးမှုကို ပြန်မလိုချင်သေးတဲ့အထိ ငါ ပြန်ဝင်မှာမဟုတ်ဘူး
ပူချင်ချင် အေးချင်ချင် ငါ့အတွက်က လွယ်လွယ်လေး
နံရံတစ်ဖက် ကူးသန်းရုံသာ
အရင်လို အဝေးကြီးလည်း သွားစရာမလို အကြာကြီးလည်း စောင့်စရာမလို
ညှော်ခန်း အိမ်ခန်း ဝရန်တာ၊ ဝရန်တာ အိမ်ခန်း ညှော်ခန်း
ဒီဖက်က ကော်ဖောအစကို ဆွဲရင်း
ဟိုဖက်အစွန်ဆုံးက အစကို ညီအောင် ညှိနိုင်ရဲ့
နေ့တိုင်း ငါ ရည်ရွယ်ချက်ရှိရှိနဲ့လည်း ကူးချည်သန်းချည်
ရည်ရွယ်ဘဲလည်း ငါ ဝင်လိုက် ထွက်လိုက်
ငါ့ဝရန်တာမှာ မြို့ကြီးတွေကလို အရေးပေါ်လှေကား မရှိသလို
ငါ့ပြတင်းပေါက်တွေကနေလည်း ငါ့အိမ်နောက် တောအုပ်ထဲက
ရှဉ့်လို ငှက်ပျောရွက်တွေပေါ် ခုန်ကူးလို့မှ မရတာ
အလုပ်က ပြန်လာ လမ်းက ပြန်လာတိုင်း အိမ်ပေါ်တက် ငါလျှောက်
ငါ ထမင်းစားသလို ငါ ရေသောက်သလို ငါ အိပ်စက်သလို
ငါ နှစ်ပေါင်းများစွာ ထမင်းစားလာသလို
ငါ နှစ်ပေါင်းများစွာ ရေသောက်လာသလို



ငါ နှစ်ပေါင်းများစွာ အိပ်စက်လာသလို
အခုများတော့ ငါ့ ပူချင်အေးချင်တာတွေလည်း ဘာမှ မထူးဆန်းတော့ဘဲ
နောက်ထပ် နှစ်များစွာ ကူးသန်းနေတော့မှာ။
တကယ်လို့ သူမသာ ဟိုဘက်လှေကားကနေ ဆင်းမသွားဘူးဆိုရင်ပေါ့လေ
ဒီလှေကားကျတော့ ဒီဝရန်တာကနေ နံရံနှစ်ချပ်ခြားရဲ့။

မေ၊ ၂၀၁၄။



www.burmeseclassic.com

www.burmeseclassic.com

## အဲဒီတီရှပ်ပေါ်က ချေဂွေဗားရား

မောင်ရေချမ်း

အဲဒီတီရှပ်ပေါ်က ပုံကိုပဲ ငါ့မှာ ငေးကြည့်နေရ
ဆံပင်အရှည်နဲ့ ... ချေဂွေဗားရား
သူများဒုက္ခတွေကိုတော့ ဒုက္ခခံပြီး ရိတ်ညှပ်ပေးခဲ့သူ
သူ့ဆံပင်သူတော့ ညှပ်ဖို့ အချိန်မရှိခဲ့ရှာ
သူဟာ
တီရှပ်ပေါ်ကနေ
လူငယ်တွေ ကျောကုန်းပေါ်
ပြီးတော့ ရင်အုံပေါ်အထိ ခုန်ကူးလာ
ချေဂွေဗားရားရေ ...
ခင်ဗျား ဘယ်လိုလူစားလဲမသိဘဲ ခင်ဗျားပုံကို တက်တူးထိုးထားသူ
လူငယ်များကို တွေ့ရင်တော့
ကျွန်တော့်မှာ သူတို့အစား ခင်ဗျားကို အားနာ။
ခင်ဗျား တိုက်ခဲ့ပါတယ်
ကိုယ့်နိုင်ငံ လွတ်လပ်ရေးအတွက်မက
သူများတိုင်းပြည် လွတ်လပ်ရေးအထိ
ပြီးတော့
ခင်ဗျား ခန္ဓာကိုယ် အပိုင်းပိုင်း ကြေသွားသည့်အထိ။
ရင်းခဲ့ရတယ်
ဆေးထိုးအပ်ကို ပစ်ချပြီး
တောကြီးမျက်မည်းတွေထဲ တစ်ဘဝလုံး ပစ်ချခဲ့တဲ့အထိ။
ရှုံးဆုံးခဲ့သမျှ အားလုံးဟာ အလကားပါပဲ
အခုချိန်ထိ တစ်ကမ္ဘာလုံးမှာ စစ်ပွဲတွေများစွာ
အဲဒီအတွက်နဲ့ ကျွန်တော့်မှာ ခင်ဗျားကို ကြိမ်ဖန်များစွာ အားနာ။



## ဒေါင်းချိုသံ

မောင်ရဲနွေ(ပလိပ်)

ဒေါင်းနေမှာ
ဓဒါင်းတွေ ဖြတ်ခဲ့တယ်။
ဓဒါင်းအသည်း
ရဲရဲနီ။
ဒေါင်းအလံ
ဓကာင်းရန်အတွက်။
ဓဒါင်းအသံ
ဓကျာင်းနံ့ရံမှာ ပဲ့တင်ထပ်။
ဓဒါင်းတို့ရဲ့ ခြေလှမ်း
လက်တစ်ကမ်းမှာ။
ဓဒါင်းတွေညီစေ
ဓဒါင်းတွေ ချီလေ။
ဓဒါင်းတွေ ချီလေ
ချီလေ ညီစေ။



www.burmeseclassic.com

www.burmeseclassic.com

**လပွတ္တာ**

မောင်ရင်စစ်

ကြယ်တွေကို လက်နဲ့ဆုပ်
ကြဲသလို ကြဲပစ်လိုက်တော့
ဟိုတစ်စ ဒီတစ်စ အလင်းစက်တွေက
စံပယ်တွေလို
အလန့်တကြား ထထပွင့်တယ်။

ခေတ်မီပါတယ်ဆိုတဲ့ မျက်နှာပေးနဲ့
မြို့ပြဆန်နေလိုက်တာများ
စတိုင်ကျကျ ဝတ်စားဆင်ယင်
နေရာတကာ စမတ်ဖုန်းနဲ့
နိုင်ငံကြီးသားတစ်ယောက်လို
ပြုံးနေတတ်သေးတယ်။

နွေရာသီ ဖက်ရှင်ဒီဇိုင်းနဲ့
ကျေးလက်ပန်းတွေ လန်းနေပုံက
မျက်လှည့်ဝိုင်း ဝင်ရပ်လိုက်မိသလို
ရင်ဘတ်ကို လက်ဖဝါးနဲ့ဖိ
လဲသေလို့ရတယ်။

မီးအိမ်မက်မက်နေတဲ့ ငါးလို
သတိလက်လွတ် ကူးခတ်နေပြီး
အသိတရားကို နံရံမှာ ချိတ်ထားတော့
ချစ်ခြင်းမေတ္တာ ယိုစီးမှုက
အလေအလွင့် ခပ်များများရယ်။

ယဉ်ကျေးမှုကို ကျော်ရစ်
ခေတ်ဆန်မှုကို ခါးစောင်းတင်ထားတဲ့
ခပ်တုံးတုံး ခါးတွေ ရှိသလို
တုံ့ဆိုင်းဆိုင်း အုံ့မှိုင်းမနေပါဘဲ



ဂျိကာတစ်ချပ်လို လူငယ်တွေကလည်း
လိုအပ်တဲ့နေရာတွေကို
အချိန်မရွေး
ဝင်ဒေါင်းဖို့ အဆင်သင့်ပါပဲတဲ့။

လက်ချိုးရေလို့ရတဲ့ အနုပညာသမားရယ်
အခြေခံလူတန်းစားတွေရယ်
စီးပွားရေးသမား ခပ်များများရယ်ကို
သားစိုးလက်ထဲ ထိုးထည့်
ရောသမမွှေထားတဲ့ မြို့။

မိတ်ဆွေတွေကို အပြုံးတွေနဲ့ဆီးကြို
ပျူပျူငှာငှာ ညှော်ဝတ်ကျေဖို့
ဘယ်တော့မှ ဝန်မလေးတတ်ကြသလို
ရန်သူကိုတော့ ရန်သလို တုံ့ပြန်ဖို့
ဓားပေါက်လေ့ကျင့်ထားတဲ့မြို့။

ကားလမ်းတွေ ဘယ်လောက်ကောင်းကောင်း
'ရွှေးမြစ်'က ငယ်ချစ်ဟောင်းပါဆိုပြီး
ခေတ်ရဲ့လက်ကျန် သင်္ဘောတွေကလည်း
လေးကန်ကန် ခုတ်မောင်းနေဆဲပါပဲ။

မြန်မာပြည်ရဲ့ စပါးကျီ ဧရာဝတီ
ရိုးသား ကြိုးစား ဧရာဝတီသားတဲ့
အဲဒီဆောင်ပုဒ်ကို အာဂုံဆောင်
အခါအခွင့်သင့်တိုင်း ရွတ်ဆိုပြ
နေညိုညို လေပြေလာရင်တော့
ရေငံသား ပိုးမထိုးဘူး ...လို့
ဆိုကြပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ဆိုင် ဘီယာဆိုင်နဲ့
ဟစ်ဟော့ယဉ်ကျေးမှုက
အတင်းနေရာလုယူထားပေမဲ့
ဘာသာ သာသနာ ရောင်ဝါလင်းလို့
လယ်သမားရဲ့ ထမင်းချိုင့်လို
ဘုန်းတော်ကြီးကျောင်းတွေကို
သူ့ရင်ဘတ်လေးထဲ သိပ်ထည့်ထား
ထိုင်ဆွမ်းနဲ့ ရပ်ဆွမ်းကို
တိုက်တွန်းစရာမလိုအောင် ပြည့်စုံတဲ့မြို့။

ဘဝအသိုင်းအဝိုင်းတွေကို
သဘာဝလှိုင်းကြမ်းကြမ်းတွေက
ထိုးမွှေလို့ ရက်စက်ခဲ့ပေမဲ့
အမာရွတ်ပေါ်
ဆေးမင်ကြောင် အုပ်ထိုးလိုက်သလို
နာဂစ်ဆိုတဲ့
အရိုင်းကောင်းလက်က ရုန်းထွက်
အပြုံးနဲ့ ခရီးဆက်နေတဲ့မြို့။

အဲဒီ ... ငါချစ်တဲ့မြို့က ရွှေးမြစ်ကိုပွေ့ဖက်
ရွှေးမြစ်က မြို့ကိုဖက်တွယ်
မြို့သားတွေက မြို့ကိုစွဲလမ်းနဲ့
သံသရာလည်နေလိုက်တာ
ခေတ်အဆက်ဆက်ပဲ ဆိုပါတော့။



**လမ်းသရဲတွေ ကဗျာထဲဝင်လာတဲ့ နေ့က**

မောင်ရှင်စော

သံတုတ်တွေကိုင်ပြီး တစ်ရှိန်ထိုး
စာကြောင်းတွေကို တဒေါင်ဒေါင်ခေါက်နေသံ ကြားရ
တစ်ချောင်းငင်တွေ လုံးကြီးတင်တွေ ဝစ္စပေါက်တွေ အားလုံး
စကေဘာနဲ့ ကလော်ထုတ်
ဝါကျတွေထဲ ကြောက်ဒူးတုန်နေတဲ့ ခံစားချက်နဲ့ အဓိပ္ပာယ်တွေ
ဘွတ်ဖိနပ်နဲ့တစ်ကောင် ကုန်းအော်လိုက်တယ်
မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံးပဲဟေ့
ခေါင်းစဉ်ကိုပါ ဂေါ်ပြားနဲ့ကျုံးပစ်လိုက်
ကျွန်ပြေးကို ဇက်ထားသူ သေဒဏ်
ကျွန်အမှတ်အသားကို ဖျောက်ပေးသောလက် အဖြတ်ခံရမည်
အထက်ပါစာသားကို သင် မနှစ်မြို့ပါက
ဘေဘီလိုနီးယားရှိ ကျောက်တုံးတစ်တုံးပေါ်တွင် ကျင်ငယ်စွန့်လိုက်ပါ
ဥပဒေကို လေးစားလိုက်နာယောင်ဆောင်သူများ ကျမ်းသစ္စာကျိန်ဆိုကြ၍
ဤသို့ဖြင့် လက်မှတ်များသည် လူများထက် တန်ဖိုးရှိလာကြသောအခါ
ဖိတ်ကြားခြင်းမခံရသော အခမ်းအနားများ
ဘယ်တုန်းကမှ မသီးပွင့်ခဲ့ဖူးသော ကျမ်းစာအုပ်များ
ချိုင်းထောက်များ ဝှီးချဲများ လမ်းလျှောက်တုတ်ကောက်များ မျက်မှန်မည်းများ
စကြဝဠာ၌ပင် ဗဟိုချက်ရှိသည်ဟု
အချိန်၏ သမိုင်းအကျဉ်းက ဆိုပါသည်။

၂၀၁၄။



www.burmeseclassic.com

www.burmeseclassic.com

## ဒီအစိုးရကို မကျေနပ်နိုင်ပါဘူး

မောင်လင်းရိပ်

'ကျွန်မသားမှာ လက်နက်ဆိုလို့
အပ်တောင်မှ မပါပါဘူး။ ဒါကို အစိုးရက
ရက်ရက်စက်စက် တုတ်နဲ့ ရိုက်သတ်
ကြပါတယ်။ အမေကြီး ဒီအစိုးရကို
မကျေနပ်နိုင်ပါဘူး။'
အဲဒီလို
ရက်ရက်စက်စက်
တဲ့တိုးကျတဲ့ အသံ
ရိုးရိုးပြည်သူလူထုတစ်ဦးရဲ့ အသံ
အစိုးရကို မှန်နိုင်လောက်အောင်
အားမကောင်းဘူး ခင်ဗျား ထင်သလား။
အကုသိုလ်ကံကြီးလွန်းလို့
ဆိုးယုတ်ခွင့်တွေကို ဆွဲဆန့်နိုင်နေသေးတဲ့ အစိုးရတွေဟာ
သမိုင်းမှာ အခါခါ သေနေကြရတာ
ငါတို့ လေ့လာသင်ယူနိုင်ကြမြဲမဟုတ်လား။
'ဒီအစိုးရကို မကျေနပ်နိုင်ပါဘူး'ဆိုတဲ့
စကားကို
မကြားနာနိုင်လောက်အောင်
အဝိဇ္ဇာ ပိတ်ကာဆို့နေခဲ့ရင်
အဲဒီ ဘုရင်၊ အဲဒီ အစိုးရ၊ အဲဒီ မင်း
ဘယ်လိုပဲ ဘွဲ့မည်ရည် ဖွဲ့ဆက်သွင်း
ရာဇဝင် မော်ကွန်းတိုက်အတွင်း အောက်တန်းစားအဖြစ် ဆင်းဆင်းသွားရတာ
ကာလနာ မသာချသလို
မျက်နှာမဲ့တဲ့ ရှာပနအဖြစ်နဲ့၊ သင်္ချိုင်းဆီ
ဖုတ်သက်နဲ့ ကိုယ်တိုင်လှမ်းသွားရတာ
တစ်ခါနှစ်ခါမက တွေ့လိုက်ရသမဟုတ်လား။
လက်နက်ဆိုလို့ အပ်တောင်မှ မကိုင်စွဲရဘဲ
မတရား အညှဉ်းဆဲ အသတ်ဖြတ်ခံရသူတွေ
ဟိုမှာ ချီတက်လာနေခဲ့ပြီ



သမိုင်းတစ်ခွင် တစဉ်တတန်း
နန်းသက်တွေကလည်း လူထုရဲ့ ကျိန်စာနဲ့ နေ့ရက်တိုင်း ညှိုးသတဲ့
အဲဒီ နန်းရင်းပြင်က အမြောက်သံတွေဟာ
ညညတိုင်း ထပြီး လန့်ပျံတတ်သတဲ့
ယတြာနဲ့ စီရင်ထားသလို အဲဒီ စစ်ဘုရင် အရုပ်ကြီးတွေဟာ
ညညတိုင်း ထပြီး ရှိုက်ငိုတတ်သတဲ့
လူသူတွေနဲ့ ဝေးလှမ်းတဲ့ အရပ်က နန်းတော်ဟာ
ညညတိုင်း ထပြီး လျှောင်လှုပ်သလို လှုပ်ခါတတ်သတဲ့
အဲဒီအရပ်ဟာ အိပ်ဆေးမသောက်ဘဲ အိပ်စက်မရတဲ့ သူတွေရဲ့ အရပ်ပဲ
သူ့အရပ်မှာ သူ့ဇာတ်သူ ကပြပုံတွေကို
သူ့မီဒီယာတပ်တွေက သူ့ချဲနယ်လိုင်းတွေထဲ
စိတ်တိုင်းကျ ဖြတ်ချည် တပ်ချည်ပဲတဲ့
ဒီလိုနဲ့ပဲ ဒီပွဲကို ခဲနဲ့ပေါက်တဲ့ ဒီဖြစ်ရပ်တွေဟာ
ရက်စွဲမျဉ်းတွေပေါ် မီးတောက်မီးလျှံ တဖျတ်ဖျတ်နဲ့တဲ့
လူထုမီဒီယာတစ်စောင်ရဲ့ မျက်နှာဖုံး အင်ဖိုဂရပ်ဖ်ထဲမှာ၊
ပုံစာက ဒီလို
ဗိုလ်အောင်ကျော့် မိခင်ကြီးရဲ့ စကားကိုးနဲ့
'ကျွန်မသားမှာ လက်နက်ဆိုလို့
အပ်တောင်မှ မပါပါဘူး။ ဒါကို အစိုးရက
ရက်ရက်စက်စက် တုတ်နဲ့ ရိုက်သတ်
ကြပါတယ်။ အမေကြီး ဒီအစိုးရကို
မကျေနပ်နိုင်ပါဘူး။'

*ဖေဖော်ဝါရီ ၁၊ ၂၀၁၅။*



www.burmeseclassic.com

www.burmeseclassic.com

**ဘုရင်ရှူး**

မောင်လှမျိုး(ချင်းချောင်းခြံ)

မြားအကောက်နဲ့ လေးတော်တင်
ပစ်ကွင်းကလည်း မထင်မရှား။

အနားမှောင် အမြှောင်အမတ်တွေနဲ့
မကြားယောင် အဆောင်တတ်ပြန်တော့
ငတ်ပြတ်သူ ပြည်သူတွေရဲ့
ငိုချသံ တောင်ယံပဲ့တင်ထပ်သော်လည်း
ချိုမြှဟန် နားဝင်ပီယံဖြစ်သည့်အလား
မကြားသလို ဓားအိုကို ရောင်တော်ဖွင့်ပါလို့
ဒင်း ...
စစ်ကစား ...။

*နံနက် ၁၁ း ၀၇ မိနစ်*
*၂၂၊ ဖေဖော်ဝါရီ၊ ၂၀၁၅။*

**ရှုခင်း**

မောင်သာချို

ဒီနေရာမှာ
တောင်တွေကလည်း မတန်းတော့
မြစ်တွေကလည်း မဝှမ်းတော့ဘူး။
သရောကြီး အခိုင်းမို့ပေါ့
တောကြီးတွေ မဆိုင်းညို့နိုင်ရှာတော့။
အာခေါင်ကို ခြစ်ပြီး
ကမ္ဘာမကြေကို ဟစ်တဲ့အခါ
တိုင်ထိပ်မှာ အလံဟာ စုတ်ဖွာလို့။
အကျီအပြဲကလေးတွေနဲ့
နှပ်ချေး တွဲလဲကလေးတွေနဲ့။





www.burmeseclassic.com

www.burmeseclassic.com

## မြစ်ကြီးနား

မောင်သူရ(ဇာဂနာ)

နဖူးလည်း ပြားလိုသာ တော်တော့တယ်
အားနေတဲ့လက်က လာလာတင်တာကိုး
မမြင်ရတဲ့လ
စိတ်မှန်းနဲ့သာ သာခိုင်းနေရတယ်
အဲဒါ မြစ်ကြီးနား။

*(၂၀၊ မတ်၊ ၂၀၁၀၊ မြစ်ကြီးနားထောင်ထဲမှာ ရေးသည်)*

## ဆောင်းကို ဘယ်သူမုန်းသလဲ

မောင်သင်းခိုင်

နပိုလီယံဟာ
သမိုင်းမှာ ထင်ရှားခဲ့တဲ့
စစ်ဘုရင်တစ်ပါးပါပဲ။
ဥရောပတစ်လွှား
သူ့ခြေသွားအောက်မှာ
ငြိမ်၊ ဝပ်၊ ပိ၊ ပြား
နာလံမထူအောင် သိမ်းပိုက်
ကျွန်ပြုခဲ့တယ်။
ဒါပေမဲ့
ရုရှားနိုင်ငံကတော့
သူ့ခြေသွားအောက် အရောက်မခံ
ခုခံတွန်းလှန်နိုင်စွမ်းရှိတဲ့
ပြည်သူ့အင်အားတွေ တစ်လှေကြီးရှိတယ်။
ရုရှားနိုင်ငံကို
နပိုလီယံဟာ တပ်မကြီးတွေနဲ့
ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်တယ်
သဲကြီးမဲကြီး ထိုးစစ်ကြီးတွေ ဆင်တယ်
မြေတစ်လက်မ အကျမခံတဲ့ စိတ်ဓာတ်နဲ့
မော်စကိုပြည်သူတွေက ခုခံတယ်
ဆောင်းဟာ လှလှပပနဲ့ မော်စကို ရောက်လာပြီ
သိပ်သိပ်သည်းသည်း နှင်းတွေနဲ့ အတူတူပေါ့
မြေပေါ်ကျနေတဲ့ နှင်းထုတွေဟာ အဖြူရောင်မဟုတ်တော့
သွေးလူး သွေးစွန်းနေတဲ့ နှင်းတွေ . . . နှင်းတွေ
မြေပြင်တစ်ခွင်လုံး ဟာသံပြဒါးအနီ။
လိုရင်းတိုရှင်း ပြောရရင်
စစ်ဘုရင်ကြီး 'နပိုလီယံ'ဟာ
ဥရောပတစ်ခွင် ပြိုပြိုစင်
အောင်လံထူ လွှင့်ထူနိုင်ခဲ့သလိုမျိုး
မော်စကိုမြို့တော်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com

ကြက်ကလေး ငှက်ကလေး ဖမ်းရသလို
လွယ်မယ်အထင်နဲ့ မှန်းခဲ့ပေမဲ့
မှန်းချက်နဲ့ နှမ်းထွက် မကိုက်မှန်း
မော်စကိုဆောင်းက 'နပိုလီယံ'ကို
သင်ခန်းစာပေးလိုက်ပါတယ်
မော်စကိုမြို့တော်ကြီးကို တိုက်တဲ့အခါ
'စစ်သားမိန်းမ ဘာတွေရသလဲ
မုဆိုးမဝတ်စုံပဲ ရခဲ့တယ်'လို့
'ဘားဒေါ့ဘရက်' ကဗျာဖွဲ့ခဲ့တယ်။
ဟုတ်တယ် ... မော်စကိုဆောင်းရဲ့ နှင်းထုကြီးဟာ
'နပိုလီယံ'နဲ့ သူ့တပ်မတော်ကြီးကို
မြေမြှုပ် သင်္ဂြိုဟ်လိုက်ကြပါတယ်
ဆောင်းကို ရုရှားပြည်သူတွေက ချစ်ခဲ့ကြသလို
ဆောင်းကို 'နပိုလီယံ' (စစ်ရှုံးဘုရင်)က မုန်းမှာ သေချာတာပေါ့။

၁၄၊ ၁၂။ ၂၀၁၄။

## ထူး၍ မဆန်းသော ပုံပြင်

မောင်သင်းပန်

မှန်လာခင်းများကို
ယုန်ပညာရှိများ စောင့်ရှောက်ကြစေ ...။
ငှက်ပျောခြံများကို
မျောက်လိမ္မာများ ထိန်းသိမ်းကြစေ ...။
ရွှေသမင် ဘေးမဲ့တောများကို
ကျားသတ္တဝါများ ကာကွယ်ကြစေ ...။
ငါးမွေးမြူရေးကန်များကို
တံငါမိသားစုများ ကြီးကြပ်ကြစေ ...။
ကာလကြာတဲ့အခါ
အဲဒီဘုရင်ကြီးဟာ
ထန်းပင်ကျရေနဲ့ ယုန်သားကင် မြည်းသတဲ့
မျောက်မျက်နှာမကြည့်ဘဲ မျောက်သား ကြော်စားသတဲ့
ကျားအရေခွံပေါ်မှာ မိန့်မိန့်ကြီး ထိုင်သတဲ့
တံငါသည်များကို ကြေးတိုက်ထဲ ပို့သတဲ့
နောက် ...
အဲဒီဘုရင်ကြီးကို
အိမ်ရှေ့စံကိုယ်တော်က နန်းချထားသတဲ့
အဲဒီအိမ်ရှေ့စံ ကိုယ်တော်ကို
တူတော်မောင် မင်းသားတွေက မားမိုးထားသတဲ့
အဲဒီမင်းသားတွေကို
အမတ်ချုပ်ကြီးက အခါပေးပြီး ဥပယ်တံမျဉ်နဲ့ ကြိုးစည်ထားသတဲ့
အဲဒီအမတ်ချုပ်ကြီးရဲ့ ဟင်းလျာထဲမှာ
ပိဖုရားငယ်လေးတွေက ...
'တူ တူမလေးတို့ရေ
မနက်ဖြန်ညကျ လထွက်ထွက် မထွက်ထွက်
ကြယ်စုံစုံ မစုံစုံ
ဟောဒီပုံပြင်ကလေးကို
ဦးဦး ဆက်ပြောမယ်နော် ...'။ ။





www.burmeseclassic.com

www.burmeseclassic.com

## နံရံ

မောင်သင်းမိုး

တည်ငြိမ်သော နှလုံးသား
ကောင်းကင်တစ်ခုလို ထွန်းပ
သူ့မှာ မျက်လုံးတွေရှိ
သူ့မှာ နားလည်းရှိ
ပွဲတင်ထပ်ထပ်
သူ့ရင်ထဲ အနီချင်းချင်း
သွေးတို့စီးဆင်း
တောင်တန်းညိုညို အဝေးထိ
ပျံ့ဝဲလိပ်ပြာ
စိမ်းမြ ပန်းချီကား။

## အိမ်တော်ရာ

မောင်သစ်ဦး(မြစ်ခြေ)

ဆည်းလည်းသံလေးပေးပြီး
ဘဝဟာ ရေစုး ဘယ်လောက်နက်ကြောင်း
အမြဲပြနေတယ်
ပုံပြင်တွေနဲ့ ယုန်ထင် ကြောင်ထင်
မဟုတ်ဘူး
အပ်သွားရာ အပ်ချည်ပါခဲ့တာချည်းပဲ
သမိုင်းကြောင်းမှာ သဲထဲ ရေသွန်ဆိုတာမျိုး
ဘယ်ခေါင်းလောင်းနဲ့ထိုးထိုး
အမြဲတမ်း အသံချိုခဲ့တယ်
ခေတ်အဆက်ဆက်မှာ ခေတ်ဝန်ကိုထမ်းလို့
သစ္စာတရားမှာ ရိုးမြေကျ
ကျောက ဒဏ်ရာအတွက် ငိုချင်းသည်
ဘဝကို မမျှော်ကိုးခဲ့ဘူး
ချမိတဲ့ သက်ပြင်းကသာ
ခြေရာနက်သထက်နက်လို့။





www.burmeseclassic.com

www.burmeseclassic.com

## ငြိမ်းချမ်းရေးကို အဘိုးရဲ့မျိုးဆက်တစ်ခုလုံး ခုထိ ဆာတယ်
မောင်သန်းစိုး(ချောက်)

ဒေါင်းတစ်ကောင် ပျားရည်တစ်အိုးနဲ့
အဘိုး သခင်ကိုယ်တော်မှိုင်းရဲ့ပုံကို ကြည့်
နှလုံးမချိအောင် ခံစားရတဲ့ဝေဒနာ
'ငါ မသေခင်
တစ်ပြည်လုံး ငြိမ်းချမ်းရေးရတာ မြင်သွားချင်တယ်'တဲ့
ရင်နင့်ဖွယ် သမိုင်းထဲက ကျုံကျုံလာတဲ့ စကား
ဘယ်တရားနဲ့မှ ဖြေလို့မရဘူး ...နာတယ်
လူးလွန့်တွယ်တက်လာတဲ့ စိတ်
အိပ်လို့မရတဲ့ ညဟာ သံသရာလိုပဲ
အုံ့ခဲနေတဲ့ အတိတ်ကို တူးဆွ
ငြိမ်းချမ်းရေးအရသာကို ဆာလောင်ကြရင်း
ဗေဒါလမ်းကြယ်ကြီးလည်း ကြွေသွားပေါ့
ပျဉ်းမငုတ်တိုကြယ်ကြီးလည်း ကြွေသွားပေါ့
နရသိင်္ခကြယ်ကြီးလည်း ကြွေသွားပေါ့
မီးပင်လယ်ကြီးလည်း ကြွေသွားပေါ့
သမိုင်းပါမောက္ခကြီးလည်း ကြွေသွားပေါ့
လူထုကြယ်ကြီးလည်း ကြွေသွားပေါ့
အောက်ဆီဂျင်ပိုက်တန်းလန်းနဲ့ ကြယ်ကြီးလည်း ကြွေသွားပေါ့
ပန်းနုရောင်ကြယ်ကြီးလည်း ကြွေသွားပေါ့
ဟံသာဝတီကြယ်ကြီးလည်း ကြွေသွားပေါ့
တဖိတ်ဖိတ် တဝင်းဝင်း
ငြိမ်းချမ်းရေးကို မျှော်လင့်တမ်းတရင်း
အစင်းစင်း ကြွေသွားကြတဲ့ ကြယ်ကြီးတွေ
တဖြောက်ဖြောက် ကြွေခဲ့ကြပေါ့
ငါ မော့ကြည့်မိတဲ့ကောင်းကင်
မီးစင်
ကြည့်ပြနေတဲ့ ငြိမ်းချမ်းရေမျိုး
အဘိုးရဲ့
မျိုးဆက်တစ်ခုလုံးလည်း ဆာတယ်။



## အလွမ်းတေး (မနှစ်မြို့သော အမှန်တရား)
မောင်သိန်းဇော်

နွေလည်း နွေမို့ နွေညှ
မိုးလည်း မိုးမို့ မိုးညှ
ဆောင်းလည်း ဆောင်းညှ
ဖြစ်တည်နေတာတွေ
ပြောင်းလဲမှုတွေ
သစ်ရွက်၊ မိုးစက်၊ နှင်းမှုန်
လူတို့အပါအဝင် အရာအားလုံး
နေ့နေ့ ညည၊ လုလု ပပ
သူ့အချိန် သူ့သဘာဝနဲ့
ချစ်တဲ့ ကမ္ဘာကြီး ကိုယ်တိုင်
မတည်မြဲခြင်းမှာ
အဓိပ္ပာယ်ပြည့်စုံလွန်းလှတော့
ဒီတစ်ညလည်း
ကျောက်တုံးအောက်က
ကန်စွန်းနွယ်လို
ငါ့စိတ်၊ ငါ့အလွမ်း
အထွန့်တက်ဖို့ မရဲပါ။

၂၀၁၃။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅

မောင်သွေးသစ်

အသံပေါင်းစုံ ကြားနေရတယ်
ဟုတ်တယ် အသံတွေ ကြားနေရတယ်
'နား' အမွေကျင့်ခံရတာ
သက်တမ်းကြာပြီကောကွယ်။

နားနှစ်စုံမှာ
ပတ္တာတပ် တံခါးရွက်မရှိဘူး
သူဦး သူဝင်
ကိုယ်ဦး ကိုယ်ဝင်
မှတ်ပုံတင်ပြစရာ မလို
သန်းခေါင်စာရင်းပြစရာ မလို
စိတ်နဲ့ 'ကိုယ်ဝန်'ဆောင်ရတာ
အရင့်အမာ
နှစ် ၅၀ ကျော် ကြာခဲ့ပါပြီ။

'ပင်လုံထိပ်ထားဦး'ဇာတ်ကားထဲက
ဇာတ်ဝင်တေး
'ကိုမြတ်လေး' ရေးဖွဲ့ခဲ့ဖူးခဲ့
'နားနှစ်ဖက်ကို ...
စုံသာပိတ်လျက်
အတင်းရန်းကန် ပြေးထွက်ခဲ့ရတာလည်း
များပဲများပါပြီကောကွယ် ...'။

နားတွေ ပိတ်လို့မရဘူး
အတိတ်ကာလက အသံတွေ
မျက်မှောက်ပစ္စုပ္ပန် အသံတွေ
အဝေးက အသံတွေ
အနီးက အသံတွေ
ဆူဆူညံညံ



အဲဒီအသံတွေထဲမှာမှ
'လာမယ့် ၂၀၁၆ ကို
ဘယ်လိုမှ စိတ်ကူးမယဉ်နဲ့ ကိုယ့်လူ'
လူတစ်ယောက်ရဲ့အသံက
ညည်းယံကို ရှည်စေလွန်းသပ ... ညယ်။

၅၊ ၃၊ ၂၀၁၅။



www.burmeseclassic.com

www.burmeseclassic.com

## မင်္ဂလာလက်ဆောင် ကဗျာ

မောင်အောင်ပွင့်

သမိုင်းဆရာကြီး ဒေါက်တာသန်းထွန်းက
ချစ်သူ တွေ အတူနေသူချင်း
ကိုယ့်ကြောင့် စိတ်မဆင်းရဲပါစေနဲ့တဲ့။

သူ့ပုန်ကြီး ဗိုလ်ချုပ်မြကာ
ထာဝရသူပုန်ကြီး ဗိုလ်ချုပ်မြကာ
အချစ်ဟာ အဝတ်မဟုတ်ဘူး
အဝတ်က ဝတ်လေ ဟောင်းလေ
အချစ်က သစ်လေ ချစ်လေတဲ့
နေခြူးရေ . . . ပြည့်ပြည့်ရေ . . .
ချစ်ကြပေတော့ တစ်သက်လုံး
နောင်ဘဝ ငှက်ဖြစ်ရင်တောင်
တစ်ကိုင်းတည်း နားကြမယ်ဆိုတာက
အခုဘဝလို သေချာလို့လား
နေခြူးရေ . . . ပြည့်ပြည့်ရေ . . .
ချစ်ကြပေတော့ တစ်သက်လုံး။

*(နေခြူးနဲ့ ပြည့်ပြည့်တို့ရဲ့ မင်္ဂလာပွဲမှာ ရွတ်ဖတ်ခဲ့တယ်)*



## အဓိပ္ပာယ်ဆီ ပြန်သွားနေတဲ့ အဓိပ္ပာယ်

မဥ္ဇူမေလေး

တံခါးဝက စံပယ်ပွင့်လေးတွေ
တစ်ညလုံး မအိပ်လို့ နွမ်းလျသွားပြီ
လွတ်ကျခဲ့တဲ့ အက္ခရာတချို့ကို ကြည့်ရင်း
အံ့ဩမှင်တက်လို့ပေါ့။

မာန်နတ်ရဲ့ မညှာတာတဲ့ မျက်စောင်းနဲ့
တောက်ခေါက်သံကြောင့်
ဝါကျလေးတစ်ကြောင်း
တစ်ခြမ်းစောင်းခဲ့တယ်

ညဉ့်နက်သည်အထိ ညက
မထိမဲ့မြင်ပြုတော့ ကောင်းကင်တမန်ဟာ
အိပ်မက်မှာ ငိုကြွေးရင်း နစ်မျောပေါ့

ဖြောင်းမိနေတဲ့ စိတ်ကလည်း
မထောင့်ကလေးတစ်ထောင့်မှာ ကပ်လို့
ကမ္ဘာကြီး ကျယ်ပြောတာ သူ မသိရှာဘူး။

ဆောလေးနဲ့ ကြွေပြီး
ဆောလေးနဲ့ ပြန်ဝေတတ်တဲ့
ဟာဒ်ပင်ကိုလည်း အားမကျဘူး
ဖပြုံးတွေပေါ်က အဓိပ္ပာယ်ကိုလည်း
ပုံမဖော်ချင်ဘူး
မသချာစောင့်ရှောက်ထားတဲ့
စိတ်ဓာတ်ကိုလည်း
ဘာအကြောင်းနဲ့မှ မဖျားနာစေချင်ဘူး
ဟကယ်တော့ အတည်ပေါက်နဲ့ ငိုပြီး
အတည်ပေါက်နဲ့ ရယ်နေတာဟာ
ကောင်းဆုံးပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

## ညီမျှခြင်းရဲ့ အခြားတစ်ဘက်

မုံရွာအောင်ရှင်

ဘာပဲဖြစ်ဖြစ်
ရဲရဲရင်ဆိုင်ပစ်လိုက်လေ
သမိုင်းတစ်ပတ်ပြန်လည်ပြီလား
မိုးကုပ်စက်ဝိုင်းရဲ့ အခြားတစ်ဘက်
အိပ်မက်ဟောင်းတို့ ကျန်ရစ်ခဲ့တယ်
မနက်ဖြန်ရဲ့ ဟိုဘက်မှာတော့
မျှော်လင့်ချက်တွေ မွေးဖွားတယ်
ဒါပေမဲ့
တစ်ခါတလေကျတော့
ညီမျှခြင်းရဲ့ တစ်ဘက်မှာ
အနက်ဟာ အပေါင်းဖြစ်ခဲ့ပေါ့။

ဒါဟာ
ရှုးသွပ်ခြင်းမှတ်တိုင်တစ်ခုပေပ
အနိုင်အရှုံးရဲ့မျှခြေဟာ
ဂိမ်းသီအိုရီထဲမှာလား
ကွန်ပျူတာတွေအားလုံး
ဘာသာတရားမရှိကြဘူး။

တစ်ခါတစ်ရံမှာ
ငွေဒင်္ဂါး သုံးဆယ်မျှနဲ့
ခရစ်တော်ကို သစ္စာဖောက်တဲ့သူ
လူကလည်း မရှားတတ်
ဂရပ်မျဉ်းကွေးတွေနဲ့
ကမ္ဘာကြီးရဲ့ ဖွံ့ဖြိုးရေးကို ဆုံးဖြတ်ခဲ့ကြ
လူဟာ ကိန်းဂဏန်းတော့ မဟုတ်ဘူး။



... ... ...

မယ်ယွေး

ထာဝရတည်မြဲခြင်းဟာ PAUSE သို့မဟုတ် STOP
ခလုတ်တစ်ခုခုမှာ ဝင်ရောက်နေထိုင်တယ်
ပျိုမြစ်ခြင်းကိုသာ အမြဲ အလိုရှိတဲ့အခါ
အဲဒီမှာပဲ သေပစ်လိုက်ဖို့ သူမ ဆုတောင်းတယ်
ဘယ်ဘူတာ ဆိုက်ဆိုက်ပေါ့
ကိုယ်ဆင်းတဲ့ ဘူတာသာနောက်ဆုံးပဲ
ရှင့်ကို သတ်မှတ်ဖို့ ရှင်ကိုယ်တိုင်ပဲ အရောက်လာရမယ်

သူရောက်သွားတဲ့အချိန်မှာ အိပ်မက်ဟာ တန်းလန်းကြီး
အဲဒီအဖြူအမည်းတွေအောက် အဲဒီအင်ဂျင်တွေ အလယ်ခေတ်တက္ကသိုလ်တွေ
ဖြတ်လျှောက်သံဟာ တစ်မြို့လုံး အုံးအုံးထပြီးတော့
ပျိုမျစ်ခြင်းတွေဟာ ကျောင်းကနေ လွတ်မြောက်လာကြတယ်
သူတို့ရယ်သံဟာ ညနေခင်းဆီ စိမ့်ဝင်
ကျောင်းဆင်းခေါင်းလောင်းဟာ ကလေးတစ်ယောက်ဆီမှာ
ပိုးစားအံသွား အခေါင်းပေါက်

ဘာတွေလဲ တလွဲတွေကြုံဖို့ အိပ်ရာထမိတာလား
'ကွဲတတ်သည်' ကပ်ထားပါမှ ကွဲပြီသွားလိုက်တာ
အိတ်အကွဲထဲက ထွက်ကျလာတဲ့ မပျော်ရွှင်ရခြင်းတွေ
လျော်ပေး ပြန်လျော်ပေး ဒါ ညည်းတို့တာဝန်ပဲ
မပျော်ရွှင်ရခြင်းဟာ ထိုင်ရယ်နေတာပဲ
ဘယ်ကိုရောက်ဖို့ ဘာတွေ ကွဲထွက်သွားတာမျိုးလား
ဖေါ်လာထဲက အဘိုးကြီးဆီသွားတဲ့ ပျိုမျစ်ခြင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

ယင်ကောင်ဟာ ကော်ဖီထဲစိမ့်ဝင် ညနေခင်း
ဒန်းပေါးလ်တွေ ပြန့်ကြဲနေတဲ့ လေထု
မျက်လုံးမှိတ်ထားတဲ့အခါ နှုတ်ခမ်းတိုင်းဟာ ဆင်တူအရသာ
မျက်နှာဖုံးအသစ်ဟာ ပြောင်သလင်းခါနေတာပဲ
ဒါဟာ ဘာဆွဲဆွဲ အရုပ်မပေါ်တဲ့ ကော်ဖီ
အဲဒီကော်ဖီမှာ အရိပ်လာထင်တဲ့ ကျောက်တုံး။

*၀၅၊ မတ်လ၊ ၂၀၁၅။*



## ပြင်သစ်ဟာ ပြင်သစ်မဟုတ်ဘူး

မျိုးတေဇာမောင်

ပီးရှူးမီးပန်းတွေ ဖောက်တဲ့အသံ
အိပ်သာထဲကတောင် ကြားရတယ်
ဟိုးအနောက်ဘက် အုန်းပင်တွေကြားက လက်ခနဲ လက်ခနဲ
၁၉၄၇ ဆိုရန်တိုဗီလာမှာ
ဆရာစံကို ကြိုးပေးဖို့ အမိန့်ပေးခဲ့တဲ့ တရားသူကြီးဟာ
လွတ်လပ်ဗမာပြည်အတွက် အခြေခံဥပဒေကို ကူညီရေးဆွဲ
ကြောင်လက်သည်း သူ့ပုန်ဖြစ်
သူက သမ္မတတောင် ဖြစ်သေးတယ်
သမိုင်းဟာ
စိတ်မချရစရာ ဘယ်လောက်ကောင်းသလဲ
ပီးရှူးမီးပန်းတွေ ၁၉၄၈ မနက်စောစော ၄ နာရီ မိနစ် ၂၀
စကတည်းက ယဉ်သလို ဖိုးတွမ်တီ
အခြေခံဥပဒေဟာ မမွေးသေးတဲ့ ကျွန်တော့်အပေါ် မသက်ရောက်ခဲ့
၁၉၇၄
စတီရီယို ပိုင်အိုးနီးယားတွေနဲ့
ကွန်မြူနစ်ဖာတ်ပျက်တွေ
ပစ်ထောက်ခံခဲ့တဲ့
မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်ကြီးဟာလည်း
ကျွန်တော့်အပေါ် မသက်ရောက်ခဲ့ပြန်
ပီပေါက်ဟာ အဲဒီနေ့က ဖာတန်း ရောက်သွားတယ်
၂၀၁၄ သီကွာနဲ့ ဖာလုပ်လို့ရပြီ
မကောင်ဆန်းဟာ လက်မှိုင်ချလို့
မရှုနေဟာ ရှေ့မှာ ရှေ့နေအလုပ်ကို ဖုန်းနဲ့လုပ်တုန်း
မဟာဒါ ကဗျာလို့ ပြောရင်
မှန မှန ကစကားပြောခဲ့တဲ့ NLD အမတ်လေး အိပ်နေလောက်ပြီ
ဂုပ္ပမ ဟာ မွေးထိုးရမယ့် ဂဏန်းလား
ဆတ်ပစ်ရမယ့်ဟာလား
ပဲဂဲပဲဂဲဂဲဂဲ ငကြောက်တွေခဲ
ဟုဟ်ကဲ့ သူတို့ဟာ အမှန်တရားပါတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ကဲ့
သူတို့ဟာ ပြည်သူ့ဘက်ကပါတဲ့
ဟုတ်ကဲ့
ပျော်ပါတယ်တဲ့
ဗီယက်နမ်တွေ ပြန်လည်ပေါင်းစည်းတဲ့အခါတုန်းက
ဘာလင်တံတိုင်း ပြိုသလို ကမ္ဘာနီမှာ ကျွက်ကျွက်ညံ
မီးရှူးမီးပန်းတွေ ဖိုလ်နေဝင်းဟာ လောကထဲက တိတ်တဆိတ်ထွက်ခွာ
ရန်ကုန်မှာ အရက်တွေရောင်းရလိုက်တာ အဲဒီနေ့က
တဖြည်းဖြည်းဖြည်းနဲ့ နေဟာ စောင်းကန်းကန်း
ကဗျာထဲ သွားပွတ်တံအကြောင်း ထည့်ရေးမိတဲ့အခါ
တောမရွာလေးက ဘာပြောမလဲ
ဘုရားသခင်ဟာ ဘာသာစကားသင်တန်းတစ်ခု ဖွင့်ထားတယ်
ဟဲမင်းဝေး ဘာတွေလုပ်နေပါသလဲ
ပါရီကပြန်လာတဲ့ ညကြီးမျက်စိကြောင်နေတဲ့ အမျိုးသမီး
ကျွန်တော် ကဗျာရေးနေတာပါ
ဘုရားစူး မိုးကြိုးပစ် ဒါ ကဗျာရေးနေတာပါ
ရေသန့်ဘူး
ဟော့ . . . အဲဒီမှာ မိုးရွာလား
ကျွန်တော်ဟာ အခြေခံဥပဒေနဲ့ ကင်းလွတ်တဲ့လူတစ်ယောက်ပါ
၂၀၀၈ ကျွန်တော် မဲမပေးခဲ့ဘူး
မဲပေးကို မပေးဖူးဘူး
ဝတ်ကျောင်းက နိဗ္ဗာန်ဆော်ရဲ့ဖိတ်ခေါ်သံ နောက်တစ်ကြိမ်
စွန်ပလွံပင်များ
ကျွန်တော်ဟာ ပင်ဂွင်းတစ်ကောင် မဟုတ်ပါ
လုံးဝမဟုတ်ခဲ့ပါ။

*၂၆၊ မေ ၂၀၁၄။*



## သစ်ပင်

မျိုးမောရ

ဖိတ်သွန်ဖာမှောက် သွန်ချလိုက်တဲ့ ဖတ်လမ်းမှာ လူတွေဟာ သုခတစ်ဝက်။ ဒုက္ခတစ်ဝက် မပြုပြင်ဘဲ လုနေကြတာ လမ်းတွေပိတ် ဘဝတွေ အငိုမဆဲ တော့ဘူး ဆင်းရဲတွင်းထဲမှာ ဒုက္ခကို ဖက်ပေါင်းခဲ့ရှာတဲ့ နှစ်များ အနာက သွေးစိမ်းယိုစီးကျသလို ဘဝတွေ တစစ်စစ် ကိုက်ခဲ့ နာခဲ့တယ် မျှော်လင့် ချက်တွေထဲမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရှိ ပေးဆပ်နေခဲ့တာ နှစ်များစွာ ဖါပေမဲ့ ခဏသာဖြစ်ခဲ့ပေါ့။ မီးရောင်တွေအောက်မှာ တတ်နိုင်သမျှ ချစ်စရာ မျက်လုံးတွေနဲ့ လူတွေကို အရိပ်တွေ မှိတ်တစ်ဝက် လင်းတစ်ဝက် ထွန်းပေး ခဲ့တယ်။ ဘယ်တော့မှ ကိုယ့်အရိပ်ကိုယ်ပြန်ခိုဖို့ ပြန်မစုစည်းခဲ့ပါဘူး။ မင်းတို့ မောတဲ့အခါ ဝင်နားနိုင်ပါတယ် ပြီး ငါ့အရိပ်ကို တံတွေးထွေးသွားနိုင်ပါတယ် လူတွေရဲ့လျှောက်လမ်းမှာ ငါဟာ မထင်မရှားဖြစ်လာခဲ့။ ငါ့ အရိပ်ကို ခိုနိုင် တယ် ငါ့အရိပ်ကို ချိုးနိုင်တယ် လမ်းစုံလမ်းခွမှာ ငါဟာ ဒုက္ခသန်းပေါင်းများစွာ ကိုလည်း လူးလဲစွာ ခံစားခဲ့ရ။ တကယ်တော့ ငါဟာ မျှော်လင့်ချက်သစ်ပင် ပါ။ မင်းတို့ မောတဲ့အခါ ငါ့ အရိပ်မှာ လာနားပါ။ ငါ့ကိုယ်လည်း အမွေကျင့် သွားပါ ငါ့ကို နောက်ဆုံး လူကုန်ကူးနိုင်ပါတယ်။ သင်းပျံ့နေတဲ့ရနံ့နဲ့ ငါဟာ ခေါင်းလောင်းထိုးလို့ ကြိုခဲ့တယ် အိပ်မက်များရဲ့ ဆွဲခေါ်ရာ အိပ်မက်ဟာ ကျယ်ပြန့်တယ် အခု ငါဟာ ခရီးတစ်ဝက်မှာ အမောဆို့ သေနေပေါ့။ မင်းတို့ မြင်တွေ့ဖူးကြပေမဲ့ ငါ့မှတ်ပုံတင်လေးတော့ တင်ပြပေးခဲ့တယ်။ ငါ့အရိပ်ကို ခိုပါ ငါ့အရိပ်ကို ချိုးပါ ငါ့ကို အမွေကျင့်ယူပါ နောက်ဆုံး ငါ့ကို မင်းတို့ လူကုန်ကူးနိုင်ပါသေးတယ်။ တကယ်တော့ ငါဟာ မျှော်လင့်ချက်သစ်ပင်ပါ။

*၂၄၊ ဇွန်၊ ၂၀၁၄။*



www.burmeseclassic.com

www.burmeseclassic.com

**မန္တလေးမှာ မနှင်း**
**စက်ဘီးကလေးနဲ့ ကျောင်းတက်တယ်**

မျိုးမြတ်သူ

စက်ဘီးကလေးတွေ ချစ်စရာ
အမ်စတာဒမ်ရဲ့ လမ်းတွေပေါ်မှာ
လူနည်းနည်း ကားနည်းနည်း
တံတားနဲ့ ပန်းတွေ များတဲ့မြို့
သစ်သားဖိနပ်ရှပ်ကလေးတွေ
သကော်တပြုထားတဲ့ နိုင်ငံရဲ့မြို့
ဗင်းဆင့်ရှိတဲ့မြို့
အမ်စတာဒမ်မှာ ဗင်းဆင့်
စက်ဘီးကလေးနဲ့
အောက်ဒိုးထွက်ခဲ့မယ်
နေကြာပန်းတွေ
ချယ်ရီပန်းတွေ
လီလီပန်းတွေ
ကျူးလစ်ပန်းတွေ
ဗင်းဆင့်ရဲ့လက်ဖျား
ပန်းများ ပွင့်စေခဲ့ပေါ့
ဗင်းဆင့်လို နားရွက်တစ်ဖက်
မဖြတ်ခဲ့ရရုံ တစ်မယ်ရယ်
အသည်းနှလုံးတစ်ဖက် ပြတ်ခဲ့သူ
သူ့ မန္တလေးကို လွမ်းတယ်
ကျုံးရေပြင်က ကြာပန်းလေးကို လွမ်းတယ်
မနှင်းရဲ့ စက်ဘီးကလေးကို လွမ်းတယ်
အုန်းဆီရွှဲရွှဲ ပိပြားအောင် ဖြီးသင်
နက်မှောင်တဲ့ဆံပင် အလယ်တည့်တည့်ကခွဲ
ကျစ်ဆံမြီးရှည်ကြီး တစ်ချောင်းနဲ့
စက်ဘီးကလေး စီးလို့



မန္တလေးမှာ မနှင်း
ကျောင်းတက်ခဲ့တယ်
မနှင်းရေ ...
မိုးစက်တွေအောက်မှာ
ဝါကျင့်ကျင့် မေပယ်လ်ရွက်တွေ
ကြွေလွင့်နေတယ်
ပီးမိုးခေါင်းတိုင်နဲ့
အိမ်ပုပုလေးတွေရှိရာဆီ
သွားရာလမ်းက
ဆိုက်ပရပ်စ်ပင်တွေလည်း
ဝေလယူရာ ယိမ်းလို့
အမ်စတာဒမ်မှာ
မိုးတွေရွာတဲ့ နေ့ကပေါ့။

*၁၃၊ ၉၊ ၂၀၁၃။*
*နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့*
*ကမ္ဘာကျော် ဒတ်ချ်ပန်းချီဆရာ*
*ဗင်းဆင့်ဗင်ဂိုးပြတိုက်ကို ရောက်ခဲ့တဲ့နေ့။*



www.burmeseclassic.com

www.burmeseclassic.com

## အစိမ်းရောင်မှန်သားကို ခန်းဆီးနဲ့ကွယ်ထားလည်း
## ထွက်လာတဲ့အသံက bye bye

မြ

ဟော . . . ရိုက်လင်းတန်းက ဖျတ်ခနဲ နားစည်းမှာ
အရာဝတ္ထုပေါင်းများစွာကို ထိုးခွင်းပြီး ခက်ခက်ခဲခဲ ရှု
ရိုက်လာတဲ့အသံ မျက်နှာကို စွပ်ချလိုက်တယ် အလွှာကြည်ကြည်တစ်ခု
အလုံခြုံဆုံးထင်ရမယ့်
စိတ်ကိုလည်း ဖုံးပစ်လိုက်တယ် ရော် . . . လုန်မကြည့်ပါဘူး
စိတ်ချ သွားတော့မယ်လား သွက်သွက်သွား သွက်သွက်ပြန်ခဲ့ပါ
စောင့်နေရတာ မောတယ်
ခင်ဗျားက အစားကောင်းကောင်းမှ မစားဘဲ
ကျွန်မ ကောင်းကောင်း ဆာလောင်တာကျ ရှင်က ဖျောက်ဖျက်ပစ်တယ်
ဝှက်ထားတဲ့ သွေးကြောစိမ်းလေးတောင် တစ်နေ့ တစ်မျှင်နဲ့ ဖောက်
ဖောက်ထုတ်နေနတာ ပူဖောင်းကြီးက ပျော့အိ ပျော့အိ အောက်ဆီဂျင်
မရသေးဘူးလား ကြာလိုက်တာရှင် နေနေ မယူတော့ဘူး
ခစ်ခစ် မူနေတာ
လောကကြီးရယ် ရှင်က မူရာမာယာများလွန်းတော့
ကျွန်မက ခဏခဏ နာဖျားပေးနေရတယ်
အမလေးတော် ရှင့်အသံက ခါးအန်နေတာပဲ
ကိုယ့်အသက်ကို ဆေးလုံးခြမ်းထဲ ထည့်ဖျော်ပြီး မျှောချရတာလောက်
ပျော်ဖို့ကောင်းတာ မရှိဘူး
ဖျော်ဖြေရေးလား မကြည်ဘူးရှင့်
သူတို့က ခဏခဏ အချစ်အကြောင်း ပြောတယ်
ခဏခဏ အရေခွံလဲတယ် နောက်ဆုံး မျက်လုံးစိမ်းနဲ့ အကြည့်ခံရတော့လည်း
ဒီမြေစာပင် ဒီချစ်မေတ္တာပဲ မေတ္တာကို မရှိပါဘူးရှင်
အမွှေကျင့်ခံနေရတဲ့ ပလက်ဖောင်းကြီးကို
လွမ်းလွမ်းဆွေးဆွေး ဖွဲ့နွဲ့ခံနေရမှုက
ကွဲကြေသွားတဲ့ တွားသွားသတ္တဝါထက် ပိုမယ်မထင်ဘူး

အို . . . .
ကျွန်မ သွားရတော့မယ် ရှင် မလွမ်းဘူးလား
နှုတ်ခမ်းနီစွေးစွေးလေးကို စိမ်းတောက်နေအောင် ဆိုးပေး
ကျွန်မက နှင်းဆီစိမ်းတွေ အပြည့်ခင်းထားတဲ့ ပန်းမွေ့ရာမှ အိပ်မှာနော်
ပွင့်ဖတ်ကလေးတွေလည်း စိမ်းထားပေး
ကြိုဝယ်ထားတဲ့ မြစိမ်းရောင် ဖာနားတပ်ဂါဝန်က ဗီရိုအောက်ဆုံးမှာ
မြရောင်ဖာပဝါလည်း ဖွဖွလေးလွှားဖို့ မမေ့နဲ့နော်
ကျွန်မမျက်နှာ လူစိမ်းနဲ့ အစိုမခံနိုင်ဘူး လူစိမ်းနဲ့ဆို ကြောက်လွန်းလို့
ထိလွယ်ရှလွယ်တဲ့ ကျွန်မရဲ့ သည်းခြေကြိုက် ကဗျာလေးကိုတော့
သည်းခြေအိတ်ထဲ ထည့်သွားလိုက်တော့မယ်
ဖြစ်နိုင်ရင် အစိမ်းရောင်ဝတ်စုံဝတ်ပြီး လာတွေ့ပါ
အစိမ်းရောင်ပန်းတွေ ချူးလာပါ
အစိမ်းရောင်မြစ်ပြင်မှာ မျှောခွင့်ပြုပါ
အစိမ်းရောင် နှလုံးသားတစ်စုံတော့ ဖောက်ထုတ်လာခဲ့ပေး
တစ်ခုခုနဲ့ . . . . . . . . . အိုကေ
bye b
y
e . . . . . . . . . .။



www.burmeseclassic.com

www.burmeseclassic.com

## ရောဝတီ

မြမြင့်မိုရ်

မြန်မာပိုင် မြစ်တစ်စင်းအဖြစ်
နှစ်ပေါင်း ထောင်ချီလျက်
သမိုင်း အစဉ်အဆက် စီးဆင်းခဲ့ပြီးမှ
နဂါးတစ်ကောင် ခံတွင်းတွေ့အောင်
မေခ မလိခ မြစ်ဆုံဟာ
စွမ်းအင်ဓာတ်စာ ဖြစ်ရတော့မှာလား။
ရောဝတီ
သင်ဟာ သေမိန့်ကျ အကျဉ်းသားမဟုတ်
အာဏာရှင်ရဲ့ အစီမံ အခန့်ခွဲခံ မဟုတ်
ကျွန်လည်း မဟုတ် သဘောက်လည်း မဟုတ်
လွတ်လပ်တဲ့ မြစ်တစ်စင်း
ပြည်သူချစ်တဲ့ မြစ်မင်းရော။
ဒီမှာ
ဘယ်ပုံပြင် ဘယ်ဒဏ္ဍာရီ
ဘယ်သမိုင်းမှာမှ
ဓားကို နိုင်တဲ့ နဂါးမရှိ
နဂါးကို နိုင်တဲ့ ဓားပဲ ရှိရဲ့။
နဂါးနိုင်ဓား
ပြည်သူ့အားနဲ့ သွေးသစ္စာဆို
ရောဝတီကို နဂိုနေ မပျက်စီးစေဘဲ
ထာဝရ စီးဆင်းစေရမယ်။

*၁၅၊ ၁၂၊ ၂၀၁၄။*



## မြရာညိုကို မဖတ်ပါနဲ့ ဥျွန်

မြရာညို

ဥျွန်ရေ ...
ရှင် မြရာညိုကို မဖတ်ပါနဲ့
မြရာညိုရဲ့ကဗျာကိုသာ ဖတ်ပါ ဥျွန်ရယ်။

မြရာညိုဟာ အိပ်စား ကာမ ဖြစ်နိုင်သလို
မြရာညိုဟာ သုံးလင်ပြောင်းတဲ့ မိန်းမလည်း ဖြစ်နိုင်ပါတယ်
ပြီးတော့
အလံမပါတဲ့ ရထားလည်း ဖြစ်ချင်ဖြစ်လိမ့်မယ်
ဒါပေမဲ့ မြရာညိုရဲ့ ကဗျာတွေကိုတော့ ဖတ်ပါလေ
ကဗျာဆိုတာ
ပုလ္လိင် ဣတ္ထိလိင်စစ်တမ်းမှ မဟုတ်ဘဲရှင်။

မြရာညိုဟာ
ကျွန်စော်နံနေတဲ့ တိုင်းပြည်မှာ
ကျွန်ထက်ဆိုးတဲ့ ဘဝကို
ရင်စည်းခံနေရသူပါ
တခစ်ခစ်ရယ်နေရတဲ့ ခေတ်ထဲမှာ
အပျိုသင်ခဲ့ရသူပါ
စကတည်းက နစ်နေတဲ့ စနစ်ဆိုးတွေရှေ့မှာ
လူလားမြောက်ခဲ့ရသူပါ
ကဗျာတဲ့
ဒါ ကျွန်မရဲ့ နောက်ဆုံးခံတပ်
ကျွန်မရဲ့ နောက်ဆုံးခံတပ်ပါ ဥျွန်ရဲ့
မနက်ဖြန်ကို ကဗျာနဲ့ ရင်ကော့ထွက်ခဲ့တာပါ
မနက်ဖြန်ကို ကဗျာနဲ့ တောထုတ်နေတာပါ
ရှင် အထီးအမ ခွဲခြားစိတ်ဖြာမနေပါနဲ့တော့
ကဗျာဆိုတာ
မြရာညိုရဲ့ တစ်ပိုင်တစ်နိုင် တော်လှန်ရေးစစ်စစ်ပါရှင်။



www.burmeseclassic.com

www.burmeseclassic.com

## ဗျားရည်

မြေနု

မင်းခေါင်ရာဇာရေဒ်
မွန်–မြန်မာ အနှစ်လေးဆယ်
'ရာဇမာန်'စစ်
မြေစာပင်ဖြစ်သူက
လယ်သမား၊ အသည်သား
ရှည်လျားပါဘိ၊ သိခဲ့တာလေ။

ကျွန်တော် မမွေးခင်က
ပြည်တွင်းစစ်
ပင်စင်အရွယ်လွန်တော့
နဂိုစစ်၊ တစ်ကျော့ပြန်စစ်
ဒုက္ခစစ်စခန်းတွေမှာ
လူသစ်တွေ ဝင်စားတယ်။

အစီရင်ခံစာတစ်ခုမှာ
ကျည်တစ်တောင့် ပေါင်မုန့်တစ်လုံးတဲ့
တစ်ဘက်နဲ့ တစ်ဘက်
ပေါင်မုန့်နဲ့ ပစ်ကြပါ
စားပွဲဝိုင်းမှာ မအောင်ရင်
ကြမ်းပြင်မှာ ဆွေးနွေးပါ။

လောဘနဲ့ အကြောက်တရား
တင့်ကားနဲ့ ရှင်းနေသမျှ
မြေစာပင်၊ မျက်ရည်၊ သောက
'ရောဟာဏီ'လို မလှနိုင်။

ရန္တပိုစာချုပ်
အောင်ဆန်း–အက်တလီစာချုပ်
နု–အက်တလီစာချုပ်



နောက်ဆုံး ...
သမိုင်းဝင် ငြိမ်းချမ်းရေးစာချုပ်
ကျွန်ုပ်တို့ လိုချင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## ရန်ကုန်မှသည် နေပြည်တော်

မြေမှုန်လွင်

မိုင်တိုင်ကို ကြည့်လိုက်တော့ ၁၇၉/၂ ။ ၁၇၉/၃။ ၁၇၉/၄။ ရိပ်ခနဲ။ ရိပ်ခနဲ။ ရိပ်ခနဲ။ ရှေ့တည့်တည့် အာရုံပြန်စိုက်လိုက်တော့ ကွန်ကရစ်လမ်းမကြီး။ အဆုံးမရှိတော့မယ့်အတိုင်း ရှည်လျား။ တွန့်လိမ်။ မှေးစင်းလာတဲ့ မျက်ခွံ ကို အားယူပြီး တွန်းလှန်။ ဖျပ်ခနဲ၊ ဆတ်ခနဲ။ သတိထားနေတဲ့ ကြားက ငိုက်သွား။ မလုပ်နဲ့။ မလုပ်နဲ့။ ဒိုင်ခွက်ကို ကြည့်လိုက်တော့ တစ်နာရီ ကီလို ၁၃၀ နှုန်း။ ဒီနှုန်းနဲ့သာဆို အနည်းဆုံး အောက်ပိုင်းသေ။ ဒါမှမဟုတ် တစ်ကိုယ်လုံး သေ။ သေရင်တောင် ဟိုပုံ့ဒီရွဲ့နဲ့ ရုပ်ပျက်ဆင်းပျက်ဖြစ်မှာ။ တောင့်ထား။ အိပ်မငိုက်စေနဲ့။ နေပြည်တော်ရောက်ဖို့ ဘာမှ သိပ်မလိုတော့။ မိုင်နှစ်ဆယ်ကျော်လေးပဲဟာ။ အလွန်ဆုံးကြာ နာရီဝက်ပေါ့။ သေမယ်ဆိုတဲ့ ကြောက်စိတ်လေးနဲ့ အရှိန်ပါ ပြန်လျှော့လိုက်။ ၁၀၀ ဝန်းကျင်ဆို မဆိုးလှ။ အလုံပိတ်ထားတဲ့ ကားမှန်ကို ချလိုက်တယ်။ လေတိုးသံက ကြောက်စရာကောင်းလောက်အောင် တရှူးရှူး။ ကားတာယာနဲ့ ကွန်ကရစ်လမ်းပွတ်သံက လန့်စရာကောင်းလောက်အောင် တဖျန်းဖျန်း။ လောကမှာ စိတ်မရှည်ဆုံးက အခုလို ခရီးဝေးမောင်းရတာပဲ။ ငယ်ငယ်တုန်းက ဆော့ခဲ့တဲ့ The Sim ဂိမ်းထဲကလို အချိန်တွေကို နှစ်ဆလေးဆ မြန်လို့ရရင် သိပ်ကောင်းမှာ။ ရုပ်ရှင်ကားတွေလို ကိုယ်မကြည့်ချင်တဲ့အခန်းကို ခလုတ်နှိပ်ပြီး ကျော်လို့ရရင် သိပ်ကောင်းမှာ။ အခုလို နေပူခေါင်ခေါင်ကြီးအောက်က ကွန်ကရစ်ဖွေးဖွေးလမ်းမကြီးပေါ်မှာ တစ်ယောက်တည်း ကားမောင်းရတဲ့အချိန်လောက် အထီးကျန်ဆန်ပြီး ပျင်းဖို့ကောင်းတဲ့အချိန်မျိုး လောကမှာ မရှိဘူး။ ဒါဆို ဘာလို့ တစ်ယောက်တည်း ကားမောင်းထွက်လာတာလဲ။ စောက်ရူးမေးခွန်းပဲ။ ကိုယ့်ကိုယ်ကိုယ် ပြန်ဆဲလိုက်တယ်။ လိုက်မယ့်လူ တစ်ယောက်မှမရှိတာ။ တစ်ယောက်တည်း ထွက်လာရတာပေါ့။ ဒါဆို ဘာလို့ နေပြည်တော်ကို သွားနေရသေးတာလဲ။ စောက်ရူးမေးခွန်းပဲ။ တစ်သက်လုံး ရန်ကုန်မြို့ထဲမှာ နေနေလို့ မရလို့ ထွက်လာတာပေါ့။ ဒါနဲ့ ဘာလို့ နေပြည်တော်ကို ရွေးရတာလဲ။ ဒါကတော့ စောက်ရူးမေးခွန်းမဟုတ်။ စဉ်းစားရမယ်။ ငါ ဘာလို့ နေပြည်တော်ကို ရွေးလိုက်တာပါလိမ့်။ နေပြည်တော်ထက်နီးတဲ့ ပဲခူးလောက်သွား တော်ရောပေါ့။ ဒါမှမဟုတ် နေပြည်တော်ထက် ရာသီဥတုပိုသာယာတဲ့ ပြင်ဦးလွင်တို့ ဘာတို့သွားပေါ့။ ဘာလို့ နေပြည်တော်ကို ရွေးတာလဲ။ ကိုယ့်မေးခွန်းကို ကိုယ်ပြန်ဖြေဖို့ စဉ်းစားရင်း ခေါင်းခြောက်လာတယ်။ နဂိုကတည်းက ခြောက်သွေ့နေတဲ့ လမ်းပေါ်မှာ တစ်ယောက်တည်း ခြောက်ခြောက်သွေ့သွေ့ မောင်းနေပါတယ်ဆိုမှ တောင်တွေးမြောက်တွေးနဲ့ ခေါင်းပါခြောက်လာတယ်။ တော်စမ်း။ ကိုယ့်အတွေးကို ကိုယ်မောင်းထုတ်ပြီး ကားမှန်ကို တင်လိုက်တယ်။ ဘာဖြစ်လဲ။ နေပြည်တော်ကို သွားချင်လို့ သွားတာပေါ့။ သွားချင်လို့ဆိုတာ သိပ်ခိုင်မာတဲ့ အကြောင်းပြချက်မဟုတ်ပေမဲ့ လုံလောက်တဲ့ အကြောင်းပြချက်တော့ ဖြစ်မှာပါ။ တော်ပြီ ရပ်။ အတွေးတွေကို ရပ်ပြီး ကားရေဒီယိုကို ဖွင့်လိုက်တယ်။ လာနေတဲ့သီချင်းက အခုခေတ်ပေါ် မြန်မာသီချင်း။ ခေတ်အဆက်ဆက် ဘယ်တော့မှ မရိုးမယ့်အကောင်က ကောင်မကို ဖွန်ကြောင်တဲ့ အကြောင်းတွေကို တီးလုံးသံမြူးမြူးနဲ့ တည်ဆောက်ထားတဲ့ သီချင်း။ စာသားတွေကို မကြိုက်ပေမဲ့ အိပ်ချင်ပြေ အသံကျယ်ကျယ် ဖွင့်ပြီး စည်းချက်တွေနဲ့ လွင့်လိုက်တယ်။ မကြာဘူး။ မှန်းထားတဲ့ နာရီဝက်တောင် မကြာလိုက်ဘူး။ နေပြည်တော်ဂိတ်ကို ရောက်ပါတော့တယ်။ ရန်ကုန်က ပေးလိုက်တဲ့ စာရွက်လေးကို ပေးလိုက်တော့ ဂိတ်မောင်းတံလေး ပွင့်သွားတယ်။ ဂိတ်တံဖွင့်ပေးတဲ့ ကောင်မလေးကို ကျေးဇူးပဲ ပြောရင် ကောင်းမလား၊ သွားလိုက်ဦးမယ် ပြောရင် ကောင်းမလားလို့ စဉ်းစားရင်းနဲ့ပဲ ဘာမှ မပြောဖြစ်ခဲ့။ ဒီလိုနဲ့ နေပြည်တော်ဆိုတဲ့မြို့ကို ရောက်ခဲ့ပြီ။ နေပြည်တော်မှာ ငါ ဘာလုပ်မလဲ။ ဒါကလည်း စောက်ရူးမေးခွန်း မဟုတ်။ တကယ့်ကို စဉ်းစားရမေးခွန်း။ မြို့ထဲရောက်နေပြီ မဟုတ်လား။ ဘယ်မှာနေပြီး ဘာကိုစားကာ ဘာလုပ်ရမလဲ။ စဉ်းစားရမယ်။ ဖင်ပြန်ခေါင်းပြန်ကို စဉ်းစားရမယ်။ ပြီးရင် နေပြည်တော်ကနေ ဘယ်မြို့ကို ဆက်သွားမလဲ။ ဒါကတော့ စောက်ရူးမေးခွန်း။ နေပြည်တော်မှာတောင် ဘာလုပ်ရမလဲ မစဉ်းစားရသေးဘဲနဲ့ ဘာလို့ နောက်တစ်မြို့အကြောင်း စဉ်းစားရမှာလဲ။ ကားရေဒီယိုက သီချင်းပြီးသွားတော့ နောက်သီချင်းတစ်ပုဒ် မလွှင့်ခင် သီးချင်းတောင်းသူတွေရဲ့ နာမည်တွေ ကြေညာနေတယ်။ ဩော် . . . လတ်စသတ်တော့ သီချင်းတောင်းတဲ့ ကဏ္ဍ လွှင့်နေတာကိုး။ အရင်တုန်းကတော့ အဲဒီလို ရေဒီယိုမှာ သီချင်းတောင်းတဲ့ အကောင်တွေ ကောင်မတွေ အကုန်လုံးကို စောက်ရူးလို့ပဲ ထင်နေတာ။ အချိန်ကုန်ခံ၊ ဖုန်းခ အကုန်ခံပြီးတော့များ ဘာလို့ ရေဒီယိုမှာ သီချင်းတောင်းနေတာပါလိမ့်ပေါ့။ ကိုယ် နားထောင်ချင်တဲ့ သီချင်းများ ကိုယ့်အိမ်မှာ ကိုယ် ဖွင့်နားထောင်လိုက် ပြီးရောမဟုတ်လားလို့ ထင်ခဲ့ဖူးတယ်။ ဒါပေမဲ့ အခုတော့ စိတ်ပြောင်းသွားပြီ။ အခြေအနေပေးရင် သီချင်းတစ်ပုဒ်လောက် တော့ တောင်းချင်မိတယ်။ ဘာအသံမှမပါတဲ့သီချင်း ဆိုပြီးတော့ပေါ့။ ဘာအသံမှမပါတဲ့ သီချင်းကို ဘာလို့တောင်းတာလို့ အဲဒီရေဒီယိုကကောင်တွေ





www.burmeseclassic.com

www.burmeseclassic.com

ပြန်မေးရင်တော့ စောက်ရှူးမေးခွန်းပဲဆိုပြီး ဖုန်းချပစ်လိုက်မယ်။ ဘာပဲပြောပြော ပျော်ဖို့တော့ ကောင်းမှာပါ။ အခုတောင် နေပြည်တော် ရောက်တဲ့အထိ မရပ်မနား ကားမောင်းခဲ့ပြီးပြီပဲ။ မိုင်နှစ်ရာကျော်ခရီးကို မရပ်မနား မောင်းခဲ့ပြီးပြီပဲ။ ဘာမှ မမေးနဲ့။ ဘာမှ မတွေးနဲ့။ ဆာနေတဲ့ ဗိုက်ကို ဖြည့်မယ်။ ကုန်နေတဲ့ဆီကို ဖြည့်မယ်။ ခန်းတော့မယ်အားတွေကို ဖြည့်မယ်။ တစ်ညမဟုတ်ရင် နှစ်ည မဟုတ်ရင် သုံးညလောက် အိပ်မယ်။ နေပြည်တော်မှာ ပျော်ဖို့ ကောင်းမှာပါ။ မကောင်းလဲ ဘာအရေးလဲ။ အနည်းဆုံး မိုင်နှစ်ရာကျော်တော့ အိပ်မငိုက်ဘဲ ကားမောင်းနိုင်ခဲ့ပြီလေ။

၁၁၊ ၁၂၊ ၁၄။

## အိပ်မက်လက်ပံတောင်း

မြေလတ်မောင်မြင့်သူ

ပထမအကြိမ်တုန်းက
အဝါရောင် ဝတ်ရုံတွေအပေါ် အနီရောင်တွေ စွန်းခဲ့တယ်
ဒုတိယအကြိမ်မှာတော့
မိုးပေါ်ထောင်ပစ်တာ မဟုတ်တဲ့ ကျည်ဆန်က
နဖူးတည့်တည့် ဝင်သွားတာ
မနောက်စေ့ ပွင့်သွားတယ်
ဒါပေမဲ့ . . . ဒါတို့ပြေ ဒါတို့မြေ
တို့ပိုင်တဲ့ ဒီမြေမှာ
အဝါရောင်ပုံရိပ်တွေက ဝါပြီးရင်း ဝါနေဆဲ ဖြစ်သလို
ခေါ်ခင်ဝင်းတွေကလည်း ဝင်းပြီးရင်း ဝင်းနေဦးမှာပဲ
အိပ်မက်ကောင်းက
လက်ပံတောင်းကို ချောင်းနေဆဲမှာ
ပန်းပွင့်ပန်းကောင်းတွေက ထောင်းလမောင်းကြွေသွားပြီ
ပန်းဖူးတွေ ဘယ်တော့ ဝေမလဲ။

၂၄၊ ၁၊ ၂၀၁၅။





www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်

မြင့်မိုးအောင်

ပင်လယ်ကို ကြည့်ရင်းနဲ့
လူတွေနဲ့ဝေးတဲ့ ကမ်းခြေတစ်ခုမှာ
ငါ ရပ်နေ

ပြီးတော့
သဲပြင်ပေါ်မှာ ရေးလိုက်တယ်
စာရွက်တွေပေါ်မှာ ရေးခွင့်မရှိတဲ့
မင်းရဲ့နာမည်

ပြောခွင့်မရှိတဲ့ စကားတချို့
ငါတို့ ပြောနေကြဆဲမှာ
ပင်လယ်လှိုင်းတွေ ရောက်လာ
မင်းကို ခေါ်ဆောင်သွားကြ

ဒီလိုနဲ့ ပင်လယ်ဟာ
ငါ့ရဲ့ဒိုင်ယာရီတစ်ခု ဖြစ်ခဲ့တယ်

မေ့လျော့သွားခဲ့ပြီ
စာရွက်တွေပေါ်မှာ ငါ ရေးထားခဲ့သမျှ
ဒါပေမဲ့ ခုထိ သတိတရ
ပင်လယ်အောက်မှာ သိမ်းဆည်းထားခဲ့တဲ့
မင်းရဲ့နာမည်

ဒီလိုနဲ့ ပင်လယ်ကိုကြည့်ဖို့
နောက်တစ်ခေါက် ငါရောက်ခဲ့
လူတွေ ဝေးလှတဲ့
တစ်ခါက ကမ်းခြေမှာ

ရွတ်ဆို
နှလုံးသားထဲကနေ တိတ်တဆိတ် ရွတ်ဆို
လေထုထဲမှာ အော်ခေါ်ခွင့်မရှိတဲ့
မင်းရဲ့နာမည်

ငါ့ကို မြင်လိုက်တဲ့အခါ
ပင်လယ်လှိုင်းတို့ သယ်ဆောင်လာ
တစ်ခါက သိမ်းဆည်းထားခဲ့တဲ့
မင်းရဲ့နာမည်

'ကမ္ဘာလောကဆီ
ငါ့ကို ခေါ်ဆောင်သွားနိုင်ပြီလား'
ငါ့ခြေထောက်အောက်က သဲပြင်ပေါ်မှာ
အေးစက်တုန်ယင်နေတဲ့ မင်းဆီက
မေးခွန်းတစ်ခုကို ကြားလိုက်ရ

အဖြေမဟုတ်သော အဖြေ
တိတ်ဆိတ်ခြင်းနဲ့ နားလည်ကြ
နောက်ထပ်မေးခွန်းတစ်ခု မစတင်ခင်
ပင်လယ်ဆီက ငါ ပြေးထွက်ခဲ့ရ

ကမ္ဘာမြေပေါ်က ဥယျာဉ်တွေမှာ
မင်းကို စိုက်ပျိုးမယ့် ခြံစိုက်သမားတွေ မရှိ
ကမ္ဘာမြေပေါ်က ကဇာတ်ရုံတွေမှာ
မင်းကို ကပြမယ့် ကခြေသည်တွေ မရှိ
ကမ္ဘာမြေပေါ်က စာသင်ခန်းတွေမှာ
မင်းကို သင်ကြားမယ့် ကျောင်းဆရာတွေ မရှိ
ကမ္ဘာမြေပေါ်က ဘုရားကျောင်းတွေမှာ
မင်းကို ရွတ်ဆိုမယ့် ဘာသာရေးသမားတွေ မရှိ





www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာမြေပေါ်မှာ ဒီနေ့အထိ
မင်းရဲ့ခြေလှမ်းကို သယ်ဆောင်နိုင်မယ့် လမ်းမတွေ
ငါတို့ မဖောက်လုပ်ရသေး
ကမ္ဘာမြေပေါ်မှာ ဒီနေ့အထိ
မင်းရဲ့တေးသွားတွေကို တီးခတ်နိုင်မယ့် တူရိယာတွေ
ငါတို့ မဖန်တီးရသေး

ပင်လယ်ဟာ ဒီနေ့အထိ
ငါ့ရဲ့ဒိုင်ယာရီတစ်ခုသာ ဖြစ်ခဲ့တယ်

တစ်ခါတစ်ရံမှာတော့
ကမ်းစပ်တွေမှာ လမ်းလျှောက်ရင်းက
မင်းနဲ့ စကားပြောကြတဲ့အခါ
တစ်ယောက်တည်း စကားပြောတတ်တဲ့
သူရူးတစ်ယောက်ကို ကြောက်ရွံ့တယ် ထင်ပါရဲ့
ငါ့အနားက ငှက်တွေ
အဝေးကို ပျံထွက်သွားကြတယ်။



**ကဗျာနေ့**
မြင့်ဦးဦးမြင့်

ဒီနေ့ ကြာသပတေးနေ့။

ကြာသပတေးနေ့ဆိုတာ
'ပညာနေ့' တဲ့။

ကြာသပတေးနေ့မှာ
ငါ့ကိုမွေးတယ်
ငါ့ချစ်သူကို မွေးတယ်
အဲဒီနေ့ဟာ
'ကဗျာဆန်' တဲ့နေ့ပေါ့။

အဲဒီနေ့မှာ
ရွှေပန်း ငွေပန်း ဖွန်းပန်း စံပယ်ပန်း
ပန်းသည်မလေးက
နံနက်တိုင်း လာပို့နေကျ။

စပါးတွေသည့် ကောင်လေးကလည်း
မပျက်မကွက် လာပို့နေကျ။
(တစ်ခါတစ်ခါ စာကလေးတွေအတွက်
စပါးတွဲက မလောက်ချင်ဘူး)။

ငါတို့ချစ်သူနှစ်ဦးမှာ
ကြည်နူးစရာ ကုသိုလ်ဆိုလို့
ဒါပဲ တတ်နိုင်ပါတယ်။

ပန်းတွဲနဲ့ စပါးတွဲ
ကြာသပတေးနေ့တိုင်း ဆွဲတယ်။


www.burmeseclassic.com

www.burmeseclassic.com

ငါ ရင်ခုန်တယ်
ငါ ယုံတယ်
ကြာသပတေးနေ့မှာ
ကဗျာရေးဖြစ်ရင်
ငါ ကမ္ဘာကျော်မယ်
ငါ့ချစ်သူက
ငါ့ကိုပိုချစ်မယ်။

သေချာပါတယ်
ကြာသပတေးနေ့တိုင်း
အမေ့ကို ငါ ကန်တော့နိုင်ရင်
ပိုပြီး 'ကဗျာဆန်'မှာပေါ့။

**ပျောက်ဆုံးနိုင်ငံ**

မြတ်

တစ်ယောက်သေ နှစ်ယောက်ကျနဲ့ ငါတို့ ရန်စခံရပြန်ပြီ
မနှစ်က ခရစ္စမတ်တုန်းကလည်း ဖုံးကြိခဲ့သေးတယ်
ပျော်စရာနှစ်သစ်ပါလို့ ငါတို့ မကြိုဆိုနိုင်သေး
ဒုက္ခသည်စခန်းတစ်ဝိုက်က မြေမြှုပ်မိုင်းတွေ မရှင်းရသေး
ဖုံးခိုကျင်းတွေကြား စစ်တိုက်တမ်းကစားနေတဲ့ ကလေးတွေ
ကျောင်းမတက်နိုင်သေး
နို့သောက် တုတ်ထောက်တွေရှိရာအိမ် ရွှေ့ပြောင်းလုပ်သားတွေ မပြန်နိုင်သေး
ရွာပုန်း ရွာရှောင်တွေ လယ်ဆုံး ယာပေါင်တွေ
နိုင်ငံမဲ့တွေ နိုင်ငံဖျောက်တွေ နိုင်ငံပျောက်တွေ
ဟာလေးလူးယာ ... ... ... ...
ငါတို့ မပျော်နိုင်သေးပါ
ဒီဇင်ဘာ နှင်းပျောက်သလို
ငါတို့ ကျပျောက်ခဲ့တဲ့ နိုင်ငံမှာ ...။

*၂၄၊ ဒီဇင်ဘာ၊ ၂၀၀၄။*





www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့ပိုင်သတင်း

မြတ်မင်းအိမ်

ကမ္ဘာစစ်
ကျူးကျော်စစ်
ပြည်တွင်းစစ်တဲ့
ဒါ ဘယ်သူတွေမှားခဲ့တဲ့ အမှန်တွေလဲ။

မေတ္တာနှင့် ပယ်ပါ
ကရုဏာဖြင့် ကယ်ပါ။

ခုတော့
ခေတ်ရှင်ထဲက 'ဒိုင်း'ခနဲ အသံကြားရင်တောင်
ခြေအတုနဲ့ ကျွန်မ သားလေးမှာ
မျက်လုံးကလေး လည်နေတုန်း။

## ယုံကြည်မှု ဓားသမား

မြတ်ဝေ

ဓားသမားဟာ သူ့ပေါက်ဓားရဲ့ တည်ဆောက်မှုကို ယုံကြည်
သူ့လက်ကထွက်သွားတဲ့ အားနဲ့ အလျင်ကို ယုံကြည်
ကမ္ဘာမြေရဲ့ ဆွဲငင်အားကို ယုံကြည်
အကွာအဝေးကို ယုံကြည်
မိသားစုရဲ့ ဝမ်းစာ သမ္မာအာဇီဝကို ယုံကြည်
အလုပ်ရဲ့ သဘောသဘာဝကို ယုံကြည်
ကြည့်သူ ပရိသတ်ကို ယုံကြည်
အလေ့အကျင့်ရဲ့ တရားကို ယုံကြည်
ဒီလိုနဲ့ ပေါက်ဓားများ တစ်ချောင်းပြီး နောက်တစ်ချောင်း
စက်ဝိုင်း အလယ်တည့်တည့် လူသားသက်ရှိဘေး စိုက်ဝင်
ဟာခနဲ ဟင်ခနဲ
ဇိုခနဲ အမလေး တ သံတွေ
ထိပ်ကပ်ပြပွဲထဲ လက်ခုပ်သံတွေ ညံသွား
ဓားသမားဟာ လက်အုပ်ချီပြီး ပြုံးပြထွက်ခွာ
လူအုပ်ကြီးလည်း ရင်သပ်ရှု တဖွဖွပြော ထွက်ခွာ
နောက်ဆုံး ဓားပေါက်ခံသူ စက်ဝိုင်းအလယ်ကလူ
မှိတ်ထားတဲ့ မျက်လုံးတွေကို ဖွင့်ကာ
ဓားတွေ တစ်ချောင်းပြီး တစ်ချောင်း ယုယစွာနုတ်ကာ
ထွက်ခွာ
ယုံကြည်မှု ဓားသမားဟာ
ဇာသက်ကို ဓားသွားတွေအောက်
အပေါက်ခံရသူ ဖြစ်ကြောင်း
မေ့လျော့သူ လောကကြီးကို ပြောကြားလိုပါရဲ့
ယုံကြည်မှုဆိုတာ အသက်နဲ့တမျှ လှခဲ့ပုံတွေ။

*၂။ ၁။ ၂၀၁၅။*



www.burmeseclassic.com

www.burmeseclassic.com

## ဂြိုဟ်ကျတတ်သူတစ်ယောက်ရဲ့ ဂြိုဟ်ဝင်ခြင်း

မွန်းသူအိမ်

ဂြိုဟ်နံပါတ် ၃၁၊
ဒါမှမဟုတ် ဂြိုဟ်သိမ်ဂြိုဟ်မွှားလေး။
မနေ့ကအကြောင်း ပြန်တွေးတိုင်း မနက်ဖြန်ကို တွန့်ဆုတ် တွန့်ဆုတ်၊
ဂြိုဟ်ကောင် တစ်ကောင်ရဲ့ နေ့ရက်တွေပေါ့ကွယ်။

အမှားကြီး အပျင်းထူ စိတ်အလိုလိုက် ဂြိုဟ်–သားကောင်(မ)
သူ့'ချိ' နှစ်ချိုဟာ တစ်ဖက်က ဝင့်လို့ တစ်ဖက်က ကျိုးလို့။

ရှေးရှေးတုန်းက ပြောစကားပေါ့ပါ။
အဲဒီဂြိုဟ်ပေါ်မှာ လူနှစ်ယောက် နေထိုင်ကြတယ်။

(တစ်ယောက်ရဲ့နောက်ကျောမှာ တစ်ယောက် ရှိနေတာမျိုးလား)
(တစ်ယောက်ရဲ့ကျောကို တစ်ယောက် ဓားစိုက်တာမျိုးလား)

ဂြိုဟ်ကြည့် ကြည့်နေကြတဲ့ သားရဲတွေ
ခြေတစ်လှမ်းရဲ့ တစ်ဝက်စာလောက် မှားသွားမိရင်တောင်
နင်းခြေပစ်လိုက်မှာမျိုး။

တောအုပ်ဖျားက ရေတံခွန်သံလို
တိုးတီးညင်သာစွာပဲ ဖျက်ဆီးပစ်လိုက်သလို
အနာတရတွေပေါ်မှာ ဂြိုဟ်တစ်လုံး ကျလာတတ်သေးတယ်။

ဂြိုဟ်သူဂြိုဟ်သားတို့ရဲ့ ဟားတိုက်သံတွေ၊
ဂြိုဟ်ဆိုးလို့ စွပ်စွဲခံရသူတွေသာ ပေပွခဲ့၊
ဂြိုဟ်တစ်ဂြိုလ်လုံး ဆုံးရှုံးခဲ့ရတယ်
ဂြိုဟ်စာပဲ မချေမိလို့လား
ဂြိုဟ်တိုင်မှာပဲ ဆီးမီးမထွန်းမိလို့လား



စကြာပန်းလေးပေါ် ဂြိုဟ်ဝင်သွားချက်က
ကြာသပတေးဂြိုဟ်ကို လုံးလုံးလျားလျား လက်သွားစေခဲ့တယ်။
ဖဲဒါနဲ့ပဲ ဒီဂြိုဟ်ဟာ လုံလောက်ခဲ့ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ကဗျာသို့ ပန်ကြားချက်
မွန်းအိမ်

ကဗျာ . . .
ကဗျာက ဆရာလား ဆရာက ကဗျာလား။

လမ်းပေါ်မှာ ကဗျာတစ်ပုဒ် စီးဆင်းနေတယ်
ဘဝတစ်ခုမှာ ကဗျာတစ်ပုဒ် စီးဆင်းနေတယ်
မြို့တစ်မြို့မှာ ကဗျာတစ်ပုဒ် စီးဆင်းနေတယ်
မြစ်တစ်မြစ်မှာ ကဗျာတစ်ပုဒ် စီးဆင်းနေတယ်
ခေတ်တစ်ခေတ်မှာ ကဗျာတစ်ပုဒ် စီးဆင်းနေတယ်
တိုင်းပြည်တစ်ပြည်မှာ ကဗျာတစ်ပုဒ် စီးဆင်းနေတယ်

ကဗျာ . . .
ဒီလမ်းကို ဘယ်လိုဖွဲ့နွဲ့ပြီး
ဒီဘဝကို ဘယ်လိုဖွဲ့ဆိုရမလဲ
ဒီမြို့ကို ဘယ်လိုဖွဲ့နွဲ့ပြီး
ဒီမြစ်ကို ဘယ်လိုဖွဲ့ဆိုရမလဲ
ဒီခေတ်ကို ဘယ်လိုဖွဲ့နွဲ့ပြီး
ဒီတိုင်းပြည်ကို ဘယ်လို ဖွဲ့ဆိုရမလဲ။

ကဗျာ . . .
လဲကျနေတဲ့ ခေတ်ကို
သင့်နှလုံးသားနဲ့ ဆွဲထူခဲ့ပါရဲ့
နစ်မြုပ်နေတဲ့ အသံကို
သင့်ကဗျာကို တူးဖော်ခဲ့ပါရဲ့
စွမ်းနိုင်ပေမဲ့ ကဗျာရယ်။

သင့်တိုင်းပြည်က ကဗျာဖွံ့ဖြိုးမှု အနိမ့်ဆုံးစာရင်းထဲမှာ
သင့်ခေတ်က အမှောင်ခေတ်ဆို
သင့်မြစ်က ရောဝတီ (ဟုတ်သေးရဲ့လား)
သင့်မြို့က မြို့သစ်ရဲ့ ဆင်ခြေဖုံး ကွဲခြေရာခွက်ထဲမှာ



သင့်ဘဝက လက်လုပ်မှ ပါးစပ်လုပ်ရတဲ့ လူစက်ရုပ်လေ
သင့်လမ်းက မှောင်မည်းပြီး ရွှံ့စဉ်တုန်းပဲ မဟုတ်လား။

ဒါပါပဲ ကဗျာ . . .
သင်ရေးဖွဲ့နေတဲ့ ကဗျာတစ်ပုဒ်
အဆုံးသတ်မှာ မသေစေနဲ့။



www.burmeseclassic.com

www.burmeseclassic.com

## အဓိပတိလမ်းကို ဖြတ်လျှောက်ခြင်း

မှူးနေဝန်း

မှန်ကြေပ်နေတဲ့ ဘတ်စ်ကားပေါ်က ဆင်းလာခဲ့တယ်။
လှည်းတန်းခုံးကျော်အောက်ကို ဝင်လိုက်တဲ့အခါ
ငါ့ကိုသယ်လာတဲ့ ကားဟာ ငါ့ခေါင်းပေါ်က ဖြတ်သွားတယ်။
သူ့အင်ဂျင်သံကို ငါ့အသည်းထဲ စွဲနေတယ်။
သက်စွန့်ဆံဖျား လမ်းဖြတ်ကူးပြီးနောက်မှာတော့
တက္ကသိုလ်ရိပ်သာလမ်းကို ငါ ခြေချနိုင်ခဲ့ပါပြီ။
ငါ အဓိပတိလမ်းကို သွားမလို့။ ငါ အဓိပတိလမ်းကို မြင်ဖူးချင်လို့။
ဘာမှန်းမသိတဲ့ အရွယ်ကတည်းက ရင်းနှီးခဲ့ရတဲ့ လမ်းတစ်ခုကို
ရှူရှိုက်ကြည့်ချင်လို့။
လှုပ်နေတဲ့ ကွန်ကရစ်မြောင်းဖုံးတွေကိုနင်းပြီး ငါ လာတယ်။
လေးလံတဲ့ ကျောပိုးအိတ်ကိုထမ်းပြီး ငါလာတယ်။
ငါ့နားထဲ နားကြပ်ကို ထိုးသွင်းဆို့ပိတ်ရင်း ငါလာတယ်။
ထမင်းချိုင့်ဆွဲထားတဲ့ ကျောင်းသူလေးတွေကို
ဝင်မတိုက်မိအောင် ရှောင်တိမ်းရင်း ငါလာတယ်။
ပါးပေါ်က အမည်းစက်မှာ အမွေးအမှင်တွေ တောထပေါက်နေသူတစ်ဦးဟာ
ငါ့ကို ဘာလို့ကြည့်နေပါလိမ့်။
ငါ့အနားရောက်လာမှ ကားသမားဟာ
ရုတ်တရက် တံခါးဖွင့်ပြီး ကွမ်းတံတွေး ထွေးချတယ်။
လမ်းဟာ အနိမ့်အမြင့်ဖြစ်နေတော့ အရှေ့ဝေးဝေးထိ ငါ လှမ်းမြင်နေရပါတယ်။
သစ်ရွက်ခြောက်တွေကို တက်နင်းနေပေမဲ့
အသံမမြည်ဘဲ တိတ်ဆိတ်နေတာကို ငါ တဖြည်းဖြည်း သတိထားမိလာတယ်။
ဒီအချိန်မှာပဲ အဓိပတိလမ်းကို လှမ်းမြင်လိုက်ရတယ်။
ဒီလမ်းကို ချိုးဝင်ဖို့ကိုတော့ မမြင်ရတဲ့ အားတစ်ခုက ငါ့ကို တားနေလေရဲ့။
ကတ္တရာစေးတွေဟာ ဆူပွက်လာတဲ့ နွံအိုင်ကြီးတွေ ဖြစ်သွားတယ်။
စိမ်းညို့သစ်ပင်ကြီးများက မာကျောပြောင်တင်း ကျောက်သားတွေ ဖြစ်နေ။
မျက်စိနေရာမှာ မီးသီးကို အစားထိုးတပ်ပြီး
လင်းကျင်းစူးမြနေကြတဲ့ လူတွေဟာ ငါ့ဆီကို တဖြည်းဖြည်း ချဉ်းကပ်လာပါပြီ။
ငါဟာ အဓိပတိလမ်းကို မမြင်ချင်ယောင်ဆောင်ပြီး
အပြေးတစ်ပိုင်း ရှေ့ဆက်ခဲ့ရတော့တယ်။



လူလွတ်နေတဲ့ taxi ထဲဝင်ထိုင်ပြီး
ရှေ့ဆက်သွားမယ့်နေရာကို ပြောပြလိုက်ပါတယ်။
ကားပိတ်နေလို့ ဈေးပိုပေးရမတဲ့။
ခြေပြတ်နေတဲ့ ကားဆရာဟာ လီဗာနင်းဖို့အတွက်
ခြေထောက်အတုကို ဝတ်ဆင်နေစဉ်မှာ
နောက်ကြည့်မှန်ကတစ်ဆင့် မြင်နေရတာက
ညိုမွဲလျော့တွဲသော ရင်သားကို အရှိအတိုင်း ဖော်ပြထားတဲ့
အရူးမတစ်ယောက်ပါပဲ။
သူဟာ ငါ့ကိုရှာနေပုံ သို့မဟုတ်
လက်ကျန်နှီးညည် တိုက်ကျွေးဖို့ တစ်စုံတစ်ယောက်ကို ရှာဖွေနေပုံပါပဲ။
ဒီအချိန်မှာ taxi ဟာ စက်နှိုးပြီး စတင်ထွက်ခွာလာပြီပေါ့။
ငါ့အသည်းထဲ စွဲနေတဲ့ ဘတ်စ်ကားရဲ့စက်သံကို
အခုကားရဲ့ အင်ဂျင်သံက ပြန်လည်ဖုံးလွှမ်းသွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## ဒီကဗျာမှာ လူ့အဖွဲ့အစည်းက အစမ္မကျင့်ခံထားရတဲ့ အနုပညာနဲ့ တစ်သားတည်းဖြစ်နေတယ်

မှူးသစ်

သွေးရိုးသားရိုးအခြေအနေ ဘာတစ်ခုမှ မရှိတော့ဘူး
ကိုယ် မနေ့ကတိုက်ပွဲမှာ ကမ္ဘာအပြင်ဘက်ကို ခဏထွက်သွားလိုက်တယ်
တစ်ယောက်ယောက်ကို နှုတ်ဆက်လိုက်ဖို့တောင်
ကိုယ့်သွေးသားတွေဟာ အေးစက်
ဘဝဟာ သိပ်ပင်ပန်းပါတယ် ထရီဇာ
ကိုယ်ဟာ ရာသီဥတုဒဏ်ကို ဘယ်လိုပျော်ရွှင်ဖွယ်ရာတွေနဲ့
တောင့်ခံထားရသလဲ
လူငယ်တစ်ယောက်ဟာ ဒဏ်ရာတွေကို
ခေါက်ဓားတစ်လက်လို ဆွဲသိမ်းလိုက်တယ်
ဘယ်လိုအကြောင်းအရာတွေကို ကိုယ်ကဗျာအဖြစ် ချရေးလိုက်ရမလဲ
ကိုယ်ဟာနာကျင်မှုတွေကို ဘဝမှာ အနူးညံ့ဆုံး သိမ်မွေ့ပစ်တတ်တဲ့ လူငယ်
သမိုင်းစာအုပ်တွေနဲ့ အောင်မြင်ကျော်ကြားလူကြိုက်များမှုတွေကို
ကိုယ် ကဗျာလုပ် မရေးနိုင်ဘူး
အနုပညာဟာ ယုံကြည်မှုခံနိုင်ရည်
ရာခိုင်နှုန်းဘယ်လောက် အတိုင်းအတာမှာ တည်ရှိနေသလဲ
အနုပညာဆိုတာ ပိုလ်ချုပ်အောင်ဆန်း။ အနုပညာဆိုတာ ဒေါ်အောင်ဆန်းစုကြည်၊
အနုပညာဆိုတာ ဦးသိန်းစိန်၊ ဘာတွေလဲ ဘာတွေလဲကွာ
ဒီကမ္ဘာကြီးဟာ ရွံ့စောင်းနေပုံ
အနုပညာဆိုတာ ရွံရှာဖွယ်ကောင်းတဲ့ ဟာသပြက်လုံး
အနုပညာဆိုတာ ဖော်ချွတ်ဓာတ်ပုံကို မျက်နှာဖုံးတင်ထားတဲ့
မဂ္ဂဇင်းစာမျက်နှာပေါ်က မော်ဒယ်အမျိုးသမီးတစ်ယောက်ရဲ့
အင်တာဗျူး သတင်းခေါင်းစဉ်
အနုပညာဆိုတာ ခပ်ကြောင်ကြောင် ရက်ပါတစ်ယောက်ရဲ့ မွေးနေ့ပွဲပါကွာ
အနုပညာဆိုတာ ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုမှုမျိုးနဲ့ သောက်သုံးနေကြတဲ့
ဝီစကီအမျိုးအစားလဲ
လက်ချုပ်သံတွေကြားရတိုင်း စင်ပေါ်ပြေးတက်ရအောင်
ကိုယ်က ဆပ်ကပ်ဝိုင်းထဲက မျောက်တစ်ကောင်မှမဟုတ်ဘဲ



ကမ္ဘာကြီးရဲ့ လည်ပတ်နေမှုမှာ ဘယ်အရာမှ သွေးမှန်သားမှန် မရှိတော့ဘူး
ကိုယ့် စွန့်ခွာလူငယ်တစ်ယောက်ဟာ မသေချာတဲ့အမှန်တရားကို
ခေါက်ဓားတစ်လက်လို ဆွဲသိမ်းလိုက်တယ်
ဒီကဗျာမှာ လူ့အဖွဲ့အစည်းဟာ အစမ္မကျင့်ခံထားရတဲ့
အနုပညာနဲ့ တစ်သားတည်း ဖြစ်နေတယ်
ကိုယ်ရေးကိုယ်တာ ကိန်းဂဏန်း အချက်အလက် သတင်းခေါင်းစဉ်
ရပ်တည်ချက် အရောင်လွင့်ဖိနပ် တွေးခေါ်စဉ်းစားမှုတွေကနေစပြီး
နလုံးခုန်သံတွေအထိ စိတ်ကို ဆင်ခြင်တုံတရား ဘောင်တွေထဲမှာ
သော့ခတ်လိုက်တယ်
ကိုယ်ရုန်းထွက်နေတယ် သာမန်အခြေအနေ အခန်းလွတ်များ
လိင်လိုအပ်ချက်က ချစ်ခြင်းမေတ္တာနောက်မှာ
အပေါစားဇာတ်လမ်းထဲက မုဒိမ်းကောင်လို ပြုံးရယ်
ကိုယ်ဟာ သိပ်ရှက်တတ်တဲ့ လူငယ်ပဲ ထရီဇာ
ဘယ်လောက်နူးညံ့သိမ်မွေ့လိုက်သလဲလို့
ကိုယ်ဝန်ဆောင်သည် အမျိုးသမီးငယ်ငယ်လေးတွေတွေ့တိုင်း
စိတ်မှာ လုပ်ခနဲ ကြည်နူးတတ်တဲ့ ရင်ခုန်သံတွေနဲ့
ဘယ်လိုဘဝမျိုးကိုများ တည်ဆောက်ချင်နေတဲ့ လူငယ်လဲ
ဘဝဟာ သိပ်ပင်ပန်းပါတယ် ထရီဇာ
သတင်းအချက်အလက် နေ့စဉ်နဲ့အမျှရှင်သန်မှုဟာ
စက်ရုပ်သွေးနဲ့ သတင်းလူသား၊
ကိုယ့်ကဗျာတွေထဲမှာ နာကျင်မှုတွေကလွဲလို့
ကျေးဇူးပြုပြီး တခြား ဘာကိုမှ ရှာဖွေကြည့်မနေပါနဲ့တော့
မသန့်ရှင်းမှုနဲ့ ရောထွေးဆက်နွယ်မှုတွေကို ချေဖျက်ပစ်ချင်တဲ့ လူငယ်
အရာအားလုံးကို တော်လှန်ချင်နေတဲ့စိတ်ဟာ
မသနတ်မောင်းကို ဖြုတ်ပစ်လိုက်တယ်
ဘဝဟာသိပ်ပင်ပန်းတယ် ထရီဇာ ဘာကိုမှမယုံကြည်တတ်တော့
စိတ်ဟာ ပိုပြီးပင်ပန်းစေတယ်။ ဒါပေမဲ့ ကိုယ်ကတော့ ရင်းရမှာပဲ
လူငယ်တစ်ယောက်ဟာ နာကျင်ရွံ့ရှာမှုကို
လူ့အခွင့်အရေးနဲ့ အလျော်အစား လုပ်ပစ်ချင်နေတဲ့ အရသာနဲ့
ကိုယ်ချင်းစာတရားဆိုတာကို ကိုယ်က ရာသီဥတုဒဏ်ကို
ဘယ်လောက်ခံနိုင်သလဲဆိုတာနဲ့ အဓိပ္ပာယ်ဖွင့်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ပြုပြင်ပြောင်းလဲရေး

မှော်အောင်

ဘယ်နိုင်ငံကမှ မကျူးကျော်ဘဲ
ဘယ်သူဘယ်ဝါကမှ စစ်မကြေညာဘဲ
နှစ်ပေါင်းများစွာ စစ်တိုက်နေရတဲ့ တိုင်းပြည်။
ဘယ်သူဌေးကြီးတွေကမှ မပါဝင်ဘဲ
ဘယ်အလှူရှင်တွေမှ မသိလိုက်ရဘဲ
လူပေါင်းများစွာ ကြုံတွေ့နေရတဲ့ ဒုက္ခတရား။
ဘယ်အချိန် ဘယ်ကာလကို ရောက်မှ
ဘယ်ခေတ် ဘယ်အခါကို ဆိုက်မှ
အမှန်တရားဟာ ဖုံးခိုကျင်းထဲက ထွက်လာနိုင်မလဲ
ပြုပြင်လိုက်လို့
ပြောင်းလဲသွားတဲ့ အရာတွေထက်
ပြုပြင်လိုက်ပြီး
ပြောင်းလဲသွားတဲ့အရာတွေ ပိုများနေတာ
အခုထိ
တရားစီရင်မှုကို စောင့်ရှောက်တဲ့ နတ်သမီးလေး
အကြိမ်ကြိမ် မုဒိမ်းကျင့်ခံနေရတာ။
ငါတို့အဖြစ်က
ဆုပ်ရင်လည်း စူးလို့ စားရင်လည်း ရှူးလို့
ကစားရင်လည်း မဟန် နားရင်လည်း မတန်
ငါတို့အဖြစ်က
မဲ့ရာက မပြုံးဘဲ ဝါးလုံးကွဲ ရယ်မိပေါ့
တစ်ခုပဲ
ရယ်နေရင်းနဲ့
အတောမသတ် မျက်ရည်တွေ သွင်သွင်ကျနေရတာ
တစ်ခုပါပဲ။



## ဘာကြောင့် ၈ နာရီက ခွဲသွားရတာလဲ

မှိုင်း(ဆေး-၂)

မျှော်လင့်ထားတာ မဟုတ်သလို
မမျှော်လင့်ဘဲ ရောက်လာတာတော့ မဟုတ်ဘူးပေါ့
ရောက်လာမယ်ဆိုတာ သိပေမဲ့
ရောက်လာစေချင်တာလား မသိခဲ့
ဘာကြောင့် ၈ နာရီက ခွဲသွားရတာလဲ ...
မပြန်ချင်သေးတာရယ် မသွားချင်သေးတာရယ်
ပြန်ရဦးမှာရယ် သွားရဦးမှာရယ်
သိပ်အရေးကြီးလွန်းတာ မဟုတ်ပေမဲ့
အရေးမကြီးဘူးလည်း မဟုတ်ပြန်တော့
ဘာကြောင့် ၈ နာရီက ခွဲသွားရတာလဲ ...
ကန့်သတ်မှုကို မနှစ်မြို့သလို
အကန့်အသတ်မဲ့မှုကိုလည်း မနှစ်လိုခဲ့
ရှင်သန်ခြင်းရဲ့ အကိုင်းအခက်မျှသာ ဆိုပေမဲ့
ပင်စည်နဲ့ကင်းပြီး ရပ်တည်ဖို့လည်း မဖြစ်နိုင်တဲ့အခါ
ဘာကြောင့် ၈ နာရီက ခွဲသွားရတာလဲ ...
အဟန့်အတား စည်းရိုးဖြစ်သလို
အဝင်အထွက်တံခါးလည်း ဖြစ်နေတယ်
တစ်ဖက်ကို ကျောခိုင်းလိုက်တာနဲ့ တစ်ပြိုင်နက်
တစ်ဖက်ကို မျက်နှာချင်းဆိုင်ဖို့ ဖြစ်လာ
ဘာကြောင့် ၈ နာရီက ခွဲသွားရတာလဲ ...
သေချာတာ တစ်ခုရဲ့ သင်္ကေတ ဖြစ်နိုင်သလို
မရေရာခြင်းရဲ့ လက္ခဏာလည်း ဖြစ်နိုင်ပေရဲ့
လမ်းက ရှင်းစပြုပြီ
စိတ်က ရှုပ်စပြုပြီ
ထိုင်ရာက ... ထ
ထရာက ... ရွေ့
ခရီးတွေ့မှာလား ... ငြီးငွေ့စရာလား
ဘာကြောင့် ၈ နာရီက ခွဲသွားရတာလဲ ...
... ... ... ... ... ...။



www.burmeseclassic.com

www.burmeseclassic.com

**အိမ်**

ယမုံ

တစ်ယောက်ကိုတစ်ယောက်
ပန်းနဲ့ မပေါက်အားဘူး
မချိုဘဲ ကျယ်တဲ့
အဟောင်းအမြင်းတို့ သိမ်းဆည်းရာ
ဒီယန္တရား လည်ပတ်ဖို့
ဆက်တင် (setting) တွေကို နှိုးနှိုးထားရ
ရှိုးရှိုးပါပဲ
ညနေထဲ
မီးရဲရဲတောက်ဖို့
တစ်စစီ လိုက်ကောက်ခဲ့ရတယ်။

**ဆရာအို**

ယုံကြည်ရာမောင်

ဘဝဆိုတာ
မီးထွန်းထားတဲ့ ဖယောင်းတိုင်
လောင်မြိုက် ကုန်ဆုံးရတယ်။

မီးငြိမ်းမသွားဖို့
ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရတယ်။

ကိုယ့်အတွက်
အလင်း ဘယ်လောက်ရပြီလဲ
အများအတွက် စဉ်းစားရင်း
ကိုယ့်အလင်းတွေ နေညို ...။





www.burmeseclassic.com

www.burmeseclassic.com

## အနာဂတရုပ်ပုံပြင်

ရတုသစ်

တောင်ကို မျှားခံရ
တောကို မျှားခံရ
မြစ်တွေဟာ ဆံနွယ်ဖြေလျှော့ခံရ
ပင်မ
အသက်သွေးကြောမှန်သမျှ အပိုင်းပိုင်းပြတ်လို့
လောကဓာတ်နည်းအရ
ပထဝီဟာ ကျွမ်းထိုးမှောက်ခုန် ပြိုလဲ
ရေနည်းငါးများ အသက်ငင်နေရရှာ
သမိုင်းစာမျက်နှာများ
ပထဝီကြောင့် အသစ်အသစ်တွေ ဖြည့်စွက်ရ
ဘဝအချို့
လျှို့ ဝှက် စွာ ကြွေ လွင့် ပျက် သုဉ်း
အရှုံးဘက်က နေရာရထားတော့
ဘဝက အမြဲတမ်း ဇာတ်နာတယ်
အမှောင်သည်းသည်းဟာ
လက်သီပ်ထိုးအထာနဲ့ ဖြာကျလာသလို
ဆင်းရဲခြင်းကိုယ်တိုင်က
သူ့တွင်းသူ နက်နက်တူးပြီး ခုန်ချသွားပြီ။

## ရှည်ရှည်မျောမျော အမှောင်

ရဲရင့်ပိုင်အောင်

အမှောင်
အမှောင်ဟာ အလင်းရဲ့ဆန့်ကျင်ဘက်
အလင်းဟာ အမှောင်ကို မနိုင်နိုင်ဘူး
အမှောင်ဟာ ရာထူးကြီးတယ်
သက်ဆိုးရှည်တယ်
အမှောင်ကို ရက်လုပ်ဖို့ အမှောင်ချည်မျှင်တွေ ပေါတယ်
မျိုးဆက်တွေလည်း မွေးထားတယ်
အမှောင်ဟာ အမြဲတမ်းမှောင်ဖို့ တစ်ကွက်ကြိုမြင်ထားတယ်
အာရုံပြောင်းနိုင်တယ်
ထွေပြားအောင် လုပ်နိုင်တယ်
အမှောင်ဟာ အိမ်ကြက်ချင်းလည်း အိုးမည်းသုတ် တိုက်ပေးတယ်
အမှောင်ဟာ ကလိမ်စေ့ ငြမ်းဆင်တတ်တယ်
လိုအပ်ရင် နားလှည့် ပါးရိုက်ပေးတတ်သေးတယ်
သူဟာ ခြေရာလည်း ဖျောက်တတ်တယ်
သတင်းအမှားလည်း ပေးတတ်တယ်
ဗီလိန်ကို ဇာတ်လိုက်ဖြစ်အောင် လုပ်ပေးတတ်တယ်
အလင်းရောင်တစ်ခြမ်း မြင်ခဲ့ရင် အမှောင်ဟာ
ဣန္ဒြေမရ အလုအယက် မှောင်ပစ်တယ်
လူလူချင်း တိုက်မိအောင်
တစ်ယောက်ကို တစ်ယောက် ခြေထိုးမိအောင်
အမှောင်ဟာ လိုအပ်ရင် ပိပိရိရိနဲ့ ပါးစပ်ပိတ်တတ်တယ်
ဒါကြောင့် အလင်းဟာ ကြောက်စိတ်တွေကို
နှစ်ရှည်လများ စွဲခံခဲ့ရတယ်
အမှောင်ဟာ အလင်းကိုဝှက်ထားပြီး
နာမည်သေနဲ့ လူ့လောကထဲ အုပ်ချုပ်နေထိုင်လျက်။





www.burmeseclassic.com

www.burmeseclassic.com

## ငါ့အိတ်ကပ်ထဲ နာရေးကြော်ငြာကို ခေါက်သိမ်းထားတဲ့ နေ့တွေ

ရဲရင့်လမင်း

စားပွဲပေါ်က ပန်းအိုးထဲမှာ ငြိမ်းချမ်းရေးတွေ ပွင့်နေတယ်။
အပြာရောင်စားပွဲခင်းအောက်မှာ ပုရွက်ဆိတ်နဲ့ နံ့ကောင် အစာလုနေတယ်။
ဆင်းရဲမွဲတေမှုက အနီအောက်ရောင်ခြည်မှာ ပပ်ကြားတွေအက်လို့။
နေ့အပူဟာ မြင်းရိုင်းတစ်ကောင်လို လူအုပ်ကြီးထဲ ခုန်ပေါက်လို့။
ကျောနံပါတ် ဘယ်လောက်လဲ။ ကျွန်နံပါတ် ဘယ်လောက်လဲ။
ကျွန်းနံပါတ် ဘယ်လောက်လဲ။
ခါးတောင်းနဲ့ ဖင် လွဲနေတဲ့ ခင်ဗျားတို့နိုင်ငံရေး ဆားငန်ရေနဲ့ ဆေးကြည့်ပေါ့။
ကားတစ်စီးပေါ်မှာ စတီယာတိုင် တစ်ခုစီ။
ဦးခေါင်းတစ်ခုစီမှာ အဖိနှိပ်မခံလိုမှု တစ်ခုစီ။
အရေးတကြီးဖြတ်သွားတဲ့ မီးသတ်ကားမှာ အရေးပေါ်အနီရောင်။
ဈေးဦးမပေါက်သေးတဲ့ လမ်းဆုံက စံပယ်ပန်းကုံးတွေမှာ
ဆာလောင်မှုက အဖြူရောင်။
အဓမ္မမှုတဲ့ ခင်ဗျားမျက်လုံးထဲ ဘာတွေကို မြင်လဲ။
အကြမ်းဖက်သတ်ဖြတ်မှုတဲ့ ခင်ဗျားနားထဲ ဘာတွေကိုကြားလဲ။
ကိုးရီးယားကားတွေကြည့်ပြီး ယဉ်ကျေးမှုချင်း ဆာဂျရီလုပ်မနေနဲ့ ရဲဘော်။
စွန့်စားခန်းရုပ်ရှင်တွေကြည့်ပြီး ဗီးလ်တစ်ကျိပ်နဲ့ တောက်ခေါက်မနေနဲ့ ရဲဘော်။
ငါတို့ရဲ့ ကံ စိတ် ဥတု အာဟာရကို တော်လှန်ရေးထဲ ပစ်ထည့်လိုက်ဖို့။
လှသန်းရဲ့လက်ကို ငှားပြီး
မာယာကော့ဖ်စကီးလို အများကြိုက်ကို ပါးပိတ်ရိုက်ပစ်လိုက်ဖို့။
ပစ္စုပ္ပန်နဲ့ အနာဂတ်ကို
စိမ်းရောင်မြက်ခင်းကြီးလို လည်မှာဆွဲထားတဲ့ လူငယ်။
အပျောက်အရှတွေ များလွန်းလို့ သမိုင်းထဲ
ကိုယ့်အဖတ်ကိုယ် ပြန်ပြန်ဆယ်နေရတဲ့ လူငယ်။
ပြည်သူ့ကျွေးတဲ့ မြက်စားပြီး
ပြည်သူကို ပြန်ဝှေ့နေတဲ့ နွားတံဆိပ်တော်ရ နွားတွေကိုတွေ့ကြလား။
မှောက်ထားတဲ့ အနက်ရောင် သပိတ်အောက်မှာ
ခရမ်းနုရောင်နှင်းတွေ အရည်ပျော်နေပြီလား။
ယနေ့ရိုးသားမှုသည် မနက်ဖြန်အတွက် အငတ်ဘေးဖြစ်သည်။
ယနေ့ရဲရင့်မှုသည် မနက်ဖြန်အတွက် အစာရေစာဖြစ်သည်။



လမ်းလွဲမှ သွားနိုင်သည်။
လမ်းလွဲမှ သွားနိုင်သည်။
လမ်းပေါ်သို့ ဖြာကျလာသော အဖြူအစိမ်း နေရောင်ခြည်များ
မသနတ်+အာဏာရန်မှ ဝေးပါစေ။
နိုင်ငံဝေး အိုဗာစတေးငှက်များ အော်ပရာစီ+လျှပ်စစ်ကြိမ်ဒဏ်မှ ကင်းပါစေ။
ဆောင်းအတုထဲ နှင်းအတုတွေ ကျပြီး
ဆုအတုတွေ တောင်းလို့ အာသာဖြေမိ။
လက်တံကြီးကို ခါးလယ်က ပိုင်းပြီး
ဆန့်ကျင်ဘက်ကို ထွက်သွားတဲ့ တိမ်စွတ်ကြောင်းကြီးတစ်ခု။
စိုက်ထားတဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေ သုံးစားလို့မရတဲ့အခါ
ငါတို့ဟာ လူတော်၊ လူကောင်းဖြစ်ဖို့ထက်
ရေတံခွန်လို ကိုယ့်လမ်းကိုယ်ဖောက်ပြီး
သွေးနဲ့ရင်းမှ ရလာမယ့် သမိုင်းအသစ်အတွက်
ကိုယ့်အလောင်း ကိုယ်ကောက်ပြီး၊ သေတဲ့အထိ လျှောက်ကြရုံ။



www.burmeseclassic.com

www.burmeseclassic.com

## ဖျားနေတဲ့ ပြတင်းပေါက်တွေကို ကျော်ကြည့်တဲ့အခါ

ရဲဝံ့ထက်မြက်

ညည်းငွေ့မှုက ကျွန်တော့်လက်ထဲ
ထပ်တလဲလဲ လျှော်ဖွပ်ခံနေရတဲ့ အရောင်လွင့်နေတဲ့ အင်္ကျီတစ်ထည်
ကျွန်တော့်စိတ်ကို ဂဟေဆော် အသစ်ပြန်သဖို့
အသက်ရှူကြပ်နေတဲ့ ကမ္ဘာမြေရဲ့ လက်ရာအမြောက်ဆုံး
အနုပညာခြေရာတွေ လိုက်ကောက်စုဆောင်းနေခဲ့တာ
အသွေးအသားထဲ ယုံကြည်ရာလွှင့်ထူထားတဲ့ အလံတစ်ခုပါပဲ။
ပွဲတော်ကို အလှူလို၊ မင်္ဂလာဆောင်လို
လူရှုပ်ရှုပ်ထွေးထွေးတွေထဲ ညည်းငွေ့စိတ်ပျက် အော်ဂလီဆန်
အချစ်ဝတ္ထုတွေ ဖတ်မရတော့သလို မြန်မာရုပ်ရှင်ဇာတ်ကားတွေ ကြည့်မရ၊
တစ်မိသားစုလုံးနဲ့ အတွေးအခေါ် အယူအဆ မတူ၊
နားလည်သိမြင် လက်ခံယုံကြည်မှု မတူ
နေ့စဉ်မပျက်တမ်း လုပ်နေကျအလုပ်က အချိန်ရရင် ရသလို စာဖတ်ခြင်း
ပျင်းပျင်းရှိရင် စစ်တုရင်ထိုး၊ တစ်စုံတစ်ခုပေါ် ကြပ်ကြပ်ညည်းငွေ့လာရင်
အသက်ရှူသွင်း/ရှူထုတ်ခြင်းပေါ် အာရုံစူးစိုက်ထား၊ လူ့ဘဝရဲ့ အရသာမဲ့
လူ့ဘဝအဓိပ္ပာယ်ကို ကျွန်တော်ဖွင့်ဆိုတဲ့ အဘိဓမ္မာက 'ဉာဏ်ပညာ'
အရင်က ယုံကြည်လက်ခံခဲ့မိတာတွေ ခု မယုံကြည်
လူ့အဖြစ်ရဲ့ အနှစ်သာရက ပြင်ပလောကမှာမရှိ၊
ခေတ်က အပြောင်းအလဲမြန်တဲ့ မိန်းမလည်
ချစ်ခြင်းမေတ္တာအကြောင်း စကားစမိတော့
ရယ်မောလှောင်ပြောင် ဟားတိုက်ခံရ
ပျော်ရွှင်မှုတွေပျောက်ဆုံး အနာဂတ်ခြေရာဖျောက် ရေနှောက်ခံထားရခြင်း
ခု ပြန်ဖတ်နေတာ 'စည်းအပြင်က လူ'နဲ့ 'ယောနသံစင်ရော်'
ရွတ်နေကျ ကဗျာတစ်ပုဒ်က 'မာရီလင်မွန်းရိုးသို့ တမ်းချင်း'
လိုချင်တောင့်တမိတာ ဆိတ်ငြိမ်အေးချမ်းတဲ့ နေရာလေးတစ်ခု
တစ်ယောက်တည်း နေထိုင်ရခြင်းကို ကျေနပ်နှစ်ခြိုက်သူ
ကျွန်တော် တမ်းတမြတ်နိုးခဲ့တဲ့အရာက
ကဗျာထဲက သီချင်းတစ်ပုဒ်၊ သီချင်းထဲက ပန်းချီကားတစ်ချပ်
ကျွန်တော် လေးစားအားကျ အထင်ကြီးတာ
ဆရာ မြို့မငြိမ်းလို၊ ဆရာ စိုင်းခမ်းလိတ်လို၊ ဆရာ စောဘွဲ့မှူးလို



ကြီးမြတ်ခမ်းနား ဉာဏ်ပညာရှိတဲ့ အနုပညာသမားတွေ
နိုင်ငံရဲ့ လူမှုဘဝထဲ ငွေအကြောင်းမပါရင် စကားပြောလို့ မရဘူးလား
မေးခွန်းတွေက ကျွန်တော့်ကို ချောင်ပိတ် ထပ်ဆင့်မေးခွန်းထုတ်
တစ်နေ့လာလည်း အပ်ကြောင်းထပ်နေတဲ့ ရုပ်ရှင်ကား
တစ်နေ့လာလည်း အပ်ကြောင်းထပ်နေတဲ့ ဘာသာစကားတွေ
မနေ့ကလည်း ဒီနေ့အတိုင်း မနက်ဖြန်ကလည်း အရင်နေ့တွေလို လာဦးမယ်
ဘယ်မှာလဲ အခမ်းနားဆုံး အထည်ဝါဆုံး လူ့ဘဝအဓိပ္ပာယ်
ဘဝဆိုတာ မီးခြစ်ဆံဘူးလေးဖြစ်ခဲ့ရင် ကျွန်တော် ယမ်းမကူးချင်တော့ပါ
ကျွန်တော့်သူငယ်ချင်းတွေက Existentialism တွေ
ကျွန်တော့်အစ်ကို ကဗျာဆရာက Free Thinker
ကျွန်တော်က Depression ဖြစ်နေတဲ့ လူငယ်တစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com

## အမိပွာယ်မရှိ အဓိပ္ပာယ်ရှာနေတဲ့ အဓိပ္ပာယ်များ

ရိုးဒီ

တွေးကြည့်တာထက်
ပြေးကြည့်တာက မှန်တယ်ဆိုတဲ့
တရားလို
အခြားတစ်ဘက်ကို
လှည့်ကြည့်မိတော့
တစ်ခါတစ်ရံ
ပြေးကြည့်တာထက် တွေးကြည့်တာက
မှန်နေတဲ့ အသွားလို
ရွေ့နေတဲ့ ကမ္ဘာ
တွေးနေဆဲ အခါခါ
တစ်ရွာမပြောင်း သူကောင်းမဖြစ်
သေချင်တဲ့ကျား တောပြောင်း
အသွားနှစ်ထပ်လို
ကစားကွက်တွေနဲ့
ထိုင်နေတော့ အကောင်း
ထသွားမှ ကျိုးမှန်းသိ
ဖောက်ထိုးမိုးမျှော်
ထားရာနေ စေရာသွား
ဂလိုဘယ် ထောင်ချောက်ထဲက
အပ်ကွက်တစ်ကွက်လို
ဖျာတစ်ချပ် ရေတစ်ဘူး ကဗျာတစ်ပုဒ်နဲ့
ငါ မင်းဆီ လာခဲ့ပြီ သဘောတရား
ငါ မင်းဆီ လာခဲ့ပြီ
အဓိပ္ပာယ်မရှိ အဓိပ္ပာယ်ရှာနေတဲ့
အဓိပ္ပာယ်များနဲ့အတူ
အဓိပ္ပာယ်အစ အဓိပ္ပာယ်အဆုံး
အကွာအဝေးထံ
ငါလာခဲ့ပြီ အဓိပ္ပာယ်
ငါ လာခဲ့ပြီ။



## ရေအိမ်

ရိုးမြေ

လူသံတစ်ခါကြားတိုင်း ချောင်းတစ်ခါ ဟန့်နေရတယ်
လက်တစ်ဖက်က ဂျက်မရှိတဲ့ တံခါးကို လှမ်းဆွဲလို့
လူရှိတယ် လူရှိတယ်လို့ လူရှိမှန်း သိအောင်
အသံတစ်ခါကြားတိုင်း အသံတစ်ခါပြန်ပေးနေရတယ်
ဘယ်လောက်ပဲ ရစ်ရစ် ဘယ်လောက်ပဲ နာနာ
ဒီတံခါးနဲ့ ဒီအသံတွေ
မသွားလို့လည်း မရ သွားလို့လည်း မရ
သွားပြီးလို့ ရေအသုံးမှာ ရေပန့်ခေါင်းက တစ်ဖက်
တံခါးက တစ်ဖက် ခြေသံက ကြားရပြန်တယ်
ဖုန်းက လာတယ် ရေက မရှိဘူး။

*၂၇၊ မေ၊ ၂၀၁၄။*



www.burmeseclassic.com

www.burmeseclassic.com

**ရှူးလုရှူးခင်**

ရိုးသက်

အနာလည်း သိနေပြီ
ဆေးလည်း ရှိနေပြီ။

ပေါင်းကူး မလိုဘူး
ပေါင်းမိုး မလိုဘူး
အရာရာ ပေါင်းစည်းရေးသာ အဓိက။

ဆုံးရှုံးလွဲချော်မှု အသွားများ
တစ်ကမ္ဘာလုံး အကြားအမြင်ရချိန်ခါ။

တစ်ယောက်တစ်ပေါက် စကားသံများ
အသီးသီး အသက၏ ထုထည်။

မျက်နှာကြက်အသစ်ကို မော့ကြည့်မိတော့လည်း
ကျက်မိနေတဲ့ မျက်နှာကိုသာ မြင်ရတွေ့ရ။

**စားကျက်စိမ်းစိမ်းတွေပေါ်မှာ ငါတို့နွားစက်တွေ ဘယ်တော့ တုန်ခါရမှာလဲ**

ရည်မွန်သင်း

နွားစက်ဆိုတာ
အအေးသက်နဲ့ ကမ္ဘာမြေအတွက် ဓာတ်ဆက်ပေးသူပါ။

ဟိုးတုန်းကတော့
ဆောင်းကိုရောက်တိုင်း
ငါတို့နွားစက် မြန်မာ့မြေအတွက်
အအေးသက်နဲ့ ဓာတ်ဆက်ပေးခဲ့ဖူးတယ်။

အခုတော့
လယ်တွေသိမ်း ယာတွေသိမ်း
တောတွေ တောင်တွေကိုသိမ်း
စားကျက်စိမ်းစိမ်းတွေကိုသိမ်း
ယိမ်းကစရာ မြက်ရိုင်းပင်မကျန်အောင် သိမ်းတဲ့
မြန်မာ့မြေပေါ်မှာ
ငါတို့နွားစက်တွေ
ဘယ်အအေးသက်နဲ့ ဘယ်စားကျက်ကို
ဓာတ်ဆက်ပေးရမှာလဲ။

မြန်မာ့မြေရေ
လုံခြုံမှုရှိတဲ့ ညတွေကို ပြန်ပေးပါ
လယ်တွေယာတွေ ပြန်ပေးပါ
တောတွေကို ပြန်ပေးပါ
တောင်တွေကို ပြန်ပေးပါ
မြက်ရိုင်းပင်တွေကို ယိမ်းကခွင့် ပြန်ပေးပါ
တစ်ခါက ဗုံတွေတီး ကခုန်ခဲ့ဖူးတဲ့
စားကျက်မြေစိမ်းစိမ်းတွေပေါ်မှာ
ငါတို့ နွားစက်တွေ ပြန်တုန်ခါချင်လို့။





www.burmeseclassic.com

www.burmeseclassic.com

## ပိုကောင်းသွားမလားလို့
ရန်လင်းအောင်

ပိုကောင်းသွားမလားလို့ အပျော်အပါးလျှော့တယ်
အပျင်းပြေအလုပ်တွေ
နားလိုက်တယ်

ပိုကောင်းသွားမလားလို့
ကဗျာ ရေးတယ်
သစ်ပင် စိုက်တယ်

ပိုကောင်းသွားမလားလို့
ပန်းချီ ဆွဲတယ်
ဒဏ်ကြေဆေးတွေ လိမ်းကြည့်တယ်
သွေးပေါင် ခဏခဏ ချိန်ကြည့်တယ်

ပိုကောင်းသွားမလားလို့
ဆေးလိပ် ဖြတ်တယ်
အရက် ဖြတ်တယ်
လူပေါင်းမမှားဖို့ ဂရုစိုက်တယ်။

ပိုကောင်းသွားမလားလို့
သစ္စာဆိုတယ် မေတ္တာပို့တယ်
မည်သို့ဆိုစေ
သင်ပုန်းချေတယ်

ပိုကောင်းသွားမလားလို့
ပုံမပြောတော့ဘူး
အတွန့်မတက်တော့ဘူး
အငြိမ်ဖယောင်းပဲ ဆွဲပါတယ်

ပိုကောင်းသွားမလားလို့
ငါးဝယ်လွှတ်တယ်
ငှက်ဝယ်လွှတ်တယ်
လိုအပ်ရင်
ကုံကော်ညွန့်လို အချိုးခံပါ့မယ်

ပိုကောင်းသွားမလားလို့
အိပ်ရာနေရာ သန့်ထားလို့
အိပ်မက်လုလု စွဲအောင်တွေးလို့
အေးအေးလူလူ ကမ္ဘာကြီး
ဘယ်တော့ ဘယ်လိုပြန်လာနိုင်မလဲ
စိတ်နဲ့ ကိုယ် ဘယ်တော့ မြဲမြံပါ့မလဲ

မင်း သေမှ အေးမယ်ဆိုလည်း
ပြဿနာမရှိ
အပိုစကားဆိုစရာ ငါ့မှာ နတ္ထိ။
ပိုကောင်းသွားမလားလို့
ပိုကောင်းသွားမလားလို့
ပိုကောင်းသွားမလားလို့။





www.burmeseclassic.com

www.burmeseclassic.com

## ထိုတစ်နေ့

ရှင်ချမ်း

မင်္ဂလာရှိသောနေ့
ဘယ်တော့မှ တွေ့ရလေမလဲ
လူလိမ်ကြီးတွေ မတ်တတ်ရပ်နေရဆဲ
လူမိုက်တွေက ထိုင်ရာကမထသေး
တို့အနာဂတ်က မသဲကွဲ
ကဲ ဘယ်လိုလုပ်ကြမလဲ
သေခဲ့တာတွေ များခဲ့ပြီ
သတ်နေတာ ပြီးသွားပြီလား
အတ္တတစ်ခုအတွက် ပေးဆပ်ခံရတဲ့ဘဝများစွာ
လွတ်လပ်မှုတစ်ခုအတွက်
မလွတ်လပ်မှုများစွာနဲ့ကတဲ့ ဇာတ်လမ်း
ဒီဇာတ်လမ်းမှာ အင်္ဂုလိမာလ
တကယ်တရားရပြီလား
ငါတို့လည်း တရားရသင့်ပြီ။



## ဘုရားသခင်နဲ့ ပွတ်သီးပွတ်သပ်နေခဲ့တဲ့ ညနေ

ရှိန်ဝါ

ဖုန်ထူထူ ထပ်ခိုးတွေပေါ်မှာ အရုသာတွေအများကြီးနဲ့ တွေ့ရတယ်။
သေပြီးသား မသာက ရေထတောင်းတယ် ပြီး ပြန်သေတယ်
ဘုရားသခင်နဲ့ ပွတ်သီးပွတ်သပ်နေခဲ့တဲ့ ညက။

စိတ်ရောလက်ပါ ကိုင်းလိုက်တယ် အလင်းတန်းတွေဝင်နေတဲ့ ဘီယာခွက်ဆီ။
လက်မနဲ့ထိမယ်လို့ မျှော်လင့်ထားပေမဲ့ လက်ခလယ်နဲ့ အရင်ထိသွားတယ်။
မယုံနိုင်စရာ လက်ရဲ့အထွတ်အမြတ် အတွင်းပိုင်းထိပ်ဖူးလေးနဲ့။

အ … ဆံနွယ်ရှည်လျားတဲ့ မိန်းမချောလေး
ကို ခြေထောက်ကကိုင်မြှောက်ပြီး တံမြက်စည်းလုပ် လှည်းလိုက်တယ်။
အို … ဘုန်းတော်ဘွဲ့အသစ်နဲ့ ရေမြွေသနင်း ပြည့်ရှင်မင်းကြီး
ဟာ … လက်သည်းလေးကိုက်ပြီး ကြီးမြတ်စွာ ရှက်နေတော်မူရှာတယ်။

ခွက်အသေးအသားထဲဝင်နေတဲ့ မွေးပျံ့အခိုးအငွေ့တွေ။
မိုးပေါ်ကကျလာတဲ့ ကြေလွယ်မွလွယ် မသိမှု ချွေးဥလေးတွေ။
(ဆုတောင်းလေ) မိရိုးဖလာအရ တစီစီမြည်နေဦးမှာပဲ ဒီအမြုပ်တွေ။
ခွက်ကိုဖောက်ပြီး ဝိုးတိုးဝါးတား မြင်လိုက်ရတဲ့ လက်သင်္ကေတတွေ။

ဘယ်စနစ်ဖြစ်ဖြစ် ကြောက်စရာကောင်းတာချည်းပဲ
ဆိုပြီး သရဲတွေဟာ ဘုရားတ ထွက်ပြေးကြတယ်။
ဆားတောင်းကြီးထဲ ပဲလှော်စေ့ကို ပစ်ထည့်လိုက်တယ်
ကိုယ့်ပေါင် ကိုယ်လှန်လိမ်ရတာ အယားအပြေဆုံးပဲ။

(ဆံပင်စုတ်ဖွားနဲ့ ဓာတ်ပုံဆိုင်ပညာရှင်တစ်ယောက်ရဲ့ ပြောကြားချက်အရ)
'နှာခေါင်းပေါက် နည်းနည်းချဲ့၊ ထောင်နေတဲ့ နားရွက်ကို နည်းနည်းဖြတ်ထုတ်၊
ခြေသည်းမည်းမည်းတွေက ချွတ်လဲ၊ မျက်လုံးစောင်းနေတာကို မသိမသာတည့်၊
သဘာဝကျအောင်လည်း အသားဖြူရဦးမယ်၊ ကျွန်မ ဆရာဆို ပိုလှမှာရှင့်။'
မျက်နှာရှေ့က မင်္ဂလာဇာပဝါလေးကို လှပ်ပြီး နမ်းလို့ရပြီ။
ဘဝတစ်ပါး ကူးပြောင်းတော့မယ့် စပျစ်စေ့တွေကို တွေ့လား။



www.burmeseclassic.com

www.burmeseclassic.com

မက်ရဲ့လို မလုပ်ကျေဆိုတဲ့ ရွေးဆိုစရာဂါထာများ ပေါ်များခြင်း။ . . . နဲ့ အတူ
အဝတ်ချွတ်တယ်ဆိုတာ တစ်မိုးတည်းအောက်မှာသာ လုပ်ရတဲ့အရာမဟုတ်။
Coldplay ရဲ့
'ကောင်းကင်ဘုံလို နာကျင်စေတယ်' ဆိုတဲ့ သီချင်းကို နားဆင်ရင်း
ဝမ်းလျားထိုးချည်းကပ်နေတာက အရှိအသေပြုခြင်းလို့ နာမည်တပ်နိုင်/မတပ်နိုင်။
ညဏ်တိမ်လွန်းလှ အနက်ကိုမသိရာက ကြောက်ကန်ကန်လိုက်တဲ့ ရှုံ့သေမှု။
'ဝေရဲ့ ကုပ်ပိုးပေါ်မှာ ဘာသာစကားပါ တစ်ပါတည်း ခွစီးသွားစေ'
ငါတို့ကတော့ ကိုယ်လက်နှီးနှောခြင်းကိုသာ ဖန်ဆင်းပစ်လိုက်တယ်။

**သံမဏိနောက်ကျောပြင်နှင့် ရွှေရောင်ဓားမြှောင်များ တလက်လက်**

ရွှေကြယ်မိုး

သစ္စာတရားဟာ တိုက်စစ်တွေ ခံစစ်တွေနဲ့
စီးချင်းထိုးဖို့လိုတယ်ဆိုရင် ပြောပါ
အနီးကပ်စစ်မြေပြင်မှာ အတွေ့အကြုံတွေ ရင့်ခဲ့သမျှ
ဒေသန္တရတိုက်ပွဲမှာ အသွားအပြန်တွေ ထပ်နေဦးမှာလား
စံပယ်တွေ ကြွေပါစေ စောင့်မနေနိုင်တော့ဘူး
စိတ်ချင်းအခါခါ ကိုယ်ချင်းအခါခါ ရင်ဆိုင်မိကြ
ဘဝဆိုတဲ့ ပုဂ္ဂလကမ္ဘာထဲက နှောင်ကြိုးများ
အဖြေကို ရှာကြည့်ရင်း မေးခွန်းတွေ တနင့်တပိုးဖြစ်လာ
ကြိုက်ဈေးပေးပြီး ဝယ်လို့မရတဲ့ အရာတွေသာ ဒုက္ခအဖြစ်ကျန်ခဲ့
မျှော်လင့်ချက်ကြီးကြီးထားပြီး လက်တွဲခဲ့သမျှ ဆုံးရှုံး
တော်ပြီလား နောက်တစ်ခါဆိုတာ ရှိသေးရင်တောင် လှည့်ပြန်ပြီလား
ပုံပြင်တွေနောက်ကို လိုက်ပါ
သူ့ရဲကောင်းတွေနောက်ကို မလိုက်နဲ့တဲ့လား
ငါးဆယ်တန် ပေါင်မုန့်တစ်ချပ်ကို သတိရပါ
ငါးပိရည်နဲ့ ထမင်းပန်းကန်ကို တန်ဖိုးထားပါ
လျှာလည်ဖို့ကောင်းအောင် ပြောတဲ့စကား မဟုတ်လို့
လောကဓံကို ပြန်ထောင်းပါ ကြံ့ကြံ့ခံပါ
ဒီလိုဖြစ်ခဲ့ပြီးမှ တောင်ကုန်းတွေ ကျန်ခဲ့ပြီးမှ
အိပ်မက်တွေ မနိုးထခင် ကိုယ်လွတ်ရုန်းခဲ့ပြီလား
စတေးပြီးသား ငါ့ကို ထပ်ထပ်ပြီးတော့ စတေးကြတာ
ဝါးပြီးသားပီကေ ထပ်ထပ်ဝါးရသလို ခါးတယ်
ဆုံးရှုံးစရာဆိုလို့ အသက်ပဲရှိတော့တယ်
ဒါပေမဲ့ ငါ ကြံ့ကြံ့ခံထားတယ် ရွှေရောင်ဓားမြှောင်ရေ။





www.burmeseclassic.com

www.burmeseclassic.com

## မကြာမီ

ရွှေညာ၁နိုင်စိုး

ရှေ့နားဆီက သစ်တောညိုညိုဟာ
တို့တိုင်းပြည်ရဲ့ နှလုံးသားပါ
ဘယ်သူခုတ်ပိုင်းနိုင်မှာလဲ။

ဟောဟိုက ရေ၀တီ
ငါတို့ပြည်ရဲ့ မိခင်
ဘယ်သူ့ရပ်တန့်နိုင်းချင်လဲ။

ဟောဒီ တောင်တန်းတွေဟာလည်း
တို့ပြည်လက်ရုံးကြီးပါပဲ
ဘယ်သူဖျောက်ဖျက်ချင်တာလဲ။

အဲဒီအတွေးတွေက
တို့ရင်ထဲ လှပနိုင်ကျည်
ကဗျာသီကြ စာစီကြနဲ့
တို့တိုင်း၌ာနီအလှကို။

အခုဆိုလေ
ဟိုနေရာလည်း မစိမ်းလန်း
ဒီနေရာလည်း မငြိမ်းချမ်း
မြစ်တွေခန်း။ ချောင်းတွေကော
တောတွေပြောင်၊ တောင်တွေပျောက်
လူမျိုးပျောက်ဖို့ နီးလာပြီ။

*၂၁၊ ၁၂၊ ၂၀၁၄။*

## မိဘပြည်သူများ ကိစ္စ

ရွှေဒါးမောင်လေးရည်

ငါတို့ပြည်သူတွေ
လက်ပံတောင်းတောင် ဆူးတစ်ချောင်းနဲ့ အုံးစားနေရသမျှ
ဘယ်လိုဒီဖိုင်းနဲ့ ခေါင်းပြားအောင် အိပ်စက်နိုင်မလဲ

ငါတို့သွေးသား မိဘတွေကို
မိကျောင်းကန် ခလုတ်တံသင်းက အရှိန်နဲ့ လာလာဆောင့်
လူ့အခွင့်အရေးတွေ ကျိုးပေါက်နေသမျှ
၂၀၁၄ ကို ဘယ်လိုပုံစံနဲ့ လွှတ်ချခဲ့နိုင်မှာလဲ

အခက်ဆုံးက
၂၀၁၅ တာထွက်စမှာ
ပြောနေကြတဲ့ ပွင့်လင်းလူ့အဖွဲ့အစည်း ဆိုဆိုပြီး
brand အသစ်တွေ ကပ်လိုက်ကပ်
ရင်ဘတ်ထဲ စိတ်ရင်း အမှန်မရှိသူတွေရဲ့
မပွင့်မလင်း အခင်းအကျင်းများနဲ့။





www.burmeseclassic.com

www.burmeseclassic.com

## ဒီရွာမှာ ဒီမိုကရေစီမရှိဘူး

ရွှေလင်းဝေ

ဒီရွာမှာ
လမ်းတွေကို ကတ္တရာခင်းမထားဘူး
ခြံစည်းရိုးတွေကို သံဆူးကြိုးကာမထားဘူး။

ဒီရွာမှာ
လူငယ်တွေက ပြုံးတတ် ရယ်တတ်တယ်
လူကြီးတွေလည်း ပြုံးတတ် ရယ်တတ်တယ်။

ဒီရွာမှာ
မူကြိုကျောင်းထဲမှာ ကလေးတွေရှိတယ်
လယ်ကွင်းထဲမှာ စပါးပင်တွေ ရှိတယ်။

ဒီရွာမှာ
ဒီမိုကရေစီ မရှိဘူး
လူသားချင်းစာနာမှုနဲ့ မေတ္တာတရားပဲ ရှိတယ်။

## ဖိုတ်ကန်းနင်းပတ်ခ်ထဲက စစ်ချီတေး

လရိပ်ပြာ

ကုက္ကိုရွက်ကြွေတွေနဲ့
မန်ကျည်းရွက် စိမ်းစိမ်းများ။
ဒီနေရာမှာခဏ
ထိုင်ပါရစေနော် အဖော်မပါဘူးလား။
အသစ်မရှာပါနဲ့ ကိုကို
ရှင်တို့ ဟွာဟန်ကို ကြားဖူးကြတယ်မဟုတ်လား*
ကျေးဇူးပြုပြီး ဟောဒီ
အလှူခံစာအုပ်မှာ ရှင့်လက်မှတ်ကို ထိုးလိုက်ရုံ။
ဆောရီးပါရှင်
ဒီနေ့ ကျွန်မပိုက်ဆံအိတ်ထဲမှာ ကုက္ကိုရွက်ကြွေတွေချည်း။
စစ်ဆရာဝန်မကြီးရဲ့ အမျိုးသားပါရဂူကြီးက
အန်တီ့ကို တုန်နေအောင် ချစ်တာ။
အချိန်တန်ရင် အကိုက်ပျောက်ဆေးတွေပဲ အွန်ဦးမှာ
အန်တီက ကဗျာကလွဲရင် အားလုံးကို ဖတ်ပါတယ်။
ငါးနှစ်တာ ကာလအတွင်း
ပထမဆုံးမြင်ဖူးတဲ့ ကြက်နှစ်ကောင်။
ဆိတ်ငြိမ်တဲ့ သင်္ချိုင်းဂူမှာ
ထိုင်လို့မရတဲ့အကြောင်း အစောင့်ကြီးပြောခဲ့တာ။
ကားတွေက အသံတိတ်ကားတွေ
မိုဘိုင်းဖုန်းထဲက စက်သေနတ်သံတွေ လျှံကျ။

* ဆရာမြင့်သန်း၏ 'ဟွာဟန်းနှင့် ဆုံချုပ်ဖြန်ခြင်း' ... ဆောင်းပါးမှ





www.burmeseclassic.com

www.burmeseclassic.com

## ကစ်တီသို့

လူဆန်း

ကစ်တီရေ ...
လူပ်ရှားမှုတွေ များပြားနေခိုက် ကစ်တီနေထိုင်ရာ ခြေခင်းလက်သာရှိပါစ
ဒီလိုမေးတာ မတရားတယ်၊ တရားမယ်မှန်း မသိမိ နှုတ်ခွန်းနှုတ်စလို
နှုတ်ဆက်လိုက်တယ် ကစ်တီ။
ဒီတစ်ခါ ကိုယ်လေ တကယ်စိတ်တိုမိတဲ့ ဒေါသကလေးအကြောင်း ပြောပါရစေ
ဘယ်လိုလဲဆိုတော့ ကိုယ်လေ ဒီတစ်ခါ ဘုရားသခင်ဟုဆိုသူကို အပြင်မှာ
နောက်တစ်ခါလောက် ထပ်တွေ့ရင်လေ ရန်ဖြစ်လိုက်ချင်တယ် သိလား
ဒီလို ပုဆိုးစွန်တောင်ဆွဲလို့ပေါ့။ ဒီစကားလုံး မြန်မာအသုံးမှာ ဘယ်လိုသုံးတော့
ကိုယ်လည်း မသေချာလှပါဘူး။ ဒါပေမဲ့ သုံးပစ်လိုက်ချင်တယ်။
ရှင် ဘယ်လိုလူလဲ ဘာညာပေါ့။ ကလေးတွေမွေးပြီး ပိုက်ဆံမပေးဘူး စသဖြင့်။
လောကီရေးရာ ပြဿနာတွေတော့ ပါလာမိမှာ အမှန်ပါပဲ ကစ်တီ။

ခင်ဗျားမှာ နောက်ထပ်လုပ်စရာတွေ အများကြီးပဲ။
ဒါတော့ မထိန့်ဗျာ နောက်ထပ် ပြီးတော့ (လူဆန်းပြောစေ)
ဟင် မင်းဟာကလည်း ဘာကမှ မကျန်ပါလားကွာ (အနန္တ စွမ်းအားရှင်ကြီး
ပြောစေ)
လိုးပြီးသား ခြေသည်း လက်သည်း အစုံနှစ်ဆယ်နဲ့အောက် နောက် ရိတ်ပယ်
ပြီးစ မွေးညင်း အားလုံး ခင်ဗျား စိတ်ကြိုက် လုပ်နိုင်တယ်။ ကျုပ် ခွင့်ပြု
သလောက် ခင်ဗျားရမယ် (လူဆန်း ပြောစေ)။

ဒီလိုအရာတွေပေါ့ ကစ်တီ
ကိုယ်လေ အဲဒီဘုရားသခင်ကြီး အနန္တစွမ်းအားရှင်ကြီး၊ မတရားတဲ့ လူကြီး
သူ တစ်ဖက်သတ်လုပ်သမျှ တန်ပြန် ရန်လုပ်ချင်နေတာတွေ ကစ်တီဆီ
တည့်တည့်ကြီး ရေးနေမိပြန်ပါပြီကွာ သိလား
တောင်းပန်ပါတယ် ကစ်တီ မခံမရပ်နိုင်လို့ပါ ထပ်တွေ့ကြမယ်နော် ...။

## ဒရိုင်ဘာ

လူဇော်သစ်

ကားတွေ တဝူးဝူး ကျော်တက်သွားကြ
ကားတွေ တဝုန်းဝုန်း ပြိုင်မောင်းနေကြ
ကားတွေ တရွေ့ရွေ့ တုံ့ဆိုင်းနေကြ
ငါမောင်းတဲ့ကားက တဝူးဝူး တဝုန်းဝုန်း တရွေ့ရွေ့တွေကြားမှာ တဖွတ်ဖွတ်
ငါ ကဗျာရေးခဲ့တယ်၊ ငါ ကဗျာဖတ်ခဲ့တယ်၊ ငါ ကဗျာဖတ်နေတယ်
ငါ ကဗျာဖတ်နေတယ်၊ ငါ ကဗျာဖတ်ခဲ့တယ်၊ ငါ ကဗျာရေးနေတယ်
အခု ...
ခုံးကျော်တံတားတွေက ဟိုမှာ ဒီမှာ
တဝူးဝူး တဝုန်းဝုန်း တရွေ့ရွေ့တွေလည်း ဟိုမှာ ဒီမှာ
ပိတ်နေတဲ့ ယာဉ်ကြောမှာ ကားတွေက အထပ်ထပ်
ငါ ဖတ်နေတဲ့ ကဗျာစာရွက်တွေလည်း ငါ့ဘေးမှာ အထပ်ထပ်။

၇၊ ၇၊ ၂၀၁၃။



www.burmeseclassic.com

www.burmeseclassic.com

## ခင်ဗျားဟာ ခင်ဗျားလုပ်တဲ့ ဗုံးတစ်လုံး

လှထက်အောင်

ခင်ဗျားဟာ ဗုံးတစ်လုံး။
ကိုယ်တိုင် ဗုံးတစ်လုံးဖန်ဆင်း။
ကိုယ်တိုင် ဗုံးတစ်လုံးအဖြစ် ကိုယ့်ဗုံးကို ကိုယ်ပြန်မထိန်းနိုင်။
မရပ်တန့်နိုင်တဲ့ ဗုံးတစ်လုံး။
သွားပြီးသား နေရာတွေကို ပြန်သွား။
ရောက်ပြီးသားနေရာတွေဆီ ပြန်ရောက်။
ကိုယ်ဗုံးနဲ့ ကိုယ့်ပြန်ပတ်။ ကိုယ့်ပေါင် ကိုယ်ပြန်ထိုးတဲ့ ဗုံးတစ်လုံး။
ကိုယ့်ကို ထမင်းကျွေးတဲ့ လက်ကို ပြန်ကိုက်တဲ့ ဗုံးတစ်လုံး။
ခင်ဗျားရဲ့ ဗုံးတစ်လုံးဟာ ဖောက်ခွဲမယ် ပြောကျမယ်။
ထို့နောက် အကျိုး + အပဲ့ + အသေ + အပျောက်များ။
ဗုံးတစ်လုံးကို ယူနီဖောင်း ဝတ်ပေးလိုက်တယ်။
ဗုံးတစ်လုံးကို အပွင့်တွေ ဘားတွေ တပ်ပေးလိုက်တယ်။
ဗုံးတစ်လုံးကို နံပါတ်တွေ ရေးပေးလိုက်တယ်။
ဗုံးတစ်လုံးမှာ အလံတွေ ဦးညွှတ်မှုတွေ ပန်းခွေတွေ။
ဗုံးတစ်လုံးမှာ အုပ်စုဖွဲ့တယ်။ ဗုံးတစ်လုံးမှာ အရိုးတွေနေထိုင်တယ်။
(အဲဒီလို ဗုံးတစ်လုံးပေါ်မှာ လာနားတဲ့ ယင်ကောင်ကို
လက်ညှိုးထိုး ဝိုင်းသတ်ကြတယ်)
ဗုံးတစ်လုံးကို အမှုထား၍ . . .
လက်ဆွဲနှုတ်ဆက် ပန်းကုံးစွပ် ဓာတ်ပုံရိုက်။
ဗုံးတစ်လုံးဟာ တောင်းဆိုတယ်။ ဗုံးတစ်လုံးဟာ အမိန့်ပေးတယ်။
ဗုံးတစ်လုံးဟာ တစ်နိုင်ငံလုံးကြားအောင် အော်တယ်။
ခင်ဗျားဟာ ဗုံးတစ်လုံး။ ခင်ဗျားနာမည်နဲ့ ခင်ဗျားဗုံးတစ်လုံး။
ခင်ဗျားဟာ ဗုံးတစ်လုံး။ ခင်ဗျားဟာ အဆက်မပြတ် အဆက် . . .။



## ကောင်းကင်လူ

လူပအောင်

ကျွန်တော်ဟာ
တိမ်မရှိတဲ့ ကောင်းကင်ပါ။

ခင်ဗျား စိတ်ထဲကအတိုင်း
အရောင်သွင်းပါ။

မျက်ရည်မကြိုက်လို့
ငွေ့ရည်တော့ ဖွဲ့လို့မရဘူးပေါ့ဗျာ။

ကမ္ဘာမြေ သာယာ မသာယာ
ခင်ဗျားစိတ်နဲ့သာ ဆိုင်ပေလိမ့်။



www.burmeseclassic.com

www.burmeseclassic.com

## တစ်ခါတစ်ခါတော့ ပုဏ္ဏာဟာ သူ့ဟာသူ လည်နေတတ်တာမျိုးဗျ

လူပျင်းသုံး

ရှင်းရှင်းလင်းလင်း သိချင်တဲ့အရာတွေကို စာအုပ်တစ်အုပ်ထဲမှာ ပြောင်းမှတ်ထားတယ်။ တကယ်တော့လည်း အားလုံးက အဲဒီလောက် ရိုးရိုးရှင်းရှင်းကြီးပဲတော့ မဟုတ်လောက်ဘူး။ မကြာခဏဆိုသလိုပဲ ပုဏ္ဏာတစ်ပုဒ်ကို ဖြေရှင်းလို့မရ ဖြစ်နေတာပဲ မဟုတ်လား။
ညာဘက် ဦးနှောက်ထဲမှာတော့ အရာအားလုံးဟာ ရှင်းရှင်းလင်းလင်းပါပဲ။ ဖြစ်နိုင်ရင် ဟိုဘက်ခြမ်းကို ဖြုတ်ထားပြီး ပျော်ပျော်ကြီး အလိမ်ခံကြမယ်။ လိမ်နေကြမှန်း မသိရင် အားလုံး ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြမှာ။
မိုးပျံပူဖောင်းတွေကိုင်ပြီး ကွင်းပြင်ကြီးထဲကို ပြေးထွက်သွားလိုက်တယ်။ အဲဒီအိမ်မက်ကို ညာဘက်ဦးနှောက်ထဲမှာ ခဏခဏ ပြန်မက်တယ်။ အဲဒီပုဏ္ဏာလည်း ခုထိ ဖြေရှင်းလို့မရသေးဘူး။
ရာသီဥတု သာယာတဲ့နေ့တွေကို တစ်ခါတစ်ခါ ပြန်သတိရတယ်။ များသောအားဖြင့် အဲဒီနေ့တွေဟာ တစ်ယောက်တည်းဖြစ်မယ် ထင်တယ်။ ထိုင်ခုံတစ်လုံးလုံးပေါ်မှာ ထိုင်ပြီး တစ်နေနေရာကို ငေးကြည့်နေတဲ့ အချိန်မျိုး။ ဥပမာ ပြတင်းပေါက်ကနေ လမ်းမပေါ်ကို လှမ်းကြည့်နေတာ။ အာရုံကြောရယ်တော့လည်း မဟုတ်ပါဘူး။ ညနေ အိမ်ပြန်ချိန်တစ်ခုခုဟာ မျက်စိထဲ သိပ်ကို လှနေတတ်တယ်။
သစ်ရွက်တွေရဲ့ အစိမ်းရောင်ဟာ အိဖတ် စိုစွတ်နေတာမျိုးဆို နှစ်သက်ကြည်နူးနေတတ်တယ်။ စက်ဘီးစီးဖို့ ထွက်လာပြီး မြို့ကြီးတစ်ခုလုံးနဲ့ သူတစ်ခွန်း ငါတစ်ခွန်း စကားပြောကြတယ်။ ပြေးပြေးလွှားလွှားနဲ့ လူတွေစက်ဘီးဘေးနားက ဖြတ်သွားကြတယ်။

## သောကြာ

လူဖန်ခါး

သောကြာဟာ ပုံစံပေါင်းကြီးအတိုင်း ခေါက်ရိုးကျိုးလို့
သီချင်းသံခပ်တိုးတိုးနဲ့ အမှောင်ရောင်စားပွဲပေါ်
ထုပ်ပိုးမှုပုံစံသစ်နဲ့ ပရိုမိုရှင်းလုပ်နေတယ်။

ဖျတ်ခနဲ သတိရတာက ဖလော်ရင့်နိုက်တင်ဂေး
စာနာယဉ်ကျေးသော အလင်းသစ် နှုတ်ခမ်းတစ်စုံ
လူ့အဖွဲ့အစည်းထဲ လူတွေ ယဉ်ကျေးလာကြ။

ငါ့မှာ နားတွေ မရှိတော့လို့ပါ
ဗင်းဆင့်ဗန်ဂိုးရဲ့ ဆိုက်ပရပ်စ်လမ်းပေါ်
အလင်းလွှတ်လိပ်ပြာတို့ ခါတိုင်းလို ပျံသန်းနေ။

စိတ်ကူးတွေကို သက်ပြင်းတစ်ခုလို ဆင်ယင်
လက်တွေ့မဆန်သော သက်တံတစ်စင်း
ငါ့ရောဝတီအပေါ် ကိုင်းအိနိမ့်ဆင်း။

သတ္တိကိုတော့ ရွေးချယ်ထားတာပဲ
မားတွေကတော့ အခုထိ အယောင်ဆောင်ကောင်းတုန်း။

ဆင့်ကဲဖြစ်စဉ်ကူးလူးမှုအရ
ငါတို့ဟာ လူယောင်ဆောင်ထားတဲ့ မျောက်တွေ။



www.burmeseclassic.com

www.burmeseclassic.com

## ငါတို့ခေတ်ထဲ မင်းလည်းဖြတ်သန်း

လူမြင့်

ကိုလိုနီခေတ်ထဲ
'ကိုအောင်ကျော်' တစ်ယောက်တည်း။

မဆလခေတ်ထဲ
'ဟယ်ရီတန်' တစ်ယောက်တည်း။

အာဏာရှင်ခေတ်မှာတော့
ရဟန်း ရှင် လူ
ပြည်သူ ကျောင်းသား
သွေး အသက်
ပေးဆက်ခဲ့ကြ ကိန်းဂဏန်း
ထောင် သောင်း သိန်း သန်း . . .။

ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီတဲ့
ဘယ်တော့ ရောက်မလဲ
ဘယ်သူမှ မသိ . . .။

သွေး မြေဘယ်လောက်ကျဦးမလဲ
ဘယ်သူမှ မသိ . . .။

လက်ရှိ
သိနေဆဲက
မြစ်တွေလည်း ကော
တောတွေလည်း ပြောင်
တောင်တွေလည်း ချိုင့်ဖြစ်
ဩော် . . . သမိုင်းသစ် သမိုင်းသစ်
အရိုင်းအညစ်တွေချည်းပါလား။



## ဆိုပါစို့ လက်ခုပ်သံများရဲ့ အကြွပ်အတည်း

လူလန်း

ဘီယာ အဝခေါ်တိုက်ပြီး
ဘီယာဘူးခွံနဲ့ ခေါင်းကို ထုခွဲခံခဲ့ရာက
ဒီနေ့ဟာ ကြိမ်လုံးကြီးကို လက်က မချစတမ်း။
(ဘယ်စာမျက်နှာတုန်း။ ဒီစာမျက်နှာလား။ ဟိုစာမျက်နှာ ထင်ရဲ့။
ဒေလွန်၊ ထစမ်း။ ဖတ်စမ်း ဘာတဲ့။ အဲဒီနေ့က ဖတ်စမ်း။
ဘာနေ့တုန်း။ အဲဒီနေ့က နေတောင်မထွက်။)[၁]

သူ့ဦးနှောက်ကို ၁၂ နာရီထက်ကျော်လွန် အသုံးချခံခဲ့ရာက
ဗိုင်းရပ်တွေကို သတ်ရမယ့်အစား
ဒီနေ့ဟာ ဘက်တီးရီးယားကို လက်ယပ်ခေါ်နေ။
(သူ့စိတ်ထဲမှာ ဘာဆုံးဖြတ်ရမှန်း မသိသေးဘူး။
ကောင်မလေးကို ကြိုက်ရမှာလား။ မုန်းရမှာလား မသိသေးဘူး။
သူကလည်း ပတ်သက်ခဲ့မိတာကိုး။)[၂]

ဒီနေ့မှာ ပဲလုံးကျည်ဆန်နဲ့ စစ်တိုက်ကစားရာက
မျက်စိတစ်လုံး ပေါက်ထွက်သွားခဲ့ရ။
(ကျွန်တော့်ကို စစ်ကူပေးဖို့ သူ ပြေးလာသလိုပဲ။
ဒီတော့လည်း စိတ်မကောင်းဖြစ်မိရပြန်တယ်။)[၃]

ဒီနေ့မှာ တစ်မူးရလို့ တစ်ပဲလှူမယ်လုပ်မှ
တို့ခေါင်းဟာ ယဇ်ပလ္လင်ပေါ်က ရွှေ့မရ။
(မစွက်စီနီကိုနဲ့ နောက်ဆုံးတွေ့ကြပြီးတဲ့နောက်
နှစ်လကျော် ကြာပြီးတော့ သူရေးထားတဲ့စာက ဒီလို။
မိန်းမနဲ့ ယောက်ျားရဲ့ အကြားမှာ ကိုယ်ကာယချင်း နှီးနှောမှုမရှိဘဲ
ချစ်တာသက်သက်ဆိုတာ မဖြစ်နိုင်ဘူး။)[၄]

ကြက်ခြေအနီလည်း ဘယ်သူ အာမခံကြမယ်
ဗုံးတစ်လုံး ကိုင်ထားရသလို ဒီနေ့။
(သူက ကျွန်ုပ်ကို မေးတယ်။ ဘယ်သူတွေ အဆိုတင်သွင်းကြတာလဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ကျူပ်ကတော့  ခင်ကြီးဘာ့ခ်နာမည် ပြောလိုက်တယ်။
ဒါကြောင့် ကျူပ်က အဆင်ပြေလိမ့်မယ်လို့ ထင်တာ။)[၅]

ဘတ်စ်ကား စီးနေရတာလည်း
လူသတ်သမားနဲ့ ခရီးသွားနေရသလို ဒီနေ့။
(အလိုတော်။ ပြောင်လိမ် ပြောင်စားကြီးပါလား။ နင်
ဒေးလီးအိပ်စပရက် သတင်းစာအတွက် ရေးနေတယ်ဆိုတာ ငါ သိပြီ။)[၆]

ဒီကျောင်းတွေ တက်ပြီး
ဒီဘတ်စ်ကားတွေနဲ့ပဲ ကူးချည်သန်းချည်
ဒီလိုဖြစ်တည်နေရတဲ့ ဒီနေ့ကို
ဒီဆေးရုံထဲမှာ မနေ့က တွေ့လိုက်ကြ
ဒီသတင်းအပြည့်အစုံကို
ဒီနေ့သတင်းစာထဲမှာ ပါမပါ မသေချာ
မျက်နှာဖုံးထားတဲ့ ဟိုနေ့တွေကတော့
မနက်ဖြန်အတွက် မျက်နှာဖုံးသတင်းဖြစ်ဦးမှာ
အရင်လိုပါပဲလား။

*(–) အတွင်းမှ စာသားများသည် 'James Joice ၏*
*Dubliners ဝတ္ထုတိုများ' မြင့်သန်း ဘာသာပြန်။*
*၁။ 'မျှော်လင့်မထားတဲ့ အတွေ့အကြုံ'မှ*
*၂။ 'ဘော်ဒါဆောင်'မှ*
*၃။ မျှော်လင့်မထားတဲ့ အတွေ့အကြုံ'မှ*
*၄။ 'နာကြည်းဖွယ်ကောင်းသည့် အကြောင်းတစ်ခု' မှ*
*၅။ 'အထိမ်းအမှတ်နေ့က ကော်မတီရုံး အစည်းအဝေးခန်းမှာ'မှ*
*၆။ 'သေခြင်း'မှ*



**လျှောက်လည်မမေးနဲ့ ပေါက်သည်ဈေးပဲ**
လူအိမ်

အကြမ်းဖျင်း ၁၀ နှစ်
ဒီထက်ပိုရင်လည်း ပိုမယ်
ခွဲတမ်းအရ
မင်းက ကေအင်န်ယူလုပ်
မင်းက ကေအိုင်အေလုပ်
မင်းက အက်စ်အက်စ်အေလုပ်
မင်းက မြေအောက်ပါတီလုပ်
မင်းက မတရားအသင်း အဆက်အသွယ်ရှိသူ
ဒီထက် ပိုပိုသာသာ
အဆစ်လေးပါ ထပ်ထည့်ချင်ရင်
ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်သူ လုပ်
မင်းက ခွင့်ပြုချက်မရယူဘဲ
ဓာတ်ပုံရိုက် သတင်းရေးသားဖော်ပြသူ
စည်းမဲ့ ကမ်းမဲ့ မီဒီယာသမားလုပ်
အဲ ...နိုင်ငံတော် အကြည်ညိုပျက်စေသူ
အသရေဖျက်သူ
ပုန်စားပုန်ကန်ပြုသူ ဆိုရင်တော့လား
လာထား
ကျွန်း ယူမလား ကြိုး ယူမလား
လှျပ်စစ်ကုလားထိုင် ယူမလား
မေတ္တာလက်ဆောင် ကျည်ဆန်တစ်တောင့် ယူမလား
ဖွန်းလေးပါ တပ်ပေးလိုက်မယ် ဝွတ်ရှယ်ခပ်ပ့်
ကြက်ဥအရောင် တိမ်တောင်သဖွယ်
လိုအပ်လာရင် ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ငါ လွမ်းတဲ့အကြောင်း

လင်းခါး

လွမ်းတဲ့အကြောင်းဟာ
လက်ထိပ်ကြီးနဲ့ဆိုတော့ မသင့်လျော်၊
သတင်းဌာနတွေကလည်း
ခေါင်းကဒဏ်ရာတွေကိုပဲ ကြေညာပြီး
နှလုံးသားက လွမ်းတဲ့အကြောင်းကို
ပုဂ္ဂလဖိုင်ထဲပဲ ညှပ်ထားတယ်။

ငါလွမ်းတုန်းက
အဖိနှိပ်ခံ ဝတ်ပြုတ်သူတွေကြားထဲဆိုတော့
ငါ ပြောမထွက်ဘူး။
ငှက်ဖျား အပြင်းအထန် ထနေတဲ့ လူနာရှေ့
လေစိမ်းမိပြီး ဖျားတာလောက်ကို မညည်းချင်သလိုပေါ့။
ငါလွမ်းလို့ ကောင်းနေတုန်း
တပ်နီတွေက ခရီးရှည် ချီတက်
ရုရှတွေက ဇာဘုရင်ကို တော်လှန်နေကြတယ်။

ငါဟာ နိုင်ငံတော်ပဲ
လူဝီဘုရင်ပြောတော့
ပြည်သူတွေက စိတ်ဆိုး
ငါက ထောင့်တစ်နေရာမှာ လွမ်းနေ၊
ကောင်းကင်ပြာကြီးကို ကြည့်
ငါ့မှာ ရော်ရမ်းတမ်းတ လွမ်းတုန်း
ကောင်းကင်မှာ မှိုပွင့်ကြီးတွေထလာ
အဲဒါ ဟီရိုရှီးမားနဲ့ နာဂါစာကီ ပေါ့။
ချာနိုဘိုင်း ပေါက်ကွဲမှုကြီးဖြစ်တော့
ငါဟာ လမ်းဆုံမှာ လွမ်းလွန်းလို့ တရှုံ့ရှုံ့ငိုနေ။

၈၈ အရေးတော်ပုံမှာတော့
ငါဟာ လွမ်းနေရက် ပါဝင်ခဲ့ပါတယ်။
နောက်တော့လည်း ဒီမိုကရေစီကို လွမ်းရသလို
ငါ ဆက်လွမ်းရတာပဲ။

လွမ်းတဲ့အကြောင်းတွေဟာ
များသောအားဖြင့် လူခြေဆိတ်ရာဆိုတော့
လူသိ နည်းလှပါတယ်။
ဒါပေမဲ့ကွယ် လူသိများချင်လို့ လွမ်းတာမှ မဟုတ်ရဘဲ။

လွမ်းတဲ့အကြောင်းဟာ
လွမ်းသူအတွက်သာ ကြီးကျယ်ပြီး
ကမ္ဘာကြီးအတွက်တော့ ဆန်ကုန်မြေလေးရုံရှိတာ ငါသိပါတယ်။
ဒါပေမဲ့ ငါလွမ်းမိပါတယ်
လောကကြီးကို အန်တုပြီး
တစ်ကိုယ်ကောင်းဆန်စွာ ငါဟာ လွမ်းမိ။

လွမ်းမိ လွမ်းမိ ငါဟာ လွမ်းမိ
လွမ်းစရာမရှိမှတော့
လူ့ဘဝဟာ ဘယ်အဖိုးထိုက်တော့မလဲ။
ဒါကြောင့် ငါဟာ ရူပါပါဝါနဲ့ လွမ်းမိ
ပြည်တွင်းငြိမ်းချမ်းရေးကို ထိပါးတဲ့အထိ လွမ်းမိ
လယ်သမားတွေ လယ်စိုက်စရာမရှိတော့အောင် လွမ်းမိ
ကလေးအလုပ်သမားတွေ ပေါများလာအောင် လွမ်းမိ
လွမ်းမိ လွမ်းမိ လွမ်းမိ
အသုံးမကျ လူညွန့်တုံးသည်အထိ
ငါဟာ လွမ်းမိ။





www.burmeseclassic.com

www.burmeseclassic.com

## မှို့တွေ

လင်းဇင်ယော်

ဆန်တာကလော့ကြီးက မြို့လယ် နာရီစင်ထိပ်ကနေ
တဟားဟား အော်ရယ်ရင်း မှို့တွေကြဲချ
တစ်မြို့လုံး မှို့တွေ ဖုံးလွှမ်းလွင့်ပျံ ကလေးတွေ ဟေးခနဲအော်
အိမ်ထဲကနေ ပြေးထွက်လာကြပြီး မှို့တွေကို အလုအယူလိုက်ဖမ်း
ကလေးတွေလက်ကြားက လွတ်ထွက်လာတဲ့ မှို့တွေ ပြတင်းပေါက်ကတစ်ဆင့်
အိမ်တွေထဲ ပြေးဝင်ပုန်း
ဖမ်းမိခံလိုက်ရတဲ့မှို့တွေက ကလေးတွေလက်ထဲမှာ ရောင်စုံသကြားလုံးတွေအဖြစ်
ချက်ချင်း အသွင်ပြောင်းသွား
အိမ်ကြိုအိမ်ကြား လမ်းကြိုလမ်းကြားမကျန် ကလေးတွေ မှို့ဖမ်းပွဲ ဆင်နွှဲကြ
ပြေးကြ လွှားကြ အော်ကြ ဟစ်ကြ လဲကြ ကွဲကြ
ဆန်တာကလော့ကြီးက နာရီစင်ပေါ်ကနေ တဝါးဝါး တဟားဟား ရယ်ရင်း
မှို့တွေကို တစ်ဆုပ်ပြီးတစ်ဆုပ် လေထဲကိုပက်ကြဲချနေ
မီးရှူးမီးပန်းတွေလို မှို့တွေ ဖွားခနဲ ဖွားခနဲ လွင့်ကျလာ
သကြားလုံးစားမိတဲ့ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် မှို့အဖြစ်
အသွင်ပြောင်းသွားပြီး လေထဲပျံတက်ကုန်ကြ မကြာခင်
ကလေးအားလုံး မှို့တွေအဖြစ် ပြောင်းသွား
မှို့ဖြစ်သွားတဲ့ကလေးတွေကို
လူကြီးက စိုးရိမ်တကြီး နည်းမျိုးစုံနဲ့ ပြန်လိုက်ဖမ်း
လက်ဗလာနဲ့ဖမ်း ပိုက်ကွန်နဲ့ဖမ်း ဆန်ခါတွေ ခြင်းတောင်းတွေနဲ့ဖမ်း လူကြီးတွေ
ဖမ်းမိသမျှမှို့တွေဟာ ဘာမှဖြစ်မလာဘဲ မှို့အဖြစ်နဲ့ပဲ လေထုထဲကို ပျံတက်သွားကြ
မှို့ဖမ်းရင်း အမောဆို့ကုန်ကြတဲ့ လူကြီးတွေက ဆန်တာကလော့ကြီးကို ဆန္ဒပြ
ဆန်တာကလော့ကြီးကတော့ မှို့တွေ တစ်ဆုပ်ပြီးတစ်ဆုပ် ကြဲချရင်း
တဟားဟား အော်ရယ်ရင်းကနေ
တဖြည်းဖြည်း ဖောင်းကားလာပြီး ဖွမ်းခနဲ ပေါက်ထွက်
မှို့တွေအဖြစ်နဲ့ နာရီစင်ထိပ်ကနေ ဝဲခနဲ လွင့်ကျလာ
လေထုထဲက မှို့တွေနဲ့ ရောထွေးသွား
အဲဒီမြို့ရဲ့ လေထုထဲ
မှို့တွေ ရာစုနှစ်ပေါင်းများစွာ လွင့်တက်ပျံသန်းလာ။

*၂၀၁၄၊ ဇူလိုင်။*



## နှစ်ကာလတွေကို စစ်ချလိုက်တဲ့အခါ

လင်းတည်ဦး

နှစ်ကာလတွေကို စစ်ချလိုက်တဲ့အခါ
တစ်နေရာရာကနေ ပြန်ပြန်လိမ့်ကျလာတဲ့ ကျောက်တုံးတစ်တုံးကို တွေ့ရ

နွေရောက်ပြီ ...
ညိုမယ့်မိုးဟာ မစွဲသေးတာလည်း တွေ့ရ
ဖြေချတော့မယ့်ဆဲဆဲ ညမှာ
မိုးတောက်မီးလျှံတွေ ချောက်ကမ်းပါးအောက်က ပြန်ခုန်တက်လာ

အတွင်းထဲထိ တိုးဝင်သွား။ အလွှာတစ်ခုအောက်ကို မရောက်မချင်း
ဆုပ်ကိုင်မှုဟာ အချည်းနှီး ...

ဒီတစ်ခါ
ဆုံချက်နဲ့ ထိလိုက်တာနဲ့
မီးထပွင့်မယ့် စကားလုံးတွေ ငါရွေးမယ်

ငြီးငွေ့တဲ့အခါ အိပ်မက်အလွန် နယ်ပယ်တစ်ခုဆီ
မူရာကာမိနဲ့အတူ သွားမယ်

နှစ်ကာလတွေကို စစ်ချလိုက်တဲ့အခါ
အိပ်မက်မက်ပြီး နိုးလာတာတောင်
ဇာတ်လမ်းကို စိတ်ကူးထည်တွေ တစ်နေရာရာမှာ ဝဲလွင့်တုန်း

နေ့အဟောင်းတွေဟာ ရီဆိုင်ကယ်ပြန်လုပ်လို့ မရတာက များပါတယ်
ဒီလိုပဲ ပြန်လျှော် ပြန်ဝတ်ရ

နှစ်ကာတွေကို စစ်ချလိုက်တဲ့အခါ
... ... ... ... ...။

*၁၊ ဩဂုတ်၊ ၂၀၁၄။*



www.burmeseclassic.com

www.burmeseclassic.com

## ထီးတစ်ချောင်း လက်ကုန်တွန်းဖွင့်နေတဲ့ လူငယ်တစ်ဦး

လင်းထိပ်သျှင်

မိုးမကြောက်သူရှေ့မှာ ဒီမိုးက ဖောက်ပြန်လာပြန်ပြီ။
ရွာသွန်းပြီးတာမှ ဘာမှမကြာသေး
လေစိမ်းတိုးသံတွေ ကျားဟိန်းသံနှယ်မြည်ဟိန်းလာ
ရှေ့တိုးသွားရကောင်းလား၊ နောက်ပြန်ဆုတ်ရကောင်းလား။
ခေါင်းစား အတွေးတွေပြားနေရ လူငယ်လေးတစ်ယောက်ခမျာ
ရင်ထဲ ပန်းတွေ ပွင့်နေဟန်မပေါ်ဘူး။
နားမလည်နိုင်အောင် အမှောင်ထုရဲ့ လှည့်စားမာယာအထိအတွေ့က
မှတ်ဉာဏ်ထဲမှာ အတိတ်အရိပ်တွေ ဟင်းလင်းပြင်ဖြစ်လို့
သဘာဝတရားနဲ့ လူသားကမ္ဘာဖျက်ဆီးမယ့်
အရိပ်ဝှက် အန္တရာယ်ရန်စွယ်ဆိုတာ
ဘယ်အရာက ရေသောက်မြစ်အားကောင်းနေလဲ
မွေးဖွားလူဖြစ်လာစကတည်းက
လောကငရဲဘုံကို လူသားတွေကပဲဖန်တီး
မပြီးဆုံးနိုင်သော စစ်သံသရာနွံထဲ တဝဲဝဲလည်
ကိုယ့်အရိပ်ကိုယ် နောက်ပြန်လှည့်ကြည့်ဖို့တောင်
လူငယ်လေးတစ်ဦးမှာ ကံဆယ်မချိန်လေးတွေ လိုအပ်နေတယ်။
ခေတ်သမိုင်းအစဉ်ဟာ
အရိုင်းကနေ အယဉ်ဆီ ဆန်တက်လာနေကျ မဟုတ်လား
ပြားသည်ထက်ပြားလာနေတဲ့ ငါတို့ကမ္ဘာမြေ
အမှုန်းစစ်မီးတောက်တွေထဲမှာ နစ်မြုပ်နေဆဲ မဟုတ်လား
သွားနေတဲ့ ငါတို့ခြေလှမ်းများ ခရီးတွင်ပါ့မလား
ဝေဝါးအမြင်တွေပြားနေရ လူငယ်လေးတစ်ယောက်ခမျာ
ကိုယ်နေခဲ့ရဒေသမှာ ကြားဖူးနေကျအရာ
ကိုယ်သင်ကြားခဲ့ရ စာသင်ခန်းမှာ ကြားဖူးနေကျအရာ
ကိုယ်ဖတ်ခဲ့ရ စာအုပ်တွေထဲမှာ ဖတ်ဖူးနေကျအရာ
အနာရှိပြီး ဆေးမရှိသေးတဲ့ စဉ်းတီတုံးလိုဘဝမျိုးတွေ
ထူးမခြားနားဘဲ ရာသီဆိုးထဲမှာ ပိုးစိုးပက်စက်
အမြဲတမ်းမိုးလင်းချင်တဲ့ ကလေးအတွေးများနဲ့
ရှည်လျားလှတဲ့ညစိမ်းထဲ တိုးဝင်လျှောက်နေတဲ့



လူငယ်လေးတစ်ဦးလို ငါဟာ
နာကျင်မယ်မှန်းသိလျက် ထီးတစ်ချောင်း လက်ကုန်တွန်းဖွင့်ကာ
မိုးခါးရေသောက်တဲ့ သူရူးတွေကြား အပြေးအလွှား
ဘဝခရီးကြမ်း တောလားတစ်ပုဒ် ရေးဖွဲ့ဖြစ်နေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com

## ဖြောင့်ချက်

လင်းနေ

ခင်ဗျားတို့ သိလား
အတိဿရဝုတ္တိတွေကိုမှ
ခုံခုံမင်မင် စားသုံးတတ်တဲ့
ဝင်ကစွပ်ကောင်လေး တစ်ကောင်အကြောင်း ...။

သူက ဘောင်ခတ်ထားတဲ့
မိုးပျံပူဖောင်းတွေကို မနှစ်မြို့ဘူး
ဒါပေမဲ့ ဟိုက်ဒရိုဂျင်ကို ကြိုက်တယ်
နောက်ပြီး
သူဟာ တစ်ခါတစ်ရံတော့လည်း
အလွမ်းတွေကို ဖိုထိုးလေ့ရှိသတဲ့ ...။

အဲဒါကြောင့်လည်း
သူ့ ဗလာစာအုပ်တချို့ဟာ
ရစ်သမ်မမှန် ဖြစ်ခဲ့ရ
ပြီးတော့ အိမ်ပြန်ချိန်တွေဆို
အမြဲတမ်း သူ့ရင်ဘတ်ကြီးကို
တခြားသူတွေဆီ ငှားရမ်းလေ့ရှိတယ်
နောက်ဆုံးတော့ ဒဏ်ရာတွေက
သူ့ဆီကို ဖောဖောသီသီ
စိုက်ဝင် စူးနစ် ...။

ရလာတဲ့ အတုအယောင်ခံစားမှုတွေကို
ဆေးကြောမယ်ဆိုတဲ့
ခပ်ပိန်းပိန်း အကြောင်းပြချက်နဲ့
သူ့ကိုယ်သူ ညတိုင်းနီးပါး မျှောမျှောချခဲ့
နောက်ဆုံးမှာတော့
အစီအစဉ်မကျတဲ့ အဖြူရောင်တချို့
သူ့ကမ္ဘာမှာ လွှမ်းလို့ ပြည့်လို့ပေါ့ ...။



## ကမ္ဘာကြီးကို ပြန်ပေးပါ

လင်းနိုင်

ပျစ်ခဲမှုတွေနဲ့ ကမ္ဘာကြီးရဲ့ အရေပြားပေါ်
အတ္တတွေဟာ အနာလို ထပေါက်လာ
ကမ္ဘာကြီးကိုယ်ဟာ ဒဏ်ရာနိုင်းချင်းနဲ့။
အရိပ်နေသူတွေရဲ့ လက်ထဲမှာပဲ
အပြာရောင် အကိုင်းအခက်များ ချိုင်ချခံရ
စစ်တဲ့ ...
ကမ္ဘာကြီးဟာ ကမ္ဘာကြီး မစစ်တော့။
မီးလောင်ပြင်ပေါ် ဖြတ်သန်းလာတဲ့ လေဟာ
ယမ်းနံ့နံ့နေတဲ့ ကလေးတစ်ယောက်ငိုသံကို သယ်လာတယ်
ငိုသံဟာ သေဆုံးနေတဲ့ အမေ့သားမြတ်ကို စို့လို့ပေါ့
ကလေး မသိတာက
ငြိမ်းချမ်းရေးဟာ ထွက်မလာတော့ဘူး ဆိုတာလေ။
ပြန်ပေးပါ
အဖေ့ကို ပြန်ပေးပါ
အမေ့ကို ပြန်ပေးပါ
အစ်ကို့ကို ပြန်ပေးပါ
အစ်မကို ပြန်ပေးပါ
ညီလေးကို ပြန်ပေးပါ
ညီမလေးကို ပြန်ပေးပါ
သူငယ်ချင်းတွေကို ပြန်ပေးပါ
ကျွန်တော့် ညာဘက်ခြေထောက်လေး ပြန်ပေးပါ။
ကို ...
စစ်ကို ဘယ်သူတွေကများ ချစ်နေကြလို့လဲလေ။



www.burmeseclassic.com

www.burmeseclassic.com

## လေဟုန်ကိုဆန်

လင်းမိုးဇွေ

တင်ခဲ့တဲ့ ကျေးဇူးများ
တင်ခဲ့တဲ့ ပန်းတွေလို နွမ်းနေပါပြီ
ဘုရားရှင် နားလည်မှာပါ။

တရွေ့ရွေ့မှ တကွေ့ကွေ့
တွေ့ကြသေးတာပေါ့ ။

ဖြတ်လမ်းက သွားမယ်ဆို သွားနိုင်ပါတယ်
(ဉပမာ– မြေမြှုတယ် ဆိုတာမျိုးပေါ့)
ရေဲဆိုတာ သံသရာရဲ့ ဘုံတစ်ဘုံပါ။

အခုတော့ ...
စောစောအိပ်ပြီး စောစောထတဲ့ ငှက်လို
ပြန်မလာတဲ့သူ မတွေ့မချင်း
ပျံပါဦးမယ် ...။

၂၀၊ ၁၊ ၂၀၁၅။



## စာရွက်လွှတ်များ

လင်းမြတ်အိမ်

အခန်းတစ်ခုကို ကျော်ကြည့်သလို
စကားလုံးတချို့
နံရံပေါ်က လွင့်ပြယ်လို့
စာမျက်နှာတွေပေါ်
အဖြူသားမြေပုံတွေ ထိုးကျလာခဲ့
ပြင်ဆင်မထားတဲ့
ပျောက်ဆုံးမှုတွေ ဆုပ်ကိုင်မိတဲ့
စာသားတချို့နဲ့
ကိုယ်ပိုင် ဒိုင်ယာရီလေးက
မျဉ်းတွေနဲ့သာ ပြည့်နှက်လို့
ဒီအခန်းမှာ စကားတချို့
လွင့်ပြယ်နေဆဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## ငါ့ကိုယ်ငါ မိုက်နိုပ်ထုတ်ဝေလိုက်တဲ့ Issue

လင်းလက်တာရာ

ငါ့နားရက် အင်္ဂါဟာ အင်္ဂါတွေ တစ်စစီ ပြုတ်ထွက်နေတဲ့အင်္ဂါ ဖြစ်တယ်
ငါနဲ့တူတဲ့ ခရမ်းချဉ်သီးဖတ်လေးဟာ ဟင်းအိုးထဲမှာ ဆူပွက်နေတယ်
ငါ့ ဗီစီဒီပန်းခြံထဲမှာ မင်းသားနဲ့ မင်းသမီးဟာ
သောက်မြင်ကပ်လောက်အောင် ပတ်ပြေးနေတယ်
ကဗျာထဲမှာ ဗိုက်ကြီးသွားတဲ့ စာသားမလေးကို
ကဗျာရေးသူဟာ တာဝန်ယူလိုက်တယ်
ငါဆာနေတဲ့အရာကို နာဆာက မမြင်နိုင်ဘူးလို့ ငါထင်တယ်
စစ်မှန်တဲ့ ပညာရေးစနစ်ကို ငတ်ရင်း
စစ်လာမှန်ထားတဲ့ ပညာရေးစနစ်မှာ ငါနစ်ခဲ့တယ်
သစ်သားကောက်ကြောင်းလေးထဲမှာ
သစ်တောကြီးရဲ့အသံ ရှိမလားလို့ နားစိုက်ထောင်မိတယ်
အရေးပေါ် ဥဩဆွဲသွားတဲ့ ကားထဲမှာ
ငါ ပါသွားသလားလို့ ဝရန်တာဆီ ပြေးထွက်ကြည့်မိတယ်
ဟိုးဝေးဝေးက တောင်တန်းဆီ မြူခိုးတွေလို ငါ လှမ်းဆက်အလွမ်းနေတယ်
လေယာဉ်သံဟာ ငါ့အိမ်လွမ်းနာဆီ ဗုံးတွေ ပိုက်စိပ်တိုက် ကြဲချသွားတယ်
ငါ့သေတ္တာထဲမှာ သစ်တာတွေ တစ်ခုမှမရှိဘူးလို့ ငါ ဟောင်းပစ်လိုက်တယ်
မြက်ရိတ်စက်ကြီးက တဂီးဂီးနဲ့ ငါ့စိတ်တွေကို လာရိတ်နေတယ်
ဂိုးပြုတ်ရှုံးနေတဲ့ အဝေးကွင်းမှာ ငါဟာ လက်ခလယ်ထောင်ပြခံရသူ ဖြစ်တယ်
လူကုန်ကူးခံရတဲ့ မိရိုးဖလာဟာ မမှတ်မိလောက်အောင်
ငယ်ရှပ်ပျောက်သွားတယ်
သိမှုရနံ့တွေ မွှေးလာမလားလို့
တချို့အတွေးအခေါ်တွေကို ငါတံစို့ထိုး မီးကင်ကြည့်မိတယ်
ငါဟာ စားသုံးသူဖြစ်ပြီး ငါဟာ စားသောက်ကုန်ပစ္စည်းဖြစ်တယ်
ယန္တရားစော်နံတဲ့ ငါ့ခန္ဓာကို ခါချလိုက်တိုင်း
သံချေးတွေ အလွှားလိုက်ကွာကျတယ်
တရားမဝင် အရှို့ခံလိုက်ရတဲ့ မေတ္တာတရားကို ငါ ဖက်ထားမိတယ်
ဆာလောင်သူများကို မျက်ရည်ယိုဗုံးတွေ ကျွေးနေပုံကိုကြည့်ပြီး
ငါ နင်နေတယ်
'ငါ့ကိုယ်ငါ အချိန်မရွေးလုပ်ကြံဖို့ ကြိုးစားနေတယ်'ဟာ



ငါ့နာမည်ဝှက် ဖြစ်တယ်
စည်ပင်က အရိပ်ကြီးကြီးတွေကို ပင်စည်ကနေ တိုက်လှဲနေတယ်
စွန့်ပစ်ခံထားရတဲ့ စကားလုံးတွေကို အမှိုက်ပုံထဲကနေ ငါကယ်ထုတ်လိုက်တယ်
ငါထောင်ထားတဲ့ ကြွက်ထောင်ချောက်ထဲမှာမိနေတဲ့ ကြွက်ဟာ ငါဖြစ်နေတယ်
'The Reader' ထဲက ကိုတ်ဝင်းစလတ်ဟာ
ငါ့ လိင်ပိုင်းဆိုင်ရာခလုတ်ကို လာဖွင့်နေတယ်
အာဏာရှင်ဖို့အတွက် အာဏာရှင်ဟာ
အာဏာတွေကို သွေးလောင်း ပေါင်းသင်နေတယ်
အောင်ချိမ့်ရဲ့ 'အဝင်း ဆိုတဲ့ ဖာသည်မလေး' နေရာမှာ
စနစ်ဆိုးကြီးတစ်ခုဟာ တစ်ခင်းလုံး ဝင်းမှည့်နေတယ်
ချူးကလီးယားမကြိုက်တဲ့ ငါဟာ ကိလေသာကိုတော့ မှီဝဲနေသေးတယ်
စီးပွားရေးမြောင်းပုပ်ကြီးထဲ ကျွံကျွံကျလာတဲ့ လူတွေကို ငါမော့ကြည့်နေမိတယ်
ဆယ်လ်မွန်ငါးတွေ ရေခဲရိုက်ထည့်ခံခဲ့ရတဲ့ ဘောက်ကို ဆေးကြောသန့်စင်ပြီး
ငါ့အိမ်ပြန်ချိန်တွေကို ထည့်ထားလိုက်တယ်။

၁၈၊ ၁၁၊ ၂၀၁၄။



www.burmeseclassic.com

www.burmeseclassic.com

**အမေသို့**

လင်းဝသုန်

ရက်စွဲတွေ ကြွေကျလာလိုက်တာ
သမိုင်းပြဋ္ဌာန်းစင်ပေါ်မှာတောင်
အမေ့အကြောင်း မှတ်တမ်းတွေများလာပြီ။

ဒါနဲ့ စကားမစပ်
အမေ့ကိုတိုင်ရဦးမယ်။

သူတို့တွေ ရှိနေကြသေးတယ်အမေ။

မြွေကလည်း အစွယ်သာချိုးပြတာ
အဆိပ်တွေကျ အကုန်ထွေးချသေးတာ မဟုတ်ဘူး။

ကျားတွေ ခြသေ့်တွေလည်း
တောထဲမှာပဲနေတော့မယ်ဆိုပြီး
မြို့ကြီးပြကြီးက ကျည်ကာဥယျာဉ်တစ်ခုမှာ
လက်သည်းဝှက်တမ်းကစားနေတယ်တဲ့။

အဘိုးကို အဘိုးမှန်းမသိတဲ့ မြေးတွေကလည်း
ကျောချတာတောင် ခားပြမှန်းမသိကြသေးဘူး
သမိုင်းတုအစာကျွေးခံရလို့လားတော့မသိ
အရှုးလွယ်အိတ်ထဲက ထွက်လာတဲ့ ပုရပိုက်တစ်စောင်ကို အကြောင်းပြုပြီး
ခုထိ အသံကောင်းဟာစ်တုန်း။

ကျောင်းသုံးစာအုပ်ထဲက နလုံးလှကဗျာတွေ
မွေခံထိုက်သူတွေလက်ထဲ မရောက်အောင်လုပ်နေတဲ့ သိုက်ဆရာတွေ
သင်ရိုးညွှန်းတမ်းကို စိမ်ပြေနပြေ မျက်စပစ်ပြ
ကယ်ပါဦး အမေ။

ကမ္ဘာမကြေဆိုတတ်သူတိုင်း
တိုင်းပြည်ကို ချစ်ကြတာမှမဟုတ်ဘဲဆိုတာ
သား သိလာပြီအမေ။

ညကို ခုတုံးလုပ်ပြီး
သူတို့တွေ ညာလာခဲ့ကြတာ
ရာစုနှစ်ထိ ကြာသွားတော့မှာလား
သား မတွေးရဲဘူး အမေ။

တန်းစီသီထားတဲ့ မိုးပျံပူဖောင်းတွေ ပျံတက်သွားဖို့
ကတ်ကြေးကိုင်ပြီး ဖြတ်တတ်တဲ့လက်တွေရှိရင်
လူကြီးစစ်စစ်လုပ်လို့ရပြီဆိုတဲ့ခေတ်ကို
ကျွန်တော်တို့ ပြန်မလိုချင်တော့ဘူး အမေ။

နောက်ပြီး
မေတ္တာမြို့နေကြသူတွေ ဒုနဲ့ဒေးဆိုတာ
ကျွန်တော် သိလိုက်ပြီ အမေ။

အမေ့ကို ချစ်တဲ့သား။





www.burmeseclassic.com

www.burmeseclassic.com

## မပျံ့သန်းနိုင်တဲ့ ငှက်

လင်းသက်ငြိမ်

လှပတဲ့ ပန်းကလေးတွေကို
အသိအမှတ်ပြုပါတယ်
ရက်စက်လွန်းတဲ့ ခေတ်ကြီးကိုလည်း
အသိအမှတ်ပြုပါတယ်
ကောင်းကင်ရဲ့ အစွန့်ပစ်ခံ
လူသားတွေအတွက် မေတ္တာတရားက
ကောင်းကင်ဘုံပါပဲ
တစ်ယောက် နောက်ကျောကို
တစ်ယောက် ချောင်းမြောင်းရင်းနဲ့
သမိုင်းတွေကို မဖတ်ရဲရလောက်အောင်
ရေးသားခဲ့ကြပြီးပြီ
အခုထိ လူသားတွေခမျာ
လူသားတွေအကြောင်း
ကဗျာတွေစာတွေနဲ့ ရေးပြနေရတုန်းပဲ
ရုပ်ရှင်ရိုက်ပြနေရတုန်းပဲ
တလွမ်းလျက်ပင် ပြီးရင်
ဘာတွေ ဆက်လုပ်ကြမှာလဲ
လွမ်းစရာတွေကို လွမ်းစရာအတိုင်း
လွမ်းနေကြရုံနဲ့တော့ အိမ်ရှေ့က
သစ်ပင်ကလေးပြန်မရှင်လာဘူး
လမ်းခင်းခဲ့တာ လမ်းနံ့ဘေးက
ရပ်ကြည့်နေဖို့မှ မဟုတ်တာ
ကျွန်တော်တို့ မရှိတော့တဲ့ နေ့ရက်တွေအတွက်
ကျွန်တော်တို့ ဘယ်လိုလက်ဆောင်တွေ ပေးမှာလဲ
ကမ္ဘာပြားပြီးတဲ့နောက် ပြာပုံတွေပဲ များလာ
မပျံ့သန်းနိုင်တဲ့ ငှက်ဟာ
ဘာငှက်လဲလို့တော့ မမေးလိုက်ပါနဲ့
သူ့ကို ကျွန်တော်လည်း
မမြင်ဖူးသေးလို့ပါ။



## ဝေဝေဝါးဝါးနဲ့ အဝေအဝါးထဲမှာ ငါတို့ဟာ ဝေဝေဝါးဝါး ဝါးဝါးဝေဝေ

လင်းသစ်ဝေ

ဓလနေတဲ့စိတ်တွေ ပြန်စုစည်းဖို့
ဝင်လေထွက် ဝင်ငွေထွက်ငွေ အသက်တွေကြီးလာပြီတဲ့နောက်
ဓလောက်လောက်လားလား ချပြစရာ
ဓအောင်မြင်မှု၊ ပိုင်ဆိုင်မှု၊ လှုပ်ရှားမှု တချို့တစ်ဝက်
ဘအရေအတွက်ဟာ ရေထဲကငါးလို ဟိုကူး ဒီကူး
ဘယ်သောင်ကမ်း ဆိုက်ကပ်ရမှန်းမသိတဲ့ စိတ်ကူးနဲ့ ရှူးပါပြီ။
ဘမှုးတွေနေတဲ့အရပ်ထဲ အလှူပွဲ မင်္ဂလာပွဲ ပျော်ပွဲရွှင်ပွဲကစလို့
ရှူးလိုက်ရမှ မူးလိုက်ရမှ
ဘခြေခံစားသောက်ကုန် ဆီ ဆန် ဆား သားငါးဈေးတွေ ခေါင်ခေါင်ခိုက်ခိုက်
ဖမှောင်အမိုက်ထဲက ယမကာ ဘီယာ ဝီစကီ အပြင်း အပျော့
ဘယ်နေရာမှာမော့မော့ ၅၀ ဖိုး ၁၀၀ ဖိုး
ဘဘိုးရေ မြင်ပြီလား တွေ့ပြီလား နှစ်ပေါင်း ၅၀ ကြာပြီးနောက်
ဓရကြီးမိုးခေါင် အမှောင် အမှောင် အမှောင်ထဲက မီးတစ်စဟာ
ဟုန်းဟုန်းထလောင်မြိုက်။
ဝမ်းစာ ကျောစာ နေရာတကာ ရှားရှားပါးပါး အနာဂတ်ဟာ
ကဝေအဝါး အစေအပါး။
ဖလေအလွင့်များတဲ့ စပါးကျီထဲက တစ်နှစ်စာ တစ်လစာ အစာရေစာ
ဖဝတ်အထည် အထုပ်ကြီး အထည်ကြီး စိန်ကြီး ကျောက်ကြီးကနေ
ဖမြောက်ကြီးဖြစ်လာပြီး အပြီးသတ်မှာ
ဟာနေတဲ့ ဝမ်းစာအတွက် ရေခြား မြေခြား အဖေတခြား အမေတခြား
ခြားနားခြင်းဟာ အဆီနဲ့အသား။
ဖသားထဲက လောက်ဟာ ခေါင်းကြီးကိုယ်ကြီး တကယ့်အကြီးကြီး။
ဖထီးအမှန်းမသိတဲ့ ကိုယ်စီးတဲ့မြင်းဟာ ခေါင်းကိုလည်းနင်း ရင်ကိုလည်းနင်း
ဖော့ပြီးလည်းနင်း ဖိပြီးလည်းနင်း အရင်းအနှီးဟာ နေ့စားခ ညစားခ
ဖခကြေးငွေ။
ဖကြေးပတ်လည် ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ
ဖဖေအမေ သားမြေးမြစ် ခေတ်အဆက်ဆက် ဆပ်မကုန်နိုင်အောင်
ရွာထဲ အရပ်ထဲ မြို့ထဲ ပြည်ထဲ နေရာအနှံ့
ပတ်ပတ်လည် ရောင်းထုတ်စရာ နောက်ဆုံးထုတ် ကုန်ပစ္စည်းဟာ လူတွေလား။



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းရေး စိမ်းလန်းရေးအတွက် သစ်ပင်တွေမှာ နေရာမရှိတော့ဘူး ကမ္ဘာမြေ
ကာဗွန်ဒိုင်အောက်ဆိုဒ်တွေ၊ ဖန်လုံအိမ်ဓာတ်ငွေ့တွေ၊
အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းတွေ၊ စစ်လက်နက်ပစ္စည်းတွေနဲ့
ဒုက္ခသည်စခန်းအသီးသီးက ရောဂါပိုးမွှား ကလေးအလုပ်သမား
ငွေဝယ်ကျွန်တွေကို ပြန်လည်လွှတ်မြောက်ဖို့အရေး စပါတာကပ်ဟာ
မားသွေးနေတုန်း
ပြည်တွင်းပြည်ပ အာဏာပြု စီးပွားရေးချိန်ခွင် ညီမျှခြင်းမှာ သယံဇာတဆိုတာ
ယဉ်ကျေးမှုအမွေအနှစ်ဆိုတာ သဘာဝအလှတရားဆိုတာ
ဆိုတာ ... ဆိုတာ ... ဆိုတာ ...။

၁၂။ ၁၁၊ ၂၀၁၃။

**မနှင်း**

လင်းသဏ်ညီ

အနက်ရောင် ကျောင်းသူလေးဟာ
ရင်ဘတ်မှာ အနီရောင်ရင်ထိုးလေး ထိုးလို့
နေ့လယ်နေပူပူထဲ သွေးဟာ ဆူဝေ
ဘယ်ဘုရားရဲ့ တရားနဲ့ ကိုယ့်ကို သံဝေဂရစေမလဲ
ဗာလ်တစ်ဝက်က လေမှာလွှင့်ပြီး
တစ်ဝက်က တိုင်မှာ မြွေတစ်ကောင်လို ရစ်ခွေနေတယ်
မြင်နေတဲ့ မြင်ကွင်းထဲ စိတ်ကို အခဲထိန်းထားမိတယ်
ဖလတွေလည်း တဟူးဟူး
မရှူးအောင် ကိုယ် သတိထားနေရတယ်
သစ်ရွက်တွေဟာ အနီ လိမ္မော် အစိမ်း အဝါ
ဖလထဲမှာ မြေထက်မှာ
ဖလျှောက်မိတဲ့ ခြေထောက်တွေက တစစ်စစ် ကိုက်ခဲနေတော့မှာ
ရှပ်မိတဲ့ခြေလှမ်းတွေ သံသယတွေနဲ့ ထုံကျဉ်နေတော့မှာ
အဆိပ်ပါတဲ့ ခွက်ကို ကိုယ့်ဘက် ရွှေ့လိုက်မိပြီ
ပလက်ဖောင်းတွေလည်း အပူငွေ့ တထောင်းထောင်းထလို့
မခြေဖဝါးတွေ ဘယ်လောက်ပူလောင် ကျိန်းစပ်နေလိမ့်မလဲ
မတ်လဟာ ကိုယ့်ရှေ့ကို ရောက်လာတော့မယ်
ဖသောက်လိုက်တဲ့ရေလည်း လည်ချောင်းတင် အငွေ့ပျံပျောက်ဆုံးသွား
ရင်ကလည်း ပူနိုင်လိုက်တာ
အာကလည်း ခြောက်နိုင်လိုက်တာ
ဟစ်သံသရာလုံး နောက်ကလိုက်လာတဲ့ ဝဋ်ကြွေးလို
မနှင်းဟာ ပူဆွေးမှုကို တရှုတ်တိုက်ဆွဲပေါ်လာတယ်။

၂၆၊ ၂၊ ၂၀၁၅။





www.burmeseclassic.com

www.burmeseclassic.com

## ချစ်သူသို့

လင်းဦးနိုင်

ကိုယ့်ကိုချစ်ဖို့ မကြိုးစားပါနဲ့
ကိုယ့်ရဲ့ချစ်ခြင်းကိုပါ ချစ်ပါ
ကိုယ့်ကို မနမ်းပါနဲ့
ကိုယ့်ရဲ့လုပ်ရပ်ကိုပဲ
မြတ်မြတ်နိုးနိုး နမ်းပေးပါ
ကိုယ့်ရဲ့ခန္ဓာကိုယ်ကို
မထွေးပွေ့ပါနဲ့
ကိုယ့်ရဲ့ဖြစ်တည်မှုကိုပဲ
ယုယုယယ ထွေးပွေ့ပေးပါ
ကိုယ့်ရဲ့စိတ်ဆန္ဒကို ဖြည့်ဆည်းဖို့
မစပ်ယှက်ပါနဲ့
မင်းရဲ့စိတ်ဆန္ဒအတွက်သာ
စပ်ယှက်ပါ
ကိုယ့်ကိုနားလည်ဖို့ မကြိုးစားပါနဲ့
ကိုယ့်ရဲ့ ဘေးထွက်သက်ရောက်မှုတွေကိုပဲ
နားလည်ပေးပါ
ကိုယ့်ကို မမျှဝေပါနဲ့
ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကိုသာ
မျှဝေပါ
ကိုယ့်ကို နည်းနည်းလေးတောင်
ခွင့်လွှတ်ဖို့ မစဉ်းစားပါနဲ့
ကိုယ့်ဘဝရဲ့ ဖြတ်သန်းမှုကိုသာ
ခွင့်လွှတ်ပေးပါ။



## ကဏန်းတစ်ကောင်ရဲ့ ဖိနပ်ထဲမှာ

လွတ်လပ်လင်းအိမ်

နေလုံးဟာ ငါတို့ခေါင်းပေါ် ကဏန်းတစ်ကောင်လို ဖြတ်ဖြတ်သွားတယ်
သူ့ဖိနပ်မှာ သဘာဝတရားနဲ့ ငါတို့ဟာ ရွှံ့ပျော့တွေလို
ကန့်လန့်ဖြတ် ကပ်ပါသွားတယ်
ပျက်ကျထားတဲ့ သန္ဓေစကို
ကျိုးကန်းတွေ အလုအယက် ထိုးဆိတ်စားသောက်နေကြတယ်
မြစ် ချောင်း အင်း အိုင် တော တောင် လယ်ယာ
အသားစတွေနဲ့
စွန့်ပစ်ပစ္စည်း အသက်ရှူသံတွေ
အကာလသသမယရဲ့ ကျီးပြိုသံတွေဟာ အိမ်ခေါင်မိုးကနေ ပြိုကျလာ
ဘုရားခန်းထဲမှာ ကျည်ဆန်တွေ
စာသင်ကျောင်းလေးထဲမှာ ကျည်ဆန်တွေ
မိသားစုထမင်းဝိုင်းလေးထဲမှာ ကျည်ဆန်တွေ
လယ်ကွင်းလေးထဲမှာ ကျည်ဆန်တွေ
ရွာကလေးဟာလည်း ယမ်းငွေ့နံ့တွေ၊ သွေးညှီနံ့တွေနဲ့
နေ့ချင်းညချင်း ဖုန်းဆိုးမြေ
ကဏန်းတစ်ကောင်ရဲ့ ဖိနပ်သံဟာ ငါတို့ခေါင်းပေါ် လူးလားခေါက်ပြန်
အရေခွံခွာထားလည်း ကဏန်းတစ်ကောင်ရဲ့ ဖိနပ်ရာထဲမှာ
သဘာဝတရားနဲ့ ငါတို့
ပျက်ကျထားတဲ့ သန္ဓေစတွေပဲ
နေ့နေ့ညည ကျီးကန်းတွေ
အလုအယက် ထိုးဆိတ်စားသောက်နေကြပေါ့။

၁၊ ၂၊ ၂၀၁၄။

www.burmeseclassic.com

**ဘာညာ လာမပြောနဲ့**

လွတ်လပ်အိမ်

ဘာအထက်မှာ ဘာမရှိဘူးလဲ
ဘယ်အောက်မှာ ဘာရှိသေးလဲ
ဘယ်အရပ်မှာ ဘယ်ဇာတ်ခင်းသလဲ
ဘယ်ဝဲမှာ ဘယ်လှေ့ရဲ့သလဲ
ဘာညာလာမပြောနဲ့

ဘယ်အလုပ်မှာ ဘာမဟုတ်ဘူးလဲ
ဘာပြီးရင် ဘာလာဦးမှာလဲ
ဘာပြောရင် ဘာပြန်ကြားသလဲ
ဘယ်အကြောင်းတွေက ဘာအကျိုးလဲ
ဘာညာလာမပြောနဲ့

ဘယ်မှာ ဘယ်မှာ ဘာညာ ဘာညာ
ဘယ်သူဘယ်ဝါ ဘာညာဘာညာ
ဘယ်အချိန်ဘယ်အခါ ဘာညာဘာညာ
ဘယ်လိုဘယ်ညာ ဘာညာဘာညာ
ဘာညာလာမပြောနဲ့

ဟောတိုင်းလည်း မမှန်ဘူး
ကြောတိုင်းလည်း မခံဘူး
မောတိုင်းလည်း မတန်ဘူး
စကောတိုင်း ဆန်မပါဘူး
ဘာညာလာမပြောနဲ့

ဘယ်စခန်းကို ဘယ်လိုမြန်းသလဲ
ဘယ်သူကို ဘာအတွက်လွမ်းသလဲ
ဘာလွတ်ရင် ဘောင်လွတ်သွားမလဲ
ဘာညာလာမပြောနဲ့

ဘာညာ လာမပြောနဲ့
စာတွေ လာမဟောနဲ့
ကဗျာတွေ လာမတောနဲ့
ပလာတွေ လာမရောနဲ့
အထာတွေ လာမနှောနဲ့။

ဇန်နဝါရီ ၂၀၁၅။



www.burmeseclassic.com

www.burmeseclassic.com

## အားလပ်ရက်မှာ ပါပီလွန် ရုပ်ရှင်ကြည့်ခြင်း

လွန်းဆက်နိုးမြတ်

ကိုယ်မသတ်တဲ့
ဖာခေါင်းတစ်ယောက်အတွက်
ပါပီလွန်ဟာ အမှုဆင် ထောင်ချခံရတယ်။

ငါတို့ မကျူးလွန်လိုက်ရဘဲ
ငွေစက္ကူတွေ ဖျက်သိမ်းတယ်။
ငါတို့ အလိုမတူလိုက်ရဘဲ
စစ်အစိုးရဟာ တက်လာတယ်။
ငါတို့ စောဒကတက်ခွင့်မရဘဲ
၂၀၀၈ ဖွဲ့စည်းပုံ ဥပဒေပြုတယ်။
ငါတို့ လက်မခံလိုက်ရဘဲ
မီတာခတွေ တက်သွားတယ်။
ငါတို့ မသိလိုက်ရဘဲ
လက်ပံတောင်းတောင် ပါသွားတယ်။
ငါတို့ ခေါင်းမညိတ်လိုက်ရဘဲ
မျိုးစောင့်ဥပဒေ ပြင်ဆင်တယ်။

ထောင်ထဲမှာ အသက်ရှင်ဖို့
ပါပီလွန်ဟာ သစ်လုံး မတယ်။
လူသတ်တယ်။
မိကျောင်းသတ်တယ်။

ငါတို့ အသက်ရှင်ဖို့
ခရိုနီမီဒီယာထဲ အလုပ်ဆင်းတယ်။
ဌာနပေါင်းစုံကို ဆက်ကြေးပေးတယ်။
လိုင်းကားနောက်မြီး စုပြုံခိုတယ်။
တရုတ်ပစ္စည်း လုဝယ်တယ်။
ဓာတ်မြေဩဇာရောတဲ့ ငါးပိရည်စားတယ်။
ငါတို့စိတ်ထဲ လူခဏခဏသတ်တယ်။

ငါတို့စိတ်ထဲ ငါတို့ ခဏခဏသေတယ်။

ပါပီလွန် လွတ်မြောက်အောင်
ယူ့ပိတ်ဆွေ ဒက်ဂါ
ဖန်တီးပေးသမျှ ငွေအားလုံး
လမ်းပြတွေ လိမ်ညာယူသွားကြ။

ငါတို့ ဖွံ့ဖြိုးတိုးတက်ရေး
ဝိုင်းဝန်းထောက်ပံ့သမျှ
ဂျပန်ယန်းငွေတွေ
အမေရိကန်ဒေါ်လာတွေ
ကမ္ဘာ့ဘဏ်ကြွေးမြီလျှော်တာတွေ
ဘုရားစူးရပါစေ
ငါတို့ဆီ ရောက်မလာကြ။

မနောက်ပိုင်းမှာ ခရစ်ယာန် မယ်သီလရှင်က
မထောင်ထဲ ဘယ်လိုပဲပြန်ပို့ပို့
ပါပီလွန်ကမှ ထောင်ခဏဖောက်ပြီး
ကျွန်းသူ ညိုပြာညက်ကလေးနဲ့
ဟာကယ်ပျော်ခဲ့ရသေးတယ်။

ငါတို့မှာက
ဘယ်နေရာသွားသွား ဂိတ်ဝင်ကြေးနဲ့
ဟာပဲလုပ်လုပ် ထောက်ခံစာနဲ့
ငါတို့ပျော်တယ်ဆိုတာ
ဖုကွအကောင်သေးလို့ ပျော်တာ
ဖုကွမရောက်လို့ မပျော်ဖူးဘူး။

တစ်နေ့တော့
ပါပီလွန် ထောင်က လွတ်မယ်။
လွတ်ကို လွတ်ရမယ်။
မမျှော်လင့်ချက်နဲ့ ပါပီလွန်ဟာ





www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်ပြီးတစ်နှစ် တိုက်ပိတ်ခံရ။
တစ်နှစ်ပြီးတစ်နှစ် အိုမင်းရှုံ့တွ။

လူ့အခွင့်အရေးအတွက်
ငါတို့ စွမ်းသလောက် တိုက်ကြတယ်။
ငါတို့ ဘယ်သူ့ကို ကိုးကွယ်ရမှန်းတောင်
မသိနိုင်တော့တဲ့အထိ
ငါတို့ ဘယ်သူ့ကို ရန်လုပ်ရမှန်းတောင်
မသိနိုင်တော့တဲ့အထိ။
အချိန်တန်တော့လည်း
အထက်ခေါင်မိုးပေါ်က
ဒီမိုကရေစီအရိုးလေး ပြုပြုပြီး
ငါတို့မျှော်လင့်ချက်အမြီးကို နန့်နိုင်းလိုက်
ငါတို့လူမျိုးရေးနာနကို ဖြတ်ကန်လိုက်နဲ့
နာရီနဲ့ချီတဲ့ ပါပီလွန်ရုပ်ရှင်ကို
မျိုးဆက်နဲ့ချီတဲ့ ငါတို့ ဘဝတွေက
သနားခဲ့ရတယ်။

၉၊ ၇၊ ၂၀၁၄။



**ကျော်လွှားဝါကျမှ မဆီမဆိုင်**
လွန်းမှုန်

ဖန်တီးမှု ပုဂ္ဂလဒေါသသင့်ခြင်း
ဿီအိုရီစိမ့်ဝင်နေတဲ့ နည်းလမ်းဆိုင်ရာ အပြောင်းအလဲ
Poetry Diversity
ကြီးကိုက အသိအမြင်သစ်အဖြစ် ရှိရင်းစွဲတွေကို ညောင်းညာလာပြီးနောက်
ကိုယ်ကြိုက်ရာကို ရမ်းသန်း အတည်ပြုလေရာ
ဆရာ့ကို နှိမ်ပါ အစရှိသဖြင့်
တိုက်ပွဲစည်းဝိုင်းအတွင်းမှာ အငြိမ်းစား ယူ
လိုက်ရတဲ့ အရပ်ဘက် ညံ့ဖျင်းမှုများကို
နားထင်မှ ပန်းထွက်လာပြီးနောက်
ကျွန်တော့်ခံယူချက် တွေးလျက်နှင့် ပျော်သည် ပျော်သည်
Scholar အသားဖတ်များကို
ခေါ်စာပစ်ကာ အလိုရှိသော အရေးအသားကို ဆုတောင်းပါ
သင်ကြားခဲ့သော ဉာဏ်ပညာသည် မေးခွန်းသက်သာပါသည့်
မရှုပြောင်းအမှန်တရားများ ဖြစ်သဖြင့်
အကြမ်းဖက်ဝါကျအား ကိုယ့်ခေါင်းကို ပြန်ဖြတ်စေလိုက်သည်
အနုဒဿန ရုပစိတ္တဇ ကွဲလွဲမှုသည် ပွတ်သပ်မှန်သားပြင်မှ
ဖောက်ထွက်လာပြီးနောက်
အံကြိတ်ထားတဲ့ နံရိုးကို ပြေးမှန်တယ်ဟု
ဆင်ခြင်ပါ
လူကြီးမင်း ငှားရမ်းသုံးစွဲသော အသက်ရှုလေ့ကျင့်ခန်းများ အချိန်ပြည့်သွားပါပြီ
ကဗျာဖြစ်ခြင်းအား အာဏာသိမ်းလိုပါလျှင်
ဈေးကွက်ထဲမှ ဘာသာစကားများအား
တရားမဝင် ကြေညာလိုက်ပါ
ဥပစာအနက်များ ခွဲစိတ်ကုသရ၍
ကဗျာမကြေခြင်းသည် ၄ လခန့် အနားယူရခြင်းကြောင့်
လာမည့် စက်စမ်းကဗျာများကို လွဲချော်တော့မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**ပုန်ကုန်ခြင်း ----- ငိုက်နေတဲ့တိမ်တွေ နိုးပြီး**

လွှမ်းနွယ်

အကွာဝေးဟာ တစ်ကိုယ်တည်း
နာမည်နဲ့မြစ်ပေါ့
ပင်လယ်ဆီ ထစ် ထစ် အ အ
မရောက်ဖူးတဲ့လမ်းမို့
အလျားရှည်တယ်။

စကားလုံးတွေထဲ
စိတ်လိုလက်ရ ကောက်ရိုးဖြစ်ခဲ့တယ်
ကမ္ဘာပေါ် အတည့်လိုက်ကြွေတဲ့ ကြယ်က
ကဗျာလို့ အော်တယ်။

ခုတော့ ရောက်ရာအရပ်က
အပျော်ကို ခေါင်း ပန်း လှည့် လို့
ပုဒ်မတချို့မှာ စိတ်ဟာ
လက်ထိပ်တန်းလန်းနဲ့
ပုန်ကန်ခြင်းသည် ငါ့ကို လာတွေ့ပါ။

**ဘာပဲ လုပ်ရလုပ်ရလေ**

လွှမ်းရုံ

ရှေ့မှာ နံရံသာ ရှိတော့တာမို့
နောက်ပြန်လှည့်ရတယ်
တကယ်တော့
ဝရဲပြီးရဲဆီ ရှေ့သို့သာ ချီချင်တာ
ဗိုတောင်ကို မောင် မကျော်နိုင်လို့
နှစ်ပေါင်းများစွာ အဖက်လုပ်စရာမလိုတဲ့
ပြည်သူကို မျက်နှာမူလိုက်ရတာ
ငေါက်တာငမ်းတာတွေလည်း လျှော့ထားတယ်
သေနတ်တွေ ဘာတွေလည်း ဖွက်ရတယ်
အတိတ်ကို ပြန်မလှန်ကြေး မျက်နှာချိုသွေးရတယ်
ဗိုလောက်နဲ့ မဟန်တော့
မမာတွေ သာသနာတွေနဲ့ လက်ခမောင်းခတ်ပြရတယ်
ဂိုလောက်နဲ့ ဟန်ပါ့မလား
တထိတ်ထိတ် တပူပူ
လူကို လူလို့ ခေါ်တတ်အောင်လည်း ကျင့်
လက်နက်ပုံးတွေကိုလည်း စေ့ငုအောင် တပ်ဆင်လို့ပေါ့
လက်ညှိုးညွှန်ရာ ဘယ်သူ့ကိုမဆို သတ်နိုင်တာ
အာဏာ မဟုတ်လား
ဝင်လာမစဲ တသဲသဲဆိုတာ အာဏာ မဟုတ်လား
မဆဲမပီတော့လို့သာ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ် သေခဲ့တာ

မတတ်သာလို့သာ နောက်တစ်လှမ်းဆုတ်ရတာ
ယမုတစ်ဖန် ထပ်မံတင်ဆက်လိုတာက
မြန်မာ့နည်း မြန်မာ့ဟန် ဒီမိုကရေစီ
နကြား၊ ထောက်တတ်ရုံလို့ပဲ ပြောပြော
ကိုးတော်တွေ ဟောကိန်းတွေနဲ့သာ
မင်းမှုတ်နေတယ်လို့ ပြောပြော
ကမ္ဘာ့ပတ် ခွက်ဆွဲတတ်ရုံပဲပြောပြော
အာဏာဟာ အာဏာ



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် အာဏာ မဟုတ်လား
ဘယ်သူသေသေ ငတေမာ စိတ်ဓာတ်ကို မွေးခဲ့တာ
အာဏာမဟုတ်လား။

*'ဘာပဲ လုပ်ရလုပ်ရလေ' ကြားဖူးနေကျ သီချင်းတစ်စ။*
*၃၊ ဒီဇင်ဘာ၊ ၂၀၁၄။*



**ဓရအောက်ရုပ်တုကမ္ဘာ**
ဝိရထက်နောင်

ပြည့်ဖုံးကား ကျခဲ့ပြီ။
ဇာတ်ရုပ်ဟာ ပီပြင်လွန်းတော့
ကျည်ဆန်မှန်ထားတဲ့ ကိုယ် တကယ်သေသွားတယ်။
ပရိသတ်ကို လက်အုပ်ချီမိုးနေချိန်မှာ ရင်ဟာ အသက်မရှိတော့ဘူး။
ရင်ဟာ အသက်မရှိတော့ဘူးတင် မဟုတ်ဘူး။
ဘဝကဗျာပါ အသက်မရှိတော့ဘူး။
ယုတ်စွအဆုံး ကိုယ့်မိသားစုဝင်တွေပါ အသက်မရှိတော့ဘူး။
မြို့စည်းရိုးမှာ သတ္တုစုံပယ်ပန်းကလေးတွေ ရူပါဂလူးနဲ့ ချပ်ချပ်ရပ်ရပ်ကပ်လို့
ဖုံသြဘနန်း ယဉ်ကျေးမှုကြီးထဲ
သက်မဲ့ အစိုးရ တိုက်တာအဆောက်အအုံတွေ
သက်မဲ့ ဘာသာတရားတွေ
သက်မဲ့ အမျိုးသားရေး သက်မဲ့နိုင်ငံ သက်မဲ့ ကမ္ဘာရေး၊
သက်မဲ့ စကြဝဠာအရေးတွေ
ဖိမ်ပြန်ချိန် ညဉ့်နက်ထဲ
စက်ရုပ်အရူးသံတွေ ကျောပိုးအိတ်နဲ့ ထည့်လွယ်ဖြတ်ပြန်ခဲ့တယ်။
Game ထဲက ပုံသဏ္ဍာန်မျိုးစုံနဲ့ အကောင်ပလောင်တွေဟာ
လက်နက်မျိုးစုံနဲ့ မြို့လယ်ကောင်ထွက် အချင်းချင်း ပစ်ခတ်ဆူညံနေရဲ့။
ကိုယ်နဲ့ ကိုယ့်ဘော်ဒါတွေဟာ အဲဒီအချိန် အများသုံး သန့်စင်ခန်းတစ်ခုရှေ့
အမှတ်တရ selfie တွေ တဖျတ်ဖျတ် ရိုက်နေခဲ့တယ်။
ရှုခင်းထဲ အသေလို ရပ်ခဲ့တဲ့ ကိုယ့်ပန်းချီကားတွေဟာ
အဲဒီမှာ ကမ္ဘာကျော်ခဲ့တယ်။
ဓရလောင်းစိုက်ပျိုးထားတာတွေ မရှိဘူး။
ဓနပူစာ လှူတယ်ဆိုတာ မရှိဘူး။
'ကြယ်ပြာလေးရေ' ဆိုတဲ့အသံ
ပြီးတော့ သီချင်းတွေ မရှိဘူး။
ဓခြတစ်ဖက် လက်တစ်ဖက် အသက်တစ်ချောင်း ပြုတ်ထွက်သွားလို့လည်း
ဝမ်းမနည်းတတ်တာ ခွင့်လွှတ်၊ ထူးခြားချက်က မျက်ရည်မရှိဘူး။
ဦးနှောက်ကို ကျည်ဆန်နဲ့ မုဒိမ်းကျင့်ခံခဲ့ရတဲ့ ဇာတ်ဝင်ခန်း
ဖဲဒါပြီးကတည်းက ကိုယ် အမှောင်ကမ္ဘာကို ဖိမ်ခံဖို့ ရောက်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

## လမ်းသွယ်

ဝံ့ချို

ပြောတိုင်းမယုံဖို့ အတွေ့အကြုံတွေက
သင်ပေးတယ်ဆိုတိုင်း ငါတစ်ယောက်တည်းပဲလို့
အမြဲဆုပ်ကိုင်သွားကြတော့မှာလား။

စမ်းလိုက်တိုင်း အလွယ်တကူကွာကျနေတဲ့
သဘောတူညီမှုတွေနဲ့၊ အနာဂတ်တော့ အနာဂတ်ပေါ့လေ
ဘယ်အချိန်မှာ ရယ်ပျော်ခွင့်ရဦးမလဲ။

အတိတ်ဆိုတာ အတိတ်ပဲပေါ့
ဘယ်လောက်ကြာကြာ နိုင်မာခွင့်
ရဦးမလဲ။

ပစ္စုပ္ပန်မှာတော့ သည်လမ်းလေးအကြောင်း
ပြောကြတိုင်း ငါတစ်ယောက်တည်းပဲလို့
အမြဲဆုပ်ကိုင်သွားကြတော့မှာလား။



## ယပ်တောင်

ဝေဇော်(လားရှိုး)

သာရေးလည်း သူပါတယ်
နာရေးလည်း သူပါတယ်
မာသာထရီဇာလို နိုဘယ်ဆု မရခဲ့ဘူး
ကိုကျော်သူလို ဒေါက်တာဘွဲ့ မရခဲ့ဘူး
ပေါ်လီယာနာလို ကမ္ဘာမကျော်ခဲ့ဘူး။
လူမျိုးဘာသာ ခွဲမရွေး
ရှင်ဘုရင်ပဲ သုံးသုံး
သူဌေးကြီးပဲ သုံးသုံး
သူဆင်းရဲပဲ သုံးသုံး
မပြောင်းလဲတဲ့ မေတ္တာအလင်းတာတ်တွေနဲ့
သူ့ကို 'ခတ်'တဲ့ အခါတိုင်း
ဒီအသံပဲ အမြဲတမ်း ထွက်တယ်
ပျော်ရွှင်ရလို့ မောပန်းတဲ့အခါ အေးချမ်းကြပါစေ
ဝမ်းနည်းရလို့ ပူလောင်ရတဲ့အခါလည်း အေးချမ်းကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com

## မီးတောက်ရဖို့မလိုဘူး လရောင်ကိုခြုံထားရင်ပဲ လုံလောက်ပြီ

ဝေမိုးအိမ်

လူမှုဘဝနဲ့ ထိစပ်ထားတဲ့ ရင်ခုန်သံစစ်စစ်တွေ
ကျွန်တော်တို့ဟာ စကားလုံးကန်းသူတွေ ဖြစ်တယ်
ကျွန်တော်တို့ဟာ ကျီးကန်းတွေ ဖြစ်တယ်
ကျွန်တော်တို့ဟာ သားကောင်ဖြစ်ခဲ့တယ်
ဖြတ်သန်းသွားလာမှုနောက် တကောက်ကောက်
ဖွံ့ဖြိုးယဉ်ကျေး အမဲလိုက်အကတွေ ထွန်းကားခဲ့တယ်
ဘယ်မှာလဲ ပွဲ
ဘယ်မှာလဲ ရွက်
အနားသတ်ဟာ ဝေဒနာတွေ ခွဲဝေခန်း
အသံတွေ စစ်ချလိုက်မှ ဘဝက နိဂုံးချုပ်ဖို့ဖြစ်ဖြစ်လာ
ဆက်စပ်စုစည်းဖြတ်တောက် နွမ်းယဲ့ခဲ့တယ်
ရယ်စရာ အသောလေးတွေနဲ့ လူကို ပြုလုပ်ဖန်တီး
အသွယ်အဝိုက် အကွေ့အပတ်များနဲ့ စိတ်တွေကို ဆွဲညှို့ယူတယ်
နပ်မမှန်တဲ့ သေဆုံးခြင်းတွေထဲ
မြို့ပြက အကြွေးတောင်းလာတယ်
အသံကြားရင် လန့်အော်တတ်တဲ့ ပါးစပ်ဟောင်းလောင်း
ကောလာဟလ အမျိုးမျိုးကြားမှာ
ကျွန်တော်တို့ဟာ အကျိုးအမြတ်ဖြစ်ထွန်းစေမယ့် တန်ဖိုးစံတွေဖြစ်တယ်
ဝက်ပါကို မျဉ်းဖြောင့်ဆွဲခိုင်းတဲ့ သုံးသပ်ချက်ဟာ
အစီပွာယ်မဲ့မှုကနေ စကားလုံးဗေဒနဲ့ ထုတ်လုပ်မှုပုံသဏ္ဍာန်ကို
ကုန်စည်အဖြစ် လဲလှယ်သုံးစွဲလိုက်တာပါပဲ ...
နောက်ဆုံး ...
မှုရင်းဟာ သူ့ကိုယ်သူ ပြန်ပူဖော်လာတယ်။

## အနာဂတ်ဝါဒီ

မဂမှူးသွင်

ဓဝနုကို မြှုပ်နှံဖို့
ကောင်းကင်ဘုံက လက်နှစ်ဖက်ဆိုတာ
မသေချာပါဘူး။

တစ်နေ့တခြား
လူတွေ ပါးစပ်ဖျားမှာ ခေတ်စားလာတဲ့ စကား
ရုက္ခသစ္စာတဲ့။

မြေကြီးထဲ ပုန်းဝင်နေသော
သတ္တုစလေး တစ်ခုပမာ
အနုပညာဟာ တူးဖော်ရန်
ခက်ခဲလွန်းပါတယ်။

ဖို့အတွက် ရနိုင်သမျှထက်
ပိုပိုလိုအပ်နေတာလည်း
လူငယ်ချင်းတို့နဲ့ ဖွဲ့စည်းဖို့
မျှော်လင့်ချက်တွေပါပဲ။

နောင်လာမည့် ရာစုသစ်၌
ယုံကြည်မှုတက်တူးတွေနဲ့ ငါ့မျက်နှာကို
လူငယ်တွေက တီရှပ်မှာ
ရိုက်နှိပ် ဝတ်ဆင်ကြပါလိမ့်မယ်။

ငါ့အလွမ်းတွေကိုတော့
ခေါင်းလောင်းထိုးသံလို
လေထဲ လွင့်နေပစေပေါ့။

www.burmeseclassic.com

ချာတူးလန်တို့ရဲ့ ကိုးကွယ်ရာပဲဖြစ်ဖြစ်၊
ခွေးပါးစပ်က နတ်စကားထွက်တယ် ပြောပြော၊
ရောက်ရှိလာမယ့်
ကံတရားတွေအတွက် ငါတို့
အဖြူ၊ အမည်း သဲကွဲကြပါစို့။

## မျက်နှာဖုံး

မဝးခေါင်

ကြေသားလို အဖြူရောင် ပြောင်ချော မျက်လုံး နှုတ်ခမ်း အသက်မဲ့ ခံစားမှုမဲ့ ဆေးခြယ်ပန်းချီ ချစ်သူအတွက် နှင်းဆီဟာ သူ့နှလုံးသွေးနဲ့ နီနေတယ်လို့ သူ ပြောတယ် မိုးတောထဲဖြတ်ပြီး စိုရွဲတုန်ယင်စွာ ဖာတ်ထိုးတယ် ဖာခေါက်အခဲတွေဟာ
သဲမုန်တိုင်းပဲလို့ သူ့မျက်ဝန်းကို ပွတ်သပ်တယ် လောင်မီးတိုက် နေရောင်မှာ သူ့အာခေါင် အတောင်ကျွတ်ခဲ့ ငှက်တို့ပျော်ရာ ရေကန်သာမှာတော့ သူ့ပုရစ်ဖူး မွေးလိုဦးခဲ့သတဲ့ အဖိနှိပ်ခံ ကျေးရွာငုတ်တိုထဲ ထမင်းအိုးကွဲတွေ တစပြင် မြေမှာကျဲတော့ ကြိတ်မနိုင် ခဲမရ မျက်ရည်လွှမ်း ဆောင်စားကို ယောင်မှားကာ စမ်းမိသတဲ့ ကျဆုံးမိခင်ရဲ့ ထဘီအထက်ဆင်ကို လက်မောင်းမှာ တပ်ဆင် မေ့မည်ချိုခင်
မွေ့ဘိုဝင် ရွှေပဟိုရ်အောင်စည် ဟိန်းစေရမကွဲ့လို့ တော်လှန်ရေးကို သူ ချိန်းဆို ဥဒါန်းကျူးတော့ တပ်ဦးမှာ အောင်လံတွေ တဖျားဖျားလွင့်လူးလာ မြင်းခွာသံတွေဟာ မြို့တော်ခန်းမ နံရံများကို ထောင်းထောင်းကြေ ထုနှက်ရိုက်ခွာ မြည်ဟည်းကြပေ့ါ ရန်သူအလောင်းတွေပေါ် သူ အောင်မြင်စွာ နင်းလျှောက်လာ အလို … အို … ရှေ့မှာ ချစ်သူ့အိမ် မုခ်ဦး စကျင်ကျောက်ဖြူ ညီညီ စီရရီ ဖြောင့်ကာဖြူးလို့ ရင်ဘတ်က နှင်းဆီဖူးကို ဆုပ်ယူနမ်းရှိုက် ကမ်းလိုက်မယ် ဟန်ပြင်စဉ် မမြင်ရတဲ့ ကျည်တစ်တောင့် ဖာတ်လမ်းထဲ ဝင်လာပြီး သူ့အစီအစဉ်ရဲ့ ဝိညာဉ်ကို နုတ်ယူလိုက်တယ် လေတိုက်ရင်တောင် ခံစားလှုပ်ခတ်စရာ မြက်တစ်ပင် မပေါက်ရောက်တဲ့ ကန္တာရမျက်နှာဖုံးအသေဟာ နောက်ဆုံးတော့ သေသွားတယ်။

အနုပညာလှိုင်းတံပိုးကို ပရိသတ်က ခေါစာပစ် အသက်သွင်းလိုက်တာ။

*၁၀၊ ဖေဖော်ဝါရီ ၂၀၁၅။*





www.burmeseclassic.com

www.burmeseclassic.com

## ခွေးတို့အတွက် ကဗျာ

ဝင်းမောင်

အိုးရွဲ့၍
စလောင်းရွဲ့နေသော အချိန်ကာလများစွာမှာ
ချစ်စရာ အချင်း သုနကွောတို့အတွက်
ငါ ကဗျာရွတ်တော့မယ်

အို . . .
ပန်းခြံထဲက ခွေးလေခွေးလွင့်တို့
လမ်းကြိုလမ်းကြားက ခွေးလေခွေးလွင့်တို့
ကျေးဇူးပြု၍ နားဆင်ပါ
ဟောဒီမှာ မင်းတို့အတွက် ကဗျာတစ်ပုဒ်
တဒုတ်ဒုတ်မြည်လို့
မင်းတို့ဟာ
လာဘော အလာဘောလည်း ဂရုမစိုက်
နိန္ဒာ ပသံသာလည်း ဂရုမစိုက်
သုခံ ဒုက္ခံလည်း မသိ
မင်းတို့ဟာ
လူလို စကားမပြောတတ်ပေမဲ့
လူလို မယုတ်မာကြဘူး
ကိုက်ချင်ရင် ထကိုက်ကြပေမဲ့
အကောက်ကြံပြီး ရေမြောင်းထဲ တွန်းချတာမျိုး မလုပ်ဘူး

'လူဟာ
ခွေးထက် မိုက်တယ်'တဲ့
(ဒီစကား ဘယ်သူပြောခဲ့မှန်း မသိ)
အို . . .
အချင်း သုနကွောတို့
မင်းတို့အတွက် ငါ ကဗျာရွတ်နေတယ်။



## ကျွန်တော့် ယော်ဘဝ

ဝင်းမြင့်

တြိဂံပုံစံ ကွင်းဆက်တွေရဲ့ လှိုင်းဟာ နံရံထဲကတစ်ဆင့်
ကြိုးဟာ ရုပ်သေးရဲ့ အမှောင်အတိပြုလုပ်ထားတဲ့ အသံ
စက်တွေ မြို့ကလေးအပေါ်မှာတော့ ငှက်တွေ ကိုယ့်ကို
ရှာကြဖွေကြ အစကောက်ကြ အစလှန်ကြနဲ့
ပါးစပ်က စကားဟာ ဟ၊ တစ်ချိန်လုံး သွားကြ သွားကြ
သရုပ်ဆောင်မှုတွေက သရုပ်ဆောင်မှုတွေထက်မက
ပိတ်ကားဟာ ပိတ်ကားနဲ့မဆုံသလိုမျိုး၊ ရုပ်ရှင်ဟာ
ရင်ထဲက မပါတဲ့ မဟာအပြုံးနဲ့ ဟာမရတဲ့
ပါးစပ်ကို စေ့ထားကြ၊ စေ့မရတဲ့ ပါးစပ်ဟာ ဟထား
တဝဟာ ဘဝပါလို့ ဘယ်လိုပြောမလဲ
လမ်းလျှောက်စက်ဟာ ငါပေါ့၊ ငါ့ကိုယ်ငါ တက်
မလျှောက်မိအောင် ရှောင်ပေါ့၊ ရှောင်ရင်းနဲ့ တိမ်းရင်း
သတိရမှုထဲမှာ၊ ယော်ဘဝရဲ့ စွန်ကလေးဟာ မိုးပေါ်မှာ
ခလစီးကြောင်းထဲ မရောက်သေးခင် ပြုတ်ကျလုမတတ်
ဝေ့တ်နေတဲ့ ကိစ္စဟာ ထောင်မတ်လို့၊ ကိုယ့်နောက်က
လာရပ်တဲ့ အရိပ်ကိုတောင်၊ ပြာချပစ်လိုက်ရမလား
ဖါပေမဲ့လည်း အသံကီးတွေကို စုံစမ်းပါဦးမယ်
ကလေးသူငယ်ဘဝ။



www.burmeseclassic.com

www.burmeseclassic.com

## မန္တလေးလမ်း

ဝိုင်ချို

ဘုံဆင့်ပြာသာဒ် ဒေါင်းယဉ်ခိုနန်း
ကနုတ်ခြူးပန်း အပြောက်အမွမ်း
စုလစ်မွန်းချွန် ဗိသုကာအလုလက်ရာမွန်များ
ဝေဆာလန်းနု နန်းသူ့ယဉ်ကျေးများ
မန္တလေးဟာ မန္တလေးနဲ့ ဝေးပြီးတဲ့နောက်
လွမ်းမဖြေသာ
မန္တလေးသို့ဆိုပြီး
မန္တလေးက ထွက်ခွာနေဆဲ လမ်းတွေထဲ
ချာလည်ခဲ့
မန္တလေးလမ်းဆိုတာ
မြို့နယ်တစ်ခုရဲ့
လမ်းနာမည် သက်သက်ပေပဲလား
မန္တလေးမှာလည်း
မန္တလေးမရောက်တော့မယ့် လမ်းတွေချည်းပဲလား
ချစ်သူကလည်း
ရန်ကုန်တုန်းကလို မင်း ခု မဟုတ်တော့ပါ
ပြောရမလား
ဒီလမ်းထဲ
ကိုယ့်ကိုယ်ကိုယ် မြဲမြဲကိုင်ထားရ
မည်ကာမတ္တမှာ
တိုးတိုးဖွဖွ
လွမ်းရုံလေး။

*၃၀၊ ၁၊ ၂၀၁၅။*



## ညီညီနဲ့ ကျုပ်တို့လား

ဝဏ္ဏ၊ လင်းသော်၊ တေးခက်

မဟိုကနေ ခွဲထွက်လာတဲ့ ညီ/ညီဟာ သူ့ဟာသူ
ငုံကြည့်တယ် ငုံကြည့်တယ်
အလုပ်အကိုင်နဲ့ ကိုင်တွယ်စရာကလည်း သီးသန့်
ယာယာပါတယ် ညီညီ အလုပ်သွားတယ်
ပုဝ်/ပုတ်သွားတယ် သူ့ဟာနဲ့သူ အားအားယားယား
ခွက်တွေလည်း စီနေပြီ ခွက်ဘေးနားက ဘဝကလည်း ညီညီ့ကို ရိုးအီ
ညီညီဟာ ပြည့်တန်ဆာဆန်ဆန် သန်/သံစဉ်မှာ အသားတစ်ဖတ်နဲ့
ပိန်းမောလို့ မောလို့ မွန်းလို့
ဖါ ညက်ညက်ညောညော ပြောတဲ့စကား
အဝင်မှာ ဆုံ့သလိုနဲ့ အထဲရောက်တော့
ရှိဟာနဲ့ငါ ပြည့်ကျပ်
ပိန်ကျသွားတဲ့ စိတ်ထဲကအလုံးလေးကို ရှိတဲ့လေလေးနဲ့ မှုတ်ကြည့်တော့
ညစ်ချင်နေတဲ့စိတ်က လာညာတာပဲ
မပျော်ရွှင်တော့တဲ့ ကြီးထွားခြင်းကို ကျွန်မ ညောင်းတယ်
ညီညီတဲ့လား ဘယ်မှာလဲကွယ်
မရောက်နေလည်း မပြော
ပြောနေလည်း မကြား
ကမ္ဘာတစ်ခြမ်းနဲ့ အနီးဆုံးသစ်ပင်ဟာ အနာတရ
ကမ္ဘာမှာ လူဟာ ဆိတ်ဆိတ်နေတယ် ညီညီဟာ သူ့ဟာသူ ဆိတ်ဆိတ်နေတယ်
'အ'လို့တော့ မဟုတ်ဘူး
ချစ်ရယ် ... 'အနာတရ' ပေါ့
ဆိုတော့ ... နာစရာရနေတဲ့ ကျွန်မကို လုပ်ကိုင်တည်ဆောက်ပါ
မွန်ကြွေပေးကမ်းပါ ကြေးခေါ်လိုက်သံဟာ ညီလွန်းလို့
မပျော်တော့ပါဘူးဆိုတဲ့ မြစ်ထဲမှာ ကျွန်မကြောင့် သူမဟာ ညီ
မထင်မှတ်တဲ့ ထောင့်မှာ ရွာချတဲ့မိုးဟာ ညီညီ့ကို အားနာစေတဲ့ မိုး
လူလုပ်မိုးပါပဲ ... ညီ့ကိုလုပ်တဲ့ မိုးပါပဲ
အလုပ်ကို ညီ့တဲ့ ... မိုးပါပဲဟယ်
လက်ဖဝါးကို ဖြတ်သွားတဲ့ အဖျားက ညီညီ့အလှ ပါးပါးလေးကို ဖောက်တယ်
သေခြင်းတရားကို ညီလှမ်းပြောတယ် ...



www.burmeseclassic.com

www.burmeseclassic.com

'ကိုယ့်ဘာသာကိုယ် ဖာလိုက်တယ်နော်'
ရှင် တံငါနားနီးတဲ့ လူလား ... လှော်တက်ပဲ့နဲ့ ကျွန်မကို မွှေပါ
ဟိတ် ... ညီညီ့ရေ ဒီကိုကြည့်လိုက်ပါဦး
အင်း ... ဆိုပြီး ညီညီဟာ ပိပိပြင်ပြင် အာသီသပြေသွား
ကျွန်မထဲက ဝေးကွာလွန်းတဲ့ ကြိုးများ တစ်ပြိုင်နက် တီးလိုက်ချိန်မှာ
ကျွန်မ ညီညီ့ကို ရှာ/လျှာ တွေ့တယ်
ညီညီဟာ ကမ္ဘာဆန်တဲ့ ညီ
တစ်စုံတစ်ယောက်လေး ညည်းတွားဖို့ တစ်ပြုံတစ်မကြီး အိပ်ပျော်လို့
ကြားလားရှင့် ကြားပါရဲ့လားရှင့်
ပါးပါးလေးပဲရှိတဲ့ တိုးတိုးသံ
မော့ကြည့်မိတဲ့ သစ်ပင်ဟာ ညီညီပါပဲ
ကျွန်မက လွယ်လွန်းတဲ့လူပါ ဒါပေမဲ့ ဒီနေ့တော့မဟုတ်ဘူး
သိလား ညီ့မှာ အသေအကြေဆိုတာ ရပ်
တန့်ထားတဲ့ သွေးကြောတွေ
အား ... ရှစ်ထိ ! တစ်ပုလင်းလုံး ဖျော်ချထားတဲ့ ညီညီတွေပဲ
ညီညီဟာ နှစ်ပင်လိမ်
နှစ်ရောင်လိမ်း
နှစ်ခွထိုင်
ခင်ဗျား ညီညီ့ကို ကောက်သောက်လိုက်ရင် ခင်ဗျားဟာ ခင်ဗျား
ညီညီအဖြစ် ပြောင်းသွား
တသီးတခြား ဖြစ်တည်ခြင်းမှာ ညီညီမပါတဲ့ ကျွန်မဟာ
ရှင် သိနေတဲ့ ညီညီ။



စာစောင်
မကောင်းသား

ဟုတ်တယ် မနက် ၈ နာရီတိတိ
ရှိသားတက်တဲ့ ကျောင်းနားက စားသောက်ဆိုင်မှာ
... ... ... ... ...
ရှင် မလုပ်နိုင်ရင် ကျွန်မလက်ထဲရောက်နေတဲ့ ရှင့်သားက
... ... ... ... ...
မကေ ဒီလိုမှပေါ့ စိတ်ချမယ်နော်

ဝေါ် မလုပ်ချင်လို့ မရဘူးလေ အဒေါ်ရဲ့ ဟင်းဟင်း
... ... ... ... ...
မဝေါ်တစ်ယောက်တည်း လုပ်ရမှာ မဟုတ်ပါဘူး
... ... ... ... ...
ပြောထားတဲ့အတိုင်း လုပ်ရင် စာချုပ်ထဲက ကျိန်စာဟာ ပျက်သွားမှာပါ
... ... ... ... ...

ဟုတ်တယ် မောင်လေးရေ မမကို သူများတွေထက် ဦးအောင် သတ်ရမှာ
... ... ... ... ..
မောင်လေး မေမေမှာဆင်ထားတဲ့ အောက်ဆီဂျင်ပိုက်ကို မမ မဖြုတ်ချင်ဘူးကွာ
... ... ... ... ..
လက်ဦးပစေနော် မောင်လေး ၈ နာရီနော့

သမီးလေး မငိုနဲ့လေ ရှော့ရှော့ မေကြီးကို မမ သင်ပေးထားတဲ့အတိုင်းပြောလိုက်
... ... ... ... ..
စမ်မကြီးနဲ့အတူ ရောက်နေမယ့် လူတစ်စုလည်းရှိမယ်
စမ်မကြီး ကြိုစဉ်းစားထားပေါ့
... ... ... ... ...
စမ်မထက် လက်ဦးမယ့်သူရှိရင် သူ့ကိုအရင်သတ်ပါ ပြီးမှ ညီမကိုသတ်ပါ

ယတ်တာကတော့ ကိုယ့်အစီအစဉ်နဲ့ ကိုယ် ကြည့်ကောင်းသလို စီစဉ်ပါ
... ... ... ... ...



www.burmeseclassic.com

www.burmeseclassic.com

ဦး ဆုံးဖြတ်တာ မှန်ပါတယ်
ဦးအခြေအနေက ထောင်ကျရင်တောင် အသက်ရှင်နိုင်ဦးမယ်လေ
... ... ... ... ..
လက်နက်မရွေးပါဘူး ဦးရယ် ဦးလက်ချက်နဲ့ သေရရင်ကို ရပါပြီ

ဟုတ်တာပေါ့ ညီမလေးရယ် အဆိပ်ရှိမှတော့ ဆေးလည်း မမဆီမှာရှိတာပေါ့
... ... ... ... ..
မမတောင် ညီမလေးကို အဆိပ်ကျွေးရက်သေးတာ
ညီမလေးကလည်း မမကို သတ်ရက်ရမှာပေါ့
... ... ... ... ..
အေးအေး ညီမ ...လက်တော့ ဦးပစေ အဲဒါ အရေးကြီးတယ်နော်

ဟုတ်ပါတယ် ရဲချုပ်ကြီးရေ ...
ကျွန်မကို မနက် ၈ နာရီမှာ လူ ၆ ယောက်က ဝိုင်းသတ်ကြမှာပါ
... ... ... ... ..
အဲဒီလူတွေ အကုန်လုံးကို ပစ်မိန့်ပေးပြီး သတ်နိုင်းရုံပါပဲရှင့်
... ... ... ... ..
ရဲချုပ်ကြီးနဲ့ ကျွန်မ ချစ်ရည်လူးတဲ့ တိပ်ခွေလေး
ကျွန်မမှာရှိနေတာ သတိရပါတယ်နော်

ကဲ ... ရှင်ပြောသမျှ ကျွန်မ အကုန်စီစဉ်ပြီးပြီ
... ... ... ... ..
ဟားဟား ရှင်ကတော့ ပြောနိုင်တာပေါ့
... ... ... ... ..
ကျွန်မ သေသွားရင်သာ ကျွန်မရဲ့ soul ကိုပြန်ပေးပါ

*(soul = ဝိညာဉ်)*

**ရေသေ**

သဇင်မွန်ဟန်

အခါခါ ချော်လဲချင် လဲမယ်
ရောတော့ မထိုင်ပါနဲ့
အမိမဲ့တိုင်း ရေနည်းငါးမှ မဟုတ်တာ
ချွတ်ခြုံကျပြီးသား ဘဝတွေအတွက်
မာနဆိုတာ ကစားပွဲထဲက ဘူးသီးပုပ်
လှုပ်ဆိုလို့ လှုပ်ခဲ့တယ်
ငြိမ်ဆိုလို့ ငြိမ်ခဲ့တယ်
သွားနိုင်းဖို့ မေ့နေလည်း ကျုပ်တို့က ရေသေပဲ
ခင်ဗျားကန့်ထားတဲ့ ဘောင်ကို
လျှံထွက်လာဖို့ စိတ်ကူးမရှိဘူး
ဆန္ဒရှိရင် ခင်ဗျား
ဈဝတ်ဆင်းလျှော်နိုင်တယ်
ဓရဆင်းချိုးနိုင်တယ်
ဈဆင်ပြေရင် ခင်ဗျားအတွက်တွေ အန်ချခဲ့နိုင်တယ်
ထပ်ပြီး အဆင်ပြေရင်
ကျုပ်တို့ကို ကျိုချက် သောက်နိုင်ပါသေးတယ်
မွက်မွက်ဆူနေတဲ့ ရေပူထဲ
ကျုပ်တို့သိက္ခာတွေ
မြုပ်ချည်ပေါ်ချည် ဖြစ်နေတယ်လား
မမှတ်နဲ့ မမွေနဲ့
မဓအားခင် မျိုချလိုက်
ဈမှင့်အရေးဆိုတာ မြင်ဖူးဖို့
ခင်ဗျားဝမ်းထဲ လာလည်ရုံလေး
မိုက်တင်းသွားတဲ့အခါ
တော်ရာသွား ကျုပ်တို့ကို မြန်မြန်စွန့်ပစ်ပါ
ဆီးရှင်ဖို့
ဈန်ဆေးရေတော့ လိုမယ် ကိုယ့်လူ။



www.burmeseclassic.com

www.burmeseclassic.com

**စစ်မိန့်**

သားကြီးမောင်ဇေယျ

သိမ်းဟဲ့ လယ်ကွင်း
စစ်တလင်းဖြစ်စေ။

ဖမ်းဟဲ့ သားငယ်
ကျည်ဆန် သယ်စေ။

ဆွဲဟဲ့ ပျိုနု
လိင်မှု ထမ်းစေ။

ဖခင် ခါးကိုင်း
ကွင်းမိုင်း နင်းစေ။

မိခင် နားထိုင်း
လူတံတိုင်း လုပ်စေ။

ယမ်းငွေ့ဝေဝေ၊ နှင်းငွေ့ဆိုင်းဆိုင်း
မြေပုံအတိုင်း၊ သေရွာစိုင်းစေ။

*၁၄၊ ၀၂၊ ၂၀၁၅။*



**ဖြူဖပ်ဖြူရော် နေ့ရက်များ**

သားလူ

တထိတ်ထိတ် အိပ်မပျော်တဲ့စိတ်ကြောင့်
မနက်ဖြန်တစ်နေ့လုံး ဖြူဖပ်ဖြူရော် ဖြစ်နေတော့မယ်။

ငါ ကြိုပက်လိုက်တဲ့ အလွမ်းတွေဟာ
မြန်ဆန်တဲ့ ကြီးထွားနှုန်းနဲ့ ရောက်ရှိလာကြတယ်
ဒီထက် ပိုမိုလေးနက်ပေးဖို့
ငါ့ကို အော်ဟစ်တောင်းဆိုကြတယ်
ငါဟာ သက်တံကို မြေမြှုပ်လိုက်တယ်
ချစ်သူကို မြေမြှုပ်မိုင်း လက်ဆောင်ပေးမယ်။

ငါ့လက်ကို ဆန့်တန်းလိုက်ခြင်းဟာ
မင်းကို ငါ့လက်မောင်းပေါ်မှာ အိပ်စက်စေချင်လို့
မပြုံးမရယ်ဘဲ လူတစ်ယောက်
နှစ်ပေါင်းဘယ်လောက် နေနိုင်မလဲ
မင်းမရှိတဲ့နောက်မှာ ငါ့ကိုယ်ငါ စိန်ခေါ်ဖို့
ဆုံးဖြတ်ထားခဲ့တယ်။

တည်မတ်စွာလမ်းလျှောက်ရင်း
မှတ်သိပ်စွာ မော့ကြည့်မိတော့
ငါ့ကိုအုပ်မိုးထားတဲ့ မျက်တောင်မွေးတွေကို တွေ့ရတော့
ပျော်မိတယ်။

ရိုးသားစွာ ဖွင့်ဟဝန်ခံချင်ပါတယ်
ဘိမ်နဲ့ အိပ်ရာကို မခွဲနိုင်သလို မင်းကိုလည်း
ငါ မခွဲနိုင်ဘူး။

လမ်းမတစ်လျှောက် လမ်းကို ဖြစ်သလိုလျှောက်ခဲ့မိတယ်
နောက်ပြန်လှည့်ကြည့်ရင်
နောက်ပြန်လဲကျစရာမရှိတဲ့သူ တစ်ယောက်ကို တွေ့လိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆက်သွယ်မှုတွေ ပြတ်တောက်တဲ့အခါ
ဆံပင်တွေကို လေထဲမှာ လွှင့်ထားပေးပါ။

အချစ်မှာ ဘာမဆို
ငှက်ပျော်သီးကို အခွံနွှာရတာထက် ခက်တယ်
ခက်ခဲတယ် ဆိုတာလည်း သိတယ်
နာရီလက်တံကြီး ပြောင်းပြန်လည်လို့လည်း
အချိန်တွေ နောက်ပြန်မလည်ဘူးဆိုတာ သိနေတော့
ပိုခက်တယ်
တိုက်ပေါ်က ခုန်ချရတာလည်း တကယ့်ကို ခက်ပါတယ်။

အနံ့ဆိုးနဲ့ နာမည်ကြီးတဲ့ ရေနုတ်မြောင်းလို
ငါ့ပါးစပ်ကထွက်တဲ့ စကားလုံးတိုင်းက
ပုပ်ပွ ညစ်ထေးနေတော့မှာလား။

နို့တွေကြည့်ရင်း မီးခိုတွေ ဝေလာတယ်
ပုဆိုးကို သေချာပြင်ဝတ်ရင်း မျက်ရည်ပါ
တစ်ခါတည်း သုတ်လိုက်တယ်
လတ်ဆတ်တဲ့လေဆိုတာ ဒီမြို့မှာ မရတော့ဘူး။

တစ်နေ့လုံးစည်းထားတဲ့ ဆံပင်ကို ဖြေချလိုက်သလိုမျိုး
ဘဝရဲ့ လျှို့ဝှက်နံပါတ်တွေကို ဖတ်ပြမိတယ်
နောက်ဆုတ်ပေးတယ်ဆိုတာ
နောက်ကျောက ဓားတွေအတွက်ကလွဲလို့ ဘာမှမဖြစ်နိုင်ဘူး
လူဆိုတော့ လူလိုပဲ တွေးမိ ကြံမိတာပေါ့။

*ဖေဖော်ဝါရီ၊ ၂၀၁၅။*

## ကမ္ဘာ့ကဗျာ

သုခမိန်လှိုင်

ပင်ပန်းခြင်းတွေဟာ ကမ္ဘာတစ်ခုစာဆိုရင်
ရွှင်လန်းခြင်းတွေဟာ ကဗျာတစ်မျက်နှာဆိုရင်
ဖြစ်သင့်ပါတယ်

ဖြစ်နိုင်တာ လုပ်ပါ
မဖြစ်နိုင်တာ မလုပ်ပါနဲ့
မဖြစ်နိုင်တာ လုပ်မိပြီ





www.burmeseclassic.com

www.burmeseclassic.com

## အနုပညာဆိုတာ လက်ဖက်ရည်ကြမ်းအိုးလေးထဲက ကဗျာ

သုလင်းဝေ

စိတ်ဟာ ရွာကလေးကို လက်ဖက်ရည်ကြမ်းအိုးလေး ထည့်ထားတယ်။ လရောင်ဟာ အကြမ်းအိုးလေးထဲက စကားဝိုင်းကို သစ်ကိုင်းသစ်ခက်တွေ အကြိုအကြားက ချောင်းကြည့်နေတယ်။ နွေးထွေးစွတ်စိုနေသော အလှတရား များ သစ်သားကွပ်ပျစ်ကလေးပေါ် ဖြာကျလို့။ အရိုးသားဆုံး ဆက်ဆံမှုမှာ အသံဆိုတာ ကဗျာတစ်ပုဒ် ဖြစ်တည်နိုင်မှုရဲ့ အရှိတရား။ စိတ်ဟာ လူကို သာ စိုးမိုးလို့ရတယ် ကဗျာတွေကိုကျ မျက်နှာချိုသွေးလို့ မရဘူး။ ကဗျာတွေ လေ စိတ်အကြေတွေ လိုက်ကောက်ရင်း ချစ်ခြင်းဖွဲ့အလင်္ကာနဲ့ ကာရန်တွေ အပေါ် ခွဲခြားဆက်ဆံမှု ကင်းတယ်။ လူသားချင်းစာနာမှုတဲ့ ကဗျာတွေက ရယ်တယ်။ ကဗျာတွေဟာ အကြမ်းအိုးလေးထဲက လရောင်ကို လူယောင် ဖန်ဆင်းပြတယ်။ ကြည့်စမ်း အနုပညာတွေလေ အကြမ်းအိုးလေးထဲမှာ နေ ထိုင်ရင်း အဲဒီ အကြမ်းအိုးလေးထဲက ရွာကလေးကို ကဗျာတစ်ပုဒ်အဖြစ် ကိုယ်ထင်ပြလို့။



## မျှော်

သူဝေး

ထွက်သွားသူ ခြောက်မျိုးရှိတယ်။
ပထမတစ်မျိုးက ခဏတာထွက်သွားသူ ဖြစ်တယ်
မကြာခင် ပြန်လာလိမ့်မယ် နောက် ခဏကြာတဲ့အခါ ပြန်ထွက်သွားဦးမယ်။
ဒုတိယတစ်မျိုးက မသွားချင်ဘဲ ထွက်သွားရတဲ့သူပဲ
သေချာ နှုတ်ဆက်သွားတတ်တယ် နဖူးကို နမ်းသွားတတ်တယ်
လုပ်ပေးလိုက်တဲ့ မုန့်ကို အဝတ်နဲ့ တယုတယထုပ်ပိုးယူသွားတတ်တယ်
ဒါပေမဲ့ ပြန်လာဖို့ ကြာတတ်တယ်၊ ဒါမှမဟုတ်
တစ်စုံတစ်ယောက်က စာလွှာတစ်စောင်ကို အိမ်ပေါက်ဝထိ
တံခါးခေါက်လို့ လာပေးပြီး သူပြန်လာနိုင်ဖို့ မဖြစ်နိုင်တော့တဲ့အကြောင်း
အဝေးက တံပိုးခရာသံနဲ့အတူ သတင်းလာပို့လိမ့်မယ်။
တတိယတစ်မျိုးက ဘယ်တော့မှ ထွက်သွားမှာမဟုတ်ဘူးလို့ ပြောတတ်သူပဲ
သူ ဘယ်တော့မှ ပြန်မလာတော့ဘူး။
စတုတ္ထတစ်မျိုးကတော့ ရုတ်တရက်ပဲ၊ အကြောင်းမဲ့ပဲ
ဒိုင်ရာနီးတဲ့အချိန်
ဘေးမှာ ကိုယ်ငွေ့ပူပူလေးပဲ ချန်ထားခဲ့ပြီး ပျောက်ကွယ်သွားလိမ့်မယ်
ဒါမှမဟုတ် စာတစ်စောင်လည်း ချန်ရင် ချန်ထားခဲ့ပြန်ဦးမယ်
အဲဒီစာကလည်း သူ့ကို လိုက်မရှာပါနဲ့ဆိုတဲ့ စာမျိုးပေါ့
မမျှော်လင့်တဲ့အချိန်မှာ သူပြန်လာတတ်တယ်
အဲ့ဒီအခါ မီးအိမ်ကိုပင့်ပြီး မျက်နှာကို သေချာကြည့်ရတတ်တယ်
ပင့်ကူအိမ်တွေ ကျိုးကြေနေသလို တွန့်နေတဲ့ အရေပြားတွေက
သူဘယ်သူလဲဆိုတာ ပဟေဠိလုပ် ဖုံးကွယ်ထားဦးမယ်
ထွက်သွားခဲ့စဉ်က ဖိနပ်ကိုပဲ စီးနင်းဆဲ ဆိုရင်
ဆီးနှင်းတွေကြောင့် သူ့ခြေသည်းတွေ ပုပ်နေတတ်တယ်
မီးအတူတူလှုံရင်း တွန့်ဆုတ်တဲ့ စကားလုံးတွေနဲ့ သူ
သူ့အမှားကို ဝန်ခံပါလိမ့်မယ်။
ပဉ္စမတစ်မျိုးကတော့ ထွက်သွားပြီး မကြာခင်မှာပဲ ပြန်လာချင်ခဲ့သူ ဖြစ်တယ်
ဒါပေမဲ့ သူ အပြန်လမ်း မမှတ်မိတော့ဘူး
နှယ်ပင်တွေရဲ့ ခေါ်ဆောင်ရာ မျက်စိလည်ခဲ့တယ်
လျှိုတစ်ထောင် ချောက်ကမ်းပါးရဲ့ ဖြားယောင်းရာ တောမှောက်ခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com

ဝက်ပါရဲ့လှောင်သံမှာ သူ့မျက်ရည်တွေ ကုန်ခဲ့တယ်
သူ့အပြန်လမ်းကို သူပြန်အော်ခေါ်ရင်း အာခေါင်ကွဲသေတယ်
ရံဖန်ရံခါ ဘယ်ကကြားရမှန်းမသိတဲ့ အော်သံတွေကို
သူ့ထံက လွင့်ပျံလာတာလို့
တိုက်ဆိုင်ဝမ်းနည်းနိုင်တယ်။
ဆဋ္ဌမတစ်မျိုးကတော့ ထွက်သွားမယ်လို့ မကြာခဏ ပြောနေတဲ့သူပဲ
သူ တကယ်ထွက်သွားတဲ့ နေ့မှာတော့ စကားတစ်ခွန်းမှ ပြောမသွားတတ်ဘူး
သူ အဖိုးတန်ပစ္စည်းတွေ ထားသွားလိမ့်မယ်
ပိညာဉ်တစ်ထည် အဝတ်တစ်ခုနဲ့ လမ်းတစ်လျှောက်
သုန်မှုန်ဝေဝါးမှု အပိုင်းအစတွေနဲ့ ထွက်သွားလိမ့်မယ်
ခေတ်ပုံသေးသေးလေးတစ်ပုံ ဝှက်ပြီး ယူသွားသေးတယ်ဆိုရင်တော့
သူ တစ်ချိန် ပြန်လာမှာပါ။
တောင်ပေါ်တက်နေသူတွေ ရှိတယ်
သူတို့ခါးတွေ ချိနဲ့နာကျင်နေတဲ့အထိ တောင်ထိပ်ပေါ်တက်နေသူတွေရှိတယ်
ပြီးတော့ အဝေးဆုံးကို ကြည့်တယ်
သူတို့မျက်လုံးတွေ မှုန်ရီစုတ်ပြတ်နေရင်တောင် အဝေးဆုံးဆီကို
လှမ်းကြည့်ရီဝေနေကြတယ်။

မျှော်နေသူကတော့ တစ်မျိုးတည်း ရှိပါတယ်။



## ဒီမိုကရေစီနိုင်ငံတော် ပြိုကွဲခြင်း

သူရနီ

ဘုရားသခင်ဟာ ဒီမိုကရေစီ ယောင်ဆောင်ပြီး
ဗီကမ္ဘာကြီးအပေါ် ရောက်ရှိနေပေတယ်။
အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေကို စစ်တပ်ထဲက ဆွဲထုတ်တယ်
စစ်အုပ်ချုပ်ရေး ယန္တရားများကိုလည်း
အတတ်နိုင်ဆုံး လိုက်လံဖျက်ဆီးပစ်နေပြီး
ဒေါက်တိုင်ပြုတ်နေတဲ့ တရားဥပဒေစိုးမိုးမှု
ခေတ်အခါနဲ့ မဆီမလျော်ဖြစ်နေသော
အပြစ်ဒဏ် စနစ်ဆိုးများကိုလည်း ထောက်ပြတော်မူ၏။
ဖိနှိပ်မှုမှန်သမျှ တွန်းလှန်ကြဖို့ အာဏာရှင်မှန်သမျှ ဖီဆန်ကြဖို့
သူ့ရဲ့ဒေသနာတော်ထဲမှာ ထည့်သွင်းပညတ်တော်မူတယ်
ရင်းနှင့်သက်ဆိုင်တဲ့ တိုင်းပြည်နိုင်ငံတွေရဲ့
ဖွဲ့စည်းပုံ အခြေခံဥပဒေရပ်ထဲမှာ
'ပြည်သူ'ဆိုသည့် စကားနှစ်လုံးကို (အသေအချာ)ထည့်သွင်းခတ်နှိပ်တော်မူပြီး
လူထုအော်သံနဲ့အတူ ကိုယ်တော် ဩဘာသံကို
တစ်ထပ်တည်း ချီးမြှင့်တော်မူ၏
ဒီမိုကရေစီ ဆိုတာကနေတဲ့ မြင်းတစ်ကောင်ဖြစ်လျှင် ပြည်သူဆိုသည်က
အဲဆိုပါမြင်းကြီးကို စီးထားသည့် ဂျော်ကီပဲ ဖြစ်ပေတယ်
ကြိုးချုပ်သူခိုးတွေ ဆင်စွယ်ခိုးထုတ်ဖို့ ချောင်းမြောင်းနေသူများ
ပြည်သူ့ဘဏ္ဍာကို ညစာနေတဲ့ ဝန်ထမ်းတွေ၊ သစ်ပင်သူခိုးများနဲ့
ဥပဒေ လက်တစ်လုံးခြား ပြုမူနေသူများကိုလည်း
ငါးသီးစွာ အပြစ်တင်တော်မူလေ၏
မိုးထိစပါးခင်းပိုင်ရှင် အကြွေးပိ လယ်သမားများကိုလည်း
ကိုယ်တော်ရဲ့ ကရုဏာနဲ့
မေတ္တာခေတ် စီးဖြန်းပို့သနေပြီး/သစ် ဝါး ရှားပါးမှုနဲ့ ဆောင်းခိုငှက်များ
အဝင်စောမှုကိုလည်း စိတ်ပူတော်မူ၏
ကလေးငယ်များကို လှည့်ပတ်ဖြားယောင်း ခိုင်းစေခြင်းအမှုနှင့်အတူ
အဓမ္မ တောင်သိမ်း/လယ်သိမ်း/မြေသိမ်း ဒုက္ခအရပ်ရပ်တို့ကိုလည်း
စာသိုက်အား မျောက်ညှဉ်းဆဲသည့်ကိန်း ဆိုက်နေကြောင်း
ထောက်ပြ ဝေဖန်တော်မူ၏



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားများရဲ့ အလွတ်ကျက် ပညာရေးစနစ် အသားပေးနေမှုနှင့်အတူ
စစ်ဘေးဒုက္ခသည်များနဲ့ အစားအသောက်/ဆေးဝါး
တာပေါ်လင်စများ လိုအပ်မှုတို့ကို
အလှူခံအမျိုးမျိုး အသွင်ဆောင်ကာ ဖြည့်ဆည်းပေးသနားတော်မူပေတယ်
ငြိမ်းချမ်းရေး ဆုတောင်းပွဲတော်များကိုလည်း
နေရာအနှံ့ရောက်ရှိဖို့ ပျိုးကြဲတော်မူပြီး
အာဏာပါဝါကြောင့် ဖြစ်ပေါ်လာတဲ့ ဘယာဂတိ ဆိုတာကြီးကိုလည်း
ဝန်ထုပ်ဝန်ပိုးသဖွယ် သတ်မှတ်တော်မူလေ၏
မီဒီယာများ ထွန်းပလာတဲ့ကာလမှာ ဝိသမလောဘသမားများကလည်း
မီဒီယာသဖွယ် ပုံဆောင်ဆင်ယင် တိုးဝင်လာခြင်းကို
အထူးဂရုပြုကြဖို့ အလင်းပြတော်မူပေတယ်
တစ်နေ့မှာတော့ . . .
ဘုရားသခင်ဟာ ဒီမိုကရေစီနဲ့အတူ ကမ္ဘာကြီးကိုပါ
(တစ်ပါတည်း) ပြန်လည်သိမ်းယူတော်မူဖို့ စဉ်းစားတော်မူ၏
အကြောင်းကတော့
မာရ်နတ်ဟာလည်း ဒီမိုကရေစီ ယောင်ဆောင်ပြီး
ဒီကမ္ဘာကြီးအပေါ် ရောက်ရှိနေပြီးဖြစ်ကြောင်း
တစ်စတစ်စ ဘုရားသခင် ရှိသွားလေပြီ ဖြစ်ပေတယ်။

၂၄၊ ၁၁၊ ၂၀၁၄။



## မြို့တစ်မြို့ကို စိတ်နဲ့ သပ်ချကြည့်ခြင်း

သဲထူး

'ညောင်ပင်တစ္ဆေ ဝေလေလေ'ဆိုတာ
သံယောဇဉ်ကို မသိမသာ စိုက်ပျိုးတတ်တဲ့
ကစားနည်းတစ်မျိုးပေါ့
မြေဓာတ်ဟာ သူတို့နဲ့တည့်ကြောင်း
ကလေးတွေသိအောင် ပြောမပြတော့ဘူးလား
လရောင်ရှိပါရဲ့
လမ်းတွေ ခြောက်ကပ် တိတ်ဆိတ်နေလိုက်ပုံများ
အရိပ်အောက် ရန့်ဆုံးရှုံးရသလိုမျိုး
ခပ်ဆင်ဆင်လည်း တူချင်တူလိမ့်မှာပေါ့
တည့်တည့်မတ်မတ်ကြီး နာကျင်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## မိုးရေထဲ ခရီးရှည်ချီတက်ပွဲ

သော်ဇင်ညိမ်း

ကိုယ့်ဆီအရင်က တဂွမ်ဂွမ်ဆက်ခဲ့တဲ့ နံပါတ်ကို
အခု ကိုယ်က မှျော်နေမိတာကအစ ပြန်သတိပြုမိလာ
ကိုယ့်မှာ ပြောင်းလဲသွားတာ ဘာတွေရှိမလဲ

ပိုးနဂျိကောင်ဟာ ကိုယ့်အခန်းထဲမှာ အိမ်လာဆောက်နေတာ
ပင့်ကူတွေ သူ့အိမ်သူ ရက်ဖွဲ့နေတာ ခေါက်တုံ့ခေါက်ပြန်
အခန်းနံရံ မဆုံးသရွေ့ ကိုယ်လျှောက်နေမိတာ
အပြင်မှာ မိုးတွေ ဘယ်လောက်ရွာရွာ ကိုယ့်မှာ စွတ်စိုစရာမလိုတော့ဘူးပေါ့

အမ်ပီသရီးထဲက သီချင်းဟောင်းလေးတွေ ထပ်တလဲလဲ နားထောင်နေမိတာ
နေ့စဥ်မှတ်တမ်းရေးရင်း ဝင်သက်ထွက်သက်တွေ ရေတွက်တတ်လာတာ
နိုင်ငံပိုင်သတင်းစာထဲက ဗျည်းသရတွေ ရသလောက် စိပ်ဖြာနေမိတာ
ဆိုတော့ကာ ကိုယ့်မှာ ဘာတွေပြောင်းလဲလာမလဲ သိချင်နေမိတော့ကာ

ကိုယ့်ကိုယ်ကိုယ် ခုန်ကူးသွားတဲ့ အာရုံရုပ်ဟာ
အထက်တန်းကျောင်းသားဘဝက ဓာတ်ပုံကိုပြန်ကြည့်ရင်း
ရန်ကုန်–ဒလ မြစ်ဆိပ်ဆီ
တစ်ခုက မြို့ပြကမ်းနား၊ နောက်တစ်ခုက လင်ကွင်းတွေနဲ့ လူများ
မြစ်အလယ်မှာ ပင်လယ်ကူးသင်္ဘောကြီးဟာ ကျောက်ချ တွေဝေရင်း နေရဲ့
အဲဒီတုန်းက ကိုယ်ပြောခဲ့သားပဲ
ပင်လယ်ထဲ သင်္ဘောလိုက်ရတာလောက်
အထီးကျန်လိမ့်မယ် မဟုတ်ဘူးလို့

ခုတော့လည်း
အပြင်မှာ မိုးတွေ ဘယ်လောက်ရွာရွာ ကိုယ့်မှာ စွတ်စိုစရာ မလိုသေးဘူးပေါ့။

## ညဉ

မသော်ဇင်အုန်း

အိပ်မပျော်ဘူး
အိပ်မရဘူး
တိတ်လို့
ငြိမ်လို့
ငါက အိမ်ထဲမှာ
စာဖတ်ချင် ဖတ်လို့ရတယ်
တယ်လီဗီးရှင်းကြည့်ချင် ကြည့်လို့ရတယ်
ဗိုက်ဆာလည်း စားစရာရှိတယ်
သူတို့တွေ
ဇုကွသည်စခန်းမှာ
တယ်လိုနေကြပါလိမ့်
ငါ
စဉ်းစားနေမိ

၂၂၊ ၆၊ ၂၀၁၄။



www.burmeseclassic.com

www.burmeseclassic.com

**တောင်ပံများရဲ့ လားရာ**

သော်တာစံ

ဟယ်လင်ကဲလားက
၂ နှစ်သမီး အရွယ်မှာ
ဘဝအတွက် အလိုအပ်ဆုံး
အမြင်အာရုံ အကြားအာရုံ ဆုံးရှုံးခဲ့ရတယ်။

အမေစုက
၂ နှစ်သမီးအရွယ်မှာ
လူထုရဲ့အသည်းနှလုံး
ဖခင်ဗိုလ်ချုပ်ကို ဆုံးရှုံးခဲ့ရတယ်။

ဟယ်လင်ကဲလားက
ကမ္ဘာကျော်စာရေးဆရာမ ဖြစ်လာခဲ့တယ်
ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင် ဖြစ်လာခဲ့တယ်
ကမ္ဘာ့နေရာအနှံ့အပြား လှည့်လည်သွားလာခဲ့ရတယ်။

အမေစုက
မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဖြစ်လာခဲ့တယ်
ကမ္ဘာ့ခေါင်းဆောင်အမျိုးသမီး ဖြစ်လာခဲ့တယ်
ကမ္ဘာ့နေရာအနှံ့အပြား လှည့်လည်သွားလာခဲ့ရတယ်
မြန်မာလူထုရဲ့အသည်းနှလုံး
ကမ္ဘာ့အကျော်ကြားဆုံးလည်း ဖြစ်လာခဲ့တယ်။

ကလေးက အစ
လူကြီး အဆုံး
အားလုံး မသိသူ မရှိ။

ရုတ်တရက် စိတ်ကူးပေါက်ပြီး
ကျွန်တော့်သမီးလေးကို မေးမိတယ်
'သမီး ကြီးလာရင် ဘာဖြစ်ချင်လဲ'
သမီးလေးက
မဆိုင်းမတွ ပြန်ဖြေတယ်
'အမေစုပဲ ဖြစ်ချင်တယ်' တဲ့
ကျွန်တော့်ရင်ထဲမှာ . . .။

၀၊ ၁၂၊ ၂၀၀၄။





www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော့်အမေနဲ့ နိုင်ငံရေး

သော်ဒီဝေ

'အမေ သူမသေခင်က
သူ ငါ့ကိုပြောတယ်
ငါ့သား နိုင်ငံရေးမလုပ်နဲ့တဲ့
အမေက အမေ့အိမ်ရှေ့
ဘောင်းဘီရှည်ဝတ်နဲ့လာရပ်တာ
မကြိုက်ဘူး' တဲ့။

နောက်ပြီး ငါ့သား
ဟိုလူမြှောက်ပေး
ဒီလူမြှောက်ပေးနဲ့
နိုင်ငံရေးသီချင်းတွေ
ငါ့သား မရေးနဲ့တဲ့
အမေက အမေ့အိမ်ရှေ့
ဘောင်းဘီဝတ်နဲ့ လာရပ်တာ
မကြိုက်ဘူးတဲ့။

ခြော် ... အမေရယ်
ခု သူတို့အားလုံး
ဘောင်းဘီချွတ်ပြီး
မဝတ်တတ်ဝတ်တတ်နဲ့
ပုဆိုးဝတ်နေကြပါပြီ
ဒါပေမဲ့ သား
အမှန်တရားကို
ဘယ်တော့မှ သစ္စာမဖျက်
သူတို့ထက် ပိုချစ်တာတော့
သေချာတယ် မေမေ။

၃၊ ၃၊ ၂၀၁၅။



## အရပ်သုံးဘာသာစကားနဲ့ပဲ ထွက်ပြေးလွတ်မြောက်သွားကြတဲ့ စာသားအပိုင်းအစတွေ

သိုးထိန်း(အင်္ဂမ)

ပြဿနာက အများစု
ပါဝါရိန်းဂျားတွေ အားလုံး
တိရစ္ဆာန်ဖြစ်နိုင်ကြောင်းကို အနုပညာလို့ ထင်နေတာ
အရင်က စတာလင် ခု မာမွတ်စ်လင်
နောက်များတော့ ဂျင်းစိမ်းနဲ့ မိဿလင်
ရှေ့ကျတော့လည်း ဟိုင်း ... ဒါလင်ပေါ့

သူ့ကိုယ်သူ အသွင်ပြောင်းနေပြီ

မျောက်လက်ကို အားကိုးတဲ့ အဘွားဟာ
တစ်ညတော့ ဖောက်ထွင်းခံလိုက်ရတယ်
ဒါ တို့ပြည် ဒါ တို့မြေ တို့ပေါင်တဲ့ မြေ
သူ မခြော်ဘူး သူ မယည်းဘူး
အင်အားကြီး အာဏာကြီး ပုရိသတစ်ယောက်
ဖောက်ထွင်းသိမှုက ခေါက်ခက်ကြီးနဲ့ နက်နေတော့
ဖြစ်နိုင်ခြေတွေကို ဗဟိုပြုပြီး
ပျက်နိုင်ခြေတွေက တောက်လျှောက်

သင့်အား အလိုရှိသည်
ကျဆုံး/သေဆုံး/ပျောက်ဆုံး ရန်
ဗိုလ်ထပ်စွဲတော့လည်း
နေ့စဉ် ဆဲနေကျအတိုင်း တရုတ်နဲ့ အင်္ဂလိပ် နှစ်ဘာသာ
သူတို့ပေါ်မိုးနေတဲ့ ဗဟိုချုပ်ကိုင်စီမံခန့်ခွဲမှု
ဝန်ချီ ကရိန်းတွေနဲ့ အဘွားကို
ရုတင်ပေါ် တင်လိုက်ကြတယ်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ အရင် စရမှာလဲ

ဘာသာစကားရဲ့ အပြင်ဘက်မှာ အစိပ္ပာယ်
နောက်ကျိုအောင် မမွှေပါနဲ့
အရှည်မရ အဖတ်မရ ဖြစ်ရတဲ့ ပရိသတ်ကြီး
ပြန်ပြောပါဦး ဘာတဲ့တုန်း ပရိသတ်ကြီး

အဲဒီတုန်းက လူသူမရှိတော့တဲ့
အဆောက်အဦတွေ၊ စက်ရုံတွေ၊ ကားမှတ်တိုင်တွေ
ခေါင်းပြတ်တွေ ဆံပင်ချင်းလိမ်လို့
အဘွားက စေတနာ့ဝန်ထမ်း
မိတ်ကပ်တွေ ဖွေးနေအောင် လိုက်လိမ်းပေးတယ်

အမှန်တရားကိုဖော်ထုတ်ဖို့ မီးတွေ ဖွင့်လိုက်ကြတယ်
အသက်တွေ၊ ဘဝတွေ ပကတိတိတ်ဆိတ်မှု
အဘွား လိုက်ကောက်ထည့်နေတဲ့ ပလိုင်းက အပေါက်ကြီး
သူ့မြို့အကြောင်း သူ ကောင်းကောင်းသိတော့
ဘယ်လိုပုံသဏ္ဌာန်ကို အရယူခဲ့ရမလဲ

အဘွားဟာ လောင်ကျွမ်းနေတဲ့ လျှာတစ်ချောင်းနဲ့
ရှေ့သို့ ဆက်၍ ဆက်၍ ဖွဲ့လုံ့လနဲ့ ချောင်းဆိုးရင်း
သူ မသြော်ဘူး သူ မယည်းဘူး

ခေါင်းမရှိတဲ့ အကောင်တွေက
ခေါင်းရှိတဲ့ သူတွေကို
ခေါင်းပုံဖြတ်ပွဲ ကျင်းပတုန်း
တန်းစီနေကြတဲ့ လူတန်းရှည်ကြီး
ဒုက္ခသည်စခန်းဟာ အလန်းဆန်းဆုံး အတွေ့အကြုံ
ခေတ်ကြီးဟာ မျောက်ကျောကုန်း မီးလောင်သလို
လရောင်ကို ထိုးဟောင်နေတဲ့ ခွေးတွေ

ကျောင်းတွေ ပိတ်ပြီ
ပြဇာတ်ရုံတွေ ပိတ်ပြီ
ဥယျာဉ်တွေ ပိတ်ပြီ
ရုံးတွေ ပိတ်ပြီ
မျက်လုံးတွေ ပိတ်ပြီ

သွေးစက်စက် အေးစက်စက် အမေ့ခန္ဓာကြီးကို
အဖေက ဆောင့်ကာ ဆောင့်ကာ
သူ့သမီးမျက်နှာ မိတ်ကပ်အဖွေးသား ပြင်ပေးခွင့်မရတဲ့ အဘွားက
ငါသာ လည်ပင်းဆိုရင် ဓားတုံးတုံးတွေကို သိပ်မုန်းမိမှာပဲတဲ့

ငြိမ်းချမ်းရေးကို ဘာသာပြန်ဖို့ အဘွား ထမီလှန်တင်လိုက်တော့
ဓားထစ်ခံထားရတဲ့ ပေါင်သားညိုတွဲတွဲတွေ
အဲဒါ သိစရာမလိုတော့ဘူး
ဗီထက်မကတွေ အများကြီးပဲဆိုတော့
မရှန်းမကန်ဘဲ မကြီးပြင်းဖူးတဲ့ အဘွား
ဘာသတင်းမှ မကြားရတော့



www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်ပျက်တွေ တိမ်းစောင်းသွားတယ်

သက်တန့်မေ

ဖြစ်ပျက်တွေ တိမ်းစောင်းသွားတယ်
ပွဲတော်တစ်ခုကို အခြေပြုခဲ့တယ်
အလုံးစုံရဲ့ ထွက်ပေါက်ဖြစ်စေဖို့
ပုထုဇဉ်တချို့ လှုပ်ရှားနေတာပဲ
သာမန်ထက်တော့ ထူးမခြားခဲ့
ဘုရားဈေးတန်းက ဆိုင်ခန်းတွေ ရောင်းကြ ဝယ်ကြ
စိတ်ကူးယဉ်တွေ လက်တွေ့အကောင်အထည်ဖော်ကြ
နောက်တော့ ကိုယ်လိုရာကို တူးဆွကြပြန်တယ်
အရာရာကို ကြည့်ရင်း ငေးရင်း
ပတ်ဝန်းကျင်ရဲ့ စွမ်းဆောင်ရည်ထဲ ကယောင်ချောက်ချား မျောပါခဲ့
အခွင့်အရေးဆိုတဲ့ ရယူလိုခြင်းအတွက်
ကံစမ်းမဲတစ်စောင် လက်တည့်စမ်းချင်မိတယ်
ပေါက်မဲနံပါတ်ဟာ
အသင့်ခံထားနိုင်စရာ မိုးအဖြစ် ရွာကျပါ့မလား
ဈေးသည်တွေကြားမှာ ဈေးဝယ်တချို့တွေ့တယ်
လက်ညှိုးထိုး ပူဆာနေတဲ့ ကလေးဘေးက
လိုအင်ဆန္ဒများစွာ အသက်မဲ့နေတဲ့ ကလေးတချို့ တွေ့တယ်
ပန်းရောင်းသူတို့ အသံတစာစာပေါ်
ပွဲကြိုက်ခင်တို့အသံက ဖုံးအုပ်ထားတယ်
ဒါဟာ သာမန်ဖြစ်ပျက်မှုတွေလား
မှားယွင်းခြေလှမ်းတွေဟာ ပင်ပန်းနွမ်းလျ
အားကိုးရာ မြက်တစ်ပင်အတွက်
ဘုရားခြေရင်းမှာ ဝပ်တွားခယလိုက်တယ်
တည်ငြိမ်အေးချမ်းမှုက ပျောက်ဆုံးဆဲ
ဒါဟာလည်း သာမန်ဖြစ်ပျက်မှုပဲလား
အဆုံးအစမရှိ အံချော်မှုတွေကြား
ငါဟာ ငါမဟုတ်သလို စိတ်က လမိုင်းမကပ်ဘူး
ဒီလိုနဲ့ ဖြစ်ပျက်တွေက
ကမ္ဘာကြီးအတိုင်း ၂၃ ½ ဒီဂရီ တိမ်းစောင်းသွားတယ်။



## ခင်

သက်ငြိမ်သစ်

အစအနောက်သန်တဲ့ မြစ်ကလေးကိုမှ
ရိုးနှမ်းဖို့ ကြံရွယ်မိပါတယ်

ညက
ဝတ်လစ်စားလစ် လကို ခင်းကျင်းပြသလို့

တစ်ယောက်တည်း
လရဲ့ ကိုယ်ရောင်ကိုယ်ဝါကို
ယိမ်ငယ်စွာ ခံယူနေခဲ့ရပေါ့

အခုတော့
ဝရန်တာလေးနံဘေး
တိုက်ကပ်နွယ်ပင်လေးကိုမှ
တိုးတိုးလေးပြောနေရ

ငါ့ည
ခင်လည်း လကို မော့ကြည့်နေမှာလို့

စိတ်ကူးနဲ့ ရှုးနေတဲ့
ကြယ်လေးလို

ကောင်းကင် လွင်ပြင်ကျယ်ကြီးထဲ
မှုမှုလေး လင်းနေတဲ့ အလွမ်း
အစအနောက်သန်တဲ့
မြစ်ကလေးကို ဘယ်တော့များမှ နမ်းရမလဲ

အမတွေးထဲ
ရှက်ရမ်းရမ်းနေတဲ့ ပါးပြင်နီနီရဲရဲလေးသာ
လရဲ့အလင်းမှာ အမြစ်တွယ်ခဲ့ရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com

## လမ်းလျှောက်ခြင်း

သက်နှင်းဆွေ(ပုပ္ပား)

ငါ ပစ်ချလိုက်မိတာက ငှက်တစ်ကောင်ပါ
ငါ တကယ် ရရှိလိုက်တာကတော့ အကုသိုလ် ဟင်းတစ်ခွက်
ဆိုပဲ ...
လောကကြီးရဲ့ မျက်လှည့်ပွဲတွေထဲက
ငါတို့ ဉာဏ်မမီနိုင်သေးတဲ့ ကစားဝိုင်းတွေလေ
အမှန်တရားကတော့ မလှည့်စားတန်ရာ
ငါတို့ကသာ
ကိုယ့်ကိုယ်ကိုယ် ဖြားယောင်းခြင်းတွေ များနေခဲ့။

ဘဝကို စတင်ပြဇာတ်တစ်ပုဒ်အဖြစ် ပွဲထုတ်ဖို့
ဇာတ်ဝင်တေး ရှာနေတဲ့သူဟာ ငါပေါ့
ဘဝရဲ့ ဈေးခင်းကြီးထဲ
ဘာတစ်ခုမှ ဟုတ်တိပတ်တိ ရှာမတွေ့ခဲ့သေးပါဘူး
ကိုယ့်စိတ်ကိုယ် အလိုလိုက်ပြီး
အကုသိုလ်ပုဆိုးတစ်ကွင်းပဲ ကောက်စွပ်ဖြစ်ခဲ့
ဘဝဆိုတဲ့ ရေပွက်ပမာလေးထဲ
အဆုံးမရှိတဲ့ အနိစ္စတွေပဲ တွေ့ခဲ့
သက်ပြင်းမောတွေကတော့ ညှော်ကောင်းစောင်ကောင်း။

ဆင်းရဲတွင်းက နက်လွန်းလှသတဲ့
သက်ဆိုးက ရှည်တတ်သတဲ့
ချမ်းသာခြင်းအစစ်ကို ငါတို့ တကယ်မရှာချင်ခဲ့ကြသေး
ကျရာဇာတ်ရုပ်မှာပဲ ပျော်ဝင်နေတဲ့ မာနတွေပါ
နေဝင်ချင် ဝင်သွားစမ်းပါစေ
အမှောင်ထဲ အမှောင်နဲ့ပဲ နေသားကျလာခဲ့
လွမ်းရတဲ့ ရသတစ်ခုကိုလည်း စွဲမက်နေချင်သေးသူဖြစ်ရဲ့။



တကယ့်ကိုပဲ
ငါ ချစ်ခဲ့မိပြီ ... လောကကြီးရေ
တကယ့်ကိုပဲ
ငါ ချစ်တတ်ခဲ့ပြီ ... ငါ့ဘဝလေးရေ
ဟောဒီ သံသရာရေစီးထဲ
ငါ ထုံကူးခဲ့တဲ့ ကျမ်းစာဟာ
ဘဝကို ချစ်မြတ်နိုးခြင်းသာဖြစ်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

## အဟောခွင်က ခြစားရာသီမှာ ဒုက္ခများသာ ဖြစ်ထွန်းခဲ့တယ်

သိင်္ဂါလှိုင်

ဂြိုဟ်ခွင်တစ်ခုလုံး ပါပဂြိုဟ် လငပုပ်ဖမ်းနေခဲ့တော့
ဂြိုဟ်စီးဂြိုဟ်လာတွေ မကောင်း
အစကတည်းက ရေခံမြေခံမကောင်းမှန်းသိပေမဲ့ စောင့်ကြည့်နေမိတယ်
အော်ပရာ ဆွဲဆောင်ခြင်းက မျက်လှည့်ဆရာလို
ကြိုးက မြွေဖြစ်တော့မလိုနဲ့ စကားတွေ
နှစ်ပါးသွား မကသေးဘူး ရယ်နေခဲ့ရ၊ မောနေခဲ့ရ
ဘုရားလူကြီးကပဲ လူရှင်တော်ဖြစ်သွားတယ်
မင်းလောင်းမပျောက်တဲ့ ယတြာနဲ့ ဟာသများ
လူတွေ ငေးမောကြည့်ခဲ့ကြပေါ့။

တစ်နှစ်ပြီးတစ်နှစ်သာ သင်္ကရာဇ်များသာပြောင်း
စကားလုံးတွေက အော်တိုရပ်စ်ပိစ် မိနေတဲ့ စီဒီတစ်ချပ်၊
မိုးမလင်းနိုင် ပတ်ပျိုး ခေါင်းစီးက ခါးပန်းမှာ စာရေးထားလို့
မီးခိုးငွေ့များသာ အငွေ့တလူလူနဲ့
တစ်နေရာပြီးတစ်နေရာ မရိုးတဲ့ပုံသဏ္ဍာန် အရုပ်ရေးပြခဲ့
အစိမ်းရောင်တွေ အနီလွှမ်း၊ အဝါရောင်တွေ အနီလွှမ်း၊
အပြာရောင်တွေ အနီလွှမ်းနဲ့
အနီက ရဲရဲနီ၊ အနီတွေ လမ်းပေါ် ဖြတ်စီးခဲ့ကြရတယ်။

အဖိုးတန် ဆိုတာ ထုတ်ရောင်းစရာ အတွေးနဲ့
ဖြတ်သန်းနေတဲ့ ပါပဂြိုဟ်ဟာ
ဇာတာခွင်မှာ ဖြတ်မျဉ်းဖြစ်လို့ ဥစ်မရ၊ ကသစ်မရနဲ့ ဆန်းပျက်လို့ နေခဲ့တယ်
အားရှိဖို့လည်း နို့သောက်ခဲ့၊ အကျင့်မြတ်ဖို့လည်း တစ်နပ်လျှော့ခဲ့တယ်၊
အောင်မြင်မှု လမ်းလွှဲများ
အရာမထင်
အကုသိုလ်အရိပ် မလွတ်ကင်းတာမို့
ဇာတာခွင်သက်သက်နဲ့ ဘဝကို အလျော်အစားလုပ်
မြစ်လည်း မြစ်အလျောက်၊ တောလည်း တောအလျောက်၊
တောင်လည်း တောင်အလျောက်



ယက်ညှိုးထိုးမလွဲ နာမည်ကြီး ပြက်လုံးများ တီထွင်နေမိခဲ့ နှစ်များ
'သီပေါ သုံးဆယ် ပျက်သုဉ်းမည်' စနည်းနာ စကားလုံး ဆေးမမိတော့ဘူး
ရာဇဝင်စကား၊ တကယ် 'မ' တစ်လုံးကြေ ဖြစ်ခဲ့တာပါ ဆရာတော်။

ဇာခုတော့ ရာဟုသက်ရောက်က မလွတ်နိုင်တဲ့သူ၊
စနေကလည်း ဂြိုဟ်ထောင်လို့
ဖြစ်လာတာတွေ ကောင်းမလား ကောင်းမလား ကြည့်ရင်း
ကရွတ်ကင်းလျှောက် ဖြစ်နေခဲ့ရ
ဇာချစ်က နေရာမှားနေခဲ့တယ်
ဒီထက်ဆိုးလည်း ဒီလောက် မဆိုးတော့ပါဘူး ဗေဒင်ဆရာရေ။

ကုန်ဆုံးတော့မယ့် ရာသီအထိ
ဘဝတွေက ဒုက္ခတရားသာ အောင်မြင်လွှန်းခဲ့ပါတယ်
တတိတတိ စားလာတဲ့နှစ်များ တောင်ပို့ဟာ ဖွတ်ထွက်မှာ သိလျက်နဲ့
ခေါစာပစ်ပေးနေမိတဲ့ အသိတရားများ အဆိပ်ပင်ကို ရေလောင်းခဲ့ကြ
အယူတိမ်းတဲ့ မကျွတ်မလွတ်နိုင်တဲ့ နတ်စိမ်းများသာ
စားပျော် နေချောင်လို့
ပသမိတဲ့သူများ ကျားစာသာ ဖြစ်ခဲ့ပေါ့။

ရှေ့မှာ မြင်နေရတဲ့အလင်း မြင်ရအောင် ဒီတံခါးကို တွန်းဖွင့်ကြရမယ်
ကံကောင်းဖို့က ကောင်းကံသာ အဓိကကျတာ သိထားရတော့မယ့်အချိန်
အတ္တနဲ့ရေးဆွဲတဲ့ အင်းတစ်ချပ် စွန့်ပစ်ဖို့ လိုအပ်ပြီ။

*၁၇၊ ၁၀၊ ၂၀၁၄။*



www.burmeseclassic.com

www.burmeseclassic.com

## အမှတ် ၃၁၊ ရိပ်သာလမ်း

သစ်ကောင်းအိမ်

ကိုယ် ဖန်ဆင်းတဲ့
တန်ခိုးရှင်တစ်ပါးပါးရဲ့
သနားတော်မူခံ သတ္တဝါပြန်ဖြစ်ရ
ကိုယ်လဲလှယ်တဲ့
ငွေကြေးရဲ့
ရောင်းစားခံ ကုန်ပစ္စည်းပြန်ဖြစ်ရ
ကိုယ်ထုတ်လုပ်တဲ့
စက်ရုပ်တွေရဲ့
အပျင်းပြေ ဆော့ကစားစရာ
စက်ရဲ့အရုပ်တွေ ပြန်ဖြစ်ရ
ကိုယ်တီထွင်တဲ့
ကျည်ဆန်မှာ
ကိုယ့်အသက် ပြန်ပါရ
ကိုယ်တင်မြှောက်မိတဲ့
အာဏာရဲ့အသားကို လှီးကိုက်စား
ရှင်သန်ပေါက်ဖွားလာတဲ့ လောက်
အဲဒီ အာဏာရှင်တစ်ယောက်ယောက်ကို
ဒူးတုပ် ကြောက်ရွံ့ရ
ကိုယ့်ဥတုက ရွာချတဲ့
မြူတွေရဲ့ အမြူဆွယ်ကိုခံရင်း
မြူတွေကို ကိုယ်ပြန်ချော့ရ …
ကိုယ့်ကွန်ပျူတာစ်နဲ့
ကိုယ့်စက်ဝိုင်း ကိုယ်ဆွဲ
ကိုယ့်လက်နဲ့ ပြန်ဖျက်မရ …
ဝက်ပါလုပ်တမ်း ကစား
ဝက်ပါထဲ ပိတ်မိလျက်သား …။

*၁၊ ဖေဖော်ဝါရီ၊ ၂၀၁၅။*

## နာမ်တူတဲ့သွေး

သစ်ငြိမ်း

လက်ပံတောင်းနဲ့
လက်ပံတန်းဟာ
ဓာတ်တူနာမ်တူ
နာမ်တူသတ်ရင်
သေတတ်သတဲ့။

အုန်းပင်ကို အပ်နဲ့ရိုက်
အုန်းပင် သေတယ်။

ဒါပေမဲ့
ဓာတ်တူနာမ်တူ
ဆေးဖက်ယူတဲ့။

ငါတို့တွေ
လက်ပံတောင်းဆေး
လက်ပံတန်းဆေး
လက်ပံတောင်းသွေး
လက်ပံတန်းသွေးနဲ့
နာမ်တူယူမယ်ကွာ။





www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံရေးကဗျာ**

သစ္စာနီ

သူက
အမျိုးသားပြန်လည်သင့်မြတ်ရေး
ရှူးဖိနပ်ခပ်ကျယ်ကျယ်
သူနဲ့မတော်တဲ့
၂၀၀၈ အခြေခံဥပဒေအင်္ကျီကိုဝတ်ပြီး
'သုံးသိန်းစိန်'ဆိုတဲ့ နွားနို့ဆိုင်မှာထိုင်
၂၅ ကျပ်သား ရေရောထားတဲ့ နွားနို့သောက်တယ်။
သူက
အင်းစိန်တောရ ယူနီဗာစတီထွက်
နယ်စပ်က ကယ်ဆယ်ရေးစခန်းမှာ
ဒေါက်တာဘွဲ့ရလာခဲ့တယ်။
လေးအိမ်စုသမဂ္ဂမှာ ဥက္ကဋ္ဌလုပ်ခဲ့တယ်
ထစ်ခနဲရှိ ခြေသလုံးက ခွေးရူးကိုက်ခံရတဲ့ဒဏ်ရာကို
လှန်ပြပြီး ဂုဏ်တင်တတ်သေးတယ်။
သူက
ဘီကီနီဝတ်ပြစရာမလိုဘဲ
အပတ်စဉ်ထုတ် ဂျာနယ်တွေရဲ့
မျက်နှာဖုံးမှာ အမြဲပါတဲ့
စီလီဗရစ်တီလည်း ဖြစ်တယ်။
သူက
အလုပ်မရှိရင် ဗမာပြည်ကို ၁၃၅ ပုံပုံကြည့်တယ်
(လူမျိုးပြဿနာ ဖြေရှင်းနည်းတစ်မျိုး)
'ပြည်တွင်းငြိမ်းချမ်းရေး'အမည်နဲ့
ယားနာပျောက်ဆေး ထုတ်ရောင်းတယ်။
လင်ကောင်မပေါ်ဘဲ လမ်းဘေးမှာစွန့်ပစ်ခံရတဲ့
သပိတ်စခန်းတွေရဲ့ အဖေဟာ
သူပါလို့ စွပ်စွဲခံရသေးတယ်။
သူက
ပီအာတဲ့ ခြေဥပြင်တဲ့ ငြိမ်းစုစီတဲ့
မျိုးစောင့်တဲ့ ဗီဒီယိုဂိမ်းတွေ
ကစားရတာ ဝါသနာပါတယ်။
သူက
ပုဒ်မ ၁၈ တို့ ၅၀၅(ခ)တို့နဲ့တော့
ဖောက်သည်ဖြစ်နေတာကြာပြီ။
သူက
အရင်က လက်ဝဲတောအရက်ကြိုက်တယ်
အခုတော့ လစ်ဘရယ်ဒီမိုကရေစီ ဝီစကီမှတဲ့
ရက်ဒီကယ်တစ်ယောက်ဆို
ဆော်ဒါတောင်မရောဘူး။
တစ်ခါက
နေပြည်တော်မောင်ရစ်ရဲ့ ဖာတ်မှာ
မျှော်တော်ယောင်ဒေဝီနဲ့တွဲပြီး
နှစ်ပါးသွားလည်း ကဖူးတယ်။
၁၉၉၀ က
မြန်မာ့နွေဦးဆိုတဲ့ သီချင်းခွေထုတ်ဖူးတယ်
မိုးကူးနဲ့တွေ့လို့ အရင်းတောင်ပြန်မရဘူး။
အခု
'ရွေးကောက်ပွဲ ၂၀၁၅' ဆိုတဲ့ရုပ်ရှင်ကားမှာ
အဓိကဇာတ်ကောင်နေရာက ပါဦးမယ်တဲ့
ထုံးစံအတိုင်း ဗီလိန်ကတော့
'ငတေ'တို့အဖွဲ့ပဲ။
သူ့ကို
ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ
မုံးခွဲခံရတုန်းက မွေးတာတဲ့
သူ့အရပ်က
ဓါးအောင်ဆန်းစုကြည် ပုဝါလောက်ရှည်တယ်
သူ့အသားက
သမ္မတကြီးရဲ့ တိုက်ပုံလောက် ဖြူတယ်
သူရဲ့ကိုယ်အလေးချိန်က
လွှတ်တော်ဥက္ကဋ္ဌရဲ့ ကုလားထိုင်လောက် ရှိမှာပေါ့
သူ့နာမည်က နိုင်ငံရေးလေ။



www.burmeseclassic.com

www.burmeseclassic.com

**တရားခံ**

သစ္စာပိုင်စိုး

ဒဏ်ရာဒဏ်ချက်တွေနဲ့
အသက်လုပြေးခဲ့ရ
လောကစံရှစ်ပါးမှာ
ကိုယ်မှားခဲ့သောအမှုနဲ့ ကိုယ်ပြုခဲ့သောအကြောင်းများ
ကိုယ့်ခေါင်းအုံးအောက်မှာ ကက်ကိုဘိန်းရဲ့သေနတ်နဲ့
ကိုယ့်ရင်ဘတ်မှာ နေကြာပွင့်ပုံကျည်ကာတ်နဲ့
ကိုယ်ဖြတ်ခဲ့သော တောနက်မှာ
ကိုယ်ဟာ သားကောင်လား
ကိုယ်ခန္ဓာမှာ
အဝိဇ္ဇာဟာ ဖုန်လို သဲလို အမှိုက်သရိုက်လို
ကိုယ်သောက်မျိုခဲ့သမျှဟာ
မီးလား
ရေလား
ကိုယ်ရောက်ရာအရပ်က
လူမနီး သူမနီး
သူစိမ်းတရံစာတွေချည်းရှိရာ
ကိုယ့်အော်သံမှာ
အသက်ဟာ ပြာဖြစ်ရုံပဲ။



**ဖိနပ်နဲ့ သေနတ်**

သစ်အောင်နိုင်

ခြေလှမ်းများ
မိုင်ရှည်ချီထခဲ့ရာ ကျောင်းသားခြေလှမ်းများ
တဖျပ်ဖျပ် ဖိနပ်သံတွေဟာ
ကြောက်တတ်သူတွေအတွက်
သေနတ်သံပဲ သူငယ်ချင်း။



www.burmeseclassic.com

www.burmeseclassic.com

## လစ်ဟာမှုဟာ ကျသွားတယ်

သည်မော်နိုင်

လက်စွပ်က တွင်းထဲကျသွားလို့ကောက်တာပါ၊ တွင်းကတော့ အရင်တွင်း၊ လောက် မနက်သေးဘူး တွင်းဝကလည်း ချဲ့ပြုထားတာ မရှိသေး၊ အမေပေးတဲ့ လယ်တစ်ကွက်ဆိုတာတော့ မဟုတ်တော့ဘူး ထွန်ယက်ချင်နေတာ အခု တပ်ပိုင်မြေ မကျူးကျော်ရတဲ့၊ ရေဟာ ပိုးသတ်ဆေးတွေ စင်အောင်ဆေးလို့ ကာရာအိုကေလည်း ဆိုပေးနေတယ်၊ မေ ၂၄၊ အဆိုကလည်း ကောင်းမှ ကောင်း၊ ဒဏ်ရာရနေတဲ့ အသေကောင်အောက်မှာ ချိန်ကိုက်မိုင်း ထားထား သလို၊ လုပ်ဟာလိုက်တာနဲ့ စမန်ထ တိုးဝင်လာတာ၊ ပြောသေး၊ ဝင်လာတာ နဲ့ တွင်းဝဟာ ပြည့်သွားတာတဲ့၊ ပြီး အုံခဲနေတယ်တဲ့၊ တစ်ပတ်ကြာတော့ ဒီအကြားက တောင့်တလာတယ်၊ အင်း အတိအကျဆို ၅ ရက်နဲ့တစ်ပိုင်းမှာ၊ ၁၉၄၈ နောက်ပိုင်းမှမဟုတ်ဘူး၊ ရှိမနေတာက ငြိမ်းချမ်းမှု၊ ရှိနေတာက ရေနံ၊ တစ်ရက်ကို ၅ ခါ၊ ဖျာရာနဖူးမှာ ထင်းလိုတဲ့၊ ရေဘဝဲများလို လက်တံရှည် များစွာ ဆန့်ထုတ်လို့ သိမ်းပိုက် လွှမ်းစီးမိအောင် ကြိုးစားနေ၊ ကိုယ့်ကိစ္စကိုယ် မဖြေရှင်းချင်တော့ဘူး၊ အလံဟာ တင်ထားတယ်၊ ၄ ဦးဟာ မွေ့ရာပေါ်မှာ ကျသွားတယ်၊ အပြင်ကကြည့်ရင်တော့ တံခါးနဲ့ပြတင်းနဲ့၊ အထဲကိုဝင်လိုက် တော့ ဘာသာရေးဒစ္စကို လုပ်ထားတာ၊ အချွန်ဟာ မတ်နေတယ်၊ မနက်ဆို လက်ညှိုးဟာ မျက်နှာကြက်ကို ထိုးနေတယ်၊ ဟိုး မျက်နှာကြက်ကိုလေ၊ တပ်ပိုင်မြေကိုပဲ အခုတော့ ထွန်ယက်နေရတယ်၊ ခါးတောင်းကို မြှောင်အောင် ကျိုက်ထား၊ ထယ်ကြောင်းဟာ မှန်နေရမယ် ညီနေရမယ်၊ ရေလာရင် အသင့် ဖြစ်အောင် မြောင်းကိုဖောက်ထားတာ၊ ဘာမှ အတိုက်အခိုက်ကြီးတွေ မရှိဘူး၊ အရိုးထဲမှာ အားကရှိပြီးသား၊ ပြီးခြင်းတွေ သယ်လာမှာ၊ ခြေဖဝါးမှာ အရေပြား အစင်းတွေအလိုက် ဘရပ်ရှ်ကို ပွတ်တိုက်လိုက်ရတယ်၊ ညာဘက်ပြီးတော့ ဘယ်ဘက်၊ ထွန်ယက်သလို မြေသားစတွေ အစင်းလိုက် အမြှောင်းလိုက် ပါသွားတယ်၊ စာလုံးကို တစ်လုံးချင်း အသံထွက်နေရသလို တစ်ထစ်ချင်း၊ မျက်လုံးဟာ တောင့်တလို့ ကျေနပ်လို့၊ ပခုံးပေါ်ထမ်းတင်ထားတဲ့ သလုံးသား ဟာ တင်းလို့၊ ဝက်မှင်ဘီးနဲ့ ဖြီးချလိုက်သလို ညီလို့၊ လိုဂိုလေးတစ်ခုပါ အတွင်းနှုတ်ခမ်း အပြင်နှုတ်ခမ်းသားတွေ စုံညီတယ်၊ အရောင်ဟာ စုံညီတယ်၊ သီတာထွေးက လှစ်ပြလိုက်တာ၊ မရေမရာ မသဲကွဲမှုတွေကို မျှော်လင့်ချက် ကင်းမဲ့တဲ့အထိရောက်အောင် တွန်းပို့နေလမ်းကလေးရဲ့ ခပ်ပျော့ပျော့မြေသား တကယ်တော့ အထဲကသူတွေနဲ့ သူတို့ဟာ လက်ဝါးချင်းရိုက်ခဲ့တာ ထဝ်ဇေ



ကြတာ ဒီအဖြစ်တွေဟာ လမ်းပေါ်ကနေ မြောင်းထဲကို ရေညစ်ထုတ်ပြွန်တွေ ကနေ မြစ်တွေထဲကို စီးဆင်းပြီး နောက်ဆုံးမှာ မည်းမှောင်နက်ရှိုင်းလှတဲ့ ဆံစတွေကိုဆွဲတာ အရှိန်ဟာ ဖျော့တော့သွားသည်ထိ ...။



www.burmeseclassic.com

www.burmeseclassic.com

**နာရီ**

သိန်းခေါင်ငြိမ်းသစ်

အချိန်စီးဖို့ မလိုဘူး
အချိန်မှန်ဖို့ပဲ လိုတယ်

အသက်က ကြီးဖို့ မလိုဘူး
အသက်ဓာတ်စီးဖို့ပဲ လိုတယ်

အနာတွေ ရေတွက်ဖို့ မလိုဘူး
အနာတွေနဲ့ ရယ်တတ်ဖို့ပဲ လိုတယ်

နှစ်ကာလတွေ
ရေကြည့်လိုက်တော့
ရင်ထဲက စစ်ခနဲ နာတယ်
ကျွန်တော် ရယ်ပါတယ်

**ညီစေ**

သိမ့်မောင်မောင်

အမိမြန်မာပုံရိပ်
သိပ်သည်းကျစ်လျစ်
ဖြစ်တည်နေလိုက်တာ
လှလို့ ပလို့

.... မည်သို့ပင်ဆိုစေကာမူ
'မောင်မင်းမျှား ဘုရား' ဆိုတဲ့ခေတ်
'လူကလေး၊ သခင်ကြီး' ဆိုတဲ့ခေတ်
'ဘိရှမာ၊ ချူးရကား' ဆိုတဲ့ခေတ်
'လုပ်သားပြည်သူအပေါင်းတို့' ဆိုတဲ့ခေတ်
'စစ်အုပ်ချုပ်ရေး' ဆိုတဲ့ခေတ်
'မိဘပြည်သူများခင်ဗျား' ဆိုတဲ့ခေတ်

အသံတွေ၊ ရုပ်တွေ အနိစ္စဖြစ်တဲ့ ခေတ်အဆက်ဆက်
ဇုကွတွေကတော့ နိစ္စဖြစ်မြဲ
လဲကျခဲ့ရတာလည်း ဒီလူတွေ
ဝဲစွဲခဲ့ရတာလည်း ဒီလူတွေ
နှူးရတာလည်း ဒီလူတွေ
ရှုပကအလင်္ကာ မပြောက်ဘူးကွယ်

ကူမယ်၊ ကယ်မယ် ပြောသူတိုင်းက
တဒိုင်းဒိုင်းနဲ့ ထုချေသွားကြ

ရောင်းစားလိုက်ရတဲ့ လူသားတန်ဖိုး
အကျိုးအကြေးပဲရခဲ့ပေါ့
ဝင်ငွေအလတ်တန်းတွေက ငတ်မှန်းမသိငတ်
ဝင်ငွေအနိမ့်တန်းတွေက ငတ်ပြီးရင်းငတ်





www.burmeseclassic.com

www.burmeseclassic.com

အကျပ်လွန်းတဲ့ ဝက်အူရစ် ပြတ်ထွက်ရမယ်
တင်းလွန်းတဲ့ကြိုး ပြတ်ထွက်ရမယ်
သေနတ်ထက်ပိုပြီး အားပြင်းရမယ်။



**စစ်-၃၅**
သွယ်ဘ

မိုးအောင်းလှုပ်ရှား ပြန့်ကားလာတဲ့ အကြွမ်းဖက်ကွန်ရက်
အမှိုက်ထဲ ဖုံးရောက်နေကြောင်းကို အရှူးကောင်ဂျိုဟတ်က ရယ်စရာလို
လာပြောနေတယ်
ခနရာတိုင်းမှာ ကလာပ်စည်းအဖွဲ့ဝင်တွေရှိမှတော့
သတိကို အရေးပေါ်ကိုင်ထားရတယ်
တိတ်ဆိတ်နေတဲ့နေ့တွေက ပေါက်ကွဲမှုနဲ့ အဆုံးသတ် အလုပ်များနေတတ်တယ်
တစ်ခြားဘဝတစ်ခုဆီသွားဖို့ဆိုတာ သိပ်ကို လွယ်ကူလွန်းနေပါတယ်
ရှုပ်ယှက်ခတ်နေရာတွေဆို ကြွက်တွေ အကြိုက်တွေ့တော့တာပဲ
စားမယ်ဝါးမယ် ပြီးရင်ပုန်းရှောင်ပြေးမယ်
မြေအောက်ခန်းထိ တိုးဝင်ပျောက်ကွယ်သွားမယ်
ကမ္ဘာလှည့်သွားလာနေတဲ့ စစ်ဘတ်စ်ကားကြီးတွေကို လူတွေဝိုင်းအုံကြည့်နေကြပြီ
ကြည်လင်စရာမမြင်ဘူး
ခင်ဗျားစိတ်တွေ တစ်စီဖြစ်သွားဖို့ အထူးစွမ်းဆောင်ရည်တွေ တင်ဆောင်လာတယ်
ခွေးကလေးကို ကြိုးနဲ့ဆွဲလို့ အပြီးသတ်ချေမှုန်းပစ်လိုက်တယ်
အသံတိတ်ကီရိယာဟာ တဘက်ကိုတော့ အလုံးအရင်းဆုံးသွားစေတာပဲ
တချို့လူတွေက စစ်ကိုငြင်းဆန်ဖို့ ဆုတောင်းရင်းခွန်းအားယူနေကြ
ကမ္ဘာပေါ်က အနားယူသွားတဲ့စစ်တွေကိုတော့
မေ့ပစ်နိုင်အောင် ကြိုးစာကြည့်မယ်
အရပ်ရှည်ရှည်မုတ်ဆိတ်နဲ့စစ်က ကလေးငယ်တွေကို
အရှင်လတ်လတ် ဆုတ်ဖြဲလိုက်ကြတာ
နေ့ကောင်းရက်မြတ်တွေကို ရွေးချယ်အရောင်းအဝယ်လုပ်လိုက်တယ်
စစ်ရဲ့အဓိပ္ပာယ်တွေ ဟိုတစ်စဒီတစ်စပြန့်ကြဲနေတယ်
မကျေနပ်တဲ့အပြုံးနဲ့ မျက်နှာပြင်ကို ကျယ်ကျယ်ဖွင့်ပစ်တယ်
ဆိုးရွားတဲ့နှလုံးအကွက်နဲ့ စတင်ရွှေ့တယ်
အဝေးဆုံးကို ထွက်ခွာသွားနေသူတွေဆီ
ဘုရားသခင်က တစိုက်မတ်မတ် စိုက်ကြည့်နေမယ်။ ။



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်တို့ရွာမှာဖြစ်တဲ့ စစ်ပွဲ

သွယ်လေး

အရှေ့ပိုင်းက – ကိုတုတ်ကြီး၊ မအေးပွင့်၊ ကိုသိန်းကျော်၊ လက်ကောက် အေးဆောင်၊ မခင်တင့်၊ မငွမ်းပုံ၊ ကိုမှန်ကြီး၊ မပြုံး၊ ဝဲထူ (ခ) မျိုးသန့်အောင် အောင်၊ ကြီးတော်အေးငွေ၊ မသာလှ၊ ကိုကြီးထူး၊ သီးသာလွန်၊ ဘိုးပေါက်၊ မမိငယ်၊ ပိစိ၊ ချိုလေး၊ အငယ်လေး၊ စိန်ကြောင်၊ ကိုသိန်း၊ ဒေါ်ဂေါက်၊ မြင့်သိန်း၊ ကိုလေးအုန်းခင်၊ ထူးထူး၊ မပွားလေး၊ စန်းစန်းတင့်၊ ဖွန်ပွင့်ဖြူ၊ အနောက်ပိုင်းက – ကိုကြီးအေးမြင့်၊ စိုင်းအောင်မွန်၊ မဂျာနန်း၊ ပူတူးလေး၊ အကြီးကောင်၊ အငယ်ကောင်၊ ခင်ရတနာပပဖြိုး၊ မှန်ကြောင် (ခ) ရာဇာ အောင်ခင်၊ ဦးလေးကြွား၊ အဘွားမှတ်၊ မငယ်မ၊ သီရိရွှန်းဝေ (ခ) မစွာကျယ်၊ မချော၊ ကိုလေးတင့်ဆန်း၊ ဘိုးလေးသန်းကျော်၊ ဒေါ်လေးသန်းအေး၊ ကြီးတော် စိန်၊ ကိုအောင်ခင်၊ မမိထော၊ စည်ပိုင်း (ခ) ချောကလျာခင်၊ ကိုအောင်သိန်း၊ တောင်ပိုင်းက – အဘိုးဦးထူး၊ ဦးဆောင်ကြိုင်၊ ဦးအောင်မင်း၊ ကိုတင့်နိုင်၊ ကိုလှသန်း၊ ခြေခွင်သာအောင်၊ မမြင့်ကြည်၊ မမကြူ၊ မမမူ၊ ခင်လေး၊ ပိုင်းတုံ၊ ဖိုးလပြည့်၊ ကိုကြီးကျော်ဦး၊ ဦးလှနိုင်၊ ဝေယံမင်း၊ မျိုးကျော်၊ အောင်သိန်းဝင်း၊ တင်ဇာနိုင်၊ မသက်မွန်၊ ကိုစိုးလွင်၊ ကိုရန်ကျော်၊ မနန္ဒာ၊ ကိုလေးအောင်၊ ကိုတုတ်ကြီး၊ အသေးလေး၊ ဖိုးကုလား၊ မအိဖြိုး၊ ကိုဖြိုးကြွယ်၊ ကိုကြီး အောင်ကျော်၊

မြောက်ပိုင်းက – မောင်မြင့်အောင်၊ အီးတီ (ခ) စိုးဝေနှင်း၊ ဝင်းကို၊ ကိုကြီး အောင်မော်၊ သီးပေါက်စ၊ အဘွားကြင်ရွှေ၊ ဦးအောင်သန်း၊ အဘစိန်၊ အဘသီးကျော်လှ၊ မလေးမွန်၊ ကြီးတော်နိုင်ခင်ဦး၊ ဒေါ်တင်လှ၊ သီးခင်ဝင်း၊ ကိုလုံးတင်၊ မစိန်မိ၊ ဖိုးသားလေး၊ မျက်ပြူး၊ ကျော်ရင်၊ကိုကြီး လှအောင်၊ ကြီးတော်အမာစိန်၊ အောင်ရဲကျော်၊ ဖိုးထွေး၊ မရွှေငွေး၊ မမဝင်း၊ မမနိုင်၊ ကိုပြည့်၊ မလုံးတင်၊

တချို့ သေဆုံး ...။ တချို့ ဒဏ်ရာရ ...။ တချို့ ဒုက္ခိတ ...။

တချို့ မိဘမဲ့ ...။ တချို့ တိမ်းရှောင်စွန့်ခွာ။ တချို့ ကျိုးလန့်စာစား ...။

တချို့ ခေါင်းလောင်းသံမျှော်။ တချို့ တွဲလက်ကိုစောင့် ...။

တချို့ အလင်းရောင်ကို ဝေ်မွတ် ...။

တချို့ ...။ တချို့ ...။ တချို့ ...။

## အပြုံသဘော သုံးဆောင်မှု

သျှိုသူအောင်

စိတ်ကူးအိပ်မက်ဆိုတာ
ပါဆယ်ထုပ်တစ်ထုပ်ပါပဲ ...
ရာစုအမှတ် ၂၁ ကို ဖွင့်ချ
ကိုယ့်ဘဝနဲ့ကိုယ် မွေ့ပျော်နေချိန်များ
သားရေပေါ် အိပ်ပေမဲ့ သားရေနားတော့ မစား

မိုးမျှော်အဆောက်အအုံများနဲ့ ခေတ်မီ
စုန်ချည်ဆန်ချည် ငါ့မနက်ဖြန်အခန်းထဲ
စဉ်းစားဆဲ၊ မဖြည်ရသေးတဲ့ အထုပ်ထဲမှာ
စိန်နဲ့ သံပရာ၊ ရေခဲချောင်းနဲ့ စိမ်းစားဥ
မင်းကွတ်သီးနဲ့ သကြား၊ တေဇောပန်းနဲ့ ခါချဉ်ကောင်
ပီသားတစ်စု အခန်းထဲမှာ ...
သမုဒ္ဒရာ ဝမ်းတစ်ထွာနဲ့ ကြက်သီးမွေးညင်း
အုပ်စုလိုက်အထီးကျန်မှု ရှိတယ်။

အထီးကျန် အားလပ်ရက်တငွေ့ငွေ့ထဲ
ပီပါးမိုးနဲ့ တိမ်းရှောင်နှင်း
ခတ်သီးကောင်း လျှာပါးနဲ့ အပ်ကြောင်းထပ် ဘာသာစကား
ငါလို ကိုယ်ခင်းကျင်းတဲ့ တစ်နေ့တာစားပွဲပေါ်မှာ
ခြင်၊ ယင်နဲ့ ပုရွက်ဆိတ်များ
ဖက်လက်စ စာအုပ်ထဲမှာ
ပြုံးနေတဲ့ ခွေးသွားစိပ်နဲ့ တုံးနေတဲ့ ဓားများ
ဓလလုံပုလင်းထဲမှာတော့
လိုးလွှဲအဖြေများနဲ့ ပင်နယ်ဆလင်ဆေးပြား။

မရည်တက် ကွန်ကရစ်လမ်းကို ကြည့်ရင်း
ကမ္ဘာ့တိုက်ကြီးများအကြောင်းကို သိလာ ...
ပယောက်ဖောင်းရှေးကွက်များကို ကြည့်ရင်း
ငါးမျှားရေးအတွက် ဆေးတစ်ခွက်ကို ရလာ ...

www.burmeseclassic.com

www.burmeseclassic.com

ကြိတ်ကြိတ်တိုး ဘတ်စ်ကားများကို စီးရင်း
လူမှုရေးပထဝီဝင်ကို နားလည်လာ။

မရေမရာ ရက်ချိန်းလွဲ အချိန်မှဲ့မှုများ
ကားလိပ်မဖွင့်ရသေးတဲ့ ငါ့အမျှော်အလွမ်းများနှယ်
လွတ်လွတ်ကျွတ်ကျွတ် ကန်သွင်းခွင့်မရတဲ့ ငါ့အဓိပ္ပာယ်ထဲမှာ
ကွင်းပြင်ထွက်သွားတဲ့ ပန်းတိုင်နဲ့
တစ်ဖက်လူ ဖြတ်လုသွားတဲ့အိပ်မက် ရှိတယ်။

သွက်သွက်ခါ ပန်းပွင့်ပေါ် အဆိပ်သင့်
လွင့်ကျသွားသော လိပ်ပြာတစ်ကောင်လို
တရှုတ်ဆဲ ငါ့ညနေရဲ့ ဣန္ဒြေ ...
ကံခေမှုကို မီးညှိဖွာရှိုက်၊ ဗိုက်ပေါက်နဲ့ စားသောက်နေပုံ
အလုံးစုံရှိတယ်။

တိကျသေချာ ရေရာသည်များ
နှလုံးသားမှာ လျောင်ထားပါတယ်
စက်နဲ့လုပ်တဲ့ ပန်းတစ်ပွင့် မလိုဘူး
ရင်နဲ့လုပ်တဲ့ ရနံ့တစ်စပဲ လိုတယ်
စိတ်ထဲဝှက်ထားတဲ့အရာ
ဘယ်သူ အမည်ဖော်နိုင်မလဲ ...။

တစ်ကိုယ်ရေ ငါ့အခန်းထဲ
စားပွဲပေါ်က တလွင့်လွင့် စာရွက်ခေါက်ထဲမှာ
ဘာမှ ရေးမထားဘူး။



## လေယာဉ်ပစ်အမြောက်

ဟံလင်း

ငါ မှားသွားတယ် ငါ စိတ်မကောင်းဖြစ်မိတယ် ငါ အားနာမိတယ်
ငါ မပြုမိခဲ့ရင် ကောင်းမှာ
ငါ့ကို ကြည့်မရတဲ့ အယ်ဒီတာတွေခမျာ
ပါးစပ်အဟောင်းသားနဲ့ လက်တို့တုန်ယင်လျက်
ငါ့ကိုကြည့်လိုက် ငါ့ကဗျာကိုကြည့်လိုက်
ငါ့ကိုကြည့်လိုက် ငါ့ကဗျာကိုကြည့်လိုက် ဖြစ်လို့
ကျွန်တော် တောင်းပန်မယ် ဆောရီး
နောက် ဒီလိုမပြုတော့ပါဘူး ခွင့်လွှတ်ဖို့ ဆောရီး
ငါ့မျက်လွှာကိုအသာချ သူတို့လက်ထဲက ငါ့ကဗျာ ငါ အသာအယာ ပြန်ဆွဲယူခဲ့ရ

ဒီနေ့ညနေတုန်းက လသာလမ်းမှာ
ပုရစ်ကြော်တွေ ဟိုးအဝေးကို ထပျံကုန်ကြတယ်
ဘယ်သူ့ကို အပြစ်တင်လို့ တင်ရမှန်း
ဈေးသည် မသိဘူး ငါလည်း မသိပါဘူး
ရှုရှုအကြောင်း သိသလောက် ပြောပြဆိုတော့
ငါ့ခေါင်းထဲ မာယာကော့စကီးနဲ့ ဗော့ဒကာပဲ
ပူပြင်းလွန်းတဲ့နေကြောင့် ကြောင်သေဟာ အရိုးမြန်မြန်ပေါ်ခဲ့တာလို့
အများက ယူဆကြပြီ
ခွေးကတော့ ဖက်ဖူးစိမ်းရောင် ကြွတ်ကြွတ်အိတ်ကို လက်နဲ့ဖိပြီး
ပါးစပ်နဲ့ ဆွဲဖြဲနေပြီ

ကိုယ်နဲ့မသိတဲ့ ကြောင်တွေကို လုမ်းနှုတ်ဆက်မိကြတဲ့အခါတိုင်းမှာ
ငါတို့လက်ထဲ ဘယ်လိုကနေ ဘယ်လို ရောက်လာ
ရဲသားကိုင်တဲ့ ဘေ့စ်ဘောတုတ်များ
ပြိုင်တူပစ်လိုက်ကြတဲ့ ဘူးမရန်းတွေလည်း ငါတို့ဆီပြန်လာဖို့ နေနေသာသာ
ရုတ်တရက် ကျွတ်ထွက်သွားတဲ့ ကားဘီးတွေ ကားဆီပြန်လိမ့်မလာသလိုပေါ့
အိမ်တိုင်းအိမ်တိုင်းမှာ တက်တူးပါသောအရေပြားများဖြင့် လုလုပပ ဇီးပုံးများ



www.burmeseclassic.com

www.burmeseclassic.com

ငါ့ကို တစ်ညလုံး မြို့အနှံ့ လိုက်ရှာနေခဲ့ပုံရတဲ့ ငါတို့ခွေး ဆူးမီဟာ
မနက်စောစော ငါ့ကိုလှမ်းအတွေ့
သူ့မျက်ခုံးတွေ ဖြောင့်တန်းသွားတဲ့အထိ ပြုံးပြီး
ငါ့ဆီ တစ်ဟုန်ထိုး ပြေးလာပြီး မတ်တတ်ရပ်ကာ
ငါ့ကို မလွှတ်တမ်း ဖက်ထားတော့တယ်
ကလောပင်ဟိုတယ်နားမှာ ပြန်တွေ့ကြတာ ငါတို့ပေါ်ကို နှင်းတွေကျလို့
ဆူးမီ မရှိတော့ဘူး ဆူးမီက ရွှေညိုရောင်

ပီကာဆို ကောက်ကြောင်းနဲ့ အင်ဒီဝါးဟိုး အရောင်တွေကို ငါရောမယ်
ငါရောမယ်ဆိုတာ ငါကိုယ်တိုင်ရောမှာတော့ မဟုတ်ပါဘူး သူများကိုရောခိုင်းမှာ

ခေါင်းစွပ်ဝတ်ရုံတွေနဲ့ မီးခိုးရောင် လမ်းသွားလမ်းလာတွေကို
အသန့်စင်ဆုံးသော နွားနို့တွေ ပေးဝေနိုင်ခဲ့တယ် အညီအမျှသောက်
အပင်က မြင့်လွန်းလို့ အသီးကို ခဲနဲ့ပိုင်းပစ်ချကြရတယ် ပင်စိမ်းသီး
ဗမာစကားမတတ်တဲ့ အီတာလျံလူမျိုး
ကက်သလစ်ဘုန်းတော်ကြီးဟာ အလွန်နူးညံ့သိမ်မွေ့
ငါတို့အိမ်ကို လာတိုင်း
ငါ့အတွက် ရောင်စုံချိုချဉ်တွေ ချောကလက်တွေ ယူလာတယ်
ရောင်စုံခဲတံတွေ ရောင်စုံဖယောင်းတံတွေလည်း ပါပါတယ်
ငါ အရောင်ခြယ်တယ်

စာမတတ်ပေမဲ့ စိတ်နှလုံးမွန်မြတ်သူ သိုးထိန်းလူငယ်ရဲ့ လျှာပေါ်
ကာလီမယ်တော်ဟာ ကရုဏာအပြည့်နဲ့
ရှားပါးမြင့်မြတ်လှသော သင်္ကေတစာအချို့ ရေးပေးခဲ့ရာ
လူငယ်ဟာ ကမ္ဘာ့ မဟာကဗျာဆရာ ကာလီဒါသဖြစ်လာ

ဘယ်လိုမှအရာမထင်တဲ့ တံဆိပ်တုံးကို လက်တွေတွဲပြီး
ဖွဲ့ဖွဲ့နွဲ့နွဲ့ အပြစ်တင်ကြတယ်
အမေရိကန်သမ္မတရဲ့ လုံခြုံရေး ကိုယ်ရံတော်တစ်ယောက်လို
အားလုံးကို ငါ တစ်ချက်ဝေ့ကြည့်လိုက်တယ် ဖိန့်ဖိန့်ပေါ့
နေကာမျက်မှန်ကို အကာအကွယ်ယူပြီး ကြည့်လိုက်တာပါ
ကျောင်းသားဟောင်းကြီးတချို့ဟာ ရည်ရွယ်ချက်ရှိရှိနဲ့



ဓာတ်ခွဲခန်းထဲက ဓာတုပုလင်းတွေကို နာမည်တလွဲတွေ ပြောင်းတပ်ခဲ့ကြတယ်
ပြိုင်မြင်းတွေအချင်းချင်းလည်း ခြေထောက်လဲတပ် ခေါင်းလဲတပ် လုပ်ကြပြီ

ငါ့ဆီလာတဲ့ အိန္ဒိယကို အထီးလား အမလား ငါမေးမိပြန်တယ် မကောင်း
သမ္မာကျမ်းစာထဲကနေ ထုတ်ပယ်ခြင်းခံခဲ့ရသူတို့သာ
ငါ့ကိုအပြည့်အဝ နားလည်ပေးနိုင်ကြတယ်
ဂျွန်ကိစ်ဟာ မေးစေ့လက်ထောက်ပြီး ငါ့ကို အမြဲတမ်း ငုံ့ကြည့်နေလိမ့်မယ်
ကောင်းကင်ပေါ်မှာ မီးခိုးနဲ့ ကဗျာရေးတဲ့ လေယာဉ်တွေကို
ငါ တော်တော်အမြင်ကတ်
ငါ သူဌေးဖြစ်တဲ့နေ့မှာ လေယာဉ်ပစ်အမြောက်တွေ ငါ အများကြီးဝယ်မှာ။

၂၂၊ ၁၁၊ ၂၀၁၄။


www.burmeseclassic.com

www.burmeseclassic.com

## ဖားတွေဟာ ဟိုဘက်ဘဝ

ဟင်နရီမိုး

ဖားတွေရဲ့ခန္ဓာဟာ တော်တော်ပူမယ့်ပုံပဲ
ကြည့်ပါလား မြက်ခင်းထဲ ရေအိုင်ရေစပ်တွေအောက် ထာဝရခိုမှီးနေရတာ
ဖားတွေဟာ ဟိုဘက်ဘဝက မုသားပြောခဲ့ပုံပဲ
ကြည့်ပါလား အဲဒီလျှာနဲ့ရှာဖွေစားနေရတာ
ဖားတွေဟာ ဟိုဘက်ဘဝက အတော်ခြောက်လှန့်ခဲ့ပုံပဲ
ကြည့်ပါလား မျက်လုံးတွေ အမြဲပြူးကြောင်နေကြတာ
ဖားတွေဟာ ဟိုဘက်ဘဝက တော်တော်ကဲ့ရဲ့ခဲ့ပုံပဲ
အခု အရုပ်ဆိုးအကျည်းတန်နေရတာ
ဖားတွေဟာ ဟိုဘက်ဘဝက ဝါဒမှိုင်းတိုက်ခဲ့ပုံပဲ
အခု အမြဲငိုက်မျဉ်းနေနေကြတာ
ဖားတွေဟာ ဟိုဘက်ဘဝက မိစ္ဆာဒိဋ္ဌိဖြစ်ခဲ့ပုံပဲ
ကြည့်ပါလား အခု မတော်တရားမျိုးပွားနေရတာ
ဖားတွေဟာ ဟိုဘက်ဘဝက မတော်မတရားနှိပ်စက်ခဲ့ပုံပဲ
ကြည့်ပါလား အခု အမြဲအရိုက်အနှက်ခံနေရတာ
ဖားတွေဟာ ဟိုဘက်ဘဝက တော်တော်မိုက်တွင်းနက်ခဲ့ကြပုံပဲ
ကြည့်ပါလား အလင်းရောင်ကို မခံယူဝံ့တာ
ဖားတွေဟာ ဟိုဘက်ဘဝက မတော်မတရားသိမ်းပိုက်ခဲ့ပုံပဲ
အခု အမြဲပြေးလွှားပုန်းရှောင်နေရတာ
ဖားတွေဟာ ဟိုဘက်ဘဝက မတရားမျိုခဲ့ဆို့ခဲ့ကြပုံပဲ
ကြည့်ပါလား အခု သူတို့ရဲ့ ပါးစပ်ကြီးပြဲကားနေရတာ
ဖားတွေဟာ ဟိုဘက်ဘဝက အသိအမြင်တွေ ပိတ်ဆို့ခဲ့ကြပုံပဲ
အခုဘဝမှာ နားပင်းနေနေရတာ ဖားတွေဟာ
သူတို့ရဲ့အကြောင်းကို ပြောမှာစိုးလို့တဲ့
တီကောင်တွေကို အမြဲလိုက်လံသုတ်သင်နေရ
ပိုးကောင်တွေအဖြစ်နဲ့ သူတို့ရဲ့ ကုသိုလ်တွေ ပျံ့သန်းလာမှာစိုးလို့တဲ့
အမြဲရှင်းလင်းပစ်နေရ
ဖားတွေဟာ ဟိုဘက်ဘဝက တော်တော်ဖားခဲ့ကြပုံပဲ
ကြည့်ပါလား အခု ဖားအမည်နဲ့ ဖားလာဖြစ်နေကြတာ။



## လောကရိုင်းထဲက ငါ့ဒိုင်ယာရီ

ဟန်နွေလ

အသည်းကွဲမှ သီချင်းဆိုလို့ ရတဲ့စိတ်ရယ်
ဘဝနာမှ ကဗျာဖြစ်တဲ့ အနုပညာကို ငါ ကြောက်လာတယ်။
တောင်ထိပ်က ဇီဝဖိုးတွေ ရင်ကွဲနာမကျချင်
တိမ်ပေါ်မှာအိပ်နေရတာ ပျော်သလို
ခဏတာအတွက် ငါ့ရဲ့ ယစ်မူးသာယာမှုများ ...
ငါ ... သူတစ်ပါး ... ယောကျ်ား ... မိန်းမ ...
စာနာမှုမရှိတဲ့ ဒုက္ခဘုံက အတ္တသားရဲတိရစ္ဆာန်တွေဆိုတာ ငြင်းလို့မှမရတာ
စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာဆိုတာ
ခြေတွေလိုပဲ အနာဂတ်ကိုစားရင်း မရဲတရဲ ကျိန်ဆဲတတ်လာတယ်။
ဖောက်ပြန်နေတဲ့ ဂြိုဟ်ကမ္ဘာ မေတ္တာတရား ထာဝရသေဆုံးပါစေ။
ငါ့ဆန္ဒမဖြစ်ရင် ဝဋ်ပဲ ...
လုံးစုံများစွာ သတ္တဝါပေါ် မေတ္တာထားတော်မူကြသော ...
ဗုဒ္ဓ
အချင်းချင်း အနမ်းတို့ ရိုးသားကြစေကုန် ...
ယေရှု
ပရော်ဖက်တွေရဲ့ ညွှန်တဲ့လမ်း ငါတို့အားလုံး မသွားပါဘူး။
အရေပြား အယားပြေအောင် စွဲလမ်းနေတဲ့ ရမ္မက်မီးနဲ့
ငွေစက္ကူတွေပေါ်မှာသာ ဘဝကို ပြာချပစ်လိုက်ကြမယ်။
'မောင့်အရိုင်းပန်း' သီချင်းထဲက လူယဉ်ကျေးတွေလို ငါ မယုတ်မာချင်ဘူး။
စိတ်ကူးရှိတာက ဆန္ဒမပါဘဲ လိင်လုပ်သားဖြစ်သွားတဲ့
ဖာသည်မလေး အိမ်ပေါ်ခေါ်တင်ထားပြီး
အနုပညာစိတ်နဲ့ သေဆုံးသွားချင်မိတယ်။
သောက်ရှူးလို့ အပြောခံရမှာ မကြောက်ခဲ့ရင်ပေါ့။
ယဉ်ကျေးမှုစိုက်ခင်းကို နီးကြောင်နီးဝှက် ကိုက်ဖျက်နေတဲ့
ဖျက်ပိုးတစ်ကောင် မဖြစ်ချင်ဘူး။
ပျက်သည်အထိ ရှာချလို့ရမယ့် အက်ဆစ်မိုးတိမ်တစ်ဆုပ်စာပဲ ဖြစ်ပါရစေ။
အမှန်တရားတစ်ခုအတွက် သေဆုံးသည်အထိ တိုက်သွားချင်ပါတယ်။
ဒါပေမဲ့ ငါ့အတွက် အသွားဘက်က ကမ်းပေးတဲ့ ဓားတစ်လက်ကြောင့်
ဒဏ်ရာခပ်နက်နက်ကို ကြည့်ရင်း ချောက်ချောက်ချားချား



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယ် ပြန်သရော်မိတာလည်း အကြိမ်ကြိမ် …
ခင်ဗျားတို့သာ ဗုံတီးပေးမယ်ဆိုရင်
ဟိန္ဒူမီးနင်းပွဲက မီးပုံကြီးပေါ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြရတယ်။
တကယ်လို့များ ငါဟာ ဝေဒနာတစ်ခုရဲ့ ဒဏ်နဲ့
ရောဂါဆိုးတွေ ခံစားနေရပြီဆိုရင်
အောက်ဆီဂျင်တွေ တပ်ပေးမယ့်အစား
ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တွေပဲ အဆုတ်ထဲကို ပို့ပေးပေါ့။
ညစ်ညမ်းလာခဲ့သမျှအတွက်
သန့်ရှင်းတဲ့လေနဲ့ အသက်မထွက်ချင်တော့ပါဘူး။
ဘယ်ဘက်ရင်အုံပေါ်က နှလုံးအခြေအနေ အသိပေးတဲ့ ဝါယာကြိုးတွေ၊
ပိုက်နဲ့သွယ်ထားတဲ့ လက်ဖျံပေါ်က ဆေးထိုးအပ်တွေ ဖြုတ်လိုက်ပေါ့။
အရောင်စုံ ဝါယာကြိုးတွေနဲ့ ပေါက်ကွဲအားကောင်းတဲ့ ဗုံးတွေ
ငါ့ခန္ဓာမှာ တပ်ဆင်ပြီး အသားစတွေ လွင့်စဉ်ကွဲထွက်သွားအောင်
ဖောက်ခွဲပစ်လိုက်
အသက်က ဘယ်နားကထွက်မလဲ စောင့်ကြည့် ပူပန်မနေချင်ဘူး။
နောက်ဘဝရှိခဲ့ရင်တော့ ခွေးအ မဖြစ်ချင်ဘူး။
ငါ သေပြီလို့ သတင်းကြားတယ်။
ရေအိုင်ထဲကို ငုံ့ကြည့်လိုက်တော့
ဟာ … ခွေးအ မျက်နှာကြီးပါလား …။



**ငြိမ်းချမ်းရေးတရား**
ဟိန်းထက်လွင်

လူတွေ၊ လူတွေ၊ လူတွေ၊ လူတွေ၊ ချစ်တာမုန်းတာကာလလို့၊ ရယ်ခဲ့ကြ၊ ငိုခဲ့ကြ၊ ရှုံ့မိုက်ခဲ့ကြ၊ ကြွကြွရွရွ၊ ကြွပ်ကြွပ်ဆတ်ဆတ်၊ ကြပ်ဆတ်၊ ကိုင်းဖျားမှာလာနားတဲ့ ချိုးဖြူငှက်ဟာ ဟိုယိုင်ယိုင် ဒီယိုင်ယိုင်၊ ယိုင်လဲ၊ ပြိုကျ၊ ပျက်စီး၊ ဖျက်ဆီး၊ စိတ်ဓာတ်တွေက အဖတ်ဆယ်လို့မရ၊ မရရအောင် ယူမယ်ဆိုတဲ့ အတင်းအဓမ္မကြီးက ကြီးစိုးနေတယ်၊ ကြီးပြီး စိုးနေတယ်၊ ကြီး/ကျီးဆိုးနွားလည်း မဟုတ်၊ ခွေးလည်း မဟုတ်၊ မဟုတ်၊ မဟုတ်တာကို အဟုတ်လုပ်ပြီး လူစင်စစ်က ချိုကားရားကြီးနဲ့ ဟောင်တယ်၊ အူတယ်၊ တစ်တောလုံး ပြောင်လို့ တစ်တောင်လုံးလည်း မည်းသည်းပြီး ကြေမွ၊ မွမွလေးတဲ့၊ စားလို့လည်းကောင်း၊ ဝါးလို့လည်းကောင်း၊ ပလုတ်ပလောင်း၊ စားတယ်၊ အဲဒီ လူ့ခွေးကြီးက၊ ပြောတယ်၊ အားမနာ လျှာမကျိုး၊ ပါးစပ်အပြောနဲ့ လက်တွေ့ဟာ ပြဒါးတစ်လမ်း သံတစ်လမ်း၊ လျှောက်နေတဲ့လမ်း၊ ကူးနေတဲ့လမ်း၊ ဆူးတွေ၊ ညှောင့်တွေ၊ ကျင်းခလုတ်တွေနဲ့၊ ငါတို့အိပ်မက်၊ ဆက်မက်ဆက်မက်၊ ဆက်ဆက်ပြီးမက်၊ မက်လုံးတွေပေးပေးပြီး ချွေချတယ်၊ သစ်သီးတစ်လုံးလို၊ လိမ့်ခနဲ လိမ့်ခနဲ၊ တစ်ဘဝ၊ နှစ်ဘဝ၊ သုံးဘဝ၊ ဘဝတစ်ရာပြောင်းလည်း ခင်ဗျားကြီးတော့ လုံးဝကို မပြောင်းဘူးနော်၊ ကိုလောဘ၊ မြင်မြင်သမျှကို လိုချင်တယ်၊ ကြားကြားသမျှကို ဝိုက်ချင်တယ်၊ တွေ့တွေ့သမျှကို ကိုက်ချင်တယ်၊ ခင်ဗျားဘကြီးအိမ်က အစုံစားခွေးကြီး အောင်နက်၊ နက်နက်ပြီး သွားတာက၊ စိန်တွင်း၊ ရွှေတွင်း၊ ငွေတွင်း၊ ပြီးတော့ ဟိုးအောက်ဆုံးရောက်သွားတဲ့ သီလတွင်း၊ တွင်း/တွန်း၊ အများစုဟာ တွန်းကန်နေကြပြီး အမှန်တရားကို၊ မေတ္တာတရားကို၊ ငါတို့မွေးမြူရမယ်၊ ငါတို့ ပြုပြင်ရမယ်၊ ငါတို့တည်ဆောက်ရမယ်၊ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှန်အမှားခွဲခြားသိတဲ့ပညာ၊ မြင့်မြတ်တဲ့စိတ်ဓာတ်၊ အေးချမ်းတဲ့မေတ္တာ၊ ညီညွတ်တဲ့အင်အား၊ ဒါမှ ငါတို့အားလုံး ရှေ့ဆက်လို့ရမယ်၊ ရှေ့ကိုဆက်ပြီး သွားလို့ရမယ်၊ မြဲမြဲသာ မှတ်ထား၊ မြဲမြဲသာ စွဲထား၊ တရား။



www.burmeseclassic.com

www.burmeseclassic.com

**အရေးအသား**

အနီမောင်

မန္တာန်တစ်ဆုပ်
ကဗျာတစ်ပုဒ်
ဂါထာစုတ်လို့
မန်း မှုတ်လိုက်အံ့
ဤ ကမ္ဘာက ကဗျာရှိရသမျှ
ရောဂါဘယကင်း
ငြိမ်းချမ်းခြင်း ဖြစ်စေသတည်း
အေးမြခြင်း ဖြစ်စေသော်။



**ပရိုက်ဗစ် ကော့တေး**

အမွန်မွန်း

ကျွန်တော် စိတ်အနှောင့်အယှက်ဖြစ်နေတာ
ခင်ဗျား သိလား အရမ်းကို ဖြစ်နေတာ
မသိတဲ့ တယ်လီဖုန်းနံပါတ်တွေကို
ကြိုတင်တွေးပြီး ကြောက်နေရတဲ့ရောဂါ
မလိုအပ်လဲ ဘာလို့ ခေါင်းတုံးတုံးပစ်မှာလဲ
ကင်ဆာဆိုတာ မွေးရာပါပဲလို့ ပြောပြလိုက်
သစ်ကိုင်းကို မခိုတတ်တဲ့ မျောက်ဆိုတာရှိရင်
ညည့်ခန်းက ညောင်ပုပင်ပေါ် အလှတင်ထားချင်တယ်
ရာသီဥတုဒဏ်ကို ရေခဲသေတ္တာထဲထည့်ထားပြီး
တစ်ဘူးချင်း ဖောက်သောက် ပီတောက်တွေ မသေခင်
လည်ကတုံးအကျီ အဖြူရောင်ကို အပြင်ထုတ်ပြီး
ယောပုဆိုးနဲ့ တွဲစပ်ထားတဲ့ အလှက သူမ ဖြစ်ချင်တယ်တဲ့
နဂိုရှိရှင်းစွဲက လေးစားထားပြီးသားပါ လူနည်းနည်းလေးထဲ
ပေါ်တောတောတွေ လျှောက်လုပ်တော့ စိတ်ပျက်မိတယ်
ရေနွေးအိုးကို လိုအပ်မှကျိုပါလို့ ညှိနှိုင်းတော့
ငြိမ်းချမ်းရေးရဖို့ နှစ်ပေါင်းများစွာ ကမ်းလှမ်းထားခဲ့ရတာ
ဘုရားလူကြီးက ကုလားဖန်ထိုးပြလိုက်တော့
ဒေးဗစ်ကော်ပါဖီးတောင် အငိုကြီး ငိုသွားတယ်
တကယ်ဆို တစ်လ တစ်ခါလောက်ပဲဖြစ်ဖြစ်
မိုးလေဝသက လူမုန်တိုင်းအကြောင်းကို အသိပေးသင့်တယ်
သေချင်းဆိုးကြီးလို့ ရင်ထဲကလာတဲ့ မေတ္တာနဲ့
မျက်နှာကို ပြုံးပြုံးလေးထားပြီး မနက်ခင်းတိုင်း နှုတ်ဆက်
ငြိမ်လှချည်လားလို့ ခဏခဏ လာမေးတော့
ငါ့အမြီးကို နင်မြင်အောင် ကြည့်တတ်လို့လားလို့
ဆပ်ပြာမှုန့်လိုက်ရောင်းတဲ့ မိန်းမငယ်လေးကို
ကန်ပေါင်တစ်လျှောက် ချပေးခဲ့တာကိုက မားကတ်တင်းတဲ့
ဖိမ်ထဲက ကြွက်သူခိုးတွေရဲ့ အကြံထက်
မျက်လုံးတစ်ဖက်လပ်နေတဲ့ ကြောင်ဝါရဲ့ရန်ကို ပိုကြောက်နေရတယ်
ဆေးမင်ကြောင်လား ဆေးမှင်ကြောင်လား ဝေဝေဝါးဝါး



www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်မှာ ဝယ်လို့ရပြီဆိုတဲ့ ရှိက်ဖိုကြီးငယ်
မြန်မာတွေက ဗြိတိသျှလို မှတ်နေအောင်ပြောတတ်ဖို့ ကြိုးစားတုန်း
ဗြိတိသျှတွေက မြန်မာစကားနဲ့ မိန့်ခွန်းပြောကြားသွားပြီ
အကာအကွယ်ကို ကာကွယ်ရင်းနဲ့ပဲ ကွယ်ရာမှာ
ကိုယ့်ကျင့်တရားက ကြိုးမိန့်ချခံလိုက်ရတာဆို
လေထုထဲ ညစ်ညမ်းမှုတွေကို ဖယ်ထုတ်ရင်း
လက်ကျန်လူစာရင်းက နည်းပါးလာပြီ နောက်ဆုံး
အဲဒီလောကကို စွန့်ခွာသွားဖို့ တွေးလိုက်တိုင်း
ခရေနံ့တွေက ပြန်ပြန်ရလာတယ် ခင်ဗျား သိလား။

၂၁၊ မေ၊ ၂၀၁၄။

## ငှိုးချဲ့ဟာ မှန်ထဲကို တိတ်တိတ်လေး တွန်းဝင်သွား

အလင်းနှစ်(Blogger)

လူသံသူသံများ တိတ်ဆိတ်အခန်းထဲ
ကြောင်တစ်ကောင်လို ရှေ့တည့်တည့်ကို
မျက်လုံးအသေတွေနဲ့ စိုက်ကြည့်လို့
ကောလာဟလများ ရောက်လာ ရောက်လာ
ရောင်စုံမျက်လုံးများလည်း ထောင့်များဆီက
သူက ငှိုးချဲ့ကို ဖြည်းဖြည်းချင်း တွန်းတယ်
နောက်ခံတီးလုံးသံက ချောက်ချောက်ချားချား
ဆေးရုံနံ့ရနေတဲ့ ပတ်ဝန်းကျင်မှာ
လက်ရှိကမ္ဘာနဲ့ နံရံတစ်ချပ် ခြားထားတယ်
လူ့ဘဝထဲက ဖြည်းဖြည်းချင်း တွန်းထွက်လာစဉ်
ဇာတ်လမ်းကို ခေတ္တရပ်ထားတယ်
နောက်ခံတီးလုံးသံများ ခေတ္တရပ်ထားတယ်
၂ မိနစ် ၃၆ စက္ကန့်
(အလင်းရောင်ဟာ ဖြည်းဖြည်းချင်း လျော့လျော့သွား)
နောက်ထပ်ရောက်လာမယ့် ဇာတ်ဝင်ခန်းမှာ ...။





www.burmeseclassic.com

www.burmeseclassic.com

## ခြေတော်သံ

အာဂမှဏ်း

သစ်ရွက်ကြွေ ရှပ်တိုက်သလိုမဟုတ်
ခေတ်အတွင်း ချုတ်နင်းဝင်သလိုမဟုတ်
ဣန္ဒြေရရ နင်းတက်လိုက်တဲ့ ခြေတော်သံ
ခေတ်ကြီးရဲ့ ကျောကုန်းကြီး ကြက်သီးမွေးညင်းထအောင်
ကြားလိုက်ရတယ် အဲဒီလိုမျိုး ခြေတော်သံ
အပြော နောက်ထား၊ အလုပ် သက်သေပြဖို့
အချိန်တန်ရင် နာခံရမှာပဲ
ခြေတော်သံ ကြားပြီ ရှာစား
၂၀၁၅ တေးသွားဆိုတာ ဖွင့်။

ရွှေသားအတိပြီးတဲ့ အလိုရမှုက်တွေလည်း မလိုချင်ဘူး
ပါဝါတိုးမယ့် မိုးခါးရေလည်း မသောက်ချင်ဘူး
ဆံပင်မွေး စူးတတ်တဲ့ ရှုခင်းတွေလည်း မကြည့်ချင်ဘူး
အမျိုးဘာသာအတွက် အစောကြီး အသံထစမ်းတဲ့
လော်စပီကာသံတွေ နားမထောင်ချင်ဘူး
ဒီအရွယ်မှာမှ ... ကိုယ်ဘာကောင်လဲ မသိရင် ...
ကိုယ်ထင်တာထက် ကိုယ်ဟာ ပို'အ'ပေါ့
အဲဒီအပိုဒ်မှာ အပ်ကြောင်းထပ်နေတာ
ပယောဂကြောင့်ပါပဲ
အားလုံးမျှော်တဲ့ ခြေတော်သံ။

အများကြီး မမျှော်လင့်ပါဘူး တကယ် အများကြီး မမျှော်လင့်ပါဘူး
ဘာဂဏန်းပြောင်းပြောင်း မထူးတော့တဲ့ ရာဇဝတ်မိသားစု
တဖြည်းဖြည်း ပျောက်သွားမှာတော့ ကြည့်စမ်းချင်တယ်။

အများကြီး မမျှော်လင့်ပါဘူး
တော်တဲ့ တတ်တဲ့သူတွေ ခေါင်းဆောင်တဲ့
ပတ်ဝန်းကျင် ပေါ်ပေါက်လာမှာတော့ ကြည့်စမ်းချင်တယ်။



အများကြီး မမျှော်လင့်ပါဘူး
တဆိတ်ရှိ ငါးကြင်းခေါင်း တက်ကိုင်တတ်တဲ့သူတွေ
မျိုးသုဉ်းပျောက်ကွယ်သွားမှာကိုတော့ ကြည့်စမ်းချင်တယ်။

အများကြီး မမျှော်လင့်ပါဘူး
စိုက်တဲ့အပင်တွေ ရှင်သန်ကြီးထွား
အပွင့် အသီးကောင်း များသထက်များလာမှာကို ကြည့်စမ်းချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## ဒီကဗျာမှာ အသက်ရှူသံတွေက လတ်ဆတ်တယ်

အီပန်း(နောင်ပိုအောင်)

ဖရန်ကလင်က ပြောခဲ့တယ်
ကိုယ့်ကိုယ်ကိုယ် ကြောက်တာကလွဲလို့
ငါတို့ ဘာကိုမှ ကြောက်စရာမရှိဘူးတဲ့
ဟုတ်တာပေါ့
ညတာ ဘယ်လောက်ပဲရှည်ရှည်
မနက်ခင်းတော့ ရောက်လာဦးမှာပဲ
ပျော်ရွှင်စရာဆိုတာက
ဘဝအတွက် အခိုက်အတန့်ဆိုရင်
ဝမ်းနည်းမှုဟာလည်း
ဘဝရဲ့ အခိုက်အတန့်တွေပေါ့
အမောဖောက်နေတဲ့ ဘဝတွေ
နာလန်ထူ ကျန်းမာလာဖို့
ယုံကြည်ချက်ကပဲ ကုသပေးနိုင်တာပါ
အပြောတွေ အဆင်ချောဖို့ဆိုပြီး
တစ်ခါတစ်ရံ
လျှာနဲ့သတ်ထားရတဲ့ နှုတ်ခမ်းတွေကို
အခွင့်အရေး ပေးကြတာပေါ့
နိုင်သလောက် စောင့်စည်းခဲ့တဲ့ သီလတွေလည်း
ခြေချော်လက်ချော်ဖြစ်တာ ဆန်းလား
ခေါင်းစဉ်တွေစုံလှတဲ့ ဘဝထဲမှာ
အနီကတ်
အဝါကတ်
ထပ်နေတော့လည်း ဘာတတ်နိုင်မလဲ
အများသတ်မှတ်ပေးတဲ့
ပျော်ရွှင်မှု
ဝမ်းနည်းမှုတွေကို မတုန်လှုပ်နဲ့
အမည်တပ်မထားတဲ့ ဒုက္ခတွေ
အရစ်ကျ ဝင်လာတာကပဲ ရှင်သန်ခြင်းမဟုတ်လား



ဘာဖြစ်ဖြစ်
အချိန်တန်ရင် ပျောက်ကွယ်သွားမှာပေါ့
ငါတို့ ဘာကိုမှကြောက်ဖို့ မလိုပါဘူး
ကိုယ့်ကိုယ်ကိုယ်က လွဲလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## လက်နက်ကိုင် လောက် လောက်ကိုင်လက်နက်

ဇေ

သစ်သီးအပုပ်ထဲက လောက်
မစင်တွင်းထဲက လောက်
အနာဟောင်းထဲက လောက်
ဘယ်'လောက်' ကိုင်မိ ကိုင်မိ
ဆပ်ပြာတိုက် ရေဆေးရင်
အညစ်ကြေး စင်နိုင်ပေမဲ့
အသားထဲကလား မသိ
အရေပြားပေါ်ကလား မသိ
ခင်ဗျားတို့မွေးခဲ့တဲ့ 'လောက်'ကြောင့်
အသက်နဲ့တိုက်ပြီး သွေးနဲ့ဆေးတာတောင်
သမိုင်းအနာ အသစ်ဖြစ်ခဲ့ပြီ အဘတို့ရေ။



## သွေးထဲက နာကျင်မှု တစစ်စစ်

လွှန်

၁။
ဘုရားမှာ ဝယ်သူရှိမှ လွတ်ခဲ့ရတဲ့ ငှက်တွေ
ဘယ်ကိုပျံရမယ် မသိဘူး
လှောင်အိမ်ကို ပြန်ငေးရင်း အိမ်လို့ထင်နေတဲ့ စိတ်နဲ့
ကောင်းကင်ကို ကျောခိုင်း
ငှက်ဖမ်းသူရဲ့ပိုက်ထဲ ပြန်ဝင်ခဲ့ပေါ့

၂။
ခေတ်စနစ်ဟာ သက်တမ်းရင့် သစ်ပင်ဆို
ငါတို့ရဲ့စိတ်က မှန်တိုင်းလို ထန်နေရမှာ
ရေသောက်မြစ်ကစ ခုတ်လှဲသတ်ရမယ့် သစ်ပင်
ဒီအရိပ်အောက်မှာ ထိုင်နေသရွေ့တော့
ဒီအရိပ်ဟာ မှားလိုပဲ
ငါတို့လည်ပင်းပေါ် ဝဲလို့

၃။
ပြည်တွင်းစစ်ပွဲများ လူသေအလောင်းများ
စွန့်ခွာပြေးလာတဲ့ အိမ်ရာမဲ့များ
ငြိမ်းချမ်းရေးစာချုပ် ပျက်သွားပြီ
ဒုက္ခသည်စခန်း။ ကျဆုံးသွားတဲ့ ဖခင်
မုဒိမ်းကျင့် သတ်ခံလိုက်ရတဲ့ ညီမလေး
မြေနင်းမိုင်းမိထားတဲ့ မိခင်
လူငယ်လေးကတော့ ပညာရေးကို ကျောခိုင်းပြီး
M-16 မောင်းပြန်သေနတ်ကို ကောက်ကိုင်လိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com

၄။
တန်ခိုးရှင်တွေ မလိုချင်ပါဘူး
ငါတို့မှာ လမ်းပြမီးအိမ်တစ်လုံးပဲ လိုတာ
သစ်ပင်ကြီးဆီ ရောက်အောင်သွား
ထွန်းညှိပစ်လိုက်
အနာဂတ်အတွက်၊ မနက်ဖြန်အတွက်
နေ့တိုင်း ငါတို့ဘ၀တွေ တောက်ပနေမှာ

၅။
အမေ
အားကို တင်းတင်းထားပါ
သန်း ၆၀ ကျော်အတွက်
ရဟန်းရှင်လူ ပြည်သူတွေအတွက်
ကျွန်တော်တို့လက်တွေတွဲပြီး ခရီးဆက်ကြမယ်။



**ညီညွတ်ရေးဖတ်စာ**
သေစ်

သံလိုက်အိမ်မြှောင် မရှိ
မီးပြတိုက် မရှိ
ရွက်လွှင့်စရာ လေမရှိ
လေရှိသော်ငြား
ရွက်ထည် မရှိ။

မုန်တိုင်းကတော့ ရှိနေတယ်
ဆူနာမီကတော့ ရှိနေတယ်။

ငါတို့မှာ
လှော်စရာ လက်ချည်း။

ပင်လယ်တဲ့
ဒုက္ခလို့ အမည်ပေးထားတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ရောက်ရှိခြင်း

အောဒီသစ်

မိတ်လိုက်ခဲ့လို့ ဥချရမယ့်ကိစ္စ ဖြစ်လာတော့
သင့်တော်မယ့်ကမ်းခြေ သဲမြေအရောက် ရေနက်ကြီးထဲက တက်ခဲ့ . . .
အသိုက်ဆောက် ဥဥ လုံခြုံအောင် ဖုံးဖိကာကွယ်
ပြီး ရေထဲပြန်ဆင်းသွား
ရောက်ရှိခဲ့ကြောင်း ခြေရာစွပ်ကြောင်းများ
လှိုင်းအောက် ပျောက်ကွယ် . . .
မွေးဖွားလာခဲ့ကြ အရွယ်/အသိ ငယ်ငယ်
အန္တရာယ်အသွယ်သွယ် အာခံတွင်းဟာ အဆင်သင့်စောင့်
ကျယ်ပြောလှပ သမုဒ္ဒရာဆီသို့ ဆန္ဒများ
ရှန်းကန်လှုပ်ရှား တချို့ ရှင်သန် ရောက်ရှိ
ပြေးရင်းလွှားရင်း ရင်ဆိုင်ခုခံ အတုံးအရုံး ကျဆုံး
ဘာလို့ ငါတို့ လူ့အဖြစ်နဲ့ တော်တော်တူနေရတာလဲ
စပိန်ဘာသာစကားမှာတော့ 'အယ်ရာဘာဒါ'လို့ သုံးပါတယ်။

*(NGC အစီအစဉ်တစ်ခု ကြည့်ရှုဆင်ပွားခံစား)*

## လိမ္မော်ရောင် သံဝေဂပန်းတွေ ပွင့်တယ်

အေးည

အမှတ်တရတွေက လှတယ်ဆို
အဲဒီမှာ လိမ္မော်ရောင်ပန်းကလေးတွေ ဝေလို့
လျှောက်ခဲ့တဲ့ လမ်းကလေး
ဖောက်ခဲ့တဲ့ လမ်းကလေးပေါ်မှာ
သူ့အိပ်မက်တွေ ပေးပွင့်ခဲ့တယ်
ဝေဝေဆာဆာ သီးခဲ့တဲ့ ချိုမြိန်မှုတွေဆီက
လန့်နိုးလာတဲ့အခါ
ဖြည်းဖြည်းသာသာနဲ့
အမှန်တရား ကမ်းပါးပြေပြေလေးပေါ်က
မြူချော်မကျအောင်
ကလေး မှေးတွဲရှုံ။
ဒီလိုလေးသွား ဒီလိုလေးကွေ့
စက်ဘီးဝင်ရိုးလေးလို လည်သွားတဲ့ လက်တွေ့တရားမှာ
နိုင်ရည်နဲ့ ချိတ်ဆက်ထားတဲ့
ရောင်စုံမီးတန်းကလေးများ လင်းသွားပစေ။
ပြတင်းက ငေးကြည့်ရတဲ့ လကလေးဟာ
ပျောက်သွားတာ ပေါ်သွားတာ
လူဖန်တီးတာ မဟုတ်
စက္ကန့်ကလေးတိုင်းသာ
သူ့ခရီး သူနှင်နေတာ။

ကုန်ခဲ့တဲ့ အချိန်တွေကိုသာ
မေတ္တာနဲ့ စိမ်ခဲ့တော့
နောင်တနဲ့ မစွန်းပေဘူးပေါ့
မော့ကြည့်လိုက်တဲ့ နံနက်ခင်းတိုင်းမှာ
လိမ္မော်ရောင် သံဝေဂ ပန်းတွေပွင့်တယ်
ကိုယ့်ကိုယ်ကိုယ် ဉာဏ်နဲ့ ကျီစယ်ဖို့။



www.burmeseclassic.com

www.burmeseclassic.com

## စီးကြောင်းများ

အေးမင်းစော

နည်းနည်း ကံကောင်းပြီး
အများကြီး ကံဆိုးခဲ့ကြ
သစ်ပင်ကို မချစ်တတ်တဲ့သူက
လူတွေကို ချစ်တယ်ပြော ဘယ်လိုယုံမလဲ
တစ်နှစ်လုံး မီးပျက်တာခံနိုင်ပေမဲ့
တစ်ခေတ်လုံး အလင်းရောင်မရတာခက်တယ်
အခုတော့ ကျောမှာစိုက်ဝင်နေတဲ့ ဓားက 'သံသယ'တဲ့
ဖတ်လို့ကောင်းတဲ့ သင်ခန်းစာနဲ့
သင်လို့မရတဲ့ ကျောင်းသားတွေ
နေ့စဉ် အသင့်ထုပ်ပိုးပြီး ရောက်လာတဲ့ အကုသိုလ်နဲ့
အလိုက်အထိုက်များ အမှိုက်သရိုက်များ
လှောင်အိမ်ထဲကကောင်တွေ တအားဟောင်တယ်
ခွဲစိတ်ခန်းက အမြဲအော်သံနဲ့
အဆာခံပြီးသောက်ရမလား
အစားခံပြီးသောက်ရမလား
အကိုက်အခဲပျောက်ဆေးက အမြဲ ဘေးထွက်ဆိုးကျိုးနဲ့
အနေအထိုင်မှန်သမျှ ပန်းနာရင်ကြပ်စွဲနေပြီး
အထားအသိုက ရင်ပူရင်ဆာလိုက်နေတဲ့ ကမ္ဘာမှာ
မြင်းခွာလည်း ပေါက်ခဲ့ဖူးတယ်
မီးလည်း ဟုန်းဟုန်းတောက်ခဲ့ဖူးတဲ့နောက်
မျက်လုံးကို ပိတ်လိုက်
အဲဒီမှာ
နောက်ထပ် နံရံတစ်ခုကို ငါ ထပ်ပြီးတွေ့တယ်။

## အပြေးအလွှား

အံ့ဘွယ်ဇင်

ပြေးရလွှားရ လွယ်ကူအောင် အထုပ်လေးတစ်ထုပ်
ကျစ်ကျစ်ပါအောင် ထုပ်ထားတယ် ပြေးရလွှားရ လွယ်ကူအောင်
လမ်းထိပ်က သံချောင်းခေါက်သံကို အာရုံပြုထားတယ်
ပြေးရလွှားရ လွယ်ကူအောင် တစ်ယောက်အကြည့်ကို တစ်ယောက်သိထားတယ်
ပြေးရလွှားရ လွယ်ကူအောင် သတင်းကို မပြတ်နားထောင်နေတယ်
ပြေးရလွှားရ လွယ်ကူအောင် ပုဆိုးကို ကျစ်ကျစ်ပါအောင် ဝတ်ထားတယ်
ပြေးရလွှားရ လွယ်ကူအောင် နိုင်ငံကူးလက်မှတ်ကို သက်တမ်းတိုးထားတယ်
ပြေးရလွှားရ လွယ်ကူအောင် ဘက်စ်ကားကို တွယ်စီးတယ်
ပြေးရလွှားရ လွယ်ကူအောင်
ကား/ရထားမရပ်ခင် ခုန်ဆင်းနိုင်အောင် လေ့ကျင့်ထားတယ်
ပြေးရလွှားရ လွယ်ကူအောင် နောက်ဖေးတံခါးကို စေ့ရုံလေးစေ့ထားတယ်
ပြေးရလွှားရ လွယ်ကူအောင် ဧည့်စာရင်းစစ်ရင် သတိနဲ့ အသင့်နေထားတယ်
ပြေးရလွှားရ လွယ်ကူအောင် တယ်လီဖုန်း အမြဲတမ်းဖွင့်တယ်
ပြေးရလွှားရ လွယ်ကူအောင် ခွေးဟောင်သံကို နားစွင့်ထားတယ်
ဘာလုပ်လို့ ပြေးလွှားနေတာတုန်းလို့ မေးတယ်
အာဏာရှင်လက်အောက်မှာ
နှစ်ရှည်လများ အပြေးအလွှား နေထိုင်ခဲ့လို့ပါလို့ ချက်ချင်းပြန်ဖြေလိုက်တယ်





www.burmeseclassic.com

www.burmeseclassic.com

## ဆောင်းအလွန်

အိုအောင်

သစ်ရွက်တို့ ဆွေးပေါ့
ဘဝတွေ ဆွေးပေါ့
အဖြစ်အပျက်တို့ ဆွေးပေါ့။

သွေးက သွေးအတိုင်း
တေးက တေးအတိုင်း။

အားလုံးကို ဆေးကြော
(ပြောစရာများများ
မောစရာများများ)
အဓိပ္ပာယ်သိပ်သည်းသော ရက်စွဲများ
အတိအကျ ဆယ်ယူရရှိ။

*၂၃၊ ဖေဖော်ဝါရီ၊ ၂၀၁၅။*



## ကဗျာထဲမှာ

အောင်ကိုကိုလတ်(တမူး)

တစ်ခါတစ်ရံ မျက်ရည်တွေ ပြေးလွှားဆော့ကစားနေတယ်
တစ်ခါတစ်ရံ ရယ်မောသံတွေ အူလှိုက်သည်းလှိုက် ခုန်ပေါက်နေတယ်
တစ်ခါတစ်ရံ ဝမ်းနည်းမှုတွေ တစက်စက် စီးကျနေတယ်
တစ်ခါတစ်ရံ ပျော်ရွှင်မှုတွေ တစိမ့်စိမ့် ယိုထွက်နေတယ်
တချို့က လက်ဖျောက်တီးရုံနဲ့
'လမင်းကြီး'ကို ရေကန်ထဲ ပစ်ချထားချင်တယ်
တချို့က သက်ပြင်းလေးချရုံနဲ့
'လေညင်းလေး'ကို သစ်ပင်ပေါ် တက်ချိတ်ထားချင်တယ်
တချို့က ခြေတစ်လှမ်းလှမ်းရုံနဲ့
'စမ်းချောင်းလေး'ကို ရေတံခွန်ထဲ ကူးခတ်နိုင်းချင်တယ်
တချို့က မျက်တောင်လေးခတ်ရုံနဲ့
'နေရောင်ခြည်'ကို ကတုတ်ကျင်းထဲ ဆွဲခေါ်သွားချင်တယ်
ခွေးကလေးတွေ လျှာနဲ့လျက်သလို တချို့က ကိုယ့်ဒဏ်ရာ ကိုယ်လျက်ကြတယ်
ငါးကလေးတွေ အစာဟပ်သလို တချို့က ကိုယ်ဒုက္ခ ကိုယ်ဟပ်ကြတယ်
သစ်ရွက်ကလေးတွေ လှုပ်ခတ်သွားတဲ့ နံနက်ခင်းကို
တချို့က ပွတ်သီးပွတ်သပ် လုပ်ချင်ကြတယ်
တိမ်လွှာကလေးတွေ ဆေးခြယ်ထားတဲ့ ညနေခင်းကို
တချို့က အပိုင်သိမ်းထားချင်ကြတယ်
ကြယ်ပွင့်ကလေးတွေ ကြွေကျသွားတဲ့ သန်းခေါင်ယံကို
တချို့က ချော့သိပ်ချင်ကြတယ်
ဒီနေရာမှာ ကြိုးပြတ်နေတဲ့ လေတံခွန်လေးလည်း လှသွားတာပဲ
ဒီနေရာမှာ အမြီးတိုနေတဲ့ ဖိနပ်လေးလည်း လှသွားတာပဲ
ဒီနေရာမှာ အဖာအထေးများတဲ့ လွယ်အိတ်လေးလည်း လှသွားတာပဲ
ဒီနေရာမှာ အပေါက်အပြဲများတဲ့ ထီးလေးလည်း လှသွားတာပဲ
ခလုတ်တိုက်မိတဲ့ လမ်းကလေးဟာလည်း ဒီနေရာမှာ ရတနာပဲ
သစ်ရွက်ခြောက်ကလေး နင်းမိတဲ့အသံဟာလည်း ဒီနေရာမှာအမြုတေပဲ
ခွဲစိတ်ခန်းထဲက ထွက်လာတဲ့ ဆရာဝန်တစ်ယောက်လို
ဒီနေရာမှာ စိတ်ရှိလက်ရှိ သက်ပြင်းချလို့ရတယ်
ရေနစ်နေတဲ့ ကလေးတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာမှာ အစွမ်းရှိသလောက် ရုန်းကန်လို့ရတယ်
သေနတ်ဒဏ်ရာနဲ့ လဲနေတဲ့ စစ်သားတစ်ယောက်လို
ဒီနေရာမှာ အဆုံးစွန်ထိ မျှော်လင့်လို့ရတယ်
မေတ္တာတရားကို ဒီနေရာမှာ တစ်လွှာချင်း ပို့လွှတ်လို့ရတယ်
ကိုယ်ချင်းစာတရားကို ဒီနေရာမှာ တစ်ထပ်ချင်း ဖြန့်ကြက်လို့ရတယ်
ကရုဏာတရားကို ဒီနေရာမှာ တစ်စက်ချင်း ဖျန်းပက်လို့ရတယ်
ကဗျာရေးတဲ့အခါ ကဗျာထဲမှာ ကဗျာဟာ'ဘုရင်'ပဲ
ကဗျာရေးတဲ့အခါ ကဗျာထဲမှာ ကဗျာဟာ'မင်းသား'ပဲ
ကဗျာရေးတဲ့အခါ ကဗျာထဲမှာ ကဗျာဟာ'ဇာတ်လိုက်'ပဲ
ကဗျာထဲမှာ ကဗျာရေးတဲ့အခါ ကဗျာဟာ ကဗျာထက်
ကဗျာပိုဆန်နေတာကိုက ကဗျာပဲမဟုတ်လား။



**ငွေရတု စုလိုင်**
အောင်ကျော်ဆန်း

အဲဒီညတုန်းက
အဓိပတိလမ်းမကြီးပေါ်မှာ
နာကျည်းမှုမိုးရေ စီးခဲ့တယ်။

ဆံပင်ရှိင်းတွေကြားက
မိုးရေဟာ
မျက်နှာပေါ်ဖြတ်စီးလို့
ဘဝရဲ့မျက်ရည်မီးနဲ့အတူ
ရင်ဘတ်ပေါ်ကျခဲ့တယ်။

နှာခေါင်းထဲမှာ
သွေးညှီနံ့တွေရမိရဲ့
သွေးမျက်ရည်စွန်းပေနေတဲ့
ဝိညာဉ်တွေရဲ့ တက်ခေါက်သံ
မိုးယံမှာ ဟိန်းလို့။

ငါ့နိုင်ငံ ငါ့တော်လှန်ရေး
ငါ့လူမျိုးရဲ့သွေးထဲမှာ
ညဟာ
သေနတ်သံနဲ့ ရှိုင်းခဲ့ပေါ့။

ဒီကျောက်တိုင်ရှေ့မှာ
ဗိုလ်အောင်ကျော်ကို သက်သေထား
ငါနဲ့အလောင်းကောင်များ
တစ်သွေးတစ်သားတည်း ဖြစ်လို့။



www.burmeseclassic.com

www.burmeseclassic.com

ဟောသလိုညမျိုးမှာ
ငါ့ကိုယ်ငါ
သင်တို့ထံ အပ်နှံလိုက်ပေရဲ့
ပြန်ဖြည်လို့မရတဲ့
လက်သီးဆုပ်ရဲ့ ကျစ်လျစ်ခြင်းမျိုးလို။

နပိုလီယံလို ငါဆိုမယ်
'ငါချီတက်ရာ လိုက်ခဲ့ကြ
နောက်ပြန်ဆုတ်ရင် ငါ့ကိုသတ်ကြ
ငါသေရင် လက်စားချေကြ'
ဥဒါန်းဘယ်တော့မှ မကြေရ
စစ်ဖိနပ်အောက် ဒူးမထောက်ရ။

*(၁၉၈၇ ခုနှစ်၊ ဇူလိုင် ၇ ရက် အမှတ်တရ)*



## မြေခွေး

အောင်ခင်မြင့်

ဆည်းဆာကို အိတ်ကပ်ထဲကနေ ထုတ်ကြည့်တယ်
မျက်စိတစ်ဖက်မှိတ်ပြီး လေကို သေနတ်နဲ့ချိန်တယ်
ပထမနေ့မှာ လိပ်ပြာတစ်ကောင်
ဒုတိယနေ့မှာ မီးခွဲလောင်နေတဲ့ လက်ညှိုးတစ်ချောင်း
နောက်ဆုံးတော့ သွေးတွေဖြာကျနေတဲ့ မီးပန်းဆိုင်းကြီး
အရသာကို မိုးအဆုံး မြေအဆုံး ခံစားချင်သူများအတွက်
ကြိုးတန်းလမ်းလျှောက်သူများ မီးစားသူများ ဓားမျိုသူများ
အရေပြားပါချွတ်တဲ့ ခုနစ်လွှာချွတ် ကချေသည်များ
မသေခင် သင်သွားကြည့်သင့်တဲ့ နေရာတစ်ထောင်
ရိုက်သမျှ ဓာတ်ပုံတိုင်းမှာ မြေခွေးကတော့ ပါနေမှာပဲ
လျှို့ဝှက်စာလုံး မှားနေတယ်လို့ပဲ ဆက်တိုက်ပေါ်နေခဲ့
မိုးမွှန်အောင် ဆဲမိတယ် ပြီးတော့ အသားကုန်ရယ်မိတယ်
လိုက်ကာကိုဖွင့်လိုက်တိုင်း ရွှေရောင်ဘုရားကြီးကို ဖူးမြင်ရ
လိုက်ကာကိုပြန်ပိတ်လိုက်တိုင်း အသူရကာယ်လို မွတ်သိပ်ရ



www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြီးသခင်ကိုယ်တော်မှိုင်းသို့

အောင်ချိမ့်

မျောက်လက်ထဲ
အုန်းသီးရသလိုပဲ
ဩော် . . .
မျောက်လက်ထဲ သီးရသလိုပဲ။



## နိုင်ငံသစ်

ဧအောင်ဇေ

ဓေါ်သလိုင်းတံပိုးတွေ လက်ပန်းကျတော့
ဉာဏ်ပိန်းပိတ်အောင် မြူတွေဆိုင်း
ကောင်းကင်ရောင်အတိုင်း ကြည်လင်သောရေပြင်
ရာသီဥတု ကိုယ့်ဘက်ပါလာတဲ့ ပင်လယ်မှာ
ကျွန်းတစ်ကျွန်းလုံး မီးရှို့ပြတာတောင်
ဘယ်သင်္ဘောကမှ မမြင်ကြဘူး
ဒါ ရာသီဥတု ကိုယ့်ဘက်ပါခဲ့တဲ့ ပင်လယ်ပါ
အမွှေတစ်ဖက်ကမ်းခပ် ပင်လယ်စားပြတွေနဲ့
ရေခဲတောင်လိုက်ရှာနေတဲ့ တိုက်တန်းနစ်တွေနဲ့
အားမတန် မာန်လျှော့ သင်္ဘောပျက်တွေ
အဆမတန် ပုံထပ်လာတဲ့နောက်
ကျွန်းဟာ သူ့ကိုယ်သူ နိုင်ငံသစ်ကြေညာလိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## ငြင်းမလဲ အမှောင်နှင့် အလင်းငြင်း အမှောင်နှင့် အလင်းငြင်း ငြင်းမလဲ

အောင်ဇင်မင်း

အာရုံခံမျက်နှာကြက် မိုးသားတိမ်တိုက်တို့သည်ကား
မည်းမှောင် ငြင်းမလဲ
အမှောင်နှင့် အလင်းငြင်း
အမှောင်နှင့် အလင်းငြင်း ငြင်းမလဲ
ငါ့ဘဝ ငါ့ရောမ
ငါတကော တောလမ်းမ
လက်သည်းဂုဏ်မနက်ခင်း ရှိသည်
ကတည်းက နှင်းမှုချေ မိုးမှုချေ
လေပြည်လေညင်း ဗဟုလွင့်ရသ
ဘယ်မှာ အပူစူးကူးရှုရှ

နှင်တဲ့ အဆိပ် / အိပ်မက် တက်ပ မက်မ

ညတစ်ညလည်း ဖြစ်ပြန်သပ ငြင်းမလဲ
အမှောင်နှင့် အလင်းငြင်း ငြင်းမလဲ
မြေဆီမြေနှစ်ရင်း မြေကူကွက်ချင်းနင်းထွင်
သဘာဝ တရားခွင်

စိမ်းစိမ်းစိုစို သစ်ရွက်များ / သစ်ရွက်များ သွေ့ခြောက် သွေ့သွား

ဘယ်မှာ လယ်ကန်သင်းရိုးတို့၏ မျက်ရည်စက်များ
ကြည့်ပါ ထိုဝန်းကျင်ဖွဲ့
ရေညှိဖွဲ့ အုတ်ဂူ (ဘယ်လို ဘယ်လို)
လူသူ အရောက်အပေါက်နည်း
(ဟတ်လား) ပျာပျာသလဲနွေနွေ
ပျာပျာသလဲညည (ဟတ်လား) ကောင်းကင်ကိုလည်းကောင်း
မှီတင်းနေထိုင်ကြကုန်သော
(လူ၊ တိရစ္ဆာန်၊ မြစ်၊ တောတောင်)
တို့ကိုလည်းကောင်း



ရာသီသုံးပါးလမ်းသည်
ပြန်တမ်းဝင်ဖတ်စာကို ဖတ်ဖတ်ပြသွား
ရာသီသုံးပါးလမ်းသည် ပြန်တမ်းဝင်ဖတ်စာကို ဖတ်ဖတ်ပြသွား
မည်သူမည်ဝါတို့သည်ကား
လယ်ယာမြေပခုံးသားတို့အပေါ်
ခပ်တည်တည် ခပ်မတ်မတ်
ခါးထောက်ရပ် ရယ်ရယ်မောမောရပ်
မည်သူမည်ဝါတို့သည်ကား
လယ်ယာမြေ ပခုံးသားတို့အပေါ်
ခပ်တည်တည် ခပ်မတ်မတ်
ခါးထောက်ရပ် ရယ်ရယ်မောမောရပ်
'ကိုယ်ချင်းစာတရားများ
မနိုင်လွန်းလိုက်ပါသကောတော် ဒီမှာ'
(လေဝဲကတော့ ထိုးချိန်များရေ့)
'လမ်း၌ တံလျှပ်ကို မြင်၏'
တံလျှပ်ဟူသည် အဝေးမှ
ကြည့်သောအခါ မြင်၏
အနီးသို့ရောက်သောအခါ မမြင်
ဖြစ်လိုက် ပျက်လိုက်သောသဘော ရှိ၏' (ပုပ္ဖဝဂ်)
ငြင်းမလဲ အမှောင်နှင့် အလင်းငြင်း
အမှောင်နှင့် အလင်းငြင်း ငြင်းမလဲ
အာရုံခံမျက်နှာကြက် မိုးသားတိမ်တိုက်တို့သည်ကား မည်းမှောင်။



www.burmeseclassic.com

www.burmeseclassic.com

## အိမ်အပြန်

အောင်ဒင်(ဒဏ္ဍ)

ကျွန်တော်က အဝေးကြီးမှ ပြန်လာခဲ့တယ်
သူငယ်ချင်းများက
ဘယ်ကိုမှမသွား၊ ဒီနံရံများအတွင်းမှာပဲ ရှိနေကြတယ်
ကျွန်တော်တို့ကြား ခြားခဲ့တာက
မိုင်တစ်သောင်းနဲ့ နှစ်ပေါင်းနှစ်ဆယ်
အခုတော့ ကျွန်တော်တို့ ပြန်ဆုံတွေ့ကြတယ် ...။
အပြာရောင် ကောင်းကင်ကြီးထဲကနေ
ခုန်ချလာတဲ့ နှင်းစက်တွေဟာ
ကျွန်တော်တို့ရဲ့ နွေးထွေးတဲ့ အသက်ရှူသံတွေကို
မြက်ခင်းဟောင်းကြီးပေါ်မှာပဲ
သူတို့ရဲ့ခြေရာတွေ ပျောက်ဆုံး
သိပ်မဝေးသေးတဲ့ အတိတ်ကာလတစ်ခုမှာ
ရှုံးနိမ့်နာကျင်စွာ ကျန်ရစ်ခဲ့တဲ့
ခြောက်အိပ်မက်မက်တဲ့ ညတွေကို
ကျွန်တော်တို့ မုန်းရက်နိုင်စွမ်း မရှိကြ။
နွေတစ်ညမှ အစပြု၍
နောက်ထပ် နွေညပေါင်းများစွာ
အဆုံးမသတ်နိုင်သေးတဲ့ ခရီးရှည်ကြီးထဲ
လွင့်မျောခဲ့ကြရသူတွေပါ
နောက်ထပ် နှစ်ပေါင်းများစွာလည်း
နွေညတွေထဲ ကြေကွဲနာကျင်နေကြဦးမှာ ...။
ဘဝထဲက နှစ်ပေါင်း နှစ်ဆယ်ကျော် ခိုးယူခံလိုက်ရလို့
အလိုမတူဘဲ အိုမင်းခဲ့ရတဲ့ မျက်နှာတွေဟာ
အရေးအကြောင်းတွေနဲ့ ခန့်ညား
မုန်တိုင်းရိုင်းရိုင်း ကြမ်းတမ်းသောလှိုင်းနဲ့
ရမ်းကားသူတွေကို အနိုင်ပိုင်းခဲ့တဲ့
သူရဲကောင်းတို့ရဲ့ ကိုယ်ခန္ဓာတွေမှာ
ဒဏ်ရာဒဏ်ချက်တွေက ထင်ရှား ...
သူငယ်ချင်းတို့ရယ်၊ မင်းတို့ဟာ
မီးတောက်မီးလျှံတွေထဲက
ပြန်လည်နိုးထလာတဲ့ ဖီးနစ်ငှက်တွေပါ
တောင်ပံခတ်သံ မြင့်မြင့်မားမား ...။
မြေပြင်ပေါ်မှာ
အရှိန်အဝါမဲ့မဲ့ ပွင့်တဲ့ပန်းတွေ
အယဉ်ကျေးဆုံး အလှဖြာဝေဖို့အတွက်
မင်းတို့ အိပ်မက်မက်ခဲ့ကြတယ် ...။
အနက်ရှိုင်းဆုံး သမုဒ္ဒရာထဲ
မျှော်လင့်ခြင်းတွေ နာကျင်ခြင်းတွေ
မင်းတို့ ကြဲဖြန့်ခဲ့ကြတယ် ...။
ရိုးသားမှုနဲ့ အမှန်တရား
ချစ်သောပြည်သူတို့ရဲ့ အဖိနှိပ်ခံ နှလုံးသား
မွန်းကျပ် ကြေကွဲနေတဲ့ မလှမပ ဘဝများ
မင်းတို့ ခံစားခဲ့ကြတယ် ...။
နက်ဖြန်ခါနဲ့ လမင်းကြီးကိုတောင်မှ
မြင်ခွင့်မရတဲ့ အမှောင်ထုကြီးထဲ
မင်းတို့ရဲ့ဘဝတွေ၊ မင်းတို့ရဲ့ မာနတွေကို
ဖယောင်းတိုင်လေးတွေလို ထွန်းညှိလို့
တတ်နိုင်သလောက် လင်းချင်းစေခဲ့တယ်
မင်းတို့ချစ်တဲ့ တိုင်းပြည်ကို
မင်းတို့ အစွမ်းကုန် ချစ်ခဲ့ကြတယ် ...။
အမှောင်ထုက ကြီးစိုးနေတုန်းမို့
ဖယောင်းတိုင်လေးတွေ ဆက်ပြီး ထွန်းညှိကြရဦးမယ်
မင်းတို့ဘဝတွေ ဆက်ပြီး နာကျင်ကြရဦးမယ်
ဒါပေမဲ့ကွယ်
အဆုံးစွန် တောက်ပခဲ့ရလို့
မီးစာကုန် အရည်ပျော်ကျသွားတဲ့ ဖယောင်းတိုင်လေး အချို့ဟာ
အချိန်အတော်နောက်ကျပြီးမှ
အိမ်ပြန်ရောက်လာတဲ့ သူငယ်ချင်းကို
ခွင့်မလွှတ်၊ မကြိုဆိုနိုင်ကြတော့ ...။

*၂၇၊ စက်တင်ဘာ၊ ၂၀၁၄။*





www.burmeseclassic.com

www.burmeseclassic.com

**အမှန်တရားအတွက် အားအသစ် ဖြစ်ပါစေ**

အောင်ပိုင်စိုး

ဘုရားမှာ
ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်မယ်
ရင်ပြင်တော်ပေါ်က ခိုလေးတွေကို အစာကျွေးမယ်
လှောင်ချိုင့်ထဲ ပိတ်မိနေတဲ့ စာဝါငှက်ကလေးတွေကို
ကောင်းကင်ပြင်ထဲ လွတ်လပ်ခွင့်ပေးမယ်
ပိန်းပိတ်အမှောင်ထဲ ကြယ်တွေလို ရဲရင့်လင်းနေတဲ့
အန္တရာယ်တစ်ဖက်ကမ်းရောက် ညီလေး၊ ညီမလေးတွေ
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း
ဘေးမသီ ရန်မခပါစေကြောင်း ဆုတောင်းမေတ္တာပို့သမယ်

အဆီးအတားဟာ အမှန်တရားရှိရာသွားဖို့ ခက်ခဲနေတာသိတယ်
အခွင့်အရေးဟာ တသွင်သွင်စီးနေတဲ့ စမ်းချောင်းလေးမဟုတ်မှန်း သိတယ်
ကိုယ့်ဒဏ်ရာအတိမ်အနက်နဲ့ မနက်ဖြန်ဟာ မလွယ်ကူ ကြမ်းတမ်းမှန်း သိတယ်
ရှေ့မှာ ကာရံထားတာ အုတ်ရိုးနံရံမှန်း သိတယ်

ရွေးထားတဲ့လမ်းဟာ
နောင်တစ်ချိန် အနာဂတ်ရှိရာ ရောက်ရှိပျံသန်းနိုင်ဖို့
နောင်တစ်ချိန် မျိုးဆက်သစ်တွေ တိုးတက်ရစ်ဖို့
နောင်တစ်ချိန် သမိုင်းမှန်တွေ လင်းချင်းဝင်းပနိုင်ဖို့
နောင်တစ်ချိန် သူရဲကောင်းတွေအကြောင်း သင်ကြားမှတ်သားစေနိုင်ဖို့

မိုင်ပေါင်းရာချီ ဝေးခဲ့တယ်
အခက်အခဲပေါင်း ရာချီ ကြုံခဲ့တယ်
အတားအဆီးပေါင်း အလီလီ ဖြတ်ကျော်ခဲ့တယ်
လမ်းဟာ ရှေ့ဆက်တိုးဖို့ ဖြောင့်တန်းလို့
သမိုင်းလမ်းကြမ်း ဖဝါးထပ်ချပ်ခြေရာတွေ ထင်ကျန်ဖို့
မင်းတို့ လမ်းပေါ် ထွက်ရပ်ခဲ့တယ်
အမှန်တရားဟာ သေချာခိုင်မာကြောင်း ပြောဖို့ မင်းတို့ လမ်းပေါ် ထွက်ခဲ့တယ်
အတိတ်သမိုင်းက ဆင့်ခေါ်လို့



အခွင့်အရေးသီချင်းတွေ မင်းတို့ ဟစ်ကြွေးခဲ့ကြတယ်
ဦးခေါင်းကို တည့်မတ်လို့
မင်းတို့လက်ဖျံနဲ့ ထူမတ်ထားတဲ့
ဒေါင်းအလံဟာ လေထုထဲ လွတ်လပ်ဝဲပျံ
ပြည်သူတွေရဲ့
ရှန်းကန်ရှင်သန်တဲ့ အသံအစစ်အမှန်
သမိုင်းအစဉ်အဆက် ယုံကြည်ရာကို မှန်ကန်စေနိုင်ဖို့
ဒီကဗျာဟာ အမှန်တရားအတွက် အင်အားအသစ် ဖြစ်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com

**ရွာထဲက သတင်း**

အောင်ဖြိုးဝေ

ကြွက်တွေက ကျော်မကောင်း ကြားမကောင်းအောင်
သောင်းကျန်းတုန်း
ကလေးတွေက သေနတ်ပစ်တမ်း
ပြန်ဆော့တယ်
မြောင်းထဲမှာမှ မဟုတ်ပါဘူး
အမှိုက်ဟာ
ကွန်ကရစ်တောထဲမှာလည်း
ရှိရဲ့
မလတ်ဆတ်တဲ့ လက်မှတ်များ
အခြောက်တွေ ထိုးခဲ့တာ နေမှာပါ
တံခါးတွေ ပွင့်နေတဲ့ အိမ်ပဲ
ခြစားတာ ဆန်းသလားကွယ်
ပြောချင်ရာ ပြောတတ်တဲ့ အရူးကြီးက
နဂါးမောက်သီး စားချင်တယ်တဲ့
အဲဒီတော့ ပိုက်ဆံချေးပြီး ဝယ်ကျွေးမိတာပေါ့
ကလေးတွေ အငိုတိတ်ဖို့
ငှက်ကလေးရယ်
ငါ မသေခင်
ပြန် (ပျံ)
လာ
ပါ
ရန်မဖြစ်နဲ့
ခြေမထိုးနဲ့
ဘုရားပွဲဈေးလည်း
ပျက်ခဲ့ပေါင်းများပြီ
လူစိမ်းတွေ ရောက်နေတယ်
ဖြူလိုက်
မည်းလိုက်
ရွာသား ညီညီတွေက



ရွာပြင် ဇရပ်ဆီမှာ
သပြေသီးအကြွေတွေ ကောက်လို့
ဝါးတွေက နောက်ကျောဘက်မှာချည်းပဲ
ချောင်းက ရေချိုးလို့မရတော့ပါဘူး
အမေက ပြောတယ်
နင့်အဖေ လုပ်စာတုန်းက
ငါတို့မိသားစု
နည်းနည်း အသက်ရှူချောင်တယ်တဲ့
ဟုတ်ပါတယ်
နှစ်ခြောက်ဆယ် ပြည့်တော့မယ့်
ညောင်ပင်ကြီးက
ခုထိ သရဲစီးနေတုန်း
ကျောင်းစာအုပ်ထဲက
ပလပ်ကျွတ်နေတဲ့ ငြိမ်းချမ်းရေး
စကားလုံးဟာ
အခု MPC ပြတိုက်မှာ
ဂန္ထဝင်လက်ရာ တစ်ခုအလား
စားအိမ်သောက်အိမ်
ဒီနှစ် သီတင်းကျွတ်လည်း
မိုးက ကဖျက်ယဖျက်
လုပ်ဦးမှာလား
ရွာက ဝတ်ပြတ်မွဲတေနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## သမ္မတကြီးတဲ့လား

အောင်ဘညို

နံနက်ခင်း
လက်ဖက်ရည်ဆိုင်ရောက်တဲ့အခါ
စားပွဲထိုးလေးတွေက
သမ္မတကြီး ဘာသောက်မလဲတဲ့။

အရက်ဆိုင်ရောက်တဲ့အခါ
သူငယ်ချင်းတွေက
သမ္မတကြီး နောက်ကျလှချည်လားတဲ့။

မာဆတ်ရောက်တဲ့အခါ
အနှိပ်သမလေးတွေက
သမ္မတကြီး ညောင်းလာပြီလားတဲ့။

အိမ်ပြန်ရောက်တဲ့အခါ
မိန်းမက
သမီးနဲ့သားတို့ရေ
နင်တို့အဖေသမ္မတကြီး ပြန်လာပြီတဲ့။

ကျွန်တော်တို့ရပ်ကွက်ထဲမှာ
ဘန်းစကားတစ်ခွန်း ခေတ်စားနေတယ်
ကတိမတည်တဲ့လူကို 'သမ္မတကြီး'တဲ့
သမ္မတကြီး သမ္မတကြီး သမ္မတကြီး။

## ဆေးရုံညတွင် ချီတက်ခြင်း

အောင်ဝေး

အို . . . ဆွေးဆွေးမှုန်မှုန်
မေ့ဆေးထုံပျံ့
ဆေးရုံပေါ်မှာ
တော်လှန်ရေးကို ကုကြဆဲ။

ဆေးရုံပေါ်မှာ
တော်လှန်ရေးလေ၊ သွေးတစ်ပေါက်ချင်း
လက်မောင်းတွင်းကျ၊ သွေးသွင်းလူနာ
စိတ်မှာနီမောင်း၊ ခွပ်ဒေါင်းလက်ပတ်
အနာဂတ်သို့၊ ဖြတ်သန်းနေချိန်
အိပ်မက်ထဲမှာ
နှင်းသည်းလေထန်၊ မစ်ရှီဂန်ရဲ့
ဟောမန္တမုန်တိုင်းနီနီ။

အိပ်မက်ဆဲလေ
ဒေါင်းနေချောင်းမှာ၊ ဒေါင်းတွေပေါင်းဆုံ
ဆေးရုံခုတင်၊ အပြင်ဘက်မှာ
ဝက်ဝံလက်နဲ့၊ မျက်နှာဖြတ်ရိုက်
နှင်းဖတ်နှင်းခဲ၊ သွေးချင်းချင်းရဲ
မြင်းခွာတစ်ချက်ပေါက်၊ မီးဟုန်းဟုန်းတောက်
နောက်ဆုံးအိပ်မက်၊ မနက်ဖြန်မှာ
မစ်ရှီဂန်မဲဇာ၊ ငါ၏ဒဏ်ရာ။

နှလုံးသားထဲ
မြားရိုးကျိုးကျန်၊ အို . . . စိုးရိမ်ရန်ကော
အိုးဝေသံကြား၊ ပြန်လာခဲ့မည်
နှင်းဆီဓားနဲ့၊ တအားလွှဲခုတ်
ဖြုတ်ချအစိုးရ၊ ဆေးရုံညမှာ
ချွန်မြနီမောင်း။ ကျောင်းသားသပိတ်



www.burmeseclassic.com

www.burmeseclassic.com

ငါ့မအိပ်ခင်
ပိန်းပိတ်ဖြူအောင်၊ ဆွတ်ဆွတ်မှောင်ဆဲ
အိုး . . . နှင်းမှောင်ကန္တာရ။

အချစ်ဦးရေ . . .
သွေးလူးပေကျံ၊ ငါ့ကန္တာရ
ညမစ်ရိုက်နှ်၊ ထန်ထန်သည်းသည်း
နှင်းမုန်တိုင်းထဲ၊ ဘိုင်းဘိုင်းပြိုကွဲ
လဲကျသေဆုံး၊ ငါ ရှုံးမလား
ညများဆက်ဆက်၊ ချိတက်ခရီးရှည်
ကျောင်းသားတွေနဲ့အတူ
ပြည်သူရှိရာ၊ ငါ၏ကဗျာ
ပြန်လာချက်ချင်း၊ မင်းသွေးသစ်တို့
မျိုးဆက်သစ်တို့ထံ၊ ငါအပ်နှံမည်
ရှင်ပြန်ထမြောက်၊ နောက်တစ်နေ့မှာ။

ပြော် . . . စိုစိုနွေးနွေး
အိုးဝေဝေးနဲ့
ဆေးရုံပေါ်မှာ
တော်လှန်ရေးကို ကုသကြဆဲပါတကား။

*၁–၃၊ ဖေဖော်ဝါရီ၊ ၂၀၁၅။*
*(တစ်ခုသောဆေးရုံ၊ နှလုံးရောဂါဆောင်)*



## ငါ

အောင်သက်ဦး

ဟေးဒီးအတွက် ဆောင်တော်ကူးပန်းတစ်ပွင့်
အိုင်အိုဝါရှမျှော်ခင်းထဲ ပစ်ချခဲ့
ကာလီယိုပက်ထရာကို လက်ပံပွင့်ရဲရဲများဖြင့် တွဲမြင်ခဲ့ရ
ကြမ်းပြင် တစ်ချပ်နဲ့ တစ်ချပ်ကြား အလင်းရောင်များ
မြို့အခွံထဲ လမ်းလျှောက်ထွက်ပြေးသွား
ချယ်ရီသီး မျက်နှာကြက်များ
ထိုနည်းတူစွာ ကြမ်းပြင်နှင့် မျက်နှာကြက်များအကြား
အရည်ပျော်လုခမန်း မေမြို့ပန်းရဲရဲများ
ဖြူဆွတ်ဆွတ် ဟာဒယရှင်မြူးမှုဟာ
သူ့စရိုက်အတိုင်း မလာဘဲ ဂိုက်နဲ့ဆိုက်နဲ့ တစ်လှမ်းနဲ့တစ်လှမ်း
မလှမ်းမကမ်းမှာ အစိမ်းရောင်ပန်းသီးများ
အပြည့်အဝပေးစွမ်းနိုင်ဖို့ အရည်ရွှမ်းသော
မနက်ခင်းတစ်ခု ရေညှောင့်ကောင်များ၊
ရေညှိပင်အတွင်းမှ စိတ်မြွှာသော ရေပေါက်ကလေးများ
အနက်ရောင်လိုင်းများအတွင်း၊ ပြာနုသော အခွေများအတွင်း
သဘော်ပင်ပေါက်ကလေးများရဲ့ စိမ်းစိုမှုလို ရွှန်းစိုခြင်းမိုးသားများရဲ့ ခြေရာလို
ပန်းနုရောင်ပိုးသားများရဲ့ အားသာချက်ရယ်
လွယ်ကူရှင်းလင်းမှုဟာ အဓိပ္ပာယ်အုံဖွဲ့ထားတဲ့ မိုးပေါက်ကလေးများ
လီမွှော်ပင်များ လီမွှော်ရောင်များ
ဆူးပင်များမှ ထွက်ပေါ်လာသော အစေး(အဖြူရောင်)
သဘောလောကရယ် နေထိုင်ခွင့်ရ ခရေပန်းရဲ့ အနားသတ်
နီမြန်းမှုကလေး အညိုရောင်မြေပြင်
ပန်းခြောက်များ ဝန်းရံစိုရွှဲ
ရေအိုင်ငယ်များမှ ပေါက်ဖွားလာသော အသံလှိုင်းငယ် အကွေးဆန်မှုဟာ
ဖြောင့်တန်းစွာ ကျိုးကြေသွားခဲ့သော်
အမှောင်ကဲ့သို့ ဖော်ပြရန်ခက်ခဲသော အဆောက်အအုံ
နိုင်မြဲသော သေချာမှုအတွင်း
သွေးကြောမျှင်များသာ တတ်နိုင်ခဲ့ရင် မဆက်သွယ်တော့ဘဲ နေထိုင်ကြည့်
နှင်းပွင့်များရဲ့ ဂီတသံတစ်ခုရယ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တည်မှုဆိုတာ သက်တမ်းတွေရယ်
အရိုးချင်းဆက်သွယ် အကွေးများရဲ့ ချစ်ခြင်းမေတ္တာ ရေပေါက်ကလေးများ
ဖားများရဲ့ အော်ဟစ်ညည်းတွားနေပုံများ၊ ထန်းကြောဖျာများရဲ့ ရွက်နုစိမ်းတေး
သွေးများ အိုင်ထွန်းနက်မှောင် ကျောက်စရစ်ခဲများ လေထုထဲ ရပ်တန့်
အကွက်များရဲ့ ပြန့်ပြူးမှုလေသွေးခဲ့သော အဝါရောင်ရွက်လွှင့်ခြင်း
အေးခဲအိမ်မင်း ခေါ်ဆောင်ရာနောက်သို့ ပိုးပဝါစကလေးများ ရွာကျရွက်ကြွေ
မြေသို့ ရန့်အရှင်များ
အတွေးအစအနကလေးများ သေဆုံးပျောက်ကွယ်
အသားစိုင်များရဲ့ နယ်ခြားမျဉ်းတွေလို ရွှေအိုရောင်
မနက်ခင်းများရဲ့ အထီးကျန်ငေးမော
ပြာကျပျက်စီး နီညိုရောင်ညနေများ ထိုင်စောင့်နေကျ ကံ့ကော်ပန်းများ
လိုရာရွေ့လျားနိုင်သော ငွေရောင်ကြယ်များ
ခြေလှမ်းတွေရဲ့ အရောင်ဖြစ်ထွန်းမှုရင်ပြင်
လအတွက် နေထိုင်ခဲ့သော လိုဏ်ဂူများ
မှုန်ဝါးသွားသော စက္ကန့်ပေါက်ကလေးများ
တိုက်စားခံရသော ကျောက်တုံးကျောက်ခဲအလား
ပန်းချီကားများ ဝတ်ဆင်ပြေးထွက်လာသော ရွာစုတန်းကြီးများ
စိတ် ငြိမ် နေ မှု အတွင်း ပြန်ခေါ်သွားရင် လက်ခံပါသလား
မေးခွန်းများရဲ့ ဆွံ့အကြေကွဲမှုမှ ထွက်ပေါ်လာသော အက္ခရာပျက်များ
ပြေးလွှားနေသော အာမေဋိတ်များဟာ ဓာတ်ကြီးများဖြင့် သွယ်တန်း။

**အနက်ရောင် ကောက်ကြောင်း**

ဥတ္တရာအောင်

မျှိုချပြီးတဲ့ နောက်မှာတော့
ထွေးစရာ အန်စရာ မရှိသော မြို့ကလေး ငယ်ငယ်
အတွေးထဲ အမြစ်စွဲပုံ အထပ်ထပ်
လျှပ်ပေါ်လော်လည်နေရှော့သလား အရောင်လွဲ့လွဲ့ နဲ့နဲ့သွားပုံ
ခုလှမ်းထားတဲ့ ရော့ခ်တီရှပ်က အနက်ရောင်
ခေါ်ခဲ့ ... ခေါ်လာခဲ့ ... ခေါ်ထုတ်လာခဲ့တော့ ... ဟစ်အော်ရင်း
ကိုယ်ကြွေနေတာ တစ်ရွက်ပြီးတစ်ရွက် အရိုးပြိုင်းပြိုင်း
ဖြစ်နိုင်မယ်ဆိုရင် မျိုချမလို့ ခူးယူပန်ဆင်မလို့ ဒီထက်ပိုပြီး
ရွှေအတိပြီးနိုင်မလားပဲ ဒီလို အရှူးဟာ စကားတပြောပြောနဲ့
မင်းတို့ နားလည်နိုင်မှာမဟုတ်တဲ့ တောင်တန်းများဆီက ဖဲချပ်ပေါ့
ပိုမှောင်တဲ့ဆီ ကိုယ်သွားနေပါတယ် တွေ့လိုတွေ့ငြား
အရိပ်ထဲ အရောင်တွေ ကုန်းရုန်းထ နိုးကြားနေတာတွေအတွက်
အရာအားလုံး ပိုင်ဆိုင်မိပါသတဲ့
မြင်လား အနက်ထက် ပိုနက်တဲ့ လူ့ဘဝတစ်မျိုးတစ်မည် သူ့အဖီလေးမှာ
ဘာသာစကား လူလားမြောက် အခွင့်အရေးကို သူဖောက်နေတာ
သိသိနဲ့ နံရံမှာ စိတ်ကူးနဲ့ အရောင်ကို နမ်းလိုက်တဲ့ အနက်
ဘာမဆို ဖြစ်နိုင်တယ်ဆိုတာကလွဲလို့ တခြားပြောစရာမရှိဘူး
ခါးတယ်ဆို ထွေးထုတ်နိုင်ပါတယ်
ငါတို့လည်း ရေလောင်းရင် ပွင့်လာနိုင်တာပဲလို့ စွဲရင်း
ကိုယ်တို့အားလုံး နေပျော်ပါတယ် ရိုးရာရဲ့ အနက်ရောင်ခန်းဆီးတစ်ဖက်မှာ
မှောင်နေတာ ဘဝတစ်ခုလို့ပဲ မြင်ကြပါရန် ပြောခဲ့ချင်ပါသည်။

www.burmeseclassic.com

## Popcorn ဆိုရင် လုံးဝမကြိုက်

အိန္ဒြာ

Popcorn လာရင် ကျွန်မ တီဗီကို ပိတ်လိုက်တယ်
လူတွေမှာ ရယ်စရာ ဒီလောက်တောင် ရှားသလား။

အဲဒီမှာ
ရှင်က
မျက်မမြင်တစ်ယောက်ကို စာနာစိတ်အပြည့် ဖေးမကူညီတာကိုဖြစ်ဖြစ်
ဒုက္ခရောက်နေတဲ့သူကို ကယ်တင်ဖို့
စိုးရိမ်တကြီး ကြိုးစားအားထုတ်တာကိုဖြစ်ဖြစ်
ယဉ်ကျေးမှုဘောင် အပြင်ဘက်က မဖွယ်မရာ မြင်ကွင်းကို
အလန့်တကြား ဟန့်တားတာကိုဖြစ်ဖြစ်
အမှိုက်ပုံထဲက လူအရိုးစုကြီးထွက်လာလို့
ငယ်သံပါအောင် အော်ဟစ်လိုက်တာပဲဖြစ်ဖြစ်ရ
စိတ်ခံစားမှုနဲ့ ကိုးရိုးကားရားနိုင်နေတဲ့ ရှင့်မျက်နှာ ရှင့်လှုပ်ရှားမှုတိုင်းဟာ
Popcorn တီဗီဖန်သားပြင်မှာတော့ ဟာသပဲ
အားလုံးဟာ ရှင်မသိအောင် ရှင့်ဆီက ခိုးဝှက်ယူထားလိုက်တဲ့ ဟာသခံပဲ။

လူတွေရဲ့ ကြောက်လန့်တတ်မှုကို Popcorn က အလစ်အငိုက်ဖမ်းနေတယ်
လူတွေရဲ့ ကူညီချင်စိတ်ကို Popcorn က ရယ်သွမ်းသွေးနေတယ်
လူတွေရဲ့လူသားချင်းစာနာမှုကို Popcorn အလွဲသုံးစားလုပ်နေတယ် ...
ဂုဏ်သိက္ခာဟာ Popcorn အတွက် ဖန်နီအန်တာတိန်းမန့်ပဲ
ကိုယ်ချင်းစရာတရားဟာ Popcorn အတွက် စိတ်အပန်းဖြေစရာ လိုက်ဖ်ရှိုးပဲ
အားငယ်စိတ်ဟာ Popcorn အတွက်
ဝင်ငွေသောက်သောက်လဲရတဲ့ တီဗီစီးရီးပဲ။

နောက်တစ်ကြိမ် ဒီလိုမျိုးကြုံခဲ့ရင် ကျွန်မဆို ရှောင်ထွက်သွားလိုက်မယ်
ဘဝမှာ ဘယ်သူက နှစ်ကြိမ် နှစ်ခါ အဟားခံမှာလဲ ...
အဲသလိုနဲ့ အတုနဲ့ အစစ်ဟာ ထွေးရောယှက်တင်ဖြစ်တော့မယ်
အဲသလိုနဲ့ နူးညံ့နွေးထွေးမှုတွေဟာ မာကျော အေးစက်သွားတော့မယ်
အဲသလို အတုအစစ် မခွဲခြားတတ်မှုနဲ့



တကယ့်အစစ်တွေ လစ်လပ်ကျန်ခဲ့ကြတော့မယ် ...
အဲသလို အတုအစစ် မခွဲခြားတတ်မှုနဲ့
အတုအယောင်တွေ တောက်စား မင်းမူကြတော့မယ်။

လူတွေမှာ ရယ်မောစရာ ဒီလောက်တောင် ရှားသလား
Popcorn လာရင် တီဗီပိတ်လိုက်သလို ...
လူသား Popcorn တွေကိုလည်း ကျွန်မ မီးမှိတ်ပစ်ချင်တယ်။

၉၊ ၀၂၊ ၂၀၁၅။



www.burmeseclassic.com

www.burmeseclassic.com

**အဆစ်**

အိမ်ဝေးသူ

အချိန်
ငွေကြေး
ခွန်အား
တစ်ယောက်ယောက်ဆီက
တစ်ခုခုကို အဆစ်တောင်းလိုက်တဲ့အခါ
တစ်ယောက်ယောက်ဟာ
ငါ့ကွယ်ရာမှာ
စစ်ဖြစ်ကျန်ခဲ့မှာလား။

*၄၊ ၉၊ ၂၀၁၄။*



**ခေတ်**

အိမ်စိမ်း

မင်းရဲ့စရိုက်ကို
တစ်ခါတည်း အပြီးရိုက်ဖို့
ဘဝမှာ ဖလင်အပိုတွေ မရှိခဲ့ပါဘူး။

ပုံစံခွက်ထဲက အသက်ရှင်နေသူတွေ
ပုံစံပျက်ထဲက တောက်ပနေသူတွေ
ကောင်းကင်ကိုဇဟိုပြုရင်း ...
အားနည်းချက်လေးကိုတော့
မိုးတိမ်တွေနဲ့ မကာကွယ်နိုင်။

ရှာချလိုက်တော့မှ
အရည်ပျော် သတိတွေနဲ့
စွတ်စိုထိုင်းမှိုင်း စကားလုံးတွေနဲ့
အသိုက်ထဲကဥလေး အနွေးဓာတ် လိုနေတာ။
တောင်ပံ နှစ်ခုချပေမဲ့ မလုံတော့တော့
ခေတ်
ဝပ်ကျင်းမှာ သံသယတွေရှိခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## ဟစ်တွေ မေ့ထား

အိမ့်ဒီဝင်

အကျအပေါက်တွေ များလွန်းတယ်
ဟန်လုံးပန်လုံးတွေ လမ်းလျှောက်
အကွဲအခွဲတွေ ရှုပ်ပြလွန်းတော့
ဒါဟာ ရေပန်းအစားဆုံး ပါဖောင်းမင့်
လက်ဖျားတောင် လန့်သွားရှာတယ်
ငါလည်း ငါ့အပေါက်နဲ့ ငါ မလုံဘူး
သူလည်း သူ့အသိုက်အမြုံထဲမှာ သူပဲ
ပင်လယ်ကို ထွက်ပေါက်လို့ ပြောပြီး
လေရှူဖို့ မွန်းကျပ်နေရ
ခက်လည်း ခက်ပ ဒီစားကျက်က
စားစားသမျှ ကြားကြားသမျှ အရိုးတွေပဲ ရ
ဖွတ်မရလည်း နေပါစေ ဓားမတော့ မတုံးစေနဲ့
အတုံးအရုံး၊ အလုံးအပြုံး၊ ဝါးလုံးကွဲ
ဟိုဘက်က မောင်းသွင်းတာ အဆုံးမှာ အကြောင်းရင်းရှိလို့
ဒီတော့ ဖွေများတဲ့ သတ္တဝါ ဝွေသားချည်းပဲ
ဆက်လိမ့်ပါ
အလေအလွင့် များရင် များပါစေ
အကြေအလွင့် နည်းဖို့ပဲ လိုမယ်
ကြားထဲမှာ အသားလေးနေလို့ရရင် မေ့ထား
နေရာတိုင်းမှာ 'ဟစ်'ရအောင် ဆွဲထားမယ်
ကြာရင် ကြွစိ ပွစိတွေ ရိုးသွားတယ်
အရွတ်ချည်းပဲ မလုပ်နဲ့ အသားလေးတော့ ပါဦး
ဟုတ်တယ် ဒီနေ့ လမ်းကြောင်းရှင်းတယ်။



## သခင်ယေရှုလို့ ခေါ်ရတာ သူစိမ်းဆန်လွန်းတယ် Jesus

အိုင်းဒီး

သခင်ယေရှုလို့ခေါ်ရတာ သူစိမ်းဆန်လွန်းတယ် Jesus
ရှင်နဲ့ ကျွန်မလို့ပဲ ပြောလို့ရမလား
စကားလုံးတွေမှာ လိုအပ်တဲ့ခေတ်တစ်ခု ရှိမနေကြဘူး
တနင်္ဂနွေနေ့တွေမှာ ကျွန်မ ပြုံးတီပြုံးကြောင်နဲ့
ဘုရားကျောင်း ရောက်ခဲ့တယ်
စိတ်အစဉ်ကတော့ စင်မြင့်ထက်မှာ
ထိုးစိုက်ထားတဲ့ နှင်းဆီပန်းတွေ
ပြတင်းမှာ အတင်းအဓမ္မ ချည်နှောင်ခံရတဲ့
ပါးလျ ခန်းဆီးစတွေ
အခါအခွင့်သင့်တိုင်း လေအဟုန်မှာ ဝဲလွင့်ရင်း
ပြေးထွက်သွားကြတယ်လို့
ကိုယ့်ကိုယ်ကိုယ် လိမ်ညာနေကြ
ဟောဒီဘုရားကျောင်းခန်းမအပြည့် လူတွေမှာ
ကျွန်မ စကားပြောချင်တဲ့သူမရှိဘူး Jesus
ရှင်ကိုတော့ ပြောလို့ရမယ် ထင်တယ်
ကျွန်မ ရှင့်ကို သိတတ်စအရွယ်တည်းက ရင်းနှီးခဲ့ရတာပဲ
ကိုယ့်ကိုယ်ယ်တောင် ဘာမှန်း မသိရသေးခင်ကတည်းကပေါ့
ခရမ်းရောင်နှုတ်ခမ်းနီတောင့် တစ်ခုတည်းကို
နှုတ်ခမ်းပေါ် စွဲမြဲမတင်သေးခင်ကတည်းကပေါ့
ကလေးဘဝဟာ မေ့ပစ်ထားခဲ့ဖို့ပဲလား Jesus
ကလေးဘဝက လူတွေဟာ ကြီးတဲ့အထိ ပါမလာကြဘူး
အနီးမှာ ရှိနေကြရဲ့နဲ့ ဟိုးအတိတ်မှာ ကျန်ရစ်ခဲ့ကြတယ်
ဒါ ဘာဖြစ်လို့လဲ Jesus
ဒါနဲ့ ရှင်ဟာ အိုမင်းမသွားခဲ့ရဘူးနော်
ဇရာကို မကြုံခဲ့ရဘူးပေါ့၊
ဇရာဆိုတာ ကျွန်မအဘွားရဲ့ ရက်ကန်းမှာ
အနာဂတ်ကို ယှက်သွယ်ထားလို့
အတိတ်တွေနဲ့ သူမ ရက်ခတ်နေတာ
ပစ္စုပ္ပန်ဟာ အဆင်အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com

သေခြင်းကနေ ရှင်ပြန်ထမြောက်တယ်ဆို
ဒါ ရှင် လိုချင်ခဲ့တဲ့အရာလား။
ရှင့်အဖေရဲ့ဆန္ဒက ရှင့်ဆန္ဒနဲ့ ထပ်တူကျခဲ့သလား
သခင်ယေရှုလို့ခေါ်ရတာ သူစိမ်းဆန်လွန်းတယ် Jesus
ကျွန်မ ဘာကိုလိုချင်နေမှန်း မသိဘူး
ရှင်ကော လိုချင်တာ ရခဲ့သလား
ခက်တာပဲ ကျွန်မ အဆုံးမသတ်တတ်တော့ဘူး
အသစ် ပြန်လည်မွေးဖွားဖို့
ကိုယ့်ကိုယ်ကိုယ် မွေးဖွားလို့မရဘူး မဟုတ်လား
လူဟာ မွေးကတည်းက သူများကို လိုအပ်တယ်
ဒါ ဘယ်လိုကျိန်စာမျိုးပါလိမ့်
ဘဝဟာ နာကျင်စေတယ် Jesus
ရှင်ကတော့ ကိုယ်လွတ်ရုန်းသွားတာပဲ။

၉၊ ၁၀၊ ၂၀၁၄။



**ပြတိုက်ဖွင့်မယ့်အချိန်က စောလွန်းတော့**
**ခင်ဗျားနောက်ကျတာ အပြစ်လို့ မပြောသာဘူးပေါ့**

A မွန်

ပြတိုက်က ဘာဖြစ်တာပါလိမ့်။ ညစောင့်က စတွေးတယ်။
လမ်းသွားလမ်းလာပဲ မေးရမလား
ခေတ်မီးတဝင်းဝင်းနဲ့ လွန့်လူးရင်း အမှတ်မထင် လက်ကနာရီ ကြည့်မိပေါ့။
ဒီတံခါးတွေဟာ ဗဟိုထိန်းချုပ်စနစ် အခုချိန် ဘာကြောင့် ပွင့်ဟလာပါလိမ့်။
အရေးကြီးတဲ့ ရန်သူ့ကျမ်းစာတွေ မသကာ ရေစိုသွားမှဖြင့်။
အမြင်မတော်ကို ဆင်တော်ထဲ ထည့်ခလောက်လို့
ကြက်ချည်တဲ့ကြိုးနဲ့ ဆင်ချည်
ဆင်ချည်တဲ့ကြိုးကို သူ့ကိုယ်သူ ချည်လို့၊ အဲဒီကစ
ဆင်ခြေဆင်လက်နဲ့ သူနဲ့ ပြတိုက်နဲ့ အံကျတော့တာပါပဲ။

နောက်တစ်နာရီမှာ ဘာမှမဖြစ်သလို နေရမယ် နောက်တစ်နေ့အထိ။
ဒီအကြောင်းကို မှတ်တမ်းရုပ်ရှင်ရိုက်ဖို့ ဆိုတာကလည်း စောသေးတယ်
နောက်ဘဝအထိ။
ပြတိုက်မှူးဟာ စာရေးဆရာဖြစ်ချင်တာ စိတ်က ရေးတယ် နံရံမှာ လှံနဲ့ ဓား
အရိုးမှာ ကတ္တီပါပန်းပွားနဲ့။
လွမ်းစရာ ကောင်း ကောင်းသေးတော့။
ခေတ်ကြီးတစ်ခုလုံး ပန်းချီကားအဟောင်းတွေထဲ ရောက်ရှိနေပုံ။

အခုတော့ ပုံမှန်ပါပဲ မြို့ကလေး တိတ်ဆိတ်နေပုံဟာ ဝိုးဝါး။
သာတော့ သာယာ နှင်းမြူတို့ ဝေ့ဝဲအုပ်သည်းပုံ၊
နေရောင်ခြည် ကွက်လပ်ကလေး လှစ်ဟ တောက်ပလာပုံ၊
ဈေးသည်စက်ဘီးတို့ တိုးတိုးညင်သာ ရွေ့နေပုံ၊
လမ်းလျှောက်ထွက်လာသူတို့ရဲ့ နှုတ်ခမ်းက ရေငွေ့အနမ်းများ ပန်းထွက်နေပုံ၊
အနေးရုပ်ရှင်ပြကွက်အလား မနက်ခင်းကို စားသောက်နေပုံထောက်တော့
အရာရာဟာ ပုံမှန်ပါပဲလို့ ညစောင့်က တွေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြတိုက်ဝန်ထမ်းတွေ ဘာကြောင့် နောက်ကျပါလိမ့်။
ညှိသည့်ပါးတဲ့ ရာသီမို့။ ပြတိုက်တံခါးမကြီး ပွင့်ဟခဲ့တာ အတော်ကြာပြီ။
ဗဟိုထိန်းချုပ်စနစ် ပျက်ပြယ်သွားတာများလား။
ဒါ အခြားသူတို့ နားမလည်နိုင်(ဘူးလို့ ထင်ရ)တဲ့ ပညာရပ်။
သူ့တစ်ကိုယ်လုံး နှင်းခိုးနဲ့ ရွဲစိုလို့။
ခုချိန်များ ကော်ဖီပူပူလေး သောက်လိုက်ရရင် ကောင်းမှာ။
သူ တွေးနေမိသေးတော့။
ပြတိုက်မှူးဟာ ဒီနေ့ နောက်ကျမယ်
အပြီးသတ်ဝတ္ထုလေး စိတ်ကူးနဲ့ ဇာတ်သိမ်းရမှာမို့။
မနက်ဖြန်လည်း မနက်ဖြန်မို့၊
မြို့လယ်လမ်းမ လူသူရှင်းလို့ပဲ။ ဒီရာသီဥတုကို လူတွေ ကြိုက်ပုံမရဘူး။
သူ အနားယူချင်ပြီ
ညစောင့်ရဲ့စိတ်ကူးကို ပြတိုက်ကြီး နားလည်ပုံမရပါဘူး။
အလင်းပိုးတဝါးမှာ အေးခဲလို့ တိတ်ဆိတ်လို့ မိုးတိုးမတ်တတ် ပြာလွင်လို့
နောက်ပြီး သူ့ဘာသာ ပြတိုက်ဖြစ်ရတာပဲ
ရှက်သလိုလို မလုံမလဲ ဘဝချင်းလွဲလို့။

*(ကဗျာပဟောင်းလေးတွေ ပြန်ရှာမိရင်း ဘယ်မှာမှပုံမနှိပ်ရသေးတဲ့ ဒီကဗျာလေး ပြန်တွေ့မိ။ ၁၅၊ ဇူလိုင်၊ ၂၀၀၈ မှာ ရေးခဲ့တာ။ အခု မဆိုစလောက်လေး လိုးဖြတ်ဖြည့်စွက်ရင်း '၂၀၁၅ ကမ္ဘာကဗျာနေ့'အတွက် ဖော်ပြမိ။)*

## From the old to the new
Ant Maung

Outside the widow
the space bathing in sunlight
a greyish brown gumkino tree
with its old-emerald leaves
and old-gold leaves
wedded in colours and hues
danced like butterflies
in the warm gentle breeze
announcing the opening of the beautiful spring
with the boom of the Royal Drums.

Just soon after
in the hazy blue of the sunny season
gold and emerald brighten the gumkino tree
with golden gumkino blosooms
and new emerald gumkino leaves
spreading their fragrance
in the sweet breeze
the spring minstrel, the golden cuckoo,
declares the end of the old season
and the beginning of the most beautiful all cheers
all smiles! new season the south wind heightens its strength
and speed
with the honey-bees
hurrying to and fro
to the new-born flowers.



www.burmeseclassic.com

www.burmeseclassic.com

## encomium

(for mr. yew)

ko ko thet

mr. yew, i am in love with you
you are not common yew, you are not pacific yew
you are not mexican yew, you are not japanese yew
you are not canadian yew, you are not sumatran yew
you are not himalayan yew, you are yew
you are above any poisonous yew that guards
a church graveyard from cows, there has never been
the like of yew, there never will be the like of yew
you are a perfect syncretism of heart and brain
yew heart in your brain, yew brain in your heart
yew is the peerless symbiosis of art and science
yew is the artful science, yew is the scientific art
yew has always been right, yew has always been left
yew has always been in the middle, yew knows where else
yew is supreme, yew is almighty, yew is omniscient
yew is omnipotent, your lordship won't dance your balls
bounce for an ounce of yewlogy, but nonetheless,
your goodness, let me rename your island of reclaimed land
'yew', bless me with the honour of a pyramid for yewer grace
could i embalm yewer heavenly spirit's wholesome body
please allow me to encase yewer majesty's brainy heart
kindly let me enshrine yewer worship's hearty brain
bestow upon me a pickle of yewer divine entrails
could i forever venerate, praise and kowtow yewer holiness
my great guardian, my good shepherd, my jade-footed, sun-
faced
monarch of the universe, the owner of eighteen thousand
gold



umbrellas and ninety-nine thousand white elephants
my king of kings, my masterly master
the post-mortal and immortal you, mr. yew



www.burmeseclassic.com

www.burmeseclassic.com

## Envy
### Maung Tha Noe

In the skyey ocean
with waves of rolling clouds
gently spreading the sails of wings
floating engine-less, gliding along
up stream and down,
messenger of the sun god,
violently bursting your chest and
lifting up your body
mightily you soar and rise upward
among the clouds in the middle of the sky,
the wide world over,
free as you going round the earth
how I would like to fly everywhere.

*28. 10. 66*



## The Interview
### Nyunt Wai Moe

"How are you ?"
Asked the journalist.
"I'm in fine fetters,"
Answered the freedom.
"Why are the fetters fine ?"
"I think 'cos I'm a good name."
"Why do you think so ?"
" 'Cos people can do anything
In my name."
"Some examples, please."
"If you ask me, some people
Do something for other people
In the name of freedom.
And other people do something
For themselves in the name of freedom."

"What's more, there are some other people
Who do something for themselves
And their immediate ones
In the same name _ the freedom.
"So, you feel you're in fine fetters?"
"Of course. That's it."
"Then, what do you want ?"
"I don't want anything."
"Just let me free."
"How come ?" "Why ?"
" 'Cos I'm fed up with people
Calling my name incessantly."



www.burmeseclassic.com

www.burmeseclassic.com

## ငါ ဝှက်ထားတဲ့ စာတမ်း

ကဗျာပုဏ္ဏား

ငါ့ဆီမှာ
ထောင့်မကျိုး ပါးစပ်နဲ့
စေးကပ်နေတဲ့ ဗလာတစ်ချပ်ရှိတယ်
ငါ့ဆီမှာ
ချည့်စော်နံပြီး ပုပ်သိုးစပြုနေတဲ့ အတွေးတချို့နဲ့
သူမရဲ့မျက်တောင်ကော့ကြီးတွေ ရှိတယ်
ငါ့ဆီမှာ
ထိတွေ့ခွင့်ကင်းမဲ့ပြီး
ကာလာမစုံတဲ့ တေးသွားတစ်ပုဒ် ရှိတယ်
ငါ့ဆီမှာ အိပ်မက်စစ်စစ် တပ်ဆင်ခွင့်မရှိတဲ့
ရထားတစ်စီးရဲ့ ဥဩသံတချို့ ရှိတယ်
ငါ့ဆီမှာ
ငါမပိုင်တဲ့ ငါ့စိတ်တစ်စုံနဲ့
မရေရာတဲ့ နေ့ညှ များစွာရှိတယ်
ငါ့ဆီမှာ
ရနံ့ပြယ်စပြုနေတဲ့ ပန်းတစ်ပွင့်နဲ့
ရေဆေးထားတဲ့ မြစ်တချို့ ရှိတယ်
ငါ့ဆီမှာ
ကောက်ကြောင်းမညီတဲ့ လေပြည်တစ်သိုက်နဲ့
လွန်ခဲ့တဲ့ ဆောင်းရာသီက ဝတ်မှုန်တချို့ ရှိတယ်
ငါ့ဆီမှာ
ဖမ်းဆုပ်ခွင့်မရှိတဲ့ သက်တံအကိုင်းအစနဲ့
ဂဃဏန ရှုးခွင့်မရှိတဲ့ လငပုပ်တစ်ကောင် ရှိတယ်
ငါ့ဆီမှာ
သံစဉ်ပျက်နေတဲ့ အတ္တတချို့နဲ့
လင်းတမှိုင် မှိုင်နေတဲ့ စီဒီတစ်ချပ်ရှိတယ်
ငါ့ဆီမှာ
ဘာမှရေးမထားတဲ့ ကဗျာတစ်ပုဒ်နဲ့
မီးပူတိုက်ရတော့မယ့် စာတမ်းတစ်စောင် ရှိတယ်။



## ကျပ်မပြည့်တဲ့ ဒဂါးဟာ စကားပွဲပေါ်မှာ တဝီဝီလည်လို့

ညီစိမ်း

'ဝမ်းနည်းပါတယ်ရှင်'လို့ ပြောတဲ့ မိန်းမအသံက ဆောင့်ကြီးအောင့်ကြီးနဲ့။
သံသယက ပျော်ရွှင်ခြင်းကို အညွန့်ချိုးတယ်။
အဆိပ်ရည် အပင်လောင်း။
မျက်နှာကြက်မှာ ဘာလို့ တီမ်ပုံတွေ မဆွဲထားမိတာလဲ။
နာရီစင်ဆီကနေ သေနတ်သံ ၄ ချက် ကြားလိုက်ရတယ်။
မျက်လုံးတွေမှိတ်ပြီး အသက်ကို အောင့်ထားရတယ်။
နားထဲမှာ အချိန်ပြည့် မုန်တိုင်းသတင်း။
ကိုယ့်မှာ နှစ်မိနစ် တစ်ခါနှုန်း အသက်ရှူရပ်တယ်။
မနက် ၇ နာရီ ၂၀ မှာ သံပတ်စမြည်တယ်။
တစ်နေ့လုံး မရပ်တော့ဘူး။
ရေတံခွန်ကို ဖက်တွယ်တက်လာတဲ့ ရောင်စုံမီးခိုးတွေ။
အရိပ်ရှိမှတော့ အလင်းလည်း ရှိမှာပေါ့။
မိုးတွေလည်း ဖွဲဖွဲလေး ရွာဦးမှပေါ့။
စိမ်းလွန်းတဲ့တောင်တန်းတွေကို ငေးကြည့်ရင်း
မျက်လုံးတွေများ စိမ်းသွားမလား။
ဘယ်ဘဝအတွက်မှ အမည်းစက်မဖြစ်ချင်ဘူး။
စကားတွေ အများကြီး မပြောချင်လို့၊
စားတွေ အများကြီး စားပြမယ်လေ။
ပြတင်းတံခါးကိုဖွင့်လိုက်တိုင်း
ဘာလို့ အမှောင်ချည်းသက်သက် တိုးဝင်လာရတယ်။
ကော်ဖီတွေ အေးခဲကုန်တယ်၊ ဝီစကီတွေ အေးခဲကုန်တယ်။
ဒီအတိုင်းဆို
တစ်ခါမှ မကြားဖူးတဲ့ တိတ်ဆိတ်တဲ့အသံတွေပဲ ကြားရတော့မှာ။
နားတွေ၊ မျက်လုံးတွေ ကန်းကုန်တော့မှာ။
ကိုယ့်ကို အဖြူရောင်တွေ စွန်းကုန်တော့မှာ။
သီချင်းသံကို ကြားရုံနဲ့ ဝမ်းနည်းရကောင်းမှန်း သိတယ်။
အိပ်ရာခင်းပေါ်မှာ ဝှက်ပုံတွေ ဆွဲတယ်။

ကိုယ့်ကို ရယ်မောတဲ့ ဟာသများ၊ ဟားတိုက်။



www.burmeseclassic.com

www.burmeseclassic.com

## တိမ်ဖုံးနေသော မြစ်တစ်စင်း

တိမ်ညို

စိတ်ဓာတ်တချို့ဟာ ပင်လယ်ယောင်ဆောင်ထားကြတယ်
တစ်ခါတစ်ခါ သူတို့ ဆိုးဆိုးရွားရွား လှိုင်းထန်ကြ
တစ်ခါတစ်ခါ မာယာအပြည့်နဲ့ ငြိမ်သက်
တစ်ဝမ်းတစ်ခါးအတွက်တော့
သူတို့ ဆက်လက်အယောင်ဆောင်ကြပါလိမ့်မယ် ...

ဟော ...ဟိုနားမှာ မီးခွက်စုတ်တစ်ခု
ကောက်ယူလို့ ပွတ်ကြည့်မိတယ်
ပုံပြင်ထဲကလို အာလာဒင် ထွက်လာတယ်
ထူးမခြားနားပါပဲ
အာလာဒင်လည်း ခုခေတ်မှာ အာဏာရှင်ဆန်တတ်လာပြီ ...

စနစ်ဆိုးရဲ့ သားကောင်ဆိုတာ
ဘယ်သူတွေကိုခေါ်တာလဲ ကျွန်တော် မစဉ်းစားဘူး
အရာရာဟာ အလိုတော်အတိုင်းပေါ့
ဒါပေမဲ့ ကောက်ညှင်းဆိုရင်တော့ စီးကို စီးရမယ်
နေ ပူ ပြီး မိုး ရွာ မှ တော့ သူခိုးလာတာ မဆန်းပါဘူး ...



## လူတစ်ယောက်အကြောင်း

ဒီဝသုန်ခက်

လူတစ်ယောက်
လမ်းကို နောက်ပြန်လျှောက်လာတယ်
သူ လမ်းလျှောက်နေပုံက အလျင်စလိုပဲ
ဟ မီးရှူးမီးပန်းတွေ ကောင်းကင်ပေါ်ကို တက်သွားသလို
သူ့လက်မှာ လက်ပတ်နာရီတစ်လုံးနဲ့
သူ့လက်ထဲမှာ နှစ်လုံးပြူးပြောင်းရှည်တစ်ခုနဲ့
သူ့လက်ထဲမှာ ကျားရုပ်တစ်ခု
တစ်ယောက်တည်းလည်း စကားတွေ အများကြီးပြော
သူဟာ လမ်းမှာ အဝတ်မပါဘဲ အိပ်ပျော်နေတဲ့
မိန်းကလေးတစ်ယောက်ရဲ့ အောက်ခံအင်္ကျီကို ဆွဲချုတ်လိုက်တယ်
အမှုကြောင့် ရဲစခန်းမှာရှင်းတော့
'ခင်ဗျားကို ကျွန်တော် မုဒိမ်းမကျင့်ဘူး'
စိတ်ဆိုးဆိုးနဲ့ ထပ်ပြောတယ်။
'ခင်ဗျားကို ကျွန်တော် မုဒိမ်းမကျင့်ဘူး'
အဖေက ဆုဆိုက်နဲ့သေသွားတယ်။
အမေဟာ အဝေးကို ထွက်ပြေးသွားတယ်။
သူဟာ ခိုတွေကိုလည်း စားတယ်။
သူ့အဘိုးက ဖာရိုက။
သူဟာ တောထဲမှာ ပြေးလွှားလို့။
ရဲတွေက ခေါ်စစ်လည်း
သူ့မျက်လုံးတွေမှာ ရိုးသားမှု
ဒါမှမဟုတ် အဝိဇ္ဇာဖုံးတဲ့ မျက်လုံးတွေနဲ့ စကားပြောတယ်။
ဒီလိုနဲ့ သူဟာ
လမ်းဘေးက ခွေးတစ်ကောင်လို ဖြစ်လို့။
မီးလောင်နေတဲ့ အိမ်တစ်လုံးကို ချန်ခဲ့ပြီး ကွင်းပြင်ထဲထွက်သွားတယ်
သူဟာ ကျည်ဆန်တစ်ခုကြောင့်ပဲ
လက်ဖြတ်ပစ်လိုက်ရတယ်။
ဟ ကျည်ဆန်ပစ်သူက သူ့ရန်သူ
အသက်မဲ့တဲ့ မိန်းမကိုယ်ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com

မုဒိမ်းကျင့်ဖို့ပဲ ဝါသနာပါသူ၊ သေနတ်ပစ်တော်သူ
ဝံပုလွေတစ်ကောင်လို တောထဲမှာ ပြေးလွှားနေသူ
ကလေးတွေကို သတ်ဖြတ်သူ
သူ့ကိုလာဖမ်းတဲ့ ရဲတွေကို ကျောက်ဂူထဲခေါ်သွားပြီး
သူဟာ လျှိုထဲကနေတစ်ဆင့် ပျောက်ကွယ်သွားသူ
ဖမ်းလာတဲ့ မိန်းမငြိုးနှောက်အရေခွံကို ဖြတ်ပြီး
မီးဟပ်ထားတဲ့ ဆံပင်တွေကို စားသုံးသူ
သူဟာ အခု ကျွန်တော်တို့ မသိတဲ့ လူ့အဖွဲ့အစည်းထဲမှာ
သူဟာ အခု ကျွန်တော်တို့ သိတဲ့ လူ့အဖွဲ့အစည်းထဲမှာ
သူ့ရဲ့ နံရိုးတွေနဲ့ လမ်းမကိုခေါက်လို့



## အမှန်တရားဆိုတာ ရွာအပြင်မှာလည်း နေရဲတယ်

မိုးဟိန်းထက်

မြင်နေရတဲ့အပြင်ပိုင်းမှာ အပြင်အဆင်တွေ ခမ်းနားသလောက်
မမြင်ရတဲ့အတွင်းပိုင်းမှာ ဘာတွေရှိနေမလဲ
ဆေးဆိုးပန်းရိုက် အစားအစာတွေ
စားရဖန်များတော့ ချောင်းဆိုးရင်ကျပ် ဖြစ်လာတယ်
လန်ဒန်ရဲ့ ထူးကဲသောအရသာမှာ နွေရာသီဝတ်စုံတွေ ဈေးကြီးတယ်
ဆေးလိပ်သောက်ခြင်းဟာ ကျန်းမာရေးကို ထိခိုက်နိုင်တယ်
အမှန်တရားရဲ့ရသက ငွေရှိမှ ပေါ်လွင်တတ်လေသလား
မေတ္တာတရားဟာ အလျားအနံမရှိပေမဲ့ အသွားအပြန်ရှိတယ်
ပြဒါးပျက်နေတဲ့ မှန်ချပ်တွေကတော့ ပြုံးပြလည်း ပြုံးရိပ်မပေါ်ဘူး
အချစ်ဆိုတာ ဝါးပြီးလို့ အရသာကုန်ရင် ထွေးပစ်ခံရမယ့် ပီကေတစ်ခုလား
နှလုံးသားကို ငွေနဲ့တိုင်းတာလို့ မရဘူးဆိုပေမဲ့
အချစ်က ငွေနဲ့ကြေးနဲ့ရမှ အသံသာတယ်
ဒီနေ့ခေတ် ကောင်မလေးတွေ သိပ်လှတယ်
ရာသီက မိုးလည်း မိုး၊ နွေလည်း မိုး
ခေတ်က မူရင်းလည်း မူရင်း။ မိတ္တူလည်း မူရင်း
ကံတရားက ပြည့်နေတဲ့အိုးတွေချည်း ထပ်ထပ်ဖြည့်တယ်
ရေများများသောက်ဖို့ လိုချင်လိုမယ်၊ ရေချိုးမမှားအောင်တော့ ဂရုစိုက်ရမယ်
မျက်စိအေးချင်သေးတယ်၊
ဆင်ပိုနီတစ်ပုဒ်ဖြစ်ဖြစ် နားထောင်ချင်သေးတယ်
အမှန်တရားကို အရှင်လတ်လတ် မြင်ဖူးချင်သေးတယ်

***

ဘဝက ဖိထားခြင်းခံရမှ ချဉ်ခွင့်ရတဲ့ ငါးချဉ်လေးတွေလို
အလေးထည့်တဲ့ဘက်ကိုသာတတ်တဲ့
လောကကြီးထဲ ရေလိုက်သင့် . . . ငါးလိုက်သင့်၊
ချော်လဲရာ ရောမထိုင်ခဲ့လေတော့ နေစရာက ကျဉ်းကျဉ်းလာတယ်
မှန်တာပြောလို့ ရွာအပြင်ထုတ်ခံရမယ်ဆိုလည်း
အမှန်တရားဆိုတာ ရွာအပြင်မှာလည်း နေရဲတယ်။



www.burmeseclassic.com

www.burmeseclassic.com

## စံရွေးစေ့ကလေးများ

မောင်ဆောင်းခ

မျက်လုံးများရဲ့နောက်မှာ ဖုံးကွယ်ထားတာ မရှိခဲ့ဘူး
မျှော်လင့်ချက်မရှိတာက အမှန်တရားပဲ
မသက်ဆိုင်သလိုနေနေရတဲ့ ပျော်ရွှင်ခြင်းတွေ
ဖွာ ခ နဲ့ ...
တကွဲတပြား လွင့်စဉ် ...။
ရောင်စုံဘောလုံးလေးဟာ
ငါ့ရင်ခွင်နဲ့ မတန်ခဲ့ဘူး ...
ဆားတို့ခံလိုက်ရတဲ့ တီကောင်လေး
လူးလိမ့်နေတာ မြင်ဖူးပါရဲ့
သိမ်ငယ်ရတာ အဲသလို ...။

*၂၄၊ ၁၀၊ ၂၀၁၄။*

## Debate

ရင်နို

ဒီဘိတ် (Debate)
အပြန်အလှန် ပွတ်သတ်
အပြန်အလှန် တို့ခတ်
အပြန်အလှန် ဆွတူး
အပြန်အလှန် ပတ်ခွေ
အပြန်အလှန် စောင်းမြောင်း
အပြန်အလှန် ...
ဒါပေမဲ့ သားမပေါက်ဘူး။





www.burmeseclassic.com

www.burmeseclassic.com

## ကျောင်းသားတွေ နိုင်တယ်

ဟိန်း

မိစ္ဆာတွေရဲ့ လက်ကိုင်တုတ်ကို ခေါင်းနဲ့ ပြေးပြေးခံပြီး ငါတို့ အော်ပြောနေတယ်
သံမဏိတံတိုင်းကို ခေါင်းနဲ့ ပြေးပြေးတိုက်ပြီး ငါတို့ အော်ပြောနေတယ်
သားစဉ်မြေးဆက် ဘဝပျက်သွားမယ်ဆိုတဲ့ ခြိမ်းခြောက်စကားကို
ရင်ဘတ်နဲ့ ပြေးပြေးခံပြီး ငါတို့ အော်ပြောနေတယ်
ရှေ့တိုးရင် ထိုးမှာပဲဆိုတဲ့ လည်မျိုထောက်ထားတဲ့ ဓားကို ပြေးပြေးဆောင့်ပြီး
ငါတို့ အော်ပြောနေတယ်
သံခမောက်အောက်မှာ ခေါင်းမရှိတဲ့ကောင်တွေကို သံခမောက်မပါတဲ့
ခေါင်းတွေက အော်ပြောနေတယ်။ ကျောင်းသားတွေ နိုင်တယ်။ ကြည့်ပါဦး၊
သနားစရာကောင်းလိုက်တဲ့ ခေါင်းပလာသားတွေ။
စာအုပ်တွေကို တဖုန်းဖုန်းရိုက်နေရုံနဲ့
အတွင်းက စာလုံးတွေကို မောင်းထုတ်နိုင်လိုက်ပြီ ထင်နေပုံ။
ဉာဏ်ပညာကို တဒိုင်းဒိုင်းရိုက်ခွဲရုံနဲ့ ခေတ်ကြီးတစ်ခုလုံး
သူတို့ ကိုင်တွယ်နိုင်လိုက်ပြီ ထင်နေပုံ။ ကြည့်ပါဦး ..
ငါတို့ဦးခေါင်းတွေကို ရိုက်ပစ်လိုက်တဲ့အခါ အမှန်တရားဟာ
ကမ္ဘာတစ်ပတ်စီးဆင်းသွားပြီးမှ လူသားအားလုံးစိတ်ထဲ စိမ့်ဝင်သွားပုံ။
သူတို့ ထမင်းစားတဲ့အခါ ထမင်းဖြူဖြူမှာ ငါတို့မျက်ရည်တွေ စွန်းပေလို့ ...
သူတို့ အိပ်ရာဝင်တဲ့အခါ ခေါင်းအုံးပေါ်မှာ ငါတို့အော်သံတွေ ဆူညံလို့ ...
အဆိုးဆုံးက ... သူတို့ ရင်သွေးတွေကို ချီပိုးချော့မြူတဲ့အခါ
သူတို့လက်တွေမှာ ငါတို့သွေးတွေနဲ့ စေးကပ်လို့ ...
တကယ့်အနုပညာရှင်တွေရဲ့
သီချင်းတိုင်း၊ ကဗျာတိုင်း၊ ပန်းချီကားတိုင်းမှာ စာသားတစ်ကြောင်းပါတယ်
လူသားစစ်စစ် ကလေးငယ်တွေရဲ့
ညဘက် အိပ်ရာဝင်ပုံပြင်တိုင်းမှာ စာသားတစ်ကြောင်းပါတယ်
လူထုခေါင်းဆောင်စစ်စစ်တွေရဲ့ မိန့်ခွန်းတိုင်းမှာ စာသားတစ်ကြောင်းပါတယ်
ပညာတတ်နိုင်ငံများရဲ့ နိုင်ငံတော်သီချင်းတိုင်းမှာ စာသားတစ်ကြောင်းပါတယ်
အာဏာရှင်တွေရဲ့ အိပ်မက်ဆိုးတိုင်းမှာ စာသားတစ်ကြောင်းပါတယ်
ကျောင်းသားတွေ နိုင်တယ်တဲ့။ သိပ်ဟုတ်တာပေါ့ ။
သေနတ်နဲ့ပစ်ရင် ဘာမဆို ပေါက်ထွက်သွားမှာပဲလို့ ထင်တဲ့ကောင်တွေကို
ကျည်ဆန်တွေ တိုးမပေါက်တဲ့အထိ စာအုပ်တစ်အုပ်နဲ့ ကာပြလိုက်တယ်။



သေနတ်ပြောင်းဝတွေ ပွင့်ထွက်သွားတဲ့အထိ
ခဲတံတစ်ချောင်းနဲ့ ထိုးမွှေပြလိုက်တယ်။
ငါတို့ အသက်ဓာတ် ကုန်ဆုံးသွားရင်တောင် သွေးတွေက
အဲဒီစာသားအတိုင်း စီးဆင်းပါလိမ့်မယ် ကျောင်းသားတွေ နိုင်တယ်။

*၁၂။ ၃။ ၂၀၁၅။*



www.burmeseclassic.com

www.burmeseclassic.com

## ပိုက်ဆံ

ဟိန်းထိုက်ချာန်

ပိုက်ဆံဆိုတာ ဘဏ်ကတ်ထဲမှာဖြစ်ဖြစ်
ပိုက်ဆံအိတ်ထဲမှာဖြစ်ဖြစ် ရှိနေဖို့ လိုအပ်တယ်
ပိုက်ဆံဆိုတာ တခြားဘာသာစကားက ဆင်းသက်လာတာဆိုပေမဲ့
ပိုက်ဆံဆိုတာ ငွေလို့ခေါ်ခေါ် ကြေးလို့ခေါ်ခေါ် ရွှေလို့ခေါ်ခေါ်
ပိုက်ဆံဆိုတာ လဲလှယ်ခြင်းကိရိယာခေါ်ခေါ်
ပိုက်ဆံဆိုတာ လူရာဝင်စေတဲ့ အမှတ်အသားတစ်ခုပဲ
ပိုက်ဆံကို ဒေါ်လာလို့ခေါ်ခေါ် ယမ်းလို့ခေါ်ခေါ် ယွမ်လို့ခေါ်ခေါ် ဘတ်လို့ခေါ်ခေါ်
ပိုက်ဆံဆိုတာ စာသင်လို့ရတယ်
ထမင်းစားလို့ရတယ်
နေမကောင်းရင် ဆေးကုလို့ရတယ်
ပိုက်ဆံဆိုတာ အိမ်ကောင်းကောင်းကြီး ဆောက်လို့ရတယ်
ပြိုင်ကားစီးလို့ရတယ်
ပျင်းရင် ဆိုဖာကောင်းကောင်းပေါ်ထိုင်ပြီး ဘီယာသောက်လို့ရတယ်
ပိုက်ဆံဆိုတာ မကောင်းမှုတွေ ဖောဖောသောသော ဝယ်လို့ရသလို
ကောင်းခြင်းတွေလည်း ဝယ်လို့ရတယ်
ပိုက်ဆံဆိုတာကို ဘာနဲ့မှ တင်စားမပြောချင်ဘူး
ပိုက်ဆံဆိုတာ ပိုက်ဆံပဲ
ပိုက်ဆံရှိရင် ကောင်းတဲ့ဘဝ
ပိုက်ဆံမရှိတာ မကောင်းတဲ့ဘဝပဲ
ပိုက်ဆံဆိုတာ ရှိကို ရှိရမယ်
ပိုက်ဆံမရှိတာ လူဖျင်းလူညံ့ပဲ။



## နံနက်အခင်း

အောင်နှင်းသစ်

စီးကရက်တစ်ခွက်ကို
နှုတ်ခမ်းမှာ ပန်ဆင်ရင်း
လက်ဖက်ရည်တစ်လိပ်ကို နားဆင်
စမူဆာတစ်ဆုပ်ကို
ပိုက်ကမ္ဘာထဲ ပစ်သွင်းခဲ့

အဆိပ်မိထားတဲ့ သတင်းတွေကို
ရုပ်သံစက်က
အန်ထုတ်နေပါပြီ။

*ဒီဇင်ဘာ၊ ၂၀၁၄။*



www.burmeseclassic.com

www.burmeseclassic.com

ဤကဗျာညွန့်ပေါင်းစာအုပ်တွင်
ပြည်တွင်း ပြည်ပ မြန်မာကဗျာဆရာပေါင်း ၄၀၀ ကျော်တို့၏
ကဗျာများကို စုစည်းဖော်ပြထားပါသည်။

ပန်းဥယျာဉ်တစ်ခုထဲတွင်
အရောင်အသွေးစုံလင်သော ပန်းမျိုးစုံတို့ကို မြင်တွေ့ရသကဲ့သို့
သက်ရှိထင်ရှား ရှိနေကြဆဲဖြစ်သော
လူကြီး လူလတ် လူငယ် ကဗျာဆရာပေါင်းစုံတို့၏
ရင်ခုန်သံအမျိုးမျိုးကို နားဆင်ခံစားကြရပါလိမ့်မည်။

BURMESE CLASSIC

ယင်းရင်ခုန်သံများသည်
ပြည်သူအများ ကြုံတွေ့ရင်ဆိုင် ဖြတ်သန်းနေရသော
ခေတ်ပြိုင်လူမှုဘဝ အခြေအနေများကို ထင်ဟပ်ထားသည့်
ကဗျာဆရာတစ်ဦးချင်းစီ၏ ကိုယ်ပိုင်အသံ ဖြစ်ပါလိမ့်မည်။

ထိုအသံ ကိုယ်ပိုင်များကို တစ်ပေါင်းတစ်စည်းတည်း စုစည်း၍
၂၀၁၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ကျရောက်သော
ကမ္ဘာ့ကဗျာနေ့ အထိမ်းအမှတ်အဖြစ်
မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂက
ဂုဏ်ယူစွာဖြင့် စီစဉ်ထုတ်ဝေလိုက်ပါသည်။

Myanmar Poets' Union

www.burmeseclassic.com